http://www.dhammadownload.com



# ပိဋကတ်တော်လာ သိမှတ်စရာ

သာမဏေကျော်

ပိဋကတ်တော်လာ သိမှတ်စရာ • သာမဏေကျော်

# ပိဋကတ်တော်လာ သိမှတ်စရာ

သာမဏေကျော်



Than Myint Aung

http://www.dhammadownload.com

သာမဏေကျော်

# ပိဋကတ်တော်လာ သိမှတ်စရာ

ပါရမီ
စာပေ

http://www.dhammadownload.com

ပိဋကတ်တော်လာ သိမှတ်စရာ
ပထမအကြိမ်၊ ၂၀၀၂ ခုနှစ် ဩဂုတ်လ၊ အုပ်ရေ ၁၀၀၀

အဖုံးပန်းချီ သန်းမြင့်အောင်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၁၉၅/ ၂၀၀၂(၄)နှင့် စာမူ ခွင့်ပြုချက်အမှတ် ၁၀/ ၂၀၀၂(၁)တို့အရ ဦးတင်ရှိန် (၀၃၇၆၃)စန်းရောင်ရှိန်စာပေ၊ ၄/၁၇၇၊ မေခလမ်း၊ ဝေဘာဂီ မြို့သစ်၊ မြောက်ဥက္ကလာ က ထုတ်ဝေ၍ မျက်နှာဖုံးနှင့် အတွင်းစာသားကို ဦးကျော်သင်း(၀၅၈၂၉) သံလွင်ဦး ပုံနှိပ်တိုက်၊ အမှတ် ၁၄၈၊ ၅၁ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန် က ပုံနှိပ်သည်။

တန်ဖိုး ၂၀၀၀ ကျပ်

ပါရမီစာပေ
၂၃၀၊ ၂၉ လမ်း(အထက်လမ်း)၊ ရန်ကုန်(ဖုံး ၂၅၃၂၄၆)
၂/၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်
E-mail: paramibk@myanmar.com.mm

http://www.dhammadownload.com

# နိဒါန်း

အရောင်အသွေးမျိုးစုံ အဆင်းသဏ္ဌာန်စုံလင်စွာဖြင့် ဝေဝေဆာဆာ အလှ သွေးဖြာသော အပွင့်အဖူးများ ကြိုင်လှိုင်နေသည့် ပန်းဥယျာဉ်ကြီးသို့ ရောက်နေရပါသည်။ မြင်ရတိုင်းသောပန်းတို့သည် အလှကိုယ်စီ သင်း ရနံ့ကိုယ်စီဖြင့် ရှုမြင်သူတိုင်းအတွက် နှစ်လိုစုံမက်ဖွယ်ရာပင်။

စာရေးသူသည် လှပမွှေးကြိုင် သင်းပျံ့သော စာပေပန်းပွင့်များ လွှမ်းခြုံ ထုံမွှမ်းထားသော စာပန်းဥယျာဉ်တစ်ခုကို ဖတ်ရှုနေခြင်းပင် ဖြစ်ပါသည်။ ဗဟုသုတအလှ၊ အနှစ်သာရ ရနံ့ပန်းများပါရှိသော စာပေ ပန်းပွင့်တိုင်း၏ ကိုယ်ပိုင်အလှ၊ ကိုယ်ပိုင်ရနံ့များ၏ နှစ်လိုစုံမက်ဖွယ်ရာ ဆွဲဆောင်မှုကြောင့် စာရေးသူသည် ဤစာပန်းဥယျာဉ်ကြီးကို နှစ်သက် စွဲလမ်းမိတော့သည်။

ဆရာတော်သာမဏေကျော်က **'ပိဋကတ်တော်လာ သိမှတ်စရာ'** စာအုပ်မူကြမ်းကို ကူညီပရုဖတ်ရန် မိန့်တော်မူလာသဖြင့် စာရေးသူသည် အဋ္ဌကထာကျမ်းများလာ သိမှတ်ဖွယ်ရာများကို ဖတ်ရှုကြည်ညိုခွင့် ရခဲ့ပါသည်။ စာရေးသူကိုယ်တိုင် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများကို ဖတ်ရှု မှတ်စုထုတ်ရန် စိတ်ကူးမျိုး ပေါ်ခဲ့ဖူးသည်ကား မှန်ပါ၏။ ထိုစိတ်ကူးမှာ စိတ်ကူးအဆင့်တွင်သာ ရပ်တန့်နေခဲ့ပြီး အကောင်အထည် ဖော်သည့် အခြေအနေသို့ မရောက်လာသေးချိန်တွင် **'မှတ်သားလိုက်နာ ဖွယ် ဘုရားစကား ၅၀'** စာအုပ်နှင့် ဤ **'ပိဋကတ်တော်လာ သိမှတ် စရာ'** စာအုပ်တို့ ပေါ်ထွက်လာသဖြင့် များစွာဝမ်းမြောက်ပီတိ ဖြစ်ရပါ၏။

ဆရာတော်၏ **'ပိဋကတ်တော်လာ သိမှတ်စရာ'** စာအုပ်မူကြမ်း

http://www.dhammadownload.com



ကို ဖတ်ရသဖြင့် အဋ္ဌကထာ၊ ဋီကာအချက်အလက် သိမှတ်ဖွယ်ရာတို့ ကို တိုတောင်းသောကာလအတွင်း လွယ်လင့်တကူ အဆင်သင့် ဖတ်ခဲ့ရပါပြီ။ စာရေးသူသည် ချူးခပ်ပြင်ဆင်ပြီးသား ဆွမ်းပွဲတွင် အဆင်သင့် ဝင်ထိုင်စားရသကဲ့သို့ ယခုတွင်လည်း ပါဠိတော်၊ အဋ္ဌကထာဆိုင်ရာ မှတ်စုများကို အဆင်သင့် ဖတ်ရှုခွင့်ကြုံပြန်ပါသည်။ ကျမ်းညွှန်း အတိအကျပါသဖြင့် မိမိသိလိုရာကို မူရင်းစာအုပ်တွင် လွယ်လင့်တကူ ရှာဖွေကြည့်ရှုနိုင်ပါပြီ။

အဋ္ဌကထာ၊ ဋီကာများမှာ ပါဠိစာပေသင်ယူရာတွင် မရှိမဖြစ် လိုအပ်ပါသည်။ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားအဆုံးအမများကို ပိုမိုနားလည်ရန် အဋ္ဌကထာအဖွင့်ကို အားကိုးရသည်။ အဋ္ဌကထာအဖွင့်ကို ပိုမိုရှင်းရှင်းလင်းလင်း သဘောပေါက်ရန် ဋီကာများကို လှန်လှောကြည့်ရသည်။ မြတ်စွာဘုရား၏ စကားလုံး အသုံးအနှုန်းများ၏ ဝိဂြိုဟ်ဖွင့်ဆိုချက်များကို ဖတ်မှတ်ရသည်။ စကားပရိယာယ် ကြွယ်ဝသိပ်သည်းကျစ်လျစ်တိကျမှု အပြည့်ရှိသော ပါဠိစာပေ၏အလှကို ပိုမိုခံစားရသည်။

ထို့ပြင် အဋ္ဌကထာ၊ ဋီကာများတွင် မြတ်စွာဘုရား လက်ထက်တော်အခါ လူနေမှုအခြေအနေများ၊ ထိုခေတ်က ထင်ရှားကျော်စောသော သာဝကကြီးများ၊ ရဟန်းသံဃာ၊ ဥပါသကာ၊ ဥပါသိကာတို့၏ ဝတ္ထုကြောင်းများဖြင့် ပုံဖော်ထားရာ အထူးစိတ်ဝင်စားဖွယ် ကောင်းလှသည်။ ကြည်ညိုစရာ၊ အားကျအတုယူဖွယ်ရာ များစွာတို့ ပါရှိသည်။

သို့သော် ယင်းအဋ္ဌထကာ၊ ဋီကာများမှာ ပါဠိဘာသာဖြင့် ရေးသားထားသဖြင့် ပါဠိစာပေ မတတ်ကျွမ်းသူတို့အတွက် လက်လှမ်းမမီဖြစ်နေပါသည်။ ပါဠိတတ်ကျွမ်းသူများအတွက်ပင် နှံ့နှံ့စပ်စပ် လေ့လာရန်မှာ လွယ်ကူသောကိစ္စ မဟုတ်ပါ။

ဆရာတော်၏ **'ပိဋကတ်တော်လာ သိမှတ်စရာ'** စာအုပ်ကို

http://www.dhammadownload.com



လွယ်ကူရိုးရှင်းသော မြန်မာစကားပြေဖြင့် ရေးသားထားသဖြင့် ပါဠိစာပေ မတတ်ကျွမ်းသေးသော ဗုဒ္ဓသာသနာဆိုင်ရာ ဗဟုသုတရှာမှီးသူများလည်း အဋ္ဌကထာ၊ ဋီကာများလာ အချက်အလက်များကို ဖတ်ရှုရန် အခွင့်ထူးကို ရကြပေပြီ။ ပါဠိစာပေ တတ်ကျွမ်းသူများအတွက်လည်း မိမိကိုယ်တိုင် နှံ့နှံ့စပ်စပ်ဖတ်ရန် အချိန်များစွာ ကြာမြင့်မည်ဖြစ်သော်လည်း ယခုအခါ တိုတောင်းသောအချိန်အတောအတွင်း လိုရင်းအချက်များကို သိနိုင်ပေပြီ။ အသေးစိတ်သိလိုလျှင် ဖော်ပြပါ စာမျက်နှာတွင် လွယ်လွယ်ကူကူ ရှာယူနိုင်ပါသည်။

ဤ **'ပိဋကတ်တော်လာ သိမှတ်စရာ'** စာအုပ်တွင် ပါရှိသော အချက်အလက်များကို ဖတ်ရှုကာ မိမိကိုယ်ပိုင်ဉာဏ်ကို အသုံးချကျပြ် လောကတွင် အများဝေဖန်ပြောဆိုမှုများကို စိစစ်ဝေဖန်နိုင်သည်။ ဥပမာအားဖြင့် ပါဏာတိပါတ (အသက်သတ်မှု) ကျူးလွန်ရာတွင် ပါရှိသော အင်္ဂါ ၅ ချက်ကို ဖတ်ရှုခြင်းဖြင့် အများက ဝေဖန်ပြောဆိုနေကြသော 'အသားစားက အသက်သတ်ရာရောက်သည်' ဟူသော အယူအဆများ (အထူးသဖြင့် အနောက်နိုင်ငံများတွင် သက်လွတ်စားမှု တစ်ခေတ် ထကာ အသားစားမှုအပေါ် ဝေဖန်စွပ်စွဲမှုများ) ဖြစ်နိုင် မဖြစ်နိုင် မိမိကိုယ်တိုင် ဝေဖန်စိစစ်ကြည့်နိုင်သည်။

ရဟန်းဖြစ်ပုံ ၈ မျိုးကို ဖတ်ရှုခြင်းဖြင့် ယခုကာလ အနောက်နိုင်ငံများတွင် 'ဘိက္ခုနီ ရှိသင့်သည်၊ ဘိက္ခုနီ ရဟန်းခံနိုင်သည်' ဟု ဝေဖန်အငြင်းပွားမှုများနှင့်ပတ်သက်၍ စိစစ်ကြည့်နိုင်သည်။

'အိမ်စောင့်နတ်တို့၏ မျှော်လင့်ချက်' ကို ဖတ်ရှုခြင်းဖြင့် ဗုဒ္ဓသာသနာဝင်တို့သည် နတ်တင်ခြင်း၊ နတ်ကနားခြင်းစသည်တို့ကို ပြုမည့်အစား နတ်တို့ အမှန်တကယ် မျှော်လင့်တောင့်တသော ကုသိုလ်ဝေစုကို မျှဝေပေးတတ်စေရမည်။

'ဘုရားကြိုက်တဲ့ ပူဇော်မှု' ကို ဖတ်ရှုခြင်းဖြင့် စေတီများတည်၊

http://www.dhammadownload.com



ကျောင်းတိုက်များ ဆောက်လုပ်လှူဒါန်းရုံမျှဖြင့် မြတ်စွာဘုရားအလို တော်ကျသော ပူဇော်မှုမျိုး အမှန်တကယ်ဖြစ်ပါရဲ့လားဟု မိမိကိုယ်တိုင် မညှာတမ်း ဆန်းစစ်သင့်သည်။

'ပုထုဇဉ်နဲ့ သဒ္ဓါ' ကို ဖတ်ရှုခြင်းဖြင့် ယခုကာလ ဘာသာ အယူဝါဒ အမျိုးမျိုးတို့က နည်းအမျိုးမျိုးဖြင့် မြူဆွယ်ဖြားယောင်းလျက် ရှိရာ သဒ္ဓါတရားကင်းမဲ့၊ ချိနဲ့၊ မခိုင်ခံ့သူတို့ အခြားအယူဝါဒနောက်သို့ တကောက်ကောက် လိုက်သွားနေကြသည့်အရေးကို အထူးဂရုပြုကာ ကွယ်သင့်သည်။

'သတိ' ကို ဖတ်ရှုခြင်းဖြင့် နတ်ပြည်၊ နတ်စည်းစိမ်ကို အထင် ကြီး တောင့်တနေသူများ နတ်များ၌ သတိမမြဲပုံကို အထူးဂရုပြုသင့် သည်။

စာရေးသူ ဖော်ပြသော အကျိုးများမှာ ဤစာအုပ်ကြောင့် ရရှိ လာမည့် အကျိုးများနှင့်စာလျှင် မပြောပလောက်ပါ။ စာရှုသူသည် ဤစာအုပ်ကို ဗဟုသုတရရုံသက်သက်အတွက်သာ မဟုတ်ဘဲ ရှောင်ရှား ဖွယ်အချက်များ၊ ဆောင်ပွားဖွယ်အချက်များကို အထူးသတိပြု ရှောင်ရှား ဆောင်ပွားလိုက်နာနိုင်ကြမည်ဟု မျှော်လင့်ပါသည်။ ထို့အပြင် သင်ခန်းစာ ယူတတ်၊ သံဝေဂပွားတတ်ကာ မဂ်ဖိုလ်ရောက်ကြောင်း အကျင့်မြတ်များ ကို ပွားများအားထုတ်ကာ တန်ဖိုးရှိသော ဗုဒ္ဓသာသနာဝင်စစ်စစ် ဖြစ်နိုင် ကြပါစေဟုလည်း စာရေးသူအနေနှင့် အထူးနှိုးဆော်ချင်ပါတော့သည်။

ဒဿိနီ (မစာရဒဿိနီ)
ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ

http://www.dhammadownload.com

## လူဝတ်ကြောင်အသွင်နဲ့ ရဟန္တာဖြစ်သူများ

၁။ သန္တတိအမတ်ကြီး၊
၂။ ဥဂ္ဂသေနသူဌေးသား၊
၃။ ဝီတသောက ကလေးငယ်။

(မဇ္ဈိမပဏ္ဏာ၊ ဋ္ဌ၊ ၁၃၆)

သုဒ္ဓေါဒနက သေခါနီးမှာ ထီးဖြူရဲ့အောက်မှာ ကျက်သရေရှိတဲ့ အိပ်ရာပေါ် လဲလျောင်းရင်းပဲ ရဟန္တာ ဖြစ်သွားပါတယ်။

(ဇာတက၊ ဋ္ဌ၊ ပ၊ ၁၀၆)

သာကေတမြို့က ပုဏ္ဏားအို လင်မယားဟာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံကြတယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ၃၊ ၂၀၅)

ခေမာမိဖုရားဟာ လူဝတ်ကြောင်နဲ့ ရဟန္တာဖြစ်ပြီး ဘိက္ခုနီဝတ်သွားတယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ၃၊ ၃၄၀)

## တစ်ကမ္ဘာလုံးတည်ရှိတဲ့ အံ့သြဖွယ် ၄ ခု

၁။ လက ယုန်ရုပ်၊
၂။ ဘုရားလောင်းငုံးမင်းဇာတ်က ဘုရားလောင်းငုံးမင်း သစ္စာပြုရာ နေရာမှာ မီးမလောင်မှု၊
၃။ ဃဋီကာရ အိုးထိန်းသည်ရဲ့ မိဘတို့ နေရာအရပ်မှာ မိုးမရွာသွန်းမှု၊

http://www.dhammadownload.com



၄။ ဘုရားလောင်း မျောက်မင်း ကျူရိုးနဲ့ ရေသောက်ခဲ့ရာ ရေကန်ရဲ့ကမ်းက ကျူပင်တွေရဲ့ အပေါက်တစ်ပေါက်တည်း ရှိမှု၊

(မဇ္ဈိမပဏ္ဏာ၊ ဋ္ဌ၊ ၁၂၅)

## ဘုရားရှင်နဲ့ ဝစီကံမေတ္တာ

ဘုရားရှင်ကို ရှိခိုးရင် ဘုရားရှင်က ရွှေစည်နဲ့တူတဲ့ လည်ပင်းကို မြှောက်ချီကာ နားချမ်းသာစရာ, ချစ်ခင်စရာ, အမြိုက်ရေနဲ့ သွန်းလိုက်တာနဲ့တူတဲ့၊ ဗြဟ္မာမင်းရဲ့အသံနဲ့တူတဲ့ အသံကို မြွက်ဆိုလျက် 'ချမ်းသာပါစေ' လို့ ထိုထိုပုဂ္ဂိုလ်ရဲ့ နာမည်ကိုခေါ်ကာ ပြောဆိုပါတယ်။ အဲဒါဟာ ဘုရားရှင်တွေရဲ့ အလေ့အကျင့်ပါပဲ။

(မူလပဏ္ဏာ၊ ဋ္ဌ၊ ပ၊ ၁၈၅)

## အထင်ကြီးမှု

လောကဝတ်နောက် လိုက်တဲ့ ပုထုဇဉ်အမိုက်မှာ 'ငါ တရားထူးရနေတယ်' လို့ အထင်ကြီးမှု မဖြစ်။

သောတာပန်မှာ 'ငါဟာ သကဒါဂါမ်ပဲ' လို့ အထင်ကြီးမှု မဖြစ်။

သကဒါဂါမ်မှာ 'ငါဟာ အနာဂါမ်ပဲ' လို့ အထင်ကြီးမှု မဖြစ်။

အနာဂါမ်မှာ 'ငါဟာ ရဟန္တာ' ပဲလို့ အထင်ကြီးမှု မဖြစ်။

သမထ, ဝိပဿနာရဲ့အစွမ်းကြောင့် ကိလေသာ ဝေးကွာနေတဲ့, အမြဲတရားအားထုတ်တဲ့ ဝိပဿနာယောဂီပုဂ္ဂိုလ်မှာသာ တရားထူးရနေတယ်လို့ အထင်ကြီးမှု ဖြစ်တယ်။

မှန်တယ်။ သမထ, ဝိပဿနာနဲ့ ခွာထားလို့ ကိလေသာတွေ ဖြစ်ပေါ်လာတာကို မတွေ့ရတဲ့အတွက် 'ငါဟာ သောတာပန်ပဲ'၊ 'ငါဟာ

http://www.dhammadownload.com



သကဒါဂါမ်ပဲ'၊ 'ငါဟာ အနာဂါမ်ပဲ'၊ 'ငါဟာ ရဟန္တာပဲ' လို့ အထင်ကြီးမှု ဖြစ်တယ်။

(မူလပဏ်၊ ဋ္ဌ၊ ပ၊ ၁၈၇၊ ၈)

## အစာအမျိုးမျိုး

မိကျောင်းတွေရဲ့အစာကို ထောက်ဆရင် ဥဒေါင်းတွေရဲ့အစာဟာ နူးညံ့တယ်။ (မိကျောင်းတွေက ကျောက်တွေကို မျိုကြတယ်။ သူတို့ဝမ်းထဲ ရောက်သွားတာနဲ့ ကြေမွသွားတယ်။ ဥဒေါင်းတွေက မြွေ၊ ကင်းခြေများစတဲ့ သတ္တဝါတွေကို စားကြတယ်။)

ဥဒေါင်းတွေရဲ့အစာကို ထောက်ဆရင် အောင်းသတ္တဝါတွေရဲ့အစာက နူးညံ့တယ်။ (အောင်းတွေက သုံးနှစ်ကြာ စွန့်ပစ်ထားတဲ့ ဦးချိုနဲ့အရိုးတွေကို စားကြတယ်။ သူတို့တံတွေး စိုစွတ်သွားရုံနဲ့ ဦးချို အရိုးတွေဟာ သစ်ဖု သစ်မြစ်လို နူးညံ့ကြတယ်။)

အောင်းတွေရဲ့အစာကို ထောက်ဆရင် ဆင်တွေရဲ့အစာဟာ နူးညံ့တယ်။ (ဆင်တွေက သစ်ပင်အမျိုးမျိုးရဲ့ သစ်ခက်တွေကို စားကြတယ်။)

ဆင်တွေရဲ့အစာကို ထောက်ဆရင် နွားနောက်၊ သမင်၊ စိုင်စတဲ့ သတ္တဝါတွေရဲ့အစာက နူးညံ့တယ်။ (နွားနောက်စသည်က အနှစ်မရှိတဲ့ သစ်ပင်အမျိုးမျိုးရဲ့ သစ်ရွက်စသည်ကို စားကြတယ်။)

နွားနောက်စသည်တို့ရဲ့အစာကို ထောက်ဆရင် နွားတွေရဲ့အစာက နူးညံ့တယ်။ (နွားတွေက မြက်စို မြက်ခြောက်တွေကို စားကြတယ်) နွားတွေရဲ့အစာကို ထောက်ဆရင် ယုန်တွေရဲ့အစာက နူးညံ့တယ်။

ယုန်တွေရဲ့အစာကို ထောက်ဆရင် ငှက်တွေရဲ့အစာက နူးညံ့တယ်။

http://www.dhammadownload.com



ငှက်တွေရဲ့အစာကို ထောက်ဆရင် မြို့ရွာအစွန်အဖျားနေ လူတို့ရဲ့အစာက နူးညံ့တယ်။

အစွန်အဖျားနေ လူတွေရဲ့အစာကို ထောက်ဆရင် ရွာစားတွေရဲ့အစာက နူးညံ့တယ်။

ရွာစားတွေရဲ့အစာထက် ရှင်ဘုရင်၊ အမတ်ကြီးတွေရဲ့အစာက နူးညံ့တယ်။

ရှင်ဘုရင်၊ အမတ်ကြီးတို့ရဲ့အစာထက် စကြာဝတေးမင်းရဲ့အစာက နူးညံ့တယ်။

စကြာဝတေးမင်းရဲ့အစာထက် ဘုမ္မစိုးနတ်တွေရဲ့အစာက နူးညံ့တယ်။

ဘုမ္မစိုးနတ်တွေရဲ့အစာထက် စာတုမဟာရာဇ်နတ်တွေရဲ့အစာက နူးညံ့တယ်။

ကျန်နတ်ပြည်ငါးထပ်က နတ်တွေရဲ့အစာဟာလည်း အဆင့်ဆင့် နူးညံ့ကြတယ်။

(မူလပဏ္ဏာ၊ ၄၊ ပ၊ ၂၁၁)

## အစာနဲ့ဩဇာ

ကြမ်းတမ်းတဲ့အစာမှာ ဩဇာနည်းတယ်၊ အားပျော့တယ်။ နူးညံ့တဲ့အစာမှာ ဩဇာအား ကောင်းတယ်၊ မှန်တယ်၊ ယာဂုကို သပိတ်တစ်လုံးအပြည့် သောက်သူမှာ ခဏနဲ့ပဲ ဆာလာတယ်။ တစ်ခုခုကို စားချင်လာတယ်။ ထောပတ်လက်တစ်ခုပ်လောက် သောက်ပြီးရင် တစ်နေ့လုံး မစားချင်ဘူး။ အဲဒီမှာ အစာဝတ္ထုက ပင်ပန်းမှုကို ပယ်ဖျောက်တယ်။ အသက်ကို မစောင့်ရှောက်နိုင်၊ ဩဇာက အသက်ကို စောင့်ရှောက်နိုင်တယ်။ ပင်ပန်းမှုကို မပယ်ဖျောက်နိုင်၊ နှစ်မျိုးလုံး တစ်ပေါင်း

http://www.dhammadownload.com



တည်းဖြစ်မှ ပင်ပန်းမှုကိုလည်း ပယ်ရှားနိုင်တယ်၊ စောင့်လည်း စောင့်ရှောက်နိုင်တယ်။

(မူလပဏ်၊ ၄၊ ပ၊ ၂၁၂)

## အရိယာနဲ့သီလ

အရိယာပုဂ္ဂိုလ်ဟာ နောက်ဘဝရောက်သွားပေမယ်လို့ မိမိရဲ့ အရိယာပုဂ္ဂိုလ်အဖြစ်ကို မသိပေမယ့် ငါးပါးသီလကို မလွန်ကျူး၊ မှန်ပါတယ်။ တစ်စုံတစ်ယောက်က အရိယာပုဂ္ဂိုလ်ကို 'ဒီစကြဝဠာ မင်းအဖြစ်ကို လက်ခံပြီး ယင်ငယ်ကို သတ်ပါ' လို့ ပြောလာစေဦးတော့ အဲဒီပြောလာသူရဲ့စကားကို လိုက်နာရိုးထုံးစံ မရှိ၊ ဒီလိုပင် အရိယာပုဂ္ဂိုလ်တွေဟာ ငါးပါးသီလကို နှစ်သက်, ချစ်ခင်, မြတ်နိုးကြပါတယ်။

(မူလပဏ်၊ ၄၊ ပ၊ ၃၁၄)

## အရိယာနဲ့ဘုံ

အိမ်ရာတည်ထောင် လူ့ဘောင်မှာ နေကြတဲ့ သောတာပန်စတဲ့ အရိယာပုဂ္ဂိုလ်တွေဟာ အသက်ထက်ဆုံး လူ့အသွင်နဲ့ တည်နိုင်ကြတယ်။ ရဟန္တာပုဂ္ဂိုလ်ကတော့ ရဟန္တာဖြစ်ပြီးရင်ပဲ လူ့ဘဝနဲ့ ပရိနိဗ္ဗာန်ရင်လည်းစံ၊ ရဟန်းရင်လည်း ပြုပါတယ်။ စာတုမဟာရာဇ်စတဲ့ ကာမာဝစရနတ်ပြည်တွေမှာ တစ်မဟုတ်တောင်မှ မတည်ပါ။ အကြောင်းကတော့ ကင်းဆိတ်တဲ့နေရာ မရှိလို့ပါပဲ။ ဘုမ္မဒေဝနတ် (ဘုမ္မစိုးနတ်) အဖြစ်မှာ တည်သူကတော့ ရဟန္တာဖြစ်ပြီးလည်း တည်နိုင်ပါတယ်။

(ပါထိကဝဂ္ဂ၊ ၄၊ ၉၇)

ရဟန္တာဖြစ်ပြီးရင်လည်း လူဝတ်ကြောင်အသွင်နဲ့ မတည်ကြပါ။ အဲဒီ လူ့အသွင်ဆိုတာ ယုတ်ညံ့တယ်။ မြတ်တဲ့ဂုဏ်ကို ဆောင်ထားခြင်းငှာ မစွမ်းနိုင်။ ဒါကြောင့် လူ့အသွင်နဲ့ ရဟန္တာဖြစ်ရင် အဲဒီရဟန္တာ

http://www.dhammadownload.com



ဖြစ်တဲ့နေ့မှာပဲ ရဟန်းရင်လည်း ပြု၊ ပရိနိဗ္ဗာန်ရင်လည်း စံပါတယ်။ ဘုမ္မစိုးနတ်တွေကတော့ တည်နိုင်ကြပါတယ်။ အကြောင်းကတော့ ပုန်းကွယ်စရာနေရာ ရှိလို့ပါပဲ။

ကျန်တဲ့ ကာမဘုံထဲက လူတွေမှာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်တွေ တည်ရှိကြပါတယ်။ ကာမာဝစရနတ်ဘုံတွေမှာ သောတာပန်နဲ့ သကဒါဂါမ်ပုဂ္ဂိုလ်တွေ တည်ရှိကြပါတယ်။ အနာဂါမ်နဲ့ ရဟန္တာတွေကတော့ မတည်ရှိကြပါ။ အကြောင်းကတော့ အဲဒီနေရာဟာ ကာမဂုဏ်နဲ့ ပျော်ပါးသူတို့ရဲ့ နေရာဖြစ်တယ်။ အဲဒီနေရာမှာ အဲဒီပုဂ္ဂိုလ်တွေအတွက် ကင်းဆိတ်မှု ရထိုက်တဲ့၊ ဖုံးလွှမ်းအပ်တဲ့နေရာ မရှိ။ ဒါကြောင့်ပါပဲ။ အဲဒီလိုနည်းနဲ့ အဲဒီနတ်ပြည်မှာ ရဟန္တာက ပရိနိဗ္ဗာန်စံပါတယ်။ အနာဂါမ်က စုတေပြီး သုဒ္ဓါဝါသဘုံမှာ ဖြစ်ပါတယ်။ ကာမနတ်ဘုံတွေရဲ့ အထက်ဘုံတွေမှာတော့ အရိယာပုဂ္ဂိုလ် ၄ ယောက်လုံး တည်ရှိကြပါတယ်။

(မဇ္ဈိမပဏ္ဏာ၊ ဋ္ဌ၊ ၁၃၆၊ ၇)

## အဆုံးမရှိတဲ့ အရာ ၄ ခု

၁။ ကောင်းကင်၊ ၂။ စကြဝဠာ၊
၃။ သတ္တဝါအပေါင်း၊ ၄။ ဘုရားရှင်ရဲ့ဉာဏ်တော်။

(အဋ္ဌသာလိနီ၊ ၂၀၄၊ ၅)

## အကြောင်း + အကျိုး

* အလောဘ (မလိုချင်မှု) ဟာ ဒါနရဲ့အကြောင်းပဲ၊
အဒေါသ (မေတ္တာ) ဟာ သီလရဲ့အကြောင်းပဲ။
အမောဟ (ပညာ) ဟာ ဘာဝနာရဲ့ အကြောင်းပဲ။

(အဋ္ဌသာလိနီ ၁၇၁)

http://www.dhammadownload.com



* အလောဘဟာ စည်းစိမ်ဥစ္စာပြည့်စုံခြင်းရဲ့ အကြောင်းပဲ။
အဒေါသဟာ မိတ်ဆွေပြည့်စုံခြင်းရဲ့ အကြောင်းပဲ။
အမောဟဟာ မိမိစီးပွား ပြည့်စုံခြင်းရဲ့ အကြောင်းပဲ။

* အလောဘဟာ ကျန်းမာခြင်းရဲ့ အကြောင်းပဲ။
အဒေါသဟာ နုပျိုခြင်းရဲ့ အကြောင်းပဲ။
အမောဟဟာ အသက်ရှည်ခြင်းရဲ့ အကြောင်းပဲ။

* အလောဘနဲ့ ကာမချမ်းသာသုံးဆောင်တဲ့ အစွန်းကို ပယ်တယ်။
အဒေါသနဲ့ ကိုယ်ကိုပင်ပန်းအောင် လုပ်တဲ့ အစွန်းကို ပယ်တယ်။
အမောဟနဲ့ အလယ်လမ်းမှန်ကို ကျင့်တယ်။

* အလောဘကြောင့် ဇာတိဒုက္ခ (ပဋိသန္ဓေနေရတဲ့ဒုက္ခ) မဖြစ်။
အဒေါသကြောင့် အိုဒုက္ခ မဖြစ်။
အမောဟကြောင့် သေဒုက္ခ မဖြစ်။
အလောဘကြောင့် လူဝတ်ကြောင်တွေမှာ ချမ်းချမ်းသာသာ ဆက်ဆံပေါင်းသင်းရတယ်။
အမောဟကြောင့် ရဟန်းတွေမှာ ချမ်းချမ်းသာသာ ဆက်ဆံပေါင်းသင်းရတယ်။
အဒေါသကြောင့် ရဟန်း ရှင် လူအားလုံးမှာ ချမ်းချမ်းသာသာ ဆက်ဆံပေါင်းသင်းရတယ်။

* အလောဘကြောင့် ချစ်သူနဲ့ ကွေကွင်းရတဲ့ ဒုက္ခ မဖြစ်။
အဒေါသကြောင့် မုန်းသူနဲ့ ပေါင်းသင်းရလို့ ဒုက္ခ မဖြစ်။
အမောဟကြောင့် လိုချင်တာ မရလို့ ဒုက္ခ မဖြစ်။

* အလောဘကြောင့် ပြိတ္တာ မဖြစ်။
အဒေါသကြောင့် ငရဲ မရောက်။
အမောဟကြောင့် တိရစ္ဆာန် မဖြစ်။

(အဋ္ဌသာလိနီ ၁၇၁၊ ၂)

http://www.dhammadownload.com

## ဟိတ်နဲ့ဘ၀များ

များသောအားဖြင့် သတ္တဝါတွေဟာ
လောဘကြောင့် ပြိတ္တာ ဖြစ်ကြတယ်။
ဒေါသကြောင့် ငရဲ ရောက်ကြတယ်။
မောဟကြောင့် တိရစ္ဆာ ဖြစ်ကြတယ်။

(အင္ဂုသာလိနီ ၁၇၂)

## ပညာနဲ့သဒ္ဓါ

ပညာကြီးသူ, ဉာဏ်ရှင်းသူဟာ ဘုရားဂုဏ်တော်တွေကို ကြီးကြီးကျယ်ကျယ် ယုံကြည်တယ်။ လောကီလူသားများဟာ ချောင်းဆိုးလို့ဖြစ်စေ၊ ချေဆတ်လို့ဖြစ်စေ 'ဘုရားရှင်တို့အား ရှိခိုးပါ၏' လို့ မိမိမိမိရဲ့အားကြီးတဲ့ မှီရာအကြောင်းအားလျော်စွာ ဘုရားရှင်ဂုဏ်တော်တွေကို အောက်မေ့ကြတယ်။

လောကီလူသားအားလုံးထက် သောတာပန်တစ်ယောက်က၊

သောတာပန် ၁၀၀၊ ၁၀၀၀ ထက်လည်း သကဒါဂါမ် တစ်ယောက်က၊

သကဒါဂါမ် ၁၀၀၊ ၁၀၀၀ ထက်လည်း အနာဂါမ် တစ်ယောက်က၊

အနာဂါမ် ၁၀၀၊ ၁၀၀၀ ထက်လည်း ရဟန္တာတစ်ယောက်က၊
ကျန်တဲ့ ရဟန္တာတွေထက် ၈၀ သော မဟာထေရ်တွေက၊
၈၀ သော မဟာထေရ်တွေထက် ၄ ပါးသော မဟာထေရ်တွေက၊
၄ ပါးသော မဟာထေရ်တွေထက် အဂ္ဂသာဝက ၂ ပါးက၊
အဂ္ဂသာဝက ၂ ပါးမှာလည်း အရှင်သာရိပုတ္တရာက၊
အရှင်သာရိပုတ္တရာထက်လည်း ပစ္စေကဗုဒ္ဓါတစ်ပါးက ဘုရား

http://www.dhammadownload.com



ရှင်ရဲ့ ဂုဏ်တော်တွေကို ကြီးကြီးကျယ်ကျယ် သာလွန်ယုံကြည်ကြတယ်။ စကြဝဠာတိုက်အားလုံးမှာ သကြ်န်းကြီးရဲ့ အစွန်းချင်း ထိစပ်အောင် ထိုင်နေကြတဲ့ ပစ္စေကဗုဒ္ဓါတွေက ဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို အောက်မေ့စေဦးတော့၊ အဲဒီ ပစ္စေကဗုဒ္ဓါအားလုံးထက်လည်း သဗ္ဗညု ဘုရားရှင် တစ်ဆူကသာ ဘုရားရှင်ဂုဏ်တော်တွေကို ကြီးကြီးကျယ်ကျယ် ပိုပြီး ယုံကြည်ပါတယ်။

(ပါထိက၊ ၄၊ ၅၉)

## ဒါနနဲ့နူးညံ့မှု

ဒါနဟာ စိတ်ကို နူးညံ့အောင် လုပ်ပေးပါတယ်။ ရတဲ့သူကလည်း 'ငါ ရတယ်' လို့ တွေးပြီး စိတ်နူးညံ့ပါတယ်။ ပေးတဲ့သူကလည်း 'ငါ ပေးရပေတယ်' လို့ တွေးကာ စိတ်နူးညံ့ပါတယ်။ အဲဒီလိုနည်းနဲ့ အလှူပေး၊ အလှူခံပုဂ္ဂိုလ်နှစ်ဦးလုံး၏ စိတ်ကို နူးညံ့အောင် လုပ်ပေးတယ်။

(ပါထိက၊ ၄၊ ၁၀ သင်္ဂီတိသုတ်၊ ၂၂၇)

## အရဟတ္တမဂ်ရဲ့အစွမ်း

အဂ္ဂသာဝကနှစ်ပါးဟာ အရဟတ္တမဂ်နဲ့ သာဝကပါရမီဉာဏ်ကို ရကြပါတယ်။ ပစ္စေကဗုဒ္ဓါတွေဟာ ပစ္စေကဗောဓိဉာဏ်ကို၊ ဘုရားရှင်တွေက သဗ္ဗညုတဉာဏ် (အကုန်သိဉာဏ်) နဲ့ ဗုဒ္ဓဂုဏ်အားလုံးတို့ကို အရဟတ္တမဂ်နဲ့ပဲ ရကြပါတယ်။ မှန်ပါတယ်၊ အဲဒီပုဂ္ဂိုလ်တွေရဲ့ အဲဒီ ဂုဏ်အားလုံးဟာ အရဟတ္တမဂ်နဲ့ပဲ ပြီးစီးရပါတယ်။

(ပါထိက၊ ၄၊ ၅၊ သမ္ပသာဒနီယသုတ်၊ ၆၂)

http://www.dhammadownload.com



## ပါဏာတိပါတ (သတ်မှု) အင်္ဂါ ၅ ပါး

၁။ သတ္တဝါ ဖြစ်ခြင်း၊
၂။ သတ္တဝါလို့ အမှတ်ရှိခြင်း၊
၃။ သတ်လိုစိတ် ရှိခြင်း၊
၄။ သတ်ရန် အားထုတ်ခြင်း၊
၅။ သေခြင်း၊
ဒီအင်္ဂါ ၅ ပါး ပြည့်စုံမှ သတ်မှုကံ အထမြောက်တယ်။

## အဒိန္နာဒါန (ခိုးမှု) အင်္ဂါ ၅ ပါး

၁။ သူတစ်ပါးဥစ္စာ ဖြစ်ခြင်း၊
၂။ သူတစ်ပါးဥစ္စာလို့ အမှတ်ရှိခြင်း၊
၃။ ခိုးလိုစိတ်ရှိခြင်း၊
၄။ ခိုးရန်အားထုတ်ခြင်း၊
၅။ ခိုးခြင်း။
ဒီအင်္ဂါ ၅ ပါး ပြည့်စုံမှ ခိုးမှုကံ အထမြောက်တယ်။

## ကာမေသု မိစ္ဆာစာရ အင်္ဂါ ၄ ပါး

၁။ မသွားလာထိုက်တဲ့ပုဂ္ဂိုလ် ဖြစ်ခြင်း၊
၂။ မှီဝဲလိုစိတ် ရှိခြင်း၊
၃။ မှီဝဲရန် အားထုတ်ခြင်း၊
၄။ မိမိမဂ် (အင်္ဂါဇာတ်) နဲ့ သူတစ်ပါးမဂ်သို့ ထိုးသွင်းခြင်း၊
အဲဒီအင်္ဂါ ၄ ပါးပြည့်စုံမှ ကာမေသု မိစ္ဆာစာရကံ အထမြောက်တယ်။

(အဋ္ဌသာလိနီ၊ ၁၄၀/၁)

http://www.dhammadownload.com



## မုသာဝါဒ (လိမ်ညာမှု) အင်္ဂါ ၄ ပါး

၁။ မဟုတ်မှန်တဲ့ အကြောင်းအရာ ဖြစ်ခြင်း၊
၂။ လိမ်ညာလိုစိတ် ရှိခြင်း၊
၃။ လိမ်ညာရန် အားထုတ်ခြင်း၊
၄။ သူတစ်ပါးက အဲဒီအကြောင်းအရာကို သိနားလည်ခြင်း၊
ဒီအင်္ဂါ ၄ ပါး ပြည့်စုံမှ လိမ်မှုကံ အထမြောက်တယ်။

## ပိသုဏာဝါစာ (ကုန်းတိုက်မှု) အင်္ဂါ ၄ ပါး

၁။ စိတ်ဝမ်းခွဲရမယ့် တစ်ပါးသူ ရှိခြင်း၊
၂။ ခင်မင်နေသူနှစ်ဦး စိတ်ဝမ်းကွဲသွားရန် ရှေးရှုခြင်း၊ သို့မဟုတ် မိမိကို ချစ်ခင်အကျွမ်းဝင်လာစေလိုခြင်း၊
၃။ ကွဲရန် အားထုတ်ခြင်း၊
၄။ တစ်ပါးသူက အဲဒီအကြောင်းကို သိခြင်း၊

ဒီအင်္ဂါ ၄ ပါး ပြည့်စုံပေမယ့် တစ်ဦးနဲ့တစ်ဦး ကွဲပြားသွားမှသာ ကုန်းတိုက်မှုကံ အထမြောက်တယ်။ မကွဲရင် ကံ အထမမြောက်။

## ဖရုသဝါစာ (ဆဲဆိုမှု) အင်္ဂါ ၃ ပါး

၁။ ဆဲရေးရမယ့် တစ်ပါးသူ ရှိခြင်း၊
၂။ စိတ်ဆိုးခြင်း၊
၃။ ဆဲရေးခြင်း
ဒီအင်္ဂါ ၃ ပါး ပြည့်စုံမှ ဆဲဆိုမှုကံ အထမြောက်တယ်။

http://www.dhammadownload.com



## သမ္ဖပ္ပလာပဝါစာ (အနှစ်မဲ့စကားပြောမှု) အင်္ဂါ ၂ ပါး

၁။ ဘာရတမင်းရဲ့ စစ်ခင်းခန်း၊ သီတာကို ခိုးခြင်းစတဲ့ အကျိုးမရှိတဲ့စကားကို ရှေးရှုခြင်း၊

၂။ အဲဒီလို စကားကို ပြောဆိုခြင်း၊

ဒီအင်္ဂါ ၂ ပါး ပြည့်စုံပေမယ့် သူတစ်ပါးက ဒီစကားကို အတည်လို့ မယူရင် ဒီကံ အထမမြောက်၊ အတည်လို့ ယူမှ အထမြောက်တယ်။

## အဘိဇ္ဈာ (အပိုင်စီးလိုမှု) အင်္ဂါ ၂ ပါး

၁။ သူတစ်ပါးဥစ္စာ ဖြစ်ခြင်း၊

၂။ မိမိသို့ ညွတ်စေခြင်း၊

သူတစ်ပါးပစ္စည်းကို လိုချင်မှုလောဘ ဖြစ်နေပေမယ့် 'ငါ့ဟာဖြစ်ရင် ကောင်းလေစွ' လို့ ကိုယ်ပိုင်ဖြစ်လိုမှု (အပိုင်စီးလိုမှု) မဖြစ်သေးရင် ဒီကံ အထမမြောက်ပါ။

## ဗျာပါဒ (သေကျေပျက်စီးစေလိုမှု) အင်္ဂါ ၂ ပါး

၁။ တစ်ပါးသူ ဖြစ်ခြင်း၊

၂။ တစ်ပါးသူကို ပျက်စီးစေရန် ကြံစည်ခြင်း၊

တစ်ပါးသူအပေါ် ဒေါသထွက်နေပေမယ့် 'ဒီလူ သေကျေပျက်စီးရင် ကောင်းလေစွ' လို့ တစ်ပါးသူရဲ့ ပျက်စီးရေးကို မကြံတွေးသေးရင် ဒီကံ အထမမြောက်။

http://www.dhammadownload.com



## မိစ္ဆာဒိဋ္ဌိ (အယူမှားမှု) အင်္ဂါ ၂ ပါး

၁။ အယူ မမှန်ခြင်း၊

၂။ မမှန်တာကို အမှန်လို့ ထင်မြင်ယူဆနေခြင်း၊

ဒီကံမှာ နတ္ထိကဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ (ကံနဲ့ ကံရဲ့အကျိုးကို ပစ်ပယ်တဲ့အယူ) တို့ကြောင့်သာ အထမြောက်တယ်၊ ကျန်အယူမှားတွေကြောင့် အထမမြောက်။

(အဋ္ဌသာလိနီ၊ ၁၄၀၊ ၄၀)

## သတ်ရာမှာ အပြစ်ကြီးငယ်

ဂုဏ်ကင်းတဲ့ တိရစ္ဆာန်တွေထဲမှာ သတ္တဝါလေးတွေကို သတ်ရင် အပြစ်ငယ်တယ်။ သတ္တဝါကြီးတွေကို သတ်ရင် အပြစ်ကြီးတယ်။ အကြောင်းကတော့ အားစိုက်ရမှုလုံ့လ ကြီးမားလို့ပါပဲ။ အားစိုက်မှုလုံ့လ တူမျှနေရင်လည်း သတ္တဝါ ကြီးရင် အပြစ်ကြီးတယ်။

သီလစတဲ့ ဂုဏ်ရှိတဲ့ လူစသည်တွေထဲမှာ ဂုဏ်နည်းသူကို သတ်ရင် အပြစ်ငယ်တယ်။ ဂုဏ်ကြီးသူကို သတ်ရင် အပြစ်ကြီးတယ်။ ခန္ဓာကိုယ်နဲ့ဂုဏ် တူမျှနေက ကိလေသာနဲ့ အားစိုက်မှုက နူးညံ့နေရင် အပြစ်ငယ်တယ်၊ ထက်မြက်ကြမ်းတမ်းရင် အပြစ်ကြီးတယ်။

(အဋ္ဌသာလိနီ၊ ၁၄၀)

## ခိုးရာမှာ အပြစ်အကြီးအငယ်

သူတစ်ပါးဥစ္စာ အညံ့စားကို ခိုးရင် အပြစ်ငယ်တယ်၊

အကောင်းစားကို ခိုးရင် အပြစ်ကြီးတယ်။ အကြောင်းကတော့ ပစ္စည်းက ကောင်းလို့ပါပဲ။ ပစ္စည်းက တူနေရင် သီလစတဲ့ဂုဏ်ရှိသူ

http://www.dhammadownload.com



တွေရဲ့ပစ္စည်းကို ခိုးက အပြစ်ကြီးတယ်။ ဂုဏ်မြင့်မြတ်သူတွေကို ထောက်ဆကာ ဂုဏ်နိမ့်သူတွေရဲ့ဥစ္စာကို ခိုးက အပြစ်ငယ်တယ်။

(အဋ္ဌသာလိနီ၊ ၁၄၀)

## မှောက်မှားမှုမှာ အပြစ်အကြီးအငယ်

သီလစတဲ့ ဂုဏ်ကင်းမဲ့တဲ့ မမှောက်မှားထိုက်သူတွေကို မှောက်မှား ကျူးလွန်ရင် အပြစ်ငယ်တယ်၊ သီလစတဲ့ဂုဏ်နဲ့ ပြည့်စုံသူတွေကို မှောက်မှားရင် အပြစ်ကြီးတယ်။

(အဋ္ဌသာလိနီ၊ ၁၄၁)

## လိမ်ရာမှာ အပြစ်အကြီးအငယ်

လိမ်ညာလိုက်လို့ အကျိုးပျက်သွားရာမှာ အကျိုးပျက်မှု နည်းရင် အပြစ်ငယ်တယ်။ များရင် အပြစ်ကြီးတယ်။

တစ်နည်းမှာ လူဝတ်ကြောင်တွေမှာ ကိုယ့်ဥစ္စာကို မပေးလိုလို့ မရှိဘူး စသည့်နည်းနဲ့ပြောရင် အပြစ်ငယ်တယ်။ သက်သေအဖြစ်နဲ့ အကျိုးပျက်ပြားအောင် ပြောရင် အပြစ်ကြီးတယ်။

ရှင်ရဟန်းတွေမှာ ဆီအနည်းငယ်၊ ထောပတ်အနည်းငယ်လေးကိုတောင် ရလို့ ပျော်ရွှင်လိုတဲ့သဘောနဲ့ 'ဒီနေ့ ရွာမှာ ဆီက မြစ်လို စီးဆင်းနေတယ်' လို့ စကားအပို အလွန်ပြောရင် အပြစ်ငယ်တယ်၊ မမြင်ဘဲ မြင်တယ်စသည်နဲ့ ပြောရင် အပြစ်ကြီးတယ်။

(အဋ္ဌသာလိနီ၊ ၁၄၁၊၂)

## ကုန်းတိုက်ရာစသည်မှာ အပြစ်အကြီးအငယ်

သွေးခွဲခံရ၊ ကုန်းတိုက်ခံရသူတွေမှာ သီလစတဲ့ ဂုဏ် ငယ်ရင် ကုန်းတိုက်သူမှာ အပြစ်ငယ်တယ်။ ဂုဏ်ကြီးရင် အပြစ်ကြီးတယ်။

http://www.dhammadownload.com



ဆဲရေးခံရသူက သီလစတဲ့ ဂုဏ် ငယ်ရင် ဆဲရေးသူမှာ အပြစ်ငယ်တယ်။ ဂုဏ်ကြီးရင် အပြစ်ကြီးတယ်။

အနှစ်မရှိတဲ့စကားကို ပြောကြားမှုစေတနာ အားနည်းရင် ပြောသူမှာ အပြစ်ငယ်တယ်။ စေတနာ အားကြီးရင် အပြစ်ကြီးတယ်။

သူတစ်ပါးပစ္စည်းကို အပိုင်စီးလိုမှုမှာ အပြစ်ကြီး၊ ငယ်ပုံဟာ ခိုးမှုမှာလိုပါပဲ။ သူတစ်ပါး သေကျေပျက်စီးစေလိုမှုမှာ အပြစ်ကြီး ငယ်ပုံက ဆဲရေးရာမှာလိုပါပဲ။ အယူမှားမှုမှာ အပြစ်ကြီး ငယ်ပုံက အနှစ်မရှိတဲ့စကား ပြောကြားမှုမှာလိုပါပဲ။

(အဋ္ဌသာလိနီ၊ ၁၄၃၊ ၄)

## ယောကျ်ားတို့ မပြစ်မှား မမှောက်မှားရတဲ့ မိန်းမ ၂၀

၁။ မိခင်စောင့်ခံရသူ (မိခင်အုပ်ထိန်းခံရသူ)၊
၂။ ဖခင်စောင့်ခံရသူ၊
၃။ မိဘနှစ်ဦး စောင့်ခံရသူ၊
၄။ အစ်ကို, မောင် အစောင့်ခံရသူ၊
၅။ အစ်မ, ညီမ စောင့်ခံရသူ၊
၆။ ဆွေမျိုးစောင့်ခံရသူ၊
၇။ အနွယ်တူသူ အစောင့်ခံရသူ၊
၈။ တရားကျင့်ဖော်ကျင့်ဖက်လူက စောင့်ခံရသူ၊
၉။ ပိုင်ဆိုင်သူရဲ့ အစောင့်အရှောက်ရှိသူ၊
၁၀။ ကျူးလွန်သူကို ဒဏ်ထားမယ်လို့ ဒဏ်တပ်ထားရှိသူ၊
၁၁။ ဥစ္စာနဲ့ ဝယ်ထားတဲ့ မယား၊
၁၂။ ချစ်လို့ ပေါင်းသင်းနေတဲ့ မယား၊
၁၃။ စည်းစိမ်ပေးပြီး ပေါင်းသင်းနေတဲ့ မယား၊

http://www.dhammadownload.com



၁၄။ အဝတ်ပေးပြီး ပေါင်းသင်းနေတဲ့ မယား၊
၁၅။ ရေခွက်ထဲမှာ လက်ဆက်ထား (လက်ထပ်ထား) တဲ့ မယား၊
၁၆။ ခေါင်းမြီးစုပ်ကို ချကာ ပေါင်းသင်းထားတဲ့ မယား၊
၁၇။ ကျွန်မယား၊
၁၈။ အလုပ်သူမ မယား၊
၁၉။ သုံ့ပန်းမယား၊
၂၀။ ခေတ္တခဏမယား၊

(အဋ္ဌသာလိနီ၊ ၁၄၁)

## အခြားယောကျ်ားနဲ့ မမှောက်မှားရတဲ့ မိန်းမ ၁၂ ယောက်

၁။ ပိုင်ဆိုင်သူရဲ့ အစောင့်အရှောက်ရှိတဲ့ မိန်းမ၊
၂။ ကျူးလွန်သူမှာ ဒဏ်တားတယ်လို့ ဒဏ်တပ်ထားရှိတဲ့ မိန်းမ နဲ့ မယား ၁၀ မျိုး။

(အဋ္ဌသာလိနီ၊ ၁၄၁)

## သုံးကျွန်း လင်းခိုက် တစ်ကျွန်း မိုက်

တောင်ကျွန်းမှာ နေထွက်ချိန်ဟာ
အရှေ့ကျွန်းမှာ နေ့လယ်အချိန်၊
မြောက်ကျွန်းမှာ နေဝင်ချိန်၊
အနောက်ကျွန်းမှာ ညပိုင်းအလယ်ယံ။
အရှေ့ကျွန်းမှာ နေထွက်ချိန်ဟာ
မြောက်ကျွန်းမှာ နေ့လယ်အချိန်၊
အနောက်ကျွန်းမှာ နေဝင်ချိန်၊

http://www.dhammadownload.com



တောင်ကျွန်းမှာ ညပိုင်းအလယ်ယံ။
မြောက်ကျွန်းမှာ နေထွက်ချိန်ဟာ
အနောက်ကျွန်းမှာ နေ့လယ်အချိန်၊
တောင်ကျွန်းမှာ နေဝင်ချိန်၊
အရှေ့ကျွန်းမှာ ညပိုင်းအလယ်ယံ။
အနောက်ကျွန်းမှာ နေထွက်ချိန်ဟာ
တောင်ကျွန်းမှာ နေ့လယ်အချိန်၊
အရှေ့ကျွန်းမှာ နေဝင်ချိန်၊
မြောက်ကျွန်းမှာ ညပိုင်းအလယ်ယံ။

(ပါထိက၊ ၄၊ အဂ္ဂညသုတ်၊ ၅၂)

## အသက်နဲ့ သဒ္ဓါ

မတုန်မလှုပ် သက်ဝင်ယုံကြည်တဲ့ သဒ္ဓါတရားရှိတဲ့ သောတာပန်ဟာ သူရဲ့ဦးခေါင်းကို သံလျက်နဲ့ ခုတ်ဖြတ်စေဦးတော့၊ ဘုရားကို ဘုရားမဟုတ်လို့ မပြော။ တရားကို တရားမဟုတ်လို့ မပြော။ သံဃာကို သံဃာမဟုတ်လို့ မပြော။

(ပါထိက၊ ၄၊ အဂ္ဂညသုတ်၊ ၄၈)

## ကပ်နဲ့ အကုသိုလ်

အစာရေစာ ရှားပါးတဲ့ကပ် (ဒုဗ္ဘိက္ခန္တရကပ်) ဟာ သတ္တဝါတွေမှာ လောဘပေါများတဲ့အခါ ဖြစ်တယ်။ အနာရောဂါများတဲ့ကပ် (ရောဂန္တရကပ်) ဟာ သတ္တဝါတွေမှာ မောဟပေါများတဲ့အခါ ဖြစ်တယ်။ လက်နက်ကပ် (သတ္ထန္တရကပ်) ဟာ သတ္တဝါတွေမှာ ဒေါသပေါများတဲ့အခါ ဖြစ်တယ်။

(ပါထိကဝဂ်၊ ၄၊ စက္ကဝတ္တိသုတ်၊ ၃၈)

http://www.dhammadownload.com



## ကပ်နဲ့ နောက်ဘဝ

အစာရေစာရှားတဲ့ကပ်နဲ့ သေရတဲ့သတ္တဝါတွေဟာ များသောအားဖြင့် ပြိတ္တာဘုံမှာ ဖြစ်ကြတယ်။ အကြောင်းကတော့ အစာရေစာအပေါ် တပ်မက်မှုက အားကြီးနေလို့ပါပဲ။ အနာရောဂါကပ်ကြောင့် သေရတဲ့သတ္တဝါတွေဟာ များသောအားဖြင့် နတ်ပြည်မှာ ဖြစ်ကြတယ်။ အကြောင်းကတော့ 'အခြားသူတွေမှာ ဒီလိုရောဂါ မဖြစ်ရင် ကောင်းလေစွ' လို့ သူတို့မှာ မေတ္တာစိတ် ဖြစ်ကြလို့ပါပဲ။ လက်နက်ကပ်နဲ့ သေကြရတဲ့ သတ္တဝါတွေဟာ များသောအားဖြင့် ငရဲမှာ ဖြစ်ကြတယ်။ အကြောင်းကတော့ အချင်းချင်း အငြိုးအားကြီးကြလို့ပါပဲ။

(ပါထိကဝဂ်၊ ဋ္ဌ၊ စက္ကဝတ္တိသုတ်၊ ၃၈)

## အဆုံးစွန်အကျိုး

သံသရာလည်စေတဲ့ ကုသိုလ်ရဲ့ အဆုံးစွန်အကျိုးက စကြဝတေးမင်း စည်းစိမ်၊ သံသရာမှ လွတ်ရာကို ရောက်စေတဲ့ ကုသိုလ်ရဲ့ အဆုံးစွန်အကျိုးက မဂ်၊ ဖိုလ်၊ နိဗ္ဗာန်နဲ့ ပြည့်စုံမှု။

(ပါထိကဝဂ်၊ ဋ္ဌ၊ စက္ကဝတ္တိသုတ်၊ ၃၂)

## အဆုံးအမ လိုက်နာရကျိုး

သား, သမီးတွေက မိဘတွေရဲ့ အဆုံးအမကို လိုက်နာကြတဲ့အခါ သား သမီးတွေမှာ အသက်ရှည်ကြတယ်၊ အဆင်းလှကြတယ်၊ အစိုးတရရှိကြတယ်။

သား,သမီးတွေက မိဘတွေရဲ့ အဆုံးအမကို မလိုက်နာကြတဲ့အခါ သားသမီးတွေမှာ အသက်တိုကြတယ်၊ ရုပ်ဆိုးကြတယ်၊ အစိုးတရ မရှိကြ။

(ပါထိကဝဂ်၊ ဋ္ဌ၊ စက္ကဝတ္တိသုတ်၊ ၃၂)

http://www.dhammadownload.com



## စကြာရတနာ

စကြဝတေးမင်း ရဟန်းပြုရင်ဖြစ်ဖြစ်, သေရင်ဖြစ်ဖြစ် စကြာရတနာဟာ ၇ ရက်သာ တည်ရှိပြီး ပျောက်ကွယ်သွားတယ်။

(အံ၊ ဋ္ဌ၊ ပဉ္စက၊ ၄၇)

## သုံးယောက်ပဲ ရှိ

ဇမ္ဗူဒိပ် (တောင်ကျွန်း) မှာ ဖခင်ထံက ရထားငါးရာရတဲ့ အမျိုးသမီး ၃ ယောက်ပဲ ရှိတယ်။

၁။ ဗိမ္ဗိသာရမင်းရဲ့ သမီးတော် စုန္ဒီ၊

၂။ ဓနဥ္စယသူဌေးရဲ့သမီး ဝိသာခါ၊

၃။ ကောသလမင်းရဲ့သမီးတော် သုမနာ။

(အံ၊ ဋ္ဌ၊ ပဉ္စက၊ ၁၆)

ဒီမြေအပြင်မှာ မဟာလတာတန်ဆာကို ဝတ်ဆင်နိုင်တဲ့ မိန်းမ ၃ ယောက်ပဲ ရှိတယ်။

၁။ ဝိသာခါ၊

၂။ ဗန္ဓုလစစ်သူကြီးရဲ့မယား မလ္လိကာ၊

၃။ ဗာရာဏသီမင်းရဲ့သမီးတော်။

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၂၆၀)

## မြန်မြန် သွားရင် မတင့်တယ်သူ ၄ ဦး

၁။ အဘိသိက်သွန်းလောင်းထားတဲ့ ရှင်ဘုရင်၊

၂။ မင်္ဂလာဆင်၊

၃။ ရှင်, ရဟန်း၊

http://www.dhammadownload.com



၄။ အမျိုးသမီး၊

ရှင်ဘုရင်ဟာ တန်ဆာဆင်ထားပြီး ခါးတောင်းကျိုက်ကာ မင်းရင်ပြင်မှာ မြန်မြန် သွားရင် မတင့်တယ်။ 'ဒီရှင်ဘုရင်က အိမ်ရှင်သူကြွယ်လို ဘာကြောင့် ပြေးရတာလဲ' လို့ သေချာပေါက် ကဲ့ရဲ့ခံရပါတယ်။ ဖြည်းဖြည်း သွားမှ တင့်တယ်ပါတယ်။

ရှင်ဘုရင်ရဲ့ မင်္ဂလာဆင်တော်ဟာလည်း တန်ဆာဆင်ထားရင် မြန်မြန် သွားက မတင့်တယ်ပါ၊ ဆင်တို့ရဲ့ တင့်တယ်ခြင်းနဲ့ သွားမှသာ တင့်တယ်ပါတယ်။

ရှင် ရဟန်းဟာ မြန်မြန် သွားရင် မတင့်တယ်ပါ။ 'ဒီရဟန်းက လူ့ဝတ်ကြောင်လို ဘာကြောင့် ပြေးရတာလဲ' လို့ သေချာပေါက် အကဲ့ရဲ့ခံရပါတယ်။ ငြိမ်ငြိမ်သက်သက် သွားမှသာ တင့်တယ်ပါတယ်။

အမျိုးသမီးဟာ မြန်မြန် သွားရင် မတင့်တယ်ပါ။ 'ဒီအမျိုးသမီးဟာ ယောကျ်ားလို ဘာကြောင့် ပြေးရတာလဲ' လို့ ကဲ့ရဲ့စရာသာ ဖြစ်ပါတယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၂၄၆)

## အမျှဝေလို့ လျော့မသွား

မိမိရဲ့ကုသိုလ်ဝေစုကို သူတစ်ပါးအား မျှဝေလိုက်ရင် မိမိမှာ ကုသိုလ်လျော့သွားပါသလား၊ မလျော့ပါ။ ဆီမီးတစ်ခုကို ထွန်းညှိပြီး အဲဒီဆီမီးက ဆီမီးပေါင်း တစ်ထောင်ကို ထွန်းညှိလိုက်ရင် ပထမဆီမီး ကုန်သွားတယ်လို့ မဆိုသာ၊ ရှေ့ဆီမီးအရောင်နဲ့အတူ နောက်ဆီမီးရောင်တွေ တစ်ပေါင်းတည်း ဖြစ်သွားရင် အလွန်ကြီးကျယ်လာသလိုပါပဲ၊ အမျှပေးဝေသူမှာ ကုသိုလ်လျော့သွားတာ မရှိပါ။ တိုးလို့သာ လာပါတယ်။

(အဋ္ဌသာလိနီ၊ ၂၀၂)

http://www.dhammadownload.com



## ဒီဘဝမှာပဲ အကျိုးပေးတဲ့ အလှူ

၁။ လှူဖွယ်ပစ္စည်းက တရားသဖြင့် ရတဲ့ပစ္စည်း ဖြစ်ရခြင်း၊

၂။ ယုံကြည်သက်ဝင်ပြီး လှူဒါန်းခြင်း၊

၃။ အလှူခံက ရဟန္တာဖြစ်ခြင်း၊

၄။ ရဟန္တာက နိရောဓသမာပတ်မှ ထခြင်း၊

ဒီအင်္ဂါ ၄ ပါးတို့ကို စုပေါင်းပြီး လှူနိုင်သူရဲ့ကုသိုလ်ဟာ ဒီဘဝမှာပဲ အကျိုးပေးပါတယ်။ ဥပမာ ပုဏ္ဏကသူဌေး၊ ကာကဝလိယ၊ သုမနပန်းသည် စသည်တို့ရဲ့ အလှူလိုပါပဲ။

(အဋ္ဌသာလိနီ၊ ၂၀၆)

## ဉာဏ်ပါတဲ့ ကုသိုလ်

ဉာဏ်နဲ့ယှဉ်တဲ့စိတ်နဲ့ ကုသိုလ်ပြုရင် အဲဒီကုသိုလ်က အဲဒီ ကုသိုလ်ရှင်ကို သင့်တင့်လျောက်ပတ်တဲ့ အရပ်ကို ပို့ပေးပါတယ်။ သူတော်ကောင်းတွေကို ဆည်းကပ်စေပါတယ်။ အဲဒီလိုပုဂ္ဂိုလ်ကသာ မိမိကိုယ်ကို ကောင်းစွာ ထားနိုင်ပါတယ်။

(ပါထိကဝဂ်၊ ဋ္ဌ၊ ၂၂၄)

## တောင် ၅ လုံး

၁။ ပဏ္ဍဝ၊ ၂။ ဂိဇ္ဈကူဋ၊

၃။ ဝေဘာရ၊ ၄။ ဣသိဂိလိ၊

၅။ ဝေပုလ္လ၊

ရာဇဂြိုဟ်မြို့က ဒီတောင် ၅ လုံးရဲ့အလယ်မှာ နွားခြံလို တည်နေတယ်။

(သုတ္တနိပါတ၊ ဋ္ဌ၊ ၁၊ ၁၁၁)

http://www.dhammadownload.com



## မာရ်နတ်ရဲ့စစ်သည် ၁၀ ခု

၁။ ကာမဂုဏ်အာရုံတို့ကို တပ်မက်မှု ကိလေသာကာမ၊
၂။ ကျောင်းစွန့်ကျောင်းဖျားနဲ့ မြင့်မြတ်တဲ့ ကုသိုလ်တရားတွေမှာ မပျော်မှု၊
၃။ ထမင်းဆာမှု၊ ရေငတ်မှု၊
၄။ အစာရှာလိုတဲ့ တဏှာ၊
၅။ ပျင်းရိထိုင်းမှိုင်းမှု၊
၆။ တောကျောင်းမှာ နေတဲ့အခါ ကြောက်လန့်မှု၊
၇။ အကျင့်မှန်အပေါ်မှာ ယုံမှားမှု၊
၈။ ထောင်လွှားမှု၊ ကျေးဇူးချေဖျက်မှု၊ ခက်ထန်မှု၊
၉။ လာဘ်လာဘ၊ ပူဇော်သက္ကာရ၊ အကျော်အစော၊ အခြွေအရံ၊
၁၀။ မိမိကိုယ်ကို မြှောက်ပင့်မှု၊ သူတစ်ပါးကို နှိမ်ချမှု၊

(သုတ္တနိပါတပါဠိ၊ ၃၄၂)

## အရိယသာဝိတ္ထိဂါထာ

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
၃။ သံဃံ သရဏံ ဂစ္ဆာမိ၊

၃ ပိုဒ် ရှိတယ်။ အက္ခရာ ၂၄ လုံး ရှိတယ်။ ပရမတ္ထဝေဒဖြစ်တဲ့ ပိဋကသုံးပုံရဲ့အစ ဖြစ်တယ်။ ပရမတ္ထဗြာဟ္မဏတွေဖြစ်တဲ့ ဘုရားရှင်အားလုံးက ဟောပြကြတယ်။ အနက်အဓိပ္ပာယ်နဲ့လည်း ပြည့်စုံတယ်။ သဒ္ဒါနဲ့လည်း ပြည့်စုံတယ်။

(သုတ္တနိပါတ၊ ဋ္ဌ၊ ဒု၊ ၁၃၀)

http://www.dhammadownload.com



## ဘုရားရှင်တွေမှာ မတူတာ ၈ မျိုး

၁။ ပါရမီဖြည့်ရာကာလ၊
၂။ သက်တမ်း၊
၃။ အမျိုး၊
၄။ အရပ်ပမာဏ၊
၅။ တောထွက်ပုံ၊
၆။ တရားအားထုတ်ရာအချိန်၊
၇။ ဘုရားဖြစ်ရာ ဗောဓိပင်၊
၈။ ရောင်ခြည်တော်

### ကာလ

ဘုရားရှင်တွေဟာ အောက်ထစ်ဆုံးအားဖြင့် ၄ အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း၊ အများဆုံးအားဖြင့် ၁၆ အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်တော်မူကြတယ်။

### သက်တမ်း

ဘုရားရှင်တွေဟာ အောက်ထစ်ဆုံးအားဖြင့် နှစ် ၁၀၀ သက်တမ်းမှာ ပွင့်တော်မူကြတယ်။ အလွန်ဆုံးအားဖြင့် ၁ သိန်း သက်တမ်းမှာ ပွင့်တော်မူကြတယ်။

### အမျိုး

ဘုရားရှင်တွေဟာ မင်းမျိုး သို့မဟုတ် ပုဏ္ဏားမျိုးမှာ ဖြစ်ကြတယ်။

http://www.dhammadownload.com



## အရပ်

ဘုရားရှင်တွေဟာ မြင့်ရင် ၈၈ တောင် ၊ ၁၅ တောင်၊ ၁၈ တောင် ပမာဏ ရှိကြတယ်။

## တောထွက်ပုံ

ဘုရားလောင်းတွေဟာ ဆင်, မြင်း, ထမ်းစင်စတာတွေနဲ့ တောထွက်ကြတယ်။ ကောင်းကင်ခရီးနဲ့လည်း ထွက်ကြတယ်။ မှန်တယ်၊ ဝိပဿီနဲ့ ကကုသန္ဓဘုရားလောင်းတို့ဟာ မြင်းရထားနဲ့၊ သိခီနဲ့ ကောဏာဂမနဘုရားလောင်းတို့က ဆင်ကျောကုန်းနဲ့၊ ဝေဿဘူဘုရားလောင်းက ထမ်းစင်နဲ့၊ ကဿပဘုရားလောင်းက ကောင်းကင်နဲ့၊ ဂေါတမဘုရားလောင်းက မြင်းကျောကုန်းနဲ့ တောထွက်တော်မူကြတယ်။

## တရားအားထုတ်ရာအချိန်

ဘုရားလောင်းတွေရဲ့ ဒုက္ကရစရိယာကျင့်ရာ အချိန်က ၇ ရက်၊ ၁၅ ရက်၊ ၁ လ၊ ၂ လ၊ ၃ လ၊ ၄ လ၊ ၅ လ၊ ၆ လ၊ ၁ နှစ်၊ ၂ နှစ်၊ ၃ နှစ်၊ ၄ နှစ်၊ ၅ နှစ်၊ ၆ နှစ်အားဖြင့် အမျိုးမျိုး ရှိကြတယ်။

## ဘုရားဖြစ်ရာ ဗောဓိပင်

ညောင်ဗုဒ္ဓဟေပင်၊ ပညောင်ပင်စတဲ့အပင်တွေထဲက တစ်ပင်ပင်ဖြစ်တယ်။

## ရောင်ခြည်တော်

ဘုရားရှင်တွေမှာ တစ်လံမျှရှိတဲ့ ရောင်ခြည်တော်၊ အတောင်

http://www.dhammadownload.com



၈၀ ရှိတဲ့ ရောင်ခြည်တော်၊ အဆုံးမရှိတဲ့ ရောင်ခြည်တော်တွေနဲ့ ယှဉ်ကြတယ်။ အဲဒီမှာ တစ်လံမျှရှိတဲ့ ရောင်ခြည်တော်နဲ့ အတောင် ၈၀ ရှိတဲ့ ရောင်ခြည်တော်တွေဟာ ဘုရားရှင်အားလုံးမှာ တူကြတယ်။ အဆုံးမရှိတဲ့ ရောင်ခြည်တော်ကတော့ အဝေးကိုလည်း သွားတယ်၊ အနီးကိုလည်း သွားတယ်။ ၁ ဂါဝုတ်၊ ၂ ဂါဝုတ်၊ ၁၊ယူဇနာ၊ ယူဇနာ များစွာ စကြဝဠာအဆုံးတိုင်အောင်လည်း သွားတယ်။ မင်္ဂလဘုရားရှင်ရဲ့ ကိုယ်အရောင်ဟာ စကြဝဠာတစ်သောင်းတိုင်အောင် သွားတယ်။ အဲဒီလို ဖြစ်ပေမယ့် ဘုရားရှင်အားလုံးရဲ့ စိတ်ကြံစည်မှုနဲ့ပဲ ဆက်စပ်ပါတယ်။ သိချင်သလောက်အထိ သွားပါတယ်။

(သုတ္တနိပါတ၊ ဋ္ဌ၊ ၃၊ ၁၃၄)

## အဓိဋ္ဌာန်အစွမ်း

ဘုရားရှင်တွေရဲ့ အဓိဋ္ဌာန်အစွမ်းကြောင့် ထိုင်ရာနေရာနဲ့ ခြေရာဟာ မရှုပ်ထွေးကြပါ။

(သုတ္တနိပါတ၊ ဋ္ဌ၊ ၃၊ ၂၅၈)

## အလှူခံနည်း

အလှူခံရာမှာ အတိုင်းအတာကို သိသူဟာ

လှူဖွယ်ပစ္စည်းကလည်း နည်းတယ်၊ လှူသူကလည်း နည်းနည်း လှူချင်တယ်ဆိုရင် နည်းနည်းပဲ အလှူခံရတယ်။

လှူဖွယ်ပစ္စည်းက နည်းတယ်၊ လှူသူကတော့ အများကြီး လှူချင်တယ်၊ အနည်းငယ်ပဲ အလှူခံရတယ်။

လှူဖွယ်ပစ္စည်းက များတယ်၊ လှူသူက နည်းနည်းလှူချင်တယ်၊ နည်းနည်းပဲ အလှူခံရတယ်။

http://www.dhammadownload.com



လှူဖွယ်ပစ္စည်းကလည်း များတယ်၊ လှူသူကလည်း များများ လှူချင်တယ်၊ မိမိရဲ့အင်အားကို သိပြီး အလှူခံရတယ်။

(သုတ္တနိပါတ၊ ၄၊ ၃၊ ၇၅)

## တစ်လှည့်စီ

ဘုရားရှင်ဟာ ညအခါ ဇေတဝန်ကျောင်းမှာ သီတင်းသုံးရင် နေ့အခါ ဝိသာခါရဲ့ ပုဗ္ဗာရုံကျောင်းမှာ သီတင်းသုံးတော်မူတယ်။ ညအခါ ပုဗ္ဗာရုံမှာ သီတင်းသုံးရင် နေ့အခါ ဇေတဝန်ကျောင်းမှာ သီတင်းသုံးတော်မူတယ်။ အကြောင်းကတော့ အမျိုးနှစ်မျိုးကို ချီးမြှောက်လိုတာနဲ့ အကြီးအကျယ်လှူမှုရဲ့ဂုဏ်ကို ထင်ရှားပြလိုတာရယ်ကြောင့်ပါပဲ။

(သုတ္တနိပါတ၊ ၄၊ ၃၊ ၇၀)

## ရိုသေမှု

ဘုရားရှင်က ကျောင်းအောက်ထပ်မှာ သီတင်းသုံးရင် ရဟန်းတွေက ဘုရားရှင်ကို ရိုသေလို့ အထက်ထပ်ကို မတက်ကြပါ။

(သုတ္တနိပါတ၊ ၄၊ ၃၊ ၇၀)

## အရှင်အဿဇိရှိရာသို့

အရှင်သာရိပုတ္တရာဟာ အရှင်အဿဇိနဲ့အတူ တစ်ကျောင်းတည်းမှာ သီတင်းသုံးရင် ဘုရားရှင်အား ဆည်းကပ်ရာသို့ သွားပြီး အခြားမဲ့မှာ အရှင်အဿဇိအား ဆည်းကပ်ရာကို 'ဒီအရှင်ဟာ ငါ့ရဲ့ လက်ဦးဆရာပဲ၊ ငါဟာ သူ့ကို မှီပြီး ဘုရားရှင်ရဲ့ အဆုံးအမကို သိရပေတယ်' လို့ ရိုသေ

http://www.dhammadownload.com



တဲ့အတွက် သွားပါတယ်။ အရှင်အဿဇိနဲ့ တစ်ကျောင်းတည်းမှာ သီတင်းမသုံးရင် အရှင်အဿဇိ သီတင်းသုံးရာအရပ်ကို ကြည့်ကာ ထိခြင်း ၅ ပါးနဲ့ ရှိခိုးပြီး လက်အုပ်ချီလျက် ရှိခိုးတယ်။

(သုတ္တနိပါတ၊ ဋ္ဌ၊ ၃၊ ၆၂)

## မကြောက်သင့်တာကို ကြောက်သူ ၄ ဦး

၁။ တီ၊ ၂။ တစ်တီတူး၊

၃။ ကြိုးကြာ၊ ၄။ ပုဏ္ဏား၊

တီတွေဟာ မြေကြီးကုန်သွားမှာ ကြောက်လို့ မြေကြီးကို အတိုင်းအတာနဲ့ စားကြတယ်။ များများ မစားကြ။

တစ်တီတူးငှက်မဟာ ကောင်းကင်ပြိုကျမှာ ကြောက်လို့ ဥ အပေါ်မှာ ပက်လက်အိပ်တယ်။

ကြိုးကြာငှက်မဟာ မြေကြီးတုန်လှုပ်သွားမှာ ကြောက်လို့ ခြေတွေနဲ့ မြေကြီးကို ကောင်းကောင်း မနင်း။

ပုဏ္ဏားတွေဟာ အမျိုးအစဉ်အဆက် ပြတ်သွားမှာ ကြောက်လို့ မယားကို ရှာမှီးကြတယ်။

(သုတ္တနိပါတ၊ ဋ္ဌ၊ ၃၊ ၅၂)

## ကြီးသူ ၄ ဦး

၁။ ပညာအားဖြင့် ကြီးသူ၊ ၂။ ဂုဏ်အားဖြင့် ကြီးသူ၊

၃။ ဇာတ်အားဖြင့် ကြီးသူ၊ ၄။ အရွယ်အားဖြင့် ကြီးသူ၊

၁။ အသက်အားဖြင့် ငယ်ပေမယ့် ဗဟုသုတရှိတဲ့ ရဟန်းဟာ ဗဟုသုတနည်းတဲ့ ရဟန်းကြီးတွေကြားမှာ ဗဟုသုတ ပညာအားဖြင့် ကြီးတယ်။ မှန်တယ်၊ အဲဒီရဟန်းငယ်ရဲ့အထံမှာ ရဟန်းကြီး

http://www.dhammadownload.com



တွေလည်း ဘုရားစကားတော်ကို သင်ယူကြတယ်။ သြဝါဒ၊ အဆုံးအဖြတ်၊ အမေးအဖြေတွေကိုလည်း မျှော်လင့်ကြတယ်။

၂။ အသက်အားဖြင့် ငယ်ပေမယ့် ရဟန်းဟာ တရားထူးကို ရရင် ဂုဏ်ကြီးသူ ဖြစ်တယ်။ မှန်တယ်၊ အဲဒီရဟန်းငယ်ရဲ့အဆုံးအမမှာ တည်ပြီး ရဟန်းကြီးတွေလည်း ဝိပဿနာအားထုတ်ကာ ရဟန္တာဖြစ်သွားကြတယ်။

၃။ အသက်ငယ်သူဟာလည်း အဘိသိက်သွန်းလောင်းထားတဲ့ မင်းဖြစ်နေရင် သို့မဟုတ် ပုဏ္ဏားဖြစ်ရင် ကျန်တဲ့လူတွေရဲ့ ရှိခိုးခြင်းကို ခံထိုက်လို့ ဇာတ်အားဖြင့် ကြီးသူ ဖြစ်တယ်။

၄။ အရင်မွေးဖွားသူအားလုံးဟာ အရွယ်ကြီးသူ ဖြစ်တယ်။

(သုတ္တနိပါတ၊ ဋ္ဌ၊ ၃၊ ၆၆)

## ရှေးဘဝ အောက်မေ့ပုံ

ရှေးဘဝတွေကို ဘုရားတွေသာမက ပစ္စေကဗုဒ္ဓါ၊ ဘုရားတပည့် သာဝက၊ တိတ္ထိတွေလည်း အောက်မေ့နိုင်ကြပါတယ်။

တိတ္ထိတွေဟာ ကမ္ဘာ ၄၀ ပဲ အောက်မေ့နိုင်ကြပါတယ်။ အဲဒီထက် ပိုပြီး မအောက်မေ့နိုင်ကြပါ။ အကြောင်းကတော့ ပညာအားနည်းလို့ပါပဲ။ မှန်ပါတယ်၊ သူတို့ရဲ့ပညာဟာ ရုပ်နာမ်ကို ပိုင်းခြားသိမှု မရှိလို့ အားနည်းပါတယ်။

သာဝကတွေထဲမှာ ၈၀ သော မဟာသာဝကတွေက ကမ္ဘာတစ်သိန်းကို အောက်မေ့နိုင်ကြပါတယ်။

အဂ္ဂသာဝက ၂ ပါးက တစ်အသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကို အောက်မေ့နိုင်ကြပါတယ်။

ပစ္စေကဗုဒ္ဓါတွေက ၂ အသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကို အောက်မေ့နိုင်ကြပါတယ်။

http://www.dhammadownload.com



ဘုရားရှင်တွေမှာတော့ အပိုင်းအခြား မရှိပါ။ အလိုရှိသလောက် အောက်မေ့နိုင်ကြပါတယ်။

တိတ္ထိတွေက ခန္ဓာအစဉ်ကိုသာ အောက်မေ့နိုင်ကြတယ်။ ခန္ဓာအစဉ်ကို လွှတ်ပြီး စုတိ၊ ပဋိသန္ဓေအစွမ်းနဲ့ မအောက်မေ့နိုင်ကြ။ မှန်ပါတယ်၊ တိတ္ထိတွေရဲ့အောက်မေ့မှုဟာ အလိုရှိတဲ့အရပ်ကို သက်ရောက်နိုင်တာ မရှိပါ။ ဥပမာ အကန်းတွေလိုပါပဲ။

သာဝကတွေနဲ့ ပစ္စေကဗုဒ္ဓါတွေက ခန္ဓာအစဉ်နဲ့ရော စုတိ၊ ပဋိသန္ဓေနဲ့ပါ အောက်မေ့နိုင်ကြပါတယ်။

ဘုရားရှင်တွေကတော့ ခန္ဓာအစဉ်နဲ့ရော၊ စုတိ၊ ပဋိသန္ဓေအစွမ်းနဲ့ရော ခြင်္သေ့လို ရှေ့နောက် ခုန်ကျော်နည်းနဲ့ပါ ကမ္ဘာကုဋေပေါင်းများစွာမှာ အထက်ရော အောက်ရော အလိုရှိရာအားလုံးကို အောက်မေ့နိုင်ကြပါတယ်။

(ပါရာဇိကဏ်၊ ဋ္ဌ၊ ပ၊ ၁၃၀/၁)

## သီလနဲ့ သီလရှင်

ငါးပါးသီလ, ဆယ်ပါးသီလဟာ ဘုရားရှင်ပွင့်တဲ့အခါမှာရော မပွင့်တဲ့အခါမှာပါ လောကမှာ ရှိနေပါတယ်။ ဘုရားပွင့်တဲ့အခါ ဘုရားရှင်တွေကရော သာဝကတွေကပါ အဲဒီသီလကို လူအများကို ဆောက်တည်စေကြပါတယ်။ ဘုရားမပွင့်တဲ့အခါ ပစ္စေကဗုဒ္ဓါတွေ, ကံ ကံရဲ့အကျိုးရှိတယ်လို့ ယူဆတဲ့ တရားရှင် သမဏ, ဗြာဟ္မဏတွေ, စကြဝတေးမင်းတွေ, ဘုရားအလောင်းတော်တွေက ဆောက်တည်စေကြပါတယ်။ ပညာရှိ သမဏ, ဗြာဟ္မဏတွေက ကိုယ်တိုင်လည်း ဆောက်တည်ကြပါတယ်။ အဲဒီပုဂ္ဂိုလ်တွေဟာ အဲဒီကုသိုလ်တရားကို ဖြည့်ကျင့်ပြီး လူ့စည်းစိမ်၊ နတ်စည်းစိမ်တွေကို ခံစားကြရပါတယ်။

(ပါရာဇိကဏ်၊ ဋ္ဌ၊ ပ၊ ၂၀၉)

http://www.dhammadownload.com



## ဉာဏ်နဲ့ ဉာဏ်ရှင်

ကံ, ကံရဲ့အကျိုး ရှိတယ်လို့ သိမြင်တဲ့ဉာဏ်ပညာဟာ ဘုရားပွင့်တဲ့အခါမှာရော ဘုရားမပွင့်တဲ့အခါမှာပါ လောကမှာ ရှိပါတယ်။ ဘုရားပွင့်တဲ့အခါမှာ အဲဒီဉာဏ်ပညာကို ဘုရားရှင်တွေကရော ဘုရားရှင်ရဲ့တပည့် သာဝကတွေကပါ လူအများကို ဆောက်တည်စေကြပါတယ်။ ဘုရားမပွင့်တဲ့အခါ ပစ္စေကဗုဒ္ဓါတွေ, ကံ ကံရဲ့အကျိုးရှိတယ်လို့ ယူဆတဲ့ တရားရှင် သမဏ, ဗြာဟ္မဏတွေ, စကြဝတေးမင်းတွေ, ဘုရားအလောင်းတွေက ဆောက်တည်စေကြပါတယ်။ ပညာရှိ သမဏ၊ ဗြာဟ္မဏတွေက ကိုယ်တိုင်လည်း ဆောက်တည်ကြပါတယ်။ အဲဒီပုဂ္ဂိုလ်တွေဟာ အဲဒီကုသိုလ်တရားကို ဖြည့်ကျင့်ပြီး လူ့စည်းစိမ်၊ နတ်စည်းစိမ်တွေကို ခံစားကြရပါတယ်။

(ပါရာဇိကဏ်၊ ဋ္ဌ၊ ပ၊ ၂၁၀)

## အပြစ်ကင်းတဲ့နေရာ

ပညာရှိပုဂ္ဂိုလ်တွေဟာ လေးစားထိုက်တဲ့ ပုဂ္ဂိုလ်ကို ဆည်းကပ်ပြီး နေရာမှာ ကျွမ်းကျင်လို့ အပြစ် ၆ ပါး ကင်းတဲ့နေရာမှာ ထိုင်ကြပါတယ်။ အပြစ် ၆ ပါးမှာ

၁။ အလွန်ဝေးခြင်း၊
၂။ အလွန်နီးခြင်း၊
၃။ လေညာအရပ် ဖြစ်ခြင်း၊
၄။ မြင့်မောက်ခြင်း၊
၅။ မျက်နှာချင်းဆိုင် ဖြစ်ခြင်း၊
၆။ နောက်ဘက် ဖြစ်ခြင်း၊

၁။ အလွန်ဝေးတဲ့နေရာမှ ထိုင်ရင် စကားပြောလိုက အကျယ်ကြီး ပြောရပါမယ်။

http://www.dhammadownload.com



၂။ အလွန်နီးကပ်တဲ့အရပ်မှာ ထိုင်ရင် ထိခိုက်မယ်။
၃။ လေညာအရပ်မှာ ထိုင်ရင် ကိုယ်ခန္ဓာရဲ့အနံ့နဲ့ နှိပ်စက်တယ်။
၄။ မြင့်ရာအရပ်မှာ ထိုင်ရင် မရိုသေရာရောက်တယ်။
၅။ မျက်နှာချင်းဆိုင်အရပ်မှာ ထိုင်ရင် ကြည့်လိုက မျက်လုံးချင်း ထိခိုက်ပြီး ကြည့်ရမယ်။
၆။ နောက်ကျောဘက်မှာ ထိုင်ရင် ကြည့်လိုက လည်ပင်းကို ဆန့်ပြီး ကြည့်ရမယ်။

(ပါရာဇိကဏ်၊ ဋ္ဌ၊ ပ၊ ၁၀၁)

## ဧဟိဘိက္ခု

ဘုရားရှင်က ဧဟိဘိက္ခုဖြစ်ဖို့ရာ အားကြီးတဲ့အကြောင်းပါတဲ့ ပုဂ္ဂိုလ်ကို မြင်လို့ နီမြန်းတဲ့ ပံသုကူသင်္ကန်းကြားမှ ရွှေအဆင်းရှိတဲ့ လက်ယာလက်ကို ထုတ်ဆောင်ပြီး ဗြဟ္မာရဲ့အသံနဲ့တူတဲ့ အသံကို မြွက်ဆိုရင်း 'ရဟန်း လာလော့၊ ဒုက္ခဆုံးရာနိဗ္ဗာန်အကျိုးငှာ အကျင့်မြတ်ကို ကျင့်လော့' လို့ ပြောတယ်။ ဘုရားရှင်ရဲ့စကားနဲ့ တစ်ပြိုင်နက်ပဲ လူ့အသွင် ပျောက်သွားတယ်။ ရှင်ရဟန်းအဖြစ် ရောက်သွားတယ်။ ဖန်ရည်ဆိုးသင်္ကန်းကို ဝတ်ထားတယ်။ တစ်ထည်ကို သင်းပိုင်အဖြစ် ဝတ်တယ်။ တစ်ထည်ကို ဧကသီအဖြစ် ရန်းတယ်။ တစ်ထည်ကို ပခုံးပေါ်မှာ တင်ကာ လက်ဝဲပခုံးနဲ့ ကြာညိုရောင် မြေသပိတ်ကို လွယ်ထားတယ်။ သင်္ကန်း ၃ ထည်၊ သပိတ်၊ ဓား၊ အပ်၊ ခါးပန်းကြိုး၊ ရေစစ်ဆိုတဲ့ ပရိက္ခရာ ၈ ပါး ကိုယ်မှာ ရောက်ရှိလာပါတယ်။ ဝါ ၆၀ ရှိ မထေရ်ကြီးလို ကြည်ညိုဖွယ်အသွင် ဆောင်ပါတယ်။ ဘုရားရှင်ပဲ ဆရာ ဉပဇ္ဈာယ်ဖြစ်လို့ ဘုရားရှင်ကို ရှိခိုးကာ ရပ်တည်နေပါတယ်။

(ပါရာဇိကဏ်၊ ဋ္ဌ၊ ပ၊ ၂၀၅၊ ၆)

http://www.dhammadownload.com



## ဗောဓိကျွဲအရေအတွက်

ဘုရားရှင်က ဝါ ၂၀ အတွင်း ပထမအချိန်မှာပဲ ဗောဓိကျွဲ ရဟန်းပြုနည်းနဲ့ပဲ ရဟန်းပြုပေးပါတယ်။ အဲဒီနည်းနဲ့ ရဟန်းပြုသူတွေ ဟာ ၁၃၄၁ ရှိပါတယ်။

၁။ ပဉ္စဝဂ္ဂီ ၅ ပါး၊

၂။ ယသအမျိုးသား၊

၃။ ယသရဲ့အခြံအရံသူငယ်ချင်း ၅၄၊

၄။ ဘဒ္ဒဝဂ္ဂီ ၃၀၊

၅။ ရသေ့ ၁၀၀၀၊

၆။ အဂ္ဂသာဝက ၂ ပါးနဲ့တကွ ပရိဗိုဇ် ၂၅၀၊

၇။ အင်္ဂုလိမာလထေရ်။

ဒီ ၁၃၄၁ ယောက်သာ မကပါ။ အခြားပုဂ္ဂိုလ်တွေလည်း ရှိပါသေးတယ်။

၁။ သုံးရာအခြံအရံရှိတဲ့ သေလပုဏ္ဏား၊

၂။ တစ်ထောင်အခြံအရံရှိတဲ့ မဟာကပ္ပိန။

၃။ တစ်သောင်းသော ကပိလဝတ္ထုနေ အမျိုးသားများ၊

၄။ တစ်သောင်းခြောက်ထောင်သော ပါရာယနိကပုဏ္ဏားများ စသည်။

၄ ရပ်ပေါင်း ၂၇၃၀၀ ရှိလာပြန်ပါတယ်။

(ပါရာဇိကဏ်၊ ဋ္ဌ၊ ပ၊ ၂၀၆)

## ဗောဓိကျွဲရဲ့ရှေးကံ

ပရိက္ခရာ ၈ ပါးကိုပဲဖြစ်စေ၊ သပိတ်သင်္ကန်းကိုပဲဖြစ်စေ သော တာပန်စတဲ့ အရိယာပုဂ္ဂိုလ်အားဖြစ်စေ သီလနဲ့ပြည့်စုံတဲ့ ပုထုဇဉ်အား

http://www.dhammadownload.com



ဖြစ်စေ၊ လှူပြီး 'ဒီပရိက္ခရာအလှူဟာ နောင်အခါ ဟေိဘိက္ခုအဖြစ်ရဲ့ အကြောင်းအထောက်အပံ့ ဖြစ်ပါစေ' လို့ ဆုတောင်းတယ်။ အဲဒီပုဂ္ဂိုလ်ရဲ့ အဲဒီအလှူဟာ ပါရမီပြည့်ရင် ဘုရားရှင်တွေရဲ့မျက်မှောက်မှာ တန်ခိုးနဲ့ပြီးတဲ့ ပရိက္ခရာကို ရဖို့ ဖြစ်ပါတယ်။

(သာရတ္ထ၊ ၃၊ ၅၁)

## ရဟန်းဖြစ်ပုံ ၈ မျိုး

၁။ ရဟန်း လာလော့လို့ ဘုရားရှင်က မိန့်ကာမျှနဲ့ ရဟန်းအဖြစ်သို့ ရောက်ခြင်း၊

၂။ သရဏဂုံ ၃ ပါးဖြင့် ရဟန်းဖြစ်ခြင်း၊

၃။ အရှင်မဟာကဿပရဲ့ ဘုရားရှင့်အဆုံးအမကို ခံယူမှုနဲ့ ရဟန်းဖြစ်ခြင်း၊

၄။ ဘုရားရှင်ရဲ့မေးခွန်းကို ဖြေဆိုမှုနဲ့ သောပါကရဲ့ ရဟန်းဖြစ်ခြင်း၊

၅။ ဂရုဓမ် ၈ ပါးကို ခံယူမှုနဲ့ မဟာပဇာပတိဂေါတမီရဲ့ ရဟန်းဖြစ်ခြင်း၊

၆။ အဍ္ဎကာသိ ပြည့်တန်ဆာမရဲ့ တမန်နဲ့ ရဟန်းဖြစ်ခြင်း၊

၇။ ဘိက္ခုနီသံဃာဘက်က ဉတ္တိစတုတ္ထကံ၊ ဘိက္ခုသံဃာဘက်က ဉတ္တိစတုတ္ထကံနဲ့ ရဟန်းဖြစ်ခြင်း၊

၈။ ဉတ္တိစတုတ္ထကံနဲ့ ယခုခေတ် ရဟန်းဖြစ်ခြင်း၊

(ပါရာဇိကဏ်၊ ဋ္ဌ၊ ပ၊ ၂၀၆/ ၇)

## အမွေခံ

အသောကမင်းမြတ်... မြေကြီးကနေ ဗြဟ္မာ့ပြည်အထိ ပစ္စည်းအပုံကို လှူစေဦးတော့ သာသနာမှာ အမွေခံလို့ မခေါ်နိုင်သေးပါ။

http://www.dhammadownload.com



ဆင်းရဲသူဖြစ်ဖြစ်၊ ချမ်းသာသူဖြစ်ဖြစ် မိမိရဲ့ရင်သွေး သားရတနာလေးကို ရှင် ရဟန်းပြုပေးမှ သာသနာ့အမွေခံလို့ ဆိုလို့ရတယ်။

(ပါရာဇိကဏ်၊ ဠ၊ ပ၊ ၃၈)

## ကိုးတိုင်းကိုးဌာန

၁။ ကသ္မီရဂန္ဓာရတိုင်းသို့ မဇ္ဈန္တိကထေရ်ကို၊
၂။ မဟိံသကမဏ္ဍလသို့ မဟာဒေဝထေရ်ကို၊
၃။ ဝနဝါသီသို့ ရက္ခိတထေရ်ကို၊
၄။ အပရန္တကသို့ ယောနကဓမ္မရက္ခိတထေရ်ကို၊
၅။ မဟာရဋ္ဌသို့ မဟာဓမ္မရက္ခိတထေရ်ကို၊
၆။ ယောနကလောကသို့ မဟာရက္ခိတထေရ်ကို၊
၇။ ဟိမဝန္တာအရပ်သို့ မဇ္ဈိမထေရ်ကို၊
၈။ သုဝဏ္ဏဘူမိသို့ သောဏထေရ်နဲ့ ဥတ္တရထေရ်ကို၊
၉။ တမ္ဗပဏ္ဏိကျွန်းသို့ မဟိန္ဒထေရ်၊ ဣဋ္ဋိယထေရ်၊ ဥတ္တိယထေရ်၊ သမ္ဗလထေရ်၊ ဘဒ္ဒသာလထေရ်တို့ကို အရှင်မောဂ္ဂလိပုတ္တတိဿ က သာသနာပြုရန် စေလွှတ်ပါတယ်။

(ပါရာဇိကဏ်၊ ဠ၊ ပ၊ ၄၈)

## သဒ္ဓါ ၄ မျိုး

၁။ အာဂမနီယသဒ္ဓါ = ဘုရားလောင်းတွေမှာ ဖြစ်တဲ့ သဒ္ဓါ၊
၂။ အဓိဂမသဒ္ဓါ = အရိယာပုဂ္ဂိုလ်တွေမှာ ဖြစ်တဲ့ သဒ္ဓါ၊
၃။ ပသာဒသဒ္ဓါ= ဘုရား၊ တရား၊ သံဃာလို့ ပြောတဲ့အခါ ကြည်ညိုမှု၊
၄။ ဩကပ္ပနသဒ္ဓါ = ဉာဏ်နဲ့သက်ဝင်ပြီး ယုံကြည်မှု၊

(သုတ်မဟာဝါ၊ ဠ၊ ၁၁၉ စသည်)

http://www.dhammadownload.com



## အစွဲအလမ်း

ငှဲကွက်တွယ်တာမှုနဲ့ သေတာဟာ ကိုယ့်အိမ်မှာပဲ ဘီလူး၊ ခွေး၊ ဆိတ်၊ နွား၊ ကျွဲ၊ ကြွက်၊ ကြက်၊ သန်း၊ ကြမ်းပိုးစသည် ဖြစ်ဖို့ ရာ အကြောင်းဖြစ်တယ်။ ဒါကြောင့် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝက တွေနဲ့ အခြား ပညာ၊ သုတရှိကြသူတွေက ကဲ့ရဲ့ကြတယ်။

(သုတ်မဟာဝါ၊ ၌၊ ၂၂၆)

## စကြဝတေးမင်း

စကြဝတေးမင်း ရဟန်းပြုပြီး ၇ ရက်မြောက်မှာ စကြဝတေး မင်းရဲ့ အစွမ်းအာနုဘော် ကွယ်ပျောက်တယ်။ မဟာသုဒဿနမင်း ကွယ်လွန်ပြီး ၇ ရက်မြောက်မှာပဲ ရတနာ ၇ ပါးတံတိုင်း၊ ရတနာ ၇ ပါး ထန်းပင်တွေ၊ ရေကန်ပေါင်း ၈ သောင်း ၄ ထောင်၊ တရား ပြာသာဒ်၊ တရားရေကန်၊ စကြာရတနာတွေအားလုံး ကွယ်ပျောက်သွား တယ်။ ဆင်ရတနာစသည်တွေထဲက အသက်တမ်းကုန်တာတွေ အတူ တူပဲ သေသွားကြတယ်။ အသက်တမ်း ကျန်သေးတဲ့ ဆင်ရတနာက ဥပေါသထဆင်မျိုးကို သွားတယ်။ မြင်းရတနာက ဝလာဟကမြင်းမျိုးကို သွားတယ်။ ပတ္တမြားရတနာက ဝေပုလ္လတောင်ကိုပဲ သွားတယ်။ မိန်းမ ရတနာရဲ့အစွမ်း ကွယ်ပျောက်တယ်။ သူကြွယ်ရတနာရဲ့မျက်စိက ပကတိအတိုင်းပဲ ဖြစ်တယ်။ သားကြီးရတနာရဲ့ ထက်မြက်မှု ကွယ် ပျောက်တယ်။

(သုတ်မဟာဝါ၊ ၌၊ ၂၂၈၊ ၉)

http://www.dhammadownload.com



## အိမ်စောင့်နတ်တို့ရဲ့ မျှော်လင့်ချက်

သဒ္ဓါတရားရှိတဲ့ နတ်တွေမှာ ဒီလိုအကြံဖြစ်တယ်။ 'ဒီနေရာမှာ လူတွေက နေရာတည်ဆောက်ပြီး ရှေးဦးစွာ ရဟန်းအပေါင်းကို ထိုင်စေကာ မင်္ဂလာကို တိုးပွားစေကြလိမ့်မယ်။ အဲဒီအခါ ငါတို့ဟာ သီလရှိတဲ့ ရဟန်းတွေကို ဖူးမြော်ရမယ်။ တရားစကား ကြားနာရမယ်။ အမေး အဖြေ ကြားနာရမယ်။ အနုမောဒနာစကား ကြားနာရမယ်။ လူတွေက အလှူပေးပြီး ငါတို့အား ကုသိုလ်ဝေစုကို မျှဝေကြလိမ့်မယ်'။

(သုတ်မဟာဝါ၊ ဋ္ဌ၊ ၁၃၀)

## ပရိနိဗ္ဗာန်စံရာ

အရှင်ရာဟုလာဟာ တာဝတိံသာမှာ ပရိနိဗ္ဗာန်စံတယ်။
အရှင်အညာသိကောဏ္ဍညဟာ ဆဒ္ဒန္တအိုင်မှာ ပရိနိဗ္ဗာန်စံတယ်။

(သုတ်မဟာဝါ၊ ဋ္ဌ၊ ၁၃၉)

အရှင်အာနန္ဒာဟာ ရောဟိဏီမြစ်ရဲ့အလယ်မှာ ထန်း ၇ ဆင့် ပမာဏရှိတဲ့ ကောင်းကင်မှာ တင်ပလ္လင်ခွေထိုင်ပြီး လူအများအား တရားဟောကာ 'ငါ့ရဲ့ခန္ဓာကိုယ်ကို အလယ်က ခွဲပြီး တစ်ဖို့က ဒီဘက်ကမ်းမှာ၊ တစ်ဖို့က ဟိုဘက်ကမ်းမှာ ကျပါစေ' လို့ အဓိဋ္ဌာန်ပြီး ထိုင်ရင်းပဲ တေဇောဓာတ်သမာပတ်ကို ဝင်စားနေပါတယ်။ မီးအလျှံတွေ ထတောက်ပါတယ်။ ခန္ဓာကိုယ်ကို အလယ်က ခွဲပြီး တစ်ဖို့က ဒီဘက်ကမ်းမှာ၊ တစ်ဖို့က ဟိုဘက်ကမ်းမှာ ကျပါတယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၃၄၃)

http://www.dhammadownload.com



## တရားအစဉ်

ဒါနကို လှူသူဟာ သီလကို စောင့်နိုင်တယ်။ ဒါကြောင့် ဒါနရဲ့ အခြားမဲ့မှာ သီလကို ဘုရားရှင် ဟောတော်မူပါတယ်။

ဒီသီလကို မှီပြီး ဒီနတ်ပြည်ကို ရတယ်လို့ ပြလိုလို့ သီလရဲ့ အခြားမဲ့မှာ နတ်ပြည်အကြောင်းကို ဘုရားရှင် ဟောတော်မူပါတယ်။

အဲဒီလို နတ်ပြည်အကြောင်းနဲ့ ဖြားယောင်းပြီး တစ်ဖန် ဆင်ကို တန်ဆာဆင်ပြီး နှာမောင်းကို ဖြတ်သူပမာ 'ဒီနတ်ပြည်ဟာလည်း မမြဲဘူး၊ မတပ်မက်ထိုက်' လို့ ပြလိုလို့ ကာမဂုဏ်အပြစ်တွေကို ဟောတော်မူပါတယ်။

ကာမဂုဏ်အပြစ်နဲ့ ခြိမ်းခြောက်ပြီး ရှင်ရဟန်းအဖြစ်ရဲ့အကျိုးဂုဏ်ကို ပြပါတယ်။

(သုတ်မဟာဝါ၊ ဋ္ဌ၊ ၆၃၊ ၄)

## ဘုရားကြိုက်တဲ့ ပူဇော်မှု

ပစ္စည်းနဲ့ပူဇော်မှုဆိုတာ သာသနာကို တစ်နေ့တောင်၊ ယာဂု တစ်ကျိုက်သောက်ကာလလေးလောက်တောင် ဆောင်ထားခြင်းငှာ မစွမ်းနိုင်ပါ။ မဟာဝိဟာရနဲ့တူတဲ့ ကျောင်းပေါင်းတစ်ထောင်၊ မဟာစေတီနဲ့ တူတဲ့ စေတီပေါင်းတစ်ထောင်ဟာလည်း သာသနာကို ဆောင်ထားခြင်းငှာ မစွမ်းနိုင်ကြ။ အဲဒီကောင်းမှုကံ ပြုသူအတွက်သာ ဖြစ်ပါတယ်။ မှန်ကန်တဲ့ အကျင့်ကတော့ ဘုရားရှင်အား လျောက်ပတ်တဲ့ ပူဇော်မှု ဖြစ်ပါတယ်။ မှန်ပါတယ်၊ အဲဒီပူဇော်မှုဟာ ဘုရားရှင်ကြိုက်တာလည်း ဖြစ်ပါ တယ်။ သာသနာကိုလည်း ကောင်းစွာ ဆောင်ထားနိုင်ပါတယ်။

(သုတ်မဟာဝါ၊ ဋ္ဌ၊ ၁၆၉)

http://www.dhammadownload.com



## နတ်နဲ့လူ

နတ်တွေက ပုထုဇဉ်တွေကို ထွင်းဖောက်ပြီး မြင်နိုင်ကြတယ်။ ရဟန္တာတွေကိုတော့ ထွင်းဖောက်ပြီး မမြင်နိုင်ကြ။

(သုတ်မဟာဝါ၊ ဋ္ဌ၊ ၁၇၀)

## နှစ်ချိန်စည်းဝေး

ဘုရားလက်ထက်တော်က ရဟန်းတွေဟာ ဝါဆိုခါနီးမှာ ကမ္မဋ္ဌာန်းယူဖို့ စည်းဝေးကြတယ်။ ဝါကျွတ်တဲ့အခါ ယူထားတဲ့ ကမ္မဋ္ဌာန်းကို အားထုတ်လို့ ဖြစ်ပေါ်လာတဲ့ တရားထူးကို လျှောက်ထားဖို့ စည်းဝေးကြတယ်။

(သုတ်မဟာဝါ၊ ဋ္ဌ၊ ၁၇၂)

## နှုတ်ဆက်စကား

အရှင်အာနန္ဒာဟာ သူ့ထံ ဒကာ ဒကာမတွေ လာတဲ့အခါ ဒီလို နှုတ်ဆက်စကား ပြောကြားပါတယ်။ 'ဒကာ ဒကာမတို့၊ သရဏဂုံ သုံးပါး၊ ငါးပါးသီလကို စောင့်ကြသလား၊ ဥပုသ်စောင့်ကြသလား၊ မိဘတွေကို ပြုစုလုပ်ကျွေးကြသလား၊ တရားရှိတဲ့ သမဏ ဗြာဟ္မဏတွေကို ပြုစုစောင့်ရှောက်ကြသလား'။

အောက်ပါအတိုင်းတော့ နှုတ်ဆက်စကား မပြောကြားပါ။

'ဒကာ ဒကာမတို့၊ ဘယ့်နှယ်လဲ၊ သင်တို့ရဲ့ဦးခေါင်း မကိုက်ဘူးလား၊ ကိုယ်အင်္ဂါ မနာဘူး မဟုတ်လား။ သင်တို့ရဲ့ သားသမီးတွေ နေကောင်းကြတယ် မဟုတ်လား'။

(သုတ်မဟာဝါ၊ ဋ္ဌ၊ ၁၇၇)

http://www.dhammadownload.com



## ဘုရားခြေတော်ရာ

ဘုရားရှင်တို့ရဲ့ ခြေတော်ရာဟာ အဓိဋ္ဌာန်ပြီး နင်းတဲ့နေရာမှာသာ ထင်ရှားပါတယ်။ အခြားနေရာမှာ မထင်ရှားပါ။ အဓိဋ္ဌာန်ရည်ရွယ်တဲ့ ပုဂ္ဂိုလ်တွေကသာ ခြေရာကို မြင်ကြပါတယ်။ သူတို့မမြင်အောင် ဆင်စသည်က နင်းဖျက်ပစ်လို့လည်း မရ၊ မိုးကြီးရွာ၊ လေကြီးတိုက်လို့လည်း ဖျက်လို့မရ။

(ဓမ္မပဒ၊ ၄၊ ပ၊ ၁၂၉)

## ပစ္စေကဗုဒ္ဓါတို့ရဲ့အနုမောဒနာ

သင့်ရဲ့ လိုလားတောင့်တချက် မှန်သမျှ ပြည့်စုံပါစေ၊ လပြည့်ည အခါ လပမာ သင့်ရဲ့ အကြံအားလုံး ပြည့်စုံပါစေ။

သင့်ရဲ့လိုလားတောင့်တချက်မှန်သမျှ အမြန်ပဲ ပြည့်စုံပါစေ။ ဇောတိရသပတ္တမြားရတနာပမာ သင့်အကြံတွေ ပြည့်စုံပါစေ။

ဒီစကားနှစ်ရပ်ဟာ ပစ္စေကဗုဒ္ဓါတွေက အလှူရှင်တွေအား ဝမ်းမြောက် ဝမ်းသာ ဖြစ်စေရန် မိန့်ကြားလေ့ရှိတဲ့ စကားနှစ်ရပ် ဖြစ်ပါတယ်။

(ဓမ္မပဒ၊ ၄၊ ပ၊ ၁၂၇)

## ငဲ့၊ မငဲ့

ဘုရားရှင်က သမီးမာဂဏ္ဍီက ရန်ငြိုးဖွဲ့မှာ သိပါလျက် အမေမာဂဏ္ဍီနဲ့ အဖေ မာဂဏ္ဍီတို့ကို ငဲ့ကာ သမီးမာဂဏ္ဍီ မနှစ်ခြိုက်တဲ့ တရားကိုဟောပါတယ်။ မှန်ပါတယ်၊ ဘုရားရှင်တွေဟာ ရန်ငြိုးကို ထည့်မစဉ်းစားဘဲ မဂ်ဖိုလ်ရထိုက်သူကို ငဲ့ကာ တရားဟောကြစမြဲပါ။

(ဓမ္မပဒ၊ ၄၊ ပ၊ ၁၃၀)

http://www.dhammadownload.com



## အနာထပိဏ်အိမ် ဥပုသ်နေ့

အနာထပိဏ်သူဌေးရဲ့အိမ်မှာ ဥပုသ်နေ့တွေမှာ ညနေစာ မစားကြပါ။ အားလုံးပဲ ဥပုသ်စောင့်ကြပါတယ်။ အောက်ထစ်ဆုံးအားဖြင့် နို့စို့ကလေးတွေကိုတောင်မှ ပါးစပ်ကို ဆေးကြောစေကာ စတုမဓုကို ပါးစပ်ထဲ ထည့်စေပြီး အနာထပိဏ်သူဌေးက ဥပုသ်စောင့်စေပါတယ်။ နံ့သာ၊ ဆီမီး ထွန်းညှိတဲ့အခါ ကလေးငယ်၊ ကလေးကြီးတွေဟာ အိပ်ရာပေါ် ရောက်တော့ ဆံပင် မွေးညင်းစတဲ့ ခန္ဓာကိုယ်အစိတ်အပိုင်း ၃၂ မျိုးကို ရွတ်ဆိုကြရပါတယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၁၃၁)

## နိရောဓသမာပတ်နဲ့ အရှင်မဟာကဿပ

အရှင်မဟာကဿပဟာ သမာပတ်အားလုံးကိုပဲ ဝင်စားပါတယ်။ သတ္တဝါတွေကို ချီးမြှောက်လိုလို့ များသောအားဖြင့် နိရောဓသမာပတ်ကို ဝင်စားပါတယ်။ မှန်ပါတယ်၊ အဲဒီ နိရောဓသမာပတ် ဝင်စားပြီး ထလာသူအား ဒါနအနည်းငယ်ပဲ ပြုဦးတော့ အထူးအားဖြင့် အကျိုးအာနိသင် ကြီးပါတယ်။

## နောက်ဆုံး ဖူးမြော်ချိန်

၁။ ရဟန်းတွေ တစ်သက်လုံး တောကျောင်းမှာ နေရမယ်။
၂။ ရဟန်းတွေ တစ်သက်လုံး ဆွမ်းခံစားရမယ်။
၃။ ရဟန်းတွေ တစ်သက်လုံး ပံသုကူသင်္ကန်းကို ဆောင်ရမယ်။
၄။ ရဟန်းတွေ တစ်သက်လုံး သစ်ပင်အောက်မှာ နေရမယ်။
၅။ ရဟန်းတွေ တစ်သက်လုံး ငါး, အသား မစားရ။

http://www.dhammadownload.com



အရှင်ဒေဝဒတ်ဟာ အထက်ပါအချက် ၅ ချက်ကို ဘုရားထံ တောင်းပြီးတဲ့အခါကစပြီး ဘုရားရှင်ကို ဖူးမြော်ခွင့်မရ၊ အဲဒါဟာ ဓမ္မတာပါပဲ။

(ဓမ္မပဒ၊ ၠ၊ ပ၊ ၉၄)

## အဝီစိက အရှင်ဒေဝဒတ်

တုန်လှုပ်မှုမရှိတဲ့ ဘုရားရှင်အပေါ် ပြစ်မှားလို့ မတုန်မလှုပ်ဘဲ အရှင်ဒေဝဒတ်ဟာ အဝီစိငရဲမှာ ကျက်တယ်။ ယူဇနာတစ်ရာရှိတဲ့ အဝီစိငရဲအတွင်းမှာ သူ့ခန္ဓာကိုယ်က ယူဇနာတစ်ရာပဲ မြင့်တယ်။ ဦးခေါင်းက နားအုံအထက်ထိ သံအမိုးထဲ ဝင်သွားတယ်။ ခြေထောက်တွေက ခြေဖမျက်အထိ အောက်သံမြေကြီးထဲ ဝင်သွားတယ်။ ထန်းပင် ပင်စည်ကြီးပမာဏရှိတဲ့ သံချွန်က အနောက်ဘက်နံရံက ထွက်ပြီး နောက် ကျောဘက်အလယ်ကို ခွဲဖျက်ကာ ရင်ဘတ်က ထွက်ပြီး အရှေ့ဘက်နံရံကို ဝင်သွားတယ်။ နောက်သံချွန်တစ်ခုက တောင်ဘက် နံရံက ထွက်ကာ လက်ယာနံပါးကို ဖောက်ခွဲပြီး လက်ဝဲနံဘေးက ထွက်ကာ မြောက်ဘက်နံရံကို ဝင်သွားတယ်။ နောက်သံချွန်တစ်ခုက အထက် သံအမိုးက ထွက်ကာ ဦးထိပ်ကို ဖောက်ခွဲပြီး အောက်ဘက်က ထွက်ကာ သံမြေကြီးထဲ ဝင်သွားတယ်။ အဲဒီလို အရှင်ဒေဝဒတ်ဟာ အဲဒီအဝီစိငရဲ မှာ မတုန်မလှုပ်ဘဲ ကျက်နေရတယ်။

(ဓမ္မပဒ၊ ၠ၊ ပ၊ ၉၅)

## ဒေဝဒတ်နဲ့ အဋ္ဌိသာဃရ

အရှင်ဒေဝဒတ်ဟာ ရဟန်းမပြုရင် လူဝတ်ကြောင်အဖြစ်နဲ့ ကြီး လေးတဲ့အမှုကို ပြုမှာပါပဲ။ နောင်အခါ ဘဝမှ ထွက်မြောက်ဖို့အကြောင်း ကို မပြုလုပ်နိုင်ပါ။ ရဟန်းပြုပြီးတော့ ကြီးလေးတဲ့အမှုကို ပြုလုပ်စေဦး

http://www.dhammadownload.com



တော့ နောင်အခါ ဘဝမှ ထွက်မြောက်ကြောင်းကို ပြုလုပ်နိုင်ပါလိမ့်မယ်။ ဒါကြောင့် ဘုရားရှင်က ဒေဝဒတ်ကို ရဟန်းပြုပေးလိုက်ပါတယ်။ မှန်ပါတယ်၊ အရှင်ဒေဝဒတ်ဟာ ဒီကမ္ဘာကနေ နောက်ကမ္ဘာတစ်သိန်းရဲ့ အထက်မှာ အဋ္ဌိဿရမည်တဲ့ ပစ္စေကဗုဒ္ဓါ ဖြစ်ပါလိမ့်မယ်။

(ဓမ္မပဒ၊ ဌ၊ ပ၊ ၉၅)

## အဆိပ်ဟာအဆိပ်ပါပဲ

ပုထုဇဉ်အား မလျောက်ပတ်တဲ့အရာဟာ ရဟန္တာအားလည်း မလျောက်ပတ်တာပါပဲ။ အဆိပ်ကို သိလို့ စားတာပဲဖြစ်ဖြစ်၊ မသိလို့ စားတာပဲဖြစ်ဖြစ် အဆိပ်ဖြစ်တာပါပဲ။ မှန်ပါတယ်၊ ရဟန္တာဟာလည်းပဲ 'ငါရဟန္တာ' ဆိုပြီး မစောင့်စည်းသူ မဖြစ်ရ။ ရဟန္တာဟာလည်း ကြိုးစားအားထုတ်သူသာ ဖြစ်သင့်တယ်။

(ဥပရိပဏ်၊ ဌ၊ ၃၆)

## ကောင်းမှုအစွမ်း

ကောင်းမှုကံဆိုတာ စိန္တာမဏိပတ္တမြားနဲ့ တူတယ်။ ပဒေသာသစ်ပင်နဲ့ တူတယ်။ အလှူခံနဲ့ စိတ်ထားက ပြည့်စုံရင် တောင့်တပြီး ပြုလုပ်သမျှဟာ ပြီးစီးပြည့်စုံတာပါပဲ။

(ဝိမာနဝတ္ထု၊ ဌ၊ ၂၈)

## ပြိတ္တာနဲ့အမျှဝေမှု

'အရှင်ဘုရား၊ ပြိတ္တာဘဝက လွတ်မြောက်နိုင်တဲ့နည်းလမ်း ရှိပါသလား'

'ရှိပါတယ်'

http://www.dhammadownload.com



'ဟောတော်မူပါဘုရား'

'ဘုရားရှင်နဲ့ အရိယာသံဃာအား သို့မဟုတ် ရဟန်းတစ်ပါးအား ပင်ဖြစ်စေ အလှူလှူပြီး ရည်ညွှန်းအမျှဝေခံရသူက အဲဒီအလှူကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ရင် အဲဒီပြိတ္တာဟာ အဲဒီဆင်းရဲက လွတ်လိမ့်မယ်'။

(ပေတဝတ္ထု၊ ဋ္ဌ၊ ၄၃)

## ဦးခေါင်းကို သုံးသပ်လိုက်တဲ့အခါ

ပစ္စေကဗုဒ္ဓါဖြစ်ပြီးစဖြစ်တဲ့ ဗြဟ္မဒတ်မင်းဟာ လက်ယာလက်နဲ့ ဦးခေါင်းကို သုံးသပ်လိုက်ပါတယ်။ အဲဒီအခိုက်မှာ လူဝတ်ကြောင်အသွင် ကွယ်ပျောက်သွားပါတယ်။ ရဟန်းအသွင် ထင်ရှားဖြစ်ပေါ်လာပါတယ်။ ဆံ၊ မုတ်ဆိတ်က လက်နှစ်သစ် ရှိတယ်။ ပရိက္ခရာ ၈ ပါး လွယ်ထားတယ်။ ဝါ ၁၀၀ ရ မထေရ်နဲ့ တူတယ်။

(သုတ္တနိပါတ၊ ဋ္ဌ၊ ပ၊ ၅၆)

## အဖြစ်အပျက်

အဖြစ်ကို မြင်ရင် ဉစ္ဆေဒဒိဋ္ဌိ (ပြတ်စဲရေးအယူ) ကို ပယ်တယ်။

အပျက်ကိုမြင်ရင် သဿတဒိဋ္ဌိ (တည်မြဲရေးအယူ) ကို ပယ်တယ်။

(ဣတိဝုတ္တက၊ ဋ္ဌ၊ ၃၆)

## အပ္ပမာဒ

'အပ္ပမာဒ' ဆိုတဲ့စကားဟာ ကျယ်ဝန်းတဲ့ အနက်အဓိပ္ပာယ်ကို ပြတယ်။ ကျယ်ဝန်းတဲ့ အနက်အဓိပ္ပာယ်ကို သိမ်းယူပြီး တည်တယ်။

http://www.dhammadownload.com



ပိဋကတ်သုံးပုံ ဘုရားစကား အလုံးစုံကိုလည်း ဆောင်ပြီး အပ္ပမာဒစကား လုံးရဲ့ အနက်အဓိပ္ပာယ်ကို ပြကြာ ဟောတဲ့ ဓမ္မကထိကကို 'ဆိပ်ကမ်း မဟုတ်ရာမှာ ပြေးဝင်တယ်' လို့ မပြောထိုက်၊ အကြောင်းကတော့ အပ္ပမာဒစကားလုံးဟာ အနက်အဓိပ္ပာယ် ကျယ်ဝန်းလို့ပါပဲ။ မှန်ပါတယ်၊ ဘုရားရှင်ဟာ ကုသိနာရုံမြို့ အင်ကြင်းပင်နှစ်ပင်ကြားမှာ ပရိနိဗ္ဗာန် စံခါနီး လဲလျောင်းရင်း ဘုရားဖြစ်ချိန်ကစပြီး ၄၅ ဝါမှာ ဘုရားရှင်ကိုယ် တိုင် ဟောထားတဲ့ တရားကို သိမ်းကြုံးပြီး ပြလိုလို့ 'အပ္ပမာဒေန သမ္ပာဒေထ' လို့ ရဟန်းတွေအား ဩဝါဒပေးတော်မူပါတယ်။

(ဣတိဝုတ္တက၊ ဋ္ဌ၊ ၇၆၊ ၇)

## သာသနာ့အသက်

'ငါ့ရှင်တို့၊ ဘာကို အရင် သင်္ဂါယနာတင်ကြမလဲ၊ ဝိနည်းကို လား၊ သုတ္တန်၊ အဘိဓမ္မာကိုလား'

'အရှင်မဟာကဿပ၊ ဝိနည်းဆိုတာ သာသနာတော်ရဲ့အသက် ဖြစ်ပါတယ်။ ဝိနည်းတည်ရင် သာသနာတည်ပါတယ်။ ဒါကြောင့် ဝိနည်းကို အရင် သင်္ဂါယနာတင်ကြပါမယ်။'

(ခုဒ္ဒကပါဠ၊ ဋ္ဌ၊ ၈၂)

## ဝိသမလောဘ

ကိုယ်ပိုင်တဲ့ ပစ္စည်းဝတ္ထုမှာ ဖြစ်တဲ့ လောဘက သမလောဘ။ (အဓမ္မရာဂ မဟုတ်)။

သူတစ်ပါးပိုင်တဲ့ ပစ္စည်းဝတ္ထုမှာ ဖြစ်တဲ့ လောဘက ဝိသမ လောဘ။ (အဓမ္မရာဂ)။

(အံ၊ ဋ္ဌ၊ ၃၊ ၁၄၂)

http://www.dhammadownload.com



## ပုထုဇဉ်ရဲ့သဒ္ဓါ

လှူဖွယ်ဝတ္ထုနဲ့ အလှူခံပုဂ္ဂိုလ်က ရလွယ်တယ်။ သဒ္ဓါက ရခဲတယ်။ မှန်တယ်၊ ပုထုဇဉ်ရဲ့သဒ္ဓါဟာ မခိုင်မြဲဘူး။ ခြေလှမ်းနဲ့အမျှ ပြောင်းလဲတယ်။ ဒါကြောင့်ပဲ အရှင်မောဂ္ဂလာန်လို အဂ္ဂသာဝကတောင်မှ တာဝန်မခံနိုင်လို့ 'ဒကာ သင့်ရဲ့စည်းစိမ်နဲ့ အသက်ကိုတော့ တာဝန်ခံတယ်၊ သဒ္ဓါတရားကိုတော့ တာဝန်မခံနိုင်ဘူး' လို့ မိန့်တော်မူပါတယ်။

(အံ၊ ဋ္ဌ၊ ဒု၊ ၁၃၂)

## သိဖို့ခက်တဲ့အရာ ၅ ခု

၁။ ရှည်ရမယ့် အသက်အတမ်း၊

၂။ သေရမယ့် ရောဂါ၊

၃။ သေရမယ့် အချိန်၊

၄။ အလောင်းကောင်ကို ပစ်ချရာနေရာ၊

၅။ ရောက်ရမယ့် ဘဝ၊

ဒီ ၅ မျိုးဟာ သိဖို့ ခက်တယ်။

(သံယုတ္တ၊ ဋ္ဌ၊ ပ၊ ၃၉။)

## တစ်ဝက်မဟုတ်၊ အားလုံး

လူအများ စုပေါင်းပြီး ကျောက်တိုင်ကို စိုက်ထူတဲ့အခါ 'ဒီလောက်နေရာကို ဘယ်သူက စိုက်ထူတယ်၊ ဒီလောက်နေရာကို ဘယ်သူက စိုက်ထူတယ်' လို့ သီးသန့်မရှိ။

မိဘနှစ်ပါးကို အမှီပြုပြီး ဖြစ်ပေါ်လာတဲ့ သားသမီးတွေမှာ 'ဒီလောက်က အမိထံက ဖြစ်တယ်၊ ဒီလောက်က အဖထံက ဖြစ်တယ်' လို့ သီးသန့်မရှိ။

http://www.dhammadownload.com



အဲဒီလိုပါပဲ၊ ဒီလောက်အကျင့်မြတ်ဟာ မိတ်ကောင်းကြောင့် ဖြစ်တယ်၊ ဒီလောက်ဟာ ကိုယ့်ကြိုးစားမှုကြောင့် ဖြစ်တယ်လို့ သီးသန့် မရှိ။

အရိယာမဂ်အကျင့်မြတ်ဟာ မိတ်ကောင်းကြောင့် တစ်ဝက်ဖြစ်တယ်လို့ အရှင်အာနန္ဒာက ထင်မြင်မိတယ်။ ဘုရားရှင်အလိုတော်အရ ဂုဏ်အားလုံးဟာ မိတ်ကောင်းကြောင့် ဖြစ်တယ်။

(သဂါထာဝဂ္ဂသံယုတ်၊ ဋ္ဌ၊ ပ၊ ၁၄၃၊ ၄)

# ဒါန ၃ မျိုး

ကိုယ်က ကောင်းတာကို စားတယ်၊ သူတစ်ပါးအား မကောင်းတာကို ပေးတယ်။ အဲဒီသူဟာ ဒါနဆိုတဲ့ လှူဖွယ်ပစ္စည်းရဲ့ ကျွန်ဖြစ်ပြီး ပေးလှူတယ်။

ကိုယ်စားတာကို ပေးတယ်၊ အဲဒီသူဟာ သဟာယချင်းဖြစ်ပြီး ပေးလှူတယ်။

ကိုယ်ကတော့ သင့်တင့်ရုံနဲ့ မျှတတယ်။ သူတစ်ပါးတွေအား ကောင်းတာကို လှူတယ်၊ အဲဒီသူဟာ အရှင်သခင်ဖြစ်ပြီး ပေးလှူတယ်။

(သဂါထာဝဂ္ဂသံယုတ်၊ ဋ္ဌ၊ ပ၊ ၁၀၅)

# သူတို့မပါရင် ပွဲမစည်

သာဝတ္ထိမြို့မှာ အနာထပိဏ်နဲ့ ဝိသာခါတို့အိမ်မှာ ရဟန်း ၂ ထောင်စီ ရှိတယ်။ သာဝတ္ထိမြို့မှာ အလှူလုပ်လိုသူတိုင်းဟာ သူတို့နှစ်ယောက်ရဲ့အခွင့်ကို ရကြမှသာ လုပ်ကြတယ်။ အကြောင်းကတော့ 'သင်တို့ရဲ့အလှူပွဲမှာ အနာထပိဏ်နဲ့ ဝိသာခါ လာကြသလား' လို့ မေးရင် 'မလာကြဘူး' လို့ ပြောက တစ်သိန်းစွန့်လွှတ်ပြီး ပြုလုပ်တဲ့

http://www.dhammadownload.com



အလှူကိုတောင် 'ဒီအလှူက ဘယ်လိုအလှူလဲ' လို့ ကဲ့ရဲ့ကြတယ်။ မှန်တယ်၊ အဲဒီနှစ်ယောက်က ရဟန်းသံဃာရဲ့အကြိုက်နဲ့ သင့်လျော်တဲ့ ကိစ္စတွေကို အလွန်ပဲ သိကြတယ်။ သူတို့ စီမံရင် ရဟန်းတွေ စိတ်တိုင်းကျ ဘုဉ်းပေးကြရတယ်။ ဒါကြောင့်ပါပဲ။

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၉၇)

## အဂ္ဂသာဝက ၂ ပါး

အရှင်မဟာမောဂ္ဂလာန်ဟာ ရဟန်းပြုပြီး ၇ ရက်မြောက်နေ့မှာ မဂဓတိုင်း၊ ကလ္လဝါလရွာငယ်ကို အမှီပြုပြီး ရဟန်းတရားအားထုတ်စဉ် ထိနမိဒ္ဓဝင်လာလို့ ဘုရားရှင်က ထိတ်လန့်စေကာ ထိနမိဒ္ဓကို ပယ်ဖျောက်ပြီး ဘုရားရှင်ပေးတဲ့ ဓာတ်ကမ္မဋ္ဌာန်းကို နားထောင်ရင်းပဲ အထက်မဂ် ၃ ပါး ကိစ္စကို ပြီးစေကာ သာဝကပါရမီဉာဏ်ရဲ့ အထွတ်အထိပ်ကို ရောက်ပါတယ်။

အရှင်သာရိပုတ္တရာက ရဟန်းပြုပြီး ၁၅ ရက်လွန်မှ ဘုရားရှင်နဲ့ အတူ အဲဒီရာဇဂြိုဟ်မြို့ကိုပဲ အမှီပြုပြီး ဝက်တူးထားတဲ့ လိုဏ်ဂူမှာ သီတင်းသုံးရင်း သူ့တူဖြစ်တဲ့ ဒီဃနခ ပရိဗိုဇ်အား ဝေဒနာပရိဂ္ဂဟသုတ္တန်ကို ဟောစဉ် သုတ္တန်ကို အစဉ်လိုက်ကာ ဉာဏ်ကို စေလွှတ်ပြီး သူတစ်ပါးအတွက် ခူးထားတဲ့ ထမင်းကို စားသူပမာ သာဝကပါရမီဉာဏ်ရဲ့ အထွတ်အထိပ်ကို ရောက်ပါတယ်။

(အံ၊ ဋ္ဌ၊ ပ၊ ၁၂၆)

## အနာမဲ့သူ ရှင်ဗာကုလ

အရှင်ဗာကုလဟာ လူဝတ်ကြောင်ဘဝမှာ နှစ်ပေါင်း ၈၀ ကြာ လက်နှစ်ချောင်းနဲ့ နို့သာခဲကို ယူပြီး နမ်းရှုတဲ့ကာလလေးလောက်တောင်

http://www.dhammadownload.com



ဘာရောဂါမှ မဖြစ်ခဲ့။ အသက် ၈၀ မြောက်မှာ ချမ်းချမ်းသာသာပဲ ရဟန်းအဖြစ်ကို ရောက်ခဲ့ပါတယ်။ ရဟန်းပြုပြီးတော့လည်း သူ့မှာ အနာရောဂါ နည်းနည်းလေးတောင်မှ မဖြစ်၊ ပစ္စည်းလေးပါး ချို့တဲ့တာ မရှိ။ (အံ၊ ဋ္ဌ၊ ၀၊ ၂၄၀)

## တန်ခိုး ၃ မျိုး

၁။ ဣဒ္ဓိပါဋိဟာရိယ = တစ်ယောက်ကနေ အများ၊ အများကနေ တစ်ယောက်ဖြစ်အောင် ဖန်ဆင်းခြင်းစတဲ့ တန်ခိုးပြာဋိဟာ၊

၂။ အာဒေသနာပါဋိဟာရိယ = သူတစ်ပါးရဲ့ စိတ်ကို သိပြီး ဟောတဲ့တန်ခိုး။

၃။ အနုသာသနီပါဋိဟာရိယ= နာယူသူရဲ့ အဇ္ဈာသယအလို အားလျော်စွာ ပေးတဲ့အဆုံးအမ။

၁ နဲ့ ၂ ကို ဘုရားရှင်တွေရဲ့ရော သာဝကတွေရဲ့ပါ အမြဲ ဟောတဲ့တရားဒေသနာ ဖြစ်တယ်။

၁ နဲ့ ၃ ကို အရှင်မောဂ္ဂလာန် ကျင့်သုံးမြဲဖြစ်တယ်။ ၂ နဲ့ ၃ ကို အရှင်သာရိပုတ္တရာ ကျင့်သုံးမြဲဖြစ်တယ်။ ၃ ကတော့ ဘုရားရှင်တွေရဲ့ အမြဲဟောတဲ့ တရားဒေသနာ ဖြစ်တယ်။

(ဗုဒ္ဓဝံသဋ္ဌကထာ၊ ၅၁)

## လောကန္တရိက်ငရဲ

စကြဝဠာ ၃ ခုရဲ့ အကြားမှာ လောကန္တရိက်ငရဲတစ်ခု ရှိတယ်။ လှည်းဘီး ၃ ခု အချင်းချင်း ထိစပ်ပြီး တည်နေတဲ့အခါ အလယ်က အရပ်ပမာ တစ်ခုတစ်ခုသော လောကန္တရိက်ငရဲ ရှိတယ်။ ယူဇနာ ၈ ထောင် အတိုင်းအတာ ရှိတယ်။ (ဗုဒ္ဓဝံသဋ္ဌကထာ၊ ၄၄)

http://www.dhammadownload.com



## ခန္ဓာကိုယ်ရဲ့အပြစ် ၆ ပါး

၁။ အရပ်ရှည်လွန်းခြင်း၊
၂။ အရပ်ပုလွန်းခြင်း၊
၃။ ပိန်လွန်းခြင်း၊
၄။ ဝလွန်းခြင်း၊
၅။ မည်းလွန်းခြင်း၊
၆။ ဖြူလွန်းခြင်း၊

ဇနပဒကလျာဏီမှာ အဲဒီအပြစ် ၆ ပါး မရှိ။ လူ့ထက် လှတယ်၊ နတ်လောက်တော့ မလှ။

## ကောင်းခြင်း ၅ ဖြာ

၁။ ဆဝိကလျာဏ = ပျဉ်းပွင့်အဆင်း သို့မဟုတ် ရွှေအဆင်း ရှိခြင်း။ (ကိုယ်ရောင်ကြောင့် ၁၀ တောင်၊ ၁၂ တောင်ထိ လင်းနေတယ်)

၂။ မံသကလျာဏ = လက် ခြေ နှုတ်ခမ်းတွေဟာ ချိတ်ရည်နဲ့ ပြုလုပ်ထားသလို ဖြစ်နေတယ်။ သန္တာနီ၊ ကမ္ဗလာနီနဲ့ တူတယ်။

၃။ နခကလျာဏ = လက်သည်း ခြေသည်းတွေဟာ အသားနဲ့ မလွတ်တဲ့နေရာမှာ ချိတ်ရည်လောင်းထားသလို၊ အသားနဲ့ လွတ်တဲ့နေရာမှာ နို့ရည်အလျှင်လို ဖြစ်နေတယ်။

၄။ အဋ္ဌိကလျာဏ = သွား ၃၂ ချောင်းဟာ ကောင်းကောင်း ထိနေတယ်။ ဖြူစင်တဲ့ သန္တာတွေကို စီတန်းထားသလို စိန်စီ ထားသလို ဖြစ်နေတယ်။

၅။ ဝယကလျာဏ = အသက် ၁၂၀ ရှိနေပေမယ့် အသက် ၁၆ နှစ်အရွယ်လို ဖြစ်တယ်။ အရေတွန့်တာ မရှိ။

(ဥဒါန၊ ဋ္ဌ၊ ၁၅၂/၃)

http://www.dhammadownload.com



၁။ ကောသကလျာဏ = ဆံပင်တွေက ဥဒေါင်းမြီးလို ဖြစ်ပြီး ဖြည်ချလိုက်ရင် လုံချည်အဆုံးကို ထိရိုက်ကာ ဆံဖျားက အထက်ကို ကော့တက်နေတယ်။

၂။ မံသကလျာဏ = သွားဖုံးက ကြီးအာသီးအဆင်း ရှိတယ်။ အဆင်းလှတယ်၊ အညီအမျှ ကောင်းကောင်း ထိတယ်။

၃။ အဋ္ဌိကလျာဏ = သွားတွေက ဖြူတယ်၊ ညီတယ်၊ မကျဲဘူး၊ စိန်ကို စိုက်ထောင်စီတန်းထားသလို၊ ညီညီညာညာ ဖြတ်ထားတဲ့ ခရုသင်းလို တင့်တယ်တယ်။

၄။ ဆဝိကလျာဏ = အသားမည်းသူမှာ နံ့သာမှုန့်စသည် မလိမ်းကျံဘဲ ကိုယ်အရေအဆင်းဟာ ညက်ညောတယ်။ ကြာညိုပန်းကုံးအဆင်း ရှိတယ်။ အသားဖြူသူမှာ မဟာလှေခါးပန်းကုံးအဆင်း ရှိတယ်။

၅။ ဝယကလျာဏ = သားသမီး ၁၀ ကြိမ် မွေးဖွားထားပေမယ့် တစ်ကြိမ် မွေးဖွားထားတဲ့ အမျိုးသမီးပမာ အရွယ်တင်တယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၁၄၄၊ ၅)

## အနိစ္စ၊ ဒုက္ခ၊ အနတ္တ

လက်ပေါ်က ခွက်၊ သို့မဟုတ် တစ်စုံတစ်ခု ကျပြီး ကွဲသွားရင် 'သြော် အနိစ္စ (မမြဲ) ပါလား' လို့ ပြောကြတယ်။ အဲဒီလိုနည်းအားဖြင့် အနိစ္စက ထင်ရှားပါတယ်။

ခန္ဓာကိုယ်မှာ အနာ အဖုစသည် ပေါက်လာရင်၊ သို့မဟုတ် ငုတ် ဆူးစသည် စူးရင် 'သြော် ဒုက္ခ (ဆင်းရဲ) ပါလား' လို့ ပြောကြတယ်။ အဲဒီလိုနည်းအားဖြင့် ဒုက္ခက ထင်ရှားပါတယ်။

အနတ္တလက္ခဏာက မထင်ရှား၊ အမှောင်လိုပဲ၊ မပေါ်လွင်၊ အသိရခက်တယ်၊ ရှင်းပြရခက်တယ်၊ ပြောရခက်တယ်။

http://www.dhammadownload.com



အနိစ္စနဲ့ ဒုက္ခလက္ခဏာတွေက ဘုရားရှင်တွေ ပွင့်ပွင့် မပွင့်ပွင့် ထင်ရှားတယ်။ အနတ္တလက္ခဏာကတော့ ဘုရားမပွင့်ရင် မထင်ရှား၊ ပွင့်မှပဲ ထင်ရှားတယ်။

မှန်တယ်၊ တန်ခိုးအာနုဘော်ကြီးမားတဲ့ ရသေ့ပရိဗိုဇ်တွေ သရဘင်္ဂစတဲ့ ဆရာကြီးတွေလည်း အနိစ္စ၊ ဒုက္ခလို့ ပြောနိုင်တယ်။ အနတ္တလို့ မပြောနိုင်ကြ။ တကယ်လို့ သူတို့က ရောက်လာတဲ့ ပရိသတ် အား အနတ္တလို့ ပြောနိုင်ခဲ့ရင် ရောက်လာတဲ့ ပရိသတ်ဟာ မဂ် ဖိုလ်ကို ထိုးထွင်းသိရာပါတယ်။

မှန်တယ်၊ အနတ္တလက္ခဏာကို ဟောတာဟာ အခြားတစ်စုံ တစ်ယောက်ရဲ့ အရာမဟုတ်၊ ဘုရားရှင်တွေရဲ့သာ အရာဖြစ်တယ်။

(သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ၄၆)

## သာသနာရဲ့အစ, အလယ်, အဆုံး

သာသနာရဲ့

အစက သီလ၊

အလယ်က သမာဓိ၊

အဆုံးက ဝိပဿနာ။

တစ်နည်း

အစက သမာဓိ၊

အလယ်က ဝိပဿနာ၊

အဆုံးက မဂ်။

တစ်နည်း

အစက ဝိပဿနာ၊

အလယ်က မဂ်၊

အဆုံးက ဖိုလ်။

http://www.dhammadownload.com



တစ်နည်း
အစက မဂ်၊
အလယ်က ဖိုလ်၊
အဆုံးက နိဗ္ဗာန်။
နှစ်ခု တစ်တွဲနည်း
အစက သီလနဲ့ သမာဓိ၊
အလယ်က ဝိပဿနာနဲ့ မဂ်၊
အဆုံးက ဖိုလ်နဲ့ နိဗ္ဗာန်။

(ပဥ္စပကရဏအဋ္ဌကထာ၊ ၆၄)

## ဝင်္ကပျော် သောတာပန်များ

တချို့သောတာပန်ပုဂ္ဂိုလ်က ဝဋ်ကို လိုလားတယ်။ ဝဋ်မှာ မွေ့လျော်တယ်။ အဖန်ဖန် အထပ်ထပ် ဝဋ်မှာပဲ လှည့်လည်တယ်။ အနာထပိဏ်သူဌေး၊ ဝိသာခါ၊ စူဠရထနတ်သား၊ မဟာရထနတ်သား၊ အနေကဝဏ္ဏနတ်သား၊ သိကြားမင်း၊ နာဂဒတ္တနတ်သားတွေဟာ ဝဋ်ကို လိုလားကြတယ်။ ဝဋ်မှာ မွေ့လျော်ကြတယ်။ နတ်ပြည်ခြောက်ထပ်မှာ ဖြစ်ပြီး အကနိဋ္ဌဘုံရောက်ကာ ပရိနိဗ္ဗာန်စံကြလိမ့်မယ်။

(ပဥ္စပကရဏအဋ္ဌကထာ၊ ၄၆)

## သား ၄ မျိုး

၁။ အတြဇ = မိမိကို စွဲ၍ ဖြစ်တဲ့သား၊
၂။ ခေတ္တဇ = အိပ်ရာပေါ်၊ ပလ္လင်၊ ရင်ဘတ်စတဲ့ နေရာတွေမှာ ဖြစ်လာတဲ့ သား၊
၃။ အန္တေဝါသိက = အနီးမှာ အတတ်ပညာသင်ယူနေသူ၊
၄။ ဒိန္နက = မွေးမြူရန် ပေးထားအပ်တဲ့ သား၊ (မွေးစားသား)

http://www.dhammadownload.com



## နတ် ၃ မျိုး

၁။ သမ္မုတိဒေဝ = မဟာသမ္မတမင်းလက်ထက်မှစပြီး လူအပေါင်းက 'နတ်' လို့ သမုတ်အပ်တဲ့ မင်း၊ မိဖုရား၊ မင်းသားများ။
၂။ ဥပပတ္တိဒေဝ = နတ်ပြည်မှာ ဖြစ်တဲ့ နတ်များ၊
၃။ ဝိသုဒ္ဓိဒေဝ = ကိလေသာစင်ကြယ်နေတဲ့ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာများ။

(ဇာတက၊ ၌၊ ပ၊ ၁၄၉)

## မုနိ (ဉာဏ်ရှိသူ) ၆ မျိုး

၁။ အဂါရိယမုနိ = တရားထူးရထားသူ လူဝတ်ကြောင်၊
၂။ အနဂါရိယမုနိ = တရားထူးရထားတဲ့ ရဟန်း၊
၃။ သေက္ခမုနိ = သေက္ခ (ကျင့်ဆဲပုဂ္ဂိုလ်) ၇ ယောက်၊
၄။ အသေက္ခမုနိ = ရဟန္တာ၊
၅။ ပစ္စေကဗုဒ္ဓမုနိ = ပစ္စေကဗုဒ္ဓါ၊
၆။ မုနိမုနိ = ဘုရားရှင်။

(ဇာတက၊ ၌၊ ပ၊ ၁၂၅)

## ကန္တာရ (ခရီးခဲ) ၅ မျိုး

၁။ စောရကန္တာရ = သူခိုးတွေ နေတဲ့ လမ်းခရီး၊
၂။ ဝါဠကန္တာရ = ခြင်္သေ့စတဲ့ သားရဲတွေ နေတဲ့ လမ်းခရီး၊
၃။ နိရုဒကကန္တာရ = ချိုးဖို့ သောက်ဖို့ ရေမရှိတဲ့ လမ်းခရီး၊
၄။ အမနုဿကန္တာရ = ဘီလူးတွေ နေတဲ့ လမ်းခရီး၊
၅။ အပ္ပဘက္ခကန္တာရ = စားစရာ မရှိတဲ့ လမ်းခရီး၊

(ဇာတက၊ ၌၊ ပ၊ ၁၁၅)

http://www.dhammadownload.com



## သုဒ္ဓေါဒနရဲ့ ၃ ကြိမ် ရှိခိုးမှု

၁။ ဘုရားလောင်းဖွားရာနေ့မှာ ကာဠုဒေဝိလရသေ့ကို ရှိခိုးဖို့ ဘုရားလောင်းလေးကို ဆောင်ယူတဲ့အခါ ဘုရားလောင်းလေးရဲ့ ခြေတွေက ကာဠုဒေဝိလရသေ့ရဲ့ ဦးခေါင်းပေါ်မှာ တည်နေတာကို မြင်ရစဉ်က တစ်ကြိမ်၊

၂။ လယ်ထွန်မင်္ဂလာပြုရာနေ့မှာ သပြေပင်အရိပ်အောက်ရှိ ကျက်သရေရှိတဲ့ အိပ်ရာပေါ်မှာ ဘုရားလောင်းလေး အာနာပါန ဈာန် ဝင်စားကာ တင်ပလ္လင်ခွေထိုင်နေလို့ သပြေပင်အရိပ် မပြောင်းလဲတာကို မြင်ရစဉ်က တစ်ကြိမ်၊

၃။ သာကီဝင်တွေက ဘုရားရှင်ကို ရှိမခိုးကြလို့ ရေမီးအစုံ တန်ခိုးပြာဋိဟာကို ပြစဉ်က တစ်ကြိမ်၊

(ဇာတက၊ ဋ္ဌ၊ ပ၊ ၁၀၂)

## သာသနာသက်တမ်း

၁။ ပဋိသမ္ဘိဒါ ၄ ပါးရတဲ့ ရဟန္တာ = နှစ် ၁ ထောင်၊
၂။ ဈာန်မရတဲ့ ရဟန္တာ = နှစ် ၁ ထောင်၊
၃။ အနာဂါမ် = နှစ် ၁ ထောင်၊
၄။ သကဒါဂါမ် = နှစ် ၁ ထောင်၊
၅။ သောတာပန် = နှစ် ၁ ထောင်၊

နှစ်ပေါင်း ၅ ထောင်ကြာ ပဋိဝေဓသာသနာ တည်မယ်။
ပရိယတ္တိသာသနာလည်း နှစ် ၅ ထောင်ပဲ တည်မယ်။
ပရိယတ်သာသနာ မရှိရင် ပဋိဝေဓသာသနာ မရှိ။
ပရိယတ် ရှိရင် ပဋိဝေဓ ရှိတယ်။

ပရိယတ် ကွယ်ပျောက်သွားပေမယ့် လိင်္ဂ (အသွင်) သာသနာကတော့ ကြာမြင့်စွာ တည်မယ်။ (စူဠဝဂ္ဂါဒိအဋ္ဌကထာ၊ ၁၂၇၊ ၈)

http://www.dhammadownload.com



## ကပ်မှု၊ ခွာမှု

ဘုရားရှင်ဟာ သတ္တဝါတွေကို ကရုဏာနဲ့ ချဉ်းကပ်တယ်၊ ပညာနဲ့ ခွာတယ်။

(မူလပဏ်၊ ဋ္ဌ၊ ပ၊ ၁၄)

## ဗုဒ္ဓသာသနာမှာသာ ရှိတယ်

၁။ လက်ခြေ ကောင်းကောင်း နီတဲ့ ရဲရင့်တဲ့ သားတို့သေဋ္ဌနင်း ခြသေ့်မင်းဟာ သုသာန်နဲ့ အမှိုက်ပုံမှာ မနေ။ ယူဇနာ ၃ ထောင်ကျယ်တဲ့ ဟိမဝန္တာတောင်ကို သက်ဝင်ပြီး ပတ္တမြားဂူမှာသာ နေတယ်။

၂။ ဆဒ္ဒန်ဆင်မင်းဟာ ဂေါစရိယဆင်မျိုးစတဲ့ ဆင်မျိုး ၉ မျိုးမှာ မနေ။ ဆဒ္ဒန်အမျိုးမှာသာ နေတယ်။

၃။ ဝလာဟကမြင်းမင်းဟာ မြည်းမျိုးနဲ့ ဃောဋကမြင်းမျိုးမှာ မဖြစ်၊ သိန္ဓုမြစ်ကမ်းက သိန္ဓောမြင်းမျိုးမှာသာ ဖြစ်တယ်။

၄။ လိုတာမှန်သမျှကို အကုန်ပေးနိုင်တဲ့ မနောဟရ ပတ္တမြားရတနာဟာ အမှိုက်ပုံနဲ့ သဲတောင်စသည်မှာ မဖြစ်။ ဝေပုလ္လတောင်အတွင်းမှာပဲ ဖြစ်တယ်။

၅။ တိမိရပိင်္ဂလငါးမင်းဟာ သေးငယ်တဲ့ ရေကန်တွေမှာ မဖြစ်။ ယူဇနာ ၈ သောင်း ၄ ထောင် နက်တဲ့ မဟာသမုဒ္ဒရာမှာသာ ဖြစ်တယ်။

၆။ ယူဇနာ ၁၅၀ ရှိတဲ့ ဂဠုန်မင်းဟာ ရွာတံခါးအနီးရှိ ကြက်ဆူတောစသည်မှာ မနေ။ မဟာသမုဒ္ဒရာထဲကို သက်ဝင်ပြီး လက်ပံတောမှာသာ နေတယ်။

http://www.dhammadownload.com



၇။ ဓတရဋ္ဌရွှေဟင်္သာဟာ ရွာတံခါးအနီးရှိ တွင်းစသည်မှာ မနေ။ ဟင်္သာ ၉ သောင်း ခြံရံပြီး စိတ္တကူဋတောင်မှာပဲ နေတယ်။

၈။ လေးကျွန်းလုံးကို အစိုးရတဲ့ စကြဝတေးမင်းဟာ အမျိုးညံ့မှာ မဖြစ်။ ဇာတ်ချင်းမရောတဲ့ မင်းမျိုးမှာပဲ ဖြစ်တယ်။

အဲဒီလိုပါပဲ၊ ကိလေသာငြိမ်းတဲ့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာတွေထဲက တစ်ဦးတလေမျှ တိတ္ထိတို့အယူမှာ မရှိပါ။ အရိယမဂ်နဲ့ ကာရံထားတဲ့ ဘုရားသာသနာမှာသာ ရှိပါတယ်။

(မူလပဏ်၊ ဋ္ဌ၊ ပ၊ ၁၂၊ ၃)

## ပန်းတိုင်

ပုဏ္ဏားတွေရဲ့ ပန်းတိုင်က ဗြဟ္မာ့ဘုံ၊
ရသေ့ကြီးတွေရဲ့ ပန်းတိုင်က အာဘဿရဗြဟ္မာဘုံ၊
ပရိဗိုဇ်တွေရဲ့ ပန်းတိုင်က သုဘကိဏှာဗြဟ္မာဘုံ၊
အာဇီဝကတွေရဲ့ ပန်းတိုင်က အသညသတ်ဗြဟ္မာဘုံ၊
ဗုဒ္ဓသာသနာမှာ ပန်းတိုင်က အရဟတ္တဖိုလ် (ရဟန္တာအဖြစ်။)

(မူလပဏ်၊ ဋ္ဌ၊ ပ၊ ၃၁၆)

## လက္ခဏာ ၃ ပါး

ခန္ဓာငါးပါးရဲ့ အဖြစ်အပျက်ကို နှလုံးမသွင်းမိ၊ ထိုးထွင်းမသိတဲ့အတွက် ရုပ်နာမ်အစဉ်က ဖုံးလွှမ်းထားလို့ အနိစ္စလက္ခဏာ မထင်ရှား။

အဖြစ်အပျက် မပြတ်နှိပ်စက်ခံရမှုကို နှလုံးမသွင်းမိ၊ ထိုးထွင်း မသိတဲ့အတွက် ပြုပြင်တဲ့ ဣရိယာပုထ်တွေက ဖုံးလွှမ်းထားလို့ ဒုက္ခ လက္ခဏာ မထင်ရှား။

ဓာတ်အမျိုးမျိုးရဲ့ သီးသန့်စီဖြစ်မှုကို နှလုံးမသွင်းမိ၊ ထိုးထွင်း မသိတဲ့အတွက် အစိုင်အခဲပညတ်က ဖုံးလွှမ်းထားလို့ အနတ္တလက္ခဏာ မထင်ရှား။

http://www.dhammadownload.com



အဖြစ်အပျက်ကို ပိုင်းခြားသိတဲ့အတွက် ရုပ်နာမ်အစဉ် ပျက်စီးသွားလို့ အနိစ္စလက္ခဏာဟာ မှန်ကန်တဲ့ သူ့ကိစ္စအတိုင်း ထင်ရှားလာပါတယ်။

အဖြစ်အပျက် နှိပ်စက်ခံရမှုကို နှလုံးသွင်းမိတဲ့အတွက် ဣရိယာပုထ်ကို ခွာလိုက်တဲ့အခါ ဒုက္ခလက္ခဏာဟာ မှန်ကန်တဲ့သူ့ကိစ္စအတိုင်း ထင်ရှားလာပါတယ်။

ဓာတ်အမျိုးမျိုးတို့ကို သီးသန့်စီပြုပြီး အစိုင်အခဲကို ခွဲစိတ်လိုက်တဲ့အခါ အနတ္တလက္ခဏာဟာ မှန်ကန်တဲ့ သူ့ကိစ္စအတိုင်း ထင်ရှားလာပါတယ်။

(သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ၄၇)

## ညီမျှမှု

သဒ္ဓါ အားကြီးပြီး ပညာ အားနည်းရင် ဉာဏ်မဲ့တဲ့ ယုံကြည်မှုဖြစ်တယ်။ မယုံကြည်သင့်ရာကို ယုံကြည်တယ်။

ပညာ အားကြီးပြီး သဒ္ဓါ အားနည်းရင် ကောက်ကျစ်တဲ့ဘက်ကို ရောက်တယ်။ ဆေးကြောင့် ဖြစ်ရတဲ့ ရောဂါလို ကုစားရခက်တယ်။ စိတ်ဖြစ်ရုံနဲ့ပဲ ကုသိုလ်ဖြစ်တယ်လို့ ယူဆကာ ဒါနစတဲ့ ကောင်းမှုတွေကို မပြုလုပ်သူဟာ ငရဲမှာ ဖြစ်ရတယ်။

သဒ္ဓါနဲ့ပညာ ညီမျှရင် ယုံကြည်သင့်ရာမှာပဲ ယုံကြည်တယ်။

သမာဓိ အားကြီးပြီး ဝီရိယ အားနည်းရင် ပျင်းရိမှု လွှမ်းမိုးတယ်။ အကြောင်းကတော့ သမာဓိက ပျင်းရိမှုရဲ့ ဘက်တော်သား ဖြစ်လို့ပါပဲ။

ဝီရိယ အားကြီးပြီး သမာဓိ အားနည်းရင် ပျံ့လွင့်မှု လွှမ်းမိုးတယ်။ အကြောင်းကတော့ ဝီရိယဟာ ပျံ့လွင့်မှုရဲ့ ဘက်တော်သား ဖြစ်လို့ပါပဲ။

ဝီရိယနဲ့ ပေါင်းစပ်ထားတဲ့ သမာဓိဟာ အပျင်းဘက်ကို ကျခွင့်မရ။

http://www.dhammadownload.com



သမာဓိနဲ့ ပေါင်းစပ်ထားတဲ့ ဝီရိယဟာ အပျံ့ဘက်ကို ကျခွင့်မရ။ ဒါကြောင့် သမာဓိနဲ့ ဝီရိယကို ညီမျှအောင် လုပ်ရမယ်။

သမာဓိအလုပ်လုပ်သူမှာ သဒ္ဓါလည်း အားကြီးသင့်တယ်။

သမာဓိအလုပ်လုပ်သူမှာ သမာဓိ အားကြီးသင့်တယ်။ ဒါမှ ဈာန်ရတယ်။

ဝိပဿနာအလုပ်လုပ်သူမှာ ပညာ အားကြီးသင့်တယ်။ ဒါမှ လက္ခဏာကို ထိုးထွင်းသိတယ်။

သမာဓိနဲ့ပညာ ညီမျှရင် မဂ်ဖိုလ် ရတာပဲ။

သတိကတော့ နေရာတကာမှာ အားကြီးသင့်တယ်။

သတိက ပျံ့လွင့်မှုရဲ့ ဘက်တော်သားဖြစ်တဲ့ သဒ္ဓါ၊ ဝီရိယ၊ ပညာတို့ကြောင့် မပျံ့လွင့်အောင်၊ ပျင်းရိမှုရဲ့ဘက်တော်သားဖြစ်တဲ့ သမာဓိကြောင့် မပျင်းရိရအောင် စောင့်ရှောက်တယ်။ ဒါကြောင့် သတိဟာ ဟင်းတိုင်းမှာ ပါတဲ့ ဆားနဲ့၊ မင်းရဲ့ ကိစ္စတိုင်းမှာ လုပ်ရတဲ့ အမတ်နဲ့ တူတယ်။

(သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ၂၆၄ ၊ ၅)

## ပုစ္ဆာ ၅ မျိုး

၁။ အဒိဋ္ဌဇောတနာပုစ္ဆာ = မသိမမြင်သေးတာကို သိမြင်ရအောင် မေးတဲ့ ပုစ္ဆာ။

၂။ ဒိဋ္ဌသံသန္ဒနာပုစ္ဆာ = သိမြင်ပြီးတာကို အခြားပညာရှိတွေနဲ့ နှီးနှောလိုလို့ မေးတဲ့ ပုစ္ဆာ။

၃။ ဝိမတိစ္ဆေဒနာပုစ္ဆာ = သံသယကို ပယ်ရှားလိုလို့ မေးတဲ့ ပုစ္ဆာ။

၄။ အနုမတိပုစ္ဆာ = နားထောင်သူရဲ့အလိုကို သိလိုလို့ မေးတဲ့ ပုစ္ဆာ။

http://www.dhammadownload.com



၅။ ကထေတုကမျတာပုစ္ဆာ = ဖြေပြလိုလို့ မေးတဲ့ပုစ္ဆာ။

ဘုရားရှင်တွေမှာ ရှေ့ပုစ္ဆာ ၃ ခု မရှိ။ နောက် ၂ ခုသာ ရှိတယ်။

(သီလက္ခန္ဓဋ္ဌကထာ၊ ၆၇၊ ၈)

## တိတ္ထိဆရာကြီး ၆ ဦး

၁။ ကဿပအနွယ်ရှိတဲ့ ပူရဏ၊
၂။ နွားခြံမှာ မွေးတဲ့ မက္ခလိ၊
၃။ ဆံပင်ကမ္ဗလာကို ဆောင်တဲ့ အဇိတ၊
၄။ ကစ္စာယနအနွယ်ရှိတဲ့ ပကုဓ၊
၅။ ဗေလဋ္ဌရဲ့သား သဉ္စယ၊
၆။ နာဋ္ဌရဲ့သား နိဂဏ္ဌ၊

(သီလက္ခန္ဓဋ္ဌကထာ၊ ၁၃၁၊ ၂)

## ဘုရားရှင် တရားဟောတဲ့အခါ

ဘုရားရှင်တွေက တရားဟောတဲ့အခါ ပရိသတ်ကို မေတ္တာနဲ့ ဖြန့်ကြတယ်။ မေတ္တာဖြန့်လို့ ဘုရားရှင်အပေါ် လူအများရဲ့စိတ် ကြည်ညိုတယ်။ ဘုရားရှင်တွေဆိုတာကလည်း ရုပ်ရည်အသပ္ပာယ်ဆုံး ဖြစ်တယ်။ ကြည့်ချင်စရာကောင်းတယ်။ အသံချိုသာတယ်။ လျှာ နူးညံ့တယ်။ သွားဖုံးက ကောင်းကောင်း ထိတယ်။ အမြိုက်ရေနဲ့ နှလုံးကို သွန်းလောင်းလိုက်သလို တရားကို ဟောကြတယ်။

(မူလပဏ်၊ ဋ္ဌ၊ ၃၊ ၁၀၂)

http://www.dhammadownload.com



## အပြန်အလှန်

အရှင်သာရိပုတ္တရာနဲ့ အရှင်အာနန္ဒာဟာ တစ်ပါးအပေါ် တစ်ပါး မြတ်နိုးကြတယ်။ အရှင်သာရိပုတ္တရာက ‘ငါလုပ်ရမယ့် ဘုရားရှင်အား ပြုစုမှုကို အရှင်အာနန္ဒာက ပြုပေတယ်’ လို့ တွေးကာ အရှင်အာနန္ဒာကို မြတ်နိုးတယ်။ အရှင်အာနန္ဒာက ‘ဘုရားရှင်ရဲ့တပည့်တွေထဲမှာ အရှင်သာရိပုတ္တရာဟာ အသာဆုံးပဲ’ လို့ တွေးကာ အရှင်သာရိပုတ္တရာကို မြတ်နိုးတယ်။ ဆွမ်းခံအိမ်က ကလေးတွေကို အရှင်အာနန္ဒာက ရှင်ပြုပေးပြီးရင် အရှင်သာရိပုတ္တရာထံမှာ ဥပဇ္ဈာယ်ယူစေတယ်။ အရှင်သာရိပုတ္တရာကလည်း အဲဒီလိုပဲ လုပ်တယ်။ အဲဒီလို တစ်ပါးပါးက မိမိရဲ့ သပိတ် သင်္ကန်းကို ပေးကာ ရှင်ပြုပေးပြီး ဥပဇ္ဈာယ်အယူခိုင်းတဲ့ ရဟန်း ၅၀၀ ရှိပါတယ်။ မြတ်နိုးဖွယ် အမွန်အမြတ် သင်္ကန်းစသည်ကို ရရင် အပြန်အလှန် ပေးကြပါတယ်။

(မူလပဏ္ဏာ၊ ဋ္ဌ၊ ၃၊ ၁၅၂၊ ၃)

## ပညာရှိနဲ့သစ္စာ

သစ္စာလေးပါးစကားကို ပညာရှိတွေ မြတ်နိုးတယ်။ အနှစ် တစ်ရာတောင် နားထောင်ပေမယ့် တင်းတိမ်ခြင်း မရှိ။

(မဇ္ဈိမပဏ္ဏာ၊ ဋ္ဌ၊ ၆၈)

## ဘုရားလောင်းနဲ့ရဟန်းအဖြစ်

ဘုရားလောင်းတွေဟာ ဘုရားရှင်တွေရဲ့မျက်မှောက်မှာ ရဟန်း ပြုကြတယ်။ ရဟန်းပြုပြီး သာမန်ပုဂ္ဂိုလ်တွေလို ပေါ့ပေါ့ဆဆ မနေကြ။ စတုပါရိသုဒ္ဓိသီလမှာ ကောင်းစွာ တည်ပြီး ပိဋကသုံးပုံ ဘုရား

http://www.dhammadownload.com



စကားကို သင်ယူကာ ခုတင် ၁၃ ပါးကို ကျင့်ကြတယ်။ တောကို ဝင်သွားပြီး ဆွမ်းခံအသွားအပြန်မှာ ကျင့်ရတဲ့ ကျင့်ဝတ်ကို ကျင့်ကာ ရဟန်းတရား အားထုတ်ကြတယ်။ ဝိပဿနာပွားကြတယ်။ အနုလောမ ဉာဏ်ထိ ရောက်ကြတယ်။ မဂ်ဖိုလ်အတွက် ကြိုးစားမှု မပြုကြ။

(မဇ္ဈိမပဏ္ဏာ၊ ဋ္ဌ၊ ၁၉၅)

## မြင်းမိုရ်တောင်နဲ့ အရောင်များ

မြင်းမိုရ်တောင်ရဲ့ အရှေ့ဘက်နံဘေးက ငွေနဲ့ ပြီးတယ်။ တောင်ဘက်ဘေးက ပတ္တမြားနဲ့ ပြီးတယ်။ အနောက်ဘက်ဘေးက ဖလ်နဲ့ ပြီးတယ်။ မြောက်ဘက်ဘေးက ရွှေနဲ့ ပြီးတယ်။ အရှေ့ဘေးနဲ့ တောင်ဘက်ဘေးက ထွက်တဲ့ငွေရောင်၊ ပတ္တမြားရောင်တွေက တစ်ပေါင်းတည်းဖြစ်ပြီး မဟာသမုဒ္ဒရာရေပြင်ပေါ်က သွားကာ စကြဝဠာတောင်ကို ထိခိုက်ပြီး တည်ကြတယ်။ တောင်နဲ့အနောက်နံဘေးတွေက ထွက်တဲ့ ပတ္တမြားရောင်၊ ဖလ်ရောင်တွေ၊ အနောက်နဲ့မြောက်နံဘေးက ထွက်တဲ့ ဖလ်ရောင်၊ ရွှေရောင်တွေ၊ မြောက်နဲ့အရှေ့နံဘေးက ထွက်တဲ့ ရွှေရောင်၊ ငွေရောင်တွေဟာ တစ်ပေါင်းတည်း ဖြစ်ပြီး မဟာသမုဒ္ဒရာရေပြင်ပေါ်က သွားကာ စကြဝဠာတောင်ကို ထိခိုက်ပြီး တည်ကြတယ်။

(နိဒါနဝဂ္ဂသံယုတ်၊ ဋ္ဌ၊ ဒု၊ ၁၄၆)

## ခရီး ၂ မျိုး

၁။ တုရိတစာရိကာ = တချို့ပုဂ္ဂိုလ်က သက်န်းတစ်ထည်ကို ခါးဝတ်ဝတ်ပြီး တစ်ထည် ရန်းကာ သပိတ်၊ သက်န်းကို ပခုံးပေါ် ချိတ်တယ်။ ထီးကို ယူတယ်။ ကိုယ်ခန္ဓာက ထွက်နေတဲ့

http://www.dhammadownload.com



ချွေးတွေနဲ့ တစ်နေ့တည်း ၇ ယူဇနာ၊ ၈ ယူဇနာ သွားတယ်။

တစ်နည်း = ဘုရားရှင်တွေက ချွတ်ရမယ့်သူ တစ်စုံတစ်ယောက်ကို မြင်တဲ့အခါ ယူဇနာ ၁၀၀၊ ၁၀၀၀ ကို တစ်ခဏနဲ့ သွားတယ်။ အဲဒါဟာ လျင်မြန်တဲ့ခရီး ဖြစ်တယ်။

၂။ အတုရိတစာရိကာ = နေ့တိုင်း တစ်ဂါဝုတ်၊ ယူဇနာဝက် (၂ ဂါဝုတ်)၊ သုံး ဂါဝုတ်၊ တစ်ယူဇနာ (၄ ဂါဝုတ်) ခရီးကို အဲဒီနေ့ ပင့်လျှောက်ထားတဲ့ဆွမ်းကို လက်ခံထားပြီး လူအပေါင်းကို ချီးမြှောက်လိုလို့ သွားတယ်။ အဲဒါဟာ မလျင်မြန်တဲ့ ခရီးပဲ။

(သံယုတ်၊ ဋ္ဌ၊ ဒု၊ ၁၆၄)

## အသဿတိုရ်မြင်းမ

အသဿတိုရ်မြင်းမဟာ ကိုယ်ဝန်ယူပြီး မွေးချိန်ရောက်လို့ မွေးတဲ့အခါ မမွေးနိုင်၊ ခြေထောက်တွေနဲ့ မြေကြီးကို ပုတ်ခတ်ပြီး ရပ်တည်နေတယ်။ မြင်းမရဲ့ ခြေထောက် ၄ ချောင်းကို ငုတ် ၄ ခုမှာ ချည်နှောင်ကာ ဝမ်းဗိုက်ကို ခွဲပြီး ကလေးကို ထုတ်ယူကြတယ်။ မြင်းမဟာ အဲဒီနေရာမှာပဲ သေပွဲဝင်ရတယ်။

(သံယုတ်၊ ဋ္ဌ၊ ဒု၊ ၁၉၅)

## ဝိပဿနာ ၂ မျိုး

၁။ တရုဏဝိပဿနာ = နုတဲ့ ဝိပဿနာ

၁။ ရုပ်နာမ်ကို ပိုင်းခြားသိတဲ့ ဉာဏ်၊

၂။ ယုံမှားမှုကို လွန်မြောက်ရာမှာ ပါဝင်တဲ့ ဉာဏ်၊

၃။ မဂ် မဂ် ဆင်းရဲ သဘောပဲလို့ သုံးသပ်တဲ့ ဉာဏ်၊

http://www.dhammadownload.com



၄။ လမ်းမှန် လမ်းမှားကို ခွဲခြားသိတဲ့ ဉာဏ်

၂။ ဗလဝဝိပဿနာ = အားရှိတဲ့ ဝိပဿနာ

၁။ ကြောက်မက်ဖွယ်လို့ ထင်တဲ့ ဉာဏ်၊

၂။ အပြစ်ကို ရှုမြင်တဲ့ ဉာဏ်၊

၃။ လွတ်မြောက်လိုတဲ့ ဉာဏ်၊

၄။ သင်္ခါရတို့ကို ဘက်မျှစွာ ရှုတဲ့ ဉာဏ်။

တရုဏဝိပဿနာက ဗလဝဝိပဿနာရဲ့ အကြောင်း ဖြစ်တယ်။

(သံယုတ်၊ ဋ္ဌ၊ ၃၊ ၅၀)

## မေတ္တာရှင်

အရှင်သုဘူတိဟာ ဆွမ်းခံလှည့်လည်တဲ့အခါ အိမ်တိုင်းအိမ်တိုင်း မေတ္တာစျာန်ဝင်စားပြီး သမာပတ်မှထကာ 'ဆွမ်းအလှူရှင်တွေမှာ အကျိုး များပါစေ' ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆွမ်းကို ခံယူပါတယ်။

(အံ၊ ဋ္ဌ၊ ပ၊ ၁၇၃)

## ဓုတင်နဲ့စပ်သူ ၄ ဦး

၁။ ဓုတင်နဲ့ မိမိရဲ့ကိလေသာတွေကို ခွာချတယ်။ သူတစ်ပါးကို တော့ ဓုတင်နဲ့ မဆုံးမ။

၂။ ဓုတင်နဲ့ မိမိရဲ့ကိလေသာတွေကို မခွာချ၊ သူတစ်ပါးကိုသာ ဓုတင်နဲ့ ဆုံးမသူ။

၃။ နှစ်မျိုးလုံး မလုပ်သူ။ ဥပမာ အရှင်လာဠုဒါယီလို။

၄။ နှစ်မျိုးလုံး လုပ်သူ။ ဥပမာ အရှင်မဟာကဿပလို။

(အံ၊ ဋ္ဌ၊ ပ၊ ၁၂၆၊ ၇)

http://www.dhammadownload.com



# ကရဝိက်ငှက်အသံ

ကရဝိက်ငှက်တွေဟာ ချိုမြိန်တဲ့ အရသာရှိတဲ့ သရက်သီးမှည့်ကို နှုတ်သီးနဲ့ ဆိတ်ပြီး ထွက်ကျယိုစီးလာတဲ့ အသီးရည်ကို သောက်တယ်။ အတောင်နဲ့ ရိုက်ခတ်ပြီး အသံအော်မြည်တဲ့အခါ အခြေလေးချောင်းရှိတဲ့ သတ္တဝါတွေက မူးယစ်သလိုဖြစ်ကာ ကဖို့ ကြိုးစားကြတယ်။ စားကျက်မှာ ကျက်စားနေတဲ့ အခြေလေးချောင်း သတ္တဝါအပေါင်းဟာလည်း ပါးစပ်ထဲ ရောက်နေတဲ့ မြက်တွေကိုတောင် စွန့်ကာ ကရဝိက်ငှက်ရဲ့ အသံကို နားထောင်ကြတယ်။ သားရဲတိရစ္ဆာန်တွေဟာ သားကောင်လေးတွေကို လိုက်ဖမ်းရင်း မြှောက်ထားတဲ့ ခြေထောက်ကို ပြန်မချဘဲ ပန်းချီရုပ်ပမာ ရပ်နေကြတယ်။ လိုက်ဖမ်းခံရတဲ့ သားကောင်တွေကလည်း သေဘေးကို စွန့်ကာ ရပ်တည်နေကြတယ်။ ကောင်းကင်မှာ ပျံသန်းတဲ့ ငှက်တွေဟာလည်း အတောင်တွေကို ဖြန့်ကာ ရပ်တည်နေကြတယ်။ ရေထဲက ငါးတွေကလည်း ပါးဟပ်ကို မလှုပ်ရှားကြဘဲ ကရဝိက်ငှက်ရဲ့ အသံကို နားထောင်ရင်း ရပ်တည်နေကြတယ်။ ကရဝိက်ငှက်တွေဟာ အဲဒီလောက် အသံသာယာချိုမြိန်ကြတယ်။ ဘုရားရှင်ရဲ့ အသံတော်က ကရဝိက်ငှက်ရဲ့အသံလိုပဲ သာယာချိုမြိန်တယ်။

(ဗုဒ္ဓဝံသဋ္ဌကထာ၊ ၈၂၊ ၃)

# ပါရမီ ၃ မျိုး

၁။ ပါရမီ = ပြင်ပပစ္စည်းဝတ္ထုကို စွန့်ခြင်း၊
၂။ ဥပပါရမီ = ကိုယ်အင်္ဂါကြီးငယ်ကို စွန့်ခြင်း၊
၃။ ပရမတ္ထပါရမီ = အသက်ကို စွန့်ခြင်း၊

(ဗုဒ္ဓဝံသဋ္ဌကထာ၊ ၁၃၈)

http://www.dhammadownload.com



## ဖွားဘက်တော် ၇ ဦး

၁။ ယသောဓရော၊ ၂။ အာနန္ဒာ၊
၃။ ဆန္န၊ ၄။ ကာဠုဒါယီအမတ်၊
၅။ ကဏ္ဍကမြင်း၊ ၆။ မဟာဗောဓိပင်၊
၇။ ရွှေအိုးကြီး ၄ လုံး

(ဗုဒ္ဓဝံသဋ္ဌကထာ၊ ၃၂၂)

## စေတီ ၃ မျိုး

၁။ ပရိဘောဂစေတီ = ဗောဓိပင်၊
၂။ ဥဒ္ဒိဿကစေတီ = ဘုရားရုပ်ပွားတော်၊
၃။ ဓာတုစေတီ = ဓာတ်တော်ပါတဲ့ ဓာတ်တော်တိုက်၊
စေတီတော်ဆိုတာ ပူဇော်ထိုက်တဲ့အရာ။

(ခုဒ္ဒကပါဌဋ္ဌကထာ၊ ၁၈၈)

## ဥစ္စာ ၄ မျိုး

၁။ ထာဝရဥစ္စာ = ပြောင်းရွှေ့လို့မရတဲ့ မြေ၊ ကောင်းကင်မှာ တည်ရှိတဲ့ ရွှေ၊ ငွေ၊ လယ်ယာစသည်။
၂။ ဇင်္ဂမဥစ္စာ = ပြောင်းရွှေ့လို့ရတဲ့ ကျွန်မ၊ ကျွန်ထီး၊ ဆင်၊ မြင်း၊ ကျွဲ၊ နွားစသည်။
၃။ အင်္ဂသမဥစ္စာ = လက်ခြေစတဲ့ အင်္ဂါကြီးငယ်လို ခန္ဓာကိုယ်နဲ့ ဆက်စပ်နေတဲ့ အတတ်ပညာ၊ ဗဟုသုတ။
၄။ အနုဂါမိကဥစ္စာ = နောက်ဘဝတွေမှာ လိုက်ပြီး ကောင်းကျိုးပေးမယ့် ဒါန၊ သီလ၊ ဘာဝနာစတဲ့ ကောင်းမှု။

(ခုဒ္ဒကပါဌဋ္ဌကထာ၊ ၁၈၄)

http://www.dhammadownload.com



## သံဝေဂဖြစ်ကြောင်း ၈ ပါး

၁။ ဇာတိ (ပဋိသန္ဓေနေရမှု)၊ ၂။ ဇရာ (အိုရမှု)၊
၃။ ဗျာဓိ (အနာရောဂါရမှု)၊ ၄။ မရဏ (သေရမှု)၊
၅။ အပါယ်ဆင်းရဲ၊ ၆။ ရှေးအခါက ဝဋ်ဆင်းရဲ၊
၇။ နောင်အခါ ဝဋ်ဆင်းရဲ၊ ၈။ ပစ္စုပ္ပန်မှာ အစာရှာရတဲ့ ဆင်းရဲ။

သံဝေဂဆိုတာ ထိတ်လန့်ကြောက်ရွံ့မှုနဲ့တကွ ဖြစ်တဲ့ဉာဏ်။

(ဣတိဝုတ္တကဋ္ဌကထာ၊ ၁၀၉ ၊ ၁၁၀)

## ဖြည့်လို့မရနိုင်

၁။ မီးကို လောင်စာနဲ့ ဖြည့်လို့ မတတ်နိုင်။
၂။ သမုဒ္ဒရာကို ရေနဲ့ ဖြည့်လို့ မတတ်နိုင်။
၃။ အလိုကြီးသူကို ပစ္စည်းတွေနဲ့ ဖြည့်လို့ မတတ်နိုင်။

(ဣတိဝုတ္တကဋ္ဌကထာ၊ ၉၃)

## သေရည်အရက်သောက်မှုကံရဲ့ အင်္ဂါ ၄ ပါး

၁။ သေရည်အရက် ဖြစ်ခြင်း၊
၂။ သောက်လိုစိတ် ရှိခြင်း၊
၃။ သောက်ရန် ကြိုးစားခြင်း၊
၄။ သောက်မျိုခြင်း၊

အကုသိုလ်စိတ်နဲ့သာ သောက်တာဖြစ်လို့ တကယ်ပဲ အပြစ်ရှိတယ်။

(ဣတိဝုတ္တကဋ္ဌကထာ၊ ၂၂၁)

http://www.dhammadownload.com



## အရိယာနဲ့အရက်

အရိယာပုဂ္ဂိုလ်တွေမှာ သေရည် အရက်မှန်း မသိရင်တောင် သူတို့ရဲ့ ပါးစပ်ထဲကို သေရည်အရက် မဝင်၊ သိရင်တော့ ပြောစရာ မရှိတော့။

(ဇာတကဝဏ္ဏကထာ၊ ၂၂၂)

## သေရည်အရက်သောက်ရာမှာ အပြစ်အကြီးအငယ်

တစ်လက်ဖက်ရဲ့ တစ်ဝက်လောက်ပဲ သောက်ရင် အပြစ်ငယ်တယ်။

တစ်ပြည်ရဲ့တစ်ဝက်လောက် သောက်ရင် အဲဒီထက် ပိုအပြစ်ကြီးတယ်။

ကိုယ်ကိုလှုပ်စေနိုင်လောက်အောင် အများကြီး သောက်ပြီး ရှာသူ ရှာသား သတ်ခြင်းစသည်ကို ပြုလုပ်ရင် အပြစ်ပိုကြီးတယ်။

(ဇာတကဝဏ္ဏကထာ၊ ၂၂၂)

## ငါးပါးသီလ ချိုးဖျက်ရာမှာ အပြစ်အကြီးဆုံး

၁။ သူ့အသက်သတ်ရာမှာ ရဟန္တာကို သတ်တာ အပြစ်အကြီးဆုံး။

၂။ သူ့ဥစ္စာကို ခိုးယူရာမှာ ရဟန္တာရဲ့ဥစ္စာကို ခိုးယူတာ အပြစ်အကြီးဆုံး၊

၃။ ကာမလွန်ကျူးရာမှာ ရဟန္တာရဟန်းမကို လွန်ကျူးတာ အပြစ်အကြီးဆုံး၊

၄။ ညာပြောရာမှာ ညာပြောပြီး သံဃာသင်းခွဲတာ အပြစ်အကြီးဆုံး၊

http://www.dhammadownload.com



၅။ သေရည်အရက်သောက်ရာမှာ ကိုယ်ကို လှုပ်စေနိုင်လောက် အောင် အများကြီး သောက်ပြီး ရှာသူရှာသား သတ်ခြင်းစသည် ကို ပြုလုပ်ရင် အပြစ်အကြီးဆုံး။

အဲဒီ ၅ မျိုးထဲမှာ လိမ်ညာပြီး သံဃာသင်းခွဲတာဟာ အပြစ် အကြီးဆုံး။ မှန်တယ်၊ အဲဒါကို လုပ်ရင် တစ်ကမ္ဘာပတ်လုံး ငရဲမှာ ခံရတယ်။

(ဣတိဝုတ္တကဋ္ဌကထာ၊ ၂၂၂)

## အရိယာရဲ့စိတ်

အရိယာပုဂ္ဂိုလ်တွေမှာ အရိယာမဂ်နဲ့ယှဉ်တဲ့ ရှောင်ကြဉ်မှု (သမ္မုစ္ဆေဒဝိရတိ) ဖြစ်တဲ့ အချိန်ကစပြီး 'သတ္တဝါတွေကို သတ်မယ်' လို့ စိတ်တောင်မှ မဖြစ်။

(ဣတိဝုတ္တကဋ္ဌကထာ၊ ၂၂၃)

## ငါးပါးသီလ ဆောက်တည်မှုနဲ့ ကျိုးပျက်မှု

လေးစားထိုက်တဲ့ အခြားသူထံမှာ သီလကို မရရှိသူဟာ ကိုယ် ကိုယ်တိုင်လည်းပဲ ငါးပါးသီလတို့ကို တစ်ပေါင်းတည်းဖြစ်စေ၊ တစ်ပါး စီဖြစ်စေ ဆောက်တည်ရင် ဆောက်တည်မှု ပြီးစီးပါတယ်။

လူဝတ်ကြောင်တွေမှာ လွန်ကျူးရင် လွန်ကျူးတာသာ ကျိုးပျက် တယ်၊ ကျန်တာ မကျိုးပျက်။ အကြောင်းကတော့ လူဝတ်ကြောင်တွေ မှာ သီလ မမြဲကြ။ လူဝတ်ကြောင်တွေဟာ စွမ်းနိုင်ရာကိုသာ စောင့် ရှောက်ကြလို့ပါပဲ။

ရှင်ရဟန်းတွေမှာတော့ တစ်ခု ကျူးလွန်ရင် အားလုံး ကျိုးပျက် ကြတယ်။ (ဣတိဝုတ္တကဋ္ဌကထာ၊ ၂၂၃)

ငါးပါးသီလကို တစ်ပေါင်းတည်း ယူရင် တစ်ပါး ကျိုးပျက်က အားလုံး ကျိုးပျက်တယ်။ တစ်ပါးစီ ယူက လွန်ကျူးတာသာ ပျက်တယ်။ (သီလက္ခန်၊ ဋ္ဌ၊ ၂၇၂/၃)

## အရိယာနဲ့အရက်

ဘဝတစ်ပါးမှာလည်း အရိယာပုဂ္ဂိုလ်ဟာ အသက်သေမှာကြောင့်လည်း သူတစ်ပါးအသက် မသတ်၊ သေရည်မသောက်၊ အရိယာပုဂ္ဂိုလ်ရဲ့ပါးစပ်ထဲမှာ သေရည်နဲ့ နို့ရည်ရောစပ်ပြီး ထည့်ရင် နို့ရည်သာဝင်တယ်။ သေရည် မဝင်။ ဒါဟာ ဓမ္မတာအရ ပြီးစီးနေတဲ့သဘောပါ။ ဥပမာ ကြိုးကြာငှက်ရဲ့ပါးစပ်ထဲ ရေနဲ့နို့ရည် ရောစပ်ထည့်ရင် နို့ရည်သာ ဝင်ပြီး ရေ မဝင်သလိုပါပဲ။ ဒါကတော့ အမျိုးဇာတ်အရ ပြီးစီးနေတာပါပဲ။ (သီလက္ခန်၊ ဋ္ဌ၊ ၁၇၃)

## လောကဓမ္မတာ

ရခဲတာကို ရရင်ဖြစ်စေ၊ အံ့သြဖွယ်ရာကို မြင်ရရင်ဖြစ်စေ၊ ချစ်ခင်တဲ့ ဆွေမျိုး မိတ်ဆွေစတဲ့သူတွေကို သတိရတာဟာ လောကဓမ္မတာပဲ။ (သီလက္ခန်၊ ဋ္ဌ၊ ၁၃၉)

## အဖသတ်သူ ၅ ဦး

အဇာတသတ်က ဗိမ္ဗိသာရကို သတ်တယ်။
သား ဥဒယက အဇာတသတ်ကို သတ်တယ်။
သား မဟာမုဏ္ဍိကက ဥဒယကို သတ်တယ်။
သား အနုရုဒ္ဓက မဟာမုဏ္ဍိကကို သတ်တယ်။

http://www.dhammadownload.com



သား နာဂဒါသက အနုရုဒ္ဓကို သတ်တယ်။

ဒီအမျိုးမှာ အဖကို သတ်တာ ၅ ဆက်ရှိတယ်။

နာဂဒါသကိုတော့ 'ဒီလူတွေဟာ အမျိုးဖျက်မင်းတွေပဲ၊ သူတို့နဲ့ ဘာအကျိုးရှိမှာလဲ' လို့ တိုင်းသူပြည်သားတွေက စိတ်ဆိုးပြီး သတ်ပစ်ကြတယ်။

(သီလက္ခန်၊ ဋ္ဌ၊ ၁၃၉၊ ၁၄၀)

## အမ္ဗဋ္ဌလုလင်ရဲ့အယူအဆ

၁။ ပုဏ္ဏားတွေဟာ ဗြဟ္မာမင်းရဲ့ပါးစပ်က မွေးဖွားလာကြတယ်။

၂။ မင်းတွေက ဗြဟ္မာမင်းရဲ့ ရင်ဘတ်က၊

၃။ ကုန်သည် လယ်သမားတွေက ဗြဟ္မာမင်းရဲ့ ချက်က၊

၄။ ဆင်းရဲသားတွေက ဗြဟ္မာမင်းရဲ့ ပုဆစ်ဒူးဝန်းက၊

၅။ ရဟန်းတွေက ဗြဟ္မာမင်းရဲ့ ခြေဖမိုးက မွေးဖွားလာကြတယ်။

(သီလက္ခန်၊ ဋ္ဌ၊ ၂၂၇)

## ရွှေအိုးကြီး ၄ လုံး

ဘုရားလောင်း ဖွားရာနေ့မှာ ရွှေအိုးကြီး ၄ လုံး ပေါ်ထွက်လာတယ်။

၁။ သင်္ခရွှေအိုး = တစ်ဂါဝုတ် ရှိတယ်၊

၂။ ဧလရွှေအိုး = နှစ်ဂါဝုတ် ရှိတယ်၊

၃။ ဥပ္ပလရွှေအိုး = သုံးဂါဝုတ် ရှိတယ်၊

၄။ ပုဏ္ဍရိကရွှေအိုး = တစ်ယူဇနာ ရှိတယ်။

(သီလက္ခန်၊ ဋ္ဌ၊ ၂၅၃)

http://www.dhammadownload.com



## သတိ ၂ မျိုး

ပညာနဲ့ယှဉ်တဲ့ သတိ၊ ပညာနဲ့မယှဉ်တဲ့ သတိလို့ သတိ ၂ မျိုး ရှိတယ်။ ပညာနဲ့ယှဉ်တဲ့ သတိက အားကောင်းတယ်။ ပညာနဲ့ မယှဉ်တဲ့ သတိက အားနည်းတယ်။

(မူလပဏ္ဏာ၊ ဋ္ဌ၊ ပ၊ ၁၂၁)

## အတွဲလောက

တစ်ယောက်တည်း နေပေမယ့် စိတ်ကို ပျော်အောင် လုပ်ဖို့ ခက်တယ်။ မှန်တယ်၊ ဒီလောကသတ္တဝါတွေဟာ အတွဲအတွဲနဲ့ ပျော်ကြတယ်။

(မူလပဏ္ဏာ၊ ဋ္ဌ၊ ပ၊ ၁၁၆)

## သူ့ထက် သာအောင်

သူတစ်ပါးထက် သာလွန်အောင် ပြုလုပ်ရာမှာ အကုသိုလ်နဲ့ လုပ်တာလည်း ရှိတယ်၊ ကုသိုလ်နဲ့ လုပ်တာလည်း ရှိတယ်။

လူဝတ်ကြောင်မှာ သူတစ်ပါး ပြုလုပ်ထားတဲ့ အဆင်တန်ဆာ စသည်ကို မြင်လို့ အဲဒါထက် နှစ်ဆပြုလုပ်လိုရင် အကုသိုလ်ပဲ။

ရှင်ရဟန်းမှာ သူတစ်ပါး သင်ယူတာ ဟောပြောတာထက် မာနကြောင့် သူတို့ထက် နှစ်ဆ ပြုလုပ်လိုရင် အကုသိုလ်ပဲ။

လူဝတ်ကြောင်မှာ သူတစ်ပါး စာရေးတံမဲဆွမ်းတစ်ထပ် လှူနေတာကို မြင်လို့ ကိုယ်တိုင် ဆွမ်းနှစ်ထပ် သုံးထပ် လှူလိုရင် ကုသိုလ်ပဲ။

ရှင်ရဟန်းမှာ သူတစ်ပါးက နိကာယ်တစ်ခု သင်ယူရင် မာနကို မမှီဘဲ သူ့ကို မြင်လို့ ကိုယ်တိုင် အပျင်းကို အနိုင်ယူကာ နိကာယ်နှစ်ခု ကို သင်ယူလိုရင် ကုသိုလ်ပဲ။ (မူလပဏ္ဏာ၊ ဋ္ဌ၊ ပ၊ ၁၇၄)

http://www.dhammadownload.com



## အဘိဇ္ဈာနဲ့ ဝိသမလောဘ

ကိုယ့်ပစ္စည်းကို တပ်မက်ရင် အဘိဇ္ဈာ၊
သူတစ်ပါးပစ္စည်းကို တပ်မက်ရင် ဝိသမလောဘ။

မိမိပစ္စည်းကိုဖြစ်စေ၊ သူတစ်ပါးပစ္စည်းကိုဖြစ်စေ သင့်လျော်လျောက်ပတ်ရာမှာ တပ်မက်ရင် အဘိဇ္ဈာ၊

မသင့်လျော်၊ မလျောက်ပတ်ရာမှာ တပ်မက်ရင် ဝိသမလောဘ။

(မူလပဏ္ဏာ၊ ဋ္ဌ၊ ပ၊ ၁၇၃)

## သေရမှာ မကြောက်သူများ

ဆင်အာဇာနည်၊ မြင်းအာဇာနည်၊ ဥသဘအာဇာနည်တွေဟာ သေရမှာ မကြောက်ကြ။ အကြောင်းက သက္ကာယဒိဋ္ဌိ အားကြီးတဲ့အတွက် မိမိရဲ့ဆန့်ကျင်ဘက် သတ္တဝါကို မမြင်ကြလို့ပါပဲ။

ရဟန္တာလည်း သေရမှာ မကြောက်ပါ။ အကြောင်းက သက္ကာယဒိဋ္ဌိကို ပယ်ပြီးတဲ့အတွက် သေမယ့်သတ္တဝါကို မမြင်လို့ပါပဲ။

(ဓမ္မပဒ၊ ဋ္ဌ၊ ၃၊ ၃၁)

## မပြစ်မှားထိုက်သူကို ပြစ်မှားရင်

၁။ ဦးခေါင်းကိုက်ရောဂါစတဲ့ ရောဂါအပြင်းအထန် ခံစားရခြင်း၊
၂။ ပင်ပင်ပန်းပန်း ရှာဖွေထားတဲ့ ဥစ္စာတွေ ပျက်စီးခြင်း၊
၃။ လက်ပြတ်ခြင်းစတဲ့ ကိုယ်ခန္ဓာပျက်စီးခြင်း၊
၄။ ကိုယ်တစ်ခြမ်း သေခြင်းစတဲ့ ကြီးမားတဲ့ရောဂါဖြစ်ခြင်း၊
၅။ ရူးသွပ်ခြင်း၊
၆။ မင်းဒဏ်သင့်ခြင်း၊
၇။ မဟုတ်မတရား အစွပ်စွဲခံရခြင်း၊

http://www.dhammadownload.com



၈။ အားကိုးရတဲ့ ဆွေမျိုးတွေ ပျက်စီးခြင်း၊

၉။ စပါးတွေက ပုပ်ဆွေးသွားခြင်း၊ ရွှေက မီးကျီး ဖြစ်သွားခြင်း၊ ပတ္တမြားက ဝါစေ့ ဖြစ်သွားခြင်း၊ ငွေက အိုးခြမ်းကွဲစသည် ဖြစ်သွားခြင်း၊ ခြေနှစ်ချောင်း၊ ခြေလေးချောင်းသတ္တဝါတွေ ကန်းသွားခြင်း၊ ကွေးသွားခြင်းစသည်ဖြင့် ဆုံးရှုံးပျက်စီးခြင်း၊

၁၀။ အိမ် မီးလောင်ခံရခြင်း၊

၁၁။ သေရင် ငရဲ ရောက်ရခြင်း

(ဓမ္မပဒ၊ ဋ္ဌ၊ ၃၊ ၄၅)

## ဓမ္မတာပါပဲ

ဟုံဟုက်ပုဏ္ဏားက မေး၍ ဘုရားရှင်က ဂါထာဖြင့် ဥဒါန်းကျူးတာနဲ့ ဥပကတက္ကဒွန်းအား ဘုရားဂုဏ် ဖော်ပြတာတွေကြောင့် သစ္စာကို ထိုးထွင်းမသိပါ၊ မှန်ပါတယ်။ ဓမ္မစကြာတရားတော်ကို မဟောမီ ရှေ့ပိုင်းမှာ ဘုရားရှင် ပြောတဲ့စကားကို ကြားနာတဲ့ တပုဿနဲ့ ဘလ္လိက တို့အား သရဏဂုံပေးတာလို အထုံဝါသနာ ဖြစ်စေရုံမျှသာ ဖြစ်ပါတယ်။ သေက္ခပုဂ္ဂိုလ် ရဟန္တာဖြစ်စေတာ မရှိပါ။ မှန်ပါတယ်၊ အဲဒါဟာ ဓမ္မတာပါပဲ။

(ဥဒါနဋ္ဌကထာ၊ ၅၀)

## သမာပတ္တိ ၅ မျိုး

၁။ ရူပသမာပတ္တိ၊

၂။ အရူပသာမာပတ္တိ၊

၃။ ဗြဟ္မာဝိဟာရသမာပတ္တိ၊

၄။ နိရောဓသမာပတ္တိ၊

၅။ ဖလသမာပတ္တိ။

(ဥဒါနဋ္ဌကထာ၊ ၃၃၄)

http://www.dhammadownload.com



# အတူတူ

သုဇာတာ လှူတဲ့ဆွမ်းကို ဘုဉ်းပေးပြီးမှ ဘုရားရှင်ဟာ ဘုရားဖြစ်တယ်။ အဲဒီဆွမ်းကို ကိလေသာတွေကို မပယ်ရသေးခင်မှာ လှူတယ်။ စုန္ဒရဲ့အလှူကတော့ ရဟန္တာဖြစ်ပြီးရာအခါမှာ လှူတယ်။ အဲဒီဆွမ်း ၂ ခုဟာ ဘာကြောင့် အကျိုးပေးတူနေပါသလဲ။

၁။ ဘုရားရှင်ဟာ သုဇာတာ လှူတဲ့ဆွမ်းကို ဘုဉ်းပေးပြီး ကိလေသာတွေ ငြိမ်းသွားတယ်၊ စုန္ဒလှူတဲ့ဆွမ်းကို ဘုန်းပေးပြီး ခန္ဓာတွေ ငြိမ်းသွားတယ်။ အဲဒီလိုနည်းနဲ့ ငြိမ်းသွားပုံချင်း တူတာက တစ်ကြောင်း၊

၂။ ဘုရားဖြစ်ရာနေ့မှာ အရဟတ္တမဂ်ရဲ့အကြောင်းဖြစ်တဲ့ ကုဋေပေါင်း ၂ သန်း၊ ၄ သိန်းသော သမာပတ်တွေကို ဝင်စားတယ်။ ပရိနိဗ္ဗာန်စံတဲ့နေ့မှာလည်း ဝင်စားတယ်။ အဲဒီလိုနည်းနဲ့ သမာပတ်ချင်း တူတာက တစ်ကြောင်း၊

၃။ 'အဲဒီသူက ရက္ခစိုးနတ် မဟုတ်ဘူးတဲ့။ ဘုရားလောင်းတဲ့။ အဲဒီနို့ဃနာဆွမ်းကို ဘုဉ်းပေးပြီး ဘုရားဖြစ်သတဲ့။ အဲဒီဆွမ်းကြောင့် ၄၉ ရက်ကြာ မျှတနေသတဲ့' လို့ သုဇာတာဟာ နောင်အခါမှာ ကြားရပါတယ်။ ကြားရပြီး 'ငါ့မှာ အရတော်ပါပေတယ်' လို့ တွေးရင်း ဝမ်းမြောက်ဝမ်းသာမှု အကြီးအကျယ် ဖြစ်ပါတယ်၊

'ငါလှူလိုက်ရတဲ့ ဆွမ်းဟာ နောက်ဆုံးဆွမ်းတဲ့။ တရားဦးခေါင်းကို ငါယူလိုက်ရသတဲ့။ ငါလှူတဲ့ဆွမ်းကို ဘုဉ်းပေးပြီး ခန္ဓာတွေ ငြိမ်းသွားသတဲ့' လို့ ကြားပြီး 'ငါ့မှာ အရတော်ပါပေစွ' လို့ တွေးရင်း စုန္ဒ ဝမ်းမြောက်ဝမ်းသာမှု အကြီးအကျယ် ဖြစ်ပါတယ်။ အဲဒီလိုနည်းနဲ့ အောက်မေ့ပုံချင်း တူတာက တစ်ကြောင်း၊

http://www.dhammadownload.com



အဲဒီအကြောင်းတွေကြောင့် ဆွမ်းနှစ်ထပ်ဟာ အကျိုးပေးခြင်း တူနေကြတာပါ။

(ဥဒါနဋ္ဌကထာ၊ ၃၃၆)

## အတိတ် အနာဂတ် ပစ္စုပ္ပန်

**သုတ္တန်နည်းအရ** = ပဋိသန္ဓေရဲ့ရှေးက အတိတ်၊ စုတိရဲ့နောက်က အနာဂတ်၊ စုတိ ပဋိသန္ဓေနဲ့တကွ ဘဝနှစ်ခုကြားက ပစ္စုပ္ပန်။

**အဘိဓမ္မာနည်းအရ** = ဖြစ်၊ တည်၊ ပျက်ဆိုတဲ့ ခဏငယ်သုံးခုကို ရောက်ပြီး ချုပ်သွားတဲ့ တရားတွေက အတိတ်၊ ခဏငယ်သုံးခုကို မရောက်သေးတဲ့ တရားတွေက အနာဂတ်၊ ခဏငယ်သုံးခုကို ရောက်ဆဲ တရားတွေက ပစ္စုပ္ပန်။

(ဣတိဝုတ္တကဋ္ဌကထာ၊ ၂၀၀)

## ဘုရားနဲ့ပစ္စေကဗုဒ္ဓါ

ပစ္စေကဗုဒ္ဓါတွေဟာ လောကုတ္တရာတရား ၉ ပါးနဲ့ ကိုယ်တိုင် တင်းတိမ် ပြည့်စုံကြတယ်။ အခြားသူတွေကိုတော့ တင်းတိမ်ကျေနပ် အောင် မလုပ်နိုင်ကြပါ။ မှန်ပါတယ်၊ ပစ္စေကဗုဒ္ဓါတွေရဲ့ တရားစကားနဲ့ တရားထူးရတာ မရှိပါ။ သာဝကတွေရဲ့ တရားစကားနဲ့ တရားထူးရတဲ့ နတ်လူတွေ အတိုင်းအတာတောင် မရှိပါ။ ဒါပေမဲ့ သာဝကတွေ တရားဟောကြတဲ့အခါ ကိုယ့်စကားကို ပြုလုပ်ပြီး မဟောကြ။ ဘုရား ရှင်တွေရဲ့စကားကို ပြုလုပ်ကာ ဟောကြပါတယ်။ တရားနာဖို့ ထိုင်နေ တဲ့ ပရိသတ်ကလည်း 'ဒီရဟန်းဟာ သူထိုးထွင်းသိထားတဲ့ တရားကို

http://www.dhammadownload.com



ဟောတာ မဟုတ်၊ ဘုရားရှင်တွေ ထိုးထွင်းသိထားတဲ့ တရားကို ဟောတယ်’ လို့ သိကာ အလေးအမြတ် ပြုပါတယ်။ အဲဒီအလေးအမြတ်ပြုမှုတွေဟာ ဘုရားရှင်တွေအပေါ်မှာသာ ပြုတာပါ။ အဲဒီလိုနည်းနဲ့ ဘုရားရှင်တွေသာ တင်းတိမ်ကျေနပ်စေကြပါတယ်။

ဥပမာ ‘ဘယ်သူ့အား ဘာ, ဘာကို ပေးလိုက်’ လို့ ရှင်ဘုရင်အခိုင်းခံရသူတွေက ယူဆောင်ပြီး ပေးကြတယ်။ တကယ်တော့ အဲဒီမှာ ရှင်ဘုရင်ကသာ ပေးသူပဲ။ ရသွားသူတွေကလည်း ‘ရှင်ဘုရင်က ငါတို့အား ရာထူးပေးတယ်။ စည်းစိမ်ဥစ္စာ ပေးတယ်’ လို့ပဲ တွေးကာ ယူကြပါတယ်။ မင်းချင်းယောကျ်ားတွေက ပေးတယ်လို့ မယူဆကြပါဘူး။ အဲဒီဥပမာလိုပဲ သိနားလည်ရပါတယ်။

(ပဥ္စပကရဏအဋ္ဌကထာ၊ ၅၆)

## အသေက္ခ (ရဟန္တာ) ၂ မျိုး

၁။ သိက္ခိတအသေက္ခ = အခြားသူအထံမှာ သီလစသည်ကို သင်ယူကြရတဲ့ ရဟန္တာများ၊

၂။ အသိက္ခိတအသေက္ခ = ကိုယ်တိုင် ထိုးထွင်းသိတဲ့ ဘုရားနဲ့ ပစ္စေကဗုဒ္ဓါများ၊

(ပဥ္စပကရဏအဋ္ဌကထာ၊ ၃၉)

## သာသနာနဲ့ကမ္ဘာ

သောတာပတ္တိမဂ်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟာ သောတာပတ္တိဖိုလ်ကို မျက်မှောက်မပြုရသေးသမျှ ကမ္ဘာကြီး မီးမလောင်၊ လောင်ဆဲဆိုရင်လည်း မလောင်ဘဲသာ ရပ်တည်သည်။ မှန်တယ်၊ ကမ္ဘာပျက်တယ်ဆိုတာ အကြီးအကျယ် ဖောက်ပြန်မှုပဲ။ အကြီးအကျယ် ပယောဂပဲ။

http://www.dhammadownload.com



စကြဝဠာကုဋေတစ်သိန်း မီးလောင်ကာ လောကကြီးပျက်စီးမှုပဲ။ အဲဒီ လောက် ကြီးကျယ်တဲ့ ပျက်စီးတာတောင် ရပ်တဲ့တယ်လို့ ဆိုပါတယ်။

သာသနာ တည်ရှိနေရင် ဒီကမ္ဘာ ပျက်တာမရှိပါ။ ကမ္ဘာပျက်ရင် သာသနာ မရှိတော့ပါ။ မှန်ပါတယ်၊ သာသနာ ကုန်ဆုံးသွားမှ ကမ္ဘာ ပျက်ပါတယ်။

(ပဋ္ဌပကရဏအဋ္ဌကထာ၊ ၃၈)

## မဂ်နဲ့ကမ္ဘာ

သောတာပတ္တိမဂ္ဂဋ္ဌပုဂ္ဂိုလ်သာ ကမ္ဘာကိုတည်အောင် လုပ်တာ မဟုတ်ပါ။ အခြားမဂ်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ် ၃ ယောက်လည်း ကမ္ဘာကို တည်စေကြတာပါပဲ။

(ပဋ္ဌပကရဏအဋ္ဌကထာ၊ ၃၉)

## ဒသက ၁၀ ခု

၁။ မန္ဒဒသက = အသက်တစ်ရာရှည်သူမှာ ပထမ ၁၀ နှစ်။ (အဲဒီအခါမှာ ကလေးငယ်ဟာ နုံ့နှေးတယ်၊ ပေါ့လျော့တယ်။)

၂။ ခိဍ္ဍာဒသက = ဒုတိယ ၁၀ နှစ်၊ (အဲဒီအချိန်မှာ အပျော်အပါး များတယ်။)

၃။ ဝဏ္ဏဒသက = တတိယ ၁၀ နှစ်၊ (ဒီအချိန်မှာ အဆင်း အလှဆုံး ဖြစ်တယ်)

၄။ ဗလဒသက = စတုတ္ထ ၁၀ နှစ်၊ (စွမ်းရည်အင်အား အကောင်း ဆုံးအချိန်)

၅။ ပညာဒသက = ပဉ္စမ ၁၀ နှစ်၊ (ပညာကောင်းကောင်း တည်ရှိချိန်၊ ဒီတစ်ချိန်မှာ ပညာနည်းသူမှာတောင် အနည်းငယ် ပညာရှိလာတယ်)

http://www.dhammadownload.com



၆။ ဟာနိဒသက = ဆဋ္ဌ ၁၀ နှစ်၊ (အပျော်အပါး၊ ရုပ်ရည် အဆင်း, အင်အား, ပညာတွေ ယုတ်လျော့ချိန်)

၇။ ပဗ္ဘာရဒသက = သတ္တမ ၁၀ နှစ်၊ (ခန္ဓာကိုယ် ရှေ့ကို ကိုင်းချိန်)

၈။ ဝင်္ကဒသက = အဋ္ဌမ ၁၀ နှစ်၊ (ခန္ဓာကိုယ် ထွန်သွားအဖျားလို ကောက်ကွေးချိန်)

၉။ မောမူဟဒသက = နဝမ ၁၀ နှစ်၊ (ပြုလုပ်ထားသမျှ မေ့ချိန်)

၁၀။ သယနဒသက = ဒသမ ၁၀ နှစ်၊ (အိပ်ရာပေါ်မှာ အိပ်နေ တာ များချိန်)

(ဝိသုဒ္ဓိမဂ်၊ ၃၊ ၂၅၄၊ ၅)

## ပြည့်တန်ဆာမအိမ်က စည်းကမ်း

ဗာရာဏသီမြို့မှာ ကာဠီဆိုတဲ့ ပြည့်တန်ဆာမ ရှိတယ်။ သူမရဲ့ အိမ်မှာ ကျင့်ဝတ် ရှိတယ်။

ဆောင်ပေးလာတဲ့ အခကြေးငွေ တစ်ထောင်ထဲက ငါးရာဟာ ပြည့်တန်ဆာမအတွက် ဖြစ်တယ်။ ကျန်ငါးရာက အဝတ်ဖိုး၊ နံ့သာဖိုး၊ ပန်းဖိုး ဖြစ်တယ်။ လာတဲ့ ယောကျ်ားတွေဟာ အဲဒီအိမ်မှာရတဲ့ အဝတ်တွေကို ဝတ်ပြီး ညအခါ နေရတယ်။ နောက်တစ်နေ့ ပြန်သွားတော့ အရင်က ဝတ်လာတဲ့ အဝတ်တွေကိုပဲ ပြန်ဝတ်ကာ သွားကြတယ်။

(ဇာတက၊ ၄၊ စတုက္က၊ ၂၄၉)

## ဘုရားရှင်ရဲ့ တာဝတိံသာအပြန်ခရီး

တာဝတိံသာမှာ အဘိဓမ္မာတရား ဟောပြီးလို့ ဝါကျွတ်တဲ့အခါ လူ့ပြည်ကို ဘုရားရှင် ပြန်ကြွဖို့ရာ သိကြားမင်းက စောင်းတန်း ၃ ခု ဖန်ဆင်းပေးတယ်။ ရွှေစောင်းတန်း၊ ပတ္တမြားစောင်းတန်း၊ ငွေ

http://www.dhammadownload.com



စောင်းတန်းတို့ ဖြစ်တယ်။ စောင်းတန်းတွေရဲ့ခြေတွေက သင်္ကာသမြို့ တံခါးမှာ တည်တယ်။ စောင်းတန်းဦးက မြင့်မိုရ်တောင်ထိပ်မှာ တည်တယ်။ လက်ယာဘက် ရွှေစောင်းတန်းက နတ်တွေအတွက် ဖြစ်တယ်။ လက်ဝဲဘက် ငွေစောင်းတန်းက မဟာဗြဟ္မာတို့အတွက် ဖြစ်တယ်။ အလယ် ပတ္တမြားစောင်းတန်းက ဘုရားရှင်အတွက် ဖြစ်တယ်။

ဘုရားရှင်က မြင့်မိုရ်တောင်ထိပ်မှာ ရပ်ပြီး နတ်ပြည်က ဆင်းတဲ့ အခါ ရေမီးအစုံ တန်ခိုးပြာဋိဟာကို ပြပြီး အပေါ်ကို မော်ကြည့်တယ်။ ဗြဟ္မာ့ပြည်တိုင်အောင် တစ်ပြင်တည်းဖြစ်နေတယ်။ အောက်ကိုကြည့်တဲ့ အခါ အဝီစိတိုင်အောင် တစ်ပြင်တည်း ဖြစ်နေတယ်။ အရပ် ၈ မျက်နှာကို ကြည့်တဲ့အခါ စကြဝဠာသိန်းပေါင်းများစွာဟာ တစ်ပြင်တည်း ဖြစ်နေတယ်။ နတ်တွေက လူတွေကို မြင်ရတယ်။ လူတွေက လည်း နတ်တွေကို မြင်ရတယ်။ သတ္တဝါအားလုံးဟာ မျက်နှာချင်းဆိုင် မြင်နေကြတယ်။

ဘုရားရှင်က ရောင်ခြည်တော် ၆ သွယ်ကို လွှတ်တယ်။ အဲဒီနေ့ မှာ ဘုရားရှင်ရဲ့ အသရေတော်ကို မြင်ရပြီး ၃၆ ယူဇနာအဝန်းအဝိုင်း ရှိတဲ့ ပရိသတ်ထဲက တစ်ယောက်မကျန် ဘုရားအဖြစ်ကို ဆုတောင်း ကြတယ်။ နတ်တွေက ရွှေစောင်းတန်းနဲ့ ဆင်းကြတယ်။ မဟာဗြဟ္မာ တွေက ငွေစောင်းတန်းနဲ့ ဆင်းကြတယ်။ ဘုရားရှင်က ပတ္တမြား စောင်းတန်းနဲ့ ဆင်းတယ်။ ပဉ္စသိခ ကချေသည်နတ်သားက ဉသျှစ်သီး မှည့် အဆင်းရှိတဲ့ စောင်းကို ယူကာ ဘုရားရှင်ရဲ့ လက်ယာဘက်မှာ ရပ်ကာ ချိုမြိန်တဲ့ နတ်စောင်းသံနဲ့ ဘုရားရှင်ကို ပူဇော်ကာ ဆင်းလာ တယ်။ မာတလိရထားထိန်းနတ်သားက ဘုရားရှင်ရဲ့လက်ဝဲဘက်မှာ ရပ်ကာ နတ်နံ့သာ၊ နတ်ပန်းတွေကို ယူပြီး ရှိခိုးလျက် ပူဇော်ကာ ဆင်းလာတယ်။ မဟာဗြဟ္မာက ထီးမိုးပေးတယ်။ သုယာမနတ်မင်းက သားမြီးယပ်ကို ကိုင်လာတယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ၃၊ ၁၄၆)

http://www.dhammadownload.com



စောင်းတန်း ၃ သွယ်မှာ ရတနာ ၇ ပါးနဲ့ပြီးတဲ့ ပွတ်တိုင်တွေ ကာရံထားတယ်။ သိကြားမင်းက ဘုရားရှင်ရဲ့ သပိတ် သင်္ကန်းကို ယူတယ်။ သုယာမနတ်မင်းက သားမြီးယပ်ကို ကိုင်တယ်။ သဟမ္ပတိ မဟာဗြဟ္မာက ထီးဆောင်းပေးတယ်။ စကြဝဠာတိုက်တစ်သောင်းက နတ်ဗြဟ္မာတွေက နတ်နံ့သာ၊ နတ်ပန်းစသည်တွေနဲ့ ပူဇော်ကြတယ်။

(ဇာတက၊ ၄၊ စတုတ္ထ၊ ၂၆၆)

## ဘုရားလောင်းနဲ့ ပစ္စေကဗုဒ္ဓါတို့ရဲ့ဉာဏ်

ပစ္စေကဗုဒ္ဓါထက်လည်း သဗ္ဗညုဘုရားလောင်းတွေရဲ့သာ သင့် လျော်တဲ့အကြောင်းကို ပိုင်းခြားသိတဲ့ဉာဏ် (ဥပါယပရိဂ္ဂဟဉာဏ်) က သာပြီး ကြီးကျယ်ပါတယ်။

(ဇာတက၊ ၄၊ စတုတ္ထ၊ ၃၄၁)

## ဘုရားလောင်း ဥဒေါင်းမင်းကို ပစ္စေကဗုဒ္ဓါက လက်အုပ်ချီ

ပစ္စေကဗုဒ္ဓါဟာ လက်ကို ချီမြှောက်ပြီး ဦးခေါင်းကို သုံးသပ် လိုက်ပါတယ်။ အဲဒီအခိုက်မှာပဲ လူဝတ်ကြောင်အသွင် ပျောက်သွား ပါတယ်။ ရဟန်းအသွင် ရောက်လာပါတယ်။ ဝါ ၆၀ ရတဲ့ မထေရ် ကြီးပမာ ကြည်ညိုဖွယ် အမူအရာနဲ့ ပြည့်စုံပါတယ်။ ပရိက္ခရာ ၈ ပါးကို ဆောင်ထားပါတယ်။ ပြီးတော့ 'သင် ဥဒေါင်းမင်းသည်သာ ငါ့ရဲ့မှီခိုရာ ဖြစ်ပါတယ်' လို့ ပြောကာ ဘုရားလောင်းဥဒေါင်းမင်းကို လက်အုပ်ချီ၊ အရိုအသေပေးကာ ကောင်းကင်ခရီးနဲ့ ပြန်ကြွတော်မူပြီး နန္ဒမူလကတောင်ဝှမ်းကို ကြွတော်မူပါတယ်။

(ဇာတက၊ ၄၊ စတုတ္ထ၊ မဟာမောရဇာတ်၊ ၃၄၁)

http://www.dhammadownload.com



## ကျေးဇူးမကန်းပါနဲ့

ကိုယ် ထိုင်ခဲ့၊ အိပ်ခဲ့တဲ့ သစ်ပင်ရဲ့အကိုင်း အခက်ကို မချိုး၊ မဖျက်ရ။ မှန်တယ်၊ မိတ်ဆွေတွေကို ပြစ်မှားတာဟာ ယုတ်မာတယ်။

(ဇာတက၊ ၄၊ စတုက္က၊ ၃၅၂)

## ဘုရားလောင်းရဲ့အမိဋ္ဌာန်

ဘုရားလောင်းတွေရဲ့ အဓိဋ္ဌာန်ဆိုတာ ပြည့်စုံတယ်။ ဒါကြောင့် ၇ ရက်မြောက်မှာ ဒိဋ္ဌမင်္ဂလိကာကို ထုတ်ဆောင်ပြီး မာတင်္ဂဘုရားလောင်းအား ပေးကြတယ်။

(ဇာတက၊ ၄၊ စတုက္က၊ ၃၇၇)

## ဘုရားစကားမြန်တယ်

လောကီလူအများက တစ်ပုဒ်ကို ရွတ်ဆိုတဲ့အခိုက်မှာ အရှင်အာနန္ဒာက ၈ ပုဒ်ကို ရွတ်ဆိုတယ်။ အရှင်အာနန္ဒာက တစ်ပုဒ်ကို ပြောဆိုစဉ်မှာ ဘုရားရှင်က ၁၆ ပုဒ်တို့ကို ပြောဆိုတယ်။ အကြောင်းကတော့ ဘုရားရှင်ရဲ့လျှာက နူးညံ့တယ်၊ သွားဖုံးက ကောင်းကောင်းထိတယ်။ စကားက မလျော့ကျ၊ ဘဝင်အလျင်က မြန်တယ်။ ဒါကြောင့်ပါပဲ။

(မူလပဏ်၊ ၄၊ ပ၊ ၃၅၈)

## ဝီရိယဓာတ် ၃ မျိုး

၁။ အာရမ္ဘဓာတု = အစပျိုးပြီး ကြိုးပမ်းအားထုတ်မှု၊

၂။ နိက္ကမဓာတု = အပျင်းမှ လွန်မြောက်သည်အထိ တစ်ဆင့်

http://www.dhammadownload.com



တိုး၍ ကြိုးပမ်းအားထုတ်မှု၊

၃။ ပရက္ကမဓာတု = ပန်းတိုင်ရောက်သည်အထိ အဆင့်ဆင့်တိုး၍ ကြိုးပမ်းအားထုတ်မှု၊

(မူလပဏ်၊ ၄၊ ပ၊ ၂၈၈)

## မောဃပုရိသ

ဒီဘဝမှာ မဂ်ဖိုလ်ရဖို့ အကြောင်းကံ မရှိသူကို ဘုရားရှင်တွေက 'မောဃပုရိသ = အလကားလူ' လို့ ခေါ်ကြတယ်။ အကြောင်းခံ ရှိပေမယ့်လည်း အဲဒီခဏမှာ မဂ် ဖိုလ်ကို မရသေးရင် 'မောဃပုရိသ' လို့ ခေါ်သည်သာ။

(မူလပဏ်၊ ၄၊ ပ၊ ၃၂၉)

## ဆင် ၁၀ မျိုး

| | | |
|---|---|---|
| ၁။ ကာလာဝကဆင်၊ | ၂။ ဂင်္ဂေယျဆင်၊ | ၃။ ပဏ္ဍရဆင်၊ |
| ၄။ တမ္ဗဆင်၊ | ၅။ ပိင်္ဂလဆင်၊ | ၆။ ဂန္ဓဆင်၊ |
| ၇။ မင်္ဂလဆင်၊ | ၈။ ဟေမဆင်၊ | ၉။ ဥပေါသထဆင်၊ |
| ၁၀။ ဆဒ္ဒန္တဆင်။ | | |

## ဘုရားရှင်ရဲ့ကိုယ်အင်အား

၁။ ယောကျာ်း ၁၀ ယောက်ရဲ့ ကိုယ်အင်အားက ကာလာဝက ဆင်တစ်ကောင်ရဲ့ အင်အားပဲ။

၂။ ကာလာဝက ဆင် ၁၀ ကောင်ရဲ့ ကိုယ်အားက ဂင်္ဂေယျ ဆင်တစ်ကောင်ရဲ့ အင်အားပဲ။

၃။ ဂင်္ဂေယျဆင် ၁၀ ကောင်ရဲ့ ကိုယ်အားက ပဏ္ဍရဆင် တစ်ကောင်ရဲ့ အင်အားပဲ။

http://www.dhammadownload.com



၄။ ပဏ္ဍရဆင် ၁၀ ကောင်ရဲ့ ကိုယ်အားက တမ္ဗဆင်တစ်ကောင်ရဲ့အင်အားပဲ။

၅။ တမ္ဗဆင် ၁၀ ကောင်ရဲ့ ကိုယ်အားက ပိင်္ဂလဆင်တစ်ကောင်ရဲ့အင်အားပဲ။

၆။ ပိင်္ဂလဆင် ၁၀ ကောင်ရဲ့ ကိုယ်အားက ဂန္ဓဆင်တစ်ကောင်ရဲ့အင်အားပဲ။

၇။ ဂန္ဓဆင် ၁၀ ကောင်ရဲ့ ကိုယ်အားက မင်္ဂလဆင်တစ်ကောင်ရဲ့ အင်အားပဲ။

၈။ မင်္ဂလဆင် ၁၀ ကောင်ရဲ့ ကိုယ်အားက ဟေမဆင်တစ်ကောင်ရဲ့အင်အားပဲ။

၉။ ဟေမဆင် ၁၀ ကောင်ရဲ့ ကိုယ်အားက ဉပေါသထဆင်တစ်ကောင်ရဲ့ အင်အားပဲ။

၁၀။ ဉပေါသထဆင် ၁၀ ကောင်ရဲ့ ကိုယ်အားက ဆဒ္ဒန္တဆင်တစ်ကောင်ရဲ့ အင်အားပဲ။

၁၁။ ဆဒ္ဒန္တဆင် ၁၀ ကောင်ရဲ့ ကိုယ်အားက ဘုရားရှင်တစ်ဆူရဲ့ ကိုယ်အင်အားပဲ။

ဘုရားရှင်ရဲ့အင်အားဟာ ပကတိဆင်ပေါင်း ကုဋေ တစ်ထောင်၊ ယောကျာ်းပေါင်း ကုဋေတစ်သောင်းရဲ့ အင်အားပဲ။

ပကတိဆင်ဆိုတာ ကာလာဝကဆင်ပါပဲ။

(မူလပဏ်၊ ဋ္ဌ၊ ပ၊ ၃၃၁၊၂)

## အဓိဋ္ဌာန်

ဘုရားရှင်တွေမှာ အဓိဋ္ဌာန်ကိစ္စ မရှိ၊ တရားနာပရိသတ်အတိုင်းအတာနဲ့ပဲ ဘုရားရှင်ကို တရားနာပရိသတ်က မြင်လည်းမြင်

http://www.dhammadownload.com



တယ်။ ဘုရားရှင်ရဲ့အသံကို ကြားလည်း ကြားတယ်။ သာဝကတွေမှာတော့ အဓိဋ္ဌာန်သင့်တယ်။ ဒါကြောင့် အရှင်သာရိပုတ္တရာဟာ သမာပတ်ဝင်စားပြီး သမာပတ်က ထကာ မဟဂ္ဂုတ်စိတ်နဲ့ 'စကြဝဠာအဆုံးရှိတဲ့ ပရိသတ်အားလုံးဟာ ငါ့ကို မြင်စေသတည်း။ တရားဟောတဲ့ ငါရဲ့ အသံကိုလည်း ကြားစေသတည်း' လို့ အဓိဋ္ဌာန်လိုက်ပါတယ်။ အဓိဋ္ဌာန်တဲ့အချိန်ကစပြီး လက်ယာဘက် ပုဆစ်ဒူးဝန်းဘေးမှာရော စကြဝဠာနူတ်ခမ်း အနားရစ်မှာပါ ထိုင်ပြီး 'တရားစစ်သူကြီး အရှင်သာရိပုတ္တရာဆိုတာ အရပ်ရှည်သလား၊ ပုသလား၊ အသားက ရွှေရောင်လား၊ အဖြူလား' လို့ ပြောစရာအကြောင်း မရှိပါ။ အရပ်မျက်နှာအားလုံးမှာ ထိုင်နေသူအားလုံးရဲ့ ရှေ့မှောက်မှာပဲ ထင်ရှားနေတယ်။ ကောင်းကင်အလယ်မှာ တည်တဲ့ လလိုပဲ ဖြစ်နေတယ်။ တရားဟောတဲ့ အရှင်သာရိပုတ္တရာရဲ့ လက်ယာဘက် ပုဆစ်ဒူးဝန်းဘေးမှာရော စကြဝဠာနူတ်ခမ်း အနားရစ်မှာပါ ထိုင်နေသူအားလုံးဟာ တကယ်ပဲ အရှင်သာရိပုတ္တရာရဲ့အသံကို ကြားနာကြရပါတယ်။

(အံ၊ ဋ္ဌ၊ ၃၊ ၃၄၊ ၅)

## သာဓု သာဓု

သူတော်ကောင်းတရား ဟောကြားတဲ့အခါ 'သာဓု၊ သာဓု' လို့ ခေါ်သူရဲ့ ပါးစပ်က ကြာညိုပန်းနံ့လို ရနံ့ထွက်တယ်။

(အံ၊ ဋ္ဌ၊ ၀၊ ၂၂)

## ဝါတော် ၂၀ နဲ့ ဝါဆိုရာနေရာ

ဘုရားရှင်ဟာ ပထမဗောဓိမှာ ဝါ ၂၀ ပတ်လုံး နေရာမမြဲပါ။ ချမ်းသာရာနေရာကို ကြွကာ သီတင်းသုံးပါတယ်။

http://www.dhammadownload.com



၁။ ပထမဝါတွင်းမှာ ဣသိပတနမှာ ဓမ္မစကြာတရားကို ဟောပြီး ၁၈ ကုဋေသော မဟာဗြဟ္မာတွေကို အမြိုက်ရေသောက်စေကာ ဗာရာဏသီမြို့ကို အမှီပြုပြီး ဣသိပတနမှာ သီတင်းသုံးပါတယ်။

၂။ ဒုတိယဝါတွင်းမှာ ရာဇဂြိုဟ်မြို့ကို အမှီပြုပြီး ဝေဠုဝန်မှာ သီတင်းသုံးပါတယ်။

၃+၄။ တတိယနဲ့ စတုတ္ထဝါတွင်းမှာလည်း ဝေဠုဝန်မှာပါပဲ။

၅။ ပဉ္စမဝါတွင်းမှာ ဝေသာလီမြို့ကို အမှီပြုပြီး မဟာဝုန်၊ ကူဋာဂါရသာလာမှာ သီတင်းသုံးပါတယ်။

၆။ ဆဋ္ဌဝါတွင်းမှာ မကုလတောင်မှာ။

၇။ သတ္တမဝါတွင်းမှာ တာဝတိံသာနတ်ပြည်မှာ။

၈။ အဋ္ဌမဝါတွင်းမှာ ဘဂ္ဂတိုင်း၊ သုသုမာရဂိရကို အမှီပြုပြီး ဘေသကဠာတောမှာ။

၉။ နဝမဝါတွင်းမှာ ကောသမ္ဗီမြို့မှာ။

၁၀။ ဒသမဝါတွင်းမှာ ပါလိလေယျကတောအုပ်မှာ။

၁၁။ ဧကာဒသမဝါတွင်းမှာ နာလာရှိ ပုဏ္ဏားရွာမှာ။

၁၂။ ဒွါဒသမဝါတွင်းမှာ ဝေရဉ္ဇာပြည်မှာ။

၁၃။ တေရသမဝါတွင်းမှာ စာလိယတောင်မှာ။

၁၄။ စုဒ္ဒသမဝါတွင်းမှာ ဇေတဝန်ကျောင်းမှာ။

၁၅။ ပဉ္စဒသမဝါတွင်းမှာ ကပိလဝတ္ထုမှာ။

၁၆။ သောဠသမဝါတွင်းမှာ အာဠဝကဘီလူးကို ဆုံးမပြီး ၈ သောင်း ၄ ထောင်သော သတ္တဝါတို့ကို အမြိုက်ရေတိုက်ကာ အာဠဝီပြည်မှာ။

၁၇။ သတ္တရသမဝါတွင်းမှာ ရာဇဂြိုဟ်မှာပဲ။

၁၈။ အဋ္ဌာရသမဝါတွင်းမှာ စာလိယတောင်မှာပဲ။

http://www.dhammadownload.com



၁၉။ ဘေ့ူနဝီသတိမဝါတွင်းမှာ စာလိယတောင်မှာပဲ။
၂၀။ ဝီသတိမဝါတွင်းမှာ ရာဇဂြိုဟ်မှာပဲ သီတင်းသုံးပါတယ်။
(အံ၊ ဋ္ဌ၊ ၃၊ ၃၀)

## ကျေးဇူးကြီးလို့

ဘုရားရှင်ဟာ ၂၁ ဝါမြောက်ကစပြီး ဇေတဝန်ကျောင်းနဲ့ ပုဗ္ဗာရုံကျောင်းမှာပဲ အမြဲသီတင်းသုံးပါတယ်။ အကြောင်းကတော့ အနာထပိဏ်နဲ့ ဝိသာခါတို့က ကျေးဇူးများလို့ပါပဲ။ ဝါပကာလမှာ ခရီးကြွပြီးရင်လည်း ဝါတွင်းမှာ ဘုရားရှင်ဟာ အဲဒီ ၂ ကျောင်းမှာပဲ သီတင်းသုံးပါတယ်။ အဲဒီလို သီတင်းသုံးတဲ့အခါ ဇေတဝန်ကျောင်းမှာ ညအခါ သီတင်းသုံးပြီးရင် နောက်တစ်နေ့မှာ ရဟန်းအပေါင်း ခြံရံကာ တောင်ဘက်တံခါးနဲ့ သာဝတ္ထိမြို့ကို ဆွမ်းခံဝင်ပြီး အရှေ့ဘက်တံခါးနဲ့ ထွက်ကာ ပုဗ္ဗာရုံကျောင်းမှာ နေ့အခါ သီတင်းသုံးပါတယ်။ ပုဗ္ဗာရုံမှာ ညအခါ သီတင်းသုံးပြီးရင် နောက်တစ်နေ့မှာ အရှေ့ဘက်တံခါးနဲ့ သာဝတ္ထိမြို့ကို ဆွမ်းခံဝင်ပြီး ေတာင်ဘက်တံခါးနဲ့ ထွက်ကာ ဇေတဝန် ကျောင်းမှာ နေ့အခါ သီတင်းသုံးပါတယ်။

(အံ၊ ဋ္ဌ၊ ၃၊ ၃၀၊ ၃၁)

## ကျောင်းဒကာ ၂ ဦး

အနာထပိဏ်သူဌေးကြီး ၅၄ ကုဋေအကုန်ခံပြီး ဆောက်လုပ် လှူဒါန်းထားတဲ့ ဇေတဝန်ကျောင်းတော်ကြီးမှာ ဘုရားရှင်ဟာ လူအများ ကို နတ်ပြည်၊ နိဗ္ဗာန်ရောက်ကြောင်း လမ်းပေါ် လျှောက်လှမ်းစေကာ ၁၉ ဝါ သီတင်းသုံးပါတယ်။ ဝိသာခါက ၂၇ ကုဋေအကုန်ခံပြီး ဆောက်လုပ်ထားတဲ့ ပုဗ္ဗာရုံကျောင်းမှာ ၆ ဝါ သီတင်းသုံးပါတယ်။

http://www.dhammadownload.com



သာဝတ္ထိမြို့မှာ ၂၅ ဝါ ဝါဆိုတယ်။ အနာထပိဏ်သူဌေးရော ဝိသာခါပါ အမြဲတမ်း တစ်နေ့မှာ ၂ ကြိမ် ဘုရားရှင်ထံ ဆည်းကပ်သွားကြပါတယ်။ သွားတဲ့အခါ 'ကိုရင်ငယ်လေးတွေက ငါတို့လက်ကို ကြည့်ကြလိမ့်မယ်' လို့ လက်ချည်းသက်သက် မသွားဖူးကြပါ။ နံနက်ပိုင်း သွားကြတဲ့အခါ ခဲဖွယ် ဘောဇဉ်စသည်တွေကို ယူပြီးမှသာ သွားကြပါတယ်။ မွန်းလွဲပိုင်း သွားကြတဲ့အခါ ဆေး ၅ မျိုး၊ ဖျော်ရည် ၈ မျိုးတွေကို ယူပြီး သွားကြပါတယ်။ သူတို့နှစ်ယောက်ရဲ့ နေအိမ်တွေမှာ ရဟန်း ၂ ထောင်စီ အတွက် အမြဲပဲ နေရာခင်းထားကြပါတယ်။ အစားအစာ၊ အဖျော်၊ ဆေးတွေထဲက အလိုရှိတာမှန်သမျှ ပြည့်စုံပါတယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၃)

## အနာထပိဏ်ရဲ့ကြည်ညိုမှု

အနာထပိဏ်သူဌေးဟာ တစ်နေ့မှ ဘုရားရှင်ကို ပြဿနာ မမေးဘူး။ 'ဘုရားရှင်ဟာ ဘုရားဖြစ်လို့လည်း သိမ်မွေ့တယ်၊ မင်းမျိုးဖြစ်လို့လည်း သိမ်မွေ့တယ်။ 'ဒီသူဌေးက ငါ့အပေါ် ကျေးဇူးများတယ်' လို့ တွေးကာ ငါ့အား တရားဟောခဲ့ရင် ဘုရားရှင်မှာ ပင်ပန်းသွားလိမ့်မယ်' လို့ တွေးပြီး ဘုရားရှင်အပေါ် အလွန်အကဲ ချစ်ခင်ကြည်ညိုလို့ ပြဿနာ မမေးတာပါတဲ့။

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၃)

## သာဝတ္ထိသာသနာ

သာဝတ္ထိမြို့မှာ လူဦးရေ ၇ ကုဋေ နေကြပါတယ်။ အဲဒီ ၇ ကုဋေက ဘုရားရှင်ရဲ့တရားကို နာကာ အရိယာဖြစ်ကြတယ်။ ၂

http://www.dhammadownload.com



ကုဋ္ဌေက ပုထုဇဉ်တွေ ဖြစ်ကြတယ်။ အရိယာတွေမှာ ကိစ္စ ၂ ခုပဲ ရှိတယ်။ နံနက်ပိုင်းမှာ အလှူပေးကြတယ်၊ မွန်းလွဲပိုင်းမှာ နံ့သာ၊ ပန်းစသည်တို့ကို ယူကာ အဝတ်၊ ဆေး၊ အဖျော်စသည်တို့ကို ယူစေပြီး တရားနာဖို့ သွားကြတယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၄)

## တရားစဉ်

ဘုရားရှင်တွေ တရားဟောကြတဲ့အခါ သရဏဂုံ၊ သီလ၊ ရဟန်း အဖြစ်စသည်တို့ရဲ့ အားကြီးတဲ့ မှီရာအကြောင်းကို ကြည့်ကာ တရားနာ ပရိသတ်ရဲ့ အဈ္ဈာသယအားလျော်စွာ တရားဟောကြတယ်။ ဟောတဲ့ အခါ ဒါနအကြောင်း၊ သီလအကြောင်း၊ နတ်ပြည်အကြောင်း၊ ကာမ ဂုဏ်တို့ရဲ့ အပြစ်၊ ယုတ်ညံ့ပုံ၊ ညစ်နွမ်းပုံ၊ ကာမမှ ထွက်မြောက် ကြောင်း အကျင့်ရဲ့ အကျိုးကို ထင်ရှားပြတယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၄)

## သာသနာ့တာဝန် ၂ ရပ်

၁။ ဂန္ထဓုရ = မိမိရဲ့ပညာအားလျော်စွာ နိကာယ်တစ်ခုကိုဖြစ်စေ၊ နိကာယ်နှစ်ခုကိုဖြစ်စေ၊ ပိဋကသုံးပုံ ဘုရားစကား အားလုံးကို ဖြစ်စေ သင်ယူပြီး ဆောင်ထားမှု၊ ပြောပြမှု၊ ပို့ချမှု။

၂။ ဝိပဿနာဓုရ = ပေါ့ပါးတဲ့ အသက်မွေးခြင်းမျိုးရှိပြီး အစွန် အဖျားကျောင်းမှာ မွေ့လျော်သူရဲ့ ခန္ဓာကိုယ်မှာ အဖြစ်အပျက် တင်ပြီး အမြဲပြုလုပ်မှုအစွမ်းနဲ့ ဝိပဿနာကို ပွားကာ ရဟန္တာ အဖြစ်ကို ယူမှု။ (ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၅)

http://www.dhammadownload.com



## မေ့လျော့သူရဲ့အိမ်

ဘုရားရှင်တွေကို မေ့လျော့မှုနဲ့ နှစ်သက်စေခြင်းငှာ မတတ်နိုင်၊ ကောင်းတဲ့ အလိုဆန္ဒနဲ့ နှစ်သက်စေထိုက်တယ်။ မေ့လျော့သူအတွက် အပါယ်လေးပါးဟာ မိမိအိမ်နဲ့ တူတယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၆)

## ဝမ်းမီး

ဝမ်းမီးအလွန်အေးဟာ အအေးကို ကြောက်တယ်။ ဝမ်းမီးအလွန်ပူသူဟာ အပူကို ကြောက်တယ်။ သူတို့ရဲ့ တရားအားထုတ်မှုဟာ မပြည့်စုံ။ အလယ်အလတ်ရှိသူရဲ့ တရားအားထုတ်မှုဟာ ပြည့်စုံတယ်။

(အံ၊ ဋ္ဌ၊ တ၊ ၂၇)

ကမ္မဇတေဇောဓာတ်ကို 'ဝမ်းမီး' လို့ ခေါ်တယ်။

(အံ၊ ဋ္ဌ၊ တ၊ ၄၈)

## စွဲမြဲတဲ့ အလှူများ

သရဏဂုံ သုံးပါး၊ ငါးပါးသီလ၊ စာရေးတံမဲချပြီး လှူတဲ့ ဆွမ်း တစ်ထပ်၊ လဆန်းပက္ခ၊ လဆုတ်ပက္ခမှာ လှူတဲ့ ဆွမ်းတစ်နပ်၊ ဝါကျွတ်သင်္ကန်းအလှူတစ်ခု၊ ရေကန်တစ်ကန် အလှူ၊ ကျောင်း တစ်ကျောင်းအလှူ၊ အဲဒီအလှူတွေဟာ စွဲမြဲတဲ့ ကောင်းမှုတွေ ဖြစ်ကြတယ်။ အဲဒီကောင်းမှုရှင်တို့ရဲ့ ရောက်ရာဘဝဂတိလည်း မြဲတယ်။ သောတာပန် လိုပဲ ဖြစ်ကြတယ်။

(အံ၊ ဋ္ဌ၊ တ၊ ၂၆၅)

http://www.dhammadownload.com



## အကျိုးကြီးတဲ့အလှူ

ဇမ္ဗူဒိပ်ကျွန်းကို စည်အပြင်နဲ့တူအောင် အညီအမျှပြုပြီး အစွန်းကစပြီး ပလ္လင်ကို ခင်းကာ အရိယာပုဂ္ဂိုလ်တွေကို ထိုင်စေခဲ့ရင် အဲဒီထဲက သောတာပန်တွေကို ၁၀ တန်း တန်းစီ၊ သကဒါဂါမ်တွေကို ၅ တန်း၊ အနာဂါမ်တွေကို ၂ တန်းခွဲ၊ ရဟန္တာတွေကို ၁ တန်းခွဲ၊ ပစ္စေကဗုဒ္ဓါတွေကို တစ်တန်း တန်းစီထားပါ။ ဘုရားရှင်ကိုတော့ တစ်ပါးတည်းပါပဲ။ အဲဒီပုဂ္ဂိုလ်တွေကို လှူရတာထက် ဘုရားရှင်အား လှူရတာကသာ အကျိုးကြီးတယ်။

(အံ၊ ဋ္ဌ၊ တ၊ ၂၇၂)

## သတိ

နတ်တွေမှာ ချမ်းသာလွန်းလို့ သတိမမြဲ၊ ငရဲသားတွေမှာ ဆင်းရဲလွန်းလို့ သတိမမြဲ။ ဇမ္ဗူဒိပ်လူတွေမှာတော့ ချမ်းသာ ဆင်းရဲ ရောပြွမ်းနေလို့ သတိမြဲတယ်။

(အံ၊ ဋ္ဌ၊ တ၊ ၂၇၃)

## စားပြီး စင်္ကြံလျှောက်

အစားကောင်း စားပြီးလို့ အိပ်ချင်ထိုင်းမှိုင်းမှုကို ပယ်ဖျောက်ဖို့ရာ ရဟန်းတွေဟာ စားပြီးချိန်မှာ စင်္ကြံလျှောက်ကြတယ်။ တစ်နည်းကတော့ အဲဒီရဟန်းတွေဟာ နေ့အခါ တရားအားထုတ်တဲ့ ရဟန်းတွေဖြစ်တယ်။ စင်္ကြံလျှောက်ရကျိုးကတော့ မွန်းလွဲပိုင်းမှာ စင်္ကြံလျှောက်ပြီး ရေချိုးကာ ကိုယ်ကို အငွေ့ယူစေပြီး ထိုင်ကာ ရဟန်းတရားအားထုတ်က စိတ်တည်ကြည်တယ်။

(အံ၊ ဋ္ဌ၊ တ၊ ၃၀၆)

http://www.dhammadownload.com



## တံခါးခေါက်နည်း

တံခါးကို အထက်ကျလွန်းတဲ့နေရာက ခေါက်ရင် တစ္ဆေ ဘီလူးတွေက ခေါက်ကြသတဲ့။ အောက်ကျလွန်းတဲ့နေရာက ခေါက်ရင် မြွေတွေက ခေါက်ကြသတဲ့။ အဲဒီလိုမခေါက်ဘဲ တံခါးကို အလယ်ပိုင်းသော့ပေါက်အနီးက ခေါက်ရပါတယ်။ အဲဒါကို တံခါးခေါက်ကျင့်ဝတ်လို့ ဆိုကြပါတယ်။

## ဘုရားနဲ့တံခါး

ဘုရားရှင်ကိုယ်တိုင် တံခါးကို ထပြီး မဖွင့်ပါ။ ပွင့်စေလိုတော့ အဓိဋ္ဌာန်ကာ လက်ကို ဆန့်တန်းလိုက်ပါတယ်။ အဲဒီကနောက် 'မြတ်စွာဘုရား ကမ္ဘာကုဋေပေါင်းများစွာ ဒါနကို လှူခဲ့တဲ့ ဘုရားရှင်တွေဟာ ကိုယ့်လက်နဲ့ တံခါးဖွင့်တဲ့ အလုပ်ကို မလုပ်အပ်ပါ' လို့ တံခါးကိုယ်တိုင်ကပဲ အလိုလိုပွင့်သွားပါတယ်။ ဘုရားရှင်က စိတ်နဲ့ ဖွင့်လိုက်လို့ 'ဘုရားရှင်က တံခါးကို ဖွင့်တယ်' လို့ ဆိုသင့်ပါတယ်။

(အံ၊ ဋ္ဌ၊ တ၊ ၃၀၆၊ ၇)

## သာသနာ ၃ မျိုး

၁။ ပရိယတ္တိသာသနာ = ဘုရားစကားတော်အားလုံး၊
၂။ ပဋိပတ္တိသာသနာ = ဓုတင် ၁၃ ပါး၊ စာရိတ္တသီလ၊ ဝါရိတ္တသီလ၊ သမာဓိ၊ ဝိပဿနာ၊
၃။ အဓိဂမသာသနာ = လောကုတ္တရာ ၉ ပါး၊

(အံ၊ ဋ္ဌ၊ တ၊ ၃၀၉)

http://www.dhammadownload.com



## နိယာမ (မြဲတဲ့သဘော) ၅ မျိုး

၁။ ကမ္မနိယာမ = ကောင်းကံက ကောင်းကျိုးကို ပေးခြင်း၊ မကောင်းကံက မကောင်းကျိုးကို ပေးခြင်း။

၂။ ဥတုနိယာမ = ထိုထိုဇနပုဒ်၊ ထိုထိုအချိန်မှာ တစ်ပြိုင်နက်တည်း ပန်းပွင့်ခြင်း၊ အသီး သီးခြင်းစသည်၊ လေတိုက်ခြင်း၊ မတိုက်ခြင်း၊ နေပူရှိန်ပြင်းခြင်း၊ လျော့ခြင်း၊ မိုးရွာခြင်း၊ မရွာခြင်း၊ ပဒုမ္မာပန်းတွေရဲ့ နေ့အခါ ပွင့်ခြင်း၊ ညအခါ ညှိုးနွမ်းခြင်း စသည်။

၃။ ဗီဇနိယာမ = သလေးစပါး မျိုးစေ့က သလေးစပါးသီးသာ သီးခြင်း၊ အချိုမျိုးစေ့က အချိုသီးသာ သီးခြင်း၊ အခါးမျိုးစေ့က အခါးသီးသာ သီးခြင်း။

၄။ စိတ္တနိယာမ = စက္ခုဝိညာဉ်စသည်ရဲ့ အခြားမဲ့မှာ သမ္ပဋိစ္ဆိုင်းစသည် ဖြစ်ခြင်း။

၅။ ဓမ္မနိယာမ = ဘုရားလောင်းတွေရဲ့ ပဋိသန္ဓေနေရာအခါ စသည်မှာ တစ်သောင်းသော လောကဓာတ် တုန်လှုပ်ခြင်း စသည်။

(သုတ်မဟာဝဂ္ဂ၊ ဋ္ဌ၊ ၂၅)

## အလို ၄ မျိုး

၁။ အတြိစ္ဆတာ = မိမိပစ္စည်းမှာ မတင်းတိမ်ဘဲ သူတစ်ပါးဥစ္စာကို တောင့်တမှု၊

၂။ ပါပိစ္ဆတာ = မရှိတဲ့ဂုဏ်နဲ့ အချီးအမွမ်းခံလိုမှု၊ အလှူခံရာမှာ အတိုင်းအတာ မသိမှု၊

http://www.dhammadownload.com



၃။ မဟိစ္ဆတာ = ရှိတဲ့ဂုဏ်နဲ့ ချီးမွမ်းခံလိုမှု၊ အလှူခံရာမှာ အတိုင်းအတာ မသိမှု၊
၄။ အပ္ပိစ္ဆတာ = ရှိတဲ့ဂုဏ်ကို လျှို့ဝှက်လိုမှု၊ အလှူခံရာမှာ အတိုင်းအတာ သိမှု၊

(မူလပဏ်၊ ဌ၊ ဒု၊ ၄၄၊ ၄၅)

## အလိုမရှိမှု ၄ မျိုး

၁။ ပစ္စယအပ္ပိစ္ဆ = ပစ္စည်းလေးပါးကို မလိုချင်မှု၊
၂။ ဓုတင်္ဂအပ္ပိစ္ဆ = ဓုတင်အကျင့် ကျင့်နေမှန်း မသိစေလိုမှု၊
၃။ ပရိယတ္တိအပ္ပိစ္ဆ = အကြားအမြင်များမှန်း မသိစေလိုမှု၊
၄။ အဓိဂမအပ္ပိစ္ဆ = တရားထူးရမှန်း မသိစေလိုမှု၊

(မူလပဏ်၊ ဌ၊ ဒု၊ ၄၆၊ ၇)

## စာသင်နည်း ၃ မျိုး

၁။ အလဂဒ္ဒူပမပရိယတ္တိ = ဘုရားစကားကို သင်ယူပြီးရင် လာဘ်ပေါမယ်၊ လူသိများမယ်လို့ ယူဆကာ လာဘ် အကျော်အစော ကြောင့် သင်ယူမှု၊ (မြွေဖမ်းနည်းနဲ့တူတဲ့ စာသင်မှု) ဒီစာသင်နည်းနဲ့ မသင်ယူဘဲ အိပ်နေတာကမှ ကောင်းပါသေးတယ်။
၂။ နိတ္ထရဏပရိယတ္တိ = ဘုရားစကားကို သင်ယူပြီးရင် သီလ၊ သမာဓိ၊ ဝိပဿနာ၊ မဂ်ဖိုလ်ရရမယ့်နေရာမှာ ရအောင် လုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သင်ယူမှု၊ (လွတ်မြောက်ရန် သင်ယူမှု)
၃။ ဘဏ္ဍာဂါရိကပရိယတ္တိ = ရဟန္တာရဲ့ သင်ယူမှု၊ (ဘဏ္ဍာစိုးရဲ့ သင်ယူမှု)

http://www.dhammadownload.com



ပုထုဇဉ်ရဲ့ စာသင်နည်းက နံပါတ် ၁ နဲ့ ၂ သင်ယူနည်းနဲ့ပဲ ဖြစ်တယ်။ သေက္ခပုဂ္ဂိုလ် ၇ ယောက်ရဲ့ သင်နည်းက နံပါတ် ၂၊ ရဟန္တာရဲ့ စာသင်နည်းက နံပါတ် ၃ ဖြစ်တယ်။

(မူလပဏ်၊ ဋ္ဌ၊ ၃၊ ၁၃၊ ၄)

## နတ်ပြည်နိဗ္ဗာန်ကို အန္တရာယ်ပြုတဲ့အရာ ၅ ခု

၁။ ကမ္မန္တရာယိက = အမေသတ်မှု၊ အဖေသတ်မှု၊ ရဟန္တာသတ်မှု၊ ဘုရားရှင်ကို သွေးခြေဉအောင် လုပ်မှု၊ သံဃာသင်းခွဲမှုနဲ့ ဘိက္ခုနီမကို ဖျက်ဆီးမှု။

၂။ ကိလေသန္တရာယိက = ကံနဲ့ ကံရဲ့အကျိုးကို ပယ်တဲ့ နိယတမိစ္ဆာဒိဋ္ဌိ။

၃။ ဝိပါကန္တရာယိက = ပဏ္ဍုက်၊ တိရစ္ဆာန်၊ မိန်းမအင်္ဂါ၊ ယောကျာ်းအင်္ဂါ နှစ်မျိုးပါသူတို့ရဲ့ ပဋိသန္ဓေ။

၄။ ဥပဝါဒန္တရာယိက = အရိယာကို စွပ်စွဲမှု။ (အရိယာတွေကို မတောင်းပန်သေးသမျှ အဲဒီအန္တရာယ်မှ မလွတ်၊ တောင်းပန်ပြီးနောက်မှ လွတ်တယ်)

၅။ အာဏာဝီတိက္ကမန္တရာယိက = စေတနာနဲ့ လွန်ကျူးတဲ့ အာပတ် ၇ ပုံ။ (ရဟန်းအဖြစ်ကို ဝန်ခံနေသေးသမျှ၊ ဝိနည်းကံနဲ့ မကုစားရသေးသမျှ ဒီအန္တရာယ်မှ မလွတ်၊ ကုစားပြီးမှသာ လွတ်တယ်)

(မူလပဏ်၊ ဋ္ဌ၊ ၃၊ ၉)

## အရိယာကို စွပ်စွဲမှု

ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတွေကို အောက်ထစ်ဆုံးအားဖြင့်

http://www.dhammadownload.com



လူဝတ်ကြောင် သောတာပန်ကိုတောင် အကျိုးမဲ့ကို လိုလားတဲ့စိတ်ထားနဲ့ နောက်ဆုံးပြစ်ချက် (ပါရာဇိကဝတ္ထု) နဲ့ ဖြစ်စေ၊ ဂုဏ်ကို ဖျက်ဆီးမှုနဲ့ဖြစ်စေ စွပ်စွဲ၊ ဆဲရေး၊ ကဲ့ရဲ့ရင် အရိယာကို စွပ်စွဲတာပဲ။ အဲဒီစွပ်စွဲတဲ့ကံဟာ ကြီးလေးတယ်။ နတ်ပြည်နဲ့ မဂ်ကို တားမြစ်တယ်။ ဒါပေမဲ့ ကုစားလို့တော့ ရတယ်။

အစွပ်စွဲခံရတဲ့ အရိယာပုဂ္ဂိုလ်ထက် ကိုယ်က ကြီးရင် သူရှိရာကို သွားပြီး 'အရှင်ဘုရား တပည့်တော်က ဒီစကား၊ ဒီစကားကို ပြောမိပါတယ်။ တပည့်တော်အား သည်းခံတော်မူပါ' လို့ တောင်းပန်ရမယ်။ ကိုယ်က ငယ်ရင် အစွပ်စွဲခံရတဲ့ အရိယာကို ရှိခိုးပြီး ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီပြီး 'အရှင်ဘုရား အရှင်ဘုရားကို ဒီစကား ဒီစကား ပြောမိပါတယ်။ တပည့်တော်အား သည်းခံတော်မူ ပါ' လို့ တောင်းပန်ရမယ်။

အဲဒီအရိယာပုဂ္ဂိုလ်က သည်းမခံရင်ဖြစ်စေ၊ အရပ်တစ်ပါးကို သွားခဲ့ရင်ဖြစ်စေ အဲဒီကျောင်းမှာ သီတင်းသုံးတဲ့ ရဟန်းတွေထံ သွားကာ မိမိက ကြီးနေရင် ရပ်လျက်ပဲသာ၊ မိမိက ငယ်နေရင် ဆောင့်ကြောင့်ထိုင်ပြီး လက်အုပ်ချီကာ 'အရှင်ဘုရား၊ တပည့်တော်ဟာ ဒီအမည်ရှိတဲ့ ရဟန်းကို ဒီစကား၊ ဒီစကားကို ပြောမိပါတယ်။ အဲဒီအရှင်က တပည့်တော်အား သည်းခံတော်မူပါ' လို့ လျှောက်ထားကာ တောင်းပန်ရမယ်။

အစွပ်စွဲခံရတဲ့ အရိယာပုဂ္ဂိုလ်က ပရိနိဗ္ဗာန်စံသွားရင် ပရိနိဗ္ဗာန်စံတဲ့ ညောင်စောင်းရှိရာအရပ်ကို သွားကာ သုသာန်တိုင်အောင် သွားပြီးတော့လည်း တောင်းပန်ရမယ်။ အဲဒီလိုလုပ်ရင် နတ်ပြည်နဲ့ နိဗ္ဗာန်ကို မတားမြစ်နိုင်တော့ဘူး။ ပကတိအတိုင်းပဲ ဖြစ်သွားတယ်။

'ဒီပုဂ္ဂိုလ်တွေမှာ ရဟန်းတရား မရှိဘူး။ ဒီပုဂ္ဂိုလ်တွေဟာ ရဟန်းတွေ မဟုတ်ဘူး' လို့ သီလကို ဖျက်ဆီးတဲ့ အပြောနဲ့ ပြောရင် နောက်ဆုံးပြစ်ချက်နဲ့ စွပ်စွဲတာပဲ။

http://www.dhammadownload.com



'ဒီပုဂ္ဂိုလ်တွေမှာ ဈာန်၊ လွတ်မြောက်ရေးတရား၊ မဂ်၊ ဖိုလ် မရှိဘူး'လို့ တရားထူးဂုဏ်ကို ချေဖျက်တဲ့ အပြောနဲ့ ပြောရင် ဂုဏ်ကို ချေဖျက်ပြီး စွပ်စွဲတာပဲ။

အရိယာမှန်း သိလျက်ပဲဖြစ်ဖြစ် မသိဘဲဖြစ်ဖြစ် စွပ်စွဲရင် အရိယာကို စွပ်စွဲတာပဲ။

(ပါရာဇိကဏ်၊ ဋ္ဌ၊ ပ၊ ၁၃၄၊ ၅)

## အာနန္တရိယကံ (သေပြီးနောက် ငရဲရောက်ရတဲ့ ကံ) ၅ ပါး

၁။ မာတုဃာတကကံ = လူသားမိခင်ကို မိမိကလည်း လူသားဘဝနဲ့ သတ်တဲ့ ကံ၊

၂။ ပိတုဃာတကကံ = လူသားဖခင်ကို မိမိကလည်း လူသားဘဝနဲ့ သတ်တဲ့ ကံ၊

၃။ အရဟန္တဃာတကကံ = လူသားရဟန္တာကို သတ်တဲ့ ကံ၊

၄။ သံဃဘေဒကကံ = သံဃာသင်းခွဲတဲ့ ကံ၊

၅။ လောဟိတုပ္ပါဒကကံ = ဘုရားရှင်ရဲ့ကိုယ်မှာ သွေးခြေဉအောင် လုပ်တဲ့ ကံ၊

(ပါစိတျာဒိ၊ ဋ္ဌ၊ ၃၀၅၊ ၆)

## မိဘသတ်တဲ့ ကံ

အမေက လူသား ဖြစ်ရတယ်။ သတ်သူကလည်း လူသားပဲ ဖြစ်ရတယ်။ အဲဒါဆိုရင် အာနန္တရိယကံ ထိုက်တယ်။ အမိသတ်သူဟာ ရှင် ရဟန်း ပြုခွင့် မရ။ လူသားဖြစ်ပေမယ့် မွေးစားအမေ၊ အရီးကြီး၊ အရီးလေး၊ အမေရင်းဟုတ်ပေမယ့် လူသားမဟုတ်သူကို သတ်ရင်

http://www.dhammadownload.com



အာနန္တရိယကံ မထိုက်။ ရှင်ရဟန်းလည်း ပြုကောင်းတယ်။ သတ်သူက တိရစ္ဆာန်ဖြစ်ပြီး အသတ်ခံရသူက လူသားအမေရင်း ဖြစ်နေရင်လည်း အာနန္တရိယကံ မထိုက်။ တိရစ္ဆာန်ဖြစ်လို့ ရှင် ရဟန်း မပြုရ။

အဖကို သတ်တဲ့ကံမှာလည်း အမိကို သတ်တဲ့ကံအတိုင်းပါပဲ။ သတ်သူက ပြည့်တန်ဆာမရဲ့သား ဖြစ်ခဲ့ရင်လည်း 'ဒီလူဟာ ငါ့ရဲ့အဖေလို့ မသိပေမယ့် အသတ်ခံရတဲ့ လူရဲ့ သုက်သွေးကြောင့် သတ်သူဟာ လူဖြစ်လာခဲ့က အဖကို သတ်သူလို့ပဲ ဆိုရတယ်။ အာနန္တရိယကံလည်း ထိုက်တယ်။'

(ပါစိတျာဒိ၊ ၄၊ ၃၀၅)

## ရဟန္တာကိုသတ်တဲ့ ကံ

လူဇာတ်ရှိတဲ့ အောက်ထစ်ဆုံးအားဖြင့် ရှင်မပြုရသေးတဲ့ ရဟန္တာကလေးသူငယ်၊ ရဟန္တာကလေးသူငယ်မကို သေစေလိုတဲ့ စေတနာနဲ့ သတ်ရင် အာနန္တရိယကံလည်း ထိုက်တယ်။ ရှင်ရဟန်းလည်း ပြုခွင့်မရ။ လူသားမဟုတ်တဲ့ ရဟန္တာနဲ့ လူသားဖြစ်တဲ့ အခြားအရိယာပုဂ္ဂိုလ်ကို သတ်ရင် အာနန္တရိယကံ မထိုက်။ ရှင်ရဟန်းပြုခွင့် ရတယ်။ အဲဒီသတ်မှုကံကတော့ အားကြီးတယ်။ တိရစ္ဆာန်က လူသားရဟန္တာကို သတ်ပေမယ့် အာနန္တရိယကံ မထိုက်၊ ကံကတော့ ဝန်လေးတယ်။

(ပါစိတျာဒိ၊ ၄၊ ၃၀၅)

## သံဃာသင်းခွဲတဲ့ ကံ

ဒေဝဒတ်လို သာသနာကို ဓမ္မနဲ့ ဝိနယ ပြောင်းပြန်ဖြစ်အောင် လုပ်ပြီး အပလောကနကံစတဲ့ ကံ ၄ ပါးထဲက တစ်ပါးပါးနဲ့ သံဃာ

http://www.dhammadownload.com



ကို သင်းခွဲရင် အာနန္တရိယကံ ထိုက်တယ်။ ရှင်၊ ရဟန်းလည်း ပြုခွင့်မရ။

(ပါစိတျာဒိ၊ ဠ၊ ၃၀၆)

## သွေးခြေဥအောင် လုပ်တဲ့ ကံ

ဒေဝဒတ်လို သတ်လိုတဲ့ စိတ်ထားနဲ့ သက်တော်ထင်ရှားရှိဆဲ ဘုရားရှင်ရဲ့ကိုယ်မှာ ယင်ငယ်သောက်နိုင်လောက်ရုံရှိတဲ့ သွေးကို ဖြစ်စေရင် (သွေးခြေဥအောင် လုပ်ရင်) အာနန္တရိယကံလည်း ထိုက်တယ်။ ရှင်ရဟန်းလည်း ပြုခွင့်မရ။

သမားတော် ဇီဝကကဲ့သို့ အနာရောဂါပျောက်အောင် ဓားနဲ့ခွဲကာ အသားပုပ်နဲ့ သွေးကို ထုတ်ပြီး ချမ်းသာအောင် လုပ်ပေးရင် ကောင်းမှုတွေ အများကြီး တိုးပွားတယ်။

(ပါစိတျာဒိ၊ ဠ၊ ၃၀၆)

ဘုရားရှင်ရဲ့ ကိုယ်ခန္ဓာကို ဖောက်ဖျက်လို့ မရလို့ သူတစ်ပါးရဲ့ လက်ချက်နဲ့ အရေကို ဖြတ်ကာ သွေးယိုစီးထွက်တာ မရှိ။ ကိုယ်ရဲ့ အတွင်းမှာပဲ တစ်နေရာမှာ သွေးဟာ ပြောင်းရွှေ့တယ်။ ထိခိုက်မှုကြောင့် ပျက်စီးပြီး စုစည်းနေတယ်။ ဒေဝဒတ်လိမ့်ချလိုက်တဲ့ ကျောက်တုံးက ပဲ့ထွက်လာတဲ့ ကျောက်အပဲ့လေးက ဘုရားရှင်ရဲ့ ခြေဖျားကို ထိခိုက်တယ်။ ပေါက်ဆိန်နဲ့ ထိခိုက်ခံရသလို ခြေထောက်ဟာ အတွင်းမှာပဲ သွေးရှိ (သွေးခြေဥ) နေတယ်။

(သာရတ္ထ၊ တ၊ ၂၆၁)

## မချေဖျက်နိုင်

အာနန္တရိယကံ ကျူးလွန်ထားသူက 'အဲဒီကံရဲ့အကျိုးကို တား

http://www.dhammadownload.com



ဖြစ်မယ်' လို့ ရည်ရွယ်ကာ စကြဝဠာအားလုံးကို မဟာစေတီလောက် ပမာဏရှိတဲ့ ရွှေစေတီတွေနဲ့ ပြည့်စေဦးတော့ သေပြီးနောက် ငရဲကိုပဲ ရောက်ရတယ်။ စကြဝဠာအားလုံးကို ပြည့်စေကာ ထိုင်နေတဲ့ ရဟန်း အပေါင်းအား အကြီးအကျယ် အလှူပေးဦးတော့ သေပြီးနောက် ငရဲကို ပဲ ရောက်ရတယ်။ ဘုရားရှင်ရဲ့သင်္ကန်းကို မလွှတ်ဘဲ လှည့်လည်စေဦး တော့ သေပြီးနောက် ငရဲကိုပဲ ရောက်ရတယ်။

(သာရတ္ထ၊ တ၊ ၂၆၁)

## ဗောဓိပင်အကိုင်းဖြတ်သင့် မသင့်

ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးတဲ့အခါ စေတီကို ဖျက်သူတွေ၊ ဗောဓိ ပင်ကို ဖြတ်သူတွေ၊ ဓာတ်တော်ကို နှောင့်ယှက်ဖျက်ဆီးသူတွေမှာ ဘယ်လိုဖြစ်ပါသလဲ။

သူတို့ရဲ့ကံဟာ ကြီးလေးတယ်။ အာနန္တရိယကံနဲ့ တူတယ်။ ဓာတ်တော်ပါတဲ့ စေတီနဲ့ ဆင်းတုတော်ကို နှိပ်စက်နေတဲ့ ဗောဓိပင် ရဲ့အကိုင်းကို ဖြတ်သင့်တယ်။ အဲဒီဗောဓိပင်ရဲ့ သစ်ကိုင်းမှာ နားပြီး ငှက်တွေက စေတီပေါ်မှာ ကျင်ကြီး၊ ကျင်ငယ် စွန့်ကြရင်လည်း ဗောဓိပင်ရဲ့ အကိုင်းကို ဖြတ်သင့်တာပါပဲ။ အကြောင်းကတော့ ပရိ ဘောဂစေတီထက် သရီရစေတီက ပိုပြီး အလေးပြုရလို့ပါပဲ။

စေတီတည်ရာ နေရာကို ဖောက်ခွဲပြီး သွားနေတဲ့ ဗောဓိပင်ရဲ့ အမြစ်တွေကိုလည်း ဖြတ်ပြီး ဖယ်ရှားသင့်ပါတယ်။ ဗောဓိပင်ရဲ့အိမ်ကို နှိပ်စက်တဲ့ ဗောဓိပင်အကိုင်းကို အိမ်ကို စောင့်ရှောက်ဖို့ရာအတွက် ဖြတ်ခွင့်မရ။ အကြောင်းကတော့ ဗောဓိပင်အတွက် ဖြစ်တယ်။ ဗောဓိပင် ဟာ အိမ်အတွက်မဟုတ်။ ဒါ့ကြောင့်ပါပဲ။ နေရာအိမ်မှာလည်း ဒီအတိုင်း ပါပဲ။ ဓာတ်တော်ထားရာ နေရာအိမ်ကို စောင့်ရှောက်ဖို့ရာ ဗောဓိပင်

http://www.dhammadownload.com



အကိုင်းကို ဖြတ်သင့်တယ်။ ဗောဓိပင်ကို စောင့်ရှောက်ဖို့ ဩဇာကို ဆောင်တဲ့ သစ်ကိုင်းနဲ့ ပုပ်ဆွေးတဲ့ နေရာကို ဖြတ်သင့်တာပါပဲ။ ဘုရားရှင်ရဲ့ ခန္ဓာကိုယ်ကို ပြုစုရာမှာလိုပဲ ကောင်းမှုလည်း ဖြစ်ပါတယ်။

(သာရတ္ထ၊ တ၊ ၂၆၁)

## ဘုရားရှင်တွေ ပါရမီဖြည့်ရာကာလ

၁။ အောက်ထစ်ဆုံးအားဖြင့် ၄ အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း၊ ပညာဓိကဘုရားလောင်းတွေအတွက်။

၂။ အလယ်အလတ် အပိုင်းအခြားအားဖြင့် ၈ အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း။ သဒ္ဓါဓိကဘုရားလောင်းတွေအတွက်။

၃။ အလွန်ဆုံး အပိုင်းအခြားအားဖြင့် ၁၆ အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း။ ဝီရိယာဓိကဘုရားလောင်းတွေအတွက်။

ပညာဓိကဘုရားလောင်းတွေမှာ သဒ္ဓါအား နည်းတယ်။ ပညာထက်မြက်တယ်။

သဒ္ဓါဓိကဘုရားလောင်းတွေမှာ ပညာ အလယ်အလတ်ဖြစ်တယ်။ သဒ္ဓါ အားကြီးတယ်။

ဝီရိယာဓိကဘုရားလောင်းတွေမှာ သဒ္ဓါ၊ ပညာ အားနည်းတယ်။ ဝီရိယ အားကြီးတယ်။

(သုတ္တနိပါတ၊ ဋ္ဌ၊ ပ၊ ၄၃)

## အချိန်ကျမှ

လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း မပြည့်သေးဘဲ နေ့တိုင်း နေ့တိုင်း ဝေဿန္တရာရဲ့ ဒါနနဲ့ တူတဲ့ ဒါနကို ပေးလှူပေမယ့်၊ သီလစတဲ့ ပါရမီအားလုံးကို ဆည်းပူးပေမယ့်၊ အကြားကာလမှာ ဘုရားဖြစ်ရိုးထုံးစံ

http://www.dhammadownload.com



မရှိ။ အကြောင်းကတော့ ဉာဏ် မပြည့်စုံ၊ မပြန့်ပြော၊ မရင့်ကျက်သေးလို့ပါပဲ။

ဥပမာ ၃ လ၊ ၄ လ၊ ၅ လ လွန်မှ မှည့်ရင့်မယ့် ကောက်စပါးဟာ အဲဒီကာလကို မရောက်သေးဘဲ နေ့တိုင်းနေ့တိုင်း အကြိမ်ပေါင်း တစ်ထောင် ရေသွန်းလောင်းပေမယ့် အကြားကာလ ၁၅ ရက်ပိုင်းမှာဖြစ်စေ၊ လပိုင်းမှာဖြစ်စေ မရင့်ကျက်နိုင်။ အကြောင်းကတော့ ကောက်စပါးဟာ သန္ဓေမတည်သေး၊ မပြန့်ပြောသေး၊ မရင့်ကျက်သေးလို့ပါပဲ။

(သုတ္တနိပါတ၊ ဋ္ဌ၊ ပ၊ ၄၃)

## ဘုရားအဖြစ်ဆုတောင်းသူမှာ ပြည့်စုံရမယ့်အချက် ၈ ခု

၁။ လူ့အဖြစ်၊
၂၊ ယောကျ်ားအဖြစ်၊
၃။ ရဟန္တာဖြစ်ဖို့ အားကောင်းတဲ့အကြောင်း ရှိခြင်း၊
၄။ ဘုရားရှင်တွေကို မျက်မှောက်ဖူးတွေ့ရခြင်း၊
၅။ ရှင်ရဟန်း ရသေ့ဝတ်ခြင်း၊
၆။ ဈာန်စတဲ့ ဂုဏ်နဲ့ ပြည့်စုံခြင်း၊
၇။ အသက်စသည်ကို စွန့်လွှတ်ခြင်း၊
၈။ ပြုလုပ်လိုတဲ့ဆန္ဒ အားကြီးခြင်း၊

(သုတ္တနိပါတ၊ ဋ္ဌ၊ ပ၊ ၄၃၊ ၄၄)

## ဘုရားလောင်းတွေမှာ မဖြစ်ထိုက်တဲ့ အချက် ၁၈ ချက်

၁။ ပဋိသန္ဓေနေစဉ်က မျက်စိ မကန်းရ၊
၂။ ပဋိသန္ဓေနေစဉ်က နား မကန်းရ၊
၃။ မရူးရ၊

http://www.dhammadownload.com



၄။ မအရ၊
၅။ မဆွံ့ရ၊
၆။ လူရိုင်း မဖြစ်ရ၊
၇။ ကျွန်မရဲ့ဝမ်းမှာ မဖြစ်ရ၊
၈။ ကံနဲ့ ကံရဲ့အကျိုးကို မယုံကြည်တဲ့ အယူမှားသူ မဖြစ်ရ၊
၉။ လိင် မပြန်ရ၊
၁၀။ အာနန္တရိယကံ ၅ ပါးကို မကျူးလွန်ရ၊
၁၁။ နူနာ မရှိရ၊
၁၂။ တိရစ္ဆာန်ဘဝမှာ ငုံးငှက်အောက် ခန္ဓာကိုယ် မငယ်ရ၊
၁၃။ ဆင်ထက် ခန္ဓာကိုယ် မကြီးရ၊
၁၄။ ဆာလောင်၊ မွတ်သိပ်၊ ပူလောင်တဲ့တဏှာရှိတဲ့ ပြိတ္တာ၊ ကာလကဉ္စိကာအသုရာ၊ အဝီစိငရဲ၊ လောကန္တရိတ်ငရဲမှာ မဖြစ်ရ၊
၁၅။ ကာမဘုံမှာ မာရ်နတ် မဖြစ်ရ၊
၁၆။ ရူပဘုံတွေထဲမှာ အသညသတ်ဘုံနဲ့ သုဒ္ဓါဝါသဘုံတွေမှာ မဖြစ်ရ၊
၁၇။ အရူပဘုံတွေမှာ မဖြစ်ရ၊
၁၈။ အခြားစကြဝဠာသို့ မပြောင်းရွှေ့ရ။

(သုတ္တနိပါတ၊ ဋ္ဌ၊ ပ၊ ၄၅)

## ဗုဒ္ဓဘူမိ (ဘုရားရဲ့တည်မှီရာ) ၄ မျိုး

၁။ ကြိုးစားအားထုတ်မှု၊
၂။ ပညာ၊
၃။ အဓိဋ္ဌာန်၊
၄။ မေတ္တာဘာဝနာ၊

(သုတ္တနိပါတ၊ ဋ္ဌ၊ ပ၊ ၄၅)

http://www.dhammadownload.com



## ပစ္စေကဗုဒ္ဓါအဖြစ် ဆုတောင်းသူ ပြည့်စုံရမည့်အချက် ၅ ချက်

၁။ လူအဖြစ်၊
၂။ ယောကျ်ားအဖြစ်၊
၃။ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ဘုရားသာဝက တစ်ပါးပါးကို ဖူးမြော် ရခြင်း၊
၄။ အသက်စသည်ကို စွန့်လွှတ်ခြင်း၊
၅။ ပြုလုပ်လိုတဲ့ဆန္ဒ အားကြီးခြင်း၊

(သုတ္တနိပါတ၊ ဋ္ဌ၊ ပ၊ ၄၆)

## ပါရမီကာလ

ပစ္စေကဗုဒ္ဓါတွေက ၂ အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီ ဖြည့်ကြရတယ်။

အဂ္ဂသာဝက ၂ ပါးက ၁ အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီ ဖြည့်ကြရတယ်။

၈၀ သော မဟာသာဝကတွေက ကမ္ဘာတစ်သိန်း ပါရမီဖြည့် ကြရတယ်။

ဘုရားမယ်တော်၊ ခမည်းတော်၊ ဘုရားအလုပ်အကျွေး၊ ဘုရား သားတော်တွေဟာလည်း ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကြရတယ်။

ဒီကာလတွေအောက် လျော့လို့မရ။

(သုတ္တနိပါတ၊ ဋ္ဌ၊ ပ၊ ၄၆)

http://www.dhammadownload.com



## ဖြစ်ရာအမျိုး

ဘုရားရှင်တွေ၊ အဂ္ဂသာဝကတွေက မင်းမျိုးနဲ့ ပုဏ္ဏားမျိုးမှာ ဖြစ်ကြတယ်။

ပစ္စေကဗုဒ္ဓါတွေက မင်းမျိုး၊ ပုဏ္ဏားမျိုး၊ သူကြွယ်မျိုးတွေမှာ ဖြစ်ကြတယ်။

(သုတ္တနိပါတ၊ ဋ္ဌ၊ ပ၊ ၄၆)

## ဘုရားနဲ့ပစ္စေကဗုဒ္ဓါ

ဘုရားရှင်အားလုံးဟာ ပျက်ဆဲကမ္ဘာမှာ မပွင့်ကြ။ တည်ဆဲကမ္ဘာမှာ ပွင့်ကြတယ်။

ပစ္စေကဗုဒ္ဓါတွေက ဘုရားရှင်တွေဆီ မရောက်ဘဲ ဘုရားရှင်တွေရဲ့ကြားကာလမှာသာ ပွင့်ကြတယ်။

ဘုရားရှင်တွေက ကိုယ်တိုင်လည်း သိကြတယ်၊ သူတစ်ပါးတွေကိုလည်း သိအောင် ဟောနိုင်ကြတယ်။

ပစ္စေကဗုဒ္ဓါတွေက ကိုယ်ကိုယ်တိုင်ပဲ သိကြတယ်၊ သူတစ်ပါးတွေကို သိအောင် မဟောနိုင်ကြ။

(သုတ္တနိပါတ၊ ဋ္ဌ၊ ပ၊ ၄၆)

## ပစ္စေကဗုဒ္ဓါ

ပစ္စေကဗုဒ္ဓါတွေက အနက်အဓိပ္ပာယ်ရဲ့ အရသာ (အတ္ထရသ) ကို မသိကြ။ မှန်ပါတယ်၊ သူတို့ဟာ လောကုတ္တရာတရားကို ပညတ်တင်ပြီး မဟောနိုင်ကြ။ အအဟာအိပ်မက် မက်သလို၊ တောမှာ လှည့်လည်ကျက်စားသူဟာ မြို့က ဟင်းအရသာကို စားရသလိုပဲ ပစ္စေကဗုဒ္ဓါ

http://www.dhammadownload.com



တွေရဲ့ တရားထိုးထွင်းသိမှု ဖြစ်ပါတယ်။ တန်ခိုး၊ သမာပတ်၊ ပဋိသမ္ဘိဒါအားလုံးကို ရကြတယ်။ ဂုဏ်ထူးအားဖြင့် ဘုရားရှင်တွေရဲ့အောက်၊ သာဝကတွေရဲ့အထက်မှာ ရှိပါတယ်။ အခြားသူတွေကို ရှင်ပြုပေးပြီး ခန္ဓကကျင့်ဝတ်ကို သင်ပေးကြပါတယ်။ 'စိတ်မှာ ကိလေသာခေါင်းပါးအောင် လုပ်ရမယ်၊ တော်ပြီတန်ပြီလို့ လုံ့လလျှော့ခြင်းသို့ မရောက်ထိုက်' လို့ အကျဉ်းအားဖြင့် ဥပုသ်ပြုကြပါပေတယ်။ 'ဒီနေ့ ဥပုသ်နေ့ပဲ' ဆိုတဲ့ စကားမျှနဲ့လည်းပဲ ဥပုသ်ပြုကြပါတယ်။ ဥပုသ်ပြုကြတဲ့အခါ ဂန္ဓမာဒနတောင်ရှိ မဉ္ဇူသကသစ်ပင်အောက်က ရတနာတန်ဆောင်းမှာ စုဝေးပြီး ပြုကြပါတယ်။

(သုတ္တနိပါတ၊ ဋ္ဌ၊ ပ၊ ၄၆)

# ပရိက္ခရာ

အိပ်ရာဝင်တဲ့ ပရိက္ခရာ ၉ ပါးဆောင် ရဟန်းအား အိပ်ရာပေါ် ခင်းတဲ့အခင်းနဲ့ သော့အပ်တယ်။ ပရိက္ခရာ ၁၀ ပါးဆောင်တဲ့ ရဟန်းအား နိသီဒိုင်နဲ့ သားရေပိုင်း အပ်တယ်။ ပရိက္ခရာ ၁၁ ပါးဆောင်တဲ့ ရဟန်းအား တောင်ဝှေးနဲ့ ဆီဘူး အပ်တယ်။ ပရိက္ခရာ ၁၂ ပါးဆောင်တဲ့ ရဟန်းအား ထီးနဲ့ဖိနပ် အပ်တယ်။

အဲဒီရဟန်းတွေထဲက ပရိက္ခရာ ၈ ပါးဆောင်တဲ့ ရဟန်းသာ ရောင့်ရဲသူ ဖြစ်တယ်။ အခြားသူတွေ မရောင့်ရဲဘူး အလိုကြီးတယ် ဝန်လေးတယ်လို့ မဆိုသင့်ပါ။ သူတို့လည်း အလိုနည်းတာပါပဲ။ ရောင့်ရဲတာပါပဲ။ မွေးမြူလွယ်တာပါပဲ။ ပေါ့ပါးတဲ့ အသက်မွေးမှု ရှိကြတာပါပဲ။

(မူလပဏ်၊ ဋ္ဌ၊ ဒု၊ ၁၁၆)

http://www.dhammadownload.com



# ကောလာဟလ ၃ မျိုး

၁။ ကပ္ပကောလာဟလ၊

၂။ ဗုဒ္ဓကောလာဟလ၊

၃။ စက္ကဝတ္တိကောလာဟလ၊

## ကပ္ပကောလာဟလ

အနှစ်တစ်သိန်း လွန်တဲ့အခါ ကမ္ဘာပျက်လိမ့်မယ်လို့ လောကဗျူဟာအမည်ရှိ ကာမာဝစရနတ်တွေဟာ ဦးခေါင်းမှာ ပုလဲသွယ်ရှိတယ်၊ ဆံပင်တွေ ပြန့်ကျဲနေတယ်၊ မျက်နှာက ငိုနေတယ်၊ မျက်ရည်တွေကို လက်တွေနဲ့ သုတ်နေတယ်၊ အဝတ်နီတွေ ဝတ်ဆင်ထားတယ်၊ ရုပ်သွင်ပြင်ဟာ အလွန်ပဲ ဖောက်ပြန်နေတယ်။ လူတွေရဲ့လမ်းတွေထဲ လှည့်လည်ကြရင်း ဒီလိုပြောကြတယ်။

'မိတ်ဆွေတို့ ဒီအချိန်ကနောက် အနှစ်တစ်သိန်းကြာတဲ့အခါ ကမ္ဘာပျက်ပါလိမ့်မယ်။ ဒီလောကကြီး ပျက်စီးပါလိမ့်မယ်။ သမုဒ္ဒရာကြီးလည်း ခန်းခြောက်ပါလိမ့်မယ်။ ဒီမြေကြီးနဲ့ မြင်းမိုရ်တောင်ဟာ မီးလောင်ပြီး ပျက်စီးပါလိမ့်မယ်။ ဗြဟ္မာ့ပြည်တိုင်အောင် လောကကြီး ပျက်စီးပါလိမ့်မယ်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားတွေကို ပွားကြပါ။ မိဘတွေကို လုပ်ကျွေးကြပါ။ အမျိုးထဲမှာ ကြီးသူတွေကို ရိုသေကြပါ'

အဲဒါဟာ ကမ္ဘာနဲ့ပတ်သက်တဲ့ ကောလာဟလပါပဲ။ (အုတ်အုတ်ကျက်ကျက်ဖြစ်တဲ့ အသံပါပဲ။)

## ဗုဒ္ဓကောလာဟလ

လောကကို စောင့်ရှောက်ကြတဲ့ နတ်တွေက 'မိတ်ဆွေတို့

http://www.dhammadownload.com



ဒီအချိန်ကနောက် အနှစ်တစ်ထောင် လွန်မြောက်တဲ့အခါ လောကမှာ ဘုရားရှင် ပွင့်တော်မူပါလိမ့်မယ်’လို့ ကြွေးကြော်ကာ လှည့်လည်ကြတယ်။ အဲဒါဟာ ဘုရားနဲ့ ပတ်သက်တဲ့ ကောလာဟလပါပဲ။

**စက္ကဝတ္တိကောလာဟလ**

နှစ်ပေါင်းတစ်ရာ လွန်တဲ့အခါ စကြဝတေးမင်း ဖြစ်လာလိမ့်မယ်လို့ ဆိုရမယ့်အချိန်မှာ နတ်တွေက ‘မိတ်ဆွေတို့၊ ဒီအချိန်ကနောက် အနှစ်တစ်ရာ လွန်မြောက်တဲ့အခါ လောကမှာ စကြဝတေးမင်း ဖြစ်ပေါ်လာပါလိမ့်မယ်’ လို့ ကြွေးကြော်ကာ လှည့်လည်ကြတယ်။ အဲဒါဟာ စကြဝတေးမင်းနဲ့ ပတ်သက်တဲ့ ကောလာဟလပါပဲ။

(ဇာတက၊ ဋ္ဌ၊ ပ၊ ၅၆၊ ၅၇)

## ဘုရားလောင်းရဲ့ ကြည့်ခြင်း ၅ ပါး

၁။ ဘုရားပွင့်ရမယ့် အချိန်အခါ၊ (အနှစ်တစ်ရာသက်တမ်း)
၂။ ဘုရားပွင့်ရမယ့် ကျွန်း၊ (ဇမ္ဗူဒိပ်)
၃။ ဘုရားပွင့်ရမယ့် အရပ်၊ (မဇ္ဈိမ– အိန္ဒိယအလယ်ပိုင်း)
၄။ ဘုရားဖြစ်ရမယ့် အမျိုး၊ (မင်းမျိုးနဲ့ ပုဏ္ဏားမျိုး)
၅။ မယ်တော်ရဲ့ သက်တမ်း၊ (၁၀ လနဲ့ ၇ ရက်)

(ဇာတက၊ ဋ္ဌ၊ ပ၊ ၅၇)

## ဘုရားပွင့်ရာအချိန်အခါ

အသက်တစ်သိန်းထက် ပိုရှည်တဲ့ သက်တမ်းအချိန်ဟာ ဘုရားပွင့်ဖို့ အချိန်အခါ မဟုတ်။ အကြောင်းကတော့ အဲဒီအခါမှာ သတ္တဝါတွေမှာ ဇာတိ (ပဋိသန္ဓေနေရမှု)၊ ဇရာ (အိုရမှု)၊ မရဏ (သေရမှု) တွေ

http://www.dhammadownload.com



ဟာ မထင်ရှားပါ။ ဘုရားရှင်တွေရဲ့ တရားဒေသနာဟာလည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာတို့မှ လွတ်တာ မရှိ။ 'အနိစ္စ၊ ဒုက္ခ၊ အနတ္တ' လို့ ဟောရင် 'ဘာကို ဟောတာလဲ' လို့ တွေးကာ နားထောင်စရာ၊ ယုံကြည်စရာလို့ ထင်ကြမှာ မဟုတ်ပါ။ ဟောလို့လည်း တရားထူးရမှာ မဟုတ်ပါ။ တရားထူး မရရင် သာသနာဟာ ဝဋ်က ထွက်မြောက်စေတဲ့ သာသနာ မဟုတ်ပါ။ ဒါကြောင့် ဒီအချိန်ဟာ ဘုရားပွင့်ဖို့အချိန် မဟုတ်ပါ။

အသက်တစ်ရာအောက် တိုတဲ့ အချိန်ဟာလည်း ဘုရားပွင့်ဖို့ အချိန်မဟုတ်ပါ။ အကြောင်းကတော့ အဲဒီအချိန်မှာ သတ္တဝါတွေဟာ ကိလေသာပေါများကြပါတယ်။ ကိလေသာပေါများသူတွေအား ပေးတဲ့ ဩဝါဒဟာ ဩဝါဒအရာမှာ မတည်ပါ။ ရေမှာ ရေးတဲ့ တုတ်အရေး အကြောင်းလို လျင်မြန်စွာ ပျောက်သွားတယ်။ ဒါကြောင့် ဒီအချိန်ဟာ လည်း ဘုရားပွင့်ဖို့အချိန် မဟုတ်ပါ။

အနှစ်တစ်သိန်းကစပြီး အောက်သက်တမ်းနဲ့ အနှစ်တစ်ရာက စပြီး အထက်သက်တမ်းဟာ ဘုရားပွင့်ဖို့ အချိန်အခါ ဖြစ်တယ်။

(ဇာတက၊ ဋ္ဌ၊ ပ၊ ၅၇၊ ၈)

## ဘုရားမယ်တော်

ဘုရားမယ်တော်ဟာ မလော်လည်ရ၊ သေရည် မသောက်ရ၊ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရတယ်။ မွေးလာရာအချိန်ကစပြီး ငါးပါး သီလ မကျိုးပျက်ရ။

(ဇာတက၊ ဋ္ဌ၊ ပ၊ ၅၉)

http://www.dhammadownload.com



## ဘုရားရှင်နဲ့ပဥ္စဝဂ္ဂီ ၅ ဦး

ဘုရားရှင်ဟာ ပဥ္စဝဂ္ဂီရဟန်းတွေရဲ့ ကမ္မဋ္ဌာန်းတွေမှာ ဖြစ်ပေါ်လာတဲ့ အညစ်အကြေးကို သုတ်သင်ဖို့ ကျောင်းဝင်းအတွင်းမှာပဲ ရှိပါတယ်။ ကမ္မဋ္ဌာန်းအညစ်အကြေး ဖြစ်ပေါ်လာတိုင်း ပဥ္စဝဂ္ဂီရဟန်းတွေကလည်း ဘုရားရှင် ထံသွားပြီး မေးကြပါတယ်။ ဘုရားရှင်ကလည်း ပဥ္စဝဂ္ဂီရဟန်းတွေရဲ့ ထိုင်ရာနေရာကို သွားပြီး အညစ်အကြေးကို သုတ်သင်ပေးပါတယ်။ ရဟန်းတွေ ခံယူရရှိတဲ့ ဆွမ်းကို ဘုဉ်းပေးတဲ့ ဘုရားရှင်ဟာ ရဟန်းတွေကို ဆုံးမတဲ့အခါ ဝါဆိုလပြည့်ကျော် တစ်ရက်နေ့မှာ အရှင်ဝပ္ပဟာ သောတာပန် ဖြစ်တယ်။ အရှင်ဘဒ္ဒိယက လပြည့်ကျော် ၂ ရက်မှာ၊ အရှင်မဟာနာမ်က ၃ ရက်မှာ၊ အရှင်အဿဇိက ၄ ရက်မှာ သောတာပန် ဖြစ်ကြတယ်။ ၅ ရက်နေ့မှာ ၅ ပါးပေါင်းပြီး အနတ္တလက္ခဏာသုတ်ကို ဟောပါတယ်။ အဆုံးမှာ အားလုံး ရဟန္တာ ဖြစ်သွားကြပါတယ်။

(မူလပဏ်၊ ဋ၊ ဒု၊ ၉၇)

## သီလချင်း အတူတူ

အရိယာပုဂ္ဂိုလ်တွေရဲ့သီလဟာ သမုဒ္ဒရာကြားမှာရော နတ်ပြည်မှာပါ နေကြတဲ့ အခြားအရိယာပုဂ္ဂိုလ်တွေရဲ့ သီလနဲ့ တူမျှကြတာချည်းပါပဲ။ မဂ်သီလမှာ ထူးခြားတာ မရှိပါ။ (မူလပဏ်၊ ဋ၊ ဒု၊ ၁၉၈)

## အရိယာနဲ့အာပတ်

အရိယာပုဂ္ဂိုလ်မှာ အာပတ်သင့်ရင် ကြီးလေးတဲ့ အာပတ်တွေမှာ ကုဋိကာရအာပတ်လို၊ ပေါ့ပါးတဲ့ အာပတ်တွေထဲမှာ သဟသေယျ

http://www.dhammadownload.com



စသည်လို ကျူးလွန်လိုစိတ်မပါတဲ့ အာပတ်သာ သင့်တယ်။ စေတနာ မပါဘဲ သင့်တယ်၊ သင့်ပြီးရင် ဖုံးကွယ်မထား။

(မူလပဏ်၊ ဋ္ဌ၊ ဒု၊ ၂၉၉)

## အရိယာနဲ့တရားနာ

အရိယာပုဂ္ဂိုလ်တွေဟာ တရားနာရတာကို မြတ်နိုးကြတယ်။ တရားဟောရာနေရာကို သွားပြီး ငိုက်ကာ မထိုင်ကြ။ အချင်းချင်း စကားပြောပြီး မထိုင်ကြ။ စိတ်ပျံ့လွင့်ပြီး မထိုင်ကြ။ တကယ်တော့ အမြိုက်အရသာကို စားရသူတွေလို တရားနာရာမှာ မတင်းတိမ်ကြ။

(မူလပဏ်၊ ဋ္ဌ၊ ဒု၊ ၃၀၀)

## တပည့် ၃ ဦး

ဇမ္ဗူဒိပ်မှာ နိဂဏ္ဌတို့ရဲ့ တပည့်ကျော် ၃ ဦး ရှိတယ်။

၁။ နာဠန္ဒာမြို့က ဥပါလိသူကြွယ်၊

၂။ ကပိလဝတ်မြို့က ဝပ္ပသာကီဝင်၊

၃။ ဝေသာလီမြို့က သီဟစစ်သူကြီး၊

(အံ၊ ဋ္ဌ၊ တ၊ ၂၀၉)

## ၄ ပုံ ပုံပါ

၁။ တစ်ပုံကို စားသုံးပါ၊

၂။ နှစ်ပုံနဲ့ အလုပ်လုပ်ပါ၊

၃။ ၄ ပုံမြောက်ကို ဘေးရန်ရောက်တဲ့အခါအတွက် သိမ်းထားပါ၊

(အံ၊ ဋ္ဌ၊ တ၊ ၂၃၉)

http://www.dhammadownload.com



## မာရ်နတ်နဲ့အရှင်အာနန္ဒာ

မာရ်နတ်ဟာ ဝိပလ္လာသ ၁၂ ပါးလုံး အကုန်မပယ်ရှားရသေး သူရဲ့ စိတ်ကို နှောင့်ယှက်တယ်။ အရှင်အာနန္ဒာဟာ ဝိပလ္လာသ ၄ ပါးကို မပယ်ရသေး၊ ဒါကြောင့် အရှင်အာနန္ဒာရဲ့စိတ်ကို မာရ်နတ်က နှောင့်ယှက်တယ်။

မာရ်နတ်ဟာ စိတ်ကို နှောင့်ယှက်တဲ့အခါ ဘယ်လိုလုပ်သလဲ။

မာရ်နတ်ဟာ ကြောက်စရာအဆင်းကိုဖြစ်စေပြတယ်၊ ကြောက်စရာ အသံကိုဖြစ်စေ ကြားစေတယ်။

သတ္တဝါတွေဟာ အဲဒီအဆင်းကို မြင်ပြီး၊ အဲဒီအသံကို ကြားပြီး သတိလက်လွတ်ကာ ပါးစပ်ပွင့်သွားကြတယ်။ သူတို့ရဲ့ပါးစပ်ထဲ လက်ကိုသွင်းကာ နှလုံးကို နှိပ်ချေတယ်။ အဲဒါကြောင့် သညာကင်းမဲ့ပြီး ရပ်တည်နေကြရတယ်။ အရှင်အာနန္ဒာရဲ့ပါးစပ်ထဲမှာ သူ့လက်ကို ဘယ်မှာ သွင်းနိုင်မလဲ။ ကြောက်စရာအဆင်းကိုသာ ပြတယ်၊ အဲဒါကိုမြင်ပြီး အရှင်အာနန္ဒာဟာ နိမိတ်အရောင်ကို မသိဖြစ်သွားတယ်။

(အံ၊ ဋ္ဌ၊ တ၊ ၂၄၈)

## ကျွမ်းကျင်တဲ့ သူခိုးတို့ရဲ့ ကျင့်ဝတ်

သူတစ်ပါးရဲ့ အဝတ် ၂ ထည်ထဲက တစ်ထည်ကို ယူရတယ်။ တစ်ထည်ပဲ ရှိရင် မခိုင်တာကို ထားခဲ့ပြီး ခိုင်တာကို ယူရတယ်။ ထမင်းထုပ်၊ ဆန်ထုပ်စသည်တွေမှာ တစ်ဖို့ကို ယူပြီး တစ်ဖို့ကို ထားခဲ့ရတယ်။ (အံ၊ ဋ္ဌ၊ ၂၅၃)

## တစ်ခုခု မြင်ရင်

အနိစ္စလက္ခဏာကို မြင်ရင် အနတ္တလက္ခဏာကို မြင်ပြီး ဖြစ်

http://www.dhammadownload.com



တယ်။ မှန်တယ်၊ ဒီလက္ခဏာ သုံးပါးထဲက တစ်ပါးပါးကို မြင်ရင် ကျန်တဲ့ ၂ ပါးကိုလည်း မြင်ပြီးဖြစ်သွားတယ်။

(အံ၊ ၄၊ တ၊ ၂၅၈)

## မဇ္ဈိမဒေသနဲ့ဇမ္ဗူဒိပ်

မဇ္ဈိမဒေသ (ဣန္ဒိယနိုင်ငံရဲ့အလယ်ပိုင်းအရပ်) ဟာ အလျားအားဖြင့် ယူဇနာ ၃၀၀၊ အနံအားဖြင့် ယူဇနာ ၂၅၀၊ အဝန်းအဝိုင်းအားဖြင့် ယူဇနာ ၉၀၀ ရှိတယ်။ အဲဒီအရပ်မှာ ဘုရားရှင်တွေ၊ ပစ္စေကဗုဒ္ဓါတွေ၊ အဂ္ဂသာဝကတွေ၊ ၈၀ သော မဟာသာဝကတွေ၊ စကြဝတေးမင်း၊ တန်ခိုးကြီးတဲ့ အခြားခတ္တိယမဟာသာလ၊ ဗြာဟ္မဏမဟာသာလ၊ ဂဟပတိမဟာသာလတွေ ဖြစ်ကြတယ်။

ဇမ္ဗူဒိပ် (တောင်ကျွန်း) ဟာ ကြီးကျယ်တယ်။ ယူဇနာ ၁၀၀၀၀ ရှိတယ်။

(ဇာတက၊ ၄၊ ပ၊ ၅၈)

## ဘုရားလောင်းမယ်တော်

ဘုရားလောင်း ပဋိသန္ဓေ ယူပြီးတဲ့အခါ ဘုရားလောင်းနဲ့ မယ်တော်မှာ ဘေးရန်မကျရောက်အောင် သန်လျက်ကိုင်ထားတဲ့ နတ်သား ၄ ယောက်က စောင့်ရှောက်ကြတယ်။ ဘုရားလောင်းမယ်တော်မှာ ယောကျ်ားတွေအပေါ် ရာဂစိတ်မဖြစ်၊ လာဘ်အရာ၊ အခြွေအရံအရာမှာ အထွတ်အထိပ်ရောက်တယ်။ ချမ်းသာတယ်၊ ကိုယ်ခန္ဓာ မပင်ပန်း၊ ဝမ်းဗိုက်တွင်းရောက်နေတဲ့ ဘုရားလောင်းကို အထူးကြည်လင်နေတဲ့ ပတ္တမြားရတနာမှာ သီသွင်းထားတဲ့ ဖျော့တော့ဝါဝင်းတဲ့ ကြိုးကို မြင်ရသလို မြင်ရတယ်။ ဘုရားလောင်းနေရာ ဝမ်းဗိုက်ဟာ စေတီတိုက်

http://www.dhammadownload.com



နဲ့တူတယ်။ အခြားသတ္တဝါ မနေနိုင်၊ မသုံးစွဲနိုင်။ ဒါကြောင့် ဘုရားလောင်းမယ်တော်ဟာ ဘုရားလောင်းကို မွေးဖွားပြီး ၇ ရက် ရှိတဲ့အခါ နတ်ရွာစံပြီး တုသိတာနတ်ပြည်မှာ ဖြစ်တယ်။ အခြားမိန်းမတွေက ၁၀ လ မရောက်ခင်မှာရော လွန်ပြီးအခါမှာရော ထိုင်လျက်ရော၊ လျောင်းလျက်ပါ မွေးဖွားကြတယ်။ ဘုရားလောင်းမယ်တော်မှာတော့ အဲဒီလို မဟုတ်၊ ဘုရားလောင်းကို ၁၀ လ ဝမ်းနဲ့လွယ်ပြီး ရပ်လျက်ပဲ မွေးဖွားတယ်။ အဲဒါဟာ ဘုရားလောင်းမယ်တော်မှာ ဖြစ်မြဲသဘောပဲ။

(ဇာတက၊ ၄၊ ပ၊ ၆၁)

## ရှေ့ပြေးနိမိတ်

၁။ ဘုရားလောင်း ပဋိသန္ဓေယူတဲ့ခဏနဲ့ ဖွားမြင်တဲ့ခဏမှာ တစ်ပြိုင်နက်တည်းပဲ တစ်သောင်းသော လောကဓာတ်ဟာ တုန်လှုပ်တယ်။ ပြင်းပြင်းထန်ထန် တုန်လှုပ်တယ်။

၂။ စကြဝဠာတစ်သောင်းမှာ အတိုင်းအတာမရှိတဲ့ အရောင် ပြန့်တယ်။

၃။ အဲဒီအရောင်ရဲ့ အသရေကို မြင်လိုတဲ့ ကန်းသူတွေက မြင်လာကြတယ်။

၄။ နားမကြားသူတွေ ကြားလာကြတယ်။

၅။ အအတွေက စကားပြောလာကြတယ်။

၆။ ခါးကုန်းသူတွေ ဖြောင့်သွားတယ်။

၇။ ဆွံ့နေသူတွေ ခြေနဲ့ သွားနိုင်တယ်။

၈။ အနှောင်အဖွဲ့ခံရသူတွေ အနှောင်အဖွဲ့မှ လွတ်ကြတယ်။

၉။ ငရဲအားလုံးမှာ မီးငြိမ်းတယ်။

၁၀။ ပြိတ္တာဘုံမှာ ဆာလောင်မွတ်သိပ်မှုတွေ ပပျောက်တယ်။

http://www.dhammadownload.com



၁၁။ တိရစ္ဆာန်တွေမှာ ဘေးကင်းတယ်။

၁၂။ သတ္တဝါအားလုံးမှာ ရောဂါ ပပျောက်တယ်။

၁၃။ သတ္တဝါအားလုံးဟာ ချစ်ချစ်ခင်ခင် စကားပြောကြတယ်။

၁၄။ ချိုမြိန်တဲ့အသံနဲ့ မြင်းတွေ ဟီကြတယ်။

၁၅။ ဆင်တွေ အော်ကြတယ်။

၁၆။ တူရိယာအားလုံး ကိုယ့်အသံကို မြည်ကြတယ်။

၁၇။ လူတွေရဲ့လက်ဝတ်တန်ဆာစတဲ့ တန်ဆာတွေဟာ မထိခိုက်ဘဲ မြည်ကြတယ်။

၁၈။ အရပ်မျက်နှာအားလုံးဟာ ကြည်လင်နေတယ်။

၁၉။ သတ္တဝါတွေမှာ ချမ်းသာစေကော လေပြေလေညင်း တိုက်ခတ်တယ်။

၂၀။ အခါမဲ့မိုး ရွာတယ်။

၂၁။ မြေကြီးကလည်း ရေဖောက်ထွက်ပြီး စီးဆင်းတယ်။

၂၂။ ငှက်တွေက ကောင်းကင်မှာ ပျံသန်းတာကို ရပ်လိုက်ကြတယ်။

၂၃။ မြစ်တွေက မစီးဆင်းဘဲ ရပ်နေကြတယ်။

၂၄။ မဟာသမုဒ္ဒရာက ရေချိုတယ်။

၂၅။ နေရာတကာမှာပဲ ပဒုမ္မာကြာ ၅ မျိုး ရေပြင်ကို ဖုံးလွှမ်းတယ်။

၂၆။ ကုန်းပန်း၊ ရေပန်းစတဲ့ ပန်းအားလုံး ပွင့်ကြတယ်။

၂၇။ သစ်ပင်တွေရဲ့ပင်စည်တွေမှာ ပင်စည်ပဒုမ္မာတွေ၊ အကိုင်းတွေမှာ အကိုင်းပဒုမ္မာတွေ၊ နွယ်တွေမှာ နွယ်ပဒုမ္မာတွေ ပွင့်ကြတယ်။

၂၈။ ကုန်းပေါ်က ကျောက်အပြင်ကို ခွဲပြီး အထက်ဘက်မှာ ၇ ခု၊ ၇ ခု ဖြစ်ပြီး တုတ်ပဒုမ္မာတွေ ထွက်ကြတယ်။

၂၉။ ကောင်းကင်မှာ တွဲလွဲကျပဒုမ္မာတွေ ဖြစ်ကြတယ်။

၃၀။ ပတ်ဝန်းကျင်မှာ ပန်းမိုးတွေ ရွာကြတယ်။

၃၁။ ကောင်းကင်မှာ နတ်တူရိယာတွေ မြည်ကြတယ်။

http://www.dhammadownload.com



၃၂။ တစ်သောင်းသော လောကဓာတ်ဟာ လည်ပြီး စွန့်လွှတ်အပ်တဲ့ ပန်းကုံးပမာ၊ ညှစ်ပြီး ဖွဲ့သီအပ်တဲ့ ပန်းစည်းပမာ တန်ဆာဆင်မှုနဲ့ယှဉ်တဲ့ ပန်းပြားပမာ ပန်းချင်းဆက်နေတယ်။ သားမြီးယပ်ပြန့်နှံ့နေတယ်။ ပန်းနံ့၊ အခိုးနံ့နဲ့ ထုံထားတယ်။ အလွန်အကဲ တင့်တယ်တယ်။

(ဥဒါန၊ ဋ္ဌ၊ ၁၃၂၊ ၃)
(ဇာတက၊ ဋ္ဌ၊ ပ၊ ၆၀၊ ၆၁)

## မွေးပြီးခါစ စကားပြောတဲ့ ၃ ဘဝ

ဘုရားလောင်းဟာ ၃ ဘဝမှာ အမိဝမ်းမှ ထွက်ခါမျှမှာ စကားဆိုခဲ့ပါတယ်။

၁။ မဟောသဓာဘဝ၊

၂။ ဝေဿန္တရာဘဝ၊

၃။ နောက်ဆုံးဘဝ၊

မဟောသဓာဘဝမှာ အမိဝမ်းမှ ထွက်ပြီးခါမျှ သိကြားမင်းက လာပြီး စန္ဒကူးနံ့သာနှစ်ကို လက်မှာ ထားပြီး သွားတယ်။ ဘုရားလောင်းက အဲဒီစန္ဒကူးနှစ်ကို လက်မှာ ဆုပ်ပြီး ထွက်လာတယ်။ အဲဒီအခါ သူ့ကို အမေက 'ချစ်သား ဘာကို ယူပြီးလာတာလဲ' လို့ မေးတယ်။ 'ဆေးကို ယူလာပါတယ် အမေ'လို့ ဖြေတယ်။ အဲဒီလိုဆေးကို ယူပြီး လာလို့ 'ဩသဓဒါရက = ဆေးကလေး' လို့ နာမည်ပေးကြတယ်။ အဲဒီ ဆေးကို ယူပြီး ရေအိုးစရည်းမှာ ထည့်ကြတယ်။ လာလာသမျှ မျက်စိကန်း၊ နားကန်းစသူတို့အတွက် အဲဒီစန္ဒကူးနှစ်ကပဲ ရောဂါ အားလုံး ပျောက်ဖို့ရာ ဆေး ဖြစ်တယ်။ အဲဒီကနောက် 'ဒီဆေး မြင့်မြတ်တယ်၊ ဒီဆေး မြင့်မြတ်တယ်' လို့ ပြောတဲ့စကားကို စွဲပြီး 'မဟောသဓာ' လို့ပဲ နာမည်တွင်တယ်။

http://www.dhammadownload.com



ဝေဿန္တရာဘဝမှာ အမိဝမ်းက ထွက်တဲ့အခါ လက်ယာလက်ကို ဆန့်တန်းပြီး 'မိခင် အိမ်မှာ တစ်စုံတစ်ခု ရှိပါသလား၊ အလှူလှူပါမယ်' လို့ ပြောကာ ထွက်လာတယ်။ သူ့ရဲ့အမေက 'ချစ်သားသင်ဟာ ဥစ္စာရှိတဲ့အိမ်မှာ ဖြစ်တာပဲ' လို့ ပြောကာ သားရဲ့လက်ကို မိမိရဲ့လက်ဝါးအပေါ်မှာထားကာ အသပြာတစ်ထောင် အိတ်ကို တည်စေပါတယ်။

ဒီနောက်ဆုံးဘဝမှာ မွေးဖွားပြီး မြောက်အရပ်ကို ခြေလှမ်း ၇ လှမ်းလှမ်းရာ ၇ လှမ်းမြောက်မှာ 'ငါဟာ လောကရဲ့ အမြတ်ဆုံး၊ အကြီးဆုံး၊ အသာဆုံး' လို့ စကားမြွက်ဆိုပါတယ်။

(ဇာတက၊ ဋ္ဌ၊ ပ၊ ၆၃)

## ဘုရားလောင်းနဲ့ ငါးပါးသီလ

ဘုရားလောင်းဟာ တချို့နေရာတွေမှာ သူတစ်ပါးအသက်သတ်တာလည်း ရှိတယ်။ သူတစ်ပါးဥစ္စာကို ခိုးယူတာလည်း ရှိတယ်။ သူတစ်ပါး သားမယား မှောက်မှားတာလည်း ရှိတယ်။ သေရည်အရက်သောက်တာလည်း ရှိတယ်။ အကျိုးပျက်ပြားစေတဲ့ ချွတ်ယွင်းမှုကို ရှေ့ရှုပြီး လိမ်ညာတာတော့ မရှိ။

(ဇာတက၊ ဋ္ဌ၊ တ၊ ၄၇၅)

## သံသရာ

မပြတ် ဖြစ်နေတဲ့ ခန္ဓာ၊ အာယတန၊ ဓာတ်အစဉ်ကို သံသရာလို့ ခေါ်တယ်။ (ဗုဒ္ဓဝံသ၊ ဋ္ဌ၊ ၁၁၅)

## ဝဋ်သစ်ငုတ်

အကိရိယဒိဋ္ဌိက ကံကို ပယ်တယ်၊

http://www.dhammadownload.com



နတ္ထိကဒိဋ္ဌိက အကျိုးကို ပယ်တယ်၊
အဟေတုဒိဋ္ဌိက ကံနဲ့အကျိုး နှစ်မျိုးလုံးကို ပယ်တယ်။
ကံကို ပယ်ရင်လည်း အကျိုးကို ပယ်တယ်။
အကျိုးကို ပယ်ရင်လည်း ကံကို ပယ်တယ်။

အဲဒီနည်းနဲ့ အဲဒီဝါဒ ၃ ပါးလုံးက ကံနဲ့ ကံရဲ့အကျိုးကို ပယ်တယ်။

အဲဒီအယူကို ယူပြီး နေ့နေရာ၊ ညနေရာတွေမှာ ထိုင်ကာ ရွတ်အံရင်၊ စူးစမ်းရင် အဲဒီအာရုံမှာ လွဲမှားတဲ့ သတိ တည်တယ်။ စိတ် တည်တယ်။ ဇောတွေ စောတယ်၊ ပထမဇောမှာ ကုစားလို့ရတယ်။ ဒုတိယဇောစသည်မှာ ကုစားလို့ရတယ်။ သတ္တမဇောမှာ ဘုရားရှင်တွေလည်း ကုစားလို့မရတော့။ ဆုတ်နစ်ခြင်းမရှိ၊ အရိဋ္ဌကဏ္ဍကနဲ့တူတယ်။

အဲဒီအယူ ၃ မျိုးထဲက တချို့က တစ်ယူကို ယူတယ်။ တချို့က နှစ်ယူ ယူတယ်။ တချို့က သုံးယူ ယူတယ်။ တစ်ယူပဲ ယူယူ၊ နှစ်ယူပဲ ယူယူ၊ သုံးယူပဲ ယူယူ နိယတမိစ္ဆာဒိဋ္ဌိ အယူရှိသူပဲ။ နတ်ပြည်နဲ့ နိဗ္ဗာန်ကို မရောက်နိုင်။ အဲဒီသူဟာ မြေကိုစောင့်တဲ့ ဝဋ်သစ်ငုတ်ပဲ။

(မဇ္ဈိမပဏ္ဏာ၊ ဋ္ဌ၊ ၈၅)

## ဝီရိယအင်္ဂါ ၄ ပါး

၁။ အရေ ချည်းကျန်ပါစေ၊
၂။ အကြောချည်း ကျန်ပါစေ၊
၃။ အရိုးချည်း ကျန်ပါစေ၊
၄။ အသား၊ အသွေးချည်း ကျန်ပါစေ၊ ဝီရိယကို မလျှော့ခြင်း။

(မဇ္ဈိမပဏ္ဏာ၊ ဋ္ဌ၊ ၁၃၅)

http://www.dhammadownload.com



## မာရ်နတ်လက်နက် ၁၀ ခု

၁။ လေပွေ၊ ၂။ မိုးကြီး၊ ၃။ ကျောက်မိုး၊ ၄။ လက်နက်မိုး၊ ၅။ မီးကျီးမိုး၊ ၆။ ပြာပူမိုး၊ ၇။ သဲမိုး၊ ၈။ ရွှံ့ညွန်မိုး၊ ၉။ အမိုက်တိုက်၊ ၁၀။ စက်လက်နက်။

ဒီ ၁၀ မျိုးနဲ့ မာရ်နတ်က ဘုရားလောင်းကို တိုက်ခိုက်ပါတယ်။

(အပဒါန၊ ဋ္ဌ၊ ပ၊ ၈၇)

## ဘုရားရှင် ရေမီးအစုံ တန်ခိုးပြရာ ၄ ဌာန

၁။ မဟာဗောဓိမဏ္ဍိုင်၊

၂။ ဆွေမျိုးအစည်းအဝေး၊

၃။ ပါထိကပုတ္တ အစည်းအဝေး၊

၄။ ကဏ္ဍသရက်ပင်အောက်။

(အပဒါန၊ ဋ္ဌ၊ ပ၊ ၉၁)

## သူတော်ကောင်းတရား ၇ ပါး

၁။ သဒ္ဓါ၊ ၂။ ဟီရိ၊ ၃။ ဩတ္တပ္ပ၊ ၄။ ဗာဟုသစ္စ၊ ၅။ ဝီရိယ၊ ၆။ သတိ၊ ၇။ ပညာ။

(သာရတ္ထ၊ ပ၊ ၂၃၅)

## အရိယာတို့ဥစ္စာ ၇ ပါး

၁။ သဒ္ဓါ၊ ၂။ သီလ၊ ၃။ ဟီရိ၊ ၄။ ဩတ္တပ္ပ၊ ၅။ သုတ၊ ၆။ စာဂ၊ ၇။ ပညာ။

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၃၀၂)

http://www.dhammadownload.com



## ဝိဇ္ဇာ ၈ ပါး

၁။ ပုဗ္ဗေ နိဝါသဉာဏ် = ရှေးဘဝကို ပြန်ပြီး အောက်မေ့နိုင်တဲ့ ဉာဏ်၊

၂။ ဒိဗ္ဗစက္ခုဉာဏ် = နတ်မျက်စိကဲ့သို့ အနီး၊ အဝေးအဆင်းကို မြင်နိုင်တဲ့ ဉာဏ်၊

၃။ အာသဝက္ခယဉာဏ် = အာသဝေါတို့ကို ကုန်စေတဲ့ အရဟတ္တ မဂ်ဉာဏ်၊

၄။ ဝိပဿနာဉာဏ် = ရုပ်နာမ်တို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ရှုမြင်တဲ့ ဉာဏ်၊

၅။ စေတောပရိယဉာဏ် = သူတစ်ပါးစိတ်ကို သိတဲ့ဉာဏ်၊

၆။ မနောမယိဒ္ဓိဉာဏ် = မိမိစိတ်နဲ့အလားတူ ကိုယ်တစ်မျိုးကို ဖန်ဆင်းနိုင်တဲ့ ဉာဏ်၊

၇။ ဣဒ္ဓိဝိဓဉာဏ် = မြေလျှိုး မိုးပျံစသည်နဲ့ တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်တဲ့ ဉာဏ်၊

၈။ ဒိဗ္ဗသောတဉာဏ် = နတ်နားကဲ့သို့ အနီးအဝေးအသံကို ကြားနိုင်တဲ့ ဉာဏ်၊

(သီလက္ခန်ပါဠိ၊ ၉၄)

## စရဏ (နိဗ္ဗာန်ရောက်ကြောင်းအကျင့်) ၁၅ ပါး

၁။ သီလသံဝရ = သီလစောင့်စည်းမှု၊

၂။ ဣန္ဒြိယေသု ဂုတ္တဒွါရတာ = ဣန္ဒြေတို့ကို လုံခြုံအောင် စောင့်ထိန်းမှု၊

၃။ ဘောဇနေ မတ္တညုတာ = စားဖွယ်မှာ အတိုင်းအရှည် သိမှု၊

http://www.dhammadownload.com



၄။ ဇာဂရိယာနုယောဂ = နိုးနိုးကြားကြား ရှိမှု၊
၅+၁၁။ သူတော်ကောင်းတရား ၇ ပါး၊
၁၂+၁၅။ ဈာန် ၄ ပါး၊

(ပါရာဇိကဏ်၊ ဋ္ဌ၊ ပ၊ ၈၈)

## ဓုတင် ၁၃ ပါး

လောကစည်းစိမ်ကို စွန့်လွှတ်ထားသူ၊ ကိုယ်နဲ့ အသက်ကို မငဲ့ကွက်သူ၊ လောကုတ္တရာအားလျော်တဲ့ အကျင့်ကိုသာ ကျင့်လိုတဲ့ အမျိုးသားတွေအတွက် ဘုရားရှင်က ဓုတင် ၁၃ ပါးကို ထားတယ်။

## ဓုတင်္ဂ = ဓုတင် = ကိလေသာကို ခွာချတဲ့ အကျင့်

၁။ ပံသုကူလိကဓုတင် = ပံသုကူသင်္ကန်းကို ဆောင်ခြင်း၊
၂။ တေစီဝရိကဓုတင် = သင်းပိုင်၊ ဧကသီ၊ နှစ်ထပ်သင်္ကန်းဆိုတဲ့ သင်္ကန်း ၃ ထည်ကိုသာ ဆောင်ခြင်း၊
၃။ ပိဏ္ဍပါတိကဓုတင် = ဆွမ်းခံခြင်း၊
၄။ သပဒါနစာရိကဓုတင် = အိမ်စဉ်အတိုင်း ဆွမ်းခံခြင်း၊
၅။ ဧကာသနိကဓုတင် = တစ်နေရာတည်းမှာ စားခြင်း၊
၆။ ပတ္တပိဏ္ဍိကဓုတင် = သပိတ်ထဲ ရောက်လာတဲ့ စားဖွယ်ကို စားခြင်း၊
၇။ ခလုပစ္ဆာဘတ္တိကဓုတင် = ပဝါရိတ်သင့်ပြီး (ပယ်မြစ်ပြီး) နောက်မှ ရလာတဲ့ စားဖွယ်ကို မစားခြင်း၊
၈။ အာရညိကဓုတင် = တောမှာ နေခြင်း၊
၉။ ရုက္ခမူလိကဓုတင် = သစ်ပင်အောက်မှာ နေခြင်း၊
၁၀။ အဗ္ဘောကာသိကဓုတင် = လွင်တီးခေါင်မှာ နေခြင်း၊

http://www.dhammadownload.com



၁၁။ သောသာနိကစုတင် = သုသာန်မှာ နေခြင်း၊
၁၂။ ယထာသန္တတိကစုတင် = ပထမညွှန်ပြ (နေရာချထား) ရာ နေရာမှာ နေခြင်း၊
၁၃။ နေသဇ္ဇိကစုတင် = မအိပ်ဘဲ ထိုင်ခြင်း။

(ဝိသုဒ္ဓိမဂ်၊ ပ၊ ၅၇)

## ဓုတင်ဆောက်တည်ချင်ရင်

ဘုရားရှိက ဘုရားရှင်ထံမှာ၊
ဘုရား ပရိနိဗ္ဗာန်စံသွားက မဟာသာဝကထံမှာ၊
မဟာသာဝက မရှိရင် ရဟန္တာထံမှာ၊
သူ မရှိက အနာဂါမ်ထံမှာ၊
သူ မရှိက သကဒါဂါမ်ထံမှာ၊
သူ မရှိက သောတာပန်ထံမှာ၊
သူ မရှိက တိပိဋကထံမှာ၊
သူ မရှိက ဒွိပိဋကထံမှာ၊
သူ မရှိက ဧကပိဋကထံမှာ၊
သူ မရှိက နိကာယ်တစ်ခုဆောင်ထံမှာ၊
သူ မရှိက အဋ္ဌကထာဆရာထံမှာ၊
သူ မရှိက ဓုတင်ဆောင်သူထံမှာ၊

သူ မရှိက စေတီရင်ပြင်ကို တံမြက်လှည်းပြီး ဆောင့်ကြောင့် ထိုင်ကာ ဘုရားရှင်ထံမှာ ဆိုသလိုပဲ ဆောက်တည်ရတယ်။

တစ်နည်းကတော့ ကိုယ်တိုင်လည်း ဆောက်တည်နိုင်ပါတယ်။

(ဝိသုဒ္ဓိမဂ်၊ ပ၊ ၅၉)

http://www.dhammadownload.com



## အန္တရဋ္ဌက

တပို့တွဲလရဲ့ နောက်ဆုံး ၄ ရက်နဲ့ တပေါင်းလရဲ့အစ ၄ ရက် ပေါင်း ၈ ရက်ကို 'အန္တရဋ္ဌက' လို့ခေါ်တယ်။ (အန္တရ = တပို့တွဲနဲ့ တပေါင်းလတို့ရဲ့ အကြားဖြစ်တဲ့၊ အဋ္ဌက= ၈ ရက် အပေါင်း)
(အံ၊ ဋ္ဌ၊ ဒု၊ ၁၁၆)

## ဝေရမ္ဘလေ

အရပ် ၄ မျက်နှာက တိုက်ခတ်တဲ့ လေကို 'ဝေရမ္ဘလေ' လို့ ခေါ်တယ်။ အရပ်တစ်မျက်နှာ၊ နှစ်မျက်နှာ၊ သုံးမျက်နှာတို့မှ တိုက်ခတ်တဲ့ လေကို 'ဝေရမ္ဘလေ' လို့ မခေါ်ပါ။
(အံ၊ ဋ္ဌ၊ ဒု၊ ၁၁၆)

## နတ်တွေ ဩဇာထည့်ကြ

၁။ သုဇာတာလှူတဲ့ နို့ဃနာထမင်း၊
၂။ စုန္ဒလှူတဲ့ ဝက်ပျို့သားဟင်း၊
၃။ ဝေရဥ္စာမြို့မှာ ဘုရားရှင် ယူတိုင်း ယူတိုင်းသော ဆွမ်းလုတ်၊
၄။ ဘေသဇ္ဇက္ခန္ဓကမှာ ကစ္စာနရဲ့ ထန်းလျက်အိုးထဲက ထန်းလျက် အကျန်။
၅။ ကသိဘာရဒွါဇပုဏ္ဏားလှူတဲ့ နို့ဃနာထမင်း။
(သုတ္တနိပါတ၊ ဋ္ဌ၊ ပ၊ ၁၃၈)

## နတ်ဩဇာ

အစာကြွမ်းမှာ သိမ်မွေ့တဲ့ ဩဇာထည့်ထားလို့ နတ်တွေမှာ

http://www.dhammadownload.com



အစာ မကြေညက်။ မှန်တယ်၊ နတ်တွေရဲ့ ကိုယ်ဟာ သိမ်မွေ့တယ်။ နတ်တွေအတွက် ကြမ်းတမ်းတဲ့ လူ့အစာဟာ ကောင်းကောင်းမကြေ ညက်၊ လူတွေမှာလည်း မကြေညက်။ မှန်တယ်၊ လူတွေရဲ့ ခန္ဓာကိုယ်က ကြမ်းတမ်းတယ်။ လူတွေအတွက် သိမ်မွေ့တဲ့ နတ်သြဇာဟာ ကောင်း ကောင်း မကြေညက်။

ဘုရားရှင်မှာတော့ ပကတိဝမ်းမီးနဲ့ပဲ ကြေညက်တယ်။ ကောင်း ကောင်း အစာကြေတယ်။ တချို့တွေက ကိုယ်အား၊ ဉာဏ်အားအစွမ်း ကြောင့်လို့ ဆိုကြတယ်။ ဘုရားတပည့် ရဟန္တာတွေမှာ သမာဓိအစွမ်းနဲ့ အတိုင်းအတာသိမှုကြောင့် ကြေညက်တယ်။ အခြားတန်ခိုးရှင်တွေမှာ လည်း မကြေညက်။

တစ်နည်းကတော့ ဒီနေရာမှာ အကြောင်းကို မကြံစည်ထိုက်။ ဒီဟာဟာ ဘုရားရဲ့အရာ ဖြစ်တယ်။

(သုတ္တနိပါတ၊ ဋ္ဌ၊ ပ၊ ၁၃၈)

## သောတာပန်ချင်းအတူတူ

ဘုရားရှင် ကပိလဝတ္ထုမြို့မှာ သီတင်းသုံးတဲ့အခါ သာကီဝင် တွေမှာ ဒီလိုစကား ဖြစ်တယ်။

'အရင်သောတာပန်ဖြစ်သူက နောက်သောတာပန်ဖြစ်သူထက် တရားအားဖြင့် ပိုကြီးတယ်။ ဒါကြောင့် နောက်မှ သောတာပန်ဖြစ်တဲ့ ရဟန်းက အရင်သောတာပန်ဖြစ်သူ လူဝတ်ကြောင်အား ရှိခိုးမှုစသည်ကို ပြုရမယ်'

အဲဒီစကားကို ဆွမ်းခံသွားနေတဲ့ ရဟန်းတစ်ပါးက ကြားပြီး ဘုရားရှင်အား လျှောက်တယ်။ ဘုရားရှင်က 'ဒီဇာတ်က တခြားစီပဲ၊ အသွင်ဟာ ပူဇော်ထိုက်တဲ့ ဝတ္ထုပဲ' လို့ ရည်ရွယ်ကာ 'ရဟန်းတို့၊

http://www.dhammadownload.com



လူဝတ်ကြောင်က အနာဂါမ်ပဲ ဖြစ်စေဦးတော့၊ လူဝတ်ကြောင် အနာဂါမ်က ဒီနေ့မှ ကိုရင်ဝတ်တဲ့ သာမဏေအား ရှိခိုးခြင်းစသည်ကို ပြုလုပ်ရတယ်' လို့ မိန့်ပါတယ်။

အနီရောင်ဟင်္သာ၊ အစိမ်းရောင်ဟင်္သာ၊ နို့ရည်ရောင်ဟင်္သာ၊ ပါကဟင်္သာ၊ ရွှေဟင်္သာတွေထဲမှာ ရွှေဟင်္သာရဲ့ အဟုန်ကို အခြားဟင်္သာတွေက ၁၆ စိတ်၊ ၁၆ ပြန် စိတ်ရာ တစ်စိတ်ကိုတောင်မှ မမီပါ။ မှန်ပါတယ်။ ရွှေဟင်္သာက တစ်မှဟုတ်တည်းနဲ့ ယူဇနာတစ်ထောင်လည်း သွားနိုင်တယ်။ အခြားဟင်္သာက တစ်ယူဇနာတောင် မသွားနိုင်ပါ။ ဟင်္သာနှစ်ကောင်လုံး လှတာချင်း တူကြပါတယ်။

အဲဒီလိုပါပဲ၊ လူဝတ်ကြောင်က အရင်သောတာပန်ဖြစ်ထားပေမယ့် နောက်မှ သောတာပန်ဖြစ်တဲ့ ရဟန်းက သောတာပတ္တိမဂ်ကို မြင်ထားလို့ ကြည့်ကောင်းတာချင်း တူပါတယ်။ လူဝတ်ကြောင်က ရဟန်းရဲ့ အထက်မဂ်အတွက် ဝိပဿနာဉာဏ်အဟုန်ကို မတုပနိုင်ပါ။

မှန်ပါတယ်။ လူဝတ်ကြောင်ရဲ့ အထက်မဂ်အတွက် ဝိပဿနာဉာဏ်အဟုန်ဟာ သား၊ သမီး၊ ဇနီးစတဲ့ အရှုပ်အထွေးနဲ့ ရှုပ်ထွေးနေလို့ နှေးပါတယ်။ ရဟန်းရဲ့ အဲဒီဉာဏ်ကတော့ အဲဒီအရှုပ်အထွေးကင်းနေလို့ ထက်မြက်ပါတယ်။

(သုတ္တနိပါတ၊ ဋ္ဌ၊ ၂၆၂)

## မိုးသောက်အခါ

ဘုန်းကံရှိသူတွေဟာ နံနက်မိုးသောက်အခါမှာ ဖွားမြင်ကြတယ်။

(သုတ္တနိပါတ၊ ဋ္ဌ၊ ပ၊ ၂၆၃)

http://www.dhammadownload.com



## ကိလေသာနဲ့အနံ့

ကိလေသာများသူတွေမှာ ကိလေသာကြောင့် အနံ့အလွန်ဆိုးတယ်။ ကိလေသာမရှိသူတွေရဲ့ အလောင်းကောင်တောင်မှ အနံ့မဆိုးပါ။

(သုတ္တနိပါတ၊ ဋ္ဌ၊ ပ၊ ၃၀၃)

## မိခင်နဲ့ဗြဟ္မစိုရ်

သားငယ်လေး၊ မကျန်းမာတဲ့သား၊ နုပျိုနေတဲ့သား၊ သူ့ကိစ္စမှာ အလုပ်များနေတဲ့သားလို့ မိခင်မှာ သား ၄ ယောက် ရှိရာ မိခင်က သားငယ်လေးရဲ့ ကြီးပွားမှုကို လိုလားတယ်။ မကျန်းမာတဲ့သားရဲ့ မကျန်းမာမှုကို ဖယ်ရှားလိုတယ်။ နုပျိုတဲ့သားရဲ့ နုပျိုမှုကို ကြာကြာတည်စေလိုတယ်။ သူ့ကိစ္စမှာ အလုပ်များနေတဲ့ သားအပေါ် ဘာအကြောင်းကြောင့်မှ မကြောင့်ကြ။

အဲဒီလိုပါပဲ သတ္တဝါအားလုံးအပေါ်မှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ထားရပါတယ်။

(ဝိသုဒ္ဓိမဂ်၊ ပ၊ ၃၁၄)

## လူမိုက် ၄ ဦး

မိတ္တဝိန္ဒကက မိခင်အပေါ်၊

အဇာတသတ်က ဖခင်အပေါ်၊

ဒေဝဒတ်က ဘုရားရှင်အပေါ်၊

ကောကာလိကက ဘုရားရှင့်တပည့်အပေါ် မှားယွင်းစွာ ကျင့်တယ်။

(မူလပဏ်၊ ဋ္ဌ၊ ဒု၊ ၂၅၀)

http://www.dhammadownload.com



## ရှစ်ပါးသီလ စောင့်ချင်ရင်

ရှစ်ပါးသီလကို စောင့်သုံးလိုသူဟာ 'ငါဟာ နက်ဖြန် ဥပုသ် စောင့်မယ်'လို့ တွေးပြီး ဒီနေ့ကပဲ ဒါတွေ ဒါတွေကို လုပ်ထားကြလို့ စားဖွယ်စသည်ကို ပြင်ဆင်ဖို့ စီစဉ်ထားရပါတယ်။ ဥပုသ်နေ့မှာ နံနက်စောစောကပဲ ရဟန်း၊ ရဟန်းမ၊ ၁၀ ပါးသီလ လက္ခဏာကို သိတဲ့ ဥပါသကာ၊ ဥပါသိကာ တစ်ဦးဦးထံမှာ နှုတ်မြွက်ပြီး ဥပုသ် အင်္ဂါတွေကို ဆောက်တည်ရပါတယ်။ ပါဠိကို မသိတဲ့သူကတော့ 'ဘုရားရှင် ပညတ်ထားတဲ့ ဥပုသ်ကို စိတ်မှာ စွဲစွဲမြဲမြဲ ဆောက်တည်ပါတယ်'လို့ အဓိဋ္ဌာန်ရပါတယ်။ အခြားသူကို မရသူဟာ ကိုယ်တိုင်ပဲ အဓိဋ္ဌာန်ရပါတယ်။ (အံ၊ ဋ္ဌ၊ ၃၊ ၁၉၉၊ ၂၀၀)

## ပညာ ၃ မျိုး

၁။ စိန္တာမယပညာ = သူတစ်ပါးထံက မကြားနာရဘဲ မိမိ အတွေးနဲ့ ဖြစ်ပေါ်လာတဲ့ ပညာ၊
၂။ သုတမယပညာ = သူတစ်ပါးထံက ကြားနာရပြီး ရတဲ့ပညာ၊
၃။ ဘာဝနာမယပညာ = ဘာဝနာ (ရှုပွားခြင်း) ဖြင့် ပေါ်လာတဲ့ ပညာ။ (ဝိသုဒ္ဓိမဂ်၊ ၃၊ ၆၉)

## ဂတိ ၅ မျိုး

၁။ နိရယဂတိ = ငရဲကြီး ၈ ထပ်၊ ဥဿဒငရဲ ၁၆ ထပ်၊ လောကန္တရိက်ငရဲ၊ မှောင်လွှမ်းတဲ့ ငရဲ၊ သီတငရဲ။
၂။ တိရစ္ဆာနဂတိ = တိရစ္ဆာန်များ၊
၃။ ပေတဂတိ = ပြိတ္တာနဲ့ အသုရကာယ်များ၊

http://www.dhammadownload.com



၄။ မနုဿဂတိ = ကျွန်း ၄ ကျွန်းမှ လူသားများ၊
၅။ ဒေဝဂတိ = နတ်တွေ၊ ဗြဟ္မာတွေ။

(ဥဒါန၊ ဋ္ဌ၊ ၁၂၃)

## သူငယ်ချင်း ၃ ယောက်

ပွဲလမ်းသဘင်မှာ ပျော်ပါးကြမယ်လို့ ရည်ရွယ်ပြီး ဥယျာဉ်ထဲ ဝင်သွားတဲ့ သူငယ်ချင်း ၃ ယောက်ထဲမှာ တစ်ယောက်က ကောင်းကောင်း ပွင့်နေတဲ့ စကားပင်ကို မြင်လို့ လက်ကို မြှောက်ပြီး မယူနိုင်၊ အဲဒီအခါမှာ ပထမလူအား ဒုတိယလူက ကျောကုန်းပေးတယ်။ ပထမလူက ဒုတိယလူရဲ့ ကျောကုန်းပေါ်မှာ ရပ်ပေမယ့်လည်း တုန်လှုပ်နေလို့ မယူနိုင်။ အဲဒီအခါ တတိယလူက ပခုံးအစွန်းကို ကိုင်ဖို့ ညွှတ်ပေးတယ်။ ပထမလူက ဒုတိယလူရဲ့ ကျောကုန်းပေါ် ရပ်ပြီး တတိယလူရဲ့ ပခုံးစွန်းကို ထောက်ကာ အလိုရှိသလို ပန်းတွေကိုခူးပြီး တန်ဆာဆင်ကာ ပွဲလမ်းသဘင်မှာ ပျော်ပါးတယ်။

အဲဒီလိုပါပဲ။ သမာဓိ၊ ဝီရိယ၊ သတိဆိုတဲ့ တရားသုံးပါးထဲမှာ သမာဓိက သူ့သဘောနဲ့ အာရုံမှာ မတည်နိုင်။ ဝီရိယက ချီးမြှောက်မှုကိစ္စကို ပြီးစေတဲ့အခါ သတိကလည်း ပေါလောမပေါ်ခြင်းကိစ္စကို ပြီးစေတဲ့အခါ အထောက်အပံ့ ရလို့ တည်နိုင်တယ်။

(ဝိသုဒ္ဓိမဂ်၊ ဒု၊ ၁၄၅)

## သစ္စာနဲ့ ဥပမာ

၁။ ဝန်နဲ့ ဒုက္ခသစ္စာ၊
ဝန်ယူတာနဲ့ သမုဒယသစ္စာ၊
ဝန်ချတာနဲ့ နိရောဓသစ္စာ၊

http://www.dhammadownload.com



ဝန်ချနည်းနဲ့ မဂ္ဂသစ္စာ၊
၂။ ရောဂါနဲ့ ဒုက္ခသစ္စာ
ရောဂါဖြစ်ကြောင်းနဲ့ သမုဒယသစ္စာ၊
ရောဂါပျောက်တာနဲ့ နိရောဓသစ္စာ၊
ဆေးနဲ့ မဂ္ဂသစ္စာ၊
၃။ အစာရှားပါးတာနဲ့ ဒုက္ခသစ္စာ၊
မိုးမရွာတာနဲ့ သမုဒယသစ္စာ၊
အစာပေါတာနဲ့ နိရောဓသစ္စာ၊
မိုးကောင်းတာနဲ့ မဂ္ဂသစ္စာ။
၄။ ရန်သူနဲ့ ဒုက္ခသစ္စာ၊
ရန်ရဲ့အကြောင်းနဲ့ သမုဒယသစ္စာ၊
ရန်ပြတ်စဲတာနဲ့ နိရောဓသစ္စာ၊
ရန်ပြတ်စဲကြောင်းနည်းနဲ့ မဂ္ဂသစ္စာ၊
၅။ အဆိပ်ပင်နဲ့ ဒုက္ခသစ္စာ၊
အဆိပ်ပင်ရဲ့အမြစ်နဲ့ သမုဒယသစ္စာ၊
အမြစ်ပြတ်တာနဲ့ နိရောဓသစ္စာ၊
အမြစ်ဖြတ်နည်းနဲ့ မဂ္ဂသစ္စာ၊
၆။ ဘေးနဲ့ ဒုက္ခသစ္စာ၊
ဘေးရဲ့အကြောင်းနဲ့ သမုဒယသစ္စာ၊
ဘေးကင်းတာနဲ့ နိရောဓသစ္စာ၊
ဘေးကင်းရာ ရောက်ကြောင်းနည်းနဲ့ မဂ္ဂသစ္စာ၊
၇။ ဒီဘက်ကမ်းနဲ့ ဒုက္ခသစ္စာ၊
ရေအလျဉ်ကြီးနဲ့ သမုဒယသစ္စာ၊
ဟိုဘက်ကမ်းနဲ့ နိရောဓသစ္စာ၊
ဟိုဘက်ကမ်း ရောက်စေတဲ့ လှေ့လနဲ့ မဂ္ဂသစ္စာ။
(ဝိသုဒ္ဓိမဂ်၊ ဒု၊ ၁၄၃)

http://www.dhammadownload.com



## ဘုရားလောင်းမယ်တော်ရဲ့ သန္ဓေယူချိန်

ဘုရားလောင်းမယ်တော်တွေဟာ အရွယ် ၃ မျိုးထဲက အလယ်ပိုင်းအရွယ်မှာ သေကြတယ်။ ချဲ့ပြောပါမယ်။ ပထမအရွယ်မှာ သတ္တဝါတွေဟာ ခန္ဓာကိုယ်အပေါ် တပ်မက်မှု အားကြီးတယ်။ ဒါကြောင့် အဲဒီအရွယ်မှာ ကိုယ်ဝန်ရတဲ့ မိန်းမတွေဟာ များသောအားဖြင့် ကိုယ်ဝန်ကို မစောင့်ရှောက်နိုင်ကြ။ အကယ်၍ ကိုယ်ဝန်ယူရင် ကိုယ်ဝန်မှာ အနာရောဂါများတယ်။ အလယ်ပိုင်းအရွယ်ရဲ့ နှစ်ဖို့ ကိုလွန်ပြီး တတိယအဖို့မှာ ကိုယ်ဝန်တည်ရာနေရာက စင်ကြယ်တယ်။ ဒီနေရာမှာ စင်ကြယ်ရင် ဖြစ်လာတဲ့ ကလေးတွေဟာ ရောဂါကင်းကြတယ်။ ဒါကြောင့် ဘုရားလောင်းမယ်တော်တွေဟာ ပထမအရွယ်မှာ စည်းစိမ်ခံစားပြီး အလယ်ပိုင်းအရွယ်ရဲ့ တတိယအဖို့မှာ ဖွားမြင်ကာ နတ်ရွာစံကြတယ်။

(ဥဒါန၊ ဋ္ဌ၊ ၂၅၂)

## ပါတိမောက် ၂ မျိုး

အာဏာပါတိမောက်နဲ့ ဩဝါဒပါတိမောက်လို့ ပါတိမောက် ၂ မျိုး ရှိတယ်။ အာဏာပါတိမောက်ကို သာဝကတွေပဲ ရွတ်ကြတယ်၊ ဘုရားရှင်တွေ မရွတ်ကြ။ ၁၅ ရက် တစ်ကြိမ် ရွတ်ပါတယ်။

ဩဝါဒပါတိမောက်ဖြစ်တဲ့ ဂါထာ ၃ ပုဒ်ကို ဘုရားရှင်တွေပဲ ရွတ်ကြတယ်။ သာဝကတွေ မရွတ်ကြ။ ၆ နှစ်လွန်မှ ရွတ်ကြတယ်။ မှန်တယ်၊ အသက်ရှည်တဲ့ ဘုရားရှင်တွေ သက်တော်ထင်ရှားတဲ့အခါ ဩဝါဒပါတိမောက်ကိုပဲ ရွတ်ပါတယ်။ သက်တော်တိုတဲ့ ဘုရားရှင်တွေဟာ ပထမဗောဓိ (ဝါ ၂၀ မျှ) မှာသာ ရွတ်ကြပါတယ်။ အဲဒီကနောက် အာဏာပါတိမောက်ကို ရွတ်ပါတယ်။

(ဥဒါန၊ ဋ္ဌ၊ ၂၇၁)

http://www.dhammadownload.com



# တရား ၃ ပါးနဲ့ ဥပမာ

၁။ လပြည့်ဝန်းနဲ့ ဘုရား၊
လရောင်နဲ့ တရား၊
လရောင်ကြောင့် ပီတိဖြာနေတဲ့ လူအပေါင်းနဲ့သံဃာ၊

၂။ တက်သစ်စနေနဲ့ ဘုရား၊
နေရောင်ခြည်ကွန်ရက်နဲ့ တရား၊
အမှောင်ကင်းတဲ့ လောကနဲ့ သံဃာ၊

၃။ တောကို မီးရှို့သူနဲ့ ဘုရား၊
တောကို လောင်တဲ့မီးနဲ့ ကိလေသာကို လောင်တဲ့တရား၊
မီးလောင်ရာ လယ်မြေနဲ့ ကိလေသာမီးကို လောင်မြိုက်ထားတဲ့ ကောင်းမှုလယ်ရာသဖွယ် သံဃာ၊

၄။ မိုးကြီးနဲ့ ဘုရား၊
မိုးရေပေါက်နဲ့ တရား၊
မိုးရေကျလို့ မြူငြိမ်းနေတဲ့ ဇနပုဒ်နဲ့ ကိလေသာမြူ ငြိမ်းနေတဲ့ သံဃာ၊

၅။ ရထားထိန်းကောင်းနဲ့ ဘုရား၊
အာဇာနည်မြင်းကို ဆုံးမနည်းနဲ့ တရား၊
ကောင်းကောင်း ယဉ်ကျေးပြီးတဲ့ အာဇာနည်မြင်းအပေါင်းနဲ့ သံဃာ၊

၆။ အယူမှားငြောင့် အားလုံးကို နုတ်လို့ ဆေးဆရာနဲ့ဘုရား၊
ငြောင့်နုတ်နည်းနဲ့ တရား၊
ငြောင့်နုတ်ပြီးသူ လူအပေါင်းနဲ့ အယူမှားငြောင့်အားလုံးကို နုတ်ပြီးတဲ့သံဃာ၊

၇။ မောဟတိမ်သလာကို ပယ်ခွာလို့ မျက်စိဆေးဆရာနဲ့ဘုရား၊

http://www.dhammadownload.com



တိမ်သလာပယ်နည်းနဲ့ တရား၊
တိမ်သလာကင်းသွားလို့ မျက်စိအမြင်ကြည်သူ လူအပေါင်းနဲ့
မောဟတိမ်သလာ ကင်းသွားလို့ ဉာဏ်မျက်စိကြည်လင်နေတဲ့ သံဃာ၊

၈။ ကိလေသာအနာကို ပယ်ရှားနိုင်လို့ ကျွမ်းကျင်တဲ့ ဆေးဆရာနဲ့ ဘုရား၊
ကောင်းစွာ ဖော်စပ်ထားတဲ့ ဆေးနဲ့ တရား၊
ဆေးသုံးစွဲလို့ ရောဂါပျောက်သူ လူအပေါင်းနဲ့ ကိလေသာအနာ ပျောက်တဲ့ သံဃာ၊

၉။ လမ်းညွှန်ကောင်းနဲ့ ဘုရား၊
လမ်းကောင်း၊ ဘေးကင်းရာအရပ်နဲ့ တရား၊
လမ်းသွားသူ၊ ဘေးကင်းရာရောက်သူနဲ့ သံဃာ၊

၁၀။ လှေသူကြီးကောင်းနဲ့ ဘုရား၊
လှေနဲ့ တရား၊
ဟိုဘက်ရောက်သူ လူအပေါင်းနဲ့ သံဃာ၊

၁၁။ ဟိမဝန္တာတောင်နဲ့ ဘုရား၊
ဟိမဝန္တာကဖြစ်တဲ့ ဆေးနဲ့တရား၊
ဆေးစားလို့ ရောဂါကင်းသူ လူအပေါင်းနဲ့ သံဃာ၊

၁၂။ ဥစ္စာပေးသူနဲ့ တရား၊
ဥစ္စာနဲ့ တရား၊
အလိုရှိသလောက် ဥစ္စာရထားသူ လူအပေါင်းနဲ့ အရိယာဥစ္စာကို ကောင်းကောင်း ရထားတဲ့ သံဃာ၊

၁၃။ ရွှေအိုးညွှန်ပြသူနဲ့ ဘုရား၊
ရွှေအိုးနဲ့ တရား၊
ရွှေအိုးရသူလူအပေါင်းနဲ့ သံဃာ၊

http://www.dhammadownload.com



၁၄။ ဘေးမဲ့ပေးတဲ့ ရဲရင့်သူနဲ့ ဘုရား၊
ဘေးမဲ့တာနဲ့ တရား၊
ဘေးမဲ့ရောက်သူ လူအပေါင်းနဲ့ ဘေးအားလုံးကင်းတဲ့ သံဃာ၊
၁၅။ သက်သာရာ ရစေတဲ့သူနဲ့ ဘုရား၊
သက်သာရာနဲ့ တရား၊
သက်သာရာ ရသူနဲ့ သံဃာ၊
၁၆။ မိတ်ကောင်းနဲ့ ဘုရား၊
စီးပွားလမ်းညွှန်နဲ့ တရား၊
စီးပွားကို သုံးစွဲလို့ ကိုယ်ကျိုးရသူနဲ့ သံဃာ၊
၁၇။ ဥစ္စာတည်ရာနဲ့ ဘုရား၊
ဥစ္စာနဲ့ တရား၊
ဥစ္စာနှစ်ကို သုံးစွဲရသူ လူအပေါင်းနဲ့ သံဃာ၊
၁၈။ မင်းသားကို ရေချိုးပေးသူနဲ့ ဘုရား၊
ချိုးရေနဲ့ တရား၊
ရေချိုးပြီးတဲ့ မင်းသားအပေါင်းနဲ့ သူတော်ကောင်းတရားရေ ချိုးပြီးတဲ့ သံဃာ၊
၁၉။ တန်ဆာဆင်ပေးသူနဲ့ ဘုရား၊
တန်ဆာနဲ့ တရား၊
တန်ဆာဆင်ထားတဲ့ မင်းသားအပေါင်းနဲ့ တရားတန်ဆာဆင် ထားတဲ့ သံဃာ၊
၂၀။ စန္ဒကူးပင်နဲ့ ဘုရား၊
စန္ဒကူးနံ့နဲ့ တရား၊
စန္ဒကူးသုံးစွဲလို့ အပူငြိမ်းသူလူအပေါင်းနဲ့ သူတော်ကောင်းတရား သုံးစွဲလို့ အပူငြိမ်းတဲ့ သံဃာ၊
၂၁။ အမွေပေးတဲ့ ဖခင်နဲ့ ဘုရား၊

http://www.dhammadownload.com



အမွေနဲ့ တရား၊
အမွေခံသားအပေါင်းနဲ့ သူတော်ကောင်းတရားအမွေခံ သံဃာ၊
၂၂။ ပဒုမ္မာကြာပွင့်နဲ့ ဘုရား၊
ကြာပွင့်က ဖြစ်တဲ့ ပျားရည်နဲ့ တရား၊
ပျားရည်သုံးတဲ့ လူအပေါင်းနဲ့ သံဃာ
(ခုဒ္ဒကပါဌ၊ ဋ္ဌ၊ ၁၁၊ ၂၊ ၃)

## ရတနာသုံးပါးစဉ်တိုင်းထား

သရဏဂုံသုံးပါးမှာ ဘုရားရှင်ကို ရှေးဦးစွာ ထားရခြင်းအကြောင်းက

ဘုရားရှင်ဟာ သတ္တဝါအားလုံးမှာ အမြတ်ဆုံး ဖြစ်လို့ပါပဲ။

ဘုရားရဲ့အခြားမဲ့မှာ တရားကို ထားရခြင်းအကြောင်းက

တရားဟာ ဘုရားက စဖြစ်လာလို့နဲ့ ဘုရားက ဟောထားလို့ပါပဲ။

အဆုံးမှာ သံဃာကို ထားရခြင်းအကြောင်းက

သံဃာဟာ တရားရဲ့တည်ရာ ဖြစ်လို့နဲ့ တရားကို မှီဝဲရလို့ပါပဲ။

တစ်နည်းကတော့

ဘုရားရှင်ဟာ သတ္တဝါအားလုံးကို စီးပွားမှာ ယှဉ်စေတတ်လို့ ဘုရားရှင်ကို ပထမဆုံး ထားပါတယ်။

တရားဟာ ဘုရားက ဖြစ်လာတဲ့အတွက် သတ္တဝါအားလုံးရဲ့ အစီးအပွားဖြစ်လို့ တရားကို ဘုရားရဲ့ နောက်မှာ ထားပါတယ်။

သံဃာဟာ အစီးအပွားရဖို့ရာ ကျင့်လည်း ကျင့်တယ်။ အစီးအပွားကိုလည်း ရထားတယ်။ ဒါကြောင့် သံဃာကို အဆုံးမှာ ထားပါတယ်။

(ခုဒ္ဒကပါဌ၊ ဋ္ဌ၊ ၁၁)

http://www.dhammadownload.com



## ကောလာဟလ ၅ ပါး

၁။ ကပ္ပကောလာဟလ၊ ၂။ စက္ကဝတ္တိကောလာဟလ၊
၃။ ဗုဒ္ဓကောလာဟလ၊ ၄။ မင်္ဂလကောလာဟလ၊
၅။ မောနေယျကောလာဟလ။

## မင်္ဂလကောလာဟလ

သုဒ္ဓါဝါသဗြဟ္မာတွေကပဲ နတ်လူတွေရဲ့စိတ်ကို သိကာ '၁၂ နှစ် လွန်တဲ့အခါ ဘုရားရှင်က မင်္ဂလာတရားကို ဟောပါလိမ့်မယ်' လို့ လူ့ပြည်မှာ လှည့်လည်ကာ ပြောကြားပါတယ်။ အဲဒါဟာ မင်္ဂလ ကောလာဟလ (မင်္ဂလာနဲ့ပတ်သက်ပြီး အုတ်အုတ်ကျက်ကျက်ဖြစ်တဲ့ အသံ ပါပဲ။

## မောနေယျကောလာဟလ

သုဒ္ဓါဝါသဗြဟ္မာတွေကပဲ '၇ နှစ်လွန်တဲ့အခါ ရဟန်းတစ်ပါးက ဘုရားရှင်နဲ့ ပေါင်းဆုံပြီး မောနေယျအကျင့်ကို မေးလိမ့်မယ်' လို့ လူ့ပြည်မှာ လှည့်လည်ကာ ပြောကြားကြပါတယ်။ အဲဒါဟာ မောနေယျ ကောလာဟလပါပဲ။

(ခုဒ္ဒကပါဌ၊ ဋ္ဌ၊ ၁၀၂၊ ၂)

## နတ်တွေ ရပ်ကြခြင်းအကြောင်း

နတ်တွေက ဘုရားရှင်ထံ လာတဲ့အခါ မထိုင်ဘဲ ဘာကြောင့် ရပ်နေကြပါသလဲ။

၁။ မြန်မြန် ပြန်သွားချင်လို့၊

http://www.dhammadownload.com



မှန်ပါတယ်။ သန့်ရှင်း စင်ကြယ်နေတဲ့လူဟာ ကျင့်ကြီး၊ ကျင်ငယ်ရှိရာအရပ်ကို လာရသလို နတ်တွေက တစ်စုံတစ်ခုအကျိုးကိုပဲ အကြောင်းပြုပြီး လူ့ပြည်ကို လာကြပါတယ်။ ပင်ကိုယ်အားဖြင့် နတ်တွေအဖို့ လူ့ပြည်ဟာ ယူဇနာတစ်ရာကစပြီး အနံ့ဆိုးလွန်းလို့ ရွံစရာဖြစ်ပါတယ်။ လူ့ပြည်မှာ နတ်တွေ မပျော်ကြပါ။ ဒါကြောင့် နတ်တွေဟာ လာရင်းကိစ္စကို ပြုလုပ်ပြီး မြန်မြန်ပြန်လိုလို့ မထိုင်ကြခြင်းဖြစ်ပါတယ်။

၂။ သွားခြင်းစတဲ့ ဣရိယာပုထ်ကြောင့် ပင်ပန်းတာကို ပယ်ဖျောက်လိုလို့ ထိုင်ကြတာပါ။

နတ်တွေမှာ ပင်ပန်းတာ မရှိပါ။ အဲဒါကြောင့်လည်း မထိုင်ကြပါ။

၃။ ဘုရားရှင်ကို ဝိုင်းရံပြီး ရပ်နေတဲ့ မဟာသာဝကတွေကို မြတ်နိုးလို့လည်း မထိုင်ကြပါ။

တစ်နည်း

၄။ ဘုရားရှင်အပေါ် ရိုသေလို့ပဲ မထိုင်ကြပါ၊

မှန်ပါတယ်၊ ထိုင်လိုတဲ့ နတ်တွေမှာ နေရာဖြစ်ပေါ်ပါတယ်။ ထိုင်တာကို အလိုမရှိလို့ ထိုင်ဖို့ရန် စိတ်တောင်မပေါ်ဘဲ ရပ်ကြပါတယ်။

(ခုဒ္ဒကပါဌ၊ ဋ္ဌ၊ ၉၉)

## ပိဋကတ်နဲ့ ကရုဏာ ပညာ

ဝိနည်းဒေသနာက ကရုဏာပြဋ္ဌာန်းတယ်။
အဘိဓမ္မာဒေသနာက ပညာပြဋ္ဌာန်းတယ်။
သုတ္တန်ဒေသနာက ကရုဏာ၊ ပညာနှစ်မျိုးလုံး ပြဋ္ဌာန်းတယ်။

(သံယုတ်ဋီကာ၊ ပ၊ ၂)

http://www.dhammadownload.com



# ဗုဒ္ဓ ၄ မျိုး

၁။ သဗ္ဗညုဗုဒ္ဓ = ၃၀ သော ပါရမီတွေကို ဖြည့်ပြီး အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်၊ (အကုန်သိဉာဏ်) သို့ ရောက်တဲ့ဘုရား၊

၂။ ပစ္စေကဗုဒ္ဓ = ၂ အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ပြီး ကိုယ်ပိုင်ဉာဏ်နဲ့ သစ္စာလေးပါးကို သိတဲ့ဘုရား၊

၃။ စတုသစ္စဗုဒ္ဓ = သူတစ်ပါးက ညွှန်ပြလို့ သစ္စာလေးပါးကို သိတဲ့ ကျန်ရဟန္တာများ၊

၄။ သုတဗုဒ္ဓ = အကြားနဲ့ ခန့်ခွာစတဲ့ သိစရာတွေကို သိတဲ့ ဗဟုသုတပုဂ္ဂိုလ်၊ (သံယုတ္တ၊ ဋ္ဌ၊ ပ၊ ၂၄)

# ဉာဏ်နဲ့ဓာတ်

ပစ္စေကဗုဒ္ဓါတွေနဲ့ အဂ္ဂသာဝကနှစ်ပါးရဲ့ဉာဏ်ဟာ ကံကြောင့်ဖြစ်တဲ့ ဓာတ်တွေရဲ့ထူးခြားမှုကိုသာ သိတယ်။ အဲဒီသိတာကလည်း တစ်စိတ်မျှပါပဲ။ အကြွင်းမဲ့ မဟုတ်ပါ။ ကံကြောင့် မဖြစ်တဲ့ ဓာတ်တွေရဲ့ ထူးခြားမှုကိုတော့ မသိနိုင်ပါ။ အခြားသာဝကတွေမှာ ပြောစရာတောင် မလိုပါ။

ဘုရားရှင်တွေရဲ့ ဉာဏ်ကတော့ 'ဒီဓာတ် များလို့ပဲ ဒီသစ်ပင်ရဲ့ ပင်စည်ဟာ ဖြူတယ်၊ မည်းတယ်၊ ညက်တယ်၊ အရေထူတယ်၊ အရေပါးတယ်။ ဒီသစ်ပင်ရဲ့အရွက်ဟာ အဆင်း၊ ပုံသဏ္ဌာန်စသည်အားဖြင့် ဒီလိုရှိတယ်။ ဒီသစ်ပင်ရဲ့အပွင့်ဟာ ညိုတယ်၊ ဝါတယ်၊ နီတယ်၊ ဖြူတယ်၊ မွှေးတယ်၊ နံတယ်။ အသီးဟာ သေးတယ်၊ ကြီးတယ်၊ ရှည်တယ်၊ လုံးတယ်၊ ပုံသဏ္ဌာန်လှတယ်၊ ညက်တယ်၊ ကြမ်းတယ်၊ အနံ့ကောင်းတယ်၊ ချိုတယ်၊ ခါးတယ်၊ ချဉ်တယ်၊ ဖန်တယ်။ ဆူးဟာ

http://www.dhammadownload.com



ထက်တယ်၊ သိပ်ထက်တယ်၊ ဖြောင့်တယ်၊ ကောက်တယ်၊ နီတယ်၊ ဖြူတယ်'လို့ ခာတ်တွေရဲ့ ထူးခြားမှုကို သိတယ်။

(သံယုတ်ဋီကာ၊ ၀၊ ၁၆၂၊ ၃)

## ဘုရားရှင်ကို မရိုသေသူ

ဘုရားရှင် သက်တော်ထင်ရှားရှိစဉ် အချိန် ၃ ချိန်မှာ ဆည်းကပ်ရာအရပ်သို့ မသွား၊ ဘုရားရှင်က ဖိနပ်မစီးဘဲ စင်္ကြံလျှောက်စဉ် ဖိနပ်စီးပြီး စင်္ကြံလျှောက်တယ်။ ဘုရားရှင်က နိမ့်တဲ့အရပ်မှာ စင်္ကြံလျှောက်နေစဉ် မြင့်တဲ့အရပ်မှာ စင်္ကြံလျှောက်တယ်။ ဘုရားရှင်က အောက်အရပ်မှာ နေတဲ့အခါ အထက်အရပ်မှာ နေတယ်။ ဘုရားရှင်ကို မြင်တဲ့နေရာမှာ ပခုံးနှစ်ဖက်ကို ရုံထားတယ်၊ ထီးဆောင်းတယ်၊ ဖိနပ်စီးတယ်၊ ရေချိုးဆိပ်မှာ ကျင်ကြီး ကျင်ငယ် စွန့်တယ်။ ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးတဲ့အခါ စေတီကို ရှိခိုးဖို့ မသွား၊ စေတီထင်ရှားတဲ့နေရာမှာ ဘုရားရှင်ကို မြင်ရာအရပ်မှာ လုပ်ခဲ့တာတွေအားလုံးကို လုပ်တယ်။ အခြားရဟန်းတွေက 'ဘာကြောင့် ဒီလိုလုပ်တာလဲ၊ ဒါဟာ မအပ်ဘူး၊ ဘုရားရှင်အား ရှက်သင့်တယ်' လို့ ပြောတဲ့အခါ 'တိတ်တိတ်နေစမ်းပါ၊ ဘာကြောင့် ဘုရား ဘုရားလို့ ပြောရတာလဲ'လို့ ပြောတယ်။ အဲဒီသူဟာ ဘုရားရှင်ကို မရိုသေတဲ့သူပဲ။

(ဥပရိပဏ်၊ ၄၊ ၂၇)

## တရားကို မရိုသေသူ

တရားနာဖို့ ကြွေးကြော်တဲ့အခါ ရိုရိုသေသေ မသွား။ ရိုရိုသေသေ တရားကို မနာ၊ အိပ်ငိုက်တယ်၊ စကားပြောရင်း ထိုင်တယ်၊ ရိုရိုသေသေ မယူ၊ မဆောင်မှတ်။ 'ဘာကြောင့် တရားကို မလေးမစား

http://www.dhammadownload.com



လုပ်ရတာလဲ’ လို့ ပြောတဲ့အခါ ‘တိတ်တိတ်နေစမ်းပါ၊ တရား တရား’ လို့ သင်က ပြောတယ်၊ တရားဆိုတာ ဘာလဲ’ လို့ ပြောတယ်။ အဲဒီ သူဟာ တရားကို မရိုသေသူပဲ။

(ဥပရိပဏ်၊ ၄၊ ၂၇)

## သံဃာကို မလေးစားသူ

အကြီးရဟန်းက မတိုက်တွန်းဘဲ တရားဟောတယ်၊ ထိုင်တယ်၊ ပြဿနာကို ဖြေတယ်။ အကြီးရဟန်းတွေကို ထိခိုက်ပြီး သွားတယ်၊ ထိုင်တယ်၊ ဒူးနှစ်ဖက်ကို လက်နဲ့ အဝတ်နဲ့ သိုင်းထားတယ်။ သံဃာ့ အလယ်မှာ ပခုံးနှစ်ဖက်ကို ရုံထားတယ်၊ ထီးဆောင်းထားတယ်၊ ဖိနပ် စီးတယ်။ ‘ရဟန်းသံဃာအား ရှက်သင့်တယ်’လို့ ပြောတဲ့အခါမှာလည်း ‘တိတ်တိတ်နေစမ်းပါ၊ သံဃာဆိုတာ ဘာလဲ၊ သားသမင်သံဃာ၊ ဆိတ်သံဃာလား’ စသည်တွေကို ပြောတယ်။ အဲဒီသူဟာ သံဃာကို မရိုသေသူပဲ။

(ဥပရိပဏ်၊ ၄၊ ၂၇)

## ခေတ် ၃ ခေတ်

၁။ ဇာတိခေတ် = စကြဝဠာတစ်သောင်း။

(ဒီစကြဝဠာတစ်သောင်းဟာ ဘုရားရှင် အမိဝမ်းက သက်ဆင်းတဲ့အခါ၊ တောထွက်တဲ့အခါ၊ ဘုရားဖြစ်တဲ့အခါ၊ ဓမ္မစကြာတရားဟောတဲ့အခါ၊ အာယုသင်္ခါရလွှတ်တဲ့အခါ၊ ပရိနိဗ္ဗာန်စံတဲ့အခါတွေမှာ တုန်လှုပ်တယ်)

၂။ အာဏာခေတ် = စကြဝဠာကုဋေတစ်သိန်း။

(အာဋာနာဋိယပရိတ်၊ မောရပရိတ်၊ ဓဇဂ္ဂပရိတ်၊

http://www.dhammadownload.com



ရတနပရိတ်စသည်တို့ရဲ့ အာဏာဟာ ဒီအာဏာခေတ်မှာ ပျံ့နှံ့တယ်)

၂။ ဝိသယခေတ် = အကုန်သိဉာဏ်ရဲ့ နယ်ပယ်မဟုတ်တာ မရှိ။

(ဥပရိပဏ်၊ ၄၊ ၇၉)

## ဘုရားပွင့်ရာ စကြဝဠာ

ဒီခေတ် ၃ ခေတ်မှာ ဒီစကြဝဠာကို ချန်ထားပြီး ကျန်စကြဝဠာမှာ ဘုရားရှင်တွေ ပွင့်တယ်လို့ဆိုတဲ့ သုတ္တန် မရှိ။ မပွင့်ဘူးလို့ဆိုတဲ့ သုတ္တန်တော့ ရှိတယ်။ အရှင်မဟာကဿပ၊ အရှင်ယသ၊ အရှင်မောဂ္ဂလိပုတ္တတိဿတို့ တင်ထားတဲ့ သင်္ဂါယနာသုံးတန်မှာ ပါဝင်တဲ့ ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာဆိုတဲ့ ပိဋကသုံးပုံမှာ ဒီစကြဝဠာကို လွှတ်ပြီး အခြားစကြဝဠာမှာ ဘုရားရှင်တွေ ပွင့်တယ်လို့ဆိုတဲ့ သုတ္တန် မရှိ၊ မပွင့်ဘူးလို့ဆိုတဲ့ သုတ္တန်တော့ ရှိတယ်။

(ဥပရိပဏ်၊ ၄၊ ၇၉)

## အခြားဘုရားတစ်ဆူ

ဘုရားလောင်း ပဋိသန္ဓေယူတော့ စကြဝဠာတစ်သောင်း တုန်လှုပ်တယ်။ အဲဒါနဲ့ပဲ ခေတ်ကို ပိုင်းခြားပါတယ်။ အခြားဘုရား ပွင့်တော်မူတာကို တားမြစ်ပြီး ဖြစ်သွားပါတယ်။

ဓာတ်တော်တွေတည်ရှိနေသမျှ ဘုရားရှင်တွေ တည်ရှိနေတာပဲ ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီအတွင်းမှာ အခြားဘုရား ပွင့်တော်မူတာကို တားမြစ်ပြီး ဖြစ်သွားပါတယ်။ ဓာတ်တော်တွေ ပရိနိဗ္ဗာန်စံဝင်သွားရင်တော့ အခြားဘုရား ပွင့်ပေါ်တာကို မတားမြစ်ပါ။

(ဥပရိပဏ်၊ ၄၊ ၈၀)

http://www.dhammadownload.com



## သာသနာ ၃ မျိုး ကွယ်ပျောက်ခြင်း

၁။ ပရိယတ် ကွယ်ခြင်း၊

၂။ ပဋိဝေဓ ကွယ်ခြင်း၊

၃။ ပဋိပတ္တိ ကွယ်ခြင်း၊

ပဋိဝေဓနဲ့ ပဋိပတ္တိက ရှိတဲ့အခါလည်း ရှိတယ်၊ မရှိတဲ့အခါလည်း ရှိတယ်၊ မှန်တယ်၊ တစ်ခါမှာ ပဋိဝေဓကို ဆောင်ကြတဲ့ ရဟန်းတွေ အများကြီး ရှိတယ်။ ဒီရဟန်းဟာ ပုထုဇဉ်ပဲလို့ လက်ညှိုးထိုးကာ ပြလို့ရတယ်။ ဒီသီဟိုဠ်ကျွန်းမှာပဲ တစ်ကြိမ်က ပုထုဇဉ်ရဟန်းဆိုတာ မရှိ။ တစ်ခါတစ်ရံ ပဋိပတ်ကျင့်တဲ့သူတွေ များတယ်။ တစ်ခါတစ်ရံ နည်းတယ်။ (ဥပရိပဏ်၊ ဠ၊ ၈၀)

## ပရိယတ်က အဓိက

သာသနာတည်ဖို့ရာ ပရိယတ်ကတော့ လိုရင်းပဲ။ မှန်တယ်၊ ပညာရှိဟာ ပိဋကသုံးပုံကို ကြားနာပြီးရင် ပဋိပတ်၊ ပဋိဝေဓကိုလည်း ဖြည့်ကျင့်တယ်။ ငါတို့ရဲ့ဘုရားလောင်းဟာ အာဠာရရသေ့ထံမှာ အဘိညာဉ် ၅ ပါး၊ သမာပတ် ၇ ပါးတို့ကို ဖြစ်စေပြီး နေဝသညာနာသညာယတနသမာပတ်ရဲ့ ပရိကံကို မေးတယ်။ အာဠာရက မသိဘူးလို့ ပြောတယ်။ အဲဒီနောက်မှာ ဥဒကရသေ့ထံ သွားကာ ရထားတဲ့ တရားထူးကို နှီးနှောပြီး နေဝသညာနာသညာယတနစျာန်ရဲ့ ပရိကံကို မေးတယ်။ ဥဒကက ပြောပြတယ်။ သူ့ရဲ့စကားအဆုံးမှာပဲ အဲဒီစျာန်ကို ပြီးစေပါတယ်။ အဲဒီလိုပါပဲ ပညာရှိရဟန်းဟာ ပရိယတ်ကို ကြားနာပြီး ပဋိပတ်၊ ပဋိဝေဓကိုလည်း ဖြည့်ကျင့်တယ်။ ဒါကြောင့် ပရိယတ်တည်ရှိရင် သာသနာ တည်ရှိပါတယ်။

(ဥပရိပဏ်၊ ဠ၊ ၈၀)

http://www.dhammadownload.com



# ပရိယတ်ကွယ်ပုံ

ပရိယတ်သာသနာ ကွယ်တဲ့အခါ အရင်ဆုံး အဘိဓမ္မာပိဋက ကွယ်မယ်၊ အဘိဓမ္မာထဲမှာ အရင်ဆုံး ပဋ္ဌာန်း ကွယ်မယ်။ အစဉ်အတိုင်း နောက်မှ ဓမ္မသင်္ဂဏီ ကွယ်မယ်။ အဘိဓမ္မာ ကွယ်သွားတဲ့အခါ ကျန်တဲ့ ပိဋကနှစ်ပုံ တည်နေသေးရင် သာသနာ တည်တာပါပဲ။ အဲဒီထဲက သုတ္တန်ပိဋက ကွယ်တဲ့အခါ အရင်ဆုံး အင်္ဂုတ္တရနိကာယ်ဟာ ဧကာ ဒသကကနေ ဧကကတိုင်အောင် ကွယ်တယ်။ အဲဒီနောက်မှ သံယုတ္တ နိကာယ်ဟာ စက္ကပေယျာလကနေ ဩဃတရဏတိုင်အောင် ကွယ်တယ်။ အဲဒီနောက် မဇ္ဈိမနိကာယ်ဟာ ဣန္ဒြိယဘာဝနာကနေ မူလပရိယာယ တိုင်အောင် ကွယ်တယ်။ အဲဒီကနောက် ဒီဃနိကာယ်ဟာ ဒသုတ္တရ ကနေ ဗြဟ္မဇာလတိုင်အောင် ကွယ်တယ်။ တစ်ပုစ္ဆာ၊ နှစ်ပုစ္ဆာဟာ ခရီးဆက်နေသေးတယ်။ သာသနာကို ဆောင်မထားနိုင်ပါ။ ဥပမာ သဘိယပုစ္ဆာနဲ့ အာဠဝကပုစ္ဆာလိုပါပဲ။ ကဿပဘုရားရှင်လက်ထက်မှာ ဖြစ်တဲ့ အဲဒီပုစ္ဆာတွေဟာ ကြားကာလမှာ သာသနာကို ဆောင်မထား နိုင်ကြပါ။

ပိဋကနှစ်ပုံ ကွယ်သွားပေမယ့် ဝိနယပိဋက တည်ရှိနေရင် သာသနာ တည်ပါတယ်။ ပရိဝါရနဲ့ ခန္ဓကတို့ ကွယ်သွားတဲ့အခါ ဥဘတောဝိဘင်း တည်နေရင် သာသနာ တည်တာပါပဲ။ ဥဘတော ဝိဘင်း ကွယ်သွားတဲ့အခါ မာတိကာ တည်နေသေးရင်လည်း သာသနာ တည်တာပါပဲ။ မာတိကာ ကွယ်သွားတဲ့အခါ ပါတိမောက်၊ ရှင်အဖြစ်၊ ရဟန်းအဖြစ်တို့ တည်ရှိနေရင် သာသနာ တည်ပါတယ်။ အသွင်ဟာ ခရီးဆက်နေပါသေးတယ်။ အဝတ်ဖြူဝတ် ရဟန်းအနွယ်ကတော့ ကဿပဘုရားရှင်လက်ထက်ကစပြီး သာသနာကို မဆောင်နိုင်ပါ။ နောက်ဆုံးပုဂ္ဂိုလ်ရဲ့သစ္စာကို ထိုးထွင်းသိရာအခါနဲ့ နောက်ဆုံးပုဂ္ဂိုလ်ရဲ့

http://www.dhammadownload.com



သီလပျက်ရာအခါကစပြီး သာသနာဟာ လျှောလာပါတယ်။ အဲဒီအခါကစပြီး အခြားဘုရား ပွင့်တော်မူတာကို မတားမြစ်ပါ။

(ဥပရိပဏ်၊ ၄၊ ၈၁)

## ပရိနိဗ္ဗာန် ၃ မျိုး

၁။ ကိလေသပရိနိဗ္ဗာန် = ဗောဓိပလ္လင်မှာ ဖြစ်တယ်၊

၂။ ခန္ဓပရိနိဗ္ဗာန် = ကုသိနာရုံမှာ ဖြစ်တယ်၊

၃။ ဓာတုပရိနိဗ္ဗာန် = နောင်အခါမှာ ဖြစ်တယ်၊

## ဓာတုပရိနိဗ္ဗာန်

သာသနာ ဆုတ်ယုတ်တဲ့အခါ ဒီသီဟိုဠ်ကျွန်းမှာ ဓာတ်တော်တွေ စုဝေးပြီး မဟာစေတီကို သွားကြလိမ့်မယ်။ မဟာစေတီကနေ နဂါးကျွန်းမှာ လင်းလွန်းပင်စေတီကို သွားကြလိမ့်မယ်။ အဲဒီကနေ မဟာဗောဓိပလ္လင်ကို သွားကြလိမ့်မယ်။ နဂါးပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်က ဓာတ်တော်တွေဟာ မဟာဗောဓိပလ္လင်ကိုပဲ သွားကြလိမ့်မယ်။ မုံညင်းစေ့လောက် ဓာတ်တော်တောင်မှ ကြားကာလမှာ မပျောက်လတ္တံ့။ ဓာတ်တော်အားလုံးဟာ မဟာဗောဓိပလ္လင်မှာ အစုအပုံဖြစ်ပြီး ရွှေတုံးလို တစ်ခဲနက် (အစိုင်အခဲ) ဖြစ်ကာ ရောင်ခြည်တော် ၆ ပါးတွေကို လွှတ်ကြလိမ့်မယ်။ အဲဒီဓာတ်တော်တွေဟာ လောကဓာတ်တစ်သောင်းကို ပြန့်လိမ့်မယ်။

အဲဒီနောက်မှာ စကြဝဠာတစ်သောင်းက နတ်တွေဟာ စုဝေးပြီး 'ယနေ့ ဘုရားရှင် ပရိနိဗ္ဗာန်စံတယ်။ ယနေ့ သာသနာ ဆုတ်ယုတ်တယ်၊ အခုဖူးမြော်ရတာဟာ ငါတို့ရဲ့ နောက်ဆုံးဖူးမြော်မှုပဲ' လို့တွေးကာ ဘုရားရှင် ပရိနိဗ္ဗာန်စံတဲ့နေ့ကထက် ပိုပြီး သနားစရာကို ပြုကြပါလိမ့်

http://www.dhammadownload.com



မယ်။ အနာဂါမ်၊ ရဟန္တာမှတစ်ပါး ကျန်ပုဂ္ဂိုလ်တွေဟာ ပုံမှန် မရပ်တည်နိုင်ကြပါ။ ဓာတ်တော်တွေမှာ တေဇောဓာတ် ထပြီး ဗြဟ္မာ့ပြည်တိုင်အောင် တက်သွားပါမယ်။ မုန်ညင်းစေ့လောက် ဓာတ်တော်ရှိရင် မီးတောက်မီးလျှံ ရှိနေပါမယ်။ ဓာတ်တော်တွေ ကုန်သွားရင် မီးတောက်မီးလျှံ ကုန်သွားပါမယ်။ အဲဒီလို တန်ခိုးကို အကြီးအကျယ်ပြပြီး ဓာတ်တော်တွေ ကွယ်ပျောက်တဲ့အခါ သာသနာ ကွယ်သွားပါတော့တယ်။

(ဥပရိပဏ်၊ ဋ္ဌ၊ ၈၂)

## ဘုရားနှစ်ဆူ တစ်ပြိုင်နက် မပွင့်ရခြင်းအကြောင်း

၁။ ပွင့်ရင် အံ့သြစရာမဟုတ်လို့ပါပဲ။ မှန်တယ်၊ ဘုရားရှင်တွေဟာ အံ့သြစရာလူသားတွေ ဖြစ်တယ်။ ၂ ဆူ၊ ၄ ဆူ၊ ၈ ဆူ၊ ၁၆ ဆူ၊ တစ်ပြိုင်နက်တည်း ပွင့်ခဲ့ရင် အံ့သြစရာမဟုတ်တော့ဘူး။ မှန်တယ်၊ တစ်ကျောင်းထဲမှာ စေတီ ၂ ဆူလုံးမှာ လာဘ၊ သက္ကာရ မပေါများ၊ ရဟန်းတွေလည်း များလို့ အံ့သြစရာမဖြစ်၊ ဘုရားရှင်တွေဟာလည်း အဲဒီလိုပါပဲ။ ဒါကြောင့် မပွင့်ကြပါ။

၂။ တရားဒေသနာ မထူးတာကလည်း နောက်တစ်ကြောင်းပါပဲ။ မှန်တယ်၊ တစ်ပါးက သတိပဋ္ဌာန်စတဲ့တရားကို ဟောတယ်။ အခြားဘုရားတစ်ဆူ ပွင့်လာရင်လည်း အဲဒီတရားကိုပဲ ဟောတယ်။ ဒါကြောင့် အံ့သြစရာမဖြစ်၊ တစ်ပါးပဲ တရားဟောရင် တရားဟာလည်း အံ့သြစရာဖြစ်တယ်။

၃။ ငြင်းခုံစရာဖြစ်လို့ပါပဲ။ ဘုရားတွေ အများကြီး ပွင့်ရင် ဆရာများစွာရဲ့ တပည့်တွေလို 'ငါတို့ရဲ့ဘုရားက ကြည်ညိုစရာကောင်းတယ်။ ငါတို့ရဲ့ဘုရားက အသံကောင်းတယ်။ ဘုန်းကြီးတယ် ငြင်းခုံကြလိမ့်မယ်။ ဒါကြောင့်လည်း မပွင့်ကြပါ။'

(ဥပရိပဏ်၊ ဋ္ဌ၊ ၈၂)

http://www.dhammadownload.com



## သတ်မှုနဲ့အလှူ

လူဇာတ်ရှိတဲ့ ရဟန္တာကို ပုထုဇဉ်ဘ၀မှာပဲ လက်နက်နဲ့ ရိုက်ပုတ်လို့ဖြစ်စေ၊ အဆိပ်ကျွေးလို့ဖြစ်စေ ရဟန္တာဖြစ်ပြီးမှ သေသွားရင် ရဟန္တာကို သတ်တဲ့ကံ ဖြစ်တာပါပဲ။

ပုထုဇဉ်ဘ၀မှာ လှူထားတဲ့ အလှူကို ရဟန္တာဖြစ်ပြီးမှ သုံးဆောင်တယ်၊ ပုထုဇဉ်အားသာ ပေးလှူရာရောက်ပါတယ်။

ရဟန္တာမှတစ်ပါး ကျန်တဲ့ အရိယာပုဂ္ဂိုလ်တွေကို သတ်ရင် အာနန္တရိယကံ မထိုက်၊ ကံကတော့ ၀န်လေးတယ်။ အာနန္တရိယကံနဲ့ တူတာပါပဲ။ (ဥပရိပဏ်၊ ၄၊ ၇၉)

## သံဃဘေဒကကံ

အပလောကန (ပန်ပြောခြင်း) စတဲ့ ကံနဲ့ ပါတိမောက် ရွတ်ပြခြင်းကသာ ပဓာနဖြစ်ပါတယ်။ အဓမ္မကို ဓမ္မစသည်ဖြင့် ပြောခြင်း၊ ကိုယ်ရည်သွေးခြင်း၊ စာရေးတံမဲ အယူခိုင်းခြင်းတွေဟာ ကြိုတင်လုပ်ရမယ့်ကိစ္စတွေပါပဲ။ အဓမ္မကို ဓမ္မလို့ပြောခြင်းစတဲ့ အကြောင်း ၁၈ မျိုးကို ပြောပြီး အဲဒီမှာ သဘောကျအောင် ပြောကာ စာရေးတံမဲကို ယူပြီးပေမယ့် သံဃာမကွဲသေးပါ။ အဲဒီလို လေးပါး၊ လေးပါးထက် လွန်တဲ့ ရဟန်းတွေက စာရေးတံမဲကို ယူစေပြီး သီးခြားဖြစ်တဲ့ ကံနဲ့ ပါတိမောက် ရွတ်ပြမှုကို ပြုရင် သံဃာကွဲတယ်မည်တယ်။

(ဥပရိပဏ်၊ ၄၊ ၇၅၊ ၆)

## အာနန္တရိယကံ ၅ ပါး အကျိုးပေးပုံ

သံဃဘေဒကံက ၀စီကံ၊ ကျန်တဲ့ ၄ ပါးက ကာယကံ။

သံဃဘေဒကံသာ တစ်ကမ္ဘာလုံး တည်တယ်။ ကျန်တဲ့ ၄ ပါးက မတည်။

http://www.dhammadownload.com



(ကမ္ဘာတည်နေဆဲအချိန်မှာဖြစ်စေ၊ ကမ္ဘာရဲ့အလယ်ပိုင်းအချိန်မှာ ဖြစ်စေ သံဃဘေဒကံကို ပြုပြီးရင် ကမ္ဘာပျက်မှသာ ငရဲကလွတ်တယ်။ နက်ဖြန်မှာ ကမ္ဘာပျက်မယ်ဆိုရင် ဒီနေ့မှာ သံဃဘေဒကံ ပြုမိက နက်ဖြန်မှာပဲ လွတ်တယ်၊ တစ်ရက်ပဲ ငရဲခံရတယ်။)

အာနန္တရိယကံ ၅ ပါးလုံး ပြုထားရင် သံဃဘေဒကံကသာ ပဋိသန္ဓေအစွမ်းဖြင့် အကျိုးပေးတယ်။ ကျန်တဲ့ကံတွေက အဟောသိကံ ဖြစ်သွားတယ်။ အကျိုးမပေးတော့ဘူး။ သံဃဘေဒကံ မရှိရင် လောဟိတုပ္ပါဒကံက၊ လောဟိတုပ္ပါဒက မရှိရင် အရဟန္တဃာတကကံက၊ အရဟန္တဃာတကကံ မရှိရင် အဖေက သီလရှိပြီး အမေက သီလမရှိက ပိတုဃာတကကံက အကျိုးပေးတယ်။ အမိရော အဖရော သတ်ရင် နှစ်ယောက်လုံးက သီလရှိတာချင်း၊ သီလမရှိတာချင်း တူနေရင် အမေ သတ်တဲ့ကံကပဲ အကျိုးပေးတယ်။ မှန်တယ်၊ အမေက လုပ်နိုင်ခဲတာကို လုပ်ပေးတယ်။ သားသမီးတွေအပေါ် ကျေးဇူးလည်းများတယ်။

ရှေ့ကံ ၄ ပါးဟာ လူဝတ်ကြောင်နဲ့ရော ရှင်ရဟန်းနဲ့ပါ ပတ်သက်တယ်။ သံဃဘေဒကံကတော့ ဘိက္ခုနီ၊ သိက္ခမာန်၊ ကိုရင်၊ ကိုရင်မ၊ ဥပါသကာ၊ ဥပါသိကာတို့နဲ့ မဆိုင်၊ ရဟန်း (ပကတတ်၊ သမာနသံဝါသက၊ သမာနသီမာယံ ဌိတ) နဲ့သာ ဆိုင်တယ်။

(ဥပရိပဏ်၊ ဋ္ဌ၊ ၇၈၊ ၉)

## ဒုက္ခဝေဒနာနဲ့ ဖလသမာပတ်

ပရိနိဗ္ဗာန်စံခါနီး သေလောက်တဲ့ ဒုက္ခဝေဒနာကို မခံစားရခင်က ဘုရားရှင်ဟာ ဖလသမာပတ်ကို မဝင်စားဘူးလား။ ဝင်စားပါတယ်။ အဲဒီသမာပတ်က ခဏိကသမာပတ် (ခဏပိုင်းတည်တဲ့ သမာပတ်) ဖြစ်ပါတယ်။ အဲဒီ ခဏိကသမာပတ်က သမာပတ်အတွင်းမှာသာ

http://www.dhammadownload.com



ဝေဒနာကို ပယ်ခွယ်ပါတယ်။ သမာပတ်မှ ထခါမှုမှာ သစ်သား၊ အိုးခြမ်းကွဲ ကျလို့ ကွဲပျက်သွားတဲ့ မှော်က ရေကို လွှမ်းမိုးတည်သလို တစ်ဖန် ကိုယ်ကို ဝေဒနာက လွှမ်းမိုးတယ်။

ရူပသတ္တက၊ အရူပသတ္တကကို အရှုပ်အထွေး မရှိအောင် မဟာဝိပဿနာရဲ့အစွမ်းနဲ့ ဝင်စားတဲ့ သမာပတ်က ဝေဒနာကို ကောင်းကောင်း ပယ်ခွာတယ်။ ယောကျ်ားက ရေကန်ထဲ သက်ဆင်းပြီး လက် ခြေတွေနဲ့ ကောင်းကောင်း ဖယ်ရှားခံရတဲ့ မှော်ဟာ အချိန်ကြာမှ ရေကို ပြန်ပြီး လွှမ်းမိုးသလို အဲဒီသမာပတ်က ထတဲ့အခါ အချိန်ကြာမှ ဝေဒနာ ဖြစ်တယ်။

အဲဒီလို ဘုရားရှင်က အဲဒီနေ့မှာ မဟာဗောဓိပလ္လင်မှာ အသစ်ဖြစ်တဲ့ ဝိပဿနာကို ဖြစ်စေသလို၊ ရူပသတ္တက၊ အရူပသတ္တကကို အရှုပ်အထွေး မရှိအောင် ပြုပြီး ၁၄ ပါးသော အခြင်းအရာတွေနဲ့ နှောင်ဖွဲ့ကာ မဟာဝိပဿနာနဲ့ ဝေဒနာကို ခွာပြီး 'ဆယ်လပတ်လုံး ဝေဒနာ မဖြစ်ပါစေနဲ့' လို့ အဓိဋ္ဌာန်ကာ သမာပတ်ကို ဝင်စားတယ်။ သမာပတ်နဲ့ ခွာထားတဲ့ ဝေဒနာဟာ ဆယ်လပတ်လုံး မဖြစ်ဘဲ ရှိတယ်။

(သံယုတ်၊ ဋ္ဌ၊ တ၊ ၂၃၆၊ ၇)

## အတွင်းအပြင်

'ဒီလောက်ရှိတဲ့ တရားကို သူတစ်ပါးအား မဟောအံ့' လို့ ကြံသူဟာ တရားကို အတွင်းပြုသူ မည်တယ်။ 'ဒီလောက်ရှိတဲ့ တရားကို သူတစ်ပါးအား ဟောအံ့' လို့ ကြံသူဟာ တရားကို အပြင်ပမှာ ပြုသူ မည်တယ်။ 'ဒီပုဂ္ဂိုလ်အား ဟောမယ်' လို့ ကြံသူဟာ ပုဂ္ဂိုလ်ကို အတွင်းပြုသူ မည်တယ်။ 'ဒီပုဂ္ဂိုလ်အား မဟောဘူး' လို့ ကြံသူဟာ ပုဂ္ဂိုလ်ကို အပပြုသူ မည်တယ်။ ဘုရားရှင်က အဲဒီလို မလုပ်ဘဲ ဟောတယ်။

(သံယုတ်၊ ဋ္ဌ၊ တ၊ ၂၃၇)

http://www.dhammadownload.com



## ဆရာစား မရှိပါ

သာသနာပပုဂ္ဂိုလ်တွေမှာ ဆရာ့လက်ဆုပ် (ဆရာစား) ဆိုတာ ရှိတယ်။ ငယ်စဉ်အခါမှာ ဘယ်သူ့ကိုမှ မပြောဘဲ သေခါနီး ညောင်စောင်းပေါ် လဲလျောင်းနေမှ ချစ်မြတ်နိုးတဲ့ တပည့်အား ပြောကြားသလို ဘုရားရှင်မှာ 'ဒီစကားကို ကြီးလာတဲ့အခါ နောက်ဆုံးနေရာမှာ ပြောမယ်' လို့ ဆရာစား ချန်ထားတာ တစ်ခုမျှမရှိပါ။

(သံယုတ်၊ ၃၊ တ၊ ၂၃၇)

## ရတနာ

၁။ ရှိသေခံရခြင်း၊
၂။ တန်ဖိုးကြီးခြင်း၊
၃။ အတူမရှိခြင်း၊
၄။ မြင်ရခဲခြင်း၊
၅။ မြင့်မြတ်သူတို့ရဲ့ အသုံးအဆောင်ဖြစ်ခြင်း။

(သံယုတ်၊ ၃၊ တ၊ ၁၉၀)

## စကြဝတေးမင်းရဲ့ ရတနာ ၇ ပါး

၁။ ကျွန်းပေါင်း ၂၀၀၀ အခြံအရံရှိတဲ့ ကျွန်းကြီး ၄ ကျွန်းတို့ရဲ့ အသရေစည်းစိမ်ကို ယူပေးနိုင်တဲ့ စကြာရတနာ၊

၂+၃။ နံနက်စာ မစားခင်မှာပဲ သမုဒ္ဒရာအပိုင်းအခြားရှိတဲ့ မြေကြီးကို လှည့်လည်နိုင်ပြီး ကောင်းကင်ကို ပျံတက်နိုင်တဲ့ ဆင်ရတနာနဲ့ မြင်းရတနာ၊

၄။ အင်္ဂါ ၄ ပါးရှိတဲ့ အမှောင်ထဲမှာတောင် တစ်ယူဇနာပမာဏ

http://www.dhammadownload.com



ရှိတဲ့ အမိုက်မှောင်ကို ခွင်းပြီး အရောင်လင်းစေနိုင်တဲ့ ပတ္တမြားရတနာ၊

၅။ အပြစ်ခြောက်ပါးကင်းပြီး မြတ်နိုးဖွယ်ကို ပြုလုပ်တဲ့ မိန်းမရတနာ၊

၆။ တစ်ယူဇနာပမာဏရှိတဲ့ အရပ်မှာ မြေကြီးအတွင်းရောက်နေတဲ့ ရွှေအိုးတွေကို ပြနိုင်တဲ့ သူကြွယ်ရတနာ၊

၇။ ထိပ်ခေါင်တင်မိဖုရားရဲ့ ဝမ်းမှာ ဖြစ်ပြီး တစ်နိုင်ငံလုံးကို ဆုံးမနိုင်တဲ့ သားကြီးရတနာ။

(သံယုတ်၊ ၃၊ တ၊ ၁၉၁)

## မျက်စိ ၅ လုံး

၁။ ဗုဒ္ဓစက္ခု = အာသယ အနုသယကို သိတဲ့ ဉာဏ်နဲ့ ဣန္ဒြေ အနုအရင့်ကို သိတဲ့ ဉာဏ်၊

၂။ ဓမ္မစက္ခု = အောက်မဂ် ၃ ပါး၊ အောက်ဖိုလ် ၃ ပါး၊

၃။ သမန္တစက္ခု = သဗ္ဗညုတဉာဏ်၊

၄။ ဒိဗ္ဗစက္ခု = အရောင်အလင်း ဖြန့်ခြင်းဖြင့် ဖြစ်တဲ့ ဉာဏ်၊

၅။ ပညာစက္ခု = သစ္စာလေးပါးကို ပိုင်းခြားသိတဲ့ ဉာဏ်။

(သံယုတ်၊ ၃၊ တ၊ ၁)

## အိပ်ခြင်း ၄ မျိုး

၁။ များသောအားဖြင့် လက်ဝဲဘက်နံပါးနဲ့ အိပ်တဲ့ ကာမဂုဏ် ခံစားသူတွေရဲ့ အိပ်ခြင်း၊

၂။ များသောအားဖြင့် ပက်လက်အိပ်တဲ့ ပြိတ္တာတို့ရဲ့အိပ်ခြင်း၊

၃။ များသောအားဖြင့် အမြီးကို ပေါင်ကြားမှာထည့်ကာ လက်ယာ

http://www.dhammadownload.com



ဘက်နံပါးနဲ့ အိပ်တဲ့ ခြင်္သေ့မင်းတို့ရဲ့ အိပ်ခြင်း၊
၄။ စတုတ္ထစျာန်နဲ့ အိပ်ခြင်း။

(သံယုတ်၊ ၃၊ တ၊ ၇၂)

## ခြင်္သေ့အိပ်ပုံ

တန်ခိုးကြီးလို့ ခြင်္သေ့မင်းဟာ ရှေ့ခြေ နှစ်ဖက်ကို တစ်နေရာမှာ ထားပြီး နောက်ခြေ နှစ်ဖက်ကို တစ်နေရာမှာ ထားကာ အမြီးကို ပေါင်ကြားမှာ ထည့်ပြီး ရှေ့ခြေ နောက်ခြေ အမြီးတို့ရဲ့ တည်ရာအရပ်ကို မှတ်သားကာ ရှေ့ခြေနှစ်ခုရဲ့ထိပ်မှာ ဦးခေါင်းကို ထားပြီး အိပ်တယ်။ တစ်နေ့လုံးလည်း အိပ်ပြီး နိုးလာတဲ့အခါ မကြောက်မရွံ့ နိုးတယ်။ ဦးခေါင်းကို မြှောက်ပြီး ခြေထောက်၊ အမြီးတွေရဲ့တည်ရာကို မှတ်သားတယ်။ တစ်နေရာရာ ရွေ့နေရင် 'ဒါဟာ ငါ့ရဲ့ဇာတ်၊ ရဲရင့်မှုနဲ့ မသင့်လျော်ဘူး' လို့ တွေးကာ စိတ်မကောင်းဖြစ်ပြီး အဲဒီနေရာမှာပဲ အိပ်တယ်။ အစာရှာဖို့ မသွားတော့။ နေရာ မရွေ့ရင် 'ဒါဟာ ငါ့ရဲ့ ဇာတ်၊ ရဲရင့်မှုနဲ့ သင့်လျော်တယ်' လို့ တွေးကာ စိတ်ပျော်ရွှင်ပြီး ထကာ ခြင်္သေ့မင်းရဲ့တင့်တယ်ခြင်းနဲ့ တင့်တယ်ကာ ခြင်္သေ့ရဲ့ဝန်ကို ခါလှုပ်ပြီး ၃ ကြိမ် မြည်ဟိန်းကာ အစာရှာထွက်ပါတယ်။

(သံယုတ်၊ ၃၊ တတိယ၊ ၇၂)

## ဘုရားရှင်ရဲ့ ကျိန်းစက်ပုံ

ဖမျက်တစ်ခုနဲ့ ဖမျက်တစ်ခုကို ပုဆစ်ဒူးဝန်းတစ်ခုနဲ့ ပုဆစ်ဒူးဝန်းတစ်ခုကို ထိခိုက်ရင် မပြတ် ဒုက္ခဝေဒနာ ဖြစ်တယ်။ စိတ် မတည်ငြိမ်ဘူး၊ အိပ်ရတာ မချမ်းသာဘူး။ မထိခိုက်အောင် ကျော်လွန်ပြီး ထားရင် ဝေဒနာ မဖြစ်။ စိတ်တည်ငြိမ်တယ်။ အိပ်ရတာ ချမ်းသာတယ်။

http://www.dhammadownload.com



ဒါကြောင့် ဘုရားရှင်ဟာ လက်ယာခြေပေါ်မှာ လက်ဝဲခြေ အနည်းငယ် လွန်အောင် ထားပြီး ကျိန်းစက်တယ်။

တစ်နေ့လုံးရော ယာမ်အားလုံးပါ နီဝရဏတရားတွေမှ စိတ်ကို စင်ကြယ်စေပြီး ပထမယာမ်ရဲ့အဆုံးမှာ စင်္ကြံမှသက်ဆင်းကာ ခြေတွေကို ဆေးပေမယ့် မူလကမ္မဋ္ဌာန်းကို မစွန့်ဘဲသာ ဆေးတယ်။ မူလကမ္မဋ္ဌာန်း ကို မစွန့်ဘဲသာ တံခါးကို ဖွင့်တယ်။ ညောင်စောင်းမှာ ထိုင်တယ်။ မစွန့်ဘဲသာ အိပ်တယ်။ နိုးလာတော့ မူလကမ္မဋ္ဌာန်းကို ယူပြီးတော့ပဲ နိုးတယ်။

(သံယုတ်၊ ၄၊ ၈၊ ၇၂၊ ၃)

## သဗ္ဗညုတဉာဏ်တော်အစွမ်း ၃ ပါး

၁။ သိစရာအားလုံးတို့ရဲ့ သဘာဝကို သိနိုင်ခြင်း၊
၂။ အဲဒီသိစရာအားလုံးတို့ရဲ့ ဟောထိုက်တဲ့ အပြားကို သိနိုင်ခြင်း၊
၃။ ကျွတ်ထိုက်တဲ့ပုဂ္ဂိုလ်တွေရဲ့ ဣန္ဒြေအနု အရင့်၊ အကြိုက်စရိုက် စသည်ကို သိနိုင်ခြင်း။

(ဓမ္မသင်္ဂဏီမူလဋီကာ၊ ၈)

## တစ်ထောင့်ငါးရာကိလေသာ

စိတ် ၁၊ စေတသိက် ၅၂၊ နိပ္ဖန္နရုပ် (ရူပရုပ်) ၁၈၊ အာကာသ ဓာတ် ၁၊ လက္ခဏာရုပ် ၃၊ အားလုံးပေါင်း ၇၅။

အဲဒီ ၇၅ ပါးကို အတွင်းသန္တာန်၊ အပြင်သန္တာန်နဲ့ မြှောက်ရင် ၁၅၀။

အဲဒီ ၁၅၀ ကို ကိလေသာ ၁၀ ပါးနဲ့ မြှောက်ရင် ၁၅၀၀ ကိလေသာ ဖြစ်တယ်။

(ဓမ္မသင်္ဂဏီအနုဋီကာ၊ ၁၉)

http://www.dhammadownload.com



## ကုသိုလ်နဲ့ယောနိသော မနသိကာရ

သင့်တင့်စွာ နှလုံးသွင်းမှု = ယောနိသော မနသိကာရကို ဖယ်တားရင် ကုသိုလ်ဖြစ်တာ မရှိ။

(ဓမ္မသင်္ဂဏီအနုဋီကာ၊ ၂၈)

## ပါရဂူ ၆ ပါး

၁။ အဘိညာပါရဂူ = တရားအားလုံးကို ပိုင်းခြားသိလျက် တစ်ဖက်ကမ်းသို့ သွားသူ၊

၂။ ပရိညာပါရဂူ = ဥပါဒါနက္ခန္ဓာငါးပါးကို ပိုင်းခြားသိလျက် တစ်ဖက်ကမ်းသို့ သွားသူ၊

၃။ ပဟာနပါရဂူ = ကိလေသာအားလုံးကို ပယ်စွန့်လျက် တစ်ဖက်ကမ်းသို့ သွားသူ၊

၄။ ဘာဝနာပါရဂူ = မဂ်လေးပါးကို ပွားလျက် တစ်ဖက်ကမ်းသို့ သွားသူ၊

၅။ သစ္ဆိကိရိယာပါရဂူ = နိဗ္ဗာန်ကို မျက်မှောက်ပြုလျက် တစ်ဖက်ကမ်းသို့ သွားသူ၊

၆။ သမာပတ္တိပါရဂူ = သမာပတ်အားလုံးကို ဝင်စားလျက် တစ်ဖက်ကမ်းသို့ သွားသူ၊

(အံ၊ ဋီ၊ တ၊ ၁၁၁)

## ဇေတဝန်

သာဝတ္ထိမြို့က ဇေတဝန်ကျောင်းဟာ တစ်ခါတစ်ရံ ကြီးတယ်၊ တစ်ခါတစ်ရံ ငယ်တယ်။

http://www.dhammadownload.com



ဝိပဿီဘုရားလက်ထက်မှာ တစ်ယူဇနာ ရှိတယ်။
သိခီဘုရားလက်ထက်မှာ ၃ ဂါဝုတ်၊
ဝေဿဘူဘုရားလက်ထက်မှာ ၂ ဂါဝုတ်၊
ကကုသန္ဓဘုရားလက်ထက်မှာ ၁ ဂါဝုတ်၊
ကောဏာဂမနဘုရားလက်ထက်မှာ ဂါဝုတ်ဝက်၊
ကဿပဘုရားလက်ထက်မှာ ဥသဘ ၂၀၊
ဂေါတမဘုရားလက်ထက်မှာ ဂ ပယ်၊

(အံ၊ ဋ္ဌ၊ တ၊ ၁၀၉)

## သာဝတ္ထိနဲ့ဇေတဝန်

သာဝတ္ထိမြို့ဟာ ဇေတဝန်ကျောင်းရဲ့ တစ်ခါတစ်ရံ အရှေ့ဘက်မှာ ရှိတယ်။ တစ်ခါတစ်ရံ တောင်ဘက်မှာ၊ တစ်ခါတစ်ရံ အနောက်ဘက်မှာ၊ တစ်ခါတစ်ရံ မြောက်ဘက်မှာ ရှိတယ်။

(အံ၊ ဋ္ဌ၊ တ၊ ၁၀၉)

## မပြောင်းရွှေ့တဲ့ နေရာ ၄ ခု

၁။ မဟာဗောဓိပလ္လင်နေရာ၊
၂။ ဣသိပတနတောက ဓမ္မစကြာတရားဟောရာ နေရာ၊
၃။ သင်္ကဿမြို့မှာ နတ်ပြည်က ဘုရားရှင်ဆင်းလာတဲ့အခါ စောင်းတန်းတည်ရာနေရာ၊
၄။ ဇေတဝန်ကျောင်း ဂန္ဓကုဋိရှိ ညောင်စောင်းခြေ ၄ ခုရဲ့ တည်နေရာ၊

(အံ၊ ဋ္ဌ၊ တတိယ၊ ၁၀၉)

http://www.dhammadownload.com



## ဒီသုံးပါးရဲ့အစွမ်း

၁။ ရုပ်သက်၊ ၂။ ကမ္မဇတေဇော၊ ၃။ စိတ်။ ဒီသုံးပါး ရှိလို့ ဒီခန္ဓာကိုယ်ဟာ သွားတာ၊ ရပ်တာစသည်ကို ပြုနိုင်တာပဲ။ မရှိရင် ဒီကိုယ်ဟာလည်း ပုပ်တဲ့သဘော ရှိတာပါပဲ။

(အံ၊ ဋ္ဌ၊ တ၊ ၁၀၃)

## မရောင်းကောင်းတဲ့ အရာ ၅ ခု

၁။ သတ္ထဝဏိဇ္ဇာ = လက်နက်ကို ကိုယ်တိုင်လုပ်၍ဖြစ်စေ၊ သူတစ်ပါးကို အလုပ်ခိုင်း၍ဖြစ်စေ၊ ပြုလုပ်ပြီးသားကို ရ၍ဖြစ်စေ ရောင်းခြင်း၊ (သူတစ်ပါးကို နှိပ်စက်ကြောင်းဖြစ်လို့ မရောင်းကောင်း)

၂။ သတ္တဝဏိဇ္ဇာ = လူကို ရောင်းခြင်း၊ (ကျွန်ဘဝက မလွတ်အောင် လုပ်တာဖြစ်လို့ မရောင်းကောင်း)

၃။ မံသဝဏိဇ္ဇာ = ဝက်၊ သမင်စတဲ့ သတ္တဝါတွေကို မွေးမြူကာ သူတို့ရဲ့အသားကို ရောင်းခြင်း၊ (သတ်ဖို့အကြောင်းဖြစ်လို့ မရောင်းကောင်း)

၄။ မဇ္ဇဝဏိဇ္ဇာ = သေရည် အရက်ကို ရောင်းခြင်း၊ (မေ့လျော့ခြင်းရဲ့အကြောင်းဖြစ်လို့ မရောင်းကောင်း)

၅။ ဝိသဝဏိဇ္ဇာ = အဆိပ်ကို ရောင်းခြင်း၊ (သတ်ဖို့အကြောင်းဖြစ်လို့ မရောင်းကောင်း)

ကိုယ်တိုင်လည်း မရောင်းကောင်း၊ သူတစ်ပါးကိုလည်း အရောင်းမခိုင်းကောင်း။

(အံ၊ ၌၊ ၆၂။ အံ၊ ဋ္ဌ၊ တ၊ ၅၃)

http://www.dhammadownload.com



# သတိ

ဟင်းအားလုံးမှာ ဆား ပါရသလို၊ အလုပ်အားလုံး လုပ်ရတဲ့ အမတ်ဟာ စစ်တိုက်ခြင်း၊ တိုင်ပင်ခြင်းစတဲ့ အလုပ်အားလုံးကို ပြီးစေရသလို၊ လွင့်နေတဲ့စိတ်ကို နှိပ်ကွပ်ခြင်း၊ တွန့်နေ လျော့နေတဲ့စိတ်ကို ချီးမြှောက်ခြင်း ကိစ္စအားလုံးကို သတိနဲ့ ပြီးစေရပါတယ်။ သတိနဲ့ ကင်းပြီး အဲဒါတွေကို မပြီးစေနိုင်ပါ။ ဒါကြောင့် ဘုရားရှင်က သတိကို ကိစ္စအားလုံးမှာ လိုအပ်တယ်လို့ မိန့်ထားပါတယ်။

(အံ၊ ဋ္ဌ၊ တ၊ ၂၀၇)

# သန့်ရှင်းမှုနဲ့ဉာဏ်

ဆံပင်၊ လက်သည်း၊ ခြေသည်း၊ အမွေးတွေ ရှည်နေတဲ့အခါ၊ ခန္ဓာကိုယ်မှာ သလိပ်၊ သည်းခြေစတဲ့ အပြစ်တွေ များနေတဲ့အခါ၊ ချွေးအညစ်အကြေးတွေ ပေနေတဲ့အခါ အတွင်းဝတ္ထု မသန့်ရှင်း၊ မစင်ကြယ် ဖြစ်နေပါတယ်။

သင်္ကန်း ဟောင်းနွမ်း ညစ်နွမ်း၊ အနံ့ဆိုးနေတဲ့အခါ ကျောင်းမှာ အမှိုက်ရှုပ်နေတဲ့အခါ အပြင်ဝတ္ထု မသန့်ရှင်း မစင်ကြယ် ဖြစ်နေပါတယ်။

ဒါကြောင့် ဆံပင်စသည်ကို ဖြတ်ရပါမယ်။ အန်ဆေး၊ ဝမ်းလျှောဆေးစသည်နဲ့ ခန္ဓာကိုယ် ပေါ့ပါးအောင် လုပ်ရပါမယ်။ နံ့သာလိမ်းကျံရပါမယ်။ ရေချိုးရပါမယ်။ ဒါမှ အတွင်းဝတ္ထု သန့်ရှင်းပါမယ်။

အပ်ချုပ်ခြင်း၊ ဖွပ်လျှော်ခြင်း၊ ဆေးဆိုးခြင်း၊ အနံ့အနားပတ်တင်ခြင်းစသည်နဲ့ အပြင်ဝတ္ထု သန့်ရှင်းအောင် လုပ်ရပါတယ်။

အတွင်း အပြင်ဝတ္ထု မစင်ကြယ်၊ မသန့်ရှင်းရင် စိတ်စေတသိက်တွေ ဖြစ်တဲ့အခါ ဉာဏ်ကလည်း မသန့်ရှင်း မစင်ကြယ်ဖြစ်တယ်။

http://www.dhammadownload.com



ဥပမာ မသန့်ရှင်းတဲ့ ဆီမီးခွက်၊ မီးစာ၊ ဆီတွေကို မှီပြီး ဖြစ်ပေါ်လာတဲ့ ဆီမီးတောက်အရောင်လိုပါပဲ။

အတွင်း အပြင်ဝတ္ထု သန့်ရှင်းစင်ကြယ်ရင် စိတ်စေတသိက်တွေ ဖြစ်တဲ့အခါ ဉာဏ်ကလည်း စင်ကြယ်သန့်ရှင်းတယ်။ ဥပမာ စင်ကြယ်တဲ့ မီးခွက်၊ မီးစာ၊ ဆီတွေကို အမှီပြုပြီး ဖြစ်ပေါ်လာတဲ့ ဆီမီးတောက်ရဲ့အရောင်လိုပါပဲ။

(သံယုတ်၊ ၄၊ တ၊ ၁၉၃၊ ၄)

## လေးလေးစားစား ဟောကြားကြတယ်

ဘုရားရှင်တွေမှာ မလေးမစား ဟောတဲ့တရားဆိုတာ မရှိပါ။ မှန်ပါတယ်၊ ဘုရားရှင်တွေဟာ ခြင်္သေ့နဲ့အလား တူကြပါတယ်။ ခြင်္သေ့ဟာ မှန်ယစ်နေတဲ့ ဆင်ကိုရော ယုန်ကြောင်စသည်တွေကိုပါ ဖမ်းတဲ့အခါ အရှိန်အဟုန်ကို အတူတူပဲ လုပ်ပါတယ်။ အဲဒီလိုပါပဲ၊ ဘုရားရှင်တွေဟာလည်း တစ်ယောက်ကိုဖြစ်စေ၊ အများကိုဖြစ်စေ၊ ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာ ပရိသတ်ကိုဖြစ်စေ၊ တိတ္ထိတွေကိုဖြစ်စေ ဟောတဲ့အခါ လေးလေးစားစားပဲ ဟောကြပါတယ်။

(သံယုတ်၊ ၄၊ တ၊ ၁၄၂)

## ကျောင်းနဲ့အတူ တစ်ပါတည်း

နှစ်ရွာ၊ သုံးရွာ ဆွမ်းခံလှည့်လည်ပြီး ဘာမှမရဘဲ ပြန်လာခဲ့တဲ့ ရဟန်းမှာ အရိပ်, ရေနဲ့ပြည့်စုံတဲ့ ကျောင်းတိုက်ထဲ ဝင်ပြီး ရေချိုးကာ ကျောင်းခန်းထဲ တစ်ခဏ လဲလျောင်းပြီး ထကာ ထိုင်လိုက်ရင် ခန္ဓာကိုယ်မှာ အင်အားတွေ ယူဆောင်ပြီး ထည့်ပေးလိုက်သလို ဖြစ်သွားတယ်။

http://www.dhammadownload.com



အပြင်မှာ လှည့်လည်သွားလာသူရဲ့ ကိုယ်အဆင်းဟာ လေနေပူတွေကြောင့် ပင်ပန်းတယ်၊ ညှိုးနွမ်းတယ်၊ ကျောင်းခန်းထဲ ဝင်ပြီး တံခါးကို ပိတ်ကာ တစ်ခဏ ထိုင်လိုက်ရင် ညှိုးနွမ်းပင်ပန်းရုပ်အစဉ် ပျောက်သွားတယ်။ ရွှင်လန်းတဲ့ ရုပ်အစဉ် တည်လာတယ်။ လှပတဲ့ ရုပ်အဆင်းကို ထည့်ပေးလိုက်သလို ဖြစ်သွားတယ်။

အပြင်မှာ လှည့်လည်သွားလာသူရဲ့ ခြေတွေကို ခြောင့်တွေ စူးတယ်၊ ငုတ်တိုက်တယ်၊ မြွေစတဲ့ဘေးရန်၊ သူခိုးဘေးရန်တွေ ဖြစ်တယ်။ ကျောင်းခန်းထဲ ဝင်ပြီး တံခါးပိတ်ကာ ထိုင်လိုက်ရင် အဲဒီဘေးရန်အားလုံး မရှိတော့၊ ရွတ်အံစရာကို ရွတ်အံရင် တရားပီတိချမ်းသာကို ခံစားရတယ်။ ကမ္မဋ္ဌာန်းတရား နှလုံးသွင်းရင် ငြိမ်းချမ်းတဲ့ ချမ်းသာကို ခံစားရတယ်။ အကြောင်းကတော့ အပြင်မှာ မပျံ့လွင့်လို့ပါပဲ။

အပြင်မှာ လှည့်လည်သွားသူရဲ့ကိုယ်မှာ ချွေးထွက်တယ်၊ မျက်စိတွေ မှုန်တယ်၊ ကျောင်းခန်းထဲ ဝင်တဲ့ခဏမှာ ညောင်စောင်း၊ အင်းပျဉ်စတာတွေဟာ မထင်ရှားဘူး။ တစ်ခဏထိုင်လိုက်ရင် မျက်စိအကြည်ဓာတ်ကို ဆောင်ပြီး ထည့်ပေးလိုက်သလို ဖြစ်သွားတယ်။ တံခါး၊ လေသာပြူတင်း၊ ညောင်စောင်း၊ အင်းပျဉ်စတာတွေဟာ ထင်ရှားလာတယ်။ အဲဒီကျောင်းထဲမှာ နေတာကို မြင်ရင် လူတွေက ပစ္စည်းလေးပါးနဲ့ ရိုရိုသေသေ ပြုစုကြတယ်။

(သံယုတ်၊ ဋ္ဌ၊ ၃၊ ၃၃၇)

## အကန့်အသတ်မရှိဘဲ ပွားတဲ့မေတ္တာ

၁။ သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု = သတ္တဝါအားလုံး ဘေးရန်ကင်းကြပါစေ။

၂။ သဗ္ဗေ သတ္တာ အဗျာပဇ္ဇာ ဟောန္တု = စိတ်ဆင်းရဲ ကင်းကြပါစေ။

http://www.dhammadownload.com



၃။ သဗ္ဗေ သတ္တာ အနီဃာ ဟောန္တု = ကိုယ်ဆင်းရဲ ကင်းကြပါစေ။

၄။ သဗ္ဗေ သတ္တာ သုခီ အတ္တာနံပရိဟရန္တု = ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာနဲ့ မိမိခန္ဓာကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

ဒါက မေတ္တာ ၄ ခု ဖြစ်တယ်။

၁။ သဗ္ဗေ ပါဏာ = အသက်ရှူရှိုက်တဲ့သတ္တဝါအားလုံးတွေ၊

၂။ သဗ္ဗေ ဘူတာ = ခန္ဓာကိုယ်ထင်ရှားရှိတဲ့ သတ္တဝါအားလုံးတွေ၊

၃။ သဗ္ဗေ ပုဂ္ဂလာ = ပုဂ္ဂိုလ်အားလုံးတွေ၊

၄။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ = အတ္တဘောမှာ အကျုံးဝင်တဲ့ သတ္တဝါအားလုံးတွေ၊

ဒီလေးဦးမှာလည်း သဗ္ဗေ သတ္တာမှာလို ၄ ခုစီ ပွားရင် မေတ္တာ ၂၀ ဖြစ်တယ်။ ဒီ ၂၀ ကို အပိုင်းအခြား အကန့်အသတ်မရှိဘဲ ပွားတဲ့ (အနောဓိသောဖရဏမေတ္တာ) လို့ ခေါ်တယ်။

## အကန့်အသတ်နဲ့ ပွားတဲ့မေတ္တာ ၂၈

၁။ သဗ္ဗာ ဣတ္ထိယော = မိန်းမအားလုံးတွေ၊

၂။ သဗ္ဗေ ပုရိသာ = ယောကျ်ားအားလုံးတွေ၊

၃။ သဗ္ဗေ အရိယာ = အရိယာအားလုံးတွေ၊

၄။ သဗ္ဗေ အနရိယာ = ပုထုဇဉ်အားလုံးတွေ၊

၅။ သဗ္ဗေ ဒေဝါ = နတ် ဗြဟ္မာအားလုံးတွေ၊

၆။ သဗ္ဗေ မနုဿာ = လူအားလုံးတွေ၊

၇။ သဗ္ဗေ ဝိနိပါတိကာ = အပါယ်ဘုံသူ၊ အပယ်ဘုံသား အားလုံးတွေ၊

http://www.dhammadownload.com



ဒီ ၇ ခုကို အဝေရာ ဟောန္တု စတဲ့ ၄ ခုနဲ့ မြှောက်ရင် မေတ္တာ ၂၈ ဖြစ်တယ်။

အဲဒီမေတ္တာ ၂၈ ကို အကန့်အသတ်နဲ့ပွားတဲ့ (ဩဓိသောဖရဏာ မေတ္တာ) လို့ ခေါ်တယ်။

## နှစ်မျိုးပေါင်း မေတ္တာ ၄၈

ဩဓိသောဖရဏာမေတ္တာ ၂၈ ခုနဲ့၊ အနောဓိသောဖရဏာမေတ္တာ ၂၀ ကို ပေါင်းလိုက်ရင် မေတ္တာ ၄၈ ဖြစ်တယ်။

## ၅၂၈ မေတ္တာ

အဲဒီမေတ္တာ ၄၈ ကို အရပ် ၁၀ မျက်နှာနဲ့ မြှောက်ရင် မေတ္တာ ၄၈၀ ဖြစ်တယ်။ အရပ် ၁၀ မျက်နှာမေတ္တာ ၄၈၀ နဲ့ ပထမ ၄၈ ပေါင်းလိုက်ရင် ၅၂၈ ဖြစ်တယ်။

## အရပ် ၁၀ မျက်နှာ

၁။ ပုရတ္ထိမာယ ဒိသာယ = အရှေ့အရပ်က၊
၂။ ပစ္ဆိမာယ ဒိသာယ = အနောက်အရပ်က၊
၃။ ဥတ္တရာယ ဒိသာသ = မြောက်အရပ်က၊
၄။ ဒက္ခိဏာယ ဒိသာသ = တောင်အရပ်က၊
၅။ ပုရတ္ထိမာယ အနုဒိသာယ = အရှေ့မြောက်ထောင့်အရပ်က၊
၆။ ပစ္ဆိမာယ အနုဒိသာယ = အနောက်တောင်ထောင့်အရပ်က၊
၇။ ဥတ္တရာယ အနုဒိသာယ = အနောက်မြောက်ထောင့်အရပ်က၊
၈။ ဒက္ခိဏာယ အနုဒိသာယ = အရှေ့တောင်ထောင့်အရပ်က၊

http://www.dhammadownload.com



၉။ ဟေဋ္ဌိမာယ ဒိသာယ = အောက်အရပ်က၊
၁၀။ ဥပရိမာယ ဒိသာယ = အထက်အရပ်က၊
(ဝိသုဒ္ဓိမဂ်၊ ပ၊ ၃၀၂၊ ၃)

## နိရောဓသမာပတ်နဲ့ကျွန္ဒြေ

အိတ်ထဲမှာထည့်ပြီး သေတ္တာစသည်တွေမှာ ထည့်ထားတဲ့ မုန့်ဟာ အတွင်းမှာပဲ တောက်ပသလို နိရောဓသမာပတ်ဝင်စားတဲ့ ရဟန်းရဲ့ နိရောဓသမာပတ်အတွင်းမှာ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်ကျွန္ဒြေတွေ ဟာ အလွန်ပဲ တောက်ပကြတယ်။ (သံယုတ်၊ ဋ္ဌ၊ တ၊ ၁၃၃၊ ၄)

## နိရောဓသမာပတ်နဲ့ ရည်ရွယ်ချက်

ရုပ်နာမ်သင်္ခါရတရားတို့ရဲ့ ဖြစ်ပေါ်နေမှုမှာ ငြီးငွေ့ကြသူတွေ ဟာ ၇ ရက် စိတ်မရှိဘဲ ချမ်းချမ်းသာသာ နေကြမယ်။ စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တွေ ချုပ်တာဟာ မျက်မှောက်ဘဝမှာ ချမ်းသာ တာပါပဲ လို့ တွေးကာ အဲဒီအကျိုးငှာ နိရောဓသမာပတ်ကို ဝင်စား ကြပါတယ်။ (သံယုတ်၊ ဋ္ဌ၊ တ၊ ၁၉၃၊ ၄)

## အမတ်ကြီးနဲ့သတိ

အရပ်မျက်နှာ ၂ ခုမှာ မင်းရဲ့အမတ်ကြီး ၂ ယောက် တည်နေ ကြတယ်။ အဲဒီနှစ်ယောက်ထဲက တစ်ယောက်က မင်းသားကို ယူပြီး တည်တယ်။ တစ်ယောက်က သူ့သဘာဝအတိုင်း တစ်ယောက်တည်းပဲ။ အဲဒီ နှစ်ယောက်ထဲက မင်းသားကို ယူပြီး တည်သူဟာ မိမိရဲ့ရော မင်းသားရဲ့ပါ တန်ခိုးကြောင့် တန်ခိုးရှိတယ်။ မိမိရဲ့သဘာဝအတိုင်း တည်သူဟာ မင်းသားကို ယူပြီးတည်သူနဲ့ တန်ခိုးချင်း မတူ။

http://www.dhammadownload.com



အဲဒီလိုပါပဲ၊ မင်းသားကို ယူပြီး တည်တဲ့အမတ်ကြီးနဲ့ ပညာနဲ့ အတူဖြစ်တဲ့ သတိနဲ့ တူတယ်။ အားရှိတယ်။ မိမိသဘာဝအတိုင်း တည်တဲ့ အမတ်ကြီးနဲ့ ပညာကင်းပြီးဖြစ်တဲ့ သတိနဲ့ တူတယ်။ အား နည်းတယ်။

(သမ္မော၊ ၄၊ ၂၉၇၊ ၈)

## အိပ်မက်မက်ခြင်းအကြောင်း ၄ ပါး

၁။ ဓာတ်ချောက်ချားလို့၊

၂။ ရှေးက တွေ့ကြုံခဲ့ဖူးလို့၊

၃။ နတ်တွေက ဆောင်ပြလို့၊

၄။ ရှေ့ပြေးနိမိတ်ကြောင့်။

ဓာတ်ချောက်ချားလို့ မက်ရင် အိပ်မက်အမျိုးမျိုးကို မြင်မက် တယ်။ တောင်ပေါ်က ကျသလို ကောင်းကင်မှာ သွားရသလို၊ သားရဲ ဆင် သူခိုးစသည်တို့က နောက်က လိုက်ခံရသလို မြင်မက်တယ်။

နတ်တွေက အကျိုးကို လိုလားလို့ဖြစ်စေ၊ အကျိုးမဲ့ကို လိုလား လို့ဖြစ်စေ၊ အကျိုးအလို့ငှာဖြစ်စေ၊ အကျိုးမဲ့အလို့ငှာဖြစ်စေ အာရုံအမျိုး မျိုးတွေကို ဆောင်ပြကြတယ်။ အပြခံရသူဟာ နတ်တွေရဲ့အစွမ်းအား ကြောင့် အာရုံတွေကို မြင်ရတယ်။

ကောင်းမှု မကောင်းမှုကြောင့် ဖြစ်ပေါ်ချင်နေတဲ့ အကျိုးနဲ့ အကျိုးမဲ့ရဲ့ ရှေ့ပြေးနိမိတ်ဖြစ်တဲ့ အိပ်မက်ကို မြင်မက်တယ်။ ဥပမာ ဘုရားလောင်းမယ်တော်ဟာ သားရဖို့ နိမိတ်ကို မြင်မက်တယ်။ ဘုရား လောင်းဟာ အိပ်မက်ကြီး ၅ မျိုးကို မြင်မက်တယ်။ ကောသလ မင်းဟာ အိပ်မက် ၁၆ ချက်ကို မြင်မက်တယ်။

(သမ္မော၊ ၄၊ ၃၈၉)

http://www.dhammadownload.com



## အိပ်မက်မှန် မမှန်

၁ နဲ့ ၂ အကြောင်းတို့ကြောင့် အိပ်မက်ဟာ မမှန်၊ ၃ အကြောင်းကြောင့် မှန်တာလည်း ရှိတယ်၊ မှားတာလည်း ရှိတယ်။ ၄ အကြောင်းကြောင့် မှန်တာချည်းပါပဲ။

(သမ္မော၊ ၄၊ ၃၉၀)

## အိပ်မက်မက်သူ, မက်ချိန်, အကျိုး

အဲဒီအိပ်မက် ၄ မျိုးကို သေက္ခနဲ့ ပုထုဇဉ်တွေပဲ မြင်မက်တယ်။ အကြောင်းကတော့ ဝိပလ္လာသတွေကို မပယ်ရသေးလို့ပါပဲ။

ရဟန္တာတွေကတော့ မမြင်မက်ကြတော့ပါ။ အကြောင်းကတော့ ဝိပလ္လာသကို ပယ်ပြီးဖြစ်လို့ပါပဲ။

အိပ်မက်ကို နိုးနေသူဟာလည်း မမက်၊ အိပ်ပျော်နေသူလည်း မမက်၊ မျောက်အိပ် မျောက်နိုးလို အိပ်တစ်ဝက် နိုးတစ်ဝက်ပုဂ္ဂိုလ်က မြင်မက်တယ်။

အဲဒီအိပ်မက်ဟာ ကုသိုလ်လည်း ရှိတယ်၊ အကုသိုလ်လည်း ရှိတယ်။ အဗျာကတလည်း ရှိတယ်။ အိပ်မက်ထဲမှာ စေတီရှိခိုးတာ၊ တရားနာတာစသည်တွေကို ပြုလုပ်ရင် ကုသိုလ်အိပ်မက်ပဲ။ အိပ်မက်ထဲမှာ သူ့အသက်ကို သတ်ခြင်းစသည်တွေကို ပြုလုပ်ရင် အကုသိုလ်အိပ်မက်ပဲ။ အဲဒီ ၂ မျိုးက လွတ်ပြီး အာဝဇ္ဇန်း၊ တဒါရုံခဏမှာဆိုရင် အဗျာကတ (ကုသိုလည်း မဟုတ်၊ အကုသိုလ်လည်း မဟုတ်တဲ့) အိပ်မက်ပဲ။ အိပ်မက်မက်သူက 'ငါမြင်သလိုပဲ၊ ငါကြားရသလိုပဲ' လို့ ပြောရင်လည်း အဗျာကတပဲ။

အိပ်မက်ထဲမှာ ပြုလုပ်တဲ့ ကုသိုလ်၊ အကုသိုလ်ကံက အားနည်း

http://www.dhammadownload.com



လို့ ပဋိသန္ဓေကျိုးကို မပေး၊ အခြားကံက ပဋိသန္ဓေကျိုးကို ပေးပြီးရင် ပဝတ္တိအခါမှာ အကျိုးပေးတယ်။

(သမ္မော၊ ၄၊ ၃၉၀/၁)

## သောတာပန်ရဲ့ ၇ ဘဝမြောက်

သောတာပန်ဟာ ဘယ်လောက်ပဲ ပညာနည်းနည်း ၈ ခုမြောက် ဘဝကို မရောက်ဘဲ အကြားမှာပဲ ပရိနိဗ္ဗာန်စံတယ်။ သိကြားမင်းလို ဝဋ်မှာ ပျော်သူတောင်မှ ၇ ခုမြောက်ဘဝကိုပဲ ရောက်တယ်။ ၇ ခုမြောက်ဘဝမှာ ဘယ်လောက်ပဲ မေ့လျော့စေဦးတော့၊ ဝိပဿနာဉာဏ်ဟာ ရင့်ကျက်တယ်။ သေးငယ်တဲ့ အာရုံမှာတောင် ငြီးငွေ့ပြီး ငြိမ်းအေးခြင်းကို ရောက်တယ်။ ၇ ခုမြောက်ဘဝမှာ အိပ်ပျော်နေသူကိုဖြစ်စေ၊ မျက်နှာအခြားဘက်သို့ လှည့်သွားနေသူကိုဖြစ်စေ နောက်ဘက်က ရပ်ပြီး ဓားထက်ထက်နဲ့ တစ်စုံတစ်ယောက်က ဦးခေါင်းကို ဖြတ်ရင် ဖြစ်စေ၊ ရေထဲမှာ နှစ်ပြီး သတ်ရင်ဖြစ်စေ၊ ဦးခေါင်းကို မိုးကြိုးအပစ်ခံရရင်ဖြစ်စေ သေသွားတဲ့အခါ နောက်ဘဝမှာ မနေရတော့၊ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံသွားပါတော့တယ်။

(သမ္မော၊ ၄၊ ၄၄၁)

## အရှင်ပိလိန္ဒဝစ္ဆရဲ့ဝါသနာအထုံ

အရှင်ပိလိန္ဒဝစ္ဆထေရ်ဟာ ဘဝငါးရာပတ်လုံး သူယုတ်လို့ ပြောလေ့ရှိတဲ့ ပုဏ္ဏားမျိုးမှာ ဖြစ်ခဲ့တယ်။ သူဟာ ဘဝငါးရာက အလေ့အကျင့်ကြောင့်ပဲ လူဝတ်ကြောင်တွေ၊ ရှင်ရဟန်းတွေနဲ့ စကားပြောတဲ့အခါ 'သူယုတ် လာလော့၊ သူယုတ် သွားလော့၊ သူယုတ် ဆောင်ခဲ့လော့၊ သူယုတ် ယူသွားလော့' လို့ 'သူယုတ်'ဆိုတဲ့ အသုံးအနှုန်းနဲ့ပဲ ပြော

http://www.dhammadownload.com



တယ်။ ကြမ်းတမ်းတဲ့အနေနဲ့ ပြောတာ မဟုတ်။ မှန်တယ်၊ အရိယာတွေမှာ အသုံးအနှုန်းက ကြမ်းတမ်းပေမယ့် စေတနာက မကြမ်းတမ်းလို့ စင်ကြယ်တာပါပဲ။

(အံ၊ ၄၊ ပ၊ ၂၁၆)

## ဘုရားရှင်တည်ခိုင်းတဲ့ စေတီ

ဘုရားရှင်ဟာ သာဝတ္ထိမြို့ထဲက ထွက်လာတော့ လမ်းအကြား အမှိုက်ပုံမှာ လဲကျသေဆုံးနေတဲ့ ဗာဟိရရဲ့အလောင်းကို တွေ့မြင်ရလို့ 'ရဟန်းတို့ ဗာဟိယရဲ့ အလောင်းကို ယူခဲ့ကြ' လို့ မိန့်ပြီး ဆောင်ယူစေကာ မီးသင်္ဂြိုဟ်စေပါတယ်။ လမ်းလေးခွမှာ စေတီတည်စေပါတယ်။

(အံ၊ ၄၊ ပ၊ ၂၂၀)

## အရူး ၈ မျိုး

၁။ ကာမရူးဟာ လောဘအလိုကို လိုက်တယ်။

၂။ အမျက်ရူးဟာ ဒေါသအလိုကို လိုက်တယ်။

၃။ ဒိဋ္ဌိ (အယူမှား) အရူးဟာ ဝိပလ္လာသ (ဖောက်ပြန်မှု) အလိုကို လိုက်တယ်။

၄။ မောဟအရူးဟာ မသိမှုအလိုကို လိုက်တယ်။

၅။ ဘီလူးဖမ်းစားခံရလို့ ရူးသူဟာ ဘီလူးအလိုကို လိုက်တယ်။

၆။ သည်းခြေရူးဟာ သည်းခြေအလိုကို လိုက်တယ်။

၇။ သေရည်မူးအရူးဟာ သေရည်အလိုကို လိုက်တယ်။

၈။ ဆွေမျိုးစသည် ပျက်စီးလို့ ရူးသူဟာ သောကအလိုကို လိုက်တယ်။

(ဇာတက၊ ၄၊ တ၊ ၂၂၈)

http://www.dhammadownload.com



## မရောင့်ရဲနိုင်တဲ့အရာ ၁၆ ခု

၁။ သမုဒ္ဒရာဟာ မြစ်အားလုံးနဲ့ မတင်းတိမ်၊
၂။ မီးဟာ လောင်စာနဲ့၊
၃။ ရှင်ဘုရင်ဟာ နိုင်ငံနဲ့၊
၄။ လူမိုက်ဟာ မကောင်းမှုတွေနဲ့၊
၅။ မိန်းမဟာ မေထုန်၊ အဆင်တန်ဆာ၊ သားဖွားခြင်းတွေနဲ့ မတင်းတိမ်၊
၆။ ပုဏ္ဏားဟာ မန္တန်တွေနဲ့၊
၇။ ဈာန်ဝင်စားသူဟာ ဈာန်သမာပတ်နဲ့၊
၈။ သေက္ခပုဂ္ဂိုလ်ဟာ မဂ် ဖိုလ် နိဗ္ဗာန်နဲ့၊
၉။ အလိုနည်းသူဟာ ဓုတင်ဂုဏ်နဲ့၊
၁၀။ ကြိုးစားသူဟာ ကြိုးစားမှုနဲ့၊
၁၁။ တရားဟောသူဟာ ဆွေးနွေးမှုနဲ့၊
၁၂။ အကြောက်ကင်းပြီး ရဲရင့်သူဟာ ပရိသတ်နဲ့၊
၁၃။ သဒ္ဓါရှိသူဟာ သံဃာအား ပြုစုမှုနဲ့၊
၁၄။ လှူသူဟာ စွန့်ကြဲမှုနဲ့၊
၁၅။ ပညာရှိဟာ တရားနာမှုနဲ့၊
၁၆။ ရဟန်း၊ ရဟန်းမ၊ ဥပါသကာ၊ ဥပါသိကာတွေဟာ ဘုရားရှင်ကို ဖူးမြော်မှုနဲ့ မတင်းတိမ်ကြ။

(ဇာတက၊ ဋ္ဌ၊ တ၊ ၃၂၂)

## နတ်အမြင်

နတ်တွေက ပုထုဇဉ်တွေကို ထိုးဖောက်ပြီး မြင်နိုင်ကြတယ်။ ရဟန္တာတွေကို ထိုးထောက်ပြီး မမြင်နိုင်ကြ။

(သုတ်မဟာဝါ၊ ဋ္ဌ၊ ၁၇၀)

http://www.dhammadownload.com



## သီလနဲ့နတ်ပြည်

သီလစင်ကြယ်သူတွေဟာ နတ်ပြည် ၆ ထပ်ထဲက အလိုရှိရာ နတ်ပြည်မှာ ဖြစ်ကြတယ်။

(သုတ်မဟာဝါ၊ ဠ၊ ၂၉၉)

## သမာပတ်နဲ့အသံ

သမာပတ်ဝင်စားနေသူဟာ သမာပတ်အတွင်းမှာ နားအရင်းမှာ မှုတ်နေတဲ့ ခရုသင်းအစုံရဲ့အသံကိုရော မိုးကြိုးပစ်သံကိုပါ မကြားပါ။

(သုတ်မဟာဝါ၊ ဠ၊ ၂၉၈)

## ရှင်ဘုရင်နဲ့မင်းသားများ

ဘုရားရှင်တွေရဲ့ အလိုဆန္ဒက ယုတ်ညံ့တာ မရှိ၊ မြင့်မြတ်တာ ချည်းပါပဲ။ တစ်ဦးကိုဖြစ်စေ၊ အများကိုဖြစ်စေ တရားဟောကြတဲ့အခါ အရဟတ္တဖိုလ်နဲ့ပဲ အထွတ်ကို ယူကြပါတယ်။ သတ္တဝါတွေကတော့ မိမိရဲ့ ရှေးအကြောင်းအားလျော်စွာ တချို့က သောတာပန်၊ တချို့က သကဒါဂါမ်၊ တချို့က အနာဂါမ်၊ တချို့က ရဟန္တာဖြစ်ကြတယ်။

မှန်ပါတယ်၊ ဘုရားရှင်က ရှင်ဘုရင်နဲ့ တူတယ်။ ဝေနေယျ သတ္တဝါတွေက မင်းသားတွေနဲ့ တူတယ်။ ချဲ့ပြောရရင် ရှင်ဘုရင်က ထမင်းကျွေးတဲ့အခါ ရှင်ဘုရင်ရဲ့ ပမာဏနဲ့ ထမင်းကို ထုတ်ဆောင်ပြီး မင်းသားတွေအား ပေးတယ်၊ မင်းသားတွေက အဲဒီထမင်းထဲက သူတို့ရဲ့ ပါးစပ်နဲ့ ဆံ့သလောက်ပဲ ထမင်းလုတ်ကို ပြုလုပ်ကြတယ်။ အဲဒီလို ပါပဲ၊ ဘုရားရှင်က ဝေနေယျတို့ရဲ့ အလိုဆန္ဒနဲ့ သင့်လျော်တဲ့ တရားနဲ့ အရဟတ္တဖိုလ် အထွတ်ကို ယူတယ်။ ဝေနေယျသတ္တဝါတွေက သူတို့

http://www.dhammadownload.com



အကြောင်းကံ အလျောက်ပဲ ဖိုလ် ၄ ပါးကို ရကြတယ်။ သိကြားမင်းက သက္ကပဥှ သုတ်ကို ကြားနာပြီး သောတာပန် ဖြစ်သွားတယ်။

(သုတ်မဟာဝါ၊ ဋ္ဌ၊ ၃၂၄)

## သိကြားအသစ်

သိကြားမင်းဟာ သောတာပန်ဖြစ်ပြီး ဘုရားရှင်ရဲ့ရှေ့မှာပဲ စုတေကာ သိကြားအသစ် ဖြစ်သွားတယ်။ မှန်တယ်၊ နတ်တွေ စုတေကြရင် ခန္ဓာကိုယ်ရဲ့ သွားရာ လာရာနေရာ မထင်ရှား။ ဥပမာ ဆီမီးငြိမ်းသွားသလိုပါပဲ။ ဒါကြောင့် ကျန်တဲ့နတ်တွေက မသိကြပါ။ သိကြားက သူကိုယ်တိုင် စုတေတာမို့၊ ဘုရားရှင်ကတော့ အကုန်သိတဲ့ဉာဏ်ပိုင်ရှင်မို့ သူတို့နှစ်ဦးပဲ သိကြပါတယ်။

(သုတ်မဟာဝါ၊ ဋ္ဌ၊ ၃၂၄)

## နတ်နေရာ

နတ်တွေရဲ့ သားနဲ့သမီးတွေဟာ ရင်ခွင်မှာ ဖြစ်တယ်။ ခြေရင်းအလုပ်အကျွေးမိန်းမတွေက အိပ်ရာပေါ်မှာ ဖြစ်ကြတယ်။ နတ်တွေကို အလှပြင်ပေး၊ တန်ဆာဆင်ပေးတဲ့ နတ်တွေက အိပ်ရာကို ဝန်းရံပြီး ဖြစ်ကြတယ်။ ဝေယျာဝစ္စလုပ်ပေးတဲ့ နတ်တွေက ဗိမာန်အတွင်းမှာ ဖြစ်ကြတယ်။ အဲဒီနတ်တွေအတွက် အငြင်းအခုံ မရှိ။ ပိုင်နက်နေရာတွေရဲ့အပြင်ဘက်မှာ ဖြစ်တဲ့နတ်တွေကို 'သင့်ဥစ္စာ၊ ငါ့ဥစ္စာပဲ' လို့ မဆုံးဖြတ်နိုင်လို့ အငြင်းအခုံ ဖြစ်ကြတယ်။ သိကြားမင်းကို မေးကြတယ်။ 'အနီးဆုံး ပိုင်ရှင်ရဲ့ဥစ္စာပဲ' လို့ သိကြားမင်းက ပြောတယ်။ ဗိမာန် ၂ ခုရဲ့အလယ်မှာ တည်ရှိတဲ့ နတ်ကို 'ရပ်ကြည့်ခံရတဲ့ ဗိမာန်ပိုင်ရှင်ရဲ့ဥစ္စာပဲ' လို့ ပြောတယ်။ ဘယ်သူ့ဘက်ကိုမှ မကြည့်ရင် အဲဒီပိုင်ဆိုင်လို

http://www.dhammadownload.com



တဲ့နတ်သား ၂ ဦး အငြင်းအခုံ မဖြစ်ရအောင် သိကြားမင်းက အပိုင် သိမ်းလိုက်ပါတယ်။

(သုတ်မဟာဝါ၊ ဋ္ဌ၊ ၂၉၇)

## ရဟန္တာတွေရဲ့အခြင်းအရာ ၂ ခု

၁။ 'ငါရထားတဲ့ ဂုဏ်ကို နတ်နဲ့တကွသော လောကက မြန်မြန်ပဲ သိရင် ကောင်းမှာပဲ' လို့ စိတ်ဖြစ်တယ်။

၂။ ရွှေအိုးရထားသူဟာ အခြားသူအား မပြောကြားလိုသလို၊ ကိုယ် ကျိုးတရား ရထားတာကို သူတစ်ပါးအား မပြောကြားလို။

(သုတ်မဟာဝါ၊ ဋ္ဌ၊ ၂၇၀)

## ဘုရားရှင် ၂ ဆူ

နိမ္မိတ (ဖန်ဆင်းခံရတဲ့) ဘုရားရှင်က လာပြီး ဘုရားရှင်ကို ရှိမခိုးဘဲသာ မျက်မှောက်အရပ်မှာ ညီတူညီမျှ ပြုပြီး ဖန်ဆင်းထားတဲ့ နေရာမှာ ထိုင်တယ်။ ယောကျ်ားမြတ်တို့ရဲ့ ၃၂ ပါးသော လက္ခဏာ တော်ကြီးတွေ၊ ရောင်ခြည်တော် ၆ သွယ် ထွက်တာတွေ နှစ်ပါးလုံးမှာ တူကြတယ်။ ဘုရားရှင်ရဲ့ ကိုယ်တော်အရောင်တွေက အဖန်ဆင်းခံ ဘုရားရှင်ရဲ့ကိုယ်မှာ ထိခိုက်ကြတယ်။ အဖန်ဆင်းခံ ဘုရားရှင်ရဲ့ ကိုယ်တော်အရောင်တွေက ဘုရားရှင်ရဲ့ကိုယ်မှာ ထိခိုက်ကြတယ်။ ဘုရားရှင် ၂ ဆူရဲ့ ကိုယ်တော်အရောင်တွေဟာ ကိုယ်မှ တက်ကာ အကနိဋ္ဌဘုံတိုင်အောင် ထိခိုက်ပြီး အဲဒီဘုံက ပြန်လှည့်ကာ နတ်တွေရဲ့ ဦးထိပ်အဆုံးမှာ သက်ဆင်းပြီး စကြဝဠာနှုတ်ခမ်းရစ်မှာ တည်ကြတယ်။ စကြဝဠာတိုက်အလုံးကို ရွှေနဲ့ပြီးတဲ့ ကွေးကွေးကောက်ကောက် အခြင် ရနယ်နဲ့ မေးယှက်ထားတဲ့ စေတီအိမ်လို တင့်တယ်တယ်။ စကြဝဠာ

http://www.dhammadownload.com



တစ်သောင်းက နတ်တွေဟာ စကြဝဠာတစ်ခုမှာ စုပုံပြီး ဘုရားရှင် ၂ ဆူတို့ရဲ့ ရောင်ခြည်တော်တိုက်အတွင်းကို ဝင်ကာ တည်နေကြတယ်။
(သုတ်မဟာဝါ၊ ဋ္ဌ၊ ၂၇၆၊ ၇)

## ဘီလူးမက နွားမယောင်ဆောင်ဖော့သတ်၍ သေဆုံးရသူ ၄ ဦး

၁။ ပုက္ကုသာတိအမျိုးသား၊
၂။ ဗာဟိယဒါရုစီရိယ၊
၃။ တမ္ဗဒါဌိက သူခိုးသတ်သမား၊
၄။ သုပ္ပဗုဒ္ဓနူနာသည်၊
ဘဝပေါင်းတစ်ရာမက အဖော့သတ်ခံရတယ်။
(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၃၀၃)

## ကဿပဘုရားလက်ထက်က တောင်ပေါ် တက်ပြီး တရားကျင့်ခဲ့သူ ၅ ဦး

၁။ ပုက္ကုသာတိမင်း၊
၂။ ကုမာရကဿပ၊
၃။ ဗာဟိယ ဒါရုစီရိယ၊
၄။ မလ္လရဲ့သား ဒဗ္ဗ၊
၅။ သဘိယပရိဗိုဇ်၊
(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၄၁၀)

## တစပဉ္စက ကမ္မဋ္ဌာန်း

အရှင်သာရိပုတ္တရာက ၇ နှစ်အရွယ်ရှိ တိဿသူငယ်အား ခန္ဓာကိုယ်ရဲ့ စက်ဆုပ်ဖွယ်ကို ဆင်ခြင်ဖို့ ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်း၊ သွားအရေလို ပွားရတဲ့ ကမ္မဋ္ဌာန်း (တစပဉ္စကကမ္မဋ္ဌာန်း)

http://www.dhammadownload.com



ကို ပြောပြပြီး ရှင်ဝတ်ပေးတယ်။ မှန်ပါတယ်၊ ခန္ဓာကိုယ်အစိတ်အပိုင်း ၃၂ ခုလုံး ပြောပြရင် သင့်တာပါပဲ။ မှန်တယ်၊ ဒီကမ္မဋ္ဌာန်းကို ဘုရားရှင် အားလုံး မစွန့်လွှတ်ဘူး။

ဆံပင်စတဲ့ အစိတ်အပိုင်းတစ်ခုတစ်ခုမှာ ရဟန္တာဖြစ်သွားကြတဲ့ ရဟန်းတွေရော၊ ရဟန်းမတွေရော၊ ဥပါသကာတွေရော၊ ဥပါသိကာမတွေရော အပိုင်းအခြားမရှိ။ မကျွမ်းကျင်တဲ့ ရဟန်းတွေဟာ ရှင်ပြုပေးကြတဲ့အခါ အရဟတ္တဖိုလ်ရဲ့ အားကောင်းတဲ့ အကြောင်းကို ဖျက်ဆီးပစ်ကြတယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၃၃၅)

## မဟာဘိညာပုဂ္ဂိုလ် ၄ ဦး

ဘုရားရှင်တစ်ဆူမှာ ပုဂ္ဂိုလ် ၄ ဦးသာ ကြီးကျယ်တဲ့ အဘိညာဉ်ကို ပိုင်ဆိုင်ကြတယ်။ အခြားသာဝကတွေ မပိုင်ဆိုင်ကြပါ။ မှန်တယ်၊ အခြားသာဝကတွေက ကမ္ဘာတစ်သိန်းသာ အောက်မေ့နိုင်ကြတယ်။ အဲဒီကအထက် မအောက်မေ့နိုင်။ ကြီးကျယ်တဲ့ အဘိညာဉ်ကို ပိုင်ဆိုင်သူတွေက တစ်အသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကို အောက်မေ့နိုင်ကြတယ်။ ငါတို့ရဲ့ဘုရားရှင်သာသနာမှာ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်ဗာကုလ၊ ဘဒ္ဒါကစ္စာနာ (ရာဟုလာရဲ့မယ်တော်) ထေရီ။

(အံ၊ ဋ္ဌ၊ ပ၊ ၃၈၉)

## သတိပဋ္ဌာန်နဲ့ရုပ်နာမ်

ကာယာနုပဿနာသတိပဋ္ဌာန်၊ ရုပ်သက်သက် ရှုမှတ်မှုကိုသာ ဟောတယ်။

http://www.dhammadownload.com



ဝေဒနာနုပဿနာသတိပဋ္ဌာန်နဲ့ စိတ္တာနုပဿနာသတိပဋ္ဌာန်၊ နာမ်သက်သက် ရှုမှတ်မှုကိုသာ ဟောတယ်။

ဓမ္မာနုပဿနာသတိပဋ္ဌာန်၊ ရုပ်နာမ်နှစ်ပါး ရှုမှတ်မှုကို ဟောတယ်။ (အံ၊ ဋ္ဌ၊ ပ၊ ၃၈၂၊၃)

## ရန်သူ

မေတ္တာရဲ့ အနီးရန်သူက ရာဂ ဖြစ်တယ်။ အနီးကပ်ရန်သူနဲ့ တူတယ်။ အကြောင်းက ဂုဏ်ကို မြင်တာချင်း တူလို့ပါပဲ။

မေတ္တာရဲ့ အဝေးရန်သူက ဗျာပါဒ (ဒေါသ) ဖြစ်တယ်။ တောစတဲ့ ရုပ်ထွေးတဲ့နေရာတွေကို မှီတဲ့ရန်သူနဲ့တူတယ်။ အကြောင်းက သဘာဝအားဖြင့် ဆန့်ကျင်လို့ပါပဲ။

ကရုဏာရဲ့ အနီးရန်သူက ကာမအိမ်ကို မှီတဲ့ ဒေါမနဿ (နှလုံးမသာမှု) ပဲ။ အကြောင်းက ပျက်စီးတာကို မြင်တာချင်း တူလို့ပါပဲ။

ကရုဏာရဲ့အဝေးရန်သူက ညှဉ်းဆဲမှုပဲ၊ အကြောင်းက သဘာဝအားဖြင့် ဆန့်ကျင်လို့ပါပဲ။

မုဒိတာရဲ့ အနီးရန်သူက ကာမအိမ်ကို မှီတဲ့ ဝမ်းသာမှုပဲ။ အကြောင်းက ပြည့်စုံမှုကို မြင်တာချင်း တူလို့ပါပဲ။

မုဒိတာရဲ့ အဝေးရန်သူက မပျော်ရွှင်မှုပဲ။ အကြောင်းက သဘာဝအားဖြင့် ဆန့်ကျင်လို့ပါပဲ။

ဥပေက္ခာရဲ့ အနီးရန်သူက ကာမအိမ်ကို မှီတဲ့ မသိမှု (အညာဏုပေက္ခာ) ပဲ။ အကြောင်းက အပြစ်နဲ့ဂုဏ်ကို မစိစစ်တာချင်း တူလို့ပါပဲ။

ဥပေက္ခာရဲ့ အဝေးရန်သူက ရာဂနဲ့ ဒေါသပဲ။ အကြောင်းက သဘာဝအားဖြင့် ဆန့်ကျင်လို့ပါပဲ။

(အဋ္ဌသာလိနီ ဋ္ဌ၊ ၂၃၉)

http://www.dhammadownload.com



## ကုသိုလ်ဖြစ်အောင် လုပ်နည်း ၄ နည်း

၁။ 'ငါဟာ ကုသိုလ်ကိုသာ ပြုမယ်' လို့ ကုသိုလ်ပြုရာမှာ စိတ်ကို သတ်မှတ်ပိုင်းခြား ကန့်သတ်ထားခြင်း၊

၂။ အကုသိုလ်မဖြစ်အောင် တားမြစ်ပြီး ကုသိုလ်ပြုရာမှာသာ စိတ်ညွှတ်ထားခြင်း၊

၃။ မပြတ်ပြုလုပ်ကာ ကုသိုလ်ကို ဖြစ်စေခြင်း၊

၄။ သင့်ရာအရပ်မှာနေခြင်း၊ သူတော်ကောင်းကို မှီခိုခြင်း၊ သူတော်ကောင်းတရားကို နာခြင်း၊ ရှေးက ကောင်းမှုပြုခဲ့ခြင်း စတဲ့ အကြောင်းတွေနဲ့ရော သင့်တင့်စွာပါ နှလုံးသွင်းခြင်း။

(အဋ္ဌသာလိနီ၊ ဋ္ဌ၊ ၁၁၇)

## အစားကြီးတဲ့ ပုဏ္ဏား ၅ ဦး

၁။ အာဟရဟတ္ထက = အများကြီး စားပြီး ကိုယ့်ဘာသာကိုယ် မထနိုင်လို့ 'လက်ကို ဆွဲယူပါ' လို့ ပြောရသူ။

၂။ အလံသာဋက = ထပြီးပေမယ့် အလွန်အကဲပဲ ဝမ်းဗိုက်ကယ် နေလို့ အဝတ်မဝတ်နိုင်သူ၊

၃။ တတ္ထဝဋ္ဋက = မထနိုင်လို့ စားတဲ့နေရာမှာပဲ လူးလိမ့်နေသူ၊

၄။ ကာကမာသက = ကျီးတွေ နှိုက်စားနိုင်လောက်အောင် ပါးစပ်ဝ အထိ စားထားသူ၊

၅။ ဘုတ္တဝမိတက = ပါးစပ်နဲ့ ဆောင်မထားနိုင်တော့လို့ စားတဲ့ နေရာမှာပဲ အန်သူ၊

(အဋ္ဌသာလိနီ၊ ၄၃၂)

http://www.dhammadownload.com



## ချန်ပြီး စား

ထမင်း ၄ လုတ်၊ ၅ လုတ်စာ ချန်ကာ စားပြီး ရေသောက်ရင် သွား၊ ရပ်၊ ထိုင်၊ လျောင်း ဣရိယာပုထ်လေးပါးလုံး ချမ်းချမ်းသာသာ ဖြစ်တယ်။ (အဋ္ဌသာလိနီ၊ ၄၃၂)

## ကိုယ်ပိုင်ကံ

ကမ္မဿကတာဉာဏ်ဆိုတာ 'ဒီကံဟာ ကိုယ်ပိုင်ကံပဲ။ ဒီကံဟာ ကိုယ်ပိုင်ကံ မဟုတ်ဘူး' လို့ သိတဲ့ ပညာပဲ။ အဲဒီမှာ ကိုယ်တိုင် ပြုတာပဲဖြစ်ဖြစ်၊ သူတစ်ပါး ပြုတာပဲဖြစ်ဖြစ် အကုသိုလ်ကံအားလုံးဟာ ကိုယ်ပိုင်ကံမဟုတ်ဘူး။ အကြောင်းကတော့ ကောင်းကျိုးကို ဖျက်ဆီးတတ်လို့နဲ့ အကျိုးမဲ့ကို ဖြစ်စေတတ်လို့ပါပဲ။ ကုသိုလ်ကံကတော့ အကျိုးမဲ့ကို ဖျက်ဆီးတတ်လို့နဲ့ ကောင်းကျိုးကို ဖြစ်စေတတ်လို့ ကိုယ်ပိုင်ကံ ဖြစ်ပါတယ်။

(အဋ္ဌသာလိနီ၊ ၄၃၃)

## ကံရှင်

ပစ္စည်းဥစ္စာ ရှိသူဟာ လမ်းခရီးကို သွားပြီး လမ်းခရီးရှိ ရွာ၊ နိဂုံးစသည်တွေမှာ ပွဲလမ်းသဘင်ကို ကြွေးကြော်တဲ့အခါ 'ငါဟာ ဧည့်သည်ပဲ၊ ဘယ်သူ့ကို အမှီပြုပြီး ပွဲလမ်းသဘင်ကို ပျော်ပါးရပါမလဲ' လို့ မတွေးဘဲ အလိုရှိရာနည်းနဲ့ ပွဲလမ်းသဘင်ကို ကစားကာ ချမ်းချမ်းသာသာ ခရီးခဲကို ကျော်လွန်တယ်။ အဲဒီလိုပါပဲ ဒီကမ္မဿကတာဉာဏ်မှာ ရပ်တည်ပြီး ဒီသတ္တဝါတွေဟာ သံသရာဝဋ်မှာ လည်ပတ်စေတဲ့ ကံကို များစွာအားထုတ်ကာ ချမ်းသာဖြင့် ချမ်းသာကို ခံစားလျက် ရဟန္တာဖြစ်သွားကြသူတွေ မရေမတွက်နိုင်အောင် ရှိကြပါတယ်။

(အဋ္ဌသာလိနီ၊ ၄၃၄)

http://www.dhammadownload.com



# နိဗ္ဗာန်ကို ဆုတောင်း၍

သိမ်မွေ့ပြီး အားမရှိတဲ့ သလေးစပါးအဖျားပဲဖြစ်ဖြစ်၊ မုယော စပါးစေ့အဖျားပဲဖြစ်ဖြစ်၊ အလွန်ကြီးတဲ့ ရေမနေပင်ရဲ့ဆူး၊ ပဒိုင်းဆူး စသည်တွေပဲဖြစ်ဖြစ်၊ အဲဒီဆူးတွေထဲက တစ်ဆူးဆူးကို ထိုးဖောက်နိုင် အောင် အဖျားကို အပေါ်မှာ မထားရင် ခြေထောက် သို့မဟုတ် လက်ကို မခွဲနိုင်၊ သွေးထွက်အောင် မလုပ်နိုင်။ ခွဲဖျက်နိုင်အောင် အဖျားကို အပေါ်မှာ ထားရင်တော့ ခွဲနိုင်၊ သွေးထွက်အောင် လုပ်နိုင်တယ်။

အဲဒီလိုပါပဲ၊ သေးငယ်တဲ့ နှမ်းတစ်ဆုပ်မျှ အလှူကုသိုလ်ပဲဖြစ် ဖြစ်၊ ဝေလာမအလှူကြီးစတဲ့ ကုသိုလ်ပဲဖြစ်ဖြစ်၊ ဝဋ်ရဲ့ပြည့်စုံမှုကို တောင့်တပြီး ဝဋ်ကို မှီတဲ့ကုသိုလ်အနေနဲ့ ပြုမှားမိရင် ဝဋ်ကိုသာ အကျိုး ပေးနိုင်တယ်။ ဝဋ်ကင်းရာကို မပေးနိုင်။ 'ငါရဲ့ ဒီဒါနဟာ အာသဝေါ ကုန်ရာ နိဗ္ဗာန်သို့ ပို့ဆောင်နိုင်ပါစေ' လို့ ဝဋ်ကင်းရာကို ဆုတောင်းပြီး ဝဋ်ကင်းရာရဲ့အစွမ်းနဲ့ အပြုမှန်ရင် အရဟတ္တဖိုလ်ဉာဏ်၊ ပစ္စေကဗောဓိ ဉာဏ်၊ သဗ္ဗညုတဉာဏ်ကို ပေးနိုင်တာပါပဲ။

(အံ၊ ဋ္ဌ၊ ပ၊ ၄၃)

# သစ္စကပရိဗိုဇ်ရဲ့အစ်မ ၄ ယောက်

၁။ သစ္စာ၊ ၂။ လောလာ၊ ၃။ ပဋ္ဌာစာရာ၊ ၄။ အာစာရဝတီ၊

(မူလပဏ်၊ ဋ္ဌ၊ ၃၊ ၁၇၀)

# အရှင်သာရိပုတ္တရာရဲ့ညီမ ၃ ယောက်နဲ့ ညီ ၃ ယောက်

**ညီမများ။ ။** ၁။ စာလာ၊ ၂။ ဥပစာလာ၊ ၃။ သိသူပစာလာ။

**ညီများ။ ။** ၁။ စုန္ဒ၊ ၂။ ဥပသေန၊ ၃။ ရေဝတ။

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၃၉၆)

http://www.dhammadownload.com



# ပုဂ္ဂိုလ် ၄ မျိုး

၁။ အရိယာဟုတ်ပြီး သာဝကမဟုတ်သူ = ဘုရား၊ ပစ္စေကဗုဒ္ဓါများ၊

၂။ သာဝကဟုတ်ပြီး အရိယာမဟုတ်သူ = ဖိုလ်မရသေးတဲ့ လူဝတ်ကြောင်၊

၃။ အရိယာလည်းမဟုတ် သာဝကလည်း မဟုတ်သူ = တိတ္ထိများ၊

၄။ အရိယာလည်း ဟုတ် သာဝကလည်း ဟုတ်သူ = ဖိုလ်ရထားတဲ့ ရဟန်းများ၊

(အံ၊ ဋ္ဌ၊ ပ၊ ၄၈)

# သာခုခေါ်နေတဲ့အချိန်မှာတောင်

တရားနာပရိသတ်က သာခုခေါ်တဲ့အခိုက်မှာ ဘုရားရှင်က ရှေးက နှလုံးသွင်းမှုနဲ့ ပိုင်းဖြတ်ပြီး ဖလသမာပတ် ဝင်စားတယ်။ သာခုခေါ်သံ မပြတ်စဲခင်မှာပဲ သမာပတ်မှ ထကာ ရပ်ထားတဲ့နေရာက စပြီး တရားကို ဟောတယ်။ မှန်တယ်၊ ဘုရားတွေရဲ့ဘဝင်အလျင်ဟာ မြန်တယ်။ ဒါကြောင့် ထွက်သက်အကြိမ်၊ ဝင်သက်အကြိမ်မှာ ဖလသမာပတ်ကို ဝင်စားကြတယ်။

(မူလပဏ်၊ ဋ္ဌ၊ ဒု၊ ၁၉၃)

# ရဟန္တာနဲ့အိပ်တာ

ထိနမိဒ္ဓ (အိပ်ချင်ထိုင်းမှိုင်းမှု) ကို ရဟန္တာများအားလုံး အရဟတ္တမဂ်နဲ့ပဲ ပယ်ထားတယ်။ ခန္ဓာကိုယ်ပင်ပန်းမှုကတော့ သက်ရှိမှာရော သက်မဲ့မှာပါ ရှိတယ်။ မှန်တယ်၊ ကြာပန်းစတာတွေဟာ တစ်ချိန်မှာ

http://www.dhammadownload.com



ပွင့်ကြတယ်။ တစ်ချိန်မှာ ငုံကြတယ်။ ညနေပိုင်းမှာ တချို့သစ်ပင်တွေရဲ့ အရွက်တွေဟာလည်း တုန့်လိပ်၊ တုန့်ဆုတ်သွားကြတယ်။ နံနက်ပိုင်းမှာ ပွင့်ကားကြတယ်။ အဲဒီလိုပါပဲ သက်ရှိကိုယ်ခန္ဓာရဲ့ ပင်ပန်းမှုကိုသာမက ပင်ပန်းလို့ဖြစ်တဲ့ ဘဝင်အလျှင်ကိုလည်း အိပ်တယ်လို့ ဆိုလိုတယ်။ အဲဒါဟာ ရဟန္တာတွေမှာလည်း ရှိတယ်။

(မူလပဏ္ဏာ၊ ၄၊ ၃၊ ၁၉၄)

# အတူမရှိသူ ၂ ဦး

အမျိုးသမီးဘဝနဲ့ ဘုရားသာသနာမှာ ဝိသာခါလို ဥစ္စာလှူနိုင်တဲ့ အခြားမိန်းမ မရှိ၊ ယောကျ်ားဘဝနဲ့ ဘုရားသာသနာမှာ အနာထပိဏ် လို ဥစ္စာလှူနိုင်တဲ့ အခြားယောကျ်ား မရှိ။ မှန်တယ်၊ အနာထပိဏ်က ၅၄ ကုဋေတို့ကို စွန့်ပြီး သာဝတ္ထိမြို့ရဲ့တောင်ဘက်မှာ အနုရာဓမြို့က မဟာဝိဟာရနဲ့တူတဲ့အရပ်မှာ ဇေတဝန်ကျောင်းကြီးကို ဆောက်စေ တယ်။ ဝိသာခါက သာဝတ္ထိမြို့ရဲ့အရှေ့ဘက်မှာ ဥတ္တမဒေဝီကျောင်းနဲ့ တူတဲ့နေရာမှာ ပုဗ္ဗာရုံကို ဆောက်စေတယ်။

(မူလပဏ္ဏာ၊ ၄၊ ၃၊ ၁၉၇)

# ဝိသာခါနဲ့ မဟာလတာတန်ဆာ

ဝိသာခါရဲ့မဟာလတာတန်ဆာမှာ စိန် ၄ စလယ်၊ ပုလဲ ၁၁ စလယ်၊ သန္တာ ၂၂ စလယ်၊ ပတ္တမြား ၃၃ ပြည်၊ ဒီရတနာတွေနဲ့ရော အခြားရတနာ ၇ ပါးနဲ့ပါ ပြီးနေတယ်။ ဦးခေါင်းက စွပ်လိုက်ရင် ခြေဖမိုးထိ လျောကျတယ်။ ဆင်ငါးစီးရဲ့အားကို ဆောင်နိုင်တဲ့ မိန်းမ သာ မဟာလတာတန်ဆာကို ဆောင်နိုင်တယ်။

(မူလပဏ္ဏာ၊ ၄၊ ၃၊ ၁၉၇)

http://www.dhammadownload.com



## ဘုရားကိစ္စ ၅ ပါး

၁။ နံနက်ပိုင်းကိစ္စ၊ ၂။ မွန်းလွဲပိုင်းကိစ္စ၊ ၃။ ညပိုင်း ပထမယံကိစ္စ၊ ၄။ ညပိုင်း အလယ်ယံကိစ္စ၊ ၅။ ညပိုင်း နောက်ဆုံးယံကိစ္စ။

ဒီကိစ္စငါးပါးကို ဘယ်နေရာမှာပဲနေနေ ဘုရားရှင်တွေ မစွန့်လွှတ်ကြပေ။

(အံ၊ ဋ္ဌ၊ ပ၊ ၄၈)

## ဘုရားရဲ့သြဝါဒ

ရဟန်းတို့၊ သတိနဲ့ ကိစ္စအားလုံးကို ပြီးစေကြ။ လောကမှာ ဘုရားပွင့်ဖို့ ခဲယဉ်းတယ်။ လူ့ဘဝ ရဖို့ ခဲယဉ်းတယ်။ အခွင့်ကောင်းနဲ့ ပြည့်စုံဖို့ ခဲယဉ်းတယ်။ ရှင်ရဟန်းဝတ်ရဖို့ ခဲယဉ်းတယ်။ သူတော်ကောင်းတရား နာရဖို့ ခဲယဉ်းတယ်။

ဘုရားရှင်ဟာ နံနက်ပိုင်းကိစ္စ ပြုလုပ်ပြီးတဲ့အခါ ဂန္ဓကုဋီကျောင်းအနီး ဆည်းကပ်ရာအရပ်မှာ ထိုင်ပြီး ခြေတွေကို ဆေးကာ ခြေဆေးအင်းပျဉ်မှာ ရပ်ပြီး ရဟန်းအပေါင်းကို အထက်ပါသြဝါဒစကားကို မိန့်ကြားပါတယ်။

(အံ၊ ဋ္ဌ၊ ပ၊ ၄၉)

## ကိလေသာ မဖြစ်အောင်

တချို့မှာ ကျင့်ဝတ်ရဲ့အစွမ်းကြောင့် ကိလေသာ မဖြစ်၊ တချို့မှာ ကျမ်းစာ လေ့လာလို့၊ တချို့မှာ ဓုတင်အကျင့် ကျင့်လို့၊ တချို့မှာ သမာဓိကြောင့်၊ တချို့မှာ ဝိပဿနာကြောင့်၊ တချို့မှာ အလုပ်သစ်ကြောင့်၊ တချို့မှာ ဗြဟ္မာပြည်က လာလို့၊ တချို့မှာ မခံစားဖူးသေးတဲ့ အာရုံဖြစ်လို့ ကိလေသာ မဖြစ်။ (အံ၊ ဋ္ဌ၊ ပ၊ ၂၃/၂၄)

http://www.dhammadownload.com



## နိယတမိစ္ဆာဒိဋ္ဌိသမား

အာနန္တရိယကံ ၅ ပါးထက် နိယတမိစ္ဆာဒိဋ္ဌိကံကသာ ပိုအပြစ်ကြီးတယ်။ အကြောင်းကတော့ အာနန္တရိယကံ ၅ ပါးမှာ အပိုင်းအခြားရှိတယ်။ ဒါကြောင့်ပါပဲ။ မှန်တယ်၊ အာနန္တရိယကံ ၄ ပါးကို ငရဲမှာဖြစ်စေတယ်လို့ ဆိုထားပါတယ်။ သံဃဘေဒကံဟာလည်း ငရဲမှာ တစ်ကမ္ဘာပတ်လုံးပဲ တည်တယ်။ အဲဒီလိုနည်းနဲ့ အာနန္တရိယကံ ၅ ပါးမှာ အပိုင်းအခြား ရှိတယ်။ အဆုံး ထင်ရှားတယ်။

နိယတမိစ္ဆာဒိဋ္ဌိမှာတော့ အပိုင်းအခြား မရှိ။ မှန်တယ်၊ နိယတမိစ္ဆာဒိဋ္ဌိဟာ ဝဋ္ဋရဲ့ အရင်းအမြစ်ပဲ။ နိယတမိစ္ဆာဒိဋ္ဌိနဲ့ ပြည့်စုံသူမှာ ဘဝမှ ထမြောက်တာ မရှိ။ သူ့စကားကို နားထောင်လိုက်နာသူတွေကိုလည်း အကျင့်မှားကို ကျင့်စေတယ်။ သူ့မှာ နတ်ပြည်နဲ့ မဂ်တရား မရှိ။ ကမ္ဘာပျက်တဲ့အခါ လူအများက ဗြဟ္မာ့ပြည်မှာ ဖြစ်ကြပေမယ့် နိယတမိစ္ဆာဒိဋ္ဌိရှိသူဟာ ဗြဟ္မာ့ပြည်မှာမဖြစ်ဘဲ မီးလောင်နေတဲ့စကြဝဠာရဲ့တစ်ဖက်က တစ်နေရာမှာ (မီးလောင်နေတဲ့ စကြဝဠာနဲ့ မီးမလောင်တဲ့ စကြဝဠာရဲ့ ကြားအရပ် လောကန္တရိက် ငရဲရှိရာအရပ်မှာ) ဖြစ်တယ်။

အဲဒီစကြဝဠာကို မီးမလောင်ဘူးလား၊ လောင်ပါတယ်။ အဲဒီစကြဝဠာကို မီးလောင်ပေမယ့်လည်း နိယတမိစ္ဆာဒိဋ္ဌိရှိသူဟာ ကောင်းကင်က အဲဒီအရပ်မှာ ကျက်ရတာပါပဲလို့ ဆိုကြပါတယ်။

(အံ၊ ဋ္ဌ၊ ပ၊ ၃၇၂။ အံ၊ ဋီ၊ ပ၊ ၂၂၈)

## ဘုရားနဲ့စကြဝတေးမင်း

စကြဝတေးမင်း သေတဲ့အခါ စကြဝဠာတစ်ခုအတွင်းက လူ၊ နတ်တွေ ပူပန်ကြတယ်။ ဘုရားရှင် ပရိနိဗ္ဗာန်စံတဲ့အခါ စကြဝဠာတစ်သောင်းက လူ နတ်တွေ ပူပန်ကြတယ်။ **(အံ၊ ဋ္ဌ၊ ပ၊ ၈၉)**

http://www.dhammadownload.com



# ဘုရားနဲ့ နေရာ

ဘုရားလက်ထက်က ရဟန်းတစ်ပါး နေတဲ့နေရာမှာတောင် (ရဟန်းတွေ နေတဲ့ နေရာအားလုံးမှာ) ဘုရားရှင်အတွက် နေရာခင်းထား စမြဲပဲ။ ဘာကြောင့်လဲ၊ ဘုရားရှင်ဟာ မိမိထံက ကမ္မဋ္ဌာန်းယူပြီး ချမ်းသာရာနေရာမှာ နေတဲ့ ရဟန်းတွေကို 'ဒီရဟန်းဟာ ငါ့ထံက ကမ္မဋ္ဌာန်းယူပြီး သွားတယ်။ တရားထူးကို ဖြစ်စေနိုင်သလား၊ မဖြစ်စေနိုင်ဘူးလား' လို့ နှလုံးသွင်းတယ်။ အဲဒီအခါ ကမ္မဋ္ဌာန်းလွှတ်ပြီး အကုသိုလ်အကြံတွေကို ကြံနေတာကို တွေ့ရင် 'ငါ့လိုဘုရားရှင်ထံက ကမ္မဋ္ဌာန်းယူပြီးနေတဲ့ ဒီအမျိုးသားကို အကုသိုလ်ဝိတက်တွေက လွှမ်းမိုးပြီး အဆုံးမရှိတဲ့ ဝဋ်ဆင်းရဲမှာ ဘာကြောင့် နစ်စေဘိသလဲ' လို့ တွေးကာ အဲဒီရဟန်းကို ချီးမြှောက်ဖို့ရာ အဲဒီနေရာမှာပဲ မိမိကိုယ်ကို ထင်ရှားပြကာ အဲဒီအမျိုးသားကို ဆုံးမပြီး ကောင်းကင်ပျံတက်ကာ တစ်ဖန် ကိုယ့်နေရာကိုပဲ ကြွသွားတယ်။

အဲဒီအခါ အဲဒီလိုအဆုံးအမခံရတဲ့ ရဟန်းတွေက 'ဘုရားရှင်က ငါတို့ရဲ့ စိတ်ကို သိပြီး လာကာ ငါတို့ရဲ့အနီးမှာ ရပ်တည်လျက်ပဲ ခန္ဓာကိုယ်ကို ပြသွားတယ်။ အဲဒီခဏမှာပဲ 'မြတ်စွာဘုရား ဒီနေရာမှာ ထိုင်တော်မူပါ၊ ဒီနေရာမှာ ထိုင်တော်မူပါ' လို့ နေရာရှာရတာ တာဝန်ပဲ' လို့ ကြံစည်နေတယ်။ အဲဒီရဟန်းတွေဟာ နေရာကို ခင်းပြီးမှပဲ နေကြတယ်။

အင်းပျဉ်ရှိရင် အင်းပျဉ်ကို ခင်းတယ်၊ မရှိရင် ညောင်စောင်း၊ ပျဉ်ချပ်၊ သစ်သား၊ ကျောက်၊ သဲပုံတစ်ခုခုကို ခင်းတယ်။ အဲဒါကို မရရင် သစ်ရွက်ဟောင်းတွေကိုလည်း စုရုံးကာ အဲဒီမှာ ပံသုကူသင်္ကန်းကို ဖြန့်ခင်းပြီး ခင်းကြတယ်။

(မူလပဏ်၊ ဋ္ဌ၊ ၃၊ ၇၄)

http://www.dhammadownload.com



## အချိန်ကို စောင့်

ရဟန္တာဟာ သေခြင်းကို မတောင့်တ၊ အသက်ရှင်တာကို မတောင့်တ၊ တစ်နေ့စာ လုပ်ခကို ယူပြီးတည်တဲ့ ယောကျ်ားလို သေရမယ့်အချိန်အခါကို ကြည့်လျက် တည်တယ်။ (သံယုတ်၊ ၄၊ ပ၊ ၁၁၆)

## သက်န်းရှည်နေတဲ့ အရှင်သာရိပုတ္တရာ

အရှင်သာရိပုတ္တရာဟာ သူတစ်ပါးကိုလည်း ဆုံးမတယ်။ သူ့ကို ဆုံးမရင်လည်း သူက ဦးထိပ်ရွက်ကာ ခံယူတယ်။ တစ်နေ့မှာ အရှင်သာရိပုတ္တရာကို ၇ နှစ်အရွယ် ကိုရင်လေးက 'အရှင်ဘုရား သာရိပုတ္တရာ အရှင်ဘုရားရဲ့ သင်္ကန်းအစွန်းဟာ တွဲလျားကျနေပါတယ်' လို့ ပြောတယ်။ အရှင်သာရိပုတ္တရာက ဘာကိုမှ မပြောဘဲသာ သင့်တင့်ရာနေရာကို သွားကာ ညီညာအောင် ဝတ်ပြီး ပြန်လာကာ 'ဆရာ ဒီလောက်ဆိုရင် သင့်ပါပြီလား' လို့ ပြောပြီး လက်အုပ်ချီကာ ရပ်တည်နေပါတယ်။

'ဒီနေ့မှ ကိုရင်ဝတ်လာတဲ့ ၇ နှစ်အရွယ် ကိုရင်လေးကတောင်မှ ငါ့ကို ဆုံးမလာရင် ဦးထိပ်နဲ့ ခံယူပါတယ်'

အရှင်သာရိပုတ္တရာဟာ ဒီလို ပြောပါတယ်။

(သံယုတ်၊ ၄၊ ပ၊ ၁၁၄)

## အကောင်းဆုံး အရသာ

သစ္စာမှာ တည်သူတွေဟာ အလျင်မြန်တဲ့ မြစ်ကိုလည်း ပြန်လှည့်စေနိုင်ကြတယ်။ အဆိပ်ကိုလည်း ချေဖျက်နိုင်ကြတယ်။ မီးကိုလည်း တားနိုင်ကြတယ်။ မိုးကိုလည်း ရွာစေနိုင်ကြတယ်။ ဒါကြောင့် အရသာတွေထဲမှာ သစ္စာဟာ အကောင်းဆုံး ဖြစ်တယ်။ (သံယုတ်၊၄၊ပ၊ ၉၁)

http://www.dhammadownload.com



## အညစ်အကြေး

မိန်းမ အညစ်အကြေးကြောင့် ပျက်စီးသူဟာ စင်ကြယ်အောင် လုပ်ခြင်းငှာ မတတ်နိုင်လို့ မိန်းမကို အကျင့်မြတ်ရဲ့ အညစ်အကြေး လို့ ဆိုတယ်။ (သံယုတ်၊ ၁၊ ပ၊ ၈၈)

## မိတ်ဆွေ

ရှူစရာရောဂါ၊ ကုရခက်တဲ့ရောဂါ ဖြစ်လာရင် သား သမီး မယားစသူတွေက ရွံကြတယ်။ မိခင်ကတော့ မစင်ကိုတောင် စန္ဒကူးလို ထင်မှတ်တယ်။ ဒါကြောင့် ကိုယ့်အိမ်မှာ မိခင်ဟာ မိတ်ဆွေပဲ။ (သံယုတ်၊ ၁၊ ပ၊ ၈၇)

## ကုသိုလ် အမြဲတိုးသူများ

၁။ သစ်သီးအာရာမ်၊ ပန်းအာရာမ် စိုက်ပျိုးသူ၊

၂။ အလိုလိုဖြစ်နေတဲ့ မစိုက်ပျိုးရတဲ့ တောမှာ ကာရံပြီး စေတီ၊ ဗောဓိပင်၊ စင်္ကြံ၊ မဏ္ဍပ်၊ ကျောင်းဆောင်၊ လိုဏ်ဂူ၊ ညနေရာ၊ နေ့နေရာတွေကို ပြုလုပ်သူ၊ အရိပ်ရသစ်ပင်တွေကို စိုက်ပျိုးပေး သူ၊

၃။ တံတားဆောက်သူ၊ လှေ စီစဉ်ပေးသူ၊

၄။ ရေအိုးစင်လုပ်သူ၊

၅။ ရေကန် ရေတွင်းစသည်ကို လှူသူ၊

၆။ ကျောင်းလှူသူ၊

ဒီကုသိုလ်ရှင်တွေမှာ အကုသိုလ်အကြံကို မကြံရင်၊ မအိပ်ငိုက် ရင် ပြန်အမှတ်ရလေတိုင်း ကုသိုလ်စိတ်တွေ တိုးနေတယ်။ (သံယုတ်၊ ၁၊ ပ၊ ၈၃)

http://www.dhammadownload.com



## ရှေ့တော်ပြေး

ပထမဆုံးပဲ မင်းခစားယောကျာ်းတွေက ကန်းသူ၊ ကွေးသူ စသည်တွေကို ဖယ်ရှားကာ လမ်းကို ရှင်းလင်းပြီးနောက် ရှင်ဘုရင်က ထွက်လာတယ်။ အဲဒီလိုပါပဲ ဝိပဿနာသမ္မာဒိဋ္ဌိက အနိစ္စစသည်အစွမ်းနဲ့ ခန္ဓာစသည်တွေကို ရှင်းလင်းသုတ်သင်ပြီးတဲ့အခါ နောက်မှ လောကီဝဋ်ကို ပိုင်းခြားသိကာ လွန်မြောက်လျက် မဂ္ဂသမ္မာဒိဋ္ဌိ ဖြစ်တယ်။
(သံယုတ်၊ ၄၊ ပ၊ ၈၃)

## နေနဲ့လနတ်သား

နေနတ်သား၊ လနတ်သားတို့ဟာ မဟာသမယသုတ်ကို ဟောတဲ့နေ့က သောတာပန် ဖြစ်သွားကြတယ်။
(သံယုတ်၊ ၄၊ ပ၊ ၁၀၁)

## သမထနဲ့ဝိပဿနာ

ဝိပဿနာဟာ သုခရဲ့ဆန့်ကျင်ဘက်ပဲ။ ဒုက္ခနဲ့နီးတယ်၊ သမာဓိက ဒုက္ခရဲ့ ဆန့်ကျင်ဘက်ပဲ။ သုခနဲ့ နီးတယ်။ ဘယ်လိုလဲ၊ ချဲ့ပြောမယ်၊ ဝိပဿနာကို ဖြစ်စေပြီး ထိုင်နေသူမှာ အချိန်ကြာလာတဲ့အခါ ခန္ဓာကိုယ်ရဲ့ ဟိုနေရာ၊ ဒီနေရာတွေမှာ မီးထတောက်သလို ဖြစ်တယ်။ လက်ကတီးကြား (ချိုင်း) တွေက ချွေးတွေ ထွက်တယ်။ ဦးခေါင်းထိပ်က မီးခိုးလုံး ထွက်သလို ဖြစ်တယ်။ ဒါကြောင့် စိတ် ပင်ပန်းတယ်။ တုန်လှုပ်တယ်။ ဒါဟာ ဝိပဿနာရဲ့ သုခနဲ့ ဆန့်ကျင်ပုံ၊ ဒုက္ခနဲ့နီးပုံပဲ။

ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှု ဖြစ်လာတဲ့အခါ အဲဒီဆင်းရဲကို

http://www.dhammadownload.com



ပယ်ခွာပြီး သမာပတ်ဝင်စားသူမှာ သမာပတ်ဝင်စားတဲ့ ခဏမှာ ဆင်းရဲကင်းဝေးနေတယ်။ ချမ်းသာ အများကြီး ဖြစ်လာတယ်။ အဲဒါဟာ သမာဓိရဲ့ ဒုက္ခနဲ့ ဆန့်ကျင်ပုံ၊ သုခနဲ့ နီးပုံပဲ။

(မူလပဏ်၊ ၌၊ ဒု၊ ၁၈၇)

## အရိုးဆက်ပုံမတူ

ရိုးရိုးလူအများရဲ့ အရိုးတွေက အစွန်းချင်း ထိပြီး တည်နေကြတယ်။ တော့ဆက် ဆက်နေကြတယ်။ ပစ္စေကဗုဒ္ဓါတွေရဲ့ အရိုးတွေက ချိတ်ဆက် ဆက်နေကြတယ်။ ဘုရားရှင်တွေရဲ့ အရိုးတွေကတော့ ကွင်းဆက် ဆက်နေကြတယ်။

(မူလပဏ်၊ ၌၊ ဒု၊ ၃၁၈)

## ရာဟုရဲ့ ကိုယ်ခန္ဓာ

ရာဟုအသူရိန်ရဲ့ ခန္ဓာကိုယ်ဟာ ကြီးတယ်။
အမြင့်အားဖြင့် ယူဇနာ လေးထောင်ရှစ်ရာ့ရှစ်၊ (၄၈၀၈)
လက်ရုံးနှစ်ခုကြားက ယူဇနာ (၁၂၀၀)
ထုထည်အားဖြင့် ယူဇနာ (၆၀၀)
ဦးခေါင်းက ယူဇနာ (၉၀၀)
နဖူးက ယူဇနာ (၃၀၀)
မျက်ခုံးကြားက ယူဇနာ (၅၀)
ပါးစပ်က ယူဇနာ (၂၀၀)
နှာခေါင်းက ယူဇနာ (၃၀၀)
ပါးစပ်ပေါက်က ယူဇနာ (၃၀၀) နက်တယ်။
လက်ဖဝါး ခြေဖဝါးအပြင်က အနံအကျယ်အားဖြင့် ယူဇနာ (၂၀၀)

http://www.dhammadownload.com



လက်ချောင်းအဆစ်တွေက ယူဇနာ (၅၀)

ရာဟုအသူရိန်ဟာ တောက်ပနေတဲ့ လ နေတွေကို မြင်လို့ မနာလိုဖြစ်ကာ လ နေတွေရဲ့သွားလမ်းကို သက်ဆင်းပြီး ပါးစပ်ကို ဖွင့်ကာ ရပ်တည်နေတယ်။ လဗိမာန်၊ နေဗိမာန်ဟာ ယူဇနာ ၃၀၀ ရှိတဲ့ ချောက်ကြီးထဲမှာ ထည့်ခံလိုက်ရသလို ဖြစ်သွားတယ်။ ဗိမာန်စောင့်တဲ့ နတ်တွေဟာ သေရမှာ ကြောက်လို့ တစ်ပြိုင်နက်တည်းပဲ အော်ကြတယ်။ ရာဟုအသူရိန်ဟာ ဗိမာန်ကို တစ်ခါတစ်ရံ လက်နဲ့ ဖုံးလွှမ်းတယ်။ တစ်ခါတစ်ရံ မေးရဲ့အောက်မှာ ထားတယ်။ တစ်ခါတစ်ရံ လျှာနဲ့ ပွတ်သပ်တယ်။ တစ်ခါတစ်ရံ ပါးစောင်ကို မို့မောက်အောင် ပြုပြီး စားသလို ပါးစောင်ကြားမှာ ထားတယ်။ အဟုန်ကိုတော့ တားမြစ်ခြင်းငှာ မစွမ်းနိုင်။ တကယ်လို့ တားနိုင်မယ်ဆိုရင် ပါးစောင်ကို ပြုပြီး တည်ရာပါတယ်။ ရာဟုရဲ့ ဦးထိပ်ကို ခွဲပြီး ထွက်ရာပါတယ်။ မဆွဲငင်ဘဲ အောက်သို့ ညွှတ်စေရာပါတယ်။

(သံ၊ ဋ္ဌ၊ ပ၊ ၁၀၁)

## နွား ၃ မျိုး

နွားတစ်ရာရဲ့ အကြီးအကဲ ဥသဘ၊
နွားတစ်ကောင်ရဲ့ အကြီးအကဲ ဝသဘ၊
နွားတစ်သိန်းရဲ့ အကြီးအကဲ နိသဘ။

(သံ၊ ဋ္ဌ၊ ပ၊ ၇၆)

## ကဲ့ရဲ့ ချီးမွမ်း

လူမိုက်တွေရဲ့ ကဲ့ရဲ့မှု ချီးမွမ်းမှုဟာ အရေးမပါ။ လိုရင်းမဟုတ်၊ ပဓာနမဟုတ်။ ပညာရှိ ချီးမွမ်းခံရရင် တကယ်ချီးမွမ်းထိုက်သူပဲ။ ပညာရှိ ကဲ့ရဲ့ခံရရင် တကယ်ကဲ့ရဲ့ထိုက်သူပဲ။

(ဓမ္မပဒ၊ ဋ္ဌ၊ ၃၊ ၂၁၀)

http://www.dhammadownload.com



## ရှေ့တော်ပြေး

တန်ဆောင်မုန်းလ ပွဲသဘင်ကို ကြေညာပြီး တစ်မြို့လုံးကို တံခွန်၊ ကုက္ကားစသည်တွေနဲ့ တန်ဆာဆင်ကာ တစ်ညလုံး လှည့်လည်တယ်။ မှန်တယ်၊ အဲဒီပွဲသဘင်ဟာ စာတုမဟာရာဇ်နတ်တွေတိုင်အောင် တစ်စပ်တည်း ဖြစ်နေတယ်။

(သံယုတ်၊ ဋ္ဌ၊ ပ၊ ၂၆၉၊ ၁၇၀)

## လူ့ဘဝ စလာပုံ

ပထမ ၇ ရက်မှာ ကလလရေကြည်၊

ဒုတိယ ၇ ရက်မှာ အမြှုပ်၊ (အသားဆေးကြောတဲ့ရေ အရောင်ရှိတယ်။

တတိယ ၇ ရက်မှာ သားတစ်၊ (ငြုပ်ရည်နှစ်လိုပဲ)

စတုတ္ထ ၇ ရက်မှာ အသားအစိုင်အခဲ၊ (ကြက်ဥသဏ္ဍာန် ရှိတယ်)

ပဥ္စမ ၇ ရက်မှာ လက်နှစ်ဖက်၊ ခြေနှစ်ဖက်၊ ဦးခေါင်းဆိုတဲ့ ခက်မငါးဖြာ၊

၄၂ ခုမြောက် ၇ ရက်မှာ ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်းများ ဖြစ်လာတယ်။

(သံယုတ်၊ ဋ္ဌ၊ ပ၊ ၂၇၄၊ ၅)

## ချက်ကြိုးက တစ်ဆင့်

သူငယ်လောင်းရဲ့ချက်က ဖြစ်ပေါ်နေတဲ့ ချက်ကြိုးက မိခင်ရဲ့ ဝမ်းရေလွှာ (ဝမ်းပျဉ်း) နဲ့ ဆက်စပ်နေတယ်။ အဲဒီချက်ကြိုးက ကြာ

http://www.dhammadownload.com



ရိုးလိုပဲ အပေါက်ပါတယ်။ အဲဒီချက်ကြိုးနဲ့ အစားအစာရဲ့အရသာဟာ လည်ပတ်ပြီး အာဟာရကြောင့် ဖြစ်တဲ့ ရုပ်ကို ဖြစ်စေတယ်။ အဲဒီနည်းနဲ့ သူငယ်လောင်းဟာ ၁၀ လ မျှတတယ်။ **(သံယုတ်၊ ၄၊ ပ၊ ၂၇၅)**

## ဘီလူးနဲ့အရူး

ဘီလူးတွေက သူတို့ရဲ့ ဖြူနေတဲ့ မျက်နှာ၊ ညိုနေတဲ့ ဝမ်းဗိုက်၊ အလွန်နီနေတဲ့ လက် ခြေ၊ ဦးခေါင်းကြီး၊ တောက်ပနေတဲ့ မျက်လုံး၊ ကြောက်မက်ဖွယ် ခန္ဓာကိုယ်ကိုဖြစ်စေ ပြကြတယ်။ ကြောက်စရာ အသံကိုဖြစ်စေ အသံပေးကြတယ်။ စကားပြောနေတုန်း လူတွေရဲ့ပါးစပ်ထဲ လက်ကို ထည့်ကာ နှလုံးကိုဖြစ်စေ ခြေပစ်ကြတယ်။ ဒါကြောင့် သတ္တဝါတွေဟာ ရူးကြ၊ စိတ်ပျံ့လွင့်ကြတယ်။

**(သံယုတ်၊ ၄၊ ပ၊ ၂၇၈)**

## သူ့နှမ၊ ကိုယ့်နှမ

အနာထပိဏ်သူဌေးနဲ့ ရာဇဂြိုဟ်သူဌေးဟာ မောင်လည်, နှမလည်တွေ ဖြစ်ကြတယ်။

**(သံယုတ်၊ ၄၊ ပ၊ ၂၈၅)**

## ဗြဟ္မာဘုံရဲ့အဝေး

အိမ်အထွတ်လောက်ရှိတဲ့ ကျောက်တုံးဟာ မိုးပေါ်က ကျလာရင် တစ်နေ့ တစ်ညဉ့်မှာ ယူဇနာ ၄ သောင်း ၈ ထောင် ကုန်စေလျက် ၄ လကြာမှ မြေကြီးပေါ် ရောက်တယ်။ အောက်ဆုံး ဗြဟ္မာဘုံတောင် အဲဒီလောက် ဝေးတယ်။

**(သံယုတ်၊ ၄၊ ပ၊ ၁၈၉)**

# အဆိပ်ပြင်းတဲ့ မြွေ ၄ ကောင်

၁။ ကဋ္ဌမုခမြွေ၊ ၂။ ပူတိမုခမြွေ၊ ၃။ အဂ္ဂိမုခမြွေ၊ ၄။ သတ္ထမုခမြွေ၊

ကဋ္ဌမုခမြွေ အကိုက်ခံရသူရဲ့ တစ်ကိုယ်လုံးဟာ သစ်သားခြောက်လို တောင့်တင်းသွားတယ်။ အဆစ်အပိုင်းတွေမှာ သံချွန်နဲ့ အလွန်အကဲ လျှိုထားသလို တည်နေတယ်။

ပူတိမုခမြွေ အကိုက်ခံရတဲ့သူရဲ့ တစ်ကိုယ်လုံးဟာ မှည့်ပြီး ပုပ်နေတဲ့ ပိန္နဲသီးလို ပြည်တစိုစို ယိုထွက်နေတယ်။ ရေစစ်မှာ ထည့်တဲ့ ရေလို ဖြစ်နေတယ်။

အဂ္ဂိမုခမြွေ အကိုက်ခံရသူရဲ့ တစ်ကိုယ်လုံးဟာ မီးလောင်ပြီး ပြာဆုပ်၊ ဖွဲ့ဆုပ်လို ပြန့်ကျဲနေတယ်။

သတ္ထမုခမြွေ အကိုက်ခံရတဲ့သူရဲ့ တစ်ကိုယ်လုံးဟာ ပေါက်ကွဲတယ်။ မိုးကြိုးအပစ်ခံရတဲ့ နေရာလို ဆောက်ကြီးနဲ့ အထွင်းခံရတဲ့ အိမ်စပ် အပေါက်ဝလို ဖြစ်နေတယ်။

(သံယုတ်၊ ဋ္ဌ၊ တတိယ၊ ၅၂)

ကဋ္ဌမုခမြွေက ပထဝီဓာတ်နဲ့ တူတယ်။ အာပေါဓာတ်က ပူတိမုခမြွေနဲ့၊ တေဇောဓာတ်က အဂ္ဂိမုခမြွေနဲ့၊ သတ္ထမုခမြွေက ဝါယောဓာတ်နဲ့ တူတယ်။

(သံ၊ ဋ္ဌ၊ တ၊ ၅၈)

# သတိဖြစ်ကြောင်း ၄ ပါး

၁။ သတိ သမ္ပဇဉ်ရှိခြင်း၊

၂။ သတိမေ့သူကို ရှောင်ကြဉ်ခြင်း၊

http://www.dhammadownload.com



၃။ သတိရှိသူကို ပေါင်းသင်းခြင်း၊
၄။ သတိရှိအောင် စိတ်ညွတ်ခြင်း၊

(သံ၊ ၃၊ တ၊ ၁၉၄)

## ပညာဖြစ်ကြောင်း ၇ ပါး

၁။ ခန္ဓာ၊ အာယတန၊ ဓာတ်၊ ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ ဈာန်၊ မဂ္ဂင်၊ သမထ၊ ဝိပဿနာရဲ့ အနက်အဓိပ္ပာယ်နဲ့စပ်တဲ့ အရာကို မေးမြန်းခြင်း၊
၂။ ခန္ဓာကိုယ်နဲ့ အသုံးအဆောင်၊ ပတ်ဝန်းကျင် သန့်ရှင်း စင်ကြယ်ရခြင်း၊
၃။ သဒ္ဓါစတဲ့ ဣန္ဒြေတို့ကို ညီမျှအောင် လုပ်ရခြင်း၊
၄။ ပညာမရှိသူကို ရှောင်ကြဉ်ရခြင်း၊
၅။ ပညာရှိသူကို မှီဝဲရခြင်း၊
၆။ ခန္ဓာစတဲ့ နက်နဲတဲ့ တရားတွေကို ဉာဏ်နဲ့ ဆင်ခြင်ရခြင်း၊
၇။ ပညာရှိအောင် စိတ်ညွတ်ခြင်း၊

(သံ၊ ၃၊ တ၊ ၁၉၃)

## ဝီရိယဖြစ်ကြောင်း ၁၁ ပါး

၁။ အပါယ်ဘေးကို ဆင်ခြင်ရခြင်း၊
၂။ ဝီရိယအကျိုးကို ရှုမြင်ရခြင်း၊
၃။ ရှေးသူတော်ကောင်းတွေရဲ့ သွားလမ်းကိုဆင်ခြင်ရခြင်း၊
၄။ ဆွမ်းကို တုံ့ပြန်ပူဇော်ခြင်း၊
၅။ အမွေခံရဲ့ မြင့်မြတ်ပုံကို ဆင်ခြင်ရခြင်း၊
၆။ ဆရာရဲ့ မြင့်မြတ်ပုံကို ဆင်ခြင်ရခြင်း၊

http://www.dhammadownload.com



၇။ ဇာတ်ရဲ့ မြင့်မြတ်ပုံကို ဆင်ခြင်ရခြင်း၊
၈။ သီတင်းသုံးဖော်တွေရဲ့ မြင့်မြတ်ပုံကို ဆင်ခြင်ရခြင်း၊
၉။ ပျင်းသူကို ရှောင်ကြဉ်ရခြင်း၊
၁၀။ ကြိုးစားသူကို မှီဝဲရခြင်း၊
၁၁။ ကြိုးစားဖို့ စိတ်ညွတ်ရခြင်း၊ (သံ၊ ၄၊ တ၊ ၁၉၅)

## ပီတိဖြစ်ကြောင်း ၁၁ ပါး

၁။ ဘုရားဂုဏ်တော်တွေကို အောက်မေ့ခြင်း၊
၂။ တရားဂုဏ်တော်တွေကို အောက်မေ့ခြင်း၊
၃။ သံဃာ့ဂုဏ်တော်တွေကို အောက်မေ့ခြင်း၊
၄။ မိမိရဲ့ သီလကို ဆင်ခြင်ခြင်း၊
၅။ မိမိရဲ့ ဒါနကို ဆင်ခြင်ခြင်း၊
၆။ နတ်ပြည်ရောက်ကြောင်းဂုဏ်တွေ မိမိမှာလည်း ရှိတာကို ဆင်ခြင်ခြင်း၊
၇။ ကိလေသာတွေ ငြိမ်းနေတာကို ဆင်ခြင်ခြင်း၊
၈။ သဒ္ဓါခန်းခြောက်သူကို ရှောင်ကြဉ်ခြင်း၊
၉။ သဒ္ဓါစိုပြည်သူကို မှီဝဲခြင်း၊
၁၀။ ရတနာသုံးပါးဂုဏ်ကို ဖော်ပြတဲ့ ကြည်နူးစရာတရားကို ဆင်ခြင်ခြင်း၊
၁၁။ ပီတိဖြစ်အောင် စိတ်ညွတ်ခြင်း၊ (သံ၊ ၄၊ တ ၁၉၅)

## ပဿဒ္ဓိဖြစ်ကြောင်း ၇ ပါး

၁။ ကောင်းမြတ်တဲ့ စားဖွယ်ကို စားရခြင်း၊
၂။ သင့်လျော်တဲ့ ဥတုကို မှီဝဲရခြင်း၊

http://www.dhammadownload.com



၃။ သင့်လျော်တဲ့ နေထိုင်မှု (ဣရိယာပုထ်)ကို မှီဝဲရခြင်း၊
၄။ အလယ်အလတ်အားထုတ်မှု၊ (တစ်နည်း) ကံ ကံရဲ့အကျိုးကို ဆင်ခြင်မှု၊
၅။ ကြမ်းတမ်း ကြမ်းကြုတ်သူကို ရှောင်ကြဉ်ရခြင်း၊
၆။ ငြိမ်းအေးသူကို မှီဝဲရခြင်း၊
၇။ ငြိမ်းအေးအောင် စိတ်ညွှတ်ရခြင်း။ (သံ၊ ၄၊ တ ၁၉၉)

## သမာဓိဖြစ်ကြောင်း ၁၀ ပါး

၁။ ခန္ဓာကိုယ်နဲ့ အသုံးအဆောင်၊ ပတ်ဝန်းကျင် သန့်ရှင်းစင်ကြယ်ရခြင်း၊
၂။ သဒ္ဓါစတဲ့ ဣန္ဒြေတို့ကို ညီမျှအောင် လုပ်ရခြင်း၊
၃။ ကသိုဏ်း နိမိတ်ယူရာမှာ ကျွမ်းကျင်ရခြင်း၊
၄။ ကျနေတဲ့ စိတ်ကို မြှင့်တင်ပေးရခြင်း
၅။ တက်ကြွနေတဲ့ စိတ်ကို နှိမ်ပေးရခြင်း၊
၆။ သံဝေဂဖြစ်ကြောင်း ၈ ပါးကို ဆင်ခြင်ကာ စိတ်ကို ရွှင်လန်းစေရခြင်း၊
၇။ စိတ်ကို မြှင့်ဖို့၊ နှိမ့်ဖို့၊ ရွှင်စေဖို့ မလိုဘဲ ညီမျှနေက ရှုမှတ်မြဲ ရှုမှတ်ရခြင်း၊
၈။ စိတ်ပျံ့လွင့်သူကို ရှောင်ကြဉ်ရခြင်း၊
၉။ စိတ်တည်ကြည်သူကို မှီဝဲရခြင်း၊
၁၀။ သမာဓိဖြစ်အောင် စိတ်ညွှတ်ရခြင်း၊

(သံ၊ ၄၊ တ၊ ၁၉၉)

http://www.dhammadownload.com



## ဥပေက္ခာဖြစ်ကြောင်း ၅ ပါး

၁။ ပုဂ္ဂိုလ်ကို လျစ်လျူရှုရခြင်း၊
၂။ ပစ္စည်းဝတ္ထုကို လျစ်လျူရှုရခြင်း၊
၃။ ပုဂ္ဂိုလ်နဲ့ ပစ္စည်းအပေါ် ယုယခင်တွယ်သူကို ရှောင်ကြဉ်ရခြင်း၊
၄။ ပုဂ္ဂိုလ်နဲ့ ပစ္စည်းအပေါ် လျစ်လျူရှုသူကို မှီဝဲရခြင်း၊
၅။ ဥပေက္ခာဖြစ်အောင် စိတ်ညွတ်ရခြင်း၊

(သံ၊ ၌၊ တ၊ ၂၀၀)

## အထက်နဲ့အောက်

အထက်သမာပတ်ရသူတွေက အောက်သမာပတ်ကို နှစ်ဖြာကွဲတဲ့ ကျောက်ပမာ ထင်တယ်။ ထွေးအန်ပြီးတဲ့အရာပမာ ထင်တယ်။ အမြစ်ပြတ်သွားတဲ့ ထန်းပင်ပမာ ထင်တယ်။ အဲဒီအောက်သမာပတ်ကို ဝင်စားမယ်လို့ စိတ် မဖြစ်။

(ဥပရိပဏ်၊ ၌၊ ၃၆)

## မာရ်နတ်နဲ့သမာပတ်

ဝိပဿနာရဲ့ အခြေခံဖြစ်တဲ့ သမာပတ်ရှစ်ပါးကို ဝင်စားပြီး ထိုင်နေတဲ့ရဟန်းရဲ့စိတ်ကို မာရ်နတ်က မမြင်၊ 'ဒီအာရုံကို မှီပြီး ဖြစ်နေတယ်' လို့ မသိနိုင်။ (ဥပရိပဏ်၊ ၌၊ ၁၁၇)

## လက်နက်

သုတပရိယတ်ကို သင်ယူပြီးပေမယ့် အဲဒီသုတနဲ့လျော်တဲ့

http://www.dhammadownload.com



အကျင့်ကို မကျင့်ရင် အဲဒီသုတဟာ သူ့အတွက် လက်နက် မဟုတ်၊ ကျင့်သူအတွက်သာ လက်နက် ဖြစ်တယ်။

(ဥပရိပဏ်၊ ဋ္ဌ၊ ၁၁၇)

## လောကန္တရိက်ငရဲသားများ

မိဘနဲ့ တရားရှိတဲ့ ရဟန်း၊ ပုဏ္ဏားတွေအပေါ် ကြီးလေးတဲ့၊ ကြမ်းကြုတ်တဲ့ ပြစ်မှားမှုကိုရော, နေ့စဉ်နေ့စဉ် အခြားသတ်မှုစတဲ့ အနိုင်ကျင့်မှုကိုပါ ပြုသူတွေဟာ လောကန္တရိက်ငရဲမှာ ဖြစ်ကြတယ်။ ဥပမာ သီဟိုဠ်ကျွန်းက အဘယသူခိုး၊ နာဂသူခိုးစသည့်သူတွေလိုပါပဲ။ သူတို့ရဲ့ ခန္ဓာကိုယ်ဟာ ၃ ဂါဝုတ် ရှိတယ်။ လင်းနို့တွေမှာလိုပဲ ခြေသည်း၊ လက်သည်းတွေ ရှည်တယ်။ သစ်ပင်က လင်းနို့တွေလို လက်သည်း၊ ခြေသည်းတွေနဲ့ စကြဝဠာအခြေမှာ ဆွဲချိတ်နေကြတယ်။ တွားသွားလို့ အချင်းချင်းရဲ့ နှစ်တောင့်ထွာအတွင်း ရောက်သွားတဲ့အခါ 'ငါတို့ အစာရပြီ' လို့ ထင်မှတ်ပြီး ကြိုးစားကြတဲ့အခါ လိမ့်ကျပြီး လောကကြီးကို ဆောင်ထားတဲ့ ရေမှာ ကျသွားတယ်။ လေက တိုက်ခတ်တဲ့အခါ သစ်မည်စည်သီးတွေပမာ ပြတ်ပြီး ရေမှာကျတယ်။ ကျခါစမှာပဲ အလွန်ငန်တဲ့ ရေထဲမှာ မုန့်ညက်စိုင်ပမာ ကျေမွသွားကြတယ်။

(ဥပရိပဏ်၊ ဋ္ဌ၊ ၁၂၇)

## ဘုရားလောင်းရဲ့ ပဋိသန္ဓေစိတ်

ဘုရားအလောင်းတော်ဟာ ပဋိသန္ဓေစိတ် ၁၉ ပါးထဲက မေတ္တာရှေ့သွားရှိတဲ့ သောမနဿသဟဂုဏ်၊ ဉာဏသမ္ပယုတ်၊ အသင်္ခါရိက

http://www.dhammadownload.com



ကုသိုလ်စိတ်နဲ့တူတဲ့ မဟာဝိပါက်စိတ်နဲ့ ပဋိသန္ဓေယူတယ်။ မဟာသီဝ ထေရ်ကတော့ 'ဥပေက္ခာသဟဂုတ်စိတ်နဲ့' လို့ ဆိုပါတယ်။
(ဥပရိပဏ်၊ ၄၊ ၁၂၄)

## ဘုရားလောင်းမယ်တော် သီလယူ

ဘုရားမပွင့်တဲ့အခါ လူတွေဟာ ရသေ့၊ ပရိဗိုဇ်တွေရဲ့အထံမှာ ရှိခိုးပြီး ဆောင့်ကြောင့်ထိုင်ကာ သီလယူကြတယ်။ ဘုရားလောင်း မယ်တော်လည်း ကာလဒေဝိလရသေ့ရဲ့အထံမှာ သီလယူတယ်။ ဘုရား လောင်း ဝမ်းဗိုက်ထဲ ရောက်တဲ့အခါမှာတော့ အခြားသူရဲ့ခြေရင်းမှာ ထိုင်ခြင်းငှာ မတတ်ကောင်းပါ။ ညီမျှတဲ့နေရာမှာ ထိုင်ပြီး သီလကို ဆင်ခြင်ရုံမျှပဲ ဖြစ်ပါတယ်။ (ဥပရိပဏ်၊ ၄၊ ၁၂၈)

## သမာပတ်နဲ့ ဆွမ်းခံတဲ့ အရှင် ၂ ပါး

အရှင်သာရိပုတ္တရာက ဝတ္ထုကို စင်ကြယ်စေတယ်။ အရှင် သုဘူတိက အလှူကို စင်ကြယ်စေတယ်။ ချဲ့ပြောပါဦးမယ်။ အရှင် သာရိပုတ္တရာဟာ ဆွမ်းခံလှည့်လည်တဲ့အခါ အိမ်တံခါးမှာ ရပ်ရင်း ဆွမ်းကို ဆောင်ယူလာနေသမျှ ကာလပတ်လုံး ရှေ့အဖို့က ပိုင်းခြားပြီး နိရောဓသမာပတ်ကို ဝင်စားတယ်။ နိရောဓသမာပတ်က ထပြီး လှူ ဖွယ်ကို အလှူခံတယ်။

အရှင်သုဘူတိက အဲဒီလိုပဲ မေတ္တာဈာန်ကို ဝင်စားတယ်။ မေတ္တာဈာန်က ထပြီး လှူဖွယ်ကို အလှူခံတယ်။

အဲဒီလိုလုပ်လို့ ရသလား၊ ရပါတယ်။ အဲဒါဟာ အံ့ဩစရာ မဟုတ်ပါဘူး။ မဟာဘိညာကို ရောက်တဲ့ သာဝကတွေဟာ ဒီလိုပဲ လုပ်ကြပါတယ်။

http://www.dhammadownload.com



မှန်ပါတယ်၊ ဒီသီဟိုဠ်ကျွန်းမှာလည်း ရှေးမင်းလက်ထက်က ပိင်္ဂလဗုဒ္ဓရက္ခိတထေရ်ဆိုတာ ဥတ္တရရွာကို မှီပြီး နေတယ်။ အဲဒီရွာမှာ အိမ်ခြေ ၇၀၀ ရှိတယ်။ အဲဒီမထေရ် သမာပတ် မဝင်စားတဲ့ အိမ်ဟာ တစ်အိမ်ထောင်မှ မရှိပါ။

(ဥပရိပဏ်၊ ဋ္ဌ၊ ၁၉၃၊ ၄)

## မျက်မှောက်အကျိုးပေး

၁။ ဝတ္ထုသမ္ပဒါ = နိရောဓသမာပတ်မှ ထလာတဲ့ ရဟန္တာနဲ့ အနာဂါမ် အလှူခံပုဂ္ဂိုလ်၊

၂။ ပစ္စယသမ္ပဒါ = လှူဖွယ်ပစ္စည်းတွေက တရားနဲ့အညီ ဖြစ်ပေါ်လာခြင်း၊

၃။ စေတနာသမ္ပဒါ = မလှူမီ၊ လှူဆဲ၊ လှူပြီးကာလတွေမှာ စေတနာရဲ့ သောမနဿသဟဂုဏ်၊ ဉာဏသမ္ပယုတ်ဖြစ်ခြင်း၊

၄။ ဂုဏာတိရေကသမ္ပဒါ = အလှူခံပုဂ္ဂိုလ်ရဲ့ သမာပတ်မှ ထပြီးချိန် ဖြစ်ခြင်း၊

ဒီ ၄ ပါးရဲ့အစွမ်းကြောင့် ဒီဘဝမှာပဲ ကြီးကျယ်တဲ့ စည်းစိမ်ကို ရကြတယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ၃၊ ၅၉)

## ဗောဓိမင်းသားနဲ့သရဏဂုံ

'မြတ်စွာဘုရား၊ အရှင်ဘုရားတို့ရဲ့ အလုပ်အကျွေးဖြစ်တဲ့ တပည့်တော် ဗောဓိမင်းသားဟာ ၃ ကြိမ်၊ ၃ ခါ သရဏဂုံဆောက်တည်ခဲ့ပါတယ်'

၁။ အမိဝမ်းထဲမှာ နေခဲ့ရစဉ်က တစ်ကြိမ်၊

http://www.dhammadownload.com



၂။ ငယ်ရွယ်စဉ် ကလေးဘဝက တစ်ကြိမ်၊
၃။ တတ်သိနားလည်တဲ့အရွယ် ရောက်လာစဉ်က တစ်ကြိမ်၊

(ဓမ္မပဒ၊ ဋ္ဌ၊ ဒ၊ ၈၆)

## ဘုရားလောင်းမယ်တော်ရုပ်သွင်

ဘုရားလောင်းရဲ့ဖခင်ကို အစပြုပြီး ဘယ်ယောကျ်ားအပေါ်မှ ကြိုက်နှစ်သက်တဲ့စိတ် ဘုရားလောင်းမယ်တော်မှာ မဖြစ်ပါ။ အဲဒီလို မဖြစ်တာကလည်း ဘုရားလောင်းအပေါ် ရိုသေလေးစားလို့ပါပဲ။ ကိလေသာကို ပယ်ထားလို့ မဟုတ်ပါဘူး။ ဘုရားလောင်းမယ်တော်ရဲ့ ရုပ်ပုံလွှာကို အလွန်ကျွမ်းကျင်တဲ့ အတတ်ပညာရှင်တွေတောင်မှ ပန်းချီရုပ်ရေးမပြနိုင်ကြပါ။ ဘုရားလောင်းမယ်တော်ကို မြင်လို့ ယောကျ်ားမှာ ရာဂ မဖြစ်ဘူးလို့ မဆိုနိုင်ပါ။ မယ်တော်ထံ ယောကျ်ားက သာယာတဲ့စိတ်နဲ့ ချဉ်းကပ်လာရင် သူ့ရဲ့ခြေတွေကို မသယ်နိုင်ပါ။ နတ်ပြည်က သံခြေချင်း စွပ်ထားခံရသလို ဖြစ်သွားတယ်။

(ဥပရိပဏ္ဏာ၊ ဋ္ဌ၊ ၁၂၉)

## မယ်တော်ဝမ်းဗိုက်ထဲက ဘုရားလောင်း

သားနဲ့အတူ ထိုင်နေတဲ့, လျောင်းနေတဲ့ မိခင်က 'လက်ဖြစ်စေ၊ ခြေဖြစ်စေ တွဲလျားကျနေရင် ချီမြှောက်ပြီး ကောင်းကောင်း ပြန်ထားမယ်'လို့ တွေးကာ ချမ်းချမ်းသာသာ နေဖို့ရာ သားကို ကြည့်သလို ဘုရားလောင်းမယ်တော်ကလည်း သူထတဲ့၊ သွားတဲ့၊ လှည့်တဲ့၊ ထိုင်တဲ့ အခါစသည်တွေမှာရော၊ အအေး၊ အပူ၊ အငန်၊ အစပ် အစားအစာတွေကို စားတဲ့အခါတွေမှာပါ 'ကိုယ်ဝန်မှာ ဒုက္ခဖြစ်တယ်။ ငါ့သားလေးမှာ အဲဒီ ဒုက္ခ ရှိလေသလား' လို့ တွေးကာ ချမ်းချမ်းသာသာနေဖို့ ဘုရား

http://www.dhammadownload.com



လောင်းကို ကြည့်တဲ့အခါ တစ်ပလ္လင်ခွေပြီး ထိုင်နေတဲ့ ဘုရားလောင်းကို မြင်တယ်။

အမိဝမ်းထဲမှာ ရောက်နေတဲ့ အခြားလူတွေဟာ အစာဟောင်းအိမ်ကို ဖိထိုင်ပြီး အစာသစ်အိမ်ကို ချီမြှောက်ကာ ဝမ်းရေအပြင်ကို ကျောပြုပြီး ကျောရိုးကို မှီကာ ဆောင့်ကြောင့်အနေအထားနဲ့ လက်သီးဆုပ် ၂ ခုကြားမှာ မေးကို ထားကာ မိုးရွာတဲ့အခါ သစ်ပင်အခေါင်းက မျောက်တွေပမာ ထိုင်နေကြပါတယ်။ ဘုရားလောင်းကတော့ အဲဒီလို မထိုင်ပါ။ ဘုရားလောင်းဟာ မိခင်ကျောရိုးကို ကျောပေးထားကာ တရားပလ္လင်ပေါ်မှာ ထိုင်နေတဲ့ ဓမ္မကထိကပမာ တင်ပလ္လင်ခွေပြီး ရှေ့ဘက်ကို မျက်နှာမူကာ ထိုင်နေပါတယ်။ ရှေးက လုပ်ခဲ့တဲ့ ကံက မိခင်ရဲ့သားအိမ်ကို စင်ကြယ်စေပါတယ်။ စင်ကြယ်တဲ့ သားအိမ်မှာ သိမ်မွေ့တဲ့ အရေရဲ့လက္ခဏာ ဖြစ်လာတယ်။ အဲဒီအခါ ဝမ်းဗိုက်ထဲ ရောက်နေတဲ့ ဘုရားလောင်းကို အရေက မဖုံးလွှမ်းနိုင်၊ ကြည့်လိုက်ရင် အပြင်မှာ တည်နေသလို ထင်ရတယ်။

(ဥပရိပဏ္ဏာ၊ ၄၊ ၁၂၉၊ ၁၃၀)

## အသက်ရှင် မရှင်

၇ လနဲ့ မွေးတဲ့ ကလေးဟာ အသက်ရှင်တယ်။ ဒါပေမဲ့ အပူ၊ အအေးကိုတော့ သည်းမခံနိုင်ဘူး။ ၈ လနဲ့ မွေးတဲ့ ကလေးက အသက်မရှင်ဘူး။ ၉ လ၊ ၁၀ လ၊ ၁၁ လ၊ ၁၂ လနဲ့ မွေးတဲ့ကလေးတွေက အသက်ရှင်ကြတယ်။

(ဥပရိပဏ္ဏာ၊ ၄၊ ၁၃၀)

## အချိန်မရွေး

ယုံကြည်မှုသဒ္ဓါ အားကောင်းပြီး ဝိပဿနာကိုလည်း အောက်

http://www.dhammadownload.com



ထစ်ဆုံး အဖြစ်အပျက်သိတဲ့ဉာဏ်ကို ရောက်အောင် အားထုတ်ပြီးရင် သွားရင်း၊ ရပ်ရင်း၊ ထိုင်ရင်း၊ လျှောင်းရင်း၊ ခဲစားရင်း၊ မဂ်ဖိုလ် မရ ဆိုတာ မရှိပါ။

(ပဉ္စပကရဏဋ္ဌကထာ၊ ၃၂)

## အရှင်ဗာကုလရဲ့ရှေးကံ

ပဒုမုတ္တရဘုရားရှင်ဟာ ရဟန်းတစ်သိန်းခြံရံပြီး ခရီးဒေသစာရီ ကြွချီတဲ့အခါ ဟိမဝန္တာတောင်မှာ အဆိပ်ရှိတဲ့ သစ်ပင်တွေ အပွင့်ပွင့် နေကြပါတယ်။ ရဟန်းတစ်သိန်းမှာလည်း မြက်ပန်းကြောင့် ဖြစ်တဲ့ ရောဂါဖြစ်နေတယ်။ အရှင်ဗာကုလအလောင်းဟာ အဲဒီအချိန်မှာ တန်ခိုးရှိတဲ့ ရသေ့ ဖြစ်နေတယ်။ အဲဒီရသေ့က ကောင်းကင်ခရီးနဲ့ သွားတဲ့အခါ ရဟန်းအပေါင်းကို မြင်လို့ သက်ဆင်းပြီး ရောဂါကို မေးပြီး ဟိမဝန္တာမှ ဆေးကို ယူဆောင်ပြီး ပေးလှူတယ်။ ရှုလိုက်ရုံမျှနဲ့ ရောဂါ ပျောက်သွားပါတယ်။

ကဿပဘုရားရှင်လက်ထက်မှာလည်း ရဟန်းအပေါင်းရဲ့ အသုံး အဆောင်ဖြစ်တဲ့ မီးတင်းကုပ်နဲ့ ကျင်ကြီးအိမ်ကို ဆောက်လုပ်စေကာ ရဟန်းအပေါင်းအား ဆေး အမြဲလှူခဲ့တယ်။ အဲဒီကံကြောင့် အရှင် ဗာကုလမှာ အနာရောဂါကင်းတယ်။

(ဥပရိပဏ်၊ ၄၊ ၁၃၉)

## ယမမင်း

ယမမင်းဆိုတာ ဝေမာနိကပြိတ္တာမင်းပါပဲ။ တစ်ချိန်မှာ နတ် ဗိမာန်မှာ နတ်ပဒေသာပင်၊ နတ်ဥယျာဉ်၊ နတ်ကချေသည်စတဲ့ စည်း စိမ်ကို ခံစားတယ်။ တစ်ချိန်မှာ ကံရဲ့အကျိုးကို ခံစားတယ်။ တရားရှိ

http://www.dhammadownload.com



တဲ့မင်းပဲ။ တစ်ယောက်တည်း မဟုတ်ဘူး၊ တံခါး ၄ ခုမှာ ၄ ယောက် ရှိတယ်။ (ဥပရိပဏ်၊ ၌၊ ၁၆၄)

## ငရဲစောင့်

လောကမှာ ညှဉ်းဆဲမှု ပြုကြသူတွေ ရှိသလို၊ ငရဲမှာ ငရဲစောင့်တွေ ရှိကြတယ်။ (ဥပရိပဏ်၊ ၌၊ ၁၆၄)

## ငရဲသားနဲ့ယမမင်း

အကုသိုလ်ကံ အများကြီး ပြုလုပ်ထားသူဟာ သွားပြီး ငရဲမှာ ဖြစ်တာပါပဲ။ မကောင်းမှုနည်းနည်း လုပ်ထားသူကတော့ သူငယ်၊ လူအို၊ လူနာ၊ လူသေ၊ အကျဉ်းသားဆိုတဲ့ သေမင်းတမန် ၅ မျိုးနဲ့ စိစစ်မေးမြန်းမှုကို ခံယူရတယ်။ ဥပမာ ခိုးထုပ်ခိုးထည်နဲ့တကွ သူခိုးကို ဖမ်းယူသွားပြီး လုပ်ထိုက်တာကိုသာ လုပ်ကြတယ်။ မစစ်ဆေး၊ မဆုံး ဖြတ်ကြတော့။ စစ်ဆေးပြီး ဖမ်းယူခံရသူကိုတော့ ဆုံးဖြတ်ရာနေရာကို ခေါ်ဆောင်သွားကြတယ်။ သူဟာ ဆုံးဖြတ်မှုကို ရရှိတယ်။ ဒီဥပမာ အတိုင်းပါပဲ။ မှန်တယ်၊ မကောင်းမှုနည်းသူတွေက သူ့သဘောနဲ့လည်း သတိရကြတယ်။ သူများက သတိပေးလို့လည်း သတိရကြတယ်။

သူ့သဘောနဲ့ သတိမရသူတွေကို ယမမင်းက သေမင်းတမန် ၅ မျိုးကို မေးတယ်။ အဲဒီမှာ တချို့က ပထမသေမင်းတမန်နဲ့ သတိရ တယ်။ တချို့က ဒုတိယစသည်တွေနဲ့ သတိရတယ်။ ၅ မျိုးလုံးနဲ့ သတိမရသူတွေကို ယမမင်းက ကိုယ်တိုင် သတိပေးတယ်။

ချဲ့ပြောမယ်။ အမတ်တစ်ယောက်က မဟာစေတီကို မြတ်လေး ပန်းအိုးနဲ့ ပူဇော်ပြီး ယမမင်းအား အမျှပေးဝေတယ်။ အကုသိုလ်ကံ ကြောင့် ငရဲရောက်လာတဲ့ အဲဒီအမတ်ကို ယမမင်းထံ ယူဆောင်သွား

http://www.dhammadownload.com



ကြတယ်။ သေမင်းတမန် ၅ မျိုးနဲ့ စိစစ်မေးမြန်းလို့ အဲဒီအမတ်က ကုသိုလ်ကို သတိမရတဲ့အခါ ယမမင်းက ကိုယ်တိုင်ကြည့်တော့ မြင်လို့ 'သင်ဟာ မဟာစေတီကို မြတ်လေးပန်းအိုးနဲ့ ပူဇော်ပြီး ငါ့အား အမျှပေးဝေခဲ့တယ်မဟုတ်လား' လို့ မေးကာ သတိရစေပါတယ်။ အဲဒီအမတ်က အဲဒီအခါ အမှတ်ရပြီး နတ်ပြည်ကို သွားပါတယ်။ ယမမင်းက ကိုယ်တိုင် ကြည့်ပေမယ့် မမြင်တော့ရင် 'သတ္တဝါကြီးဟာ ကြီးမားတဲ့ ဆင်းရဲကို ခံစားရပေတော့မယ်' လို့ တွေးကာ ဆိတ်ဆိတ်နေလိုက်ပါတော့တယ်။

(ဥပရိပဏ်၊ ဋ္ဌ၊ ၁၆၆)

## နွား ၃ မျိုး

တစ်နည်းက။ နွားခြံတစ်ရာရဲ့ အကြီးအကဲနွားက ဥသဘ၊ နွားခြံတစ်ထောင်ရဲ့ အကြီးအကဲက ဝသဘ၊ နွားအားလုံးထက် မြတ်ပြီး ဘေးရန်အားလုံးကို သည်းခံနိုင်တဲ့၊ ဖြူတဲ့၊ ကြည်နူးဖွယ်ဖြစ်တဲ့၊ ကြီးလေးတဲ့ဝန်ကို ဆောင်နိုင်တဲ့၊ မိုးကြိုးတစ်ရာပစ်တောင် မကြောက်လန့်တဲ့ နွားက နိသဘ။

(ပဋိသံ၊ ဋ္ဌ၊ ဒု၊ ၂၃၁)

## ဉာဏ်အဟုန်ရဲ့အစွမ်း

၁။ အရှင်ဗာကုလလောင်းရဲ့ ငါးဗိုက်ထဲမှာ ရောဂါ မရှိတာ၊
၂။ အရှင်သံကိစ္စလောင်းရဲ့ မီးထင်းပုံပေါ်မှာ မီးမလောင်တာ၊
၃။ ဘူတပါလထေရ်လောင်းရဲ့ သားရဲ ဘီလူးတွေရဲ့နေရာမှာ အန္တရာယ်ကင်းတာ၊

http://www.dhammadownload.com



ဒီ ၃ မျိုးဟာ နောက်ဆုံးဘဝပိုင်ရှင် ရလာမယ့် အရဟတ္တဖိုလ်ဉာဏ်ရဲ့အစွမ်းကြောင့် ဖြစ်တယ်။ သုစရိုက်ကံအကျိုးကို ရောက်တဲ့ ပဋိသမ္ဘိဒါဉာဏ် အစွမ်းကြောင့်လို့လည်း ဆိုကြပါတယ်။

(ပဋိသံ၊ ဋ္ဌ၊ ဒု၊ ၂၇၉၊ ၂၈၀၊ ၁)

## သေရိုးမရှိ

နောက်ဆုံးဘဝပိုင်ရှင်ကို မြင်းမိုရ်တောင်နဲ့ ကြိတ်ချေပေမယ့် ရဟန္တာမဖြစ်သေးဘဲ သေရိုးမရှိ။

(ပဋိသံ၊ ဋ္ဌ၊ ဒု၊ ၂၈၀)

## သမာဓိတန်ခိုး

၁။ သမာပတ်ဝင်စားနေတဲ့ အရှင်သာရိပုတ္တရာရဲ့ ပြောင်နေတဲ့ ဦးခေါင်းကို ဘီလူးက လက်သီးနဲ့ ထိုးပေမယ့် မနာတာ၊

၂။ နိရောဓသမာပတ်ဝင်စားနေတဲ့ အရှင်သဉ္ဇီဝကို သေပြီထင်လို့ နွားကျောင်းသားစသည်တို့က မီးရှို့ပေမယ့် သင်္ကန်းအစကိုတောင် မီးမလောင်တာ၊

၃။ သမာပတ်ဝင်စားနေတဲ့ အရှင်ခါဏုကောဏ္ဍညအပေါ် သူခိုး ငါးရာက အထုပ်ငါးရာကို တင်ထားပေမယ့် ဘာမှ မဖြစ်တာ၊ မနာတာ၊

၄။ ဥတ္တရာအပေါ် သီရိမာက ပွက်ပွက်ဆူနေတဲ့ ထောပတ်နဲ့ သွန်းလောင်းလိုက်ပေမယ့် မပူလောင်တာ၊

၅။ သာမာဝတီကို ဥတေနမင်းက မြားနဲ့ပစ်ပေမယ့် ပစ်လို့မရတာ၊

ဒီ ၅ မျိုးဟာ သမာဓိအဟုန်ရဲ့ အစွမ်းကြောင့် ဖြစ်တယ်။

(ပဋိသံ၊ ဋ္ဌ၊ ဒု၊ ၂၈၂၊ ၂၉၀)

http://www.dhammadownload.com



## ရှေးကောင်းမှုအစွမ်း

ဇောတိကသူဌေး၊ ဇဋိလသူဌေး၊ မေဏ္ဍကသူဌေး၊ မေဏ္ဍကသူဌေးကတော် စန္ဒပဒုမာ၊ မေဏ္ဍကသူဌေးရဲ့သား ဓနဉ္စယသူဌေး၊ မေဏ္ဍကရဲ့ချွေးမ သုမနဒေဝီ၊ ကျွန် ပုဏ္ဏ၊ ဃောသိတသူဌေးတွေဟာ ရှေးကောင်းမှုအစွမ်းကြောင့် ဖြစ်တယ်။

(ပဋိသံ၊ ဌ၊ ဒု၊ ၂၉၀–၊ ၃၀၂)

## နတ်ပြည် ၆ ထပ်

၁။ စာတုမဟာရာဇ် = ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရ ဆိုတဲ့ နတ်မင်းကြီး ၄ ယောက်ရှိတဲ့ နတ်ပြည်။ မြင့်မိုရ်တောင်ရဲ့ အလယ်မှာ ရှိတယ်။ တောင်မှာ တည်တဲ့ နတ်တွေရော ကောင်းကင်မှာတည်တဲ့ နတ်တွေပါ ဒီနတ်ပြည်မှာ ရှိကြတယ်။ အဲဒီ နတ်တွေရဲ့ အဆက်ဆက်ဟာ စကြဝဠာတောင် ထိ ရောက်ကြတယ်။ အပျော်ကြူးလို့ သေတဲ့ နတ်၊ စိတ်ဆိုးလို့ သေတဲ့နတ်၊ တိမ်အေးစောင့်နတ်၊ တိမ်ပူစောင့်နတ်၊ နေနတ်၊ လနတ် တွေလည်း စာတုမဟာရာဇ်နတ်တွေပါပဲ။

၂။ တာဝတိံသာ = ၃၃ ယောက်သော လူတွေဖြစ်ရာ နတ်ပြည်၊ ဒီနတ်တွေမှာ ကောင်းကင်မှာ တည်တဲ့ နတ်တွေရော၊ တောင်မှာ တည်တဲ့ နတ်တွေပါ ရှိကြတယ်။ အဲဒီနတ်တွေရဲ့ အဆက်ဆက်ဟာ စကြဝဠာတောင်အထိ ရောက်ကြတယ်။ ယာမာစတဲ့ နတ်တွေမှာလည်း ဒီအတိုင်းပါပဲ။ နတ်

http://www.dhammadownload.com



ပြည်တိုင်းက နတ်တွေရဲ့ အဆက်ဆက်ဟာ စကြဝဠာတောင်ကို ရောက်ကြတယ်။

၁။ ယာမာ = နတ်ချမ်းသာသို့ ကောင်းကောင်း ရောက်တဲ့ နတ်ပြည်၊

၄။ တုသိတာ = ပျော်ရွှင်နေတဲ့ နတ်ပြည်၊

၅။ နိမ္မာနရတီ = ရိုးရိုးစီစဉ်ထားတဲ့အာရုံထက် လွန်ကဲပြီး ပျော်လိုတဲ့အခါ အလိုရှိတိုင်း စည်းစိမ်တွေကို ဖန်ဆင်း၊ ဖန်ဆင်းပြီး ပျော်ရာနတ်ပြည်၊

၆။ ပရနိမ္မိတဝသဝတ္တီ =စိတ်အလိုကို သိကာ သူတစ်ပါးတွေ ဖန်ဆင်းထားတဲ့ စည်းစိမ်တွေမှာ အလိုအတိုင်း ဖြစ်ရာနတ်ပြည်၊

(ပဋိသံ၊ ဋ္ဌ၊ ၃၊ ၂၁၈)

## ကာမစ္ဆန္ဒကို ပယ်ရှားနည်း ၆ နည်း

၁။ မတင့်တယ်တဲ့အာရုံ ၁၀ မျိုးကို သင်ယူခြင်း၊

၂။ အသုဘဘာဝနာကို အားထုတ်ခြင်း၊

၃။ မျက်စိစတဲ့ ဣန္ဒြေတို့ကို စောင့်စည်းခြင်း၊

၄။ စားဖွယ်မှာ အတိုင်းအရှည်ကို သိခြင်း၊

၅။ အသုဘဘာဝနာမှာ ပျော်တဲ့ မိတ်ကောင်းကို မှီဝဲခြင်း၊

၆။ အသုဘအာရုံနဲ့ သင့်လျော်တဲ့ စကား။

(သံ၊ ဋ္ဌ၊ ၁၊ ၂၀၁)

## ဗျာပါဒ (ဒေါသ) ကို ပယ်ရှားနည်း ၆ နည်း

၁။ မေတ္တာပွားနည်းကို သင်ယူခြင်း၊

http://www.dhammadownload.com



၂။ မေတ္တာပွားခြင်း၊
၃။ မိမိရော သူတစ်ပါးပါ ကံသာ ကိုယ်ပိုင်ဥစ္စာရှိပုံကို ဆင်ခြင်ခြင်း၊
၄။ ကံသာ ကိုယ်ပိုင်ဥစ္စာဖြစ်ပုံကို ဆင်ခြင်ပြီး အသိဉာဏ်နဲ့ ဆင်ခြင်မှုများခြင်း၊
၅။ မေတ္တာနဲ့ ပျော်တဲ့ မိတ်ကောင်းကို မှီဝဲခြင်း၊
၆။ မေတ္တာကို မှီတဲ့ သင့်လျော်တဲ့စကား၊

(သံ၊ ဋ္ဌ၊ တ၊ ၂၀၂)

## ထိနမိဒ္ဓ (ထိုင်းမှိုင်းမှု) ကို ပယ်ရှားနည်း ၆ နည်း

၁။ အစားလွန်မှုမှာ အာရုံနိမိတ်ကို သင်ယူခြင်း၊
၂။ ဣရိယာပုထ်ကို ပြောင်းလွှဲခြင်း၊
၃။ အရောင်အလင်းကို နှလုံးသွင်းဆင်ခြင်ခြင်း၊
၄။ လွင်တီးခေါင်မှာ နေခြင်း၊
၅။ ထိုင်းမှိုင်းမှုကို ဖယ်တဲ့ မိတ်ကောင်းကို မှီဝဲခြင်း၊
၆။ ဓုတင်ကို မှီတဲ့ သင့်လျော်တဲ့စကား။

(သံ၊ ဋ္ဌ၊ တ၊ ၂၀၃)

## ဥဒ္ဓစ္စ၊ ကုက္ကုစ္စ (ပျံ့လွင့်၊ ပူပန်မှု) ကို ပယ်ရှားနည်း ၆ နည်း

၁။ နိကာယ်မှာ အကြားအမြင်များခြင်း၊
၂။ အပ် မအပ်ကို အမေးများခြင်း၊
၃။ ဝိနည်းမှာ အလေ့အလာများခြင်း၊
၄။ မထေရ်ကြီးတွေကို မှီဝဲဆည်းကပ်ခြင်း၊

http://www.dhammadownload.com



၅။ ဝိနည်းခိုရိမိတ်ကောင်းကို မှီဝဲခြင်း၊
၆။ အပ် မအပ်ကို မှီတဲ့ သင့်လျော်တဲ့စကား။

(သံ၊ ၄၊ တ၊ ၂၀၃)

## ဝိစိကိစ္ဆာ (ယုံမှားမှု) ကို ပယ်ရှားနည်း ၆ နည်း

၁။ နိကာယ်မှာ အကြားအမြင်များခြင်း၊
၂။ ရတနာသုံးပါးအကြောင်းကို အမေးများခြင်း၊
၃။ ဝိနည်းမှာ အလေ့အလာများခြင်း၊
၄။ ရတနာသုံးပါးအပေါ် ကြည်ညိုမှုပွားခြင်း၊
၅။ သဒ္ဓါရှိတဲ့ မိတ်ကောင်းကို မှီဝဲခြင်း၊
၆။ ရတနာသုံးပါးဂုဏ်ကို မှီတဲ့ သင့်လျော်တဲ့စကား။။

(သံ၊ ၄၊ တ၊ ၂၀၄)

## ပဝါရဏာသင်္ဂဟ

ပဝါရဏာသင်္ဂဟ (ပဝါရဏာအား သင်္ဂြိုဟ်ထောက်ပံ့ခြင်း) ကို ဉတ္တိဒုတိယကံနဲ့ ပေးရတယ်။ တရားအားမထုတ်တဲ့ ပုထုဇဉ်အမိုက်၊ ဝိပဿနာအားထုတ်ထားသူ အရိယာပုဂ္ဂိုလ်အား မပေးရ။ သမထ ဝိပဿနာ နုနယ်တဲ့ ပုဂ္ဂိုလ်အား ပေးရတယ်။

(ဥပရိပဏ်၊ ၄၊ ၉၇)

## အဝီစိငရဲရဲ့အကျယ်အဝန်း

အဝီစိငရဲရဲ့ အတွင်းပိုင်းက အလျားအားဖြင့်ရော၊ အနံအားဖြင့် ပါ ယူဇနာ ၁၀၀ ရှိတယ်။ ကြေးမြေကြီးရော၊ ကြေးအမိုးရော၊ နံရံ

http://www.dhammadownload.com



တစ်ခုခုရော ၉ ယူဇနာစီ ရှိတယ်။ အရှေ့အရပ် နံရံက မီးလျှံထပြီး အနောက်နံရံကို ယူကာ အဲဒါကို ထွင်းဖောက်ပြီး တစ်ဖက်မှာ ယူဇနာ ၁၀၀ တိုင်တိုင်သွားတယ်။ ကျန်တဲ့အရပ်တွေမှာလည်း အဲဒီလိုပါပဲ။ မီးလျှံအဆုံးရဲ့ အစွမ်းနဲ့ အလျား အနံအားဖြင့် ယူဇနာ ၃၁၈ အဝန်း အဝိုင်းအားဖြင့် ၉၅၄ ပတ်ဝန်းကျင်က ဥဿဒငရဲတို့နဲ့အတူ ယူဇနာ ၁၀၀၀၀ ရှိတယ်။

(ဥပရိပဏ္ဏာ ၄၊ ၁၆၆၊ ၇)

## အဝီစိ

အဝီစိငရဲမှာ မီးတောက်မီးလျှံ၊ သတ္တဝါတွေ၊ ဆင်းရဲ၊ ဒီသုံးမျိုးဟာ အကြားအလပ် မရှိ။ ဒါကြောင့် အဝီစိလို့ ခေါ်တယ်။

(ဥပရိပဏ္ဏာ၊ ၄၊ ၁၆၇)

## လနဲ့ယုန်

'ယုန်ပညာရှိ၊ သင့်ရဲ့ဂုဏ်တွေဟာ တစ်ကမ္ဘာပတ်လုံးပဲ ထင်ရှားကြပါစေ' လို့ သိကြားမင်းက တောင်ကို ညှစ်ကာ တောင်ရဲ့အရည်ကို ယူပြီး လဝန်းမှာ ယုန်အမှတ်အသားကို ရေးတယ်။

(စရိယာပိဋက၊ ၄၊ ၁၀၉)

## အဋ္ဌကထာတွေရဲ့နာမည်နဲ့ကျမ်းဆရာ

| | | |
|---|---|---|
| ၁။ စရိယာပိဋကဋ္ဌကထာ | ပရမတ္ထဒီပနီ | အရှင်ဓမ္မပါလ |
| ၂။ ဣတိဝုတ္တကဋ္ဌကထာ | ပရမတ္ထဒီပနီ | အရှင်ဓမ္မပါလ |
| ၃။ ပေတဝတ္ထုအဋ္ဌကထာ | ပရမတ္ထဒီပနီ | အရှင်ဓမ္မပါလ |

http://www.dhammadownload.com



၄။ ဝိမာနဝတ္ထုအဋ္ဌကထာ ပရမတ္ထဒီပနီ အရှင်ဓမ္မပါလ
၅။ သံယုတ္တဋ္ဌကထာ သာရတ္ထပကာသိနီ အရှင်မဟာဗုဒ္ဓဃောသ
၆။ သုတ္တနိပါတဋ္ဌကထာ ပရမတ္ထဇောတိကာ
အရှင်မဟာဗုဒ္ဓဃောသ
၇။ ဥဒါနဋ္ဌကထာ ပရမတ္ထဒီပနီ အရှင်ဓမ္မပါလ
၈။ ဝိနယသင်္ဂဟဋ္ဌကထာ ပါဠိမုတ္တကဝိနယဝိနိစ္ဆယသင်္ဂဟ
အရှင်သာရိပုတ္တရာ
၉။ ဝိနယအဋ္ဌကထာ သမန္တပါသာဒိကာ
အရှင်မဟာဗုဒ္ဓဃောသ
၁၀။ ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ သဒ္ဓမ္မပကာသိနီ အရှင်မဟာနာမ
၁၁။ ပဏ္ဏာသဋ္ဌကထာ ပပဉ္စသူဒနီ အရှင်မဟာဗုဒ္ဓဃောသ
၁၂။ အင်္ဂုတ္တရဋ္ဌကထာ မနောရထပူရဏီ အရှင်မဟာဗုဒ္ဓဃောသ
၁၃။ ထေရ၊ ထေရီဂါထာအဋ္ဌကထာ ပရမတ္ထဒီပနီ အရှင်ဓမ္မပါလ
၁၄။ ဗုဒ္ဓဝံသဋ္ဌကထာ မဓုရတ္ထဝိလာသိနီ အရှင်ဗုဒ္ဓဒတ္တ
၁၅။ အပဒါနဋ္ဌကထာ ဝိသုဒ္ဓဇနဝိလာသိနီ ရှေးမထေရ်တစ်ပါး
၁၆။ စူဠ၊ မဟာနိဒ္ဒေသဋ္ဌကထာ သဒ္ဓမ္မပ္ပဇ္ဇောတိကာ အရှင်ဥပသေန
၁၇။ ဒီဃနိကာယဋ္ဌကထာ သုမင်္ဂလဝိလာသိနီ အရှင်မဟာဗုဒ္ဓ
ဃောသ

## တစ်နေ့ရာပဲ ရှိတယ်

နွားပျောက်လို့ နွားရှာသူ အာဠဝီသား ဆင်းရဲသားဟာ နွားကို တွေ့ပြီးတဲ့အခါ အလွန်ဆာလောင်နေတယ်။ ဘုရားရှင်က ဒါနကြောင့် ကြစိုက်သူကို 'ရဟန်းအပေါင်းမှာ ထမင်းကျန် ရှိလား' လို့ မေးတဲ့အခါ အားလုံး ရှိကြောင်း ဖြေတယ်။ ဘုရားရှင်က ကျွေးခိုင်းတယ်။ ဘုရား

http://www.dhammadownload.com



ရှင် ပြောတဲ့နေရာမှာပဲ သူ့ကို ထိုင်ခိုင်းကာ ယာဂု၊ ခဲဖွယ်၊ စားဖွယ်တွေနဲ့ ရိုရိုသေသေပဲ ဒါနကြောင့်ကြစိုက်သူက ပြုစုလုပ်ကျွေးတယ်၊ ဆင်းရဲသားဟာ ထမင်းစားပြီးတော့ ပါးစပ်ဆေးကြောတယ်။ ဒီနေရာမှ တစ်ပါး ပိဋကသုံးပုံက အခြားနေရာတွေမှာ သွားသူ၊ လာသူအတွက် ဘုရားရှင်က ထမင်းစီစဉ်ပေးတာ မရှိ။

(ဓမ္မပဒ၊ ဋ္ဌ၊ ဒု၊ ၁၇၀)

## အကြီးဆုံးရောဂါ

အခြားရောဂါက တစ်ကြိမ် ကုသလိုက်ရင် ပျောက်ရင်လည်း ပျောက်တယ်၊ တစ်ခဏရင်လည်း သက်သာတယ်၊ ဆာလောင်တာကိုတော့ အမြဲပဲ ကုသနေရတယ်။ ဒါကြောင့် ဆာလောင်တာဟာ အကြီးဆုံးရောဂါပဲ။

(ဓမ္မပဒ၊ ဋ္ဌ၊ ဒု၊ ၁၇၁)

## အကောင်းဆုံးလာဘ်

ရောဂါရှိသူမှာ ပစ္စည်းတွေကို ရနေပေမယ့် မရတာပါပဲ။ ဒါကြောင့် ရောဂါမရှိသူမှာ လာဘ်အားလုံးဟာ ရောက်လာတာပါပဲ။

(ဓမ္မပဒ၊ ဋ္ဌ၊ ဒု၊ ၁၇၃)

## ဆွေမျိုး

အမေပဲဖြစ်ဖြစ်၊ အဖေပဲဖြစ်ဖြစ် အကျွမ်းမဝင်ရင် တစိမ်းပါပဲ။

တစိမ်းပင်ဖြစ်ဖြစ် အကျွမ်းဝင်ရင် သွေးသားမစပ်ပေမယ့် အကောင်းဆုံးဆွေမျိုးပါပဲ။

(ဓမ္မပဒ၊ ဋ္ဌ၊ ဒု၊ ၁၇၃)

http://www.dhammadownload.com



## တစ်ချိန်တည်းမှာ

ဘုရားရှင်ရဲ့လက်မှာ အလှူရေစက်ကို တည်စေတာနဲ့တစ်ပြိုင်နက် တာဝတိံသာနတ်ပြည်မှာ အရပ်အားလုံးမှာ ၁၂ ယူဇနာရှိတဲ့၊ အထက်မှာ ယူဇနာ ၁၀၀ မြင့်တဲ့၊ ရတနာ ၇ ပါးနဲ့ပြီးတဲ့၊ နတ်သမီး အပေါင်းနဲ့ ပြည့်နေတဲ့ နတ်ပြာသာဒ် ထွက်ပေါ်တယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ဒု၊ ၁၉၀)

## စောင့်နေတယ်

ဒီလောကကနေ တမလွန်လောကကို သွားမယ့် ကောင်းမှုရှင်ကို နတ်မှာဖြစ်တဲ့ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ အခြွေအရံ၊ အစိုးရမှု၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဆိုတဲ့ လက်ဆောင် ၁၀ မျိုးကို ယူပြီး မိဘအရာမှာ တည်တဲ့ ကောင်းမှုတွေက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုနေကြတယ်။ (ဓမ္မပဒ၊ ဋ္ဌ၊ ဒု၊ ၁၉၁)

## စကြဝတေးစေတီ

ပုထုဇဉ်ရဟန်းတွေရဲ့ စေတီကို ဘုရားရှင် ခွင့်ပြုလိုက်ရင် သီဟိုဠ်ကျွန်းမှာ စေတီနေရာ ရှိမှာ မဟုတ်တော့၊ အခြားနေရာတွေမှာလဲ အဲဒီလိုပါပဲ။ ဒါကြောင့် သူတို့ဟာ အံ့သြစရာ မဟုတ်မှာမို့ ခွင့်မပြု။

စကြဝတေးမင်းကတော့ တစ်ယောက်တည်းပဲ ဖြစ်တယ်။ ဒါကြောင့် သူ့ရဲ့စေတီက အံ့သြစရာဖြစ်တယ်။ ဒါကြောင့် ခွင့်ပြုတယ်။

သီလရှိတဲ့ ပုထုဇဉ်ရဟန်းအား ပရိနိဗ္ဗာန်စံသွားတဲ့ ရဟန်းအားလိုပဲ အကြီးအကျယ် ပူဇော်မှုကိုလည်း ပြုသင့်တာပါပဲ။

(သုတ်မဟာဝါ၊ ဋ္ဌ၊ ၁၇၅)

http://www.dhammadownload.com



# သီချင်းသံကို ဘုရား သဘောကျလို့လား

ပဉ္စသိခနတ်သားရဲ့ သီချင်းသံနဲ့ စောင်းသံရဲ့ဂုဏ်ကို ဘုရားရှင်က ဘာကြောင့် ချီးမွမ်းတာပါလဲ။ အဲဒီအသံအပေါ် ဘုရားရှင်မှာ သာယာမှု ရှိပါသလား။ မရှိပါ။ ဘုရားရှင်က အဲဒီလိုနေရာတွေမှာ ဆဋင်္ဂုပေက္ခာနဲ့ လျစ်လျူရှုတော်မူပါတယ်။ သာယာမှုမဖက် သက်သက် ကောင်း မကောင်းအာရုံကို သိတယ်။ မသာယာပါ။

ဂုဏ်ကို မချီးမွမ်းခဲ့ရင် ပဉ္စသိခဟာ 'ငါ့အား အခွင့်ပြုတယ်' လို့ မသိရာပါ။ အဲဒီအခါ သိကြားမင်းက 'ဘုရားရှင်က ပဉ္စသိခအား ခွင့်မပြုဘူး' လို့ တွေးကာ နတ်တွေကို ခေါ်ယူပြီး အဲဒီနေရာကပဲ ပြန်သွားရာပါတယ်။ အဲဒီလိုဆိုရင် အကြီးအကျယ် ဆုံးရှုံးပါလိမ့်မယ်။

ဂုဏ်ကို ချီးမွမ်းရင်တော့ 'ဘုရားရှင်က ပဉ္စသိခအား ခွင့်ပြုတယ်' လို့ တွေးကာ နတ်တွေနဲ့အတူ ချဉ်းကပ်ပြီး ပြဿနာမေးကာ အဖြေရဲ့အဆုံးမှာ ၈ သောင်းသော နတ်တွေနဲ့အတူ သောတာပန်ဖြစ်မှာ သိလို့ ဂုဏ်ကို ချီးမွမ်းပါတယ်။

(သုတ်မဟာဝါ၊ ဋ္ဌ၊ ၂၉၆)

# သစ္စာအစွမ်း

ဒီလောကရဲ့ သစ္စာပြုမှုဟာ အားကိုးရာပဲ။ ဒါကြောင့် မဃ လုလင်တို့အားလုံးပဲ 'ငါတို့ဟာ သူခိုးတွေဖြစ်ရင် ဆင်က နင်းပါစေ၊ မဟုတ်ရင် မနင်းပါစေနဲ့' လို့ သစ္စာပြုကြတယ်။ ဆင်ဟာ ကပ်တောင် မကပ်နိုင်၊ အော်ပြီး ပြေးတယ်။

(သုတ်မဟာဝါ၊ ဋ္ဌ၊ ၃၀၄)

http://www.dhammadownload.com



## ကျောမဆန့်တဲ့ အရှင်များ

၁။ အရှင်သာရိပုတ္တရာက နှစ် ၃၀၊
၂။ အရှင်မောဂ္ဂလာန်က နှစ် ၃၀၊
၃။ အရှင်မဟာကဿပက နှစ် ၁၂၀၊
၄။ အရှင်အနုရုဒ္ဓါက နှစ် ၅၀၊
၅။ အရှင်ဘဒ္ဒိယက နှစ် ၃၀၊
၆။ အရှင်သောဏက ၁၈ နှစ်၊
၇။ အရှင်ရဋ္ဌပါလက ၁၂ နှစ်၊
၈။ အရှင်အာနန္ဒာက ၁၅ နှစ်၊
၉။ အရှင်ရာဟုလာက ၁၂ နှစ်၊
၁၀။ အရှင်ဗာကုလက နှစ် ၈၀၊
၁၁။ အရှင်နာဠကက ပရိနိဗ္ဗာန်စံသည်အထိ ညောင်စောင်းပေါ် ကျောကို မဆန့်။

(သုတ်မဟာဝါ၊ ဋ္ဌ၊ ၃၂၈၊ ၉)

## ကြည်ညိုမှု

သတ္တဝါအားလုံးကို ၃ ပုံ ပုံက ၂ ပုံက ရုပ်လှတာကို ကြည်ညိုကြတယ်။ ၁ ပုံက ရုပ်လှတာကို မကြည်ညို။

၅ ပုံပုံရင် ၄ ပုံက အသံကောင်းတာနဲ့ ဂုဏ်သတင်းသံကို ကြည်ညိုကြတယ်။ ၁ ပုံက မကြည်ညို။

၁၀ ပုံပုံရင် ၉ ပုံက ခေါင်းပါးတဲ့ အကျင့်ကို ကြည်ညိုကြတယ်။ ၁ ပုံက မကြည်ညို။

အပုံ တစ်သိန်း ပုံရင် တစ်ပုံကပဲ တရားကို ကြည်ညိုကြတယ်။ ကျန်တာက မကြည်ညို။ **(အံ၊ ဋ္ဌ၊ ၃၊ ၃၁၅)**

http://www.dhammadownload.com



## နှစ်ကျိပ်ရှစ်ဆူ

ဒီကမ္ဘာမှ ရှေးကာလမှာ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း အထက်မှာ တဏှင်္ကရ၊ မေဓင်္ကရ၊ သရဏင်္ကရ၊ ဒီပင်္ကရဆိုတဲ့ ဘုရား ၄ ဆူ ပွင့်ခဲ့တယ်။

အဲဒီဘုရားရှင်တွေ ပရိနိဗ္ဗာန်စံပြီးနောက်ပိုင်းမှာ တစ်အသင်္ချေ လွန်တဲ့အခါ ကောဏ္ဍည၊ မင်္ဂလ၊ သုမန၊ ရေဝတ၊ သောဘိတ၊ အနောမဒဿီ၊ ပဒုမ၊ နာရဒ၊ ပဒုမုတ္တရ၊ သုမေဓ၊ သုဇာတ၊ ပိယဒဿီ၊ အတ္ထဒဿီ၊ ဓမ္မဒဿီ၊ သိဒ္ဓတ္ထ၊ တိဿ၊ ဖုဿ၊ ဝိပဿီ၊ သိခီ၊ ဝေဿဘူ ဆိုတဲ့ ဘုရားအဆူ ၂၀ ပွင့်ခဲ့တယ်။

ဒီကမ္ဘာမှာ ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမ ဆိုတဲ့ ဘုရား ၄ ဆူ ပွင့်ခဲ့တယ်။ (အံ၊ ဋ္ဌ၊ ဒု၊ ၂၇၆၊ ၇)

## ဗျာဒိတ်ပေးဘုရား ၂၄ ဆူ

ဒီပင်္ကရာဘုရားမှ ကဿပဘုရားတိုင်အောင် ၂၄ ဆူသော ဘုရားရှင်တွေထံမှာ ဂေါတမဘုရားလောင်းဟာ ဗျာဒိတ်ခံယူခဲ့ရတယ်။
(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၅၃)

## မကြည်ညိုသူ နည်းတယ်

ဒီလောကကြီးမှာ ဘုရားရှင်ကို မြင်ရင် မကြည်ညိုသူတွေက အနည်းငယ်ပဲ ရှိပါတယ်။ ရုပ်ချောတာကို ကြည်ညိုသူတွေကလည်း ရွှေအဆင်းရှိတဲ့ ဘုရားရှင်ကိုယ်ခန္ဓာကို မြင်ရင် ကြည်ညိုကြတယ်။ ဂုဏ်သတင်းအသံနဲ့ အသံကောင်းတာကို ကြည်ညိုသူတွေကလည်း ဘဝရာပေါင်းများစွာကို အမှီပြုပြီး ဖြစ်ပေါ်လာတဲ့ ဂုဏ်သတင်းအသံနဲ့

http://www.dhammadownload.com



အင်္ဂါ ၈ ပါးနဲ့ ပြည့်စုံတဲ့ တရားဟောသံကို ကြားနာရရင် ကြည်ညို ကြတယ်။ အကျင့်ခေါင်းပါးတာကို ကြည်ညိုသူတွေကလည်း သင်္ကန်း စသည်မှာ ခေါင်းခေါင်းပါးပါး ကျင့်တာကို အစွဲပြုပြီး ကြည်ညိုကြ တယ်။ တရားကို ကြည်ညိုသူတွေကလည်း 'ဘုရားရှင်ရဲ့သီလက ဒီလိုရှိတယ်၊ သမာဓိက ဒီလိုရှိတယ်၊ ပညာက ဒီလိုရှိတယ်၊ ဘုရားရှင် မှာ သီလစတဲ့ ဂုဏ်တွေနဲ့တူသူ မရှိ' လို့ ကြည်ညိုကြတယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ဒု၊ ၇၂)

## ခြင်္သေ့ ၄ မျိုး

၁။ တိဏသီဟ= မြက်ကို စားတဲ့ခြင်္သေ့၊ ခိုငှက်အဆင်းရှိတဲ့ နွားမနဲ့ တူတယ်၊

၂။ ကာဠသီဟ= မြက်ကိုပဲ စားတဲ့ခြင်္သေ့၊ နွားမနက်မနဲ့ တူတယ်၊

၃။ ပဏ္ဍုသီဟ= ဖက်ရွက်ရော်အဆင်းရှိတဲ့ နွားမနဲ့တူတဲ့ ခြင်္သေ့၊ အသားကို စားတယ်။

၄။ ကေသရသီဟ= ချိတ်ရည်အပြေအပြစ်ပြုလုပ်ထားတဲ့ မျက်နှာ၊ အမြီးဖျား၊ ခြေအဆုံး ၄ ခုတွေနဲ့ ပြည့်စုံတဲ့ခြင်္သေ့။ (ဒီခြင်္သေ့ရဲ့ဦးခေါင်းထိပ်ကစပြီး ချိတ်ရည်စုတ်တံနဲ့ ပြုလုပ်ထားသလို အရေးကြောင်း ၃ ခုဟာ ကျော ကုန်းအလယ်က သွားပြီး ပေါင်ကြားမှာ လက်ယာ ရစ်လည်ကာ တည်တယ်။ သူ့ရဲ့ပခုံးမှာ တစ်သိန်း တန် ကမ္ဗလာနဲ့ ကာရံထားသလို လည်ဆံမွေးဝန်း ရှိတယ်။ ကျန်တဲ့နေရာက စင်ကြယ်တဲ့ သလေး စပါး အစိုင်အခဲ, ခရုသင်းမှုန့် အစိုင်အခဲ ရှိတယ်။)

(အံ၊ ဋ္ဌ၊ ဒု၊ ၂၉၁)

http://www.dhammadownload.com



# ခြင်္သေ့ရဲ့ဂူမှ ထွက်ရကြောင်း

ခြင်္သေ့မင်းဟာ ရွှေဂူ၊ ငွေဂူ၊ ပတ္တမြားဂူ၊ ဆေးဒါန်းမြင်းသီလာဂူတွေထဲက တစ်ခုခုမှ ထွက်လာတယ်။ ထွက်တဲ့အခါ အကြောင်း ၄ မျိုးကြောင့် ထွက်တယ်။

၁။ အမှောင်နှိပ်စက်ခံရလို့ အလင်းရောင်အတွက်၊

၂။ ကျင်ကြီး ကျင်ငယ်နှိပ်စက်ခံရလို့ ကျင်ကြီး ကျင်ငယ်စွန့်ဖို့အတွက်၊

၃။ ဆာလောင်မှုနှိပ်စက်ခံရလို့ အစာရှာရန်အတွက်၊

၄။ သုက်နှိပ်စက်ခံရလို့ မေထုန်မှီဝဲရန်အတွက်။

(အံ၊ ဋ္ဌ၊ ဒု၊ ၂၉၁)

# ခြင်္သေ့စံပယ်ဟန်

ရွှေအပြင်, ငွေအပြင်, ပတ္တမြားအပြင်, ဖလ်အပြင်, ဆေးဒါန်းမြင်းသီလာအပြင်တွေထဲက တစ်ခုမှာ နောက်ခြေနှစ်ဖက်ကို အညီအမျှထားပြီး ရှေ့ခြေတွေကို ရှေ့မှာ ဆန့်တန်းကာ ကိုယ်ရဲ့နောက်ပိုင်းကို ဆွဲငင်ပြီး ရှေ့ပိုင်းကို ရှေ့ရှုဆောင်ကာ ကျောကုန်းကို ညွှတ်စေပြီး လည်ပင်းကို မြှောက်ပင့်ကာ မိုးခြိမ်းသံကို ပြုသလို နှာခေါင်းဖုတွေကို ပုတ်ခတ်ပြီး ကိုယ်ပေါ်မှာ ကပ်နေတဲ့ မြူမှုန်ကို ခါတွက်ကာ စံပယ်တယ်။ အညောင်းဆန့်တယ်။ စံပယ်ရာမြေမှာ နွားငယ်လေးလို တပြောင်းပြန်ပြန် ပြေးသွားတယ်။ ပြေးသွားတဲ့ ခြင်္သေ့ရဲ့ ကိုယ်ဟာ အမှောင်ထဲမှာ လည်ပတ်နေတဲ့ မီးစပမာ ထင်ရတယ်။

(အံ၊ ဋ္ဌ၊ ဒု၊ ၂၉၁)

http://www.dhammadownload.com



## ခြင်္သေ့ရဲ့အကြင်နာ

ခြင်္သေ့က ဟိန်းဟောက်ရင် ကမ်းပါးပြတ် တွင်းစတဲ့ မညီမညွတ်နေရာတွေမှာ လှည့်လည်တဲ့ ဆင်, စိုင်, ကျွဲစတဲ့သတ္တဝါတွေဟာ ကမ်းပါးပြတ်၊ တွင်းတွေမှာ ကျကြတယ်။ သူတို့ကို သနားလို့ ပတ်ဝန်းကျင်ကို ကြည့်တယ်၊ ကြမ်းတမ်းတဲ့ သူတစ်ပါးအသားစား ခြင်္သေ့မှာ သနားတာ ရှိသလား၊ ရှိပါတယ်။ မှန်ပါတယ်၊ ငါဟာ သတ္တဝါအများကြီး သတ်လို့ အကျိုးမရှိလို့ တွေးကာ အစာရှာထွက်တဲ့အခါမှာလည်း သတ္တဝါငယ်လေးတွေကို မဖမ်းယူ။ အဲဒီလို သနားပါတယ်။

(အံ၊ ဋ္ဌ၊ ၃၊ ၂၉၂)

## ခြင်္သေ့အသံ

စံပယ်ရာနေရာမှာရပ်ပြီး အသံပြုတဲ့ ခြင်္သေ့ရဲ့အသံဟာ ပတ်ဝန်းကျင်မှာ ၃ ယူဇနာ အရပ်တိုင်အောင် တစ်ခဲနက် မြည်ပါတယ်။ ခြင်္သေ့ရဲ့ ဟိန်းသံကို ကြားရပြီး ၂ ယူဇနာ၊ ၃ ယူဇနာအတွင်းရှိ အခြေ ၂ ချောင်းရှိ သတ္တဝါ၊ အခြေ ၄ ချောင်းရှိ သတ္တဝါတွေဟာ ရပ်တည်မြဲ နေရာမှာ မရပ်တည်နိုင်ကြပါ။

(အံ၊ ဋ္ဌ၊ ၃၊ ၂၉၂)

## ခြင်္သေ့ရဲ့အဟုန်

ခြင်္သေ့ဟာ စံပယ်ရာမြေမှာ ရပ်ပြီး လက်ယာဘက်နဲ့ လက်ဝဲဘက်က ခုန်ပျံရင် တစ်ဥသဘလောက်ရှိတဲ့ နေရာကို ရောက်တယ်။ အထက်ကို ခုန်ပျံရင် ၄ ဥသဘ၊ ၈ ဥသဘနေရာကို ခုန်ပျံတယ်။ ညီမျှတဲ့နေရာမှာ ဖြောင့်ဖြောင့်ပြေးဝင်ရင် ၁၆ ဥသဘ၊ ၂၀ ဥသဘ

http://www.dhammadownload.com



လောက်ရှိတဲ့ နေရာကို ပြေးဝင်တယ်။ လမ်းခရီးမှာ သစ်ပင်၊ တောတောင်တွေကို မြင်ရင် အဲဒါတွေကို ရှောင်လွှဲတဲ့အခါ လက်ဝဲဘက်ကဖြစ်စေ၊ လက်ယာဘက်ကဖြစ်စေ၊ အထက်ကဖြစ်စေ တစ်ဥသဘလောက် နောက်ဆုတ်တယ်။ ၃ ကြိမ် ၃ ခါ ဟိန်းပြီးရင် အဲဒီအသံနဲ့ အတူပဲ ၃ ယူဇနာရှိတဲ့ နေရာမှာ ထင်ရှားတယ်။ ၃ ယူဇနာသွားပြီး ပြန်လှည့်ကာ ရပ်ရင်း သူ့ဟိန်းသံရဲ့ ပဲ့တင်သံကို နားထောင်တယ်။ အဲဒီလို လျင်မြန်တဲ့ အဟုန်နဲ့ ဖဲသွားတယ်။

(အံ၊ ဋ္ဌ၊ ၃၊ ၂၉၂)

## ခြင်္သေ့အသံ မကြောက်သူများ

ခြင်္သေ့ရဲ့အသံကို ကြားရလို့ သတ္တဝါအများစု ကြောက်ကြတယ်။ အနည်းစုကတော့ မကြောက်၊ တန်းတူခြင်္သေ့၊ ဆင်အာဇာနည်၊ မြင်းအာဇာနည်၊ နွားလားဥသဘအာဇာနည်၊ ယောကျ်ားအာဇာနည်၊ ရဟန္တာတွေဟာ မကြောက်ကြပါ။ အကြောင်းကတော့ တန်းတူခြင်္သေ့က 'ငါဟာ ဇာတ်၊ အနွယ်၊ အမျိုး၊ ရဲရင့်မှုတွေနဲ့ တူသူပဲ' လို့သိလို့ မကြောက်။ ဆင်အာဇာနည်စသူတွေက သက္ကာယဒိဋ္ဌိ အားကြီးလို့ မကြောက်။ ရဟန္တာက သက္ကာယဒိဋ္ဌိကို ပယ်ပြီးလို့ မကြောက်။

(အံ၊ ဋ္ဌ၊ ၃၊ ၂၉၂)

## အရိယာအပြား

| | |
|---|---|
| သောတာပန် | ၂၄ |
| သကဒါဂါမ် | ၁၂ |
| အနာဂါမ် | ၄၈ |
| ရဟန္တာ | ၁၂ |
| စုစုပေါင်း | ၉၆ |

(အံ၊ ဋ္ဌ၊ ၃၊ ၂၁၈၉)

http://www.dhammadownload.com



## အရိယာ ၂ မျိုး

တစ်စိတ်တစ်ဒေသ ပြုလုပ်သူများ = သောတာပန်, သကဒါဂါမ်, အနာဂါမ်၊
အပြည့်အစုံ ပြုလုပ်သူများ = ရဟန္တာ။
(အံ၊ ၄၊ ဒု၊ ၂၁၇)

## လောကဓာတ် ၃ မျိုး

လောကဓာတ်အသေးစား = စကြဝဠာတစ်ထောင်၊
လောကဓာတ်အလတ်စား = စကြဝဠာတစ်သန်း၊
လောကဓာတ်အကြီးစား = စကြဝဠာကုဋေတစ်သိန်း၊
(အံ၊ ၄၊ ဒု၊ ၂၁၀)

## လောကဓာတ်နဲ့ခေတ်

လောကဓာတ်အသေးစားက သာဝကတွေရဲ့နယ်ပယ်၊ အရာ ဖြစ်တယ်။

လောကဓာတ်အလတ်စားနဲ့ အကြီးစားက သာဝကတွေရဲ့အရာ မဟုတ်။ ဘုရားရှင်တွေရဲ့အရာသာ ဖြစ်တယ်။

လောကဓာတ် အလတ်စားနဲ့ ဘုရားရှင်တွေရဲ့ဇာတိခေတ်ကို ပြတယ်။ အကြီးစားလောကဓာတ်နဲ့ ဘုရားရှင်တွေရဲ့ အာဏာခေတ်ကို ပြတယ်။ (အံ၊ ၄၊ ဒု၊ ၂၁၀)

## ဝိသယခေတ်နဲ့ဥပမာ

ဘုရားရှင်တို့ရဲ့ ဝိသယခေတ်မှာ အတိုင်းအတာ အပိုင်းအခြား

http://www.dhammadownload.com



မရှိပုံကို ဥပမာ ဒီလိုပြကြတယ်။ စကြဝဠာကုဋေတစ်သိန်းမှာ ဖြဟ္မာ့ဘုံတိုင်အောင် မုန်ညင်းစေ့တွေနဲ့ ပြည့်စေပြီး တစ်စုံတစ်ယောက်က အရှေ့အရပ်မှ စကြဝဠာတစ်ခုမှာ ပစ်ချပြီးလာရင် အဲဒီမုန်ညင်းစေ့ အားလုံးပဲ ကုန်သာသွားမယ်။ အရှေ့အရပ်မှ စကြဝဠေတွေကား မကုန်သေး။ တောင်အရပ်စသည်တွေမှာလည်း ဒီအတိုင်းပါပဲ။

(အံ၊ ဋ္ဌ၊ ၃၊ ၂၁၁)

## အသက်အရွယ်နဲ့ခံစားမှု

မြင်ခံစား, ကြားခံစား, နံခံစား, စားခံစား, ထိခံစားဆိုတဲ့ ခံစားမှု ၅ ခုဟာ ပထမအရွယ် အသက် ၂၀ အချိန်မှာ တပ်မက်ခြင်း, အမျက်ထွက်ခြင်း, တွေဝေခြင်းရဲ့အစွမ်းနဲ့ အလွန်အကဲ အားရှိတယ်။ အသက် ၅၀ အချိန်မှာ ရပ်တံ့နေတယ်။ အသက် ၆၀ အချိန်ကစပြီး ယုတ်လျော့လာတယ်။ အသက် ၈၀၊ ၉၀ အရွယ်မှာ အားနည်းလာတယ်။

မှန်တယ်၊ ဒီအခါမှာ သတ္တဝါတွေဟာ 'ငါတို့ဟာ အချိန်ကြာမြင့်စွာ တစ်ပေါင်းတည်း ထိုင်ခဲ့ကြတယ်၊ အိပ်ခဲ့ကြတယ်' လို့ ပြောပေမယ့် မသိဘူးလို့ ပြောကြတယ်။ အလွန်ထင်ရှားတဲ့ အဆင်းစသည်တို့ကိုလည်း မမြင်ဘူး၊ အနံ့ကောင်း, မကောင်း၊ အရသာကောင်း, မကောင်း၊ အကြမ်း အနုတွေပဲလို့ မသိကြဘူးလို့လည်း ပြောကြတယ်။ အဲဒီလိုနည်းနဲ့ သူတို့ရဲ့ ခံစားမှုတွေဟာ ကျိုးပျက်သွားတယ်။

သိခံစားမှုဟာလည်း အစဉ်အတိုင်း ဆုတ်ယုတ်လာရာ သေခါနီးမှာ နှလုံးအစွန်းကိုသာ မှီပြီး ဖြစ်တယ်။ အဲဒီ သိခံစားမှု ဖြစ်နေသေးသမျှ သတ္တဝါတို့ အသက်ရှင်နေတယ်လို့ ဆိုရတယ်။ မဖြစ်ရင်တော့ သေပြီလို့ ဆိုရတယ်။

(အံ၊ ဋ္ဌ၊ ၃၊ ၃၆၈)

http://www.dhammadownload.com



## အိမ်ရှင်သူကြွယ်တွေကို ဦးစားပေး

များသောအားဖြင့် မင်းမျိုးက ရဟန်းပြုသူဟာ ဇာတ်ကို မှီပြီး မာနကြီးကြတယ်။ ပုဏ္ဏားမျိုးက ရဟန်းပြုသူတွေက မန္တန်တွေကို အမှီပြုပြီး မာနကြီးကြတယ်။ အမျိုးဇာတ်ညံ့က ရဟန်းပြုသူတွေက ဇာတ် မတူလို့ မရပ်တည်နိုင်ကြ။

သူကြွယ်ကလေးတွေကတော့ ချွေးထွက်နေတဲ့ ချိုင်း၊ ဆားပွင့်နေတဲ့ ကျောကုန်းနဲ့ မြေကြီးကို တူးကာ မာနကင်းနေကြတယ်။ သူတို့က ရဟန်းပြုပြီး မာနမထား၊ မထောင်လွှားဘဲ ဘုရားစကားကို စွမ်းနိုင်သမျှ သင်ယူပြီး ဝိပဿနာအားထုတ်ကာ ရဟန္တာဖြစ်နိုင်ကြတယ်။

အခြားအမျိုးတွေက အိမ်က ထွက်ပြီး ရဟန်းပြုသူတွေက မများ၊ သူကြွယ်တွေကပဲ များတယ်။ အဲဒီလို မာနကိုလည်း နှိမ့်ချတဲ့အပြင် များလည်း များလို့ သူကြွယ်တွေကို ဘုရားရှင်က ပထမ ညွှန်ပြတယ်။

(အံ၊ ဋ္ဌ၊ ဒု၊ ၃၇၄)

## ကြီးလေးတဲ့ ကံ

ကုသိုလ်ဘက်က မဟဂ္ဂုတ်ကံ၊ အကုသိုလ်ဘက်က အာနန္တရိယ ကံ ၅ ပါးဟာ ဂရုက (ကြီးလေးတဲ့ကံ) ပဲ။ အဲဒီကြီးလေးတဲ့ကံ ရှိရင် ကျန်တဲ့ကုသိုလ်၊ အကုသိုလ်ကံတွေ အကျိုးမပေးနိုင်။ အဲဒီကံကပဲ ပဋိသန္ဓေကျိုးကို ပေးတယ်။ ဥပမာ မုန်ညင်းစေ့လောက်ရှိတဲ့ အိုးခြမ်းကွဲ, သံလုံးတွေဟာ ရေထဲမှာ ပစ်ချလိုက်ရင် ရေပြင်ပေါ်မှာ ပေါ်မနေနိုင်၊ အောက်ကိုသာ မြုပ်သွားသလိုပါပဲ။ အဲဒီလိုပါပဲ ကုသိုလ်မှာရော အကုသိုလ်မှာပါ ကြီးလေးတဲ့ကံကပဲ ယူပြီး သွားပါတယ်။

(အံ၊ ဋ္ဌ၊ ဒု၊ ၁၀၅)

http://www.dhammadownload.com



## အားများတဲ့ ကံ

အချိန်ကြာမြင့်စွာ အထုံရထားတဲ့ ကုသိုလ်ကံ, အကုသိုလ်ကံ ဟာ ဗဟုလကံပဲ။ အားရှိတဲ့ ကုသိုလ်ကံတွေထဲမှာ ဝမ်းမြောက်မှုကို ပြုတတ်တဲ့ကံ၊ အကုသိုလ်ကံတွေထဲမှာ ပူပန်မှုကို ပြုတတ်တဲ့ကံဟာ ဗဟုလကံပဲ။ လက်ဝှေ့သမား ၂ ယောက်ဟာ လက်ဝှေ့ထိုးတဲ့နေရာကို ရောက်ကြတဲ့အခါ အားရှိသူက အားနည်းသူကို အလဲထိုး အနိုင်ယူ တယ်။ အဲဒီလိုပါပဲ၊ အဟုန်ကြီးမားတဲ့ အနီးကပ်မို့ အားရှိတဲ့ ကံက အားနည်းတဲ့ကံကို လွှမ်းမိုးကာ အကျိုးပေးတယ်။

(အံ၊ ဋ္ဌ၊ ၃၊ ၁၀၅)

## အနီးကပ် ကံ

သေခါနီးမှာ အမှတ်ရနိုင်တဲ့ ကုသိုလ်ကံ, အကုသိုလ်ကံဟာ အာသန္န (အနီးကပ်) ကံပဲ။ နွားအပေါင်းနဲ့ ပြည့်နေတဲ့ နွားခြံတံခါးကို ဖွင့်လိုက်တဲ့အခါ နောက်ဘက်ပိုင်းမှာ နွားငယ်၊ အားကြီးတဲ့နွားတွေ ရှိပေမယ့် နွားခြံတံခါးနဲ့ နီးတဲ့ နွားသာ အောက်ထစ်ဆုံးအားဖြင့် အားနည်းတဲ့ နွားအိုတောင် အရင်ဆုံး ထွက်တယ်။ အဲဒီလိုပဲ အခြား ကုသိုလ်၊ အကုသိုလ်ကံတွေ ရှိမေပယ့် သေခါနီးအချိန်နဲ့ နီးကပ်လို့ အကျိုးပေးတယ်။ (အံ၊ ဋ္ဌ၊ ၃၊ ၁၀၇)

## ပြုကာမျှ ကံ

အထက်ပါ ကံ ၃ မျိုးက လွတ်ပြီး မောဟရဲ့အစွမ်းနဲ့ ပြုအပ် တဲ့ကံဟာ ကဋတ္တာ (ပြုကာမျှဖြစ်တဲ့) ကံပဲ။ အရူးပစ်လိုက်တဲ့ တုတ် ဟာ သွားချင်ရာ သွားသလို အထက်ပါကံ ၃ မျိုး မရှိတဲ့အခါ ဘဝ တစ်ခုခုမှာ အကျိုးပေးတယ်။ (အံ၊ ဋ္ဌ၊ ၃၊ ၁၀၉)

http://www.dhammadownload.com



## ဒီဘဝ အကျိုးပေးတဲ့ ကံ

ဒိဋ္ဌဓမ္မဝေဒနီယကံ= ဇောဝီထိတစ်ခုမှာ ဇော ၇ ကြိမ်ထဲက ကုသိုလ် အကုသိုလ် ပထမဇောစေတနာ။ အဲဒီကံက ဒီဘဝမှာပဲ အကျိုးပေးတယ်။ ဥပမာ ကာကဝဠိယသူဌေးနဲ့ ပုဏ္ဏသူဌေးတို့ရဲ့ ကုသိုလ်ကံနဲ့ နန္ဒဘီလူး, နန္ဒလုလင်, နန္ဒနွားသတ်သမား, ကောကာလိက, သုပ္ပဗုဒ္ဓ, ဒေဝဒတ်, စိဥ္စမာဏဝိကာတို့ရဲ့ အကုသိုလ်ကံပဲ။ အဲဒီလို မစွမ်းနိုင်ရင် အဟောသိကံ ဖြစ်တယ်။ အကျိုးမပေးတော့ဘူး။

သားမုဆိုးဟာ သားကောင်ကို မြင်လို့ လေးကိုဆွဲယူပြီး ပစ်လိုက်တဲ့မြားဟာ မလွဲမချော်ရင် အဲဒီသားကောင်ကို အဲဒီနေရာမှာပဲ လဲကျစေတယ်။ လွဲချော်နေရင်တော့ သားကောင်ဟာ ပြေးသွားပြီး အဲဒီနေရာကို ထပ်မကြည့်တော့။ အဲဒီဥပမာလို မှတ်ရမယ်။

မြားက မလွဲမချော်ဘဲ သားကောင်ကို ပစ်ဖောက်တာဟာ ဒီကံရဲ့ အကျိုးပေးခွင့်ရတာနဲ့ တူတယ်။ လွဲချော်တာက အကျိုးမပေးတာနဲ့ တူတယ်။

(အံ၊ ၄၊ ၃၊ ၁၀၄)

## ဒုတိယဘဝမှာ အကျိုးပေးတဲ့ ကံ

ဥပပဇ္ဇဝေဒနီယကံ= အကျိုးကိုပြီးစီးစေတဲ့ သတ္တမဇောစေတနာ။ ဒီစေတနာက ဒုတိယဘဝမှာ အကျိုးပေးတယ်။ ကုသိုလ်ဘက်က သမာပတ် ၈ ပါးနဲ့ အကုသိုလ်ဘက်က အာနန္တရိယကံ ၅ ပါးပဲ။ သမာပတ် ၈ ပါး ရထားသူဟာ သမာပတ်တစ်ပါးကြောင့် ဗြဟ္မာ့ပြည် ရောက်တယ်။ အာနန္တရိယကံ ၅ပါး ပြုထားသူဟာ ကံတစ်ပါးကြောင့် ငရဲရောက်တယ်။ ကျန်တဲ့သမာပတ်နဲ့ ကံတွေဟာ အဟောသိကံတွေ

http://www.dhammadownload.com



ဖြစ်ကုန်တယ်။ အကျိုးမပေးတော့ဘူး။ ဥပမာကတော့ သားမုဆိုး ဥပမာ ပါပဲ။

(အံ၊ ဋ္ဌ၊ ૩၊ ၂၁၇)

## အလယ်ဇော ၅ ချက်

အပရာပရိယဝေဒနီယကံ= ဇော ၇ ချက်ထဲက အလယ်ဇော ၅ ချက် စေတနာ။ ဒီစေတနာက နောင် အခွင့်ရတဲ့အခါမှာ အကျိုးပေးတယ်။ သံသရာလည်နေသေးရင် အဟောသိကံ မရှိ။

ခွေးမုဆိုးဟာ သားကောင်ကို မြင်လို့ ခွေးကို လွှတ်လိုက်တဲ့အခါ သမင်ကို လိုက်ပြီး မီရာနေရာမှာပဲ ကိုက်တယ်။ ဒီကံက အခွင့်ရရာနေရာပဲ အကျိုးပေးတယ်။ ဒီကံက လွတ်တဲ့သတ္တဝါ မရှိ။

(အံ၊ ဋ္ဌ၊ ૩၊ ၁၀၅)

## သိဒ္ဓတ္ထရဲ့ပြာသာဒ် ၃ ဆောင်

၁။ ဆောင်းအခါ နေဖို့ ပြာသာဒ်၊ အထပ် ၉ ထပ် ရှိတယ်။
၂။ နွေအခါနေဖို့ ပြာသာဒ်၊ အထပ် ၅ ထပ်၊
၃။ မိုးအခါ နေဖို့ ပြာသာဒ်၊ အထပ် ၇ ထပ်ရှိတယ်။

(အံ၊ ဋ္ဌ၊ ૩၊ ၁၂၆၊ ၇)

## ဈာန်ရသူ ၃ မျိုး

၁။ ဈာန်တွေကို ရတော့ ရတယ်၊ အလိုရှိတဲ့ အချိန်မှာ မဝင်စားနိုင်သူ၊
၂။ ဈာန်တွေကို အလိုရှိတဲ့ အချိန်တွေမှာ ဝင်စားနိုင်တယ်။ ဘေးရန်တွေကိုတော့ ခက်ခက်ခဲခဲ ခွာရတယ်။

http://www.dhammadownload.com



၃။ အလိုရှိတဲ့ အချိန်တိုင်းမှာလည်း ဝင်စားနိုင်တယ်၊ ဘေးရန်တွေကိုလည်း လွယ်လွယ်ကူကူ ခွာနိုင်တယ်။ ဒါပေမဲ့ ပိုင်းခြားကန့်သတ်ထားချိန်မှာ ရှာန်မှ မထနိုင်။

(အံ၊ ဋ္ဌ၊ ၃၊ ၂၆၇)

## ဘုရားရှင်က သံဃာကို အလေးပြုတဲ့အချိန်

ဘယ်အချိန်အခါမှာ ဘုရားရှင်က သံဃာပေါ်မှာ အလေးပြုပါသလဲ။ မဟာပဇာပတိ မိထွေးတော်ဂေါတမီ အဝတ်အစုံကို လှူတဲ့အခါမှာ အလေးပြုပါတယ်။ မှန်တယ်၊ အဲဒီတုန်းက ဘုရားရှင်က မိမိအားကပ်လှူတဲ့ အဝတ်အစုံကို 'ဂေါတမီ သံဃာအား လှူလော့၊ သင်ဟာသံဃာအား လှူရင် ငါဘုရားကိုလည်း ပူဇော်ပြီးဖြစ်လိမ့်မယ်' လို့ မိန့်တော်မူစဉ်က သံဃာအပေါ်မှာ အလေးပြုခဲ့ပါတယ်။

(အံ၊ ဋ္ဌ၊ ၃၊ ၂၆၅)

## ဗြဟ္မာရဲ့တန်ခိုး

ဗြဟ္မာဆိုတာ တန်ခိုးကြီးတယ်။ လက်ချောင်းတစ်ချောင်းနဲ့ စကြဝဠာတစ်ထောင်မှာ အရောင်အလင်း ဖြန့်နိုင်တယ်။ လက်နှစ်ချောင်းနဲ့ စကြဝဠာနှစ်ထောင်မှာ၊ လက်သုံးချောင်းနဲ့ စကြဝဠာသုံးထောင်မှာ၊ လက်လေးချောင်းနဲ့ စကြဝဠာ လေးထောင်မှာ၊ လက်ငါးချောင်းနဲ့ စကြဝဠာငါးထောင်မှာ၊ လက်ခြောက်ချောင်းနဲ့ စကြဝဠာ ခြောက်ထောင်မှာ၊ လက် ၇ ချောင်းနဲ့ စကြဝဠာ ၇ ထောင်မှာ၊ လက် ၈ ချောင်းနဲ့ စကြဝဠာ ၈ ထောင်မှာ၊ လက် ၉ ချောင်းနဲ့ စကြဝဠာ ၉ ထောင်မှာ၊ လက် ၁၀ ချောင်းနဲ့ စကြဝဠာ တစ်သောင်းမှာ အရောင်အလင်းဖြန့်နိုင်တယ်။

(အံ၊ ဋ္ဌ၊ ၃၊ ၂၆၄)

http://www.dhammadownload.com



## ဘုရားလောင်းနဲ့ ပရိတ်သဲ, ပရိတ်ချည်

ဘုရားလောင်း ဗြဟ္မဒတ်မင်းသားဟာ ပစ္စေကဗုဒ္ဓါတို့ကို ပရိတ်ကို ပြုလုပ်စေပြီး ပရိတ်သဲနဲ့ ပရိတ်ချည်ကိုယူကာ ပစ္စေကဗုဒ္ဓါတွေနဲ့ မိဘတွေကို ရှိခိုးပြီး နေအိမ်ကို သွားကာ သူ့လူတွေကို 'ငါဟာ တက္ကသိုလ်ပြည်မှာ မင်းအဖြစ်ကို ယူဖို့ သွားမယ်၊ မင်းတို့ ဒီမှာပဲ နေရစ်ကြ' လို့ ပြောတယ်။

(အံ၊ ဋ္ဌ၊ ဒု၊ ၄၂၀)

## နတ်နဲ့သြဇာ

ဘုရားလောင်း ကြက်ဆူပင်စောင့်နတ်ဟာ သူ့အား ရှာငယ် တစ်ရွာက ဆင်းရဲသားတစ်ယောက် ပူဇော်ပသထားတဲ့ ဆန်ကွဲမုန့်ထဲက သြဇာကို စားပြီး 'အိုယောကျ်ား၊ သင်က ငါ့ကို ဘာလို့ ပသတာလဲ'လို့ မေးတယ်။ 'အရှင်နတ်၊ ကျွန်ုပ်က ဆင်းရဲပါတယ်၊ ဆင်းရဲက လွတ်ချင်လို့ပါ' လို့ ပြောတယ်။

(ဇာတက၊ ဋ္ဌ၊ ပ၊ ၄၄၈)

## ရွှေပေလွှာမှာ ရေး

ရှစ်ရက်မြောက်ဥပုသ်နေ့မှာ သိကြားမင်းက နတ်မင်းကြီး ၄ ယောက်ကို 'ချစ်သားတို့ ဒီနေ့ ရှစ်ရက်မြောက်နေ့မှာ လူ့လောကကို လှည့်လည်ပြီး ကောင်းမှုပြုသူတွေရဲ့နာမည်၊ အနွယ်ကို မှတ်သားပြီး လာခဲ့ကြ' လို့ စေခိုင်းတယ်။ သူတို့က သွားပြီး သူတို့ရဲ့အလုပ်အကျွေးတွေကို 'အမောင်တို့ သွားကြ၊ လူ့လောကကို လှည့်လည်ပြီး ကောင်းမှုပြုသူတို့ရဲ့ နာမည်၊ အနွယ်တွေကို ရွှေပေလွှာမှာ ရေးပြီး ယူဆောင်ခဲ့

http://www.dhammadownload.com



ကြ’ လို့ ပြောကာ စေလွှတ်ကြတယ်။ သူတို့က ခိုင်းတဲ့အတိုင်း လုပ်ကြတယ်။

(အံ၊ ၁၊ ဒု၊ ၁၂၂)

နတ်မင်းကြီး ၄ ယောက်ရဲ့အမတ်တွေ၊ အခြံအရံနတ်တွေက ထိုထိုရွာ၊ နိဂုံး၊ မင်းနေပြည်တော်တွေကို ချဉ်းကပ်တဲ့အခါ အဲဒီအရပ်စောင့် နတ်တွေက ‘နတ်မင်းကြီးတွေရဲ့အမတ်တွေ လာကြတယ်’လို့ ပြောကာ လက်ဆောင်ကို ယူပြီး အမတ်တွေထံ သွားကြတယ်။ အဲဒီ အမတ်နတ်တွေက လက်ဆောင်ကို ယူပြီး ‘အမောင်တို့၊ လူအများဟာ မိဘကို ပြုစုလုပ်ကျွေးကြရဲ့လား’ စသည်ဖြင့် လူတွေရဲ့ကောင်းမှုအကျင့်ကို မေးကာ ‘အရှင်နတ်၊ ဟုတ်ပါတယ်၊ ဒီရွာက ဘယ်သူဘယ်သူက ကောင်းမှုတွေကို လုပ်ပါတယ်’ လို့ ပြောတဲ့အခါ အဲဒီလူတွေရဲ့နာမည်, အနွယ်ကို ရေးကာ အခြားတစ်နေရာကို သွားကြတယ်။

၁၄ ရက်မြောက် ဥပုသ်နေ့မှာ နတ်မင်းကြီး ၄ ယောက်ရဲ့ သားတွေကလည်း အဲဒီရွှေပေလွှာကိုပဲ ယူကာ အဲဒီနည်းအတိုင်းပဲ လှည့်လည်ပြီး နာမည်၊ အနွယ်တွေကို ရေးမှတ်ကြတယ်။ ၁၅ ရက် မြောက်ဥပုသ်နေ့မှာ နတ်မင်းကြီး ၄ ယောက်ကလည်း အဲဒီနည်းအတိုင်း ပဲ နာမည်,၊ အနွယ်တွေကို ရေးယူကြတယ်။ သူတို့ဟာ ရွှေပေလွှာ အတိုင်းအတာနဲ့ပဲ ‘ဒီအချိန်မှာ လူတွေ နည်းတယ်၊ ဒီအချိန်မှာ များတယ်’ လို့ သိကြတယ်။

(အံ၊ ၁၊ ဒု၊ ၁၂၂/၃)

## အကြို အထွက် ဥပုသ်

အကြိုအထွက်ဥပုသ် (ပဋိဇာဂရဥပုသ်) ကို ပြုသူတွေက ၁၅ ရက်တစ်ခုမှာ ဥပုသ်နေ့ ၄ နေ့တို့ရဲ့ အကြိုအထွက်ရဲ့အစွမ်းနဲ့ ပြုလုပ်

http://www.dhammadownload.com



ကြတယ်။ ၅ ရက်မြောက်ဥပုသ်ကို ကြိုစောင့်သူတွေက ၄ ရက်မြောက်မှာ ဥပုသ်စောင့်ကြတယ်။ အထွက်စောင့်သူတွေက ၆ ရက်မြောက်မှာ စောင့်ကြတယ်။ ၈ ရက်မြောက်ဥပုသ်ကို ကြိုစောင့်သူတွေက ၇ ရက်မြောက်မှာ၊ အထွက်စောင့်သူတွေက ၉ ရက်မြောက်မှာ စောင့်ကြတယ်။ ၁၄ ရက်မြောက်ဥပုသ်ကို ကြိုစောင့်သူတွေက ၁၃ ရက်မြောက်မှာ စောင်ကြတယ်။ ၁၅ ရက်မြောက်ဥပုသ်ရဲ့ အထွက်စောင့်သူတွေက တစ်ရက်နေ့မှာ ဥပုသ်စောင့်ကြတယ်။

(အံ၊ ဋ္ဌ၊ ၃၊ ၁၂၂)

## ပါဋိဟာရိယပက္ခ

ပါဋိဟာရိယပက္ခ= နှစ်တိုင်း နှစ်တိုင်း စောင့်ထိန်းရတဲ့ ဥပုသ်၊

(အံ၊ ဋ္ဌ၊ ၃၊ ၁၂၃)

အဲဒီဥပုသ်က ဝါတွင်းမှာ ၃ လ အမြဲစောင့်ရတယ်။ အဲဒီလို မစွမ်းနိုင်ရင် သီတင်းကျွတ်လပြည့်နေ့နဲ့ တန်ဆောင်မုန်းလပြည့်အကြား တစ်လ အမြဲစောင့်ရတယ်။ အဲဒီလို မစွမ်းနိုင်ရင် သီတင်းကျွတ်လပြည့်ကနေ ၁၅ ရက် စောင့်ရတယ်။

(အံ၊ ဋ္ဌ၊ ၃၊ ၁၂၃)

## ကောသလမင်းအိပ်မက် ၁၆ ချက်

၁။ နွားနက် ၄ ကောင်က ဖျော့ကြမယ်ဆိုပြီး အရပ်လေးမျက်နှာက မင်းရင်ပြင်ကိုလာကာ နွားဖျော့ပွဲကို ကြည့်ကြမယ်လို့ လူအများ စုဝေးလာကြတဲ့အခါ ဖျော့မယ်ဟန်ပြပြီး အော်ဟစ်ကြုံးဝါးကာ မဖျော့ဘဲသာ ပြန်သွားကြတယ်။

http://www.dhammadownload.com



၂။ သစ်ပင်ငယ်, ခြုံငယ်တွေက မြေကြီးကို ခွဲပြီး တစ်ထွာ, တစ်တောင်လောက်တောင် မရောက်ဘဲသာ ပွင့်လည်း ပွင့်, သီးလည်း သီးကြတယ်။

၃။ နွားမတွေက ဒီနေ့မှ မွေးဖွားလာတဲ့ နွားလေးတွေရဲ့ နို့ကို စို့နေကြတယ်။

၄။ ဝန်ကို ဆောင်နိုင်တဲ့, အရပ်အမောင်း အလုံးအထည်ကောင်းတဲ့ နွားကြီးတွေကို ထမ်းပိုးအဆင့်ဆင့်မှာ မတပ်ဘဲ နွားငယ်လေးတွေကို ထမ်းပိုးမှာ ယှဉ်ကပ်ကြတယ်။ နွားငယ်တွေက ထမ်းပိုးကို မရုန်းနိုင်လို့ ထမ်းပိုးကို စွန့်ကာ တည်နေကြတယ်။ လှည်းတွေက မလိုမ့်တော့ဘူး။

၅။ မျက်နှာနှစ်ဖက်ရှိတဲ့ မြင်းအား နံဘေးနှစ်ဖက်က မုယောနံ့ကို ပေးကြတယ်။ မြင်းက မျက်နှာနှစ်ဖက်နဲ့ စားနေတယ်။

၆။ လူအများက တစ်သိန်းတန် ရွှေခွက်ကို သုတ်သင်ပြီး 'ဒီခွက်မှာ ကျင်ငယ် စွန့်ပါ' လို့ မြေခွေးအိုတစ်ကောင်အား ပေးတယ်။ မြေခွေးအိုက အဲဒီရွှေခွက်မှာ ကျင်ငယ် စွန့်တယ်။

၇။ ယောကျ်ားတစ်ယောက်က ကြိုးကို ကျစ်ကျစ်ပြီး ခြေရင်းမှာ ထားတယ်။ သူထိုင်တဲ့ အင်းပျဉ်ရဲ့အောက်မှာ အိပ်နေတဲ့, ဆာလောင်နေတဲ့ မြေခွေးမတစ်ကောင်က သူ မသိအောင်ဘဲ အဲဒီကြိုးကို စားတယ်။

၈။ မင်းရဲ့တံခါးမှာ ရေမရှိတဲ့ အိုးတွေနဲ့ ခြံရံထားတဲ့ ရေပြည့်အိုးကြီး ရှိတယ်။ အမျိုးလေးပါးလုံးပဲ အရပ် ၈ မျက်နှာက အိုးတွေနဲ့ ရေကို သယ်သယ်ယူလာကြကာ ပြည့်နေတဲ့ အိုးကိုပဲ ဖြည့်ကြတယ်။ ရေက လျှံပြီး ကျတယ်။ သူတို့ကလည်း အဲဒီရေပြည့်အိုးကြီးမှာပဲ ရေကို ထပ်ထပ်လောင်းကြတယ်။ ရေမရှိတဲ့ အိုးတွေကိုတော့ ကြည့်တဲ့သူတွေတောင် မရှိ။

http://www.dhammadownload.com



၉။ ရေကန်တစ်ကန် ရှိတယ်။ အရောင်ငါးမျိုးရှိတဲ့ ကြာတွေ ဖုံးထားတယ်။ နက်တယ်၊ အရပ်မျက်နှာအားလုံးမှာ ဆိပ်ကမ်း ရှိတယ်။ ပတ်ဝန်းကျင်မှ ခြေနှစ်ချောင်း, ခြေလေးချောင်းရှိတဲ့ သတ္တဝါတွေ အဲဒီရေကန်မှာ သက်ဆင်းပြီး ရေသောက်ကြ တယ်။ ရေကန်ရဲ့အလယ်မှာ ရေက ကြည်လင်နေတယ်။ မနောက်ကျူ။

၁၀။ ထမင်းအိုးကြီးတစ်အိုးနဲ့ပဲ ထမင်းကို ချက်တဲ့အခါ မကျက်သေး တာကို မကျက်သေးဘူးလို့ စိစစ်ဝေဖန်ပြီးထားသလို ကျက်တာ ထဲမှာတော့ တစ်ပိုင်းမှာ အလွန်ပျော့နေတာ၊ တစ်ပိုင်းမှာ မနပ် သေးတာ၊ တစ်ပိုင်းမှာ အလွန်ကျက်နေတာကို တွေ့ရတယ်။

၁၁။ တစ်သိန်းတန် စန္ဒကူးအနှစ်ကို ရက်တက်ပုပ်ရည်နဲ့ ရောင်း တယ်။

၁၂။ အချည်းနှီးဘူးတွေက ရေမှာ နစ်မြုပ်နေကြတယ်။

၁၃။ အလွန်ကြီးတဲ့ အိမ်အထွတ်လောက်ရှိတဲ့ တစ်ခဲနက်ကျောက်တုံး ဟာ လှေလိုပဲ ရေမှာ ပေါ်နေတယ်။

၁၄။ သစ်မည်စည်ပွင့်ငယ်လောက်ရှိတဲ့ ဖားမတွေက အလွန်ကြီးတဲ့ မြွေဟောက်တွေကို အဟုန်နဲ့ လိုက်ပြီး ကြာရိုးတွေလို ဖြတ်ဖြတ် ပြီး အသားကို စားကာ မျိုနေကြတယ်။

၁၅။ မသူတော်အကျင့် ၁၀ ပါးနဲ့ ပြည့်စုံတဲ့ ရွာမှာ ကျက်စားတဲ့ ကျီးကို ရွှေဟင်္သာမင်းတွေက ဝိုင်းရံနေတယ်။

၁၆။ သိုးတွေက ကျားသစ်တွေကို နောက်က လိုက်ကာ ကျွတ်ကျွတ် မြည်အောင် ဝါးစားနေကြတယ်။ ပြီးတော့ ကြောက်လန့်နေတဲ့ အခြားဝံပုလွေတွေက သိုးတွေကို အဝေးကပဲ မြင်ကာ သိုးတွေ ကို ကြောက်လို့ ပြေးပြီး ချုံရှုပ်စတဲ့ အရပ်တွေကို ဝင်ကာ ပုန်းအောင်းနေကြတယ်။ (ဇာတက၊ ၄၊ ပ၊ ၃၅၅– ၃၆၃)

http://www.dhammadownload.com



## ကောသလအိပ်မက်အတွက် ဘုရားရှင်ရဲ့အဖြေ

၁။ နောင်အခါမှာ တရားမရှိတဲ့ မင်းဆင်းရဲတွေနဲ့ တရားမရှိတဲ့ လူတွေရဲ့လက်ထက်မှာ၊ လောက ပြောင်းပြန်ဖြစ်တဲ့အခါမှာ၊ ကုသိုလ်နည်းပြီး အကုသိုလ်များတဲ့အခါမှာ၊ လောက ပျက်စီး ဆုတ်ယုတ်တဲ့အခါမှာ မိုးက ကောင်းကောင်း မရွာဖြစ်လိမ့်မယ်။ မိုးအခြေတွေ ပြတ်လိမ့်မယ်။ ကောက်ပင်တွေ ညှိုးလိမ့်မယ်။ အစားအစာ ရှားပါးလိမ့်မယ်။ မိုးရွာချင်သလိုလိုနဲ့ အရပ်လေး မျက်နှာက မိုးတိမ်တွေ တက်လာကာ မိန်းမတွေက နေပူမှာ ဖြန့်လှန်းထားတဲ့ ကောက်စပါးစသည် မိုးစိုမှာ စိုးလို့ အတွင်းကို သွင်းပြီးတဲ့အခါ, ယောကျ်ားတွေက ပေါက်ပြား ချင်းတောင်း တွေကို လက်နဲ့ကိုင်ယူပြီး ကန်သင်းတုတ်ဖို့ ထွက်ကြတဲ့အခါ ရွာမယ့်ဟန်ပြပြီး ထစ်ချုန်းကာ လျှပ်လက်ပြီး မရွာဘဲသာ ပြေး ကြလိမ့် မယ်။

၂။ နောင်အခါမှာ သတ္တဝါတွေဟာ ရာဂကြီးကြလိမ့်မယ်။ မိန်းမ ငယ်တွေက အရွယ်မရောက်ခင်မှာပဲ ယောကျ်ားနဲ့ သွားလာ ဖောက်ပြားကာ ဥတုလာ၊ ကိုယ်ဝန်ရှိပြီး သား သမီးတွေနဲ့ တိုးပွားကြလိမ့်မယ်။ သစ်ပင်ငယ်တွေရဲ့ အပွင့်ပွင့်တာနဲ့ ဥတု လာတာ တူလိမ့်မယ်။ အသီးသီးတာနဲ့ သားသမီး ရတာ တူ လိမ့်မယ်။

၃။ နောင်အခါမှာ သတ္တဝါတွေဟာ မိဘ ယောက္ခမယောကျ်ား၊ ယောက္ခမမိန်းမတွေအပေါ် အရှက်မထားတော့ဘဲ ကိုယ်တိုင်ပဲ ဥစ္စာကို စီစဉ်ကြကာ အစားအစာ အဝတ်လောက်တောင် ပေး ချင် ပေးကြမယ်။ မပေးချင် မပေးကြဘူး။ မိအို ဖအို, ယောက္ခမ အိုတွေဟာ ခိုကိုးရာမဲ့ကြလိမ့်မယ်။ ကိုယ့်အလို မလိုက်ကြတော့ ဘူး။ ကလေးတွေကို ကျေနပ်စေကာ အသက်ရှင်ကြရလိမ့်မယ်။

http://www.dhammadownload.com



၄။ နောင်အခါ တရားမရှိတဲ့ မင်းဆင်းရဲတွေဟာ ပညာရှိတဲ့၊ အစဉ်အဆက် ကျွမ်းကျင်တဲ့၊ အလုပ်ကို ပြီးမြောက်အောင် စွမ်းဆောင်နိုင်တဲ့ အမတ်ကြီးတွေအား အခြွေအရံမပေးဘဲ ထားကြလိမ့်မယ်။ တရားဆုံးဖြတ်တဲ့နေရာမှာလည်း ပညာရှိတဲ့၊ ပြောရေးဆိုရေး ကျွမ်းကျင်တဲ့ အမတ်အိုတွေကို မထားဘဲ ရှိကြလိမ့်မယ်။ အလွန်ငယ်တဲ့သူတွေကိုတော့ အခြွေအရံပေးကြလိမ့်မယ်။ တရားဆုံးဖြတ်တဲ့နေရာမှာ ထားကြလိမ့်မယ်။ လူငယ်တွေက မင်းအလုပ်တွေနဲ့ သင့်တာ မသင့်တာကို မသိကြလို့ အဲဒီအခြွေအရံကို မချီးမြှောက်နိုင် ဖြစ်ကြလိမ့်မယ်။ မင်းအလုပ်တွေကို မဆောင်ရွက်နိုင် ဖြစ်ကြလိမ့်မယ်။ မစွမ်းနိုင်လို့ အလုပ်တာဝန်တွေကို စွန့်ပစ်ကြလိမ့်မယ်။ အခြွေအရံကို မရတဲ့ ပညာရှိအမတ်အိုတွေကလည်း အလုပ်ကိစ္စ ဆောင်ရွက်နိုင်ကြပေမယ့် 'သူတို့နဲ့ ငါတို့မှာ အကျိုးမရှိ၊ ငါတို့က ပြင်ပလူတွေပဲ၊ အတွင်းလူဖြစ်တဲ့ ကလေးငယ်တွေ သိကြလိမ့်မယ်' လို့ တွေးပြီး ဖြစ်ပေါ်နေတဲ့ကိစ္စတွေကို မလုပ်ဘဲ နေကြလိမ့်မယ်။ အဲဒီလိုနည်းနဲ့ မင်းတွေမှာ ဘက်ပေါင်းစုံ ဆုတ်ယုတ်ဖို့သာ ဖြစ်လိမ့်မယ်။

၅။ နောင်အခါမှာ တရားမရှိတဲ့ မင်းမိုက်တွေက တရားမရှိတဲ့ လူလော်လည်တွေကို တရားဆုံးဖြတ်တဲ့နေရာမှာ ထားကြလိမ့်မယ်။ ကောင်းမှု မကောင်းမှုတွေမှာ အလေးမပြုတဲ့ အဲဒီလူမိုက်တွေက တရားသဘင်မှာ ထိုင်ပြီး အဆုံးအဖြတ်ပေးတဲ့အခါ တရားလို တရားခံ နှစ်ဖက်လုံးထံက လက်ဆောင်ကို ယူပြီး စားကြလိမ့်မယ်။

၆။ နောင်အခါ တရားမရှိတဲ့ ဇာတ်ညံ့မင်းတွေက ဇာတ်ကောင်းတဲ့ အမျိုးကောင်းတွေကို စိုးရိမ်လို့ အခြွေအရံမပေးဘဲ ထားကြလိမ့်မယ်။ အမျိုးညံ့တွေကိုသာ ပေးကြလိမ့်မယ်။ အဲဒီလိုနည်းနဲ့

http://www.dhammadownload.com



အမျိုးမြတ်တွေက ဆင်းရဲကြလိမ့်မယ်။ အမျိုးယုတ်တွေက အစိုးရကြလိမ့်မယ်။ အမျိုးမြတ်သူတွေက အသက်မမွေးနိုင်တော့လို့ 'သူတို့ကိုမှီပြီး အသက်မွေးကြမယ်' လို့ ကြံကာ အမျိုးညံ့တွေအား သမီးတွေကို ပေးကြလိမ့်မယ်။

၇။ နောင်အခါမှာ မိန်းမတွေဟာ ယောကျ်ား, သေရည်အရက်, အဆင်တန်ဆာ, လမ်း, အစားအစာတွေမှာ လော်လည်ကြလိမ့်မယ်။ သီလမရှိ၊ အကျင့်ပျက်ကြလိမ့်မယ်။ လင်တွေက လယ်ထွန် နွားကျောင်းစတဲ့ အလုပ်တွေကို လုပ်ပြီး ပင်ပင်ပန်းပန်း ရှာဖွေထားတဲ့ဥစ္စာတွေကို လင်ငယ်တွေနဲ့အတူ သေရည်အရက်သောက်ကြလိမ့်မယ်။ ပန်းပန်, နံ့သာလိမ်း, အလှပြင်ကြလိမ့်မယ်။ အိမ်တွင်းက အရေးကြီးတဲ့ အလုပ်ကိုတောင် မကြည့်ဘဲ အိမ်အကာအရံရဲ့ အပေါ်ဘက်ကရော အပေါက်တွေကပါ လင်ငယ်တွေကို မျှော်လင့်နေကြလိမ့်မယ်။ နက်ဖြန် စိုက်ပျိုးရမယ့် မျိုးစေ့ကိုတောင် ထောင်းပြီး ယာဂု၊ ထမင်း၊ ခဲဖွယ်စသည်တွေကို လုပ်ကာ ခဲစားပြီး ဥစ္စာကို လုယူဖျက်ဆီးကြလိမ့်မယ်။

၈။ နောင်အခါမှာ လောကဟာ ဆုတ်ယုတ်လိမ့်မယ်။ တိုင်းနိုင်ငံဟာ ဩဇာမရှိ ဖြစ်လိမ့်မယ်။ မင်းတွေက ဆင်းရဲကြလိမ့်မယ်။ အစိုးရသူရဲ့ ဘဏ္ဍာတိုက်မှာ အသပြာတစ်သိန်းမျှပဲ ရှိလိမ့်မယ်။ အဲဒီလို ဆင်းရဲသူတွေဟာ ဇနပုဒ်နေသူ လူအားလုံးကို သူတို့အလုပ်တွေကိုပဲ အလုပ်ခိုင်းကြလိမ့်မယ်။ အနှိပ်စက်ခံရတဲ့ လူတွေက ကိုယ့်အလုပ်တွေကို စွန့်ပြီး မင်းတွေအတွက်သာ ကောက်ပဲသီးနှံတွေကို စိုက်ပျိုး, စောင့်ရှောက်, ရိတ်ဖြတ်, နင်းချေကာ သွင်းကြလိမ့်မယ်။ ကြံခင်းတွေကို လုပ်၊ စက်ယန္တရားတွေကို လုပ်ပြီး လည်စေကာ တင်လဲစသည်တွေကို ချက်ကြလိမ့်မယ်။ ပန်းအာရာမ်, သစ်သီးအာရာမ်တွေကို လုပ်

http://www.dhammadownload.com



ကြလိမ့်မယ်။ အဲဒီက ရလာတဲ့ ကောက်ပဲသီးနှံစသည်တွေကို ဆောင်ယူကာ မင်းရဲ့ဘဏ္ဍာတိုက်ကိုပဲ ဖြည့်ပေးကြရလိမ့်မယ်။ ကိုယ့်ရဲ့အိမ်တွေက ဟောင်းလောင်းဖြစ်နေတဲ့ ကျီတိုက်တွေကို ကြည့်တောင် မကြည့်နိုင်ဘဲ ရှိကြလိမ့်မယ်။

၉။ နောင်အခါမှာ မင်းတွေက တရားမရှိ ဖြစ်ကြလိမ့်မယ်။ အဂတိလိုက်ပြီး တိုင်းပြည်ကို အုပ်ချုပ်ကြလိမ့်မယ်။ တရားနဲ့အညီ အဆုံးအဖြတ်ကို မပေးဘဲ ရှိကြလိမ့်မယ်။ လာဘ်ယူကြလိမ့်မယ်။ ဥစ္စာမှာ လော်လည်ကြလိမ့်မယ်။ တိုင်းသူပြည်သားတွေအပေါ် ခန္တီ၊ မေတ္တာ၊ ကရုဏာမရှိ ဖြစ်ကြလိမ့်မယ်။ ကြမ်းကြုတ်၊ ကြမ်းတမ်းကြကာ ကြံစက်ထဲက ကြံချောင်းတွေပမာ လူတွေကို နှိပ်စက်ကာ နည်းအမျိုးမျိုးနဲ့ အခွန်အတုတ်ကို ဖြစ်စေကာ ဥစ္စာကို ယူကြလိမ့်မယ်။ အခွန်အတုတ်နဲ့ နှိပ်စက်ခံရတဲ့ လူတွေက ဘာကိုမှ မပေးနိုင်လို့ ရွာ နိဂုံးစသည်တို့ကို စွန့်ပစ်ကာ ပစ္စန္တရဇ်ကို သွားကာနေကြလိမ့်မယ်။

၁၀။ နောင်အခါမှာ မင်းတွေက တရားမရှိ ဖြစ်ကြလိမ့်မယ်။ မင်းတွေတရားမရှိရင် မင်းအမတ်တွေ, ပုဏ္ဏား သူကြွယ်တွေ, နိဂုံးဇနပုဒ်သားတွေအပြင် ရဟန်း ပုဏ္ဏားကစပြီး လူအားလုံးဟာ တရားမရှိ ဖြစ်လိမ့်မယ်။ အဲဒီနောက် အစောင့်နတ်, ပူဇော်ပသမှု ခံယူတဲ့နတ်, သစ်ပင်စောင့်နတ်, အာကာသစိုးနတ်တွေဟာလည်း တရားမရှိ ဖြစ်ကြလိမ့်မယ်။ တရားမရှိတဲ့ မင်းတွေရဲ့နိုင်ငံမှာ လေတွေ မမှန်ဘဲ ကြမ်းတမ်းမယ်။ လေတွေက အာကာသစိုးနတ်တွေရဲ့ ဗိမာန်တွေကို လှုပ်စေလိမ့်မယ်။ လှုပ်ရင် နတ်တွေ စိတ်ဆိုးလို့ မိုးကို ရွာခွင့်မပေးဘဲ ထားလိမ့်မယ်။ ရွာပေမယ့် တစ်နိုင်ငံလုံး တစ်ပြိုင်နက်တည်း မရွာ၊ နေရာတကာမှာ လယ်ထွန်၊ ကောက်စိုက်မှုအား ကျေးဇူးပြုပြီး မရွာဖြစ်လိမ့်

http://www.dhammadownload.com



မယ်။ နိုင်ငံမှာလိုပဲ ဇနပုဒ်, ရွာ, တစ်ဖက်ဆည်, တစ်ဖက်အိုင်တွေမှာ တစ်ပြိုင်နက်တည်း မရွာဖြစ်လိမ့်မယ်။ ဆည်ရဲ့အထက်ပိုင်းမှာ ရွာရင် အောက်ပိုင်းမှာ မရွာ၊ အောက်ပိုင်းမှာ ရွာရင် အထက်ပိုင်းက မရွာ ဖြစ်လိမ့်မယ်။ တစ်ပိုင်းက ကောက်ပင်က မိုးရွာလွန်းလို့ ပျက်စီးမယ်၊ တစ်ပိုင်းက မရွာလို့ ညှိုးလိမ့်မယ်။ တစ်ပိုင်းက ကောင်းကောင်း မိုးရွာလို့ စပါးရလိမ့်မယ်။ အဲဒီလိုပဲ မင်းတစ်ယောက်ရဲ့နိုင်ငံမှာ စိုက်တဲ့ ကောက်ပင်တွေဟာ ၃ မျိုး ဖြစ်လိမ့်မယ်။

၁၁။ နောင်အခါမှာ ရဟန်းတွေအများစုဟာ ပစ္စည်းနဲ့ပတ်သက်ပြီး လော်လည်ကြလိမ့်မယ်။ အရှက်မရှိ ဖြစ်ကြလိမ့်မယ်။ ငါဘုရားက ပစ္စည်းအပေါ် လော်လည်မှုကို နှိမ်နင်းပြီး ဟောထားတဲ့ တရားဒေသနာကို ရဟန်းတွေက သင်္ကန်းစတဲ့ ပစ္စည်းလေးပါး အတွက် သူတစ်ပါးတွေအား တရားဟောကြလိမ့်မယ်။ ပစ္စည်းတွေကြောင့် တွေဝေနေတဲ့အတွက် သံသရာက ထွက်မြောက်ရေးဘက်မှာ တည်ကာ နိဗ္ဗာန်ကို ဦးတည်ပြီး တရားမဟောနိုင် ဖြစ်ကြလိမ့်မယ်။ သက်သက် သဒ္ဒါပြည့်စုံမှုနဲ့ အသံကောင်းကို ကြားနာရလို့ အဖိုးကြီးတဲ့ သင်္ကန်းစတာတွေကို လှူကြလိမ့်မယ်လို့ ရည်ရွယ်ကာ ဟောကြလိမ့်မယ်။ အခြားသူတွေက လမ်းအကြား၊ လမ်းဆုံလမ်းခွ၊ မင်းတံခါးစတဲ့ အရပ်တွေမှာ ထိုင်ကာ တစ်ကျပ်၊ ငါးမူး၊ တစ်မတ်၊ တစ်ပဲ စတာတွေကို အမှီပြုကာ ဟောကြလိမ့်မယ်။

၁၂။ နောင်အခါမှာ မင်းတွေက ဇာတ်နဲ့ပြည့်စုံတဲ့ အမျိုးကောင်းသားတွေအား အခွင့်အရေးကို မပေးဘဲ အမျိုးညံ့သူတွေအားသာ ပေးကြလိမ့်မယ်။ အမျိုးညံ့သူတွေက အစိုးရကြလို့ အမျိုးမြတ်သူတွေက ဆင်းရဲကြလိမ့်မယ်။ မင်းရဲ့မျက်မှောက်, မင်းတံခါး,

http://www.dhammadownload.com



အမတ်ရဲ့မျက်မှောက်, တရားဆုံးဖြတ် ရာနေရာတွေမှာ အချည်းနှီး ဘူးတောင်းနဲ့တူတဲ့ အမျိုးညံ့တွေရဲ့ စကားသာ နစ်ဝင်ပြီး တည်နေသလို မလှုပ်မရှား တည်ကြလိမ့်မယ်။ သံဃာ့အစည်းအဝေးတွေမှာလည်း သံဃာ့ကံ, ဂိုဏ်းကံ နေရာတွေမှာရော သပိတ် သင်္ကန်း ပရိက္ခရာစတဲ့ အဆုံးအဖြတ် နေရာတွေမှာပါ သီလမရှိတဲ့ ယုတ်မာသူတွေရဲ့စကားဟာ အောင်မြင်လိမ့်မယ်။ အရှက်ရှိတဲ့ လဇ္ဇီရဟန်းတွေရဲ့ စကားဟာ မအောင်မြင် ဖြစ်လိမ့်မယ်။

၁၃။ နောင်အခါမှာ တရားမရှိတဲ့မင်းတွေက အမျိုးညံ့သူတွေအား အခွေအရံကို ပေးကြလိမ့်မယ်။ အမျိုးညံ့သူတွေက အစိုးရကြလိမ့်မယ်။ အမျိုးမြတ်သူတွေက ဆင်းရဲကြလိမ့်မယ်။ အမျိုးမြတ်သူတွေအပေါ် ဘယ်သူကမှ အလေးပြုကြလိမ့်မည်မဟုတ်။ အမျိုးညံ့သူတွေအပေါ်သာ အလေးပြုကြလိမ့်မယ်။ မင်းရဲ့ရှေ့မှောက်၊ အမတ်တွေရဲ့ရှေ့မှောက်၊ တရားဆုံးဖြတ်ရာနေရာတွေမှာ ဆုံးဖြတ်မှု ကျွမ်းကျင်တဲ့၊ တစ်ခဲနက်ကျောက်တုံးနဲ့တူတဲ့ အမျိုးကောင်းသားတွေရဲ့ စကားဟာ အရာမရောက်ဖြစ်လိမ့်မယ်။ 'ဒီလူတွေ ဘာကို ပြောနေတာလဲ' လို့ ပျက်ရယ်မှုကို ပြုကြလိမ့်မယ်။ ရဟန်းအစည်းအဝေးတွေမှာလည်း ဆိုခဲ့ပြီးတဲ့ နေရာတွေမှာ သီလကို ချစ်တဲ့ ရဟန်းတွေကို အလေးပြုစရာလို့ မထင်မှတ်ဘဲ ရှိကြလိမ့်မယ်။ ရဟန်းကောင်းတွေရဲ့ စကားဟာ အရာမရောက်ဘဲ ရှိလိမ့်မယ်။

၁၄။ နောင်အခါမှာ လူတွေဟာ ရာဂကြီးပြီး ကိလေသာအလိုကို လိုက်ကြလိမ့်မယ်။ အလွန်ငယ်တဲ့ မယားတွေရဲ့အလိုကို လိုက်ကြလိမ့်မယ်။ အိမ်က ကျွန် အလုပ်သမားစတာတွေ, နွား, ကျွဲစတာတွေနဲ့ ရွှေငွေဟာလည်း မယားငယ်ငယ်လေးတွေနဲ့သာ

http://www.dhammadownload.com



ဆက်စပ်လိမ့်မယ်။ 'ရွှေငွေနဲ့ အပိုင်းအခြားစတာတွေဟာ ဘယ်မှာလဲ'လို့ မေးရင် 'ရှိချင်ရာမှာ ရှိပါစေ၊ သင် ကြောင့်ကြစိုက်နေလို့ ဘာအကျိုးရှိမှာလဲ၊ သင်ဟာ ငါ့ရဲ့အိမ်မှာ ရှိတာကိုရော မရှိတာကိုပါ သိလိုသလား' လို့ ပြောပြီး နည်းအမျိုးမျိုးတွေနဲ့ ဆဲရေးကာ နှုတ်လုံထိုး၍ သူ့အလိုလိုက်အောင် လုပ်ပြီး စိုးမိုးကြလိမ့်မယ်။

၁၅။ နောင်အခါမှာ မင်းတွေဟာ ဆင်စီးအတတ်စသည်မှာ မကျွမ်းကျင်ကြလို့ စစ်တိုက်ရာတွေမှာ ကြောက်ရွံ့ကြလိမ့်မယ်။ မင်းတွေက သူတို့ရဲ့မင်းစည်းစိမ် ပျက်စီးသွားမှာ ကြောက်ကြလို့ ဇာတ်တူအမျိုးကောင်းသားတို့အား အစိုးရမှုကို မပေးဘဲ မိမိတို့ရဲ့ ခြေရင်းအလုပ်အကျွေး, ရေချိုးပေးသူ, ဆတ္တာသည်စသည်တွေအား အစိုးရမှုကို ပေးကြလိမ့်မယ်။ ဇာတ်, အနွယ်နဲ့ ပြည့်စုံကြတဲ့ အမျိုးကောင်းသားတွေက မင်းမျိုးမှာ ထောက်တည်မှီခိုရာ မရကြလို့ အသက်မွေးဖို့ မတတ်နိုင်တဲ့အတွက် အစိုးရမှုမှာ တည်နေကြတဲ့ ဇာတ်ညံ့တွေကို လုပ်ကျွေးကာ လှည့်လည်ကြလိမ့်မယ်။

၁၆။ နောင်အခါမှာ အမျိုးညံ့သူတွေက မင်းနဲ့အကျွမ်းဝင်သူတွေဖြစ်ကာ အစိုးရကြလိမ့်မယ်။ အမျိုးမြတ်သူတွေက မထင်မရှားဖြစ်ကာ ဆင်းရဲကြလိမ့်မယ်။ မင်းနဲ့အကျွမ်းဝင်တဲ့ အမျိုးညံ့တွေက မင်းကို သူတို့စကား လိုက်နာစေကာ ဆုံးဖြတ်ရာနေရာစသည်တွေမှာ အားကောင်းလာပြီး အမျိုးမြတ်သူတွေရဲ့ အစဉ်အဆက်က လာတဲ့လယ်၊ ယာစသည်တွေကို 'ဒါတွေဟာ ငါတို့ဥစ္စာတွေပဲ' လို့ တရားစွဲပြီး အမျိုးမြတ်သူတွေက 'သင်တို့ဟာ မဟုတ်၊ ငါတို့ဟာပဲ' လို့ လာပြီး တရားဆုံးဖြတ်ရာနေရာစသည်တွေမှာ ငြင်းခုံကြတဲ့အခါ ကြိမ်, နွယ်စသည်တွေနဲ့

http://www.dhammadownload.com



ရိုက်ပုတ်စေကာ လည်ပင်းကိုကိုင်ပြီး ဆွဲထုတ်စေကြတယ်။ 'ကိုယ့်ပမာဏကို မသိကြဘူး၊ ငါတို့နဲ့ ငြင်းခုံကြတယ်၊ အခု သင်တို့ကို မင်းအားပြောပြီး လက်ခြေဖြတ်ခြင်း စသည်တို့ကို ပြုစေကြမယ်' လို့ ခြိမ်းခြောက်ကြတယ်။ အမျိုးညံ့သူတို့ကို အမျိုးမြတ်သူတွေက ကြောက်လို့ သူတို့ရဲ့ဥစ္စာတွေကို 'သင်တို့ရဲ့ ဥစ္စာတွေကို ယူကြပါ' လို့ အပ်နှင်းပြီး သူတို့ရဲ့အိမ်ကို ဝင်ကာ အိပ်နေကြလိမ့်မယ်။ ရဟန်းယုတ်တွေကလည်း သီလကို ချစ်တဲ့ ရဟန်းတွေကိုကြိုက်သလို ညှဉ်းဆဲကြလိမ့်မယ်။ ရဟန်းကောင်းတွေဟာ ခိုကိုးရာကို မရကြလို့ တောကို ဝင်ပြီး တောရှုပ်တဲ့ နေရာတွေမှာ ပုန်းအောင်းကြရလိမ့်မယ်။

(ဇာတက၊ ဋ္ဌ၊ ပ၊ ၂၅၅ မှ ၃၆၃ ထိ)

## ဆုတောင်းသင့်တယ်

သဒ္ဓါ, သီလ, သုတ, စာဂ, ပညာဆိုတဲ့ တရားငါးပါး ရှိပေမယ့် တောင့်တမှု (ဆုတောင်းမှု) မရှိရင် သူရဲ့ဂတိ (ရောက်ရမယ့်ဘဝ) ဟာ မမြဲ။

တောင့်တမှု (ဆုတောင်းမှု) သာ ရှိပြီး သဒ္ဓါစတဲ့ တရားငါးပါး မရှိခဲ့ရင် သူရဲ့ဂတိဟာလည်း မမြဲ။

နှစ်မျိုးလုံး ရှိတဲ့သူရဲ့ ဂတိဟာ မြဲတယ်။ ဥပမာ ကောင်းကင်မှာ ပစ်လိုက်တဲ့ တုတ်ဟာ အဖျားပိုင်းနဲ့ သို့မဟုတ် အလယ်ပိုင်းနဲ့ သို့မဟုတ် အရင်းပိုင်းနဲ့ ကျလိမ့်မယ်လို့ သတ်မှတ်ချက် မရှိ။ အဲဒီလိုပါပဲ၊ သတ္တဝါတွေရဲ့ ပဋိသန္ဓေယူမှုဟာ မမြဲ။ ဒါကြောင့် ကုသိုလ်မှုကို ပြုပြီး တစ်နေရာမှာ ဆုတောင်းမှုကို ပြုသင့်တယ်။

(ဥပရိပဏ္ဏာ၊ ဋ္ဌ၊ ၁၀၄)

http://www.dhammadownload.com



## ဘုရားအမှူးရှိတဲ့ သံဃာအား လှူပုံ

ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ပြီးတဲ့အခါမှာ ဘုရားအမှူးရှိတဲ့ ရဟန်းသံဃာနဲ့ ရဟန်းမသံဃာအား အလှူကို ပေးလှူနိုင်ပါသလား၊ ပေးလှူနိုင်ပါတယ်။ ချဲ့ပြောပါဦးမယ်။ ရဟန်း ရဟန်းမသံဃာရဲ့ မျက်မှောက်မှာ ဓာတ်တော်နဲ့တကွ ဘုရားရုပ်ပွားတော်ကို နေရာမှာထားကာ အခံပေါ်တင်ပြီး အလှူရေစက်ကို အစပြုကာ အားလုံးကို ဘုရားရှင်အား လှူပြီးမှ ရဟန်း ရဟန်းမသံဃာအား လှူရတယ်။ အဲဒီလိုနည်းနဲ့ ဘုရားအမှူးရှိတဲ့ ရဟန်း ရဟန်းမသံဃာအား လှူရာရောက်တယ်။

(ဥပရိပဏ်၊ ၄၊ ၂၂၅)

## အဖေ့ပစ္စည်း သားနဲ့ဆိုင်

ဘုရားရှင်အား လှူထားတဲ့ပစ္စည်းကို ဘယ်လိုလုပ်ထိုက်ပါသလဲ။ ဘုရားရှင်ကို ပြုစုတဲ့ဝတ်နဲ့ ပြည့်စုံတဲ့ ရဟန်းအား ပေးရပါတယ်။ မှန်ပါတယ်၊ ဖခင်ရဲ့ဥစ္စာဟာ သားထံ ရောက်ပါတယ်။ ရဟန်းသံဃာအားလည်း ပေးသင့်ပါတယ်။ ထောပတ်, ဆီတွေကို ယူကာ ဆီမီးထွန်းထိုက်ပါတယ်၊ အဝတ်ကို ယူပြီး တံခွန်ကို တင်သင့်ပါတယ်။

(ဥပရိပဏ်၊ ၄၊ ၂၂၅)

## သံဃိကအလှူဖြစ်အောင် လှူနည်း

သံဃိက (သံဃာအားလုံးနဲ့ဆိုင်တဲ့) အလှူဟာ သံဃာအား အရိုအသေပြုနိုင်သူအတွက် ဖြစ်တယ်။ သံဃာမှာ အရိုအသေပြုဖို့ ခက်တယ်။ ချဲ့ပြပါဦးမယ်။ သံဃိက (သံဃာအားလုံးနဲ့ဆိုင်တဲ့) အလှူကို လှူမယ်လို့ တွေးပြီး လှူဖွယ်ကို စီစဉ်ကာ ကျောင်းကိုသွားပြီး 'အရှင်ဘုရားတို့ သံဃာကို ရည်စူးပြီး မထေရ်တစ်ပါးကို ပေးတော်မူကြပါ'လို့

http://www.dhammadownload.com



တောင်းတယ်။ အဲဒီအခါ သံဃာမှ ကိုရင်ကို ရလို့ 'ငါဟာ ကိုရင်ကို ရတယ်' လို့တွေးကာ စိတ်မကောင်းဖြစ်ပြီး စိတ်ပြောင်းသွားရင် သူ့အလှူဟာ သံဃိကအလှူ မဟုတ်တော့ဘူး။ မထေရ်ကြီးကို ရလို့လည်း 'ငါဟာ မထေရ်ကြီးကို ရတယ်' လို့ ဝမ်းသာသွားရင်လည်း သံဃိကအလှူ မဟုတ်ပြန်ဘူး။ ကိုရင်ပဲဖြစ်ဖြစ်၊ ရဟန်းပဲဖြစ်ဖြစ်၊ အငယ်ပဲဖြစ်ဖြစ်၊ အကြီးပဲဖြစ်ဖြစ်၊ ပညာမဲ့ပဲဖြစ်ဖြစ်၊ ပညာရှိပဲဖြစ်ဖြစ် တစ်ပါးပါးကို သံဃာထံမှ ရပြီး ယုံမှားကင်းကာ 'သံဃာအား လှူပါ၏' လို့ သံဃာမှာ အရိုအသေပြုနိုင်ရင် သူ့အလှူဟာ သံဃိကအလှူ ဖြစ်တယ်။ သမုဒ္ဒရာရဲ့ ဟိုဘက်ကမ်းမှာ နေသူတွေက အဲဒီလိုလုပ်ကြသတဲ့။

(ဥပရိပဏ္ဏာ၊ ၄၊ ၂၂၅)

## ကျောင်းဒကာနဲ့ သီလမရှိတဲ့ ရဟန်း

ကျောင်းဒကာ သူကြွယ်တစ်ယောက်က 'သံဃိကအလှူ လှူမယ်' လို့ ရည်ရွယ်ပြီး သံဃာမှ ညွှန်ပြပြီး ရဟန်းတစ်ပါးကို ပေးတော်မူကြပါလို့ တောင်းတယ်။ သီလမရှိတဲ့ ရဟန်းတစ်ပါးကို ရပြီး ထိုင်စရာနေရာကို စုပုံစေကာ နေရာခင်းပြီး အထက်မှာ မျက်နှာကျက်ဖွဲ့ချည်တယ်။ နံ့သာ၊ အခိုး၊ ပန်းပွင့်တွေနဲ့ ပူဇော်တယ်။ ခြေတွေကို ဆေးပေးတယ်။ ဆီနဲ့ လိမ်းပေးတယ်။ ဘုရားရှင်အား အရိုအသေပြုသလိုပဲ သံဃာမှာ အရိုအသေပြုပြီး လှူဖွယ်ကို လှူတယ်။ အဲဒီရဟန်းက မွန်းလွဲပိုင်းမှာ ကျောင်းဆောက်ဖို့ ပေါက်တူး ပေးပါလို့ဆိုကာ အဲဒီအလှူဒါယကာရဲ့အိမ်ကို ရောက်လာတယ်။ အဲဒီဒကာက ထိုင်ရင်းပဲ ပေါက်တူးကို ခြေထောက်နဲ့ ပစ်ချပြီး 'ယူလော့'လို့ဆိုကာ ပေးလိုက်တယ်။ အဲဒီလူကို လူတွေက 'သင်ဟာ စောစောကပဲ ဒီရဟန်းအပေါ် ပြုလုပ်တဲ့ ရိုသေမှုဟာ ပြောမပြနိုင်အောင်ပဲ။ အခု အဲဒီလောက်နီးနီးတောင်မှ မရှိ၊ အဲဒါ ဘာလဲ' လို့ မေးကြတယ်။ အဲဒီဒကာက 'မိတ်

http://www.dhammadownload.com



ဆွေတို့ အဲဒီရှိသေမှုက သံဃာအပေါ် ရှိသေမှုပဲ။ အဲဒီရဟန်းအပေါ် ရှိသေမှု မဟုတ်ဘူး' လို့ ပြောလိုက်တယ်။

(ဥပရိပဏ်၊ ၄၊ ၂၂၆)

## အလှူကို စင်ကြယ်စေသူ

သင်္ကန်းအပိုင်းအစကို လက်မှာဖြစ်စေ၊ လည်ပင်းမှာဖြစ်စေ ချည်ထားတဲ့ သံဃာအား လှူတဲ့အလှူကို ဘယ်သူက စင်ကြယ်စေတာ ပါလဲ။

အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်စတဲ့ ၈၀ သော မထေရ်ကြီးတွေက စင်ကြယ်စေကြပါတယ်။

တစ်နည်း၊ ပရိနိဗ္ဗာန်စံသွားတာ ကြာပြီဖြစ်တဲ့ မထေရ်တွေက စင်ကြယ်စေကြပါတယ်။ အဲဒီမထေရ်တွေကို အစပြုပြီး ဒီနေ့အထိ အသက်ထင်ရှားနေတဲ့ ရဟန္တာတွေက စင်ကြယ်စေကြတာပါပဲ။

(ဥပရိပဏ်၊ ၄၊ ၂၂၆)

## ရဟန္တာနဲ့ သီလမရှိတဲ့ ရဟန်း

သံဃာမှာ အရိုအသေ ပြုနိုင်သူရဲ့ ရဟန္တာအား လှူတဲ့ အလှူထက် သံဃာမှ ညွှန်ပြလို့ ယူထားတဲ့ သီလမရှိတဲ့ ရဟန်းအား လှူတဲ့ အလှူကတောင်မှ သာပြီးအကျိုးကြီးတာပဲ။

(ဥပရိပဏ်၊ ၄၊ ၂၂၆)

## ရဟန္တာချင်း အလှူ

ရဟန္တာက ရဟန္တာအား လှူတဲ့အလှူဟာ မြတ်တယ်။ အကြောင်းကတော့ ဘဝအပေါ် တွယ်တာမှု, တောင့်တမှု မရှိလို့ပါပဲ။

(ဥပရိပဏ်၊ ၄၊ ၂၂၇)

http://www.dhammadownload.com



## ဒါနအကျိုးယုံသူ

ရဟန္တာက ဒါနရဲ့အကျိုးကို မယုံကြည်ဘူးမဟုတ်လား။ ရဟန္တာလို ဒါနအကျိုးကို ယုံကြည်သူတွေ မရှိ။ (ဥပရိပဏ်၊ ၄၊ ၂၂၇)

## အလှူ ၂ ခု

၁။ ဘုရားရှင်က အရှင်သာရိပုတ္တရာအား လှူတဲ့ အလှူနဲ့

၂။ အရှင်သာရိပုတ္တရာက ဘုရားရှင်အား လှူတဲ့ အလှူ

ဒီအလှူ ၂ ခုမှာ ဘယ်အလှူက အကျိုးများသလဲ။

ဘုရားရှင်က အရှင်သာရိပုတ္တရာအား လှူတဲ့အလှူက အကျိုးများတယ်လို့ ပြောကြပါတယ်။ မှန်ပါတယ်၊ ဘုရားရှင်မှတစ်ပါး အခြားသူတွေဟာ ဒါနရဲ့အကျိုးကို သိနိုင်သူဆိုတာ မရှိပါ။

(ဥပရိပဏ်၊ ၄၊ ၂၂၇)

## မဂ်နဲ့ပြည့်စုံတဲ့ မဂ္ဂဋ္ဌပုဂ္ဂိုလ်အား အလှူလှူနိုင်ပါသလား

ဟုတ်တယ်၊ လှူနိုင်ပါတယ်။ ချဲ့ပြောပါဦးမယ်။ ဝိပဿနာအားထုတ်နေတဲ့ပုဂ္ဂိုလ်ဟာ သပိတ်, သင်္ကန်းကိုယူပြီး ရွာထဲ ဆွမ်းခံဝင်တယ်။ အိမ်တံခါးမှာ ရပ်နေတဲ့ အဲဒီရဟန်းရဲ့လက်က သပိတ်ကိုယူပြီး ခဲဖွယ်, စားဖွယ်ကို ထည့်ကြတယ်။ အဲဒီခဏမှာ ရဟန်းက မဂ်ကို ရသွားတယ်။ အဲဒီအလှူဟာ မဂ်နဲ့ပြည့်စုံတဲ့သူအား လှူရာရောက်ပါတယ်။

**တစ်နည်း။** ။ အဲဒီရဟန်းက နားနေစရာ ဇရပ်မှာ ထိုင်နေတယ်။ လူတွေက သွားပြီး သပိတ်ထဲ စားဖွယ်၊ ခဲဖွယ်တွေကို ထည့်ကြတယ်။ အဲဒီခဏမှာ ရဟန်းက မဂ်ကိုရသွားတယ်။ အဲဒီအလှူဟာလည်း မဂ်နဲ့ပြည့်စုံသူအား လှူသည်မည်တာပါပဲ။

http://www.dhammadownload.com



**တစ်နည်း။** ။ ကျောင်းမှာဖြစ်စေ၊ နားနေစရာ ဇရပ်မှာဖြစ်စေ ထိုင်နေတဲ့ ရဟန်းရဲ့သပိတ်ကို ဥပါသကာတွေက ယူကြပြီး သူတို့ရဲ့အိမ်ကို သွားကာ ခဲဖွယ်၊ စားဖွယ်ကို ထည့်ကြတယ်။ အဲဒီခဏမှာ ရဟန်းက မဂ်ကို ရသွားတယ်။ အဲဒီအလှူဟာလည်း မဂ်နဲ့ပြည့်စုံသူအား လှူသည် မည်တယ်။

(ဥပရိပဏ်၊ ဋ္ဌ၊ ၂၂၄)

## အလှူခံအဆင့်ဆင့်

အောက်ထစ်ဆုံးအားဖြင့် သရဏဂုံသုံးပါး ဆည်းကပ်တဲ့ ဥပါသကာလည်း သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုအောင် ကျင့်နေသူ မည်ပါတယ်။ အဲဒီဥပါသကာအား လှူတဲ့အလှူဟာလည်း မရေတွက်နိုင် မနှိုင်းယှဉ်နိုင်တဲ့ အလှူပါပဲ။ ငါးပါးသီလ တည်ရှိသူအား လှူတဲ့အလှူက ရှေ့က အလှူထက်သာပြီး အကျိုးများတယ်။ ဆယ်ပါးသီလ တည်သူ၊ ဒီနေ့မှ ဝတ်တဲ့ကိုရင်၊ ဒီနေ့မှ ဝတ်တဲ့ရဟန်း၊ ဝတ်နဲ့ပြည့်စုံတဲ့ ရဟန်း၊ ဝိပဿနာအားထုတ်တဲ့ရဟန်း၊ အနည်းဆုံး အဖြစ်အပျက် သိတဲ့ဉာဏ်ရောက်အောင် ဝိပဿနာအားထုတ်ထားတဲ့ ရဟန်း၊ ဒီအလှူခံပုဂ္ဂိုလ်တွေအား လှူတဲ့အလှူဟာ အဆင့်ဆင့်သာပြီး အကျိုးများပါတယ်။

အလွန်ဆုံး ပြောရရင် သောတာပတ္တိမဂ်နဲ့ ပြည့်စုံသူဟာ သောတာပတ္တိဖိုလ်ရအောင် အားထုတ်နေသူ မည်ပါတယ်။ အဲဒီသောတာပတ္တိမဂ်ရ ပုဂ္ဂိုလ်အား လှူတဲ့ အလှူဟာ ရှေးကအလှူထက် သာပြီး အကျိုးများပါတယ်။

ရေအိုင်ထဲကရေလို သောတာပတ္တိဖိုလ်ရအောင် အားထုတ်နေသူအား လှူတဲ့အလှူရဲ့ မရေတွက်နိုင်ပုံကို သိပါ။ ထိုထိုမြစ်ကြီးတွေနဲ့ မဟာသမုဒ္ဒရာထဲက ရေလို သောတာပန်စတဲ့ အရိယာပုဂ္ဂိုလ်တွေအား

http://www.dhammadownload.com



လှူတဲ့အလှူက သာလွန်ပြီး မရေမတွက်နိုင်ပုံကို သိပါ။ မြေကြီးပေါ်က အိမ်အဝန်းအဝိုင်းလောက်ရှိတဲ့နေရာက မြေမှုန့်ကို အစပြုပြီး မြေကြီးရဲ့ မြေမှုန့်တွေအထိ ရေတွက်နိုင်းယှဉ် မရပုံကို သိပါ။

(ဥပရိပဏ်၊ ၄၊ ၂၂၃၊ ၄)

## သံဃာအား အလှူခိုင်းရကြောင်း

ဘုရားရှင်က မိမိအား ဂေါတမီလှူတဲ့ အဝတ်သစ်အစုံကို ဘာကြောင့် ဂေါတမီကို ရဟန်းသံဃာအား အလှူခိုင်းတာပါလဲ။ မိထွေးတော် ဂေါတမီကို သနားလို့ပါပဲ။ ဘုရားရှင်မှာ ဒီလိုအကြံဖြစ်ပါသတဲ့။

'ဒီဂေါတမီရဲ့ ငါဘုရားကို အကြောင်းပြုပြီး ပုဗ္ဗစေတနာ၊ မုဥ္စစေတနာ၊ အပရစေတနာဆိုတဲ့ စေတနာသုံးတန် ဖြစ်နေတယ်။ ရဟန်းသံဃာကို အကြောင်းပြုပြီးတော့လည်း ဂေါတမီမှာ စေတနာသုံးတန် ဖြစ်ပါစေ။ အဲဒီလိုဆိုရင် ဂေါတမီမှာ စေတနာ ၆ တန် တစ်ပေါင်းတည်းဖြစ်ပြီး အချိန်ကြာမြင့်စွာ စီးပွားဖြစ်ဖို့၊ ချမ်းသာဖို့ ဖြစ်လိမ့်မယ်'

အဲဒါကို ရည်ရွယ်ပြီး ၃ ကြိမ် ပယ်မြစ်ကာ သံဃာအား ဘုရားရှင် အလှူခိုင်းပါတယ်။

**တစ်နည်း။** ။ နောင်လာနောက်သားတွေ သံဃာမှာ ရိုရိုသေသေ ဖြစ်စေလိုလို့လည်း အဲဒီလို မိန့်တော်မူတာပါပဲ။

ဘုရားရှင်မှာ ဒီလိုအကြံဖြစ်ပါသတဲ့။

'ငါဟာ ကြာကြာ မတည်ရှိနိုင်ဘူး၊ ငါရဲ့သာသနာကတော့ ရဟန်းသံဃာမှာ တည်လိမ့်မယ်။ နောင်လာနောက်သားတွေက သံဃာမှာ အရိုအသေပြုကြပါစေ' လို့ ရည်ရွယ်ပြီး ၃ ကြိမ် ပယ်မြစ်ကာ သံဃာအား အလှူခိုင်းပါတယ်။

(ဥပရိပဏ်၊ ၄၊ ၂၂၀၊ ၁)

http://www.dhammadownload.com



## အဲဒီလို အလှူခိုင်းလို့ ရနိုင်တဲ့ အကျိုးက

'ဘုရားရှင်က မိမိအား လှူတဲ့အလှူကိုတောင် သံဃာအား အလှူခိုင်းတယ်။ သံဃာဆိုတာ မြတ်တဲ့ အလှူခံပုဂ္ဂိုလ်ပဲ' လို့ နောင်လာနောက်သားတွေက သံဃာမှာ ရိုရိုသေသေပြုကာ ပစ္စည်းလေးပါး လှူထိုက်တယ်လို့ ထင်လိမ့်မယ်။ သံဃာဟာ ပစ္စည်းလေးပါးတွေနဲ့ မပင်ပန်းဘဲ ဘုရားစကားတော်ကို သင်ယူကာ ရဟန်းတရား အားထုတ်လိမ့်မယ်။ အဲဒီလိုဆိုရင် ငါ့သာသနာဟာ အနှစ် ၅၀၀၀ တည်လိမ့်မယ်။

(ဥပရိပဏ္ဏာ၊ ဋ္ဌ၊ ၂၂၁)

## ပုက္ကုသာတိနဲ့ သပိတ် သင်္ကန်း

ပုက္ကုသာတိအမျိုးကောင်းသားမှာ ဘာကြောင့် တန်ခိုးနဲ့ပြီးတဲ့ သပိတ်, သင်္ကန်း မဖြစ်ပါသလဲ။

ရှေးဘဝက ပရိက္ခရာ ၈ ပါးကို မလှူခဲ့လို့ပါပဲ။ မှန်တယ်၊ ပက္ကုသာတိဟာ အလှူ လှူခဲ့ပါတယ်။ ဆွမ်းစားခဲ့သည်လည်း ပြုခဲ့ပါတယ်။ မလှူခဲ့ဖူးလို့လို့ မဆိုထိုက်ပါဘူး။ တန်ခိုးနဲ့ပြီးတဲ့ သပိတ်, သင်္ကန်း ဆိုတာကတော့ နောက်ဆုံးဘဝပိုင်ရှင်တွေမှာသာ ဖြစ်တယ်။ ပုက္ကုသာတိကလည်း နောက်ထပ် ပဋိသန္ဓေနေပါဦးမယ်။ ဒါကြောင့် မဖြစ်တာပါ။

(ဥပရိပဏ္ဏာ၊ ဋ္ဌ၊ ၂၁၅)

## အားလုံး အကျဉ်းချုပ်

ဘုရားရှင်တွေရဲ့ ဒေသနာအားလုံးဟာလည်း အကျဉ်းချည်းပဲတဲ့။ အကျယ်တရားဒေသနာဆိုတာ မရှိ။ သမန္တပဋ္ဌာန်းစကားလည်း အကျဉ်းပါပဲ။

(ဥပရိပဏ္ဏာ၊ ဋ္ဌ၊ ၁၀၄)

http://www.dhammadownload.com



# အဝိဟာက ရဟန္တာ ၇ ဦး

ပုက္ကုသာတိဟာ သေပြီး အဝိဟာဗြဟ္မာ့ပြည်မှာ ဖြစ်ပါတယ်။ ဖြစ်ကာမျှမှာပဲ ရဟန္တာ ဖြစ်ပါတယ်။ အဝိဟာဗြဟ္မာ့ပြည်မှာ ဖြစ်ကာမျှမှာ ရဟန္တာဖြစ်သူ ၇ ဦး ရှိပါတယ်။

၁။ ဥပက၊ ၂။ ပလဂဏ္ဍ၊ ၃။ ပုက္ကုသာတိ၊ ၄။ ဘဒ္ဒိယ၊

၅။ ခဏ္ဍဒေဝ၊ ၆။ ဗဟုရဂ္ဂိ၊ ၇။ သိင်္ဂိယ။

(ဥပရိပဏ်၊ ဋ္ဌ၊ ၂၁၇)

# မိခင်နဲ့နို့ထိန်း

မွေးမိခင်ဟာ ၉ လ၊ ၁၀ လ ကြာ ဆား, အချဉ်စသည်တို့ကို ရှောင်ရှားကာ ဝမ်းနဲ့ ကလေးကို လွယ်ပြီး ဝမ်းမှ ထွက်လာတဲ့အခါ ကျွေးမွေးတဲ့ မိခင်ဖြစ်သူ နို့ထိန်းထံ အပ်နှင်းတယ်။ နို့ထိန်းက နို့ရည်, ဆီဦး စသည်တို့နဲ့ ကလေးကို ကျွေးမွေးပြီး ကြီးထွားစေတယ်။ ကလေးဟာ ကြီးထွားလာပြီး ချမ်းသာသလို လှည့်လည်တယ်။

အဲဒီလိုပါပဲ။ အရှင်သာရိပုတ္တရာဟာ သူ့ထံမှာရော အခြားသူတွေထံမှာပါ ရှင်ရဟန်းပြုသူတွေကို ပစ္စည်းနဲ့ရော, တရားနဲ့ပါ ချီးမြှောက်ပြီး မကျန်းမာသူတွေကို ပြုစုတယ်။ ကမ္မဋ္ဌာန်း အားထုတ်စေတယ်။ သောတာပန် ဖြစ်သွားမှန်း သိပြီး အပါယ်ဘေးတွေက လွတ်မြောက်သွားတဲ့ အချိန်ကစပြီး 'အခု ယောကျ်ားတို့ရဲ့လုံ့လနဲ့ အထက်မဂ် ၃ ခုကို ဖြစ်စေလိမ့်မယ်' လို့ တွေးပြီး အဲဒီပုဂ္ဂိုလ်တွေကို မငဲ့ကွက်တော့ဘဲ အခြားအသစ်, အသစ်တွေကို ဆုံးမတယ်။

အရှင်မောဂ္ဂလာန်ကလည်း သူ့ထံမှာရော သူတစ်ပါးထံမှာပါ ရှင်ရဟန်းပြုသူတွေကို အဲဒီလိုပဲ ချီးမြှောက်ပြီး ကမ္မဋ္ဌာန်းအားထုတ်စေကာ အောက်ဖိုလ် ၃ ပါးကို ရောက်ပြီးပေမယ့် လျစ်လျူမရှုပါ။ အကြောင်းကတော့ အရှင်မောဂ္ဂလာန်မှာ ဒီလိုအကြံဖြစ်ပါသတဲ့။

http://www.dhammadownload.com



'ရဟန်းတို့... ကျင်ကြီး, ကျင်ငယ်, တံတွေး, ပြည်, သွေးဟာ နည်းနည်းလေးပေမယ့် အနံ့ဆိုးတယ်။ အဲဒီလိုပါပဲ၊ ဘဝဟာလည်း နည်းနည်းလေးပေမယ့် အောက်ထစ်ဆုံးအားဖြင့် လက်ဖျစ်တတွက် လောက်တောင် ငါဘုရား မချီးမွမ်း' လို့ ဘုရားရှင် ဟောထားတယ်။

ဒါကြောင့် ရဟန္တာ မဖြစ်သေးသမျှ အဲဒီပုဂ္ဂိုလ်တွေအပေါ် လျစ်လျူမရှုဘဲ ရဟန္တာဖြစ်သွားမှသာ လျစ်လျူရှုပါတယ်။ ဒါကြောင့် ဘုရားရှင်က ဟောခဲ့ပါတယ်။

'ရဟန်းတို့... သာရိပုတ္တရာဟာ မွေးမိခင်နဲ့တူတယ်။ မောဂ္ဂလာန်က နို့ထိန်းနဲ့တူတယ်။ သာရိပုတ္တရာက သောတာပန်ဖြစ်အောင် ဆုံးမတယ်။ မောဂ္ဂလာန်က ရဟန္တာဖြစ်အောင်ထိ ဆက်ဆုံးမတယ်။'

(ဥပရိပဏ်၊ ဋ္ဌ၊ ၂၁၈)

## ကြာ ၂ မျိုး

၁။ ပုဏ္ဍရီကကြာ = ပွင့်ချပ်တစ်ရာအောက် လျော့တဲ့ ကြာ၊ ဒီကြာနဲ့ တူတဲ့ပုဂ္ဂိုလ်က သုက္ခဝိပဿက ရဟန္တာ။

၂။ ပဒုမကြာ = ပွင့်ချပ်တစ်ရာပြည့်တဲ့ ကြာ၊ ဒီကြာနဲ့ တူတဲ့ပုဂ္ဂိုလ်က ဈာန်အဘိညာဉ်ရ ရဟန္တာ။ (အံ၊ ဋ္ဌ၊ ဒု၊ ၃၂၂)

## နတ်အရောင်အဝါ

နတ်တွေဝတ်တဲ့အဝတ်ရဲ့အရောင်၊ နတ်ကိုယ်ရဲ့အရောင်၊ နတ်ဗိမာန်ရဲ့အရောင်ဟာ ၁၂ ယူဇနာတိုင်အောင် ပြန့်နှံ့တယ်။

(အံ၊ ဋ္ဌ၊ ဒု၊ ၃၃၃)

http://www.dhammadownload.com



## ပျက်တဲ့ ကမ္ဘာ

၁။ ကမ္ဘာကြီး မီးကြောင့် ပျက်တဲ့အခါ အာဘဿရဗြဟ္မာ့ဘုံ အောက်ကို မီးလောင်တယ်။

၂။ ကမ္ဘာကြီး ရေကြောင့် ပျက်တဲ့အခါ သုဘကိဏှာဗြဟ္မာ့ဘုံ အောက်ဟာ ရေကြောင့် ကြေမွပျက်စီးတယ်။

၃။ ကမ္ဘာကြီး လေကြောင့် ပျက်စီးတဲ့အခါ ဝေဟပ္ဖိုလ်ဘုံ အောက်ဟာ လေကြောင့် ပျက်စီးတယ်။

ဘေးပတ်ဝန်းကျင် အကျယ်အပြန့်အားဖြင့် ကမ္ဘာပျက်တဲ့အခါ တိုင်းပဲ (စကြဝဠာကုဋေတစ်သိန်းဆိုတဲ့) ဗုဒ္ဓခေတ်တစ်ခုလုံး ပျက်စီး တယ်။

(အံ၊ ဋ္ဌ၊ ဒု၊ ၃၄၀)

## စကြဝဠာတစ်ခုရဲ့အတိုင်းအတာ

စကြဝဠာတစ်ခုဟာ

အလျားအားဖြင့်ရော အနံအားဖြင့်ပါ ယူဇနာပေါင်း တစ်သန်း နှစ်သိန်း သုံးထောင့်လေးရာ ငါးဆယ်။ (၁,၂၀၃,၄၅၀)

ပတ်လည်အားဖြင့် ယူဇနာပေါင်း သုံးသန်းခြောက်သိန်း၊ တစ် ထောင့်သုံးရာငါးဆယ် (၃,၆၁၀,၃၅၀)

(ဝိသုဒ္ဓိမဂ်၊ ပ၊ ၁၉၉)

## မြေ ရေ လေထု

အဲဒီစကြဝဠာမှာ

မြေထုက ယူဇနာပေါင်း နှစ်သိန်းလေးသောင်း (၂၄၀,၀၀၀)

http://www.dhammadownload.com



မြေကြီးရဲ့အောက်ခံ ရေထုက ယူဇနာပေါင်း လေးသိန်းရှစ်သောင်း၊ (၄၈၀,၀၀၀)

ရေရဲ့အောက်ခံ လေထုက ယူဇနာပေါင်း ကိုးသိန်းခြောက်သောင်း၊ (၉၆၀,၀၀၀)

အဲဒီလေက ဟင်းလင်းပြင်ထဲမှာ တည်ရှိတယ်။ ဒီအတိုင်းအရှည်ဟာ လူတို့ရဲ့နေရာ ဩကာသလောကရဲ့ တည်နေပုံပါပဲ။

(ဝိသုဒ္ဓိမဂ်၊ ပ၊ ၁၉၉)

## မြင်းမိုရ်တောင်

ဒီမြေပြင်လောကမှာ

မြင်းမိုရ်တောင်က မဟာသမုဒ္ဒရာထဲမှာ ယူဇနာပေါင်း ရှစ်သောင်းလေးထောင်၊ (၈၄၀၀၀)။ ယူဇနာရှစ်သောင်းလေးထောင်ပဲ အထက်ကောင်းကင်သို့ မြင့်တက်နေတယ်။

(ဝိသုဒ္ဓိမဂ်၊ ပ၊ ၂၀၀)

## တောင်စဉ် ၇ ထပ်

ယုဂန္ဓိုရ်တောင်, ဣသဓရတောင်, ကရဝိကတောင်, သုဒဿနတောင်, နေမိန္ဓရတောင်, ဝိနတကတောင်, အဿကဏ္ဏတောင်။

ဒီတောင်ကြီး ၇ တောင်ဟာ မြင်းမိုရ်တောင်ရဲ့ ပတ်လည်အရပ်မှာ တည်ရှိကြတယ်။ နတ်မင်းကြီးတွေရဲ့ နေရာဖြစ်တယ်။ နတ်နဲ့ ဘီလူးတွေ မှီဝဲနေထိုင်ရာ ဖြစ်တယ်။

မြင်းမိုရ်တောင်ရဲ့ ပမာဏအောက် အစဉ်အတိုင်း ထက်ဝက် ထက်ဝက် ပမာဏနဲ့ မဟာသမုဒ္ဒရာရဲ့အောက်မှာ မြုပ်ဝင်တယ်။ သမုဒ္ဒရာရဲ့အထက်ကို တက်တယ်။ ရတနာအမျိုးမျိုးနဲ့ ဆန်းကြယ်တယ်။

(ဝိသုဒ္ဓိမဂ်၊ ပ၊ ၂၀၀)

http://www.dhammadownload.com



## ဟိမဝန္တာ

ဟိမဝန္တာတောင်က

ယူဇနာ ၅၀၀ မြင့်တယ်။ အလျား အနံအားဖြင့် ယူဇနာ ၃ ထောင် ကျယ်ပြန့်တယ်။ တောင်ထွတ် ၈၄,၀၀၀ နဲ့ တန်ဆာဆင်ထားသလို ဖြစ်တယ်။

(ဝိသုဒ္ဓိမဂ်၊ ပ၊ ၂၀၀)

## သစ်ပင် ၇ ပင်

၁။ တောင်ကျွန်းက ဇမ္ဗုသပြေပင်၊
၂။ အသုရာနတ်တို့ရဲ့ သခွတ်ပင်၊
၃။ ဂဠုန်တို့ရဲ့ လက်ပံပင်၊
၄။ အနောက်ကျွန်းက ထိန်ပင်၊
၅။ မြောက်ကျွန်းက ပဒေသာပင်၊
၆။ အရှေ့ကျွန်းက ကုက္ကိုပင်၊
၇။ တာဝတိံသာနတ်ပြည်က ပင်လယ်ကသစ်ပင်၊

ဒီသစ်ပင် ၇ ပင်ဟာ ပင်စည်လုံးပတ်အားဖြင့် ၁၅ ယူဇနာ။ ပင်စည်နဲ့ အကိုင်းအခက်တွေရဲ့ အလျားအားဖြင့် ယူဇနာ ၅၀။ ထက်ဝန်းကျင်ပတ်လည်အားဖြင့် ယူဇနာ ၁၀၀ ကျယ်ပြန့်တယ်။ အမြင့်အားဖြင့် ယူဇနာ ၁၀၀။

(ဝိသုဒ္ဓိမဂ်၊ ပ၊ ၂၀၀)

## စကြဝဠာတောင်

စကြဝဠာတောင်ဟာ မဟာသမုဒ္ဒရာမှာ ယူဇနာ ၈၂,၀၀၀ သက်

http://www.dhammadownload.com



ဆင်းနစ်မြုပ်တယ်။ ယူဇနာ ၈၂,၀၀၀ ပဲ ရေမျက်ပြင်မှ အထက်ကို မြင့်တက်တယ်။ အဲဒီစကြာဝဠာတောင်ဟာ ဆိုခဲ့ပြီးတဲ့ လောကဓာတ် အလုံးစုံကို ပတ်ဝန်းကျင်က ခြံရံပြီး တည်နေတယ်။

(ဝိသုဒ္ဓိမဂ်၊ ပ၊ ၂၀၀)

## စကြာဝဠာတစ်ခု

အဲဒီလောကဓာတ်မှာ
လဝန်းက ၄၉ ယူဇနာ၊
နေဝန်းက ၅၀ ယူဇနာ၊
တာဝတိံသာနတ်ဘုံက ယူဇနာ ၁၀,၀၀၀၊
အသူရာနတ်ဘုံက ယူဇနာ ၁၀,၀၀၀၊
အဝီစိငရဲက ယူဇနာ ၁၀,၀၀၀၊
ဇမ္ဗူဒိပ်ကျွန်း (အိန္ဒိယ)က ယူဇနာ ၁၀,၀၀၀၊
အနောက်ကျွန်းက ယူဇနာ ၇,၀၀၀၊
အရှေ့ကျွန်းက ယူဇနာ ၇,၀၀၀၊
မြောက်ကျွန်းက ယူဇနာ ၈,၀၀၀၊

အဲဒီကျွန်းကြီး ၄ ကျွန်းထဲက တစ်ကျွန်းတစ်ကျွန်းမှာ ကျွန်းငယ် ပေါင်း ၅၀၀ စီ အခြံအရံရှိတယ်။ အဲဒီအားလုံးဟာ စကြာဝဠာတစ်ခုပဲ။ လောကဓာတ် တစ်ခုပဲ။ စကြာဝဠာ ၃ ခုရဲ့အကြားအရပ်ဟာ လောကန္တ ရိက် ငရဲပဲ။ (ဝိသုဒ္ဓိမဂ်၊ ပ၊ ၂၀၀/၁)

## မေတ္တာစပြီး မပွားသင့်သူ ၄ ဦး

၁။ မချစ်အပ် (မုန်းအပ်) တဲ့ပုဂ္ဂိုလ်၊
၂။ အလွန်ချစ်အပ်တဲ့ပုဂ္ဂိုလ်၊

http://www.dhammadownload.com



၃။ မချစ်မမုန်း အလယ်အလတ်ပုဂ္ဂိုလ်၊
၄။ ရန်သူပုဂ္ဂိုလ်၊
အဲဒီပုဂ္ဂိုလ် ၄ ဦးမှာ မေတ္တာကို စပြီး မပွားရ။
အကြောင်းကတော့

မုန်းအပ်သူကို ချစ်အပ်သူအရာမှာ ထားရင် ပင်ပန်းတယ်။

အလွန်ချစ်အပ်တဲ့ သူငယ်ချင်းကို အလယ်အလတ်အရာမှာ ထားရင် ပင်ပန်းတယ်။ မှန်တယ်၊ အဲဒီအလွန်ချစ်အပ်သူမှာ ဆင်းရဲ အနည်းငယ်လေး ဖြစ်တာကို သိရရင် ငိုမလိုလို ဖြစ်တယ်။ အလယ် အလတ်ပုဂ္ဂိုလ်ကို အလေးပြုအပ်တဲ့ နေရာမှာရော၊ ချစ်အပ်သူနေရာမှာ ရောပါ ထားရင် ပင်ပန်းတယ်။ ရန်သူကို ဆင်ခြင်သူမှာ အမျက်ထွက် တတ်တယ်။ ဒါ့ကြောင့်ပါပဲ။

(ဝိသုဒ္ဓိမဂ်၊ ပ၊ ၂၈၇၊ ၈)

## နံရံနဲ့စစ်ထိုးသူ

လိင်အသွင် ကွဲပြားတဲ့ ပုဂ္ဂိုလ်ကို သီးသန့်ပိုင်းခြားပြီး မေတ္တာ မပွားရ၊ အကြောင်းကတော့ ပွားရင် တပ်စွဲမှုရာဂ ဖြစ်တတ်လို့ပါပဲ။

အမတ်ရဲ့သားတစ်ယောက်က 'အရှင်ဘုရား ဘယ်ပုဂ္ဂိုလ်အား မေတ္တာပွားရပါသလဲ' လို့ ဆွမ်းခံလာနေကျ မထေရ်ကို မေးလျှောက် သတဲ့။ မထေရ်က 'ချစ်တဲ့ပုဂ္ဂိုလ်မှာ မေတ္တာပွားရတယ်' လို့ ပြော ကြားတယ်။ အဲဒီအမတ်ရဲ့သားက သူ့မယားကို ချစ်တယ်။ အဲဒီအမတ် ရဲ့သားဟာ မယားကို မေတ္တာပွားတဲ့အခါ တစ်ညလုံး မယားရှိရာကို သွားဖို့ နံရံနဲ့ တိုးဇော့တိုက်ခိုက်သတဲ့။ ဒါကြောင့် လိင်အသွင်ကွဲပြား တဲ့ပုဂ္ဂိုလ်ကို သီးသန့်အားဖြင့် မေတ္တာမပွားရ။

(ဝိသုဒ္ဓိမဂ်၊ ပ၊ ၂၈၈)

http://www.dhammadownload.com



## သေသူနဲ့မေတ္တာ

သေသွားသူအား မေတ္တာမပွားရ။ အကြောင်းကတော့ ပွားရင် အပ္ပနာ (ဈာန်) သို့ မရောက်သည်သာ။ ဥပစာကိုလည်း မရောက်လို့ပါပဲ။

ရဟန်းငယ်တစ်ပါးဟာ ဆရာကို အာရုံပြုပြီး မေတ္တာအားထုတ်သတဲ့။ အဲဒီရဟန်းငယ်မှာ မေတ္တာမဖြစ်ဘဲ ရှိတယ်။ အဲဒီရဟန်းငယ်က မထေရ်ကြီးတစ်ပါးထံ သွားပြီး 'အရှင်ဘုရား၊ တပည့်တော်မှာ မေတ္တာဈာန်သမာပတ်ဟာ ကျေပွန်လျက်ရှိပါတယ်။ ဒါပေမဲ့ အဲဒီသမာပတ်ကို ယခု မဝင်စားနိုင်ပါ။ ဘာကြောင့်ပါလဲ' လို့ မေးလျှောက်တယ်။ မထေရ်ကြီးက 'ငါ့ရှင်၊ အာရုံနိမိတ်ဖြစ်သူကို ရှာကြည့်ပါလေ' လို့ မိန့်လိုက်တယ်။ အဲဒီရဟန်းငယ်က ရှာကြည့်တဲ့အခါ ဆရာ ကွယ်လွန်သွားတာကို သိရလို့ အခြားပုဂ္ဂိုလ်ကို အာရုံပြုပြီး မေတ္တာပွားတဲ့အခါ သမာပတ်ကို ရောက်သတဲ့။ ဒါကြောင့် သေသွားသူအား မေတ္တာမပွားရ။

(ဝိသုဒ္ဓိမဂ်၊ ပ၊ ၂၈၈)

## မေတ္တာပွားနည်း

သူတစ်ပါးတွေအား မေတ္တာမပွားခင် 'ငါဟာ ချမ်းသာရပါစေ၊ ဆင်းရဲကင်းရပါစေ' လို့ ဖြစ်စေ။ 'ငါဟာ ရန်ကင်းရပါစေ၊ စိတ်ဆင်းရဲကင်းရပါစေ၊ ကိုယ်ဆင်းရဲ ကင်းရပါစေ၊ ချမ်းသာစွာ မိမိကိုယ်ကို ရွက်ဆောင်နိုင်ရပါစေ' လို့ ဖြစ်စေ ဒီနည်းနဲ့ ထပ်ကာထပ်ကာ မိမိကိုယ်ကိုသာ အရင်ဆုံး ပွားရပါတယ်။

'ငါဟာ ချမ်းသာရပါစေ' အစရှိတဲ့နည်းနဲ့ မိမိကိုယ်ကို အနှစ်တစ်ရာဖြစ်စေ၊ အနှစ်တစ်ထောင်ဖြစ်စေ မေတ္တာပွားပေမယ့် အဲဒီပုဂ္ဂိုလ်မှာ ဈာန် မဖြစ်သည်သာ။ တကယ်တော့ 'ငါဟာ ချမ်းသာရပါစေ' စသည်နဲ့ ပွားနေသူမှာ ငါဟာ ဆင်းရဲကို စက်ဆုပ်လျက် ချမ်းသာကို

http://www.dhammadownload.com



အလိုရှိသလို၊ အသက်ရှင်နေလိုလျက် မသေလိုသလို အခြားသတ္တဝါတွေ ဟာလည်း ငါလိုပဲလို့ ကိုယ်ချင်းစာကာ အခြားသတ္တဝါတွေအပေါ် စီးပွားချမ်းသာကို လိုလားမှု ဖြစ်တယ်။

သက်သေအဖြစ်ထားဖို့ ရှေးဦးစွာ မိမိကိုယ်ကို မေတ္တာနဲ့ ဖြန့်ပြီး တဲ့အခါ အဲဒါရဲ့အခြားမဲ့မှာ မေတ္တာပွားတာ လွယ်ကူအောင် ချစ်ခင်, မြတ်နိုး, လေးစား, မေတ္တာပွားအပ်တဲ့ ဆရာ သို့မဟုတ် ဆရာနဲ့တူမျှသူ, သို့မဟုတ် ဥပဇ္ဈာယ်, သို့မဟုတ် ဥပဇ္ဈာယ်နဲ့တူမျှသူရဲ့ ချစ်ခင်, မြတ်နိုး စရာ ပေးကမ်းမှု, ချစ်ဖွယ်စကားကို ပြောဆိုမှုစသည်တွေကိုရော၊ အလေးပြု, မေတ္တာပွားစရာ သီလ, သုတစသည်တွေကိုပါ အောက်မေ့ ဆင်ခြင်ပြီး 'ဒီသူတော်ကောင်း ချမ်းသာပါစေ၊ ဆင်းရဲကင်းပါစေ' စတဲ့နည်းနဲ့ မေတ္တာပွားရတယ်။

အဲဒီလိုပုဂ္ဂိုလ်မှာတော့ ဈာန် ပြီးစီးပြည့်စုံနိုင်ပါတယ်။ ဒါပေမယ့် ဒီယောဂီရဟန်းဟာ အဲဒီလောက်နဲ့ မရောင့်ရဲဘဲ နယ်ပယ်ကို ဖျက်လိုရင် အလွန်ချစ်အပ်တဲ့ သူငယ်ချင်းမှာ၊ အဲဒီကနောက် အလယ်အလတ်ပုဂ္ဂိုလ် မှာ၊ အဲဒီကနောက် ရန်သူပုဂ္ဂိုလ်မှာ မေတ္တာပွားရတယ်။ အဲဒီလို မေတ္တာပွားတဲ့အခါမှာလည်း ချစ်အပ်၊ အလေးပြုအပ်တဲ့ ပုဂ္ဂိုလ်၊ အလွန် ချစ်ခင်အပ်တဲ့ပုဂ္ဂိုလ်၊ အလယ်အလတ်ပုဂ္ဂိုလ်၊ ရန်သူပုဂ္ဂိုလ်တွေထဲက တစ်ယောက်ယောက်အပေါ် စိတ်ကို နူးညံ့အောင် ဘာဝနာအမှုမှာ ခန့်ကျန်းသန်စွမ်းအောင် လုပ်ပြီး အဲဒါရဲ့အခြားမဲ့ အခြားမဲ့မှာ မေတ္တာပွား ရတယ်။

ရန်သူ မရှိရင် သို့မဟုတ် ယောကျ်ားမြတ်တို့ရဲ့ သဘောရှိလို့ အကျိုးမဲ့ပြုသူအပေါ်မှာတောင် ရန်သူလို့ အမှတ်ထားတာ မရှိရင် အဲဒီ ပုဂ္ဂိုလ်ဟာ 'ငါရဲ့မေတ္တာစိတ်ဟာ အလယ်အလတ်ပုဂ္ဂိုလ်မှာ ခန့်ကျန်းစွာ ဖြစ်ပြီ။ ယခုအခါ အဲဒီမေတ္တာစိတ်ကို ရန်သူထံ ဆောင်ပို့မယ်' လို့ ကြောင့်ကြစိုက်မှုကိုတောင်မှ မပြုလုပ်ရ။ 'အလယ်အလတ်ပုဂ္ဂိုလ်ရဲ့

http://www.dhammadownload.com



နောက်မှာ ရန်သူကို မေတ္တာပွားရတယ်’ဆိုတဲ့ စကားဟာ ရန်သူရှိတဲ့ ယောဂီကို ရည်ရွယ်ပြီး ပြောတဲ့စကား ဖြစ်တယ်။

ဆက်ဦးမယ်။ ရန်သူကို မေတ္တာပို့တဲ့ ယောဂီမှာ ရန်သူက ပြုထားဖူးတဲ့ ပြစ်မှားမှုကို အောက်မေ့မိလို့ ဒေါသဖြစ်ခဲ့ရင် အဲဒီယောဂီဟာ အလေးပြုအပ်သူစတဲ့ ရှေးပုဂ္ဂိုလ် ၃ ဦးထဲက တစ်ဦးဦးကို ထပ်ကာထပ်ကာ မေတ္တာဈာန်ဝင်စားပြီး အဲဒီဈာန်မှထကာ ရန်သူကို ထပ်ကာထပ်ကာ မေတ္တာပို့ခြင်းဖြင့် ဒေါသကို ပယ်ဖျောက်ရတယ်။

ရန်သူအပေါ် ဒေါသငြိမ်းနေတဲ့ ယောဂီမှာ ချစ်အပ်တဲ့ပုဂ္ဂိုလ်၊ အလွန်ချစ်အပ်တဲ့ သူငယ်ချင်းနဲ့ အလယ်အလတ်ပုဂ္ဂိုလ်တွေအပေါ် မေတ္တာစိတ်ဖြစ်သလို ရန်သူအပေါ်မှာလည်း မေတ္တာစိတ် မပြတ်ဖြစ်တယ်။ အဲဒီအခါ ယောဂီဟာ ထပ်ကာထပ်ကာ မေတ္တာပွားလို့ ၁။ မိမိ၊ ၂။ ချစ်အပ်တဲ့ပုဂ္ဂိုလ်၊ ၃။ အလယ်အလတ်ပုဂ္ဂိုလ်၊ ၄။ ရန်သူ။ ဒီလေးဦးအပေါ် မေတ္တာစိတ် အညီအမျှဖြစ်စေကာ မိမိ၊ သူတစ်ပါး၊ ချစ်သူ၊ မုန်းသူစသည်ဖြင့် ကွဲပြားတဲ့ နယ်ပယ်ကို ဖျက်ရတယ်။

(ဝိသုဒ္ဓိမဂ်၊ ပ၊ ၂၈၈ မှ ၃၀၀ ထိ)

## နယ်ပယ်ဖျက်ခြင်း

မေတ္တာပွားတဲ့ပုဂ္ဂိုလ်ဟာ ချစ်အပ်တဲ့ပုဂ္ဂိုလ်၊ အလယ်အလတ်ပုဂ္ဂိုလ်၊ ရန်သူရယ် မိမိရယ် ၄ ယောက်သား နေရာတစ်ခုမှာ နေကြတဲ့အခါ ခိုးသူဓားပြတွေက လာပြီး ‘အရှင်ဘုရား ကျွန်ုပ်တို့အား ရဟန်းတစ်ပါးကို ပေးပါ’ လို့ တောင်းဆိုလာတဲ့အခါ ‘ဘယ်ကိစ္စအတွက်လဲ’ လို့ မေးတော့ ‘အဲဒီရဟန်းကို သတ်ပြီး လည်ချောင်းသွေးကို ယူကာ ဗလိနတ်စာ ပူဇော်ရန်အတွက်ပါ’ လို့ ပြောကြမယ်။ အဲဒီအခါ ယောဂီရဟန်းက ‘ဒီရဟန်းကိုဖြစ်စေ၊ ဒီရဟန်းကိုဖြစ်စေ ယူကြစေ’လို့ ကြံစည်လိုက်ရင် နယ်ပယ်ဖျက်တဲ့ကိစ္စ မပြီးသေးသည်သာ။ ‘ငါ့ကိုသာ

http://www.dhammadownload.com



ယူကြ၊ ဒီသုံးပါးကို မယူကြနဲ့’ လို့ ကြံစည်လိုက်ရင်လည်း နယ်ပယ် ဖျက်တဲ့ကိစ္စ မပြီးသေးသည်သာ။ အကြောင်းကား ပုဂ္ဂိုလ်တစ်ဦးဦးကို ယူစေချင်ရင် အဲဒီပုဂ္ဂိုလ်ရဲ့ အကျိုးစီးပွားကို အလိုမရှိဘဲ အခြားသူတွေရဲ့ အကျိုးစီးပွားကိုသာ အလိုရှိရာရောက်သောကြောင့်တည်း။

တကယ်တော့ အဲဒီပုဂ္ဂိုလ် ၄ ဦးထဲက တစ်ဦးကိုတောင်မှ ခိုးသူ့ဓားပြတို့အား ပေးသင့်တယ်လို့ မမြင်။ မိမိမှာရော အခြားပုဂ္ဂိုလ် ၃ ဦးမှာပါ မေတ္တာစိတ်ကို အညီအမျှပဲ ဖြစ်စေတယ်။ အဲဒီအခါ နယ်ပယ်ကို ဖျက်ဆီးပြီးဖြစ်သွားတော့တယ်။

(ဝိသုဒ္ဓိမဂ်၊ ပ၊ ၃၀၀)

## အသညသတ်ဗြဟ္မာ

ဘုရားရှင် မပွင့်တဲ့အခါမှာ တိတ္ထိတို့အယူမှာ ရဟန်းပြုသူတွေဟာ လေကသိုဏ်းရဲ့ ပရိကံကို ပြုလုပ်ပြီး စတုတ္ထဈာန်ကို ဖြစ်စေကာ အဲဒီစတုတ္ထဈာန်က ထပြီး ‘စိတ်ဟာ စက်ဆုပ်စရာပဲ၊ ဒီစိတ်ကို စက်ဆုပ်အပ်တယ်။ စိတ်မရှိတာပဲ ကောင်းတယ်။ မှန်တယ်၊ စိတ်ကို မှီပြီးတော့သာ သတ်ခံရခြင်း၊ နှောင်ဖွဲ့ခံရခြင်းစတဲ့ ဆင်းရဲ ဖြစ်တယ်။ စိတ် မရှိရင် အဲဒီဆင်းရဲ မရှိဘူး’ လို့ ကြိုက်နှစ်သက်မှုကို ဖြစ်စေပြီး ဈာန်မှမလျောဘဲ သေသွားတဲ့အခါ အသညသတ်ဘုံ (စိတ်မရှိတဲ့ဘုံ) မှာ ဖြစ်ကြတယ်။ လူ့လောကမှာ ထားတဲ့ ဣရိယာပုထ်အတိုင်း အသညသတ်ဘုံမှာ ဖြစ်ပြီး ကမ္ဘာ ၅ ရာ ရပ်တယ်။ သို့မဟုတ် ထိုင်တယ်၊ အဲဒီအချိန်မှာ အိပ်နေသလိုပဲ။

အဲဒီဈာန်ဟာ အသညသတ်ဗြဟ္မာတွေရဲ့အကြောင်းပဲ။ လေးညှို့အဟုန်နဲ့ ပစ်လိုက်တဲ့ မြားဟာ လေးညှို့အဟုန်ရှိသမျှ သွားတယ်။ အဲဒီလိုပဲ ဈာန်အကြောင်းရှိသမျှ အသညသတ်ဗြဟ္မာတွေ တည်ကြ

http://www.dhammadownload.com



တယ်။ အဲဒီစျာန် ပြီးသွားတဲ့အခါ အဟုန်ကုန်သွားတဲ့ မြားပမာ ကျလာကြတယ်။

(ပါထိက၊ ဌ၊ ၁၅၇)

## မြင်းမိုရ်တောင်က ရတနာ

မြင်းမိုရ်တောင်ရဲ့ အရှေ့ဘက်ပိုင်းက ငွေနဲ့ ပြီးတယ်။
တောင်ဘက်ပိုင်းက ပတ္တမြားနဲ့ ပြီးတယ်။
အနောက်ဘက်ပိုင်းက ဖလ်နဲ့ ပြီးတယ်။
မြောက်ဘက်ပိုင်းက ရွှေနဲ့ ပြီးတယ်။

(ပါထိက၊ ဌ၊ ၁၄၆)

## ပရိတ်နဲ့တန်ခိုး

ပရိတ်ကို အနက်အဓိပ္ပာယ်ကိုရော ပါဠိကိုပါ ချွတ်ယွင်းစေပြီးဖြစ်စေ၊ အကုန်လုံး ကျေပွန်အောင် မလုပ်ဘဲဖြစ်စေ ရွတ်ရင် ပရိတ်ဟာ တန်ခိုးမရှိ။ အကုန်လုံး ကျေပွန်အောင် လုပ်ပြီး ရွတ်တဲ့သူသာ ပရိတ်ဟာ တန်ခိုးရှိတယ်။ လာဘ်လာဘအတွက်ကြောင့် သင်ယူပြီး ရွတ်သူရဲ့ ပရိတ်ဟာလည်း အကျိုးကို မပြီးစေ။ သံသရာက ထွက်မြောက်ဖို့ဘက်မှာ တည်ပြီး မေတ္တာကို ရှေ့သွားပြုကာ ရွတ်သူရဲ့ပရိတ်ကသာ အကျိုးပြီးစေတယ်။

(ပါထိက၊ ဌ၊ ၁၅၀)

## ပရိတ်ရဲ့ပရိကံ

ဒီနေရာမှာရပ်ပြီး ပရိတ်ရဲ့ပရိကံကို ပြောပြရမယ်။ ပထမဆုံး အာဋာနာဋိယသုတ်ကို မရွတ်ရ၊ မေတ္တသုတ်၊ ဓဇဂ္ဂသုတ်၊ ရတနသုတ်

http://www.dhammadownload.com



တွေကို ၇ ရက် ရွတ်ရမယ်။ ဘီလူးအန္တရာယ်က လွတ်သွားရင် ကောင်းတယ်။ မလွတ်သေးရင် အာဋာနာဋိယသုတ်ကို ရွတ်ရမယ်။ အဲဒီသုတ်ကို ရွတ်တဲ့ရဟန်းဟာ မုန့်ညက်နဲ့ အသားကို မစားရ။ သုသာန်မှာ မနေရ။ အကြောင်းကတော့ ဘီလူးတွေက အခွင့်ရကြမှာ မို့ပါပဲ။ ပရိတ်ရွတ်မယ့် နေရာကို နွားချေးအစိမ်းနဲ့ လိမ်းကျံစေပြီး အဲဒီနေရာမှာ သန့်ရှင်းတဲ့ အခင်းကို ခင်းပြီးထိုင်ရမယ်။

ပရိတ်ရွတ်ပေးမယ့် ရဟန်းကို ကျောင်းက အိမ်ကို ပင့်ဆောင်သူတွေက ပျဉ်ချပ် (ကာ) လက်နက်ကို ကိုင်ပြီး ဝန်းရံပြီး ပင့်ရတယ်။ လွင်တီးခေါင် ဟင်းလင်းအပြင်မှာ ထိုင်ပြီး မနေရ၊ တံခါးလေသာပြူတင်းတွေကို ပိတ်ပြီး ထိုင်ကာ လက်နက်ကိုင်ထားသူတွေ ခြံရံပြီး မေတ္တာစိတ် ရှေ့ထားကာ နေရမယ်။ ရှေးဦးစွာ သီလသိက္ခာပုဒ်တွေကို ယူစေပြီး သီလမှာ တည်သူအား ပရိတ်ရွတ်ပေးရမယ်။ အဲဒီလိုနည်းနဲ့ လည်း လွတ်အောင် မလုပ်နိုင်ရင် ကျောင်းကို ခေါ်ဆောင်ပြီး စေတီရင်ပြင်မှာ အိပ်စေကာ နေရာပူဇော်မှုကို ပြုစေပြီး ဆီမီးထွန်းညှိကာ စေတီရင်ပြင်ကို တံမြက်လှည်းပြီး မင်္ဂလာစကားကို ပြောရမယ်။

သံဃာကို စုဝေးဖို့ အသိပေး ကြေညာရမယ်။ ကျောင်းရဲ့အနီးတောမှာ အကြီးအကဲသစ်ပင်ဆိုတာ ရှိတယ်။ အဲဒီနေရာမှာ ရဟန်းသံဃာက သင်တို့ရဲ့ လာတာကို မျှော်လင့်နေတယ်လို့ ပြောပြီး စေလွှတ်ရမယ်။ သံဃာအားလုံး စုဝေးတဲ့နေရာမှာ မလာလို့မရ။ အဲဒီကနောက် ဘီလူး (သူရဲ၊ တစ္ဆေ) ဖမ်းစားခံရသူကို 'သင်ဟာ ဘယ်သူလဲ' လို့ မေးရမယ်။ နာမည်ကို ပြောရင် နာမည်နဲ့ပဲ ခေါ်ပြောရမယ်။ 'ဒီအမည်ရှိသူ ဒါဟာ ပန်းနံ့သာစသည်တွေမှာ သင့်အတွက် ကုသိုလ်အဖို့ပဲ။ နေရာပူဇော်မှုမှာ ကုသိုလ်အဖို့ပဲ။ ဆွမ်းမှာ ကုသိုလ်အဖို့ပဲ။ ရဟန်းသံဃာက သင့်ဖို့ လက်ဆောင်အတွက် မင်္ဂလာစကားကို ပြောပြီးပြီ။ ရဟန်းသံဃာမှာ ရှိသေမှုနဲ့ သူ့ကို လွှတ်လိုက်ပါ'လို့ပြောပြီး လွှတ်စေရမယ်။

http://www.dhammadownload.com



တကယ်လို့ မလွှတ်ရင် နတ်တွေအား 'သင်တို့ သိကြတယ်နော်၊ ဒီဘီလူး (သရဲ၊ တစ္ဆေ) ဟာ ငါတို့ရဲ့စကားကို နားမထောင်၊ ငါတို့ဟာ ဘုရားအာဏာကို ပြုကြမယ်' လို့ ပြောပြီး ပရိတ်ရွတ်ရမယ်။ ဒါဟာ လူဝတ်ကြောင်တွေအတွက် ပရိတ်ရွတ်ရာမှာ ကြိုတင်လုပ်ရမယ့် ကိစ္စ (ပရိကံ) ပဲ။ ရဟန်းကို ဘီလူး (သရဲ၊ တစ္ဆေ) ဖမ်းစားခံရရင်တော့ နေရာတွေကို ဆေးကြောစေပြီး သံဃာအားလုံး စုဝေးဖို့ ကြေညာကာ ပန်း နံ့သာစသည်တွေမှာ ကုသိုလ်အဖို့ကို ပေးပြီး ပရိတ်ကို ရွတ်ပေးရမယ်။ ဒါက ရဟန်းတွေအတွက် ပရိကံပဲ။

(ပါထိက၊ ဋ္ဌ၊ ၁၅၀၊ ၁)

## အရက်နဲ့ပညာ

သေရည်အရက်ဟာ ကမ္မဿကတာပညာကို အားနည်းအောင် လုပ်တယ်။ ဥပမာ သာဂတမထေရ်မှာလိုပါပဲ။ မဂ်ပညာကိုတော့ အားနည်းအောင် မလုပ်နိုင်။ မှန်တယ်၊ သေရည် အရက်ဟာ အရိယာပုဂ္ဂိုလ်တွေရဲ့ ပါးစပ်အတွင်းတောင် မဝင်။

(ပါထိက၊ ဋ္ဌ၊ ၁၂၈)

## ဘယ်အဖို့ကလဲ

၁။ တစ်ဖို့နဲ့ စည်းစိမ်တွေကို သုံးစွဲပါ။

၂။ နှစ်ဖို့နဲ့ အလုပ်လုပ်ပါ။

၃။ တစ်ဖို့က သိမ်းထားပါ။ ဘေးရန်ရှိတဲ့အခါ သုံးဖို့ ဖြစ်ပါတယ်။

အဲဒီ ၄ ဖို့ထဲက ဘယ်အဖို့ကို ယူပြီး ကုသိုလ်ပြုရမှာလဲ။ စည်းစိမ်တွေကို သုံးစွဲရမယ်လို့ ဆိုထားတဲ့ အဖို့ကို ယူပြီး ကုသိုလ်ပြုရပါမယ်။ အဲဒီအဖို့ထဲကယူပြီး ရဟန်းတွေကိုရော၊ ဆင်းရဲသား၊ ခရီးသွား

http://www.dhammadownload.com



စသည်တွေကိုပါ ပေးရပါတယ်။ ရက်ကန်းသည်၊ ဆတ္တာသည်စသည်တွေကိုလည်း ရိက္ခာပေးရတယ်။

(ပါထိက၊ ၄၊ ၁၃၄၊ ၅)

## မိန်းမနဲ့စားဖိုအိမ်

မိန်းမတွေဟာ မဟာလတာနဲ့တူတဲ့ တန်ဆာကိုတောင် ရပြီး ထမင်းကို စီမံခွင့် မရရင် စိတ်ဆိုးကြတယ်။ 'ဇွန်းကို လက်မှာထားပြီး သင် ကြိုက်သလို လုပ်ပါ' လို့ စားဖိုကို စွန့်ပေးလိုက်ရင် အစိုးရမှုအားလုံးကို စွန့်ပေးလိုက်သည်မည်ပါတယ်။

(ပါထိက၊ ၄၊ ၁၃၈)

## အရိယာနဲ့အဂတိ

အရိယာပုဂ္ဂိုလ်ဟာ အသက်သာ အသေခံမယ်၊ အဂတိ ၄ ပါးကိုတော့ မလိုက်။ (ပါထိက၊ ၄၊ ၁၂၇)

## သေခါနီးစကား

သေရာညောင်စောင်းပေါ်မှာ လဲလျောင်းနေသူရဲ့စကားဆိုတာ တစ်သက်လုံး အမှတ်ရစရာ ဖြစ်တယ်။ (ပါထိက၊ ၄၊ ၁၂၅)

## နတ်တွေရဲ့ကာမကိစ္စ

ကျွမ်းကျင်တဲ့ စားဖိုမှူးဟာ ရှင်ဘုရင် ပွဲတော်တည် (ထမင်းစား) တဲ့အခါ ရှင်ဘုရင် အယူများတာကို ရှင်ဘုရင် ကြိုက်တယ်လို့ သိတယ်။ အဲဒီလိုပါပဲ၊ ပကတိအတိုင်း ကြိုက်တဲ့အာရုံကို သိကာ အဲဒီအာရုံမျိုးကိုပဲ တစ်ပါးသူတွေက အထက်ဆုံးနတ်ပြည်က နတ်တွေရဲ့အတွက်

http://www.dhammadownload.com



ဖန်ဆင်းပေးကြတယ်။ အဲဒီသူတစ်ပါး ဖန်ဆင်းပေးတဲ့သူမှာ အလိုဖြစ်စေကြတယ်။ မေထုန်မှီဝဲကြတယ်။

တချို့မထေရ်တွေကတော့ 'ပြုံးရုံမျှ၊ ကြည့်ရုံမျှ၊ ပွေ့ဖက်ရုံမျှနဲ့ အဲဒီနတ်တွေရဲ့ ကာမကိစ္စ ပြီးတယ်'လို့ ပြောကြတယ်။ အဲဒီအဆိုစကားကို အဋ္ဌကထာမှာ 'ဒါကတော့ မရှိဘူး' လို့ ပယ်ထားတယ်။ မှန်တယ်၊ ကိုယ်နဲ့ မထိတွေ့ဘဲ ဖောဋ္ဌဗ္ဗအာရုံဖြစ်တဲ့ ကာမကိစ္စဟာ မပြီးစီး။ မှန်တယ်၊ နတ်ပြည် ၆ ထပ်က နတ်တွေရဲ့ကာမဟာ ပကတိအတိုင်းပါပဲ။ (လူတွေလိုပါပဲ)။

(ပါထိက၊ ဋ္ဌ၊ ၁၈၃)

## ဒိဋ္ဌိဇုကမ္မနဲ့ကောင်းမှု

ဒိဋ္ဌိဇုဂတ (ဒိဋ္ဌိဇုကမ္မ)၊ အယူဖြောင့်မှန်မှုဟာ ပုညကိရိယဝတ္ထုအားလုံးတို့ရဲ့ သတ်မှတ်ထားတဲ့ အမှတ်အသားပဲ။ မှန်တယ်၊ ကောင်းမှုအားလုံး ပြုလုပ်သူမှာ အယူဖြောင့်မှန်ပြီး ပြုမှသာ အကျိုးများတယ်။

(ပါထိက၊ ဋ္ဌ၊ ၁၈၂)

## ၃ မျိုးထဲ ထည့်

အပစာယနနဲ့ ဝေယျာဝစ္စကို သီလထဲမှာ ထည့်၊ ပတ္တိဒါနနဲ့ ပတ္တာနုမောဒနကို ဒါနထဲမှာ ထည့်၊ ဓမ္မဿဝနနဲ့ ဓမ္မဒေသနာကို ဘာဝနာထဲမှာ ထည့်၊ ဒိဋ္ဌိဇုကမ္မကို ဒါန၊ သီလ၊ ဘာဝနာ သုံးမျိုးလုံးမှာ ထည့်။ (ပါထိက၊ ဋ္ဌ၊ ၁၅၇)

## ဝိနည်းဒါနနဲ့အဘိဓမ္မာဒါန

ဝိနည်းဒေသနာ ရောက်တဲ့အခါ 'လှူမယ် လုပ်မယ်' လို့ နှုတ်မြွက်ရတယ်' လို့ ဆိုထားတဲ့ အမှတ်အသားနဲ့ ဒါနဆိုတာ ဖြစ်တယ်။

http://www.dhammadownload.com



အဘိဓမ္မာဒေသနာရောက်တော့ ထင်ရှားတဲ့ဝတ္ထုကို အကြောင်းပြုပြီး 'လှူမယ်' လို့ စိတ်နဲ့ကြံစည်တဲ့ အချိန်ကစပြီး ကုသိုလ်ဖြစ်တယ်။ နောင်မှ ကိုယ်နဲ့ဖြစ်စေ၊ နှုတ်နဲ့ဖြစ်စေ လုပ်သင့်တာကို လုပ်မယ်လို့ ဆိုတယ်။ (အဋ္ဌသာလိနီ၊ ၁၁၉)

## ဉာဏ်မပါတဲ့ ဘာဝနာ

ကျေညက်နေတဲ့ တရားစာကို ရွတ်အံတဲ့အခါ အနုသန္ဓေတစ်ခု၊ နှစ်ကို ရောက်ပေမယ့် မသိ။ နောင်အခါ ဆင်ခြင်မှ သိတယ်။ အဲဒီလို ပါပဲ ကသိဏ်းပရိကံကို ပြုတဲ့အခါ, အလေ့အလာများတဲ့ ဈာန်ကို ဆင်ခြင်တဲ့အခါ ဉာဏ်မပါတဲ့ ဘာဝနာလည်း ဖြစ်တယ်။

(ပါထိက၊ ဋ္ဌ၊ ၁၇၉/၁၈၀)

## မာရ်နတ်ရဲ့အစွမ်း

ဝိပလ္လာသ မကင်းသေးသူတို့ရဲ့ စိတ်ကို မာရ်နတ်က လုပ်ချင်တိုင်း လုပ်လို့ရတယ်။ (ပါထိက၊ ဋ္ဌ၊ ၂၇)

## မာန် ၉ မျိုး

၁။ သေယျမာန် = ငါ မြတ်တယ်လို့ ဖြစ်တဲ့မာန်၊

၂။ သဒိသမာန် = ငါ နဲ့အတူတူပဲလို့ ဖြစ်တဲ့မာန်၊

၃။ ဟီနမာန် = ငါ ညံ့တယ်လို့ ဖြစ်တဲ့မာန်၊

ဒီမာန် ၃ ပါးဟာ မြတ်သူမှာလည်း ရှိတယ်၊ တူသူမှာလည်း ရှိတယ်၊ ညံ့သူမှာလည်း ရှိတယ်။ ၃ မျိုးစီကို ပေါင်းလိုက်ရင် မာန် ၉ မျိုး ရှိတယ်။

http://www.dhammadownload.com



မြတ်သူမှာ 'ငါဟာ မြတ်သူပဲ' လို့ ဖြစ်တဲ့မာန်၊
တူသူမှာ 'ငါဟာ တူသူပဲ' လို့ ဖြစ်တဲ့မာန်၊
ညံ့သူမှာ 'ငါဟာ ညံ့သူပဲ' လို့ ဖြစ်တဲ့မာန်၊
ဒီမာန် ၃ မျိုးဟာ မှန်ကန်တဲ့ မာန် (ယာထာဝမာန်) တွေပဲ။ အရဟတ္တမဂ်နဲ့ ပယ်သတ်ရတယ်။

ကျန်တဲ့မာန် ၆ မျိုးက မမှန်ကန်တဲ့မာန် (အယာထာဝမာန်) တွေပဲ။ သောတာပတ္တိမဂ်နဲ့ ပယ်သတ်ရတယ်။

(ပါထိက၊ ဋ္ဌ၊ ၁၇၃)

## အခေါ်အဝေါ်

ဘုရားရှင်တွေက ပရိသတ်ကို ခေါ်ကြတဲ့အခါ 'ဘိက္ခုတို့' လို့ ခေါ်ကြတယ်။ တပည့်သာဝကတွေက ဘုရားရှင်ကို အမြင့်နေရာမှာ ထားကြမယ်လို့ ရည်ရွယ်ကာ ဘုရားရှင့်အခေါ်အဝေါ်နဲ့ မခေါ်ဝေါ်ဘဲ 'ငါ့ရှင်တို့' လို့ ခေါ်ဝေါ်ကြတယ်။

(ပါထိက၊ ဋ္ဌ၊ ၁၃၇)

## ဝါဝင် + ဝါကျွတ်

ဘုရားလက်ထက်က ရဟန်းတွေက ဝါဆိုနီးအချိန်နဲ့ ဝါကျွတ်ချိန်တွေမှာ စုဝေးကြတယ်။ ဝါဆိုခါနီးမှာ ၁၀ ပါး တစ်စု၊ ၂၀ ပါး တစ်စု၊ ၃၀ တစ်စု၊ ၄၀ တစ်စု၊ အပါး ၅၀ တစ်စုနဲ့ အုပ်စုဖွဲ့ကာ ကမ္မဋ္ဌာန်းတောင်းဖို့ ဘုရားထံ လာကြတယ်။ ဘုရားက အဲဒီရဟန်းတွေနဲ့ ဝမ်းမြောက်ဝမ်းသာ စကားပြောကာ 'ရဟန်းတို့၊ ဘာကြောင့် ဝါဆိုခါနီးမှာ လှည့်လည်ကြသလဲ' လို့ မေးတယ်။ အဲဒီအခါ အဲဒီရဟန်းတွေက 'မြတ်စွာဘုရား၊ တပည့်တော်တို့ဟာ ကမ္မဋ္ဌာန်းတောင်းဖို့ လာခဲ့ကြပါ

http://www.dhammadownload.com



တယ်။ တပည့်တော်တို့အား ကမ္မဋ္ဌာန်းပေးတော်မူပါ’ လို့ လျှောက်တောင်းကြတယ်။

ဘုရားရှင်က သူတို့ရဲ့စရိုက်အားလျော်စွာ ရာဂစရိုက်ရှိသူအား အသုဘကမ္မဋ္ဌာန်း ပေးတယ်။ ဒေါသစရိုက်ရှိသူအား မေတ္တာကမ္မဋ္ဌာန်း ပေးတယ်။ မောဟစရိုက်ရှိသူအား ပါဠိတော် သင်ယူမှု၊ အဋ္ဌကထာကို မေးမြန်းမှု၊ သင့်လျော်တဲ့အချိန်မှာ တရားနာမှု၊ တရားဆွေးနွေးမှုဟာ သင့်လျော်တယ်လို့ ပြောတယ်။ ဝိတက်စရိုက်ရှိသူအား အာနာပါနသတိကမ္မဋ္ဌာန်း ပေးတယ်။ သဒ္ဓါစရိုက်ရှိသူအား ကြည်ညိုစရာ သုတ္တန်တွေ၊ ဘုရားရဲ့ ကောင်းတဲ့ ဘုရားဖြစ်ပုံ၊ တရားရဲ့ တရားကောင်းဖြစ်ပုံ၊ သံဃာရဲ့ ကောင်းကောင်းကျင့်ပုံတွေကို ထင်ရှားပြတယ်။ ဉာဏ်စရိုက်ရှိသူအား အနိစ္စစသည်နဲ့ ယှဉ်တဲ့၊ နက်နဲတဲ့ သုတ္တန်တွေကို ဟောတယ်။ အဲဒီရဟန်းတွေက ကမ္မဋ္ဌာန်းယူပြီး သင့်လျော်ရာမှာပဲ နေကြတယ်။ မသင့်လျော်ရင် သင့်လျော်ရာကျောင်းကို မေးပြီး သွားကြတယ်။ အဲဒီမှာ နေပြီး ၃ လ အကျင့်ကို ယူပြီး ကြိုးစားအားထုတ်ကြတယ်။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာတွေ ဖြစ်ကြတယ်။

အဲဒီကနောက် ဝါကျွတ်လို့ ပဝါရဏာပြုပြီးတဲ့အခါ ဘုရားရှင်ထံ သွားပြီး ‘မြတ်စွာဘုရား၊ တပည့်တော်ဟာ မြတ်စွာဘုရားထံက ကမ္မဋ္ဌာန်းကို ယူပြီး သောတာပန် ဖြစ်ပါပြီ။ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဖြစ်ပါပြီ’ လို့ ကိုယ်ရထားတဲ့ တရားဂုဏ်ကို လျှောက်ထားကြတယ်။ (ပါထိက၊ ဠ၊ ၂၃၇)

## အမှီနဲ့ပညာ

လေးစားကြည်ညိုရာပုဂ္ဂိုလ်ကို မှီပြီး နေရသူမှာ ကိလေသာတွေ မဖြစ်။ အဆုံးအမ၊ အသွန်အသင်တွေ ရတယ်။ ဒါကြောင့် အဲဒီပုဂ္ဂိုလ်ကို မှီပြီး နေရတာဟာ ပညာရခြင်းရဲ့အကြောင်း ဖြစ်တယ်။

(ပါထိက၊ ဠ၊ ၂၄၆)

http://www.dhammadownload.com



## ပြိတ္တာထဲမှာ အသုရကာယ်

ရပ်ပြစ်ရှစ်ပါးထဲက ပြိတ္တာတွေထဲမှာ အသုရကာယ်ကို သွင်းယူထားတယ်လို့ သိရမယ်။ အကြောင်းကတော့ ပြိတ္တာတွေဟာ အသုရာတွေနဲ့ သမီးယူ၊ သမီးပေး လုပ်ကြလို့ပါပဲ။

(ပါထိက၊ ဋ္ဌ၊ ၂၄၆)

## ဝိဝေက ၃ ပါး

၁။ ကာယဝိဝေက = အပေါင်းအဖော်ကို ပယ်ခွာကာ ကြိုးစားကြောင်း အကြောင်း ၈ မျိုးနဲ့ တစ်ယောက်တည်း နေခြင်း၊

၂။ စိတ္တဝိဝေက = တစ်ယောက်တည်းနေရုံနဲ့ အလုပ်ကိစ္စမပြီးသေးလို့ ကသိုဏ်းပရိကံကို ပြုကာ သမာပတ်ရှစ်ပါးကို ဖြစ်စေခြင်း၊

၃။ ဥပဓိဝိဝေက = သမာပတ်မျှနဲ့ အလုပ်မပြီးသေးလို့ ဈာန်ကို အခြေခံကာ သင်္ခါရတွေကို သုံးသပ်ပြီး ပဋိသမ္ဘိဒါတွေနဲ့တကွ ရဟန္တာဖြစ်ခြင်း။

(ပါထိက၊ ဋ္ဌ၊ ၂၄၇)

## လောကဝတ်

ဒီလောကသတ္တဝါမှာ ပစ္စည်းကြောင့်လည်း အပေါက်အကြား မထင်ရှားရအောင်၊ တရားကြောင့်လည်း အပေါက်အကြား မထင်ရှားရအောင် ထိုင်ခုံကို အခင်းနဲ့ ဖုံးလွှမ်းခင်းလိုက်သလို ပစ္စည်းနဲ့ရော တရားနဲ့ပါ ဖုံးလွှမ်းခင်းရတယ်။ (အစေ့အစပ်ပြုလုပ်ရတယ်။ လောကဝတ် ပြုရတယ်။)

(ပါထိက၊ ဋ္ဌ၊ ၁၆၄)

http://www.dhammadownload.com



# သူတို့ကို ပေးသင့်တယ်

ပစ္စည်းနဲ့ ချီးမြှောက်မှု၊ လောကဝတ်ပြုမှုကို ပြုသူဟာ မိဘ၊ ရဟန်းတွေနဲ့ တစ်ကျောင်းတည်းနေသူ၊ ဝေယျာဝစ္စပြုလုပ်သူ၊ ရှင်ဘုရင်၊ ခိုးသူတွေကို အညီအဖျား မယူဘဲလည်း ပေးသင့်တယ်။ မှန်တယ်၊ သုံးသပ်ကိုင်စွဲပြီးမှ ပေးရင် ရှင်ဘုရင်တွေနဲ့ ခိုးသူတွေက အကျိုးမဲ့ကိုလည်း လုပ်နိုင်ကြတယ်။ သတ်လည်း သတ်နိုင်ကြတယ်။ မသုံးသပ်မကိုင်စွဲဘဲ ပေးရင် ဝမ်းသာကြတယ်။ (ပါထိက၊ ဋ္ဌ၊ ၁၆၄)

# ဗိမ္ဗိသာရရဲ့ ရှေးအကုသိုလ်ကံ

ဗိမ္ဗိသာရမင်းရဲ့ ခြေဖဝါးဟာ ဓားခွဲခံရတယ်။ ဆား၊ ဆီနဲ့ လိမ်းကျံခံရတယ်။ အလျှံကင်းတဲ့ ရှားမီးကျီးခဲတွေနဲ့ အကင်ခံရတယ်။

ဗိမ္ဗိသာရမင်းဟာ ရှေးဘဝက ပန်း နံ့သာစသည်တွေနဲ့ ပူဇော်ရာဖြစ်တဲ့ စေတီရင်ပြင်မှာ ဖိနပ်စီးခဲ့တယ်။ ရဟန်းသံဃာတွေ ထိုင်ဖို့ ခင်းထားတဲ့ ဖျာပေါ်မှာ မဆေးကြောရသေးတဲ့ ခြေတွေနဲ့ နင်းခဲ့တယ်။ အဲဒီကံရဲ့ အကျိုးဆက်ပဲလို့ ဆိုကြပါတယ်။

(သီလက္ခန်၊ ဋ္ဌ၊ ၁၂၆)

# ပူဇော်ရင် နတ်တွေ ကူညီ

တရားနဲ့ယှဉ်တဲ့ ပူဇော်ပသမှုကို ယုတ်လျော့စေသူတို့အတွက် နတ်တွေက အစောင့်အရှောက်ကို ကောင်းကောင်း စီစဉ်ကြမှာမဟုတ်။ မဖြစ်ပေါ်သေးတဲ့ ဒုက္ခကို ဖြစ်အောင် မလုပ်နိုင်ကြပေမယ့် ဖြစ်ပေါ်ပြီးတဲ့ ချောင်းဆိုး၊ ခေါင်းခဲစတဲ့ ရောဂါကို တိုးပွားစေကြတယ်။ စစ်ပွဲရောက်လာတဲ့အခါ အဖော်သဟဲ မဖြစ်ကြတော့။

http://www.dhammadownload.com



ပူဇော်ပသမှုကို မယုတ်လျော့စေသူတွေအတွက်တော့ နတ်တွေက အစောင့်အရှောက်ကို ကောင်းကောင်း စီစဉ်ပေးကြတယ်။ မဖြစ်ပေါ်သေးတဲ့ ချမ်းသာကို ဖြစ်အောင် မလုပ်နိုင်ကြပေမယ့် ဖြစ်ပေါ်ပြီးတဲ့ ချောင်းဆိုး၊ ခေါင်းခဲစတဲ့ရောဂါကို ဖယ်ရှားပေးကြတယ်။ စစ်မြေပြင်မှာ အဖော်လုပ်ပေးကြတယ်။

(အံ၊ ၄၊ တး ၁၅၄)

## ဝေမာနိကပြိတ္တာဘဝ

အပါယ်လေးပါးက အလွတ်ဖြစ်တဲ့ ဥတ္တရာရဲ့အမေ ဘီလူးမ၊ ပိယင်္ကရဲ့အမေ ဘီလူးမ၊ ဖုဿမိတ္တာ၊ ဓမ္မဂုတ္တာ စတာတွေနဲ့ အခြား ဝေမာနိကပြိတ္တာတွေဟာ နတ်တွေလို တန်ခိုးမကြီးကြ။ လူဆင်းရဲတွေလိုပဲ တန်ခိုးအရှိန်အဝါ နည်းကြတယ်။ အစားနဲ့အဝတ် ရခဲတယ်။ ဆင်းရဲနှိပ်စက်ခံရပြီး နေကြတယ်။ တချို့က လဆုတ်ပိုင်းမှာ ဆင်းရဲပြီး လဆန်းပိုင်းမှာ ချမ်းသာကြတယ်။ (အံ၊ ၄၊ တ၊ ၁၆၃)

## လူ့သေက စကားပြော

လူသေကောင်က ထပြီးစကားပြောနိုင်တာမရှိ။ ကောရက္ခတ္တိယရဲ့အလောင်းက ဘယ်လိုလုပ်ပြီး စကားပြောတာလဲ။ ဘုရားရှင်ရဲ့ တန်ခိုးကြောင့်ပါပဲ။ ဘုရားရှင်က ကောရက္ခတ္တိယကို အသုရာဘဝမှ ဆောင်ကာ အလောင်းကောင်မှာ ပူးဝင်စေပြီး စကားပြောစေပါတယ်။

တစ်နည်း။ အဲဒီအလောင်းကောင်ကိုပဲ စကားပြောစေပါတယ်။ မှန်တယ်၊ ဘုရားရှင်ရဲ့အရာဟာ မကြံစည်အပ်၊ မကြံစည်နိုင်ဘူး။

(ပါတိက၊ ၄၊ ၇)

http://www.dhammadownload.com



## အငွေ့နဲ့အဝတ်

ရေချိုးပြီးတဲ့ ယောကျ်ားဟာ ဖြူစင်စင်ကြယ်တဲ့အဝတ်ကို ဦးခေါင်းပါ ခြုံပြီး ထိုင်နေရင် တစ်ကိုယ်လုံးက အငွေ့ဟာ အဝတ်တစ်ခုလုံးကိုပဲ ပြန့်နှံ့နေတယ်။

ညစ်နွမ်းတဲ့ အဝတ်နဲ့ အငွေ့မဖြန့်နိုင်ဘူး။ ဖွပ်လျှော်ပြီးစ ဖြူစင်တဲ့ အဝတ်နဲ့ အငွေ့ဖြန့်တာ အားကောင်းတယ်။

(အံ၊ ၄၊ တ၊ ၁၀၊ ၁)

## ကြာ ၃ မျိုး

အဖြူ၊ အနီ၊ အညိုထဲက တစ်ခုခုဟာ ဥပ္ပလကြာ၊

ပွင့်ချပ်တစ်ရာရှိတဲ့ ကြာက ပဒုမကြာ၊

ပွင့်ချပ်တစ်ရာအောက် လျော့တဲ့ ကြာက ပုဏ္ဍရိကကြာ၊

တစ်နည်း။ ပွင့်ချပ်ကို ဖယ်ထားပြီး ကြာဖြူက ပဒုမကြာ၊ ကြာနီက ပုဏ္ဍရိက်ကြာ။ (အံ၊ ၄၊ တ၊ ၁၀)

## တိရစ္ဆာနကထာနဲ့ ကမ္မဋ္ဌာန်း

တိရစ္ဆာနကထာ (နတ်ပြည်၊ နိဗ္ဗာန်နဲ့ ဆန့်ကျင်ဖက်စကား) တို့ကို သာယာဖွယ်အနေနဲ့ ပြောရင် တိရစ္ဆာနကထာ ဖြစ်တယ်။ 'ဒါတွေလည်း ကုန်ခြင်းသို့ ရောက်ကုန်ပြီ' လို့ ပြောရင် ကမ္မဋ္ဌာန်းပဲဖြစ်တယ်။

(အံ၊ ၄၊ တ၊ ၃၁၈)

## ဘီလူးအစွမ်း

ဘီလူးရဲ့အစွမ်းကြောင့် လူတွေရဲ့ ဆံပင်စတာတွေကို အစပြုပြီး တစ်ကိုယ်လုံးဟာ ဆီဦးအစိုင်အခဲလို ဖြစ်သွားသတဲ့။

(သုတ္တနိပါတ၊ ၄၊ ပ၊ ၂၁၄)

http://www.dhammadownload.com



## ဘီလူးသွားလမ်း

ကောင်းကင်မှာ ဘီလူးတွေရဲ့လမ်းဟာ နေရာတကာမှာ မရှိ။ ကောင်းကင်မှာ တည်ရှိတဲ့ ဗိမာန်တွေကို ရှောင်လွှဲပြီး လမ်းတည်ရာနဲ့သာ လမ်းဖြစ်တယ်။ (သုတ္တနိပါတ၊ ဋ္ဌ၊ ပ၊ ၂၁၆)

## ဘုရားအထက်ပေါ်က

ဘုရားရှင်တို့ ထိုင်နေရာအရပ်ရဲ့ အထက်ပေါ်မှာ ဘဝဂ်တိုင်အောင် ဘယ်သူမှ မသွားနိုင်။ (သုတ္တနိပါတ၊ ဋ္ဌ၊ ပ၊ ၂၁၆)

## အသံကြီး ၄ သံ

၁။ ဘီလူးစစ်သူကြီး ပုဏ္ဏကရဲ့ ဓနဉ္စယကောရဗျမင်းကို ကြွေအံ ကစားရာမှာ နိုင်လို့ လက်ခမောင်းခတ်ပြီး 'ငါ အောင်နိုင်ပြီ' လို့ ကြွေးကြော်တဲ့အသံ။

၂။ သိကြားမင်းက ကဿပဘုရားရှင် သာသနာ ဆုတ်ယုတ်လာတဲ့အခါ ဝိသကြုံနတ်သားကို ခွေးယောင်ဖန်ဆင်းစေပြီး 'ငါဟာ ယုတ်မာတဲ့ ရဟန်း၊ ရဟန်းမ၊ ဉပါသကာ၊ ဉပါသိကာ မတရားပြောသူအားလုံးတို့ကိုပဲ ခဲစားမယ်' လို့ ကြွေးကြော်စေတယ်။ အဲဒီကြွေးကြော်သံ။

၃။ ကုသဇာတ်မှာ ပဘာဝတီကြောင့် ၇ ပြည်ထောင် မင်းတွေက မြို့ကို ဝိုင်းဆို့ထားတဲ့အခါ ပဘာဝတီကို မိမိနဲ့အတူ ဆင်ကျောကုန်းပေါ် တင်ပြီး မြို့မှ ထွက်ကာ 'ငါဟာ ခြင်္သေ့အသံနဲ့ တူတဲ့ အသံရှိတဲ့ ကုသမင်းပဲ' လို့ ဘုရားလောင်းရဲ့ ကြွေးကြော်သံ။

http://www.dhammadownload.com



၄။ အာဠဝကဘီလူးရဲ့ ကေလာသတောင်ထိပ်မှာ ရပ်ပြီး 'ငါဟာ အာဠဝကပဲ' လို့ ကြွေးကြော်သံ။

ဇမ္ဗူဒိပ်တစ်ကျွန်းလုံးမှာ တံခါးတိုင်း တံခါးတိုင်းမှာ ရပ်ပြီး ကြွေးကြော်တာနဲ့ တူတယ်။

(သုတ္တနိပါတ၊ ဋ္ဌ၊ ပ၊ ၂၁၈)

## အစွမ်းထက်တဲ့ လက်နက် ၄ ခု

၁။ သိကြားမင်းရဲ့ ဝရဇိန်လက်နက်၊

၂။ ဝေဿဝဏ်နတ်မင်းကြီးရဲ့ တင်းပုတ်၊

၃။ ယမမင်းရဲ့ မျက်စိလက်နက်၊

၄။ အာဠဝကဘီလူးရဲ့ ဘွဲ့ဖြူလက်နက်၊

၁။ သိကြားမင်းဟာ စိတ်ဆိုးပြီး ဝရဇိန်လက်နက်ကို မြင်းမိုရ်တောင်ထိပ်မှာ ရိုက်ပုတ်ရင် ယူဇနာ ၁၈၆၀၀၀ ရှိတဲ့ မြင်းမိုရ်တောင်ကို ဖောက်ခွဲပြီး အောက်က သွားမယ်။

၂။ ဝေဿဝဏ်နတ်မင်းရဲ့ ပုထုဇဉ်အခါက ပစ်လွှတ်တဲ့ တင်းပုတ်ဟာ ဘီလူးပေါင်း ထောင်ပေါင်းများစွာရဲ့ ဦးခေါင်းကို ကျစေပြီး တစ်ဖန် သူ့ရဲ့နှစ်တောင့်ထွာအတွင်း လာကာ တည်နေတယ်။

၃။ ယမမင်းဟာ စိတ်ဆိုးရင် မျက်စိလက်နက်နဲ့ ကြည့်ကာမျှမှာ ကုမ္ဘဏ်ထောင်ပေါင်းများစွာဟာ ကျက်ကျက်ပူလောင်နေတဲ့ ခွက်ထဲမှာ တင်လိုက်တဲ့ နှမ်းတွေလို ပြန့်နှံ့ပြီး ပျက်စီးကုန်တယ်။

၄။ အာဠဝကဘီလူးဟာ စိတ်ဆိုးလို့ ကောင်းကင်မှာ ဘွဲ့ဖြူလက်နက်ကို လွှတ်လိုက်ရင် ၁၂ နှစ် မိုးမရွာ၊ မြေကြီးမှာ လွှတ်လိုက်ရင် သစ်ပင် အားလုံး၊ မြက်ပင်အားလုံးစတာတွေဟာ

http://www.dhammadownload.com



ခြောက်သွေ့ပြီး ၁၂ နှစ်အတွင်း ပြန်မပေါက်နိုင်။ သမုဒ္ဒရာမှာ ပစ်လွှတ်လိုက်ရင် အလွန်ပူလောင်နေတဲ့ ရေခွက်ထဲမှာ ထည့်လိုက်တဲ့ ရေပေါက်ပမာ သမုဒ္ဒရာရှိ ရေအားလုံး ခြောက်သွေ့သွားမယ်။ မြင်းမိုရ်တောင်နဲ့တူတဲ့ တောင်ပေါ်မှာ ပစ်လွှတ်လိုက်ရင် အပိုင်းပိုင်းဖြစ်ကာ ပြန့်ကျဲသွားမယ်။

(သုတ္တနိပါတ၊ ဋ္ဌ၊ ပ၊ ၂၁၉)

## မိစ္ဆာဒိဋ္ဌိနဲ့အကျိုး

အဟေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ၊ ဒီ ၃ မျိုးဟာ နတ်ပြည်ကိုရော မဂ်ကိုပါ တားမြစ်တယ်။ 'လောကဟာ မြဲတယ်' စသည် ၁၀ မျိုးနဲ့ ယူတဲ့ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိဟာ အမြင်မှားလို့ မဂ်ကိုသာ တားတယ်။ ကမ္မပထ မမြောက်လို့ နတ်ပြည်ကိုတော့ မတား။

သက္ကာယဒိဋ္ဌိ ၂၀ ကတော့ မဂ်ကိုလည်း မတား၊ နတ်ပြည်ကိုလည်း မတား။ ဒါပေမဲ့ အဲဒီအစီအစဉ်ကို ပယ်မြစ်ပြီး ဒီသုတ်မှာ အောက်ထစ်ဆုံးအားဖြင့် သက္ကာယဒိဋ္ဌိ ၂၀ က စပြီး ဒိဋ္ဌိဆိုတာ နတ်ပြည်ကို ဆောင်နိုင်တာမရှိ။ စင်စစ် ငရဲမှာသာ နစ်မြုပ်စေနိုင်တယ်လို့ ဆိုထားပါတယ်။ ဥပမာ ပဲနောက်၊ ပဲကြီးလောက်ရှိတဲ့ ကျောက်ခဲ၊ ကျောက်စရစ်တောင်မှ ရေမှာ ချလိုက်ရင် ပေါ်လောပေါ်နေတယ်ဆိုတာ မရှိ။ စင်စစ် အောက်ကိုပဲ မြုပ်ဝင်ပါတယ်။ အဲဒီလိုပါပဲ အောက်ထစ်ဆုံးအားဖြင့် သက္ကာယဒိဋ္ဌိတောင်မှ နတ်ပြည်ကို မဆောင်နိုင်ပါ။ ကေန် အပါယ်တွေမှာသာ နစ်မြုပ်စေတယ်လို့ ဆိုပါတယ်။

(အံ၊ ဋ္ဌ၊ ပ၊ ၃၆၉)

http://www.dhammadownload.com



## သမ္မာဒိဋ္ဌိနဲ့အကျိုး

ကမ္မဿကတာသမ္မာဒိဋ္ဌိက ပြည့်စုံတဲ့ ဘ၀ကို ပို့ပေးတယ်။

ဈာနသမ္မာဒိဋ္ဌိက ရူပ၊ အရူပဘ၀မှာ ပဋိသန္ဓေအကျိုးကို ပေးတယ်။

မဂ္ဂသမ္မာဒိဋ္ဌိက ဝဋ်ကို ဖျက်ဆီးတယ်။

ဖလသမ္မာဒိဋ္ဌိက ဘ၀ကို တားမြစ်တယ်။

ဝိပဿနာသမ္မာဒိဋ္ဌိက ပဋိသန္ဓေကို မငင်။

(အံ၊ ဠ၊ ပ၊ ၃၆၉)

## မိန်းမနဲ့ဗြဟ္မာ

မိန်းမဟာ ဒီလူဘ၀မှာ ဈာန်ကို ဖြစ်စေပြီး သေရင် ဗြဟ္မပါရိသဇ္ဇာတွေရဲ့ အပေါင်းအဖော်အဖြစ်ကို ရောက်တယ်။ မဟာဗြဟ္မာတွေရဲ့ပေါင်းအဖော်အဖြစ်ကို မရောက်။ ဗြဟ္မာတွေမှာ ယောကျ်ားအင်္ဂါ၊ မိန်းမအင်္ဂါ မရှိပေမယ့် ယောကျ်ားပုံသဏ္ဍာန်တော့ ရှိကြပါတယ်။ မိန်းမပုံသဏ္ဍာန်မရှိကြ။ (အံ၊ ဠ၊ ပ၊ ၃၆၃)

## မိန်းမနဲ့စကြဝတေးမင်း

မိန်းမမှာ အင်္ဂါဇာတ်ကို သိုအိမ်မှာ ထားရှိခြင်းစတဲ့ လက္ခဏာတွေ မရှိလို့ လက္ခဏာတွေ မပြည့်စုံ၊ မိန်းမရတနာ မရှိလို့ ရတနာ ၇ ပါး ပြည့်စုံမှု မရှိ။ လူအားလုံးတို့ထက် သာလွန်တဲ့ ခန္ဓာကိုယ်မရှိ။ ဒါကြောင့် မိန်းမက စကြာဝတေးမင်း မဖြစ်။

(အံ၊ ဠ၊ ပ၊ ၃၆၃)

http://www.dhammadownload.com



## မိန်းမနဲ့သိကြားစသည်

သိကြားမင်း၊ မာရ်နတ်၊ မဟာဗြဟ္မာအဖြစ်တွေဟာ မြင့်မြတ်တယ်။ မိန်းမအင်္ဂါက ယုတ်ညံ့တယ်။ ဒါကြောင့် မိန်းမက သိကြားမင်း၊ မာရ်နတ်၊ မဟာဗြဟ္မာ မဖြစ်နိုင်။ (အံ၊ ဋ္ဌ၊ ပ၊ ၃၆၃)

## မိန်းမနဲ့ဘုရားအဖြစ်

သဗ္ဗညုဘုရားရှင်ရဲ့ဂုဏ်တွေကို ဖြစ်စေပြီး လောကကို ထုတ်ဆောင်နိုင်တဲ့ ဘုရားအဖြစ်ဆိုတာကို ထားလိုက်ပါဦး။ မိန်းမမှာ ဘုရားဆုကို တောင်းတာလေးတောင် မပြည့်စုံနိုင်။

လူ့အဖြစ်၊ ယောကျ်ားအဖြစ်၊ ရဟန္တာ ဖြစ်နိုင်လောက်အောင် အကြောင်းပြည့်စုံမှု၊ သက်တော်ထင်ရှား ဘုရားကို ဖူးရခြင်း၊ ရှင်ရဟန်းအဖြစ်၊ အဘိညာဉ်သမာပတ်ကို ရခြင်း၊ ဘုရားရှင်တွေအား အသက်ကို စွန့်လှူခြင်း၊ ဘုရားဖြစ်ဖို့ ဆန္ဒပြင်းပြခြင်း၊ ဒီ ၈ ပါးဟာ ဘုရားဆုတောင်းမှု ပြည့်စုံဖို့ရာ အကြောင်းတွေပဲ။ ဘုရားဆုတောင်းဖို့ အင်္ဂါတောင် မပြည့်စုံတဲ့ မိန်းမမှာ ဘယ်မှာ ဘုရားဖြစ်နိုင်မလဲ။

(အံ၊ ဋ္ဌ၊ ပ၊ ၃၆၂/၃)

## စကြဝတေးမင်းနဲ့ စကြရတနာ

စကြဝတေးမင်း ၂ မင်း ဖြစ်ပေါ်လာရင် 'ငါတို့ရဲ့မင်းက ကြီးကျယ်တယ်၊ ငါတို့ရဲ့မင်းက ကြီးကျယ်တယ်' လို့ အငြင်းအခုံဖြစ်မယ်။ 'တစ်ကျွန်းမှာ စကြဝတေးမင်း ရှိတယ်။ တစ်ကျွန်းမှာ စကြဝတေးမင်း ရှိတယ်' ဆိုရင် အံ့သြစရာမဖြစ်။ ကျွန်းပေါင်း ၂ ထောင် အခြံအရံရှိတဲ့ ကျွန်းကြီး ၄ ကျွန်းမှာ အစိုးရမှုကို ပေးနိုင်တဲ့ စကြ

http://www.dhammadownload.com



ရတနာရဲ့ တန်ခိုးကြီးမှုဟာလည်း ယုတ်လျော့သွားမယ်။ အဲဒီလိုနည်းနဲ့ အငြင်းအခုံ မဖြစ်ရအောင်၊ အံ့သြဖွယ်ဖြစ်အောင်၊ စကြဝရတနာတန်ခိုး ကြီးအောင် စကြဝဠာတစ်ခုတည်းမှာ စကြာဝတေးမင်း ၂ ယောက် မဖြစ်။ (အံ၊ ဋ္ဌ၊ ပ၊ ၃၆၂)

## တေဒဂ် (အသာဆုံး) ရာထူးရကြောင်း

၁။ အဋ္ဌုပ္ပတ္တိ = ဘဝဖြစ်စဉ်၊

၂။ အာဂမန = လာခဲ့ရာ လမ်းကြောင်း၊

၃။ စိဏ္ဏဝသီ = လေ့ကျင့်ပြီး စွမ်းအားရှိမှု၊

၄။ ဂုဏာတိရေကာ = လွန်ကဲတဲ့ ဂုဏ်။

အဲဒီ ၄ ပါးမှာ တချို့ပုဂ္ဂိုလ်မှာ တစ်ပါးကြောင့်၊ တချို့မှာ နှစ်ပါးကြောင့်၊ တချို့မှာ သုံးပါးကြောင့်၊ တချို့မှာ လေးပါးကြောင့် တေဒဂ်ရာထူးကို ရတယ်။ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်၊ အရှင်မဟာကဿပတို့လို ပုဂ္ဂိုလ်တွေက အကြောင်း ၄ ပါးကြောင့် ရကြတယ်။ (အံ၊ ဋ္ဌ၊ ပ၊ ၉၇)

## ဘုရားလောင်းကို ပူဇော်ကြသတဲ့

ဒီပင်္ကရာမြတ်စွာဘုရားက ဘုရားလောင်း သုမေဓာကို ချီးမွမ်း ပြီး ပန်း ၈ ဆုပ်တို့ဖြင့် ပူဇော်ကာ လက်ယာရစ်လှည့်ပြီး ဖဲကြွသွားတယ်။ ၄ သိန်းသော ရဟန္တာတွေကလည်း ဘုရားလောင်း သုမေဓာကို ပန်း နံ့သာတွေနဲ့ ပူဇော်ပြီး လက်ယာရစ်လှည့်ကာ ဖဲသွားကြတယ်။ (ဗုဒ္ဓဝံသ၊ ဋ္ဌ၊ ၁၁၉

http://www.dhammadownload.com



## တာဝတိံသာက စူဠာမဏိစေတီ

ဘုရားလောင်း သိဒ္ဓတ္ထဟာ ဦးသျှောင်နဲ့တကွ ဦးစွန်းကို ကိုင်ပြီး 'ငါဟာ ဘုရားဖြစ်မယ်ဆိုရင် ကောင်းကင်မှာ တည်ပါစေ၊ မဖြစ်ရင် မြေမှာ ကျပါစေ' လို့ ဆိုကာ ကောင်းကင်သို့ ပစ်လိုက်ပါတယ်။ အဲဒီစူဠာမဏိအဖွဲ့အစည်းဟာ တစ်ယူဇနာရှိတဲ့ အရပ်ကို သွားကာ ကောင်းကင်မှာ တည်နေပါတယ်။

အဲဒီအခါ သိကြားမင်းက နတ်မျက်စိနဲ့ ကြည့်ပြီး တစ်ယူဇနာရှိတဲ့ ရတနာကလပ်နဲ့ အဲဒီဆံတော်ကို ခံယူပြီး တာဝတိံသာနတ်ပြည်မှာ ၃ ယူဇနာရှိတဲ့ ရတနာ ၇ ပါးနဲ့ပြီးတဲ့ စူဠာမဏိစေတီကို တည်စေပါတယ်။ (ဗုဒ္ဓဝံသ၊ ဌ၊ ၃၃၂/၃)

## ဗြဟ္မာ့ပြည်က စေတီ

ဘုရားလောင်း သိဒ္ဓတ္ထဟာ သင်္ကန်းကို ဝတ်ပြီး မြတ်တဲ့ရဟန်း အသွင်ကို ယူကာ ဝတ်လဲတော်အစုံကို ကောင်းကင်သို့ ပစ်တင်လိုက်တယ်။ အဲဒါကို မဟာဗြဟ္မာက ခံယူပြီး ဗြဟ္မာ့ပြည်မှာ ၁၂ ယူဇနာရှိတဲ့ ရတနာအားလုံးနဲ့ပြီးတဲ့ စေတီကို ပြုလုပ်ကာ အဲဒါကို အထဲမှာ ထည့်ထားလိုက်တယ်။

(ဗုဒ္ဓဝံသ၊ ဌ၊ ၃၃၃)

## ဘုရားလောင်း ပစ္စေကဗုဒ္ဓလောင်းနဲ့ပါရမီ

ပညာဓိကဘုရားလောင်းတွေမှာ သဒ္ဓါနဲ့ပြီး ပညာထက်တယ်။ ဒါကြောင့် ဟုတ် မဟုတ်မှာ ကျွမ်းကျင်တဲ့ဉာဏ်က သန့်ရှင်းသိမ်မွေ့တဲ့ အတွက် မကြာခင်ပဲ ပါရမီတွေ ပြည့်ကြတယ်။

http://www.dhammadownload.com



သဒ္ဓါဓိကဘုရားလောင်းတွေမှာ ပညာက အလယ်အလတ် ဖြစ်တယ်။ ဒါကြောင့် သူတို့ရဲ့ပါရမီတွေက အလွန်လည်း မမြန်၊ အလွန်လည်း မနှေးဘဲ ပြည့်စုံကြတယ်။

ဝီရိယာဓိကဘုရားလောင်းတွေမှာတော့ ပညာက နုံ့နှေးတယ်။ ဒါကြောင့် သူတို့ရဲ့ ပါရမီတွေက ကြာမြင့်မှပဲ ပြည့်ကြတယ်။

ပစ္စေကဗုဒ္ဓါအလောင်းတွေမှာတော့ ဘုရားလောင်းတွေလို မဟုတ်။ မှန်တယ်၊ ပစ္စေကဗုဒ္ဓါလောင်းတွေဟာ ပညာဓိကတွေ ဖြစ်ကြပေမယ့် ၂ အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရတယ်။ အဲဒီအောက် လျော့လို့မရ။ သဒ္ဓါဓိက၊ ဝီရိယာဓိက ပစ္စေကဗုဒ္ဓါအလောင်းတွေဟာလည်း ၂ အသင်္ချေနဲ့ ကမ္ဘာတစ်သိန်းထက် ကမ္ဘာအနည်းငယ်သာလွန်ပြီး ပစ္စေကဗုဒ္ဓါ ဖြစ်ကြတယ်။ တတိယအသင်္ချေသို့ မရောက်ကြ။ (ထေရဂါထာ၊ ဋ္ဌ၊ ပ၊ ၁၁)

## မွေးပြီးစ ဘုရားလောင်း

ဖွားမြင်လာတဲ့ ဘုရားလောင်းလေး သိဒ္ဓတ္ထကို ရွှေကွန်ယက်နဲ့ ခံယူပြီး တည်နေတဲ့ ဗြဟ္မာကြီး ၄ ယောက်ရဲ့လက်မှ နတ်မင်းကြီး ၄ ယောက်က မင်္ဂလာလို့ သမုတ်အပ်တဲ့ အတွေ့အထိကောင်းတဲ့ သစ်နက်ရေအခင်းနဲ့ ခံယူကြတယ်။ နတ်မင်းကြီး ၄ ယောက်တို့ရဲ့ လက်မှ လူတွေက ဘွဲ့ဖြူပုဆိုးခေါင်းခုနဲ့ ခံယူကြတယ်။ လူတွေရဲ့လက်မှ လွတ်ပြီး မြေကြီးပေါ် ရပ်တည်ကာ အရှေ့အရပ်ကို ကြည့်တယ်၊ စကြဝဠာထောင်ပေါင်းများစွာဟာ တစ်ပြင်တည်း ဖြစ်ကုန်တယ်။

အဲဒီမှာ နတ်လူတွေက နံ့သာ ပန်းစသည်တွေနဲ့ ပူဇော်ကြကာ 'ယောက်ျားမြတ်၊ ဒီလောကမှာ သင်နဲ့တူသူ မရှိပါ။ သာလွန်သူကတော့ ဘယ်မှာ ရှိပါတော့မလဲ' လို့ ပြောကြတယ်။ အဲဒီလို အရပ် ၁၀

http://www.dhammadownload.com



မျက်နှာကို ကြည့်တယ်။ မိမိနဲ့တူသူကို မမြင်လို့ မြောက်အရပ်ကို မျက်နှာမူကာ ခြေ ၇ လှမ်းလှမ်းတယ်။ သွားတဲ့အခါ မြေကြီးမှာပဲ သွားတယ်။ ကောင်းကင်မှာ မသွား၊ အဝတ်မပါဘဲသာ သွားတယ်။ အဝတ်နဲ့ မသွား၊ ငယ်ငယ်ရွယ်ရွယ်နဲ့ပဲ သွားတယ်။ ၁၆ နှစ်အရွယ် မဟုတ်၊ လူအများမှာတော့ ကောင်းကင်က သွားသလို တန်ဆာဆင်ထားသလို ၁၆ နှစ်အရွယ်ရှိသလို ထင်ရတယ်။ အဲဒီကနောက် ၇ လှမ်းမြောက်မှာ ရပ်ပြီး 'အဂ္ဂေါဟမသ္မိ လောကဿ' စတဲ့ စကားမြတ်ကို ရဲရဲရင့်ရင့် မြွက်ဆိုမိန့်ကြားတယ်။

(ဗုဒ္ဓဝံသ၊ ဋ္ဌ၊ ၃၂၁)

## သားနဲ့အဖေများ

အရှင်အနုရုဒ္ဓါရဲ့အဖေ = ကပိလဝတ္ထုမြို့က သုက္ကောဒနသာကီဝင်၊

အနုရုဒ္ဓါရဲ့အစ်ကို = မဟာနာမ်။ (ထေရဂါထာ၊ ဋ္ဌ၊ ၃၊ ၃၃၇)

အရှင်အာနန္ဒာရဲ့အဖေ = အမိတောဒနသာကီဝင်။

(ဗုဒ္ဓဝံသ၊ ဋ္ဌ၊ ၃၁၉)

နန္ဒနဲ့ ဇနပဒကလျာဏီတို့ရဲ့အဖေ = သုဒ္ဓေါဒနသာကီဝင်၊

(အံ၊ ဋ္ဌ၊ ပ၊ ၂၂၄၊ ၂၈၀)

## ညီအစ်ကို ၅ ယောက်

သီဟဟနုမင်းမှာ သား ၅ ယောက် ရှိတယ်။

၁။ သုဒ္ဓေါဒန၊ ၂။ အမိတောဒန၊ ၃။ ဓောတောဒန၊ ၄။ သက္ကောဒန၊ ၅။ သုက္ကောဒန။

(သုတ္တနိပါတ၊ ဋ္ဌ၊ ၃၊ ၈၉)

http://www.dhammadownload.com



## အရှင်စူဠပန်ရဲ့ဉာဏ်

အရှင်စူဠပန်ဟာ အရဟတ္တမဂ်နဲ့ပဲ ပိဋကသုံးပုံနဲ့ အဘိညာဉ် ၆ ပါး၊ ၅ ပါးတွေ လာကြတယ်။

(အံ၊ ဋ္ဌ၊ ၁၆၉၊ ထေရဂါထာ၊ ဋ္ဌ၊ ၃၊ ၁၉၁)

## မိန်းမစွမ်းရည်

နေရာတိုင်းမှာ ယောကျ်ားသာ ပညာရှိတာ မဟုတ်၊ မိန်းမလည်း ပညာရှိတယ်။ ထိုထိုနေရာမှာ ဆင်ခြင်ဉာဏ် ရှိတယ်။ တစ်ခဏလေးနဲ့ ကြံစည်နိုင်တယ်။ (အံ၊ ဋ္ဌ၊ ပ၊ ၂၈၆)

## ရှင်သီဝလိ ရဟန္တာဖြစ်ပုံ

သီဝလိသူငယ်လေးဟာ ပထမဆံခွေကို ရိတ်ချလိုက်တဲ့ခဏမှာပဲ သောတာပန် ဖြစ်တယ်။ ဒုတိယဆံခွေကို ရိတ်လိုက်တဲ့ခဏမှာ သကဒါဂါမ်၊ တတိယဆံခွေကို ရိတ်လိုက်တဲ့ခဏမှာ အနာဂါမ်ဖြစ်ပြီး ဆံပင်အားလုံး ရိတ်ပြီးတာနဲ့ ရဟန္တာဖြစ်တာဟာ မရှေးမနှောင်း (တစ်ပြိုင်နက်ပဲ) ဖြစ်တယ်။ ရှင်သီဝလိ ကိုရင်ဝတ်ပြီးချိန်ကစပြီး ရဟန်းသံဃာမှာ ပစ္စည်းလေးပါးဟာ အလိုရှိတိုင်း ဖြစ်တယ်။

(ထေရဂါထာ၊ ဋ္ဌ၊ ပ၊ ၁၇၃)

## အရှင်အာနန္ဒာရဲ့ ပယ်ဆု ၄ ဆု

၁။ ဘုရားရှင် ရထားတဲ့ သင်္ကန်းကောင်းကို သူ့အား ဘုရားရှင်က မပေးရန်၊

၂။ ဘုရားရှင်ရထားတဲ့ ဆွမ်းကောင်းကို သူ့အား ဘုရားရှင်က မပေးရန်၊

http://www.dhammadownload.com



၃။ ဂန္ဓကုဋိတစ်ကျောင်းထဲမှာ အတူနေခွင့် မပေးရန်၊

၄။ ဘုရားရှင်အား ဆွမ်းပင့်ထားတဲ့ နေရာကို ခေါ်မသွားရန်။

အကြောင်းကတော့ ဒီအကျိုးတွေကို ရသူမှာ ဘုရားရှင်ကို လုပ်ကျွေးဖို့ ဘယ်မှာဝန်လေးမလဲလို့ ကဲ့ရဲ့စရာလွတ်အောင် တောင်းဆိုပါတယ်။

## အရှင်အာနန္ဒာရဲ့ တောင်းဆု ၄ ဆု

၁။ သူလက်ခံထားတဲ့ ဆွမ်းပင့်ရာကို ဘုရားရှင် ကြွပေးရန်၊

၂။ အရပ်တစ်ပါးက လာလာသမျှသူတွေကို အဲဒီခဏမှာပဲ ဖူးခွင့်ပေးရန်၊

၃။ ယုံမှားသံသယဖြစ်တဲ့ ခဏမှာပဲ ဘုရားရှင်ကို ချဉ်းကပ်ခွင့်ပေးရန်၊

၄။ သူ့မျက်ကွယ်မှာ ဟောခဲ့တဲ့ တရားကို သူ့အား ပြန်ဟောပြရန်၊

အကြောင်းကတော့ ဘုရားရှင်ထံက ဒီလောက်ချီးမြှောက်မှုလေးတောင် မရဘူးလားလို့ အပြစ်တင်စရာ လွတ်အောင်နဲ့ တရားဘဏ္ဍာစိုးဖြစ်အောင် ပါရမီဖြည့်ထားလို့ပါပဲ။

(ထေရဂါထာ၊ ဋ္ဌ၊ ၃၊ ၄၁၅)

## တစ်ကမ္ဘာသက်တမ်း

အလျား၊ အနံ၊ အမြင့်အားဖြင့် တစ်ယူဇနာစီရှိတဲ့ မုန်ညင်းစေ့ပုံကြီးထဲက နှစ်ပေါင်း တစ်ရာ၊ တစ်ထောင်လွန်မှ မုန်ညင်းစေ့တစ်စေ့ကို ထုတ်ပစ်ပါ၊ မုန်ညင်းစေ့အပုံကြီးသာ အလွန်မြန်စွာ ကုန်သွားမယ်။ တစ်ကမ္ဘာက မကုန်သေး။ တစ်ကမ္ဘာဟာ ဒီလောက် ရှည်လျားတယ်။

(သံ၊ ပါဠိ၊ ပ၊ ၃၈၉၊ ၃၉၀)

http://www.dhammadownload.com



# ကပ် ၄ ကပ်

၁။ ကမ္ဘာဖျက်မိုး ရွာတဲ့အချိန်ကစပြီး မီး ရေ လေ ပြတ်စဲသွားသည်အထိဟာ အသင်္ချေယျသံဝဋ္ဋကပ်။

၂။ ကမ္ဘာဖျက်မီးစသည် ငြိမ်းသွားတဲ့အချိန်ကစပြီး စကြဝဠာကုဋေတစ်သိန်းကို ပြည့်စေတဲ့ ကမ္ဘာပြုမိုးကြီး ရွာသည်အထိဟာ အသင်္ချေယျသံဝဋ္ဋဋ္ဌာယီကပ်။

၃။ ကမ္ဘာပြုမိုးကြီး ရွာတဲ့အချိန်ကစပြီး လ, နေ ပေါ်လာသည်အထိဟာ အသင်္ချေယျဝိဝဋ္ဋကပ်။

၄။ လ, နေ ထွက်ပေါ်လာတဲ့ အချိန်ကစပြီး နောက်ထပ် ကမ္ဘာဖျက်မိုး ရွာသည်အထိဟာ အသင်္ချေယျဝိဝဋ္ဋဋ္ဌာယီကပ်။

ဒီကပ် ၄ ခုဟာ မဟာကပ်တစ်ခုပဲ။ ဒီကပ် ၄ ခုထဲက တစ်ခုခုထဲမှာ အန္တရကပ် ၆၄ ကပ်စီ ပါတယ်။

(စရိယာပိဋက၊ ဋ္ဌ၊ ၁၂)

## လေးအသင်္ချေနဲ့ကမ္ဘာတစ်သိန်း

၁။ ဒီပင်္ကရာဘုရားနဲ့ ကောဏ္ဍညဘုရားတို့ရဲ့အကြား ကမ္ဘာတွေဟာ အသင်္ချေတစ်ခု၊

၂။ ကောဏ္ဍညဘုရားနဲ့ မင်္ဂလဘုရားတို့ရဲ့အကြား ကမ္ဘာတွေဟာ အသင်္ချေတစ်ခု၊

၃။ သောဘိတဘုရားနဲ့ အနောမဒဿီဘုရားတို့ရဲ့ အကြားကမ္ဘာတွေဟာ အသင်္ချေတစ်ခု၊

၄။ နာရဒဘုရားနဲ့ ပဒုမုတ္တရဘုရားတို့ရဲ့အကြား ကမ္ဘာတွေဟာ အသင်္ချေတစ်ခု၊

http://www.dhammadownload.com



၅။ ပဒုမုတ္တရဘုရားနဲ့ သုမေဓဘုရားတို့ရဲ့အကြား ကမ္ဘာက ၃ သောင်း၊

၆။ သုဇာတဘုရားနဲ့ ပိယဒဿီဘုရားတို့ရဲ့အကြား ကမ္ဘာက ၆ သောင်း ၉ ထောင် ၈ ရာ ၈၂၊

၇။ ဓမ္မဒဿီဘုရားနဲ့ သိဒ္ဓတ္ထဘုရားတို့ရဲ့အကြား ကမ္ဘာက ၂၀၊

၈။ သိဒ္ဓတ္ထဘုရားနဲ့ တိဿဘုရားတို့ရဲ့အကြား ကမ္ဘာက ၁၊

၉။ ဝိပဿီဘုရားနဲ့ သိခီဘုရားတို့ရဲ့အကြား ကမ္ဘာက ၆၀၊

၁၀။ ဝေဿဘူဘုရားနဲ့ ကကုသန်ဘုရားတို့ရဲ့အကြား ကမ္ဘာက ၃၀၊

ပဒုမုတ္တရဘုရားပွင့်ရာ ကမ္ဘာကစပြီး အောက်မှာ ထိုထိုဘုရားရှင်တို့ရဲ့ပွင့်ရာ ၆ ကမ္ဘာတို့နှင့်တကွ ဒီဘဒ္ဒကမ္ဘာပါ ပေါင်းရင် ၄ အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း။

(စရိယာပိဋက၊ ဋ္ဌ၊ ၁၅၊ ၁၆)

## သရဏဂုံ ၄ မျိုး

၁။ အတ္တသန္နိယျာတန = 'ယနေ့ကစပြီး ငါဟာ ငါ့ကိုယ်ကို ရတနာ သုံးပါးအား အပ်နှင်းပါတယ်' လို့ ပြောပြီးအပ်နှင်းမှု၊

၂။ တပ္ပရာယဏတာ = 'ယနေ့ကစပြီး ငါဟာ ရတနာသုံးပါးဆိုတဲ့ လဲလျောင်းစရာ ရှိပါတယ်လို့ ငါ့ကို မှတ်ပါ' လို့ ပြောပြီး လဲလျောင်းမှု၊

၃။ သိဿဘာဝူပဂမန = 'ယနေ့ကစပြီး ငါဟာ ရတနာသုံးပါးရဲ့ တပည့်လို့ ငါ့ကို မှတ်ပါ' လို့ ပြောကာ တပည့်အဖြစ် ကပ်ရောက်မှု၊

၄။ ပဏိပါတ = 'ယနေ့ကစပြီး ငါဟာ ရတနာသုံးပါးအပေါ်မှာ

http://www.dhammadownload.com



သော ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ လက်အုပ်ချီခြင်း၊ အရိုအသေပေးခြင်းကို ပြုတယ် လို့ ငါ့ကို မှတ်ပါ' လို့ ပြောကာ ရတနာသုံးပါး အပေါ် အလွန်ပျပ်ဝပ်ရိုသေမှု၊

(သီလက္ခန်၊ ဋ္ဌ၊ ၂၁၆)

## သရဏဂုံ ရ မရ

ဆွေမျိုးဖြစ်လို့၊ ကြောက်လို့၊ ဆရာဖြစ်လို့ ကိုးကွယ်ရင် သရဏဂုံ မဖြစ်။ မြတ်တဲ့အလှူခံအဖြစ်နဲ့ ကိုးကွယ်မှ သရဏဂုံ ဖြစ်တယ်။

သာကီယဇာတ်ရှိသူကဖြစ်စေ၊ ကောလိယဇာတ်ရှိသူကဖြစ်စေ 'ဘုရားရှင်ဟာ ငါတို့ဆွေမျိုးပဲ' လို့ ရှိခိုးရင် သရဏဂုံယူရာ မရောက် သည်သာ။

'ရဟန်းဂေါတမဟာ မင်းအကိုးကွယ်ခံပုဂ္ဂိုလ်ပဲ၊ တန်ခိုးကြီးသူပဲ၊ သူ့ကို ရှိမခိုးရင် အကျိုးမဲ့ကိုလည်း ပြုနိုင်တယ်' လို့ တွေးကာ ကြောက်လို့ ရှိခိုးရင် သရဏဂုံကို ယူရာ မရောက်သည်သာ။

ဘုရားလောင်းထံက တစ်စုံတစ်ခု သင်ယူဖူးတာကို အမှတ်ရလို့ ဖြစ်စေ၊ ဘုရားဖြစ်ရာအခါမှာ ဘုရားရှင်ရဲ့ အသွန်အသင်ကို သင်ယူပြီး 'ငါ့ဆရာပဲ' လို့ တွေးကာ ရှိခိုးရင် သရဏဂုံကို မယူအပ်သည်သာ။

'ဒီဘုရားရှင်ဟာ လောကမှာ မြတ်တဲ့အလှူခံပုဂ္ဂိုလ်ပဲ' လို့ ရှိခိုးရင် သရဏဂုံကို ယူပြီး ဖြစ်သွားတယ်။

(သီလက္ခန်၊ ဋ္ဌ၊ ၂၀၇)

## သရဏဂုံ မပျက်

သရဏဂုံယူထားတဲ့ ဥပါသကာကဖြစ်စေ၊ ဥပါသိကာကဖြစ်စေ

http://www.dhammadownload.com



သာသနာအယူမှတစ်ပါးသော အယူမှာ ရှင်ရဟန်းပြုနေတဲ့ ဆွေမျိုးကို 'သူဟာ ငါ့ဆွေမျိုးပဲ' လို့ ရှိခိုးရင် သရဏဂုံ မပျက်။ ရဟန်းမဝတ်သူကို ပြောစရာပင် မလို။

မင်းကို ကြောက်လို့ ရှိခိုးရင် သရဏဂုံ မပျက်။ မှန်တယ်၊ မင်းဟာ တိုင်းပြည်ရဲ့ အပူဇော်ခံဖြစ်လို့ သူ့ကို ရှိမခိုးရင် အကျိုးမဲ့ကိုလည်း ပြုနိုင်တယ်။

အတတ်တစ်ခုခု သင်ပေးတဲ့ တိတ္ထိဆရာကို 'သူဟာ ငါ့ဆရာပဲ' လို့ ရှိခိုးရင်လည်း သရဏဂုံ မပျက်။ (သီလက္ခန်၊ ဋ္ဌ၊ ၂၇၀၊ ၈)

## အဇာတသတ်နဲ့ဝိဇိတာဝီ

ပုထုဇဉ်တို့ရဲ့သဒ္ဒါနဲ့ ပြည့်စုံသူတွေထဲမှာ အဇာတသတ်မင်းနဲ့ တူသူ မရှိ။ နောင်အခါမှာတော့ ဝိဇိတာဝီမည်တဲ့ ပစ္စေကဗုဒ္ဓါဖြစ်ပြီး ပရိနိဗ္ဗာန် စံလိမ့်မယ်။

(သီလက္ခန်၊ ဋ္ဌ၊ ၂၁၂)

## ဒွန်တွဲ

သတ္တဝါတွေဟာ ဝဋ်မှာ ကျင်လည်ကြတဲ့အခါ အမြဲတမ်း မမေ့ မလျော့ဘဲ ကောင်းမှုကိုသာ လုပ်ကြတာမဟုတ်၊ မေ့လျော့ပြီး မကောင်းမှုကိုလည်း လုပ်ကြတယ်။ ဒါကြောင့် ဝဋ်မှာ ကျင်လည်သူတွေဟာ ချမ်းသာကိုရော ဆင်းရဲကိုပါ ခံစားကြရတယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၁၄၂)

## လူမိုက်တို့ရဲ့တိုက်ပွဲ

သာဝတ္ထိမြို့မှာ လူမိုက်တွေရဲ့ နက္ခတ်သဘင်ဆိုတာ ကြွေး

http://www.dhammadownload.com



ကြော်ထားတယ်။ အဲဒီနက္ခတ်သဘင်မှာ ပညာမရှိတဲ့ လူမိုက်တွေက ပြာတွေ၊ နွားချေးတွေနဲ့ ခန္ဓာကိုယ်ကို လိမ်းကျံပြီး ၇ ရက်ပတ်လုံး မသူတော်တွေရဲ့စကားကို ပြောကာ လှည့်လည်ကြတယ်။ ဆွေမျိုး၊ အပေါင်းအသင်း၊ ရှင်ရဟန်းတွေကို မြင်ပြီး ရှက်သူတွေ မရှိကြ။ တံခါးတိုင်း တံခါးတိုင်းမှာ ရပ်ပြီး မသူတော်တွေရဲ့စကားကို ပြောသွားကြတယ်။ လူတွေက အဲဒီလူမိုက်တွေရဲ့ ယုတ်မာတဲ့ စကားကို မကြားနိုင်ကြလို့ စွမ်းနိုင်သမျှ ငါမူး၊ တစ်မတ်၊ တစ်ကျပ် ပေးလွှတ်ကြတယ်။ အဲဒီလူမိုက်တွေဟာ အဲဒီလူတွေရဲ့တံခါးက ရရသမျှကို ယူပြီး ဖဲသွားကြတယ်။ (ဓမ္မပဒ၊ ဠ၊ ပ၊ ၁၆၃)

## သိကြားမင်းဖြစ်ကြောင်း အကျင့် ၇ ပါး

၁။ မိဘကို လုပ်ကျွေးရခြင်း၊
၂။ အမျိုးမှာ ကြီးသူတွေကို ရိုသေခြင်း၊
၃။ စကား သိမ်မွေ့ခြင်း၊
၄။ ကုန်းတိုက်စကား မပြောခြင်း၊
၅။ နှမြောစိတ် ကင်းခြင်း၊ အလှူရက်ရောခြင်း၊
၆။ အမှန်ကို ပြောခြင်း၊
၇။ စိတ် မဆိုးခြင်း၊

(ဓမ္မပဒ၊ ဠ၊ ပ၊ ၁၆၈)

## အပ္ပမာဒရတနာ

မြင့်မြတ်တဲ့ ရတနာ ၃ ပါးကို အမှီပြုပြီး ‘ငါတို့ ကာမဂုဏ်တွေနဲ့ ပြည့်စုံမှုကို ရောက်ကြရတော့မယ်။ သားသမီး မယားကို မွေးမြူကြရတော့မယ်။ နောက်ဘဝ သွားကြောင်းလမ်းကို သုတ်သင်ကြရတော့

http://www.dhammadownload.com



မယ်' လို့ တွေးပြီး ရတနာရဲ့အကျိုးကို မြင်သူတွေက အဲဒီရတနာကို စောင့်ရှောက်ကြတယ်။

အဲဒီလိုပါပဲ၊ ပညာရှိပြီး မမေ့မလျော့သူဟာ 'ပထမဈာန်စသည် တို့ကို ရမယ်။ မဂ် ဖိုလ်စသည်တို့ကို ရောက်မယ်။ ဝိဇ္ဇာသုံးပါး၊ အဘိညာဉ် ၆ ပါးတွေကို ပြည့်စုံစေမယ်' လို့ တွေးကာ မမေ့မလျော့ မှုရဲ့အကျိုးကို မြင်သူတွေက မမေ့မလျော့မှုကို စောင့်ရှောက်ကြတယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၁၆၄)

## မိန်းမတွေ ယောကျ်ား ဖြစ်ချင်ရင်

မိန်းမတွေဟာ ဒါနစတဲ့ ကုသိုလ်ကောင်းမှုတွေကို ပြုလုပ်ပြီး မိန်းမအဖြစ်မှာ တပ်မက်မှု ကင်းစေကာ 'ငါတို့ရဲ့ ဒီကောင်းမှုဟာ ယောကျ်ားအဖြစ် ရဖို့ရာဖြစ်ပါစေ' လို့ စိတ်ကို အဓိဋ္ဌာန်ပြီး သေသွားရင် ယောကျ်ားဘဝကို ရကြတယ်။

လင်ကို နတ်ကဲ့သို့ လုပ်ကျွေးတဲ့ မိန်းမဖြစ်ပြီး လင်အပေါ် ကောင်းကောင်းကျင့်ရင်လည်း ယောကျ်ားဘဝကို ရကြတာပါပဲ။

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၂၀၈)

## မိဘနဲ့စိတ်ကောင်း

မိဘတွေက သားသမီးတွေအား ဥစ္စာကို ပေးကြရင် တစ်ဘဝမှာ ပဲ အလုပ်မလုပ်ဘဲ ချမ်းချမ်းသာသာနဲ့ အသက်မွေးနိုင်လောက်တဲ့ဥစ္စာ ကို ပေးနိုင်ကြတယ်။ ဝိသာခါရဲ့မိဘတွေဟာလည်း ဥစ္စာစည်းစိမ် ပေါများကြပါတယ်။ ဝိသာခါရဲ့ဒီဘဝမှာပဲ ချမ်းချမ်းသာသာ အသက် မွေးနိုင်လောက်တဲ့ ဥစ္စာကို ပေးကြတယ်။ ကျွန်း ၄ ကျွန်းမှာ စကြ ဝတေးမင်း အသရေကို ပေးနိုင်တဲ့ မိဘဆိုတာ သားသမီးတွေအဖို့ရာ မရှိပါ။ နတ်စည်းစိမ်၊ ပထမဈာန်စတဲ့ စည်းစိမ်နဲ့ လောကုတ္တရာ

http://www.dhammadownload.com



စည်းစိမ်ကိုတော့ မပြောပါနဲ့တော့။ ကုသလကမ္မပထ ၁၀ ပါးမှာ ကောင်းစွာ ထားအပ်တဲ့ စိတ်ကတော့ အဲဒီစည်းစိမ်အားလုံးကို ပေးနိုင်ပါတယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၂၁၁)

## သုသာန်မှာ နေလိုရင်

သုသာန်မှာ နေတဲ့ ရဟန်းတွေဆိုတာ သုသာန်မှာ နေကြောင်းကို သုသာန်စောင့်တွေ၊ ကျောင်းက မထေရ်ကြီးတွေ၊ ရွာစားတွေအား ပြောကြားသင့်တယ်။ အကြောင်းကတော့ ခိုးလာတဲ့ သူခိုးတွေဟာ ဥစ္စာရှင်တွေက ခြေရာခံပြီး လိုက်လာကြတဲ့အခါ သုသာန်မှာ ခိုးလာတဲ့ ပစ္စည်းကို စွန့်ပစ်ပြီး ပြေးသွားတတ်ကြတယ်။ အဲဒီအခါ လူတွေက သုသာန်မှာ နေတဲ့ ရဟန်းတွေကို ဘေးရန်ပြုတတ်ကြတယ်။ သူတို့ကို ပြောထားလိုက်ရင်တော့ 'ဒီအရှင်ဟာ ဒီအချိန် ဒီနေရာမှာ နေတာကို ငါတို့ သိကြတယ်။ သူဟာ ခိုးသူမဟုတ်' လို့ ဘေးရန်ကို တားမြစ်ကြတယ်။ ဒါကြောင့်ပါပဲ။

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၄၄)

## သုသာန်ကျင့်ဝတ်

သုသာန်မှာ နေတဲ့အရှင်ဟာ

၁။ ငါး၊ အသား၊ နှမ်း၊ မုန့်ညက်၊ ဆီ၊ ထန်းလျက်စသည်တွေကို ရှောင်ရမယ်၊

၂။ နေ့အခါမှာ မအိပ်ရ၊

၃။ မပျင်းရ၊ ကြိုးစားရမယ်၊

၄။ မကောက်ကျစ်ရ၊ မာယာ မရှိရ၊ စိတ်ကောင်း ရှိရမယ်၊

http://www.dhammadownload.com



၅။ ညနေချမ်းအခါမှာ လူတွေအားလုံး အိပ်ကြရင် ကျောင်းက လာရမယ်။

၆။ မိုးသောက်တဲ့အခါမှာ အားလုံး မထမီမှာပဲ ကျောင်းကို သွားရမယ်။ (ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၁၆၈)

## လူနဲ့တိရစ္ဆာန်

တိရစ္ဆာန်တွေဆိုတာ ဖြောင့်မတ်တဲ့သဘော ရှိကြတယ်။ မကောက်ကျစ်ကြ၊ လူတွေကတော့ စိတ်နဲ့ တခြားကို ကြံစည်ကြတယ်။ ပါးစပ်နဲ့ တခြားကို ပြောကြတယ်။ (ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၁၀၀)

## နတ် စုတေကြောင်း ၄ ပါး

၁။ အသက်တမ်းကုန်လို့လည်း နတ်တွေစုတေကြတယ်။

ကောင်းမှုအများကြီး ပြုလုပ်ထားတဲ့သူဟာ နတ်ပြည်မှာ ဖြစ်ပြီး အသက်ထက်ဆုံး တည်ကာ အထက်နတ်ပြည်မှာ ဖြစ်တယ်။

၂။ ကောင်းမှုကုန်လို့လည်း နတ်တွေစုတေကြတယ်။

ကောင်းမှုကို နည်းနည်းလုပ်ထားသူဟာ မင်းကျီတိုက်ထဲမှာ ထည့်ထားတဲ့ ၃ စလယ်၊ ၄ စလယ်လောက် စပါးပမာ အကြားမှာပဲ အဲဒီကောင်းမှုက ကုန်သွားတယ်။ အကြားမှာပဲ စုတေတယ်။

၃။ အစာမစားလို့လည်း နတ်တွေစုတေကြတယ်။

ကာမဂုဏ်တွေကို ခံစားတဲ့အခါ သတိမေ့ပြီး အစာမစားလို့ ကိုယ်ပင်ပန်းကာ စုတေသွားတယ်။

၄။ အမျက်ထွက်လို့ စုတေကြတယ်။

သူတစ်ပါးရဲ့စည်းစိမ်ကို သည်းမခံနိုင်လို့ စိတ်ဆိုးကာ စုတေကြတယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၁၁၀၊ ၁)

http://www.dhammadownload.com



# အနာဂါမ်နဲ့ဥပုသ်

အနာဂါမ်ပုဂ္ဂိုလ်တွေမှာ ဥပုသ်ကို တမင်ဆောက်တည်နေစရာ မလို၊ မေထုန်အကျင့်မှ ရှောင်ကြဉ်မှုနဲ့ မွန်းမလွဲခင် စားမှုတွေဟာ အနာဂါမိမဂ်နဲ့ပဲ တစ်ပါတည်း ပါလာတယ်။

(ဓမ္မပဒ၊ ဌ၊ ပ၊ ၂၄၀)

# ပညာရှိဆိုရင်

ပညာရှိယောကျ်ားတွေဟာ သာပြီးအလေးပြုထိုက်တဲ့ ပုဂ္ဂိုလ်တွေထံမှာ ထိုင်ပြီး မထတဲ့သူကို မြင်လို့ စိတ်မဆိုးကြ။

(ဓမ္မပဒ၊ ဌ၊ ပ၊ ၂၄၀)

# ဝိသာခါရဲ့အသရေ

ဝိသာခါမှာ သား ၁၀ ယောက်၊ သမီး ၁၀ ယောက်၊ မြေး ၄ ရာ၊ မြစ် ၈ ထောင် ရှိတယ်။ အသက် ၁၂၀ ရှည်တယ်။ ဦးခေါင်းမှာ ဆံပင် တစ်ပင်မှ မဖြူ၊ အမြဲတမ်း ၁၆ နှစ်အရွယ်လိုပဲ။ သား သမီး မြေး မြစ်တွေ ခြံရံပြီး ကျောင်းသွားတာကို မြင်ရင် 'ဝိသာခါဟာ ဘယ်သူလဲ' လို့ မေးကြတယ်။ ဝိသာခါ သွားနေတာကို မြင်ကြရင် 'အခု နည်းနည်း သွားပါဦး၊ သွားနေတာပဲ ကောင်းပါတယ်' လို့ ထင်ကြတယ်။ ရပ်နေတာ၊ ထိုင်နေတာ၊ လျောင်းနေတာကို တွေ့ရရင် အဲဒီလိုပဲ ထင်ကြတယ်။ ဝိသာခါဟာ ဣရိယာပုထ် ၄ ပါးထဲမှာ ဘယ်ဣရိယာပုထ်က မတင့်တယ်ဘူးလို့ ပြောစရာ မရှိ။

# ဝိသာခါရဲ့အင်အား

ဝိသာခါဟာ ဆင် ၅ ကောင်ရဲ့အားကို ဆောင်နိုင်တယ်။

http://www.dhammadownload.com



'ဝိသာခါဟာ ဆင် ၅ ကောင်ရဲ့အားကို ဆောင်နိုင်သတဲ့လို့ ကြားလို့ ဝိသာခါ ကျောင်းကို သွားပြီး တရားနာက ပြန်လာတဲ့အခါ အင်အားကို စူးစမ်းလိုလို့ ရှင်ဘုရင်က ဆင်ကို အလွှတ်ခိုင်းလိုက်တယ်။ ဆင်က နှာမောင်းကို မြှောက်ချီပြီး ဝိသာခါဆီကို သွားတယ်။ ဝိသာခါရဲ့ အခြွေအရံ မိန်းမငါးရာထဲက တချို့က ပြေးကြတယ်၊ တချို့က မပြေးဘဲ 'ဒါ ဘာလဲ' လို့ မေးတဲ့အခါ 'ရှင်ဘုရင်က သင့်အင်အားကို စူးစမ်းလိုလို့ ဆင်ကို အလွှတ်ခိုင်းတယ်' လို့ ပြောကြတယ်။ ဝိသာခါဟာ အဲဒီဆင်ကို မြင်ပြီး 'ပြေးလို့ ဘာလုပ်မှာလဲ၊ ငါ ဒီဆင်ကို ဘယ်လို ဖမ်းရပါ့မလဲ' လို့ ကြံပြီး 'ဒီဆင်ကို တင်းတင်းကျပ်ကျပ် (ပြင်းပြင်း ထန်ထန်) ဖမ်းလိုက်ရင် ပျက်စီးသွားလိမ့်မယ်' လို့ တွေးပြီး လက်နှစ်ချောင်းနဲ့ နှာမောင်းကို ကိုင်ပြီး တွန်းလိုက်တယ်။ ဆင်ဟာ သူ့ကိုယ်ကို မထိန်းနိုင်လို့ မရပ်တည်နိုင်၊ မင်းရင်ပြင်မှာ ဆောင့်ကြောင့်ထိုင် ကျသွားတယ်။ လူအများက ကောင်းချီးပေးကြတယ်။

## ဝိသာခါအား ပေးလိုက်တဲ့ ဖခင်ဩဝါဒ ၁၀ ချက်

၁။ အတွင်းမီးကို အပြင် မဆောင်ရ။
(ယောက္ခမ အထီး အမ၊ လင်ယောကျ်ားတို့ရဲ့ အပြစ်ကို မြင်ရင် အခြားအိမ်တွေမှာ သွားမပြောရ)

၂။ အပြင်မီးကို အတွင်း မသွင်းရ။
(အိမ်နီးချင်းလူတွေက ယောက္ခမတွေနဲ့ လင်ရဲ့အပြစ်ကို ပြောကြရင် ဘယ်သူ ဘယ်သူက ဒီလိုဒီလို အပြစ်ပြောတယ်လို့ အိမ်မှာ ပြန်မပြောရ)

၃။ ပေးသူတွေအားသာ ပေးပါ။
(ပစ္စည်းငှားသွားပြီး ပြန်ပေးသူတွေအားသာ ပေးပါ)

http://www.dhammadownload.com



၄။ မပေးသူတွေအား မပေးရ။
(ပစ္စည်းငှားသွားပြီး ပြန်မပေးသူတွေအား မပေးရ)
၅။ ပေးသူအားရော၊ မပေးသူအားပါ ပေးပါ။
(ဆင်းရဲတဲ့ ဆွေမျိုး၊ မိတ်ဆွေတွေ ရောက်လာတဲ့အခါ ပြန်ပေးနိုင်၊ မပေးနိုင် ပေးပါ)
၆။ ချမ်းချမ်းသာသာ ထိုင်ပါ။
(ယောက္ခမတွေနဲ့လင်ကို မြင်လို့ ထပေးရမယ့် နေရာမှာ မထိုင်ရ)
၇။ ချမ်းချမ်းသာသာ စားပါ။
(ယောက္ခမတွေနဲ့ လင်ရဲ့အရင် မစားဘဲ သူတို့ကို ပြုစုလုပ်ကျွေးပြီး သူတို့အားလုံး ရ မရကို သိကာ နောက်မှ ကိုယ်က စားရတယ်)
၈။ ချမ်းချမ်းသာသာ အိပ်ပါ။
(ယောက္ခမတွေနဲ့ လင်ရဲ့အရင် အိပ်ရာပေါ် တက်ပြီး မအိပ်ရ၊ သူတို့အား လုပ်ပေးထိုက်တဲ့ ဝတ်ကြီးဝတ်ငယ်ကို လုပ်ပြီးနောက်မှ ကိုယ်က အိပ်ရတယ်)
၉။ မီးကို ပြုစုပါ။
(ယောက္ခမတွေနဲ့လင်ကို မီးပုံနဲ့ မြွေမင်းပမာ သဘောထားကာ ကြည့်ရှုတယ်)
၁၀။ အိမ်တွင်းနတ်ကို ရှိခိုးပါ။
(ယောက္ခမတွေနဲ့ လင်ကို နတ်ပမာပြုကာ ကြည့်ရှုသင့်တယ်)

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၂၅၄၊ ၅)

## တစ်ယောက်တည်းပဲ

ကျောင်းမြေနေရာ ဝယ်ယူရာမှာ ၉ ကုဋေ၊ ကျောင်းဆောက်လုပ်

http://www.dhammadownload.com



စေရာမှာ ၉ ကုဋေ၊ ကျောင်းပူဇော်ပွဲမှာ ၉ ကုဋေ၊ စုစုပေါင်း ၂၇ ကုဋေသော ဥစ္စာတွေကို ဝိသာခါဟာ ဘုရားသာသနာမှာ စွန့်လွှတ်တယ်။ မိန်းမဘဝ မှာတည်ပြီး မိစ္ဆာဒိဋ္ဌိအိမ်မှာ နေကာ ဝိသာခါလို လှူဒါန်းနိုင်တဲ့ မိန်းမ မရှိ။ (ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၂၆၂)

## အမေး အဖြေ

သာရိပုတ္တရာ... သင် ဘာကို ရခဲ့ပါသလဲ။
မြတ်စွာဘုရား... တပည့်တော် အာဟာရကို ရခဲ့ပါတယ်။
သာရိပုတ္တရာ... အာဟာရက ဘာကို ဆောင်ပါသလဲ။
မြတ်စွာဘုရား... အာဟာရက ဝေဒနာကို ဆောင်ပါတယ်။
သာရိပုတ္တရာ... ဝေဒနာက ဘာကို ဆောင်ပါသလဲ။
မြတ်စွာဘုရား... ဝေဒနာက ရုပ်ကို ဆောင်ပါတယ်။
သာရိပုတ္တရာ... ရုပ်က ဘာကို ဆောင်ပါသလဲ။
မြတ်စွာဘုရား... ရုပ်က ဖဿကို ဆောင်ပါတယ်။

အဲဒီမှာ ဆိုလိုတာက ဆာလောင်လို့ စားရတဲ့ အစာဟာ သူ့ရဲ့ ဆာလောင်မှုကို ဖယ်ရှားပြီး သုခဝေဒနာကို ဆောင်ပေးတယ်။ အစာစားလို့ ချမ်းသာနေသူမှာ သုခဝေဒနာဖြစ်တဲ့အခါ ခန္ဓာကိုယ်မှာ ရုပ်အဆင်းနဲ့ ပြည့်စုံတယ်။ အဲဒီလိုနည်းနဲ့ ဝေဒနာက ရုပ်ကို ဆောင်တယ်။ ချမ်းသာသူမှာ အစာကြောင့် ဖြစ်တဲ့ ရုပ်နဲ့ စပ်ပြီးဖြစ်တဲ့ ကိုယ်ချမ်းသာမှု၊ စိတ်ချမ်းသာမှု ရှိလို့ 'အခု ငါ့မှာ သာယာဖွယ် ဖြစ်နေပြီ' ဆိုပြီး လဲလျောင်းရင်းဖြစ်စေ၊ ထိုင်ရင်းဖြစ်စေ အတွေ့အထိကောင်းကို ခံစားရတယ်။

ဒီမေးခွန်းတွေနဲ့ အဖြေတွေရဲ့အဆုံးမှာ ကိုရင်လေးပဏ္ဍိတဟာ ပဋိသမ္ဘိဒါတို့နဲ့တကွ ရဟန္တာ ဖြစ်သွားတယ်။ (ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၃၇၀)

http://www.dhammadownload.com



## သာဝက ၃ မျိုး

၁။ အဂ္ဂသာဝက၊ ၂။မဟာသာဝက၊ ၃။ ပကတိသာဝက၊
(ထေရဂါထာ၊ ဋ္ဌ၊ ဒု၊ ၅၄၁)

### မဟာသာဝက ၈၀

၁၀။ အညာသိကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ၊ အဿဇိ၊ နာလက၊ ယသ၊ ဝိမလ၊ သုဗာဟု၊ ပုဏ္ဏဇိ။

၂၀။ ဂဝမ္ပတိ၊ ဥရုဝေလကဿပ၊ နဒီကဿပ၊ ဂယာကဿပ၊ သာရိပုတ္တ၊ မဟာမောဂ္ဂလ္လာန၊ မဟာကဿပ၊ မဟာကစ္စာယန၊ မဟာကောဋ္ဌိက၊ မဟာကပ္ပိန။

၃၀။ မဟာစုန္ဒ၊ အနုရုဒ္ဓ၊ ကင်္ခါရေဝတ၊ အာနန္ဒ၊ နန္ဒက၊ ဘဂု၊ နန္ဒ၊ ကိမိလ၊ ဘဒ္ဒိယ၊ ရာဟုလ။

၄၀။ သီဝလိ၊ ဥပါလိ၊ ဒဗ္ဗ၊ ဥပသေန၊ ခဒိရဝနိယရေဝတ၊ ပုဏ္ဏမန္တာဏိပုတ္တ၊ ပုဏ္ဏ သုနာပရန္တက၊ သောဏ ကုဋိကဏ္ဏ၊ သောဏ ကောဠိဝိသ၊ ရာဓ။

၅၀။ သုဘူတိ၊ အင်္ဂုလိမာလ၊ ဝက္ကလိ၊ ကာဠုဒါယီ၊ မဟာဥဒါယီ၊ ပိလိန္ဒဝစ္ဆ၊ သောဘိတ၊ ကုမာရကဿပ၊ ရဋ္ဌပါလ၊ ဝင်္ဂီသ။

၆၀။ သဘိယ၊ သေလ၊ ဥပဝါန၊ မေဃိယ၊ သာဂတ၊ နာဂိတ၊ လကုဏ္ဍကဘဒ္ဒိယ၊ ပိဏ္ဍောလဘာရဒွါဇ၊ မဟာပန္ထက၊ စူဠပန္ထက။

၇၀။ ဗာကုလ၊ ကောဏ္ဍဓာန၊ ဒါရုစီရိယ၊ ယသောဇ၊ အဇိတ၊ တိဿမေတ္တေယျ၊ ပုဏ္ဏက၊ မေတ္တဂူ၊ ဓောတက၊ ဥပသိဝ။

၈၀။ နန္ဒ၊ ဟေမက၊ တောဒေယျ၊ ကပ္ပ၊ ဇတုကဏ္ဏိ၊ ဘဒြာဝုဓ၊ ဥဒယ၊ ပေါသာလ၊ မောဃရာဇ၊ ပိင်္ဂိယ။

(ထေရဂါထာ၊ ဋ္ဌ၊ ဒု၊ ၅၄၁၊ ၂)

http://www.dhammadownload.com



## မဟာသာဝကဆိုတာ

ဒီ ၈၀ သော ထေရ်တွေသာ 'မဟာသာဝက' မည်ရကြောင်းမှာ ဆုတောင်းက ကြီးကျယ်လို့ပဲ ဖြစ်ပါတယ်။ မှန်ပါတယ်၊ အဂ္ဂသာဝက ဖြစ်တဲ့ အရှင်သာရိပုတ္တရာနဲ့ အရှင်မောဂ္ဂလာန်တို့လည်း မဟာသာဝက တွေထဲမှာ အကျုံးဝင်ပါတယ်။ မှန်တယ်၊ သူတို့နှစ်ပါးဟာ သာဝက ပါရမီဉာဏ်ရဲ့အထွတ်အထိပ်ကို ရောက်လို့ သာဝကတွေထဲမှာ အမြတ် ဆုံးတရားကို ရလို့ အမြတ်ဆုံးအရာမှာ တည်ကြပေမယ့် ဆုတောင်း ကြီးကျယ်တာချင်း တူလို့ မဟာသာဝကလို့လည်း ခေါ်ရပါတယ်။ ကျန်မထေရ်တွေကတော့ ပကတိသာဝကတွေထက် လွန်ကဲကြီးကျယ်တဲ့ ဆုတောင်း ရှိကြတယ်။ မှန်တယ်၊ အဲဒီကျန်မထေရ်တွေက ပဒုမုတ္တရ ဘုရားလက်ထက်မှာ ဆုတောင်းမှုပြုခဲ့ကြတယ်။

(ထေရဂါထာ၊ ဋ္ဌ၊ ၃၊ ၅၄၂)

## ကျွန်း ၄ ကျွန်းရဲ့ပုံသဏ္ဌာန်

၁။ တောင်ကျွန်းက လှည်းပုံသဏ္ဌာန် ရှိတယ်။
၂။ မြောက်ကျွန်းက အင်းပျဉ်ပုံသဏ္ဌာန် ရှိတယ်။
၃။ အနောက်ကျွန်းက မှန်ပုံသဏ္ဌာန် ရှိတယ်။
၄။ အရှေ့ကျွန်းက လဝက် (လခြမ်း) ပုံသဏ္ဌာန် ရှိတယ်။

(သာရတ္ထ၊ ပ၊ ၂၇၃)

## ကမ္ဘာနဲ့ လောဘ ဒေါသ မောဟ

သတ္တဝါတွေမှာ ရာဂပိုများရင် ကမ္ဘာဟာ မီးကြောင့် ပျက်တယ်။

သတ္တဝါတွေမှာ ဒေါသ ပိုများရင် ကမ္ဘာဟာ ရေကြောင့် ပျက်တယ်။

http://www.dhammadownload.com



သတ္တဝါတွေမှာ မောဟ ပိုများရင် ကမ္ဘာဟာ လေကြောင့် ပျက်တယ်။

သတ္တဝါတွေမှာ ရာဂအဖြစ်များလို့ မီးကြောင့် ပျက်တာပဲ များပါတယ်။ တချို့ဆရာတွေရဲ့အဆိုအရ

ဒေါသ ပိုများရင် မီးကြောင့် ပျက်တယ်။

ရာဂ ပိုများရင် ရေကြောင့် ပျက်တယ်။

(သာရတ္ထ၊ ပ၊ ၂၈၇)

## မြောက်ကျွန်းက ပဒေသာပင်

ပဒေသာပင်ကပဲ အဝတ်တွေ၊ အဆင်တန်ဆာတွေ ပြီးစီးတယ်။ မှန်တယ်၊ အဝတ်တွေဟာ တပ်မက်ဖွယ်ရာအဆင်းအမျိုးမျိုးနဲ့ ဆန်းကြယ်တယ်။ နူးညံ့တယ်၊ အတွေ့ကောင်းတယ်၊ သိမ်မွေ့တယ်။ ပဒေသာပင်တွေမှာ တွဲလျားကျနေတယ်။ အဆင်တန်ဆာတွေကလည်း တွဲလျားကျနေတယ်။ အဆင်တန်ဆာတွေက ရွှေနဲ့ ပြီးတယ်။ ဦးခေါင်း၊ လည်ပင်း၊ ခါး၊ လက်၊ ခြေတွေမှာ ဝတ်ဆင်ရတာတွေ ပါတယ်။ အရောင်ကွန့်ယက် အမျိုးမျိုးနဲ့ တောက်ပတဲ့၊ အဆင်းအမျိုးမျိုးရှိတဲ့ ရတနာတွေနဲ့ မွမ်းယှက်ထားတယ်။ ခြူးပန်းခြူးနွယ်၊ နံ့ရုံဆေးရေး ပန်းချီအမျိုးမျိုးနဲ့ ဆန်းကြယ်တယ်။ စောင်း၊ မုရိုးစည်၊ ထက်စည်၊ မောင်း၊ ခရုသင်း၊ ပလွေ၊ စောင်းစတဲ့ တူရိယာဘဏ္ဍာတွေကလည်း အဲဒီပဒေသာပင်မှာ တွဲလျား ကျနေတယ်။ အဲဒီပဒေသာပင်တွေထဲက အသီးသီးတဲ့ သစ်ပင်များစွာဟာ အိုးလောက်ရှိတဲ့ အသီးတွေ သီးကြတယ်။ အရသာချိုတဲ့ အဲဒီသစ်သီး တွေကို စားပြီးရင် ၇ ရက်တောင် ထမင်းမဆာ၊ ရေမဆာပါ။

(သာရတ္ထ၊ ပ၊ ၂၇၅)

http://www.dhammadownload.com



## မြောက်ကျွန်းက မိန်းမတွေ

မြောက်ကျွန်းက မိန်းမတွေက အရပ် မရှည်လွန်း၊ မတိုလွန်း၊ ခန္ဓာကိုယ် မပိန်လွန်း၊ မဝလွန်း၊ အသား မမည်းလွန်း၊ မဖြူလွန်း၊ လှပတင့်တယ်တဲ့ ရုပ်အဆင်း ရှိကြတယ်။ မှန်တယ်၊ လက်ချောင်းရှည်တယ်၊ လက်သည်း၊ ခြေသည်း နီတယ်။ နို့ မတွဲကျ၊ ခါး သေးတယ်။ လပြည့်ဝန်းလို မျက်နှာရှိတယ်။ မျက်လုံး ပြူးတယ်။ ခန္ဓာကိုယ် နူးညံ့တယ်။ ပေါင် စေ့စပ်တယ်။ သွား ဖြူတယ်။ ချက် နက်တယ်။ ခြေသလုံး သေးသွယ်တယ်။ ဆံပင် ရှည်တယ်၊ ညိုတယ်၊ တွန့်ကောက်တယ်။ တင်ပါး ကျယ်ပြန့်တယ်၊ တင့်တယ်တယ်။ အမွေး မရှည်လွန်း၊ အမွေး မရှိမဟုတ်။ မျက်ခုံး ကောင်းတယ်။ အငွေ့အတွေ့ ကောင်းတယ်။ သိမ်မွေ့တယ်။ စကားပြော ပြေပြစ်တယ်။ အဆင်တန်ဆာ အမျိုးမျိုး ဝတ်ဆင်ကာ လှည့်လည်ကြတယ်။ အမြဲတမ်း ၁၆ နှစ်အရွယ်လို ဖြစ်ကြတယ်။

(သာရတ္ထ၊ ပ၊ ၂၇၄)

## မြောက်ကျွန်းက ကာမနဲ့ကလေး

ယောကျ်ားတွေလည်း ၂၅ နှစ်အရွယ်လိုပဲ ဖြစ်တယ်။ သားသမီးတွေက မိဘစသည်မှာ မတွယ်တာကြ။ ဒါဟာ အဲဒီမှာ ဓမ္မတာပါပဲ။ ယောကျ်ား မိန်းမတွေက ၇ ရက်မှ တစ်ကြိမ်ပဲ ကာမဂုဏ်အပျော်နဲ့ နေကြတယ်။ အဲဒီကနောက် ရာဂကင်းသူတွေလိုပဲ ချမ်းသာရာကို သွားကြတယ်။ မြောက်ကျွန်းမှာ တောင်ကျွန်းမှာလို ပဋိသန္ဓေနေရခြင်းကြောင့် ဖြစ်တဲ့ ဆင်းရဲ၊ ကိုယ်ဝန်ဆောင်ရခြင်းကြောင့် ဖြစ်ရတဲ့ ဆင်းရဲ၊ သားဖွားရခြင်းကြောင့် ဖြစ်တဲ့ ဆင်းရဲ မရှိ။ နီတဲ့သင်တိုင်းထဲက ရွှေရုပ်ပမာ ကလေးတွေဟာ အမိဝမ်းကြာတိုက်မှ သလိပ်စသည်

http://www.dhammadownload.com



လိမ်းကျံခြင်းမခံရဘဲ ချမ်းချမ်းသာသာပဲ ထွက်လာကြတယ်။ အဲဒါဟာ အဲဒီမှာ ခမ္ဘတာပါပဲ။ မိခင်ကတော့ သား သမီးကို မွေးဖွားပြီးရင် သူတို့လှည့်လည်တဲ့ နေရာမှာပဲ ထားခဲ့ပြီး မငဲ့ကွက်ဘဲ အလိုရှိရာကို သွားတယ်။ အိပ်နေတဲ့ ကလေးတွေကို မြင်ရတဲ့ ယောကျ်ား မိန်းမတွေ က သူတို့ရဲ့လက်ချောင်းတွေကို ညွှတ်ပေးကြတယ်။ ကလေးတွေရဲ့ ကံအစွမ်းကြောင့် လက်ချောင်းတွေက နို့ရည်ထွက်တယ်။ ကလေးတွေ ဟာ အဲဒီနို့ရည်နဲ့ မျှတကြတယ်။ အဲဒီလို ကြီးပွားရင်း ရက်အနည်းငယ် နဲ့ပဲ အားတွေ ရှိလာကာ ကလေးမတွေက မိန်းမကြီးတွေ ဖြစ်လာတယ်။ ယောကျ်ားငယ်တွေက ယောကျ်ားကြီးတွေ ဖြစ်လာတယ်။

(သာရတ္ထ၊ ပ၊ ၂၇၄ ၊ ၅)

## မြောက်ကျွန်းက အစားအစာ

သလေးစပါးဟာ ထင်းနဲ့ ချက်စရာမလို။ ဆန်ကွဲ မပါ၊ ဖွဲ မပါ၊ စင်ကြယ်တယ်။ အနံ့ မွှေးတယ်၊ ဆန် ဖြစ်ပေါ်တယ်။ မီးခိုး မပါတဲ့ မီးကျီးမီးနဲ့ ချက်ပြီး စားကြတယ်။ အဲဒီမှာ မီးထွက်တဲ့ကျောက် တွေဆိုတာ ရှိသတဲ့။ ကျောက်ခဲ ၃ ခဲကို တည်ထားပြီး အဲဒီအပေါ် ထမင်းအိုး တင်လိုက်ရင် ကျောက်ခဲတွေက မီးထတောက်ကာ ထမင်း ချက်တယ်။ အခြားဟင်းလျာ မလို၊ စားသူတွေရဲ့ စိတ်အားလျော်စွာပဲ အရသာဖြစ်တယ်။ အဲဒါကို စားသူတွေမှာ နူနာ၊ မြင်းဖုနာ၊ ညှင်း၊ ပွေး၊ ကုတ်ဟီးနာ၊ ပန်းနာချောင်းဆိုးနာ၊ သည်းခြေရူး၊ နတ်ဖမ်းစား ရူး၊ အဖျားရောဂါစတဲ့ ရောဂါတစ်စုံတစ်ရာ မဖြစ်။ မြောက်ကျွန်း ရောက်လာသူတွေအား မြောက်ကျွန်းက လူတွေက ပေးသာ ပေးကြ တယ်။ နှမြောစိတ် မရှိ၊ ဘုရား၊ ပစ္စေကဗုဒ္ဓါစတဲ့ တန်ခိုးကြီးတဲ့ပုဂ္ဂိုလ် တွေဟာလည်း မြောက်ကျွန်းကို သွားပြီး ဆွမ်းခံကြတယ်။ မြောက်ကျွန်း

http://www.dhammadownload.com



က လူတွေမှာ ခါးကုန်းတာ၊ ပုတိုတာ၊ ကန်းတာ၊ ကွေ့ကောက်တာ၊ ခွင်တာ၊ ကိုယ်တစ်ခြမ်း သေတာ၊ အင်္ဂါချို့တဲ့တာ၊ တ္ကန္ဒြေချို့ယွင်းတာ မရှိကြ။ (သာရတ္ထ၊ ပ၊ ၂၇၄)

## မြောက်ကျွန်းက သစ်ပင်, ရေကန်

မြောက်ကျွန်းမှာ ဟိုဟိုဒီဒီနေရာတွေမှာ သစ်ပင်တွေက လူတွေရဲ့ အိမ်ကိစ္စကို ပြီးစေကြတယ်။ အဲဒီသစ်ပင်တွေမှာ တစ်ခဲနက် ပိတ်သဲနေတဲ့ သစ်ရွက်တွေ ဖုံးလွှမ်းနေတဲ့ အကိုင်း အခက်တွေ ရှိတယ်။ **အထွတ်တပ်ထားတဲ့ အိမ်တွေလိုပဲ၊ စိတ်ပျော်စရာကောင်းတယ်။ အဲဒီ** သစ်ပင်တွေအောက်မှာ လူတွေက ချမ်းချမ်းသာသာ နေကြတယ်။ အခြားသစ်ပင်တွေလည်း အဲဒီမှာ ကောင်းကောင်း ပေါက်ကြတယ်။ အမြဲတမ်း အပွင့်ပွင့်တဲ့ အဖျားရှိကြတယ်။ ရေကန်တွေကလည်း ပဒုမ္မာကြာ၊ **ပုဏ္ဍရိက်ကြာတွေ ပွင့်နေတယ်။ အနံ့ကောင်းတဲ့ပန်းတွေ ဖုံးလွှမ်း**နေတယ်။ အမြဲပဲ မွှေးကြိုင်နေတယ်။ ပတ်ဝန်းကျင်မှာ လေတွေ တိုက်ခတ်တည်ရှိကြတယ်။ (သာရတ္ထ၊ ပ၊ ၂၇၃)

## မြောက်ကျွန်းက ရာသီဥတု

မြောက်ကျွန်းက လူတွေရဲ့ခန္ဓာကိုယ်ဟာ ရှည်လွန်းခြင်းစတဲ့ အပြစ်တွေ ကင်းတယ်။ အရပ်အမောင်း၊ အလုံးအထည်နဲ့ ပြည့်စုံတယ်။ အိုခြင်း အနှိပ်စက်မခံရလို့ အရေတွန့်ခြင်း၊ ဆံပင်ဖြူခြင်းစတဲ့ အပြစ်ကင်းတယ်။ တစ်သက်လုံး မကုန်ခန်းတဲ့ အဟုန်၊ အား၊ လုံ့လတွေနဲ့ တင့်တယ်ပြီးသာ တည်တယ်။ ဝီရိယနဲ့ အသက်မွေးရတာ မဟုတ်လို့ လယ်ထွန်၊ ကုန်ရောင်းစတဲ့ ဆင်းရဲနဲ့ အစာရှာဖွေရတဲ့ ဆင်းရဲ မရှိ။ ဒါကြောင့်ပဲ ကျွန် ကျွန်မ အလုပ်သမားစတဲ့ ပိုင်ဆိုင်တာ မရှိ။

http://www.dhammadownload.com



အပူ၊ အအေး၊ မှက်၊ ခြင်၊ လေပူ၊ နေပူ၊ မြွေ ကင်းစတဲ့ ဘေးရန်လည်း မရှိ။ နွေဥတု နောက်ဆုံးလရဲ့ မိုးသောက်ချိန်မှာ အအေး၊ အပူ၊ ဥတု ညီမျှသလို အမြဲပဲ အဲဒီမှာ အအေး၊ အပူ၊ ဥတုညီမျှတယ်။ ညှဉ်းပန်းနှိပ်စက်တာ တစ်ခုမှ မရှိ။

(သာရတ္ထ၊ ပ၊ ၂၇၄)

## မြောက်ကျွန်းက မြစ်တွေ

မြောက်ကျွန်းက မြစ်တွေဟာ ရေအလွန်ကြည်တယ်။ ဆိပ်ကမ်း အလွန်ကောင်းတယ်။ ပျော်စရာကောင်းတယ်။ ရွှံ့မရှိ၊ သဲအပြင် ရှိတယ်။ မအေးလွန်း၊ မပူလွန်း၊ အနံ့မွှေးတဲ့ ကြာပန်းတွေနဲ့ ဖုံးလွှမ်းထားတယ်။ အမြဲတမ်း အနံ့ကောင်းတဲ့ လေတွေ တိုက်ခတ်နေပြီး ဆူးနဲ့ ကြမ်းတမ်းတဲ့ ချုံနွယ် မရှိ။ ဆူးမပါတဲ့ အပွင့်၊ အသီးတွေနဲ့ ဖုံးလွှမ်းနေတယ်။ စန္ဒကူးပင်၊ ကံ့ကော်ပင်တွေဟာ ကိုယ်တိုင်ပဲ အရည်တွေကို ယိုချပေးတယ်။ ရေချိုးလိုသူတွေဟာ မြစ်ဆိပ်မှာ အဝတ်တန်ဆာတွေကို တစ်ပေါင်းတည်း ပုံထားပြီး မြစ်မှာ သက်ဆင်းကာ ရေချိုးပြီး ပြန်တက်လာတိုင်းသော လူတွေက အထက်၊ အထက်မှာ တည်ရှိတဲ့ အဝတ်တန်ဆာကို ယူသွားကြတယ်။ သူတို့မှာ 'ဒါဟာ ငါ့ဟာပဲ၊ ဒါဟာ သူ့ဟာပဲ' လို့ အစွဲမရှိ။ ဒါကြောင့်ပဲ ခိုက်ရန်ဖြစ်မှု၊ အငြင်းအခုံဖြစ်မှု တစ်စုံတစ်ခုမှ မရှိ။ သစ်ပင်မှာ အိပ်သူတွေဟာ အဲဒီနေရာမှာပဲ အိပ်ရာကို ရတယ်။

(သာရတ္ထ၊ ပ၊ ၂၇၅)

## မြောက်ကျွန်းက အသက်နဲ့သီလ

သတ္တဂါ သေရင် မြောက်ကျွန်းက လူတွေက မငိုကြ။ ဝမ်းမနည်းကြ။ အလောင်းကို တန်ဆာဆင်ပြီး စွန့်ပစ်ကြတယ်။ အဲဒီခဏ

http://www.dhammadownload.com



မှာပဲ ငှက်တွေက လာပြီး အလောင်းကောင်ကို အခြားကျွန်းကို ဆောင်သွားကြတယ်။ ဒါကြောင့် အဲဒီမှာ သုသာန် မရှိ။ မစင်ကြယ်တာ စွန့်စရာ မရှိ။ သေသွားသူတွေက ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ မဖြစ်ကြ။ 'ဓမ္မတာအားဖြင့် ပြီးတဲ့ ငါးပါးသီလရဲ့အစွမ်းကြောင့် သူတို့ဟာ နတ်ပြည်မှာ ဖြစ်တယ်' လို့ ပြောကြတယ်။ သူတို့ရဲ့သက်တမ်းဟာ အမြဲတမ်း အနှစ် ၁၀၀၀ ပဲ။ သူတို့ရဲ့ ငါးပါးသီလဟာ ဓမ္မတာသဘာဝအတိုင်း ပြီးတယ်လို့ သိရမယ်။

(သာရတ္ထ၊ ပ၊ ၂၇၆)

## သင်္ဂါယနာ ၆ တန်

၁။ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ပြီး ၃ လနဲ့ ၄ ရက် ကြာတဲ့အခါ မဟာကဿပထေရ် အမှူးရှိတဲ့ ရဟန္တာ ၅ ရာဟာ ရာဇဂြိုဟ်မြို့မှာ အဇာတသတ်မင်းရဲ့ အထောက်အပံ့ကို ယူပြီး ပထမသင်္ဂါယနာ တင်ခဲ့ကြတယ်။

၂။ ဘုရားရှင် ပရိနိဗ္ဗာန်စံပြီး နှစ်ပေါင်း ၁၀၀ ကြာတဲ့အခါ မဟာယသထေရ် အမှူးရှိတဲ့ ရဟန္တာ ၇ ရာဟာ ဝေသာလီမြို့မှာ ကာလာသောကမင်းရဲ့ အထောက်အပံ့ကို ယူပြီး ဒုတိယသင်္ဂါယနာ တင်ခဲ့ကြတယ်။

၃။ ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်း ၂၃၅ နှစ်မြောက်မှာ မဟာမောဂ္ဂလိပုတ္တတိဿထေရ် အမှူးရှိတဲ့ ရဟန္တာ ၁၀၀၀ ဟာ ပါဋလိပုတ်မြို့မှာ ဓမ္မာသောကမင်းရဲ့ အထောက်အပံ့ကို ယူကာ တတိယသင်္ဂါယနာ တင်ခဲ့ကြတယ်။

၄။ ဘုရားရှင် ပရိနိဗ္ဗာန်စံပြီး နှစ်ပေါင်း ၄၅၀ ကြာတဲ့အခါ သီရိလင်္ကာကျွန်းမှာ ဝဋ္ဋဂါမဏိမင်းရဲ့ လက်ထက်မှာ မာတုလဇနပုဒ်က အာလောကလိုဏ်ဂူမှာ မဟာဓမ္မရက္ခိတထေရ် အမှူး

http://www.dhammadownload.com



ရှိတဲ့ ရဟန္တာ ၅ ရာက စတုတ္ထသင်္ဂါယနာ တင်ခဲ့ကြတယ်။ အဲဒီအခါ 'ပေထက်အက္ခရာ'တင်ခဲ့ကြတယ်။

၅။ ဗုဒ္ဓနှစ် ၂၄၁၅ ရောက်တဲ့အခါ ဒီမြန်မာနိုင်ငံမှာ မင်းတုန်းမင်းရဲ့လက်ထက် မန္တလေးလို့ ထင်ရှားတဲ့ ရတနာပုံမြို့မှာ ဒက္ခိဏာရာမတိုက်နေ အရှင်ဇာဂရထေရ် အမှူးရှိတဲ့ ၂၄၀၀ သောမထေရ်တွေက မင်းတုန်းမင်းရဲ့ အထောက်အပံ့ကို ခံယူကာ ပဥ္စမသင်္ဂါယနာ တင်ခဲ့ကြတယ်။ အဲဒီအခါ ကျောက်ထက်အက္ခရာ တင်ခဲ့ကြတယ်။

၆။ ဆဋ္ဌသင်္ဂါယနာကို ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်း ၂၄၉၈ နှစ်မြောက်မှာ ကုဆုန်လပြည့်ကစပြီး အားထုတ်ကြတယ်။ ၂ နှစ်ကြာတယ်။ သာသနာနှစ် ၅၀၀၀ ရဲ့ နှစ်တစ်ဝက်မှာ ကဆုန်လပြည့်နေ့မှာပဲ ပြီးတယ်။ ညောင်ရမ်းဆရာတော်အရှင်ရေဝတ အမှူးပြုတယ်။

ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတွေကို သုတ်သင်ကြတယ်။ (ပါရာဇိကဏ်၊ ဋ္ဌ၊ နိဒါနကထာ)

## နိကာယ် ၅ ရပ်

၁။ ဒီဃနိကာယ်၊ ၂။ မဇ္ဈိမနိကာယ်၊ ၃။ သံယုတ္တနိကာယ်၊ ၄။ အင်္ဂုတ္တရနိကာယ်၊ ၅။ ခုဒ္ဒကနိကာယ်။

(ပါရာဇိကဏ်၊ ဋ္ဌ၊ ပ၊ ၂၁)

## ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀

အနုသန္ဓေတစ်ခုပါတဲ့ သုတ်က ဓမ္မက္ခန္ဓာတစ်ခု၊

အနုသန္ဓေတစ်ခုမက အများကြီးရှိတဲ့ သုတ်တွေ အနုသန္ဓေအလိုက် ဓမ္မက္ခန္ဓာ ရေတွက်ရတယ်။

http://www.dhammadownload.com



ဂါထာအဖွဲ့အနွဲ့တွေမှာ ပုစ္ဆာမေးတာက ဓမ္မက္ခန္ဓာတစ်ခု၊ ဖြေတာက ဓမ္မက္ခန္ဓာတစ်ခု။

အဘိဓမ္မာမှာ တစ်ခုတစ်ခုသော တိကနဲ့ ဒုကဝေဖန်မှုနဲ့ တစ်ခုတစ်ခုသော စိတ္တဝါရဝေဖန်မှုဟာ တစ်ခုတစ်ခုသော ဓမ္မက္ခန္ဓာပဲ။

ဝိနည်းမှာ သုဒ္ဒိနကဏ္ဍာစတဲ့ ဝတ္ထု ရှိတယ်။ မာတိကာ (သိက္ခာပုဒ်) ရှိတယ်။ သိက္ခာပုဒ်ကို အကျယ်ဝေဖန်တာ ရှိတယ်။ သိက္ခာပုဒ်တွေရဲ့အကြားမှာ ပညတ်ရတဲ့ အာပတ် ရှိတယ်။ အာပတ် မသင့်တာ ရှိတယ်။ သုံးမျိုးပိုင်းခြားပြပုံ ရှိတယ်။ အဲဒီမှာ တစ်ခုတစ်ခုသော အဖို့ဟာ တစ်ခုတစ်ခုသော ဓမ္မက္ခန္ဓာပဲ။

အဲဒီနည်းနဲ့ ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ ရှိတယ်။

(ပါရာဇိကဏ်၊ ဋ္ဌ၊ ပ၊ ၂၃)

## ဘုရားစကား အပြားအစုံ

ဘုရားစကားတော်အားလုံးဟာ

ဝိမုတ္တိရသ (အရဟတ္တဖိုလ်အရသာ) အားဖြင့် တစ်ပါးပဲ ဖြစ်တယ်။

ဝိနယ (ဝိနယပိဋက) နဲ့ ဓမ္မ (ကျန်တဲ့ဘုရားစကား) အားဖြင့် နှစ်ပါး ပြားတယ်။

ပထမ၊ အလယ်၊ အဆုံးစကားအားဖြင့် ၃ ပါး။

ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာပိဋကအားဖြင့်လည်း ၃ ပါး။

နိကာယ်အားဖြင့် ၅ ပါး။

သုတ္တ၊ ဂေယျ၊ ဝေယျာကရဏ၊ ဂါထာ၊ ဥဒါန၊ ဣတိဝုတ္တက၊ ဇာတက၊ အဗ္ဘုတဓမ္မ၊ ဝေဒလ္လဆိုတဲ့ အင်္ဂါအားဖြင့် ၉ ပါး။

ဓမ္မက္ခန္ဓာအားဖြင့် ၈၄၀၀၀ ပြားတယ်။

(ပါရာဇိကဏ်၊ ဋ္ဌ၊ ပ၊ ၁၃)

http://www.dhammadownload.com



## မနိုင်းယှဉ်နိုင်တဲ့ စည်းစိမ်ရှင် ၅ ဦး

၁။ ဇောတိက၊ ၂။ ဇဋိလ၊ ၃။ မေဏ္ဍက၊ ၄။ ပုဏ္ဏက၊
၅။ ကာကဝလိယ။ (ဓမ္မပဒ၊ ၄၊ ပ၊ ၂၄၃)

## ဘုန်းကြီးသူ ၅ ဦး

၁။ မေဏ္ဍကသူဌေး၊
၂။ အဲဒီသူဌေးရဲ့မယား စန္ဒပဒုမာ၊
၃။ အဲဒီသူဌေးရဲ့သားကြီး ဓနဥ္စယ၊
၄။ ဓနဥ္စယရဲ့မယား သုမနဒေဝီ၊
၅။ မေဏ္ဍကသူဌေးရဲ့ကျွန် ပုဏ္ဏ။
(ပါရာဇိကဏ်၊ ၄၊ ပ၊ ၂၄၃)

## ရှင်တိဿရဲ့မေတ္တာပို့

၇ နှစ်အရွယ်ရှိ ကိုရင်တိဿက သူ့ကို လူတွေက ရှိခိုးလိုက်တိုင်း ရှိခိုးလိုက်တိုင်း 'သုခိတာ ဟောထ၊ ဒုက္ခာ မုစ္စထ၊ ချမ်းသာကြပါစေ၊ ဆင်းရဲမှ လွတ်ကင်းကြပါစေ' ဆိုတဲ့ စကား နှစ်ခွန်းကိုပဲ ဆိုလေ့ရှိတယ်။ (ဓမ္မပဒ၊ ၄၊ ပ၊ ၃၃၈)

## နေရာ မရှိ

ဒီသတ္တဝါတွေ မြေကြီးပေါ် လဲလျောင်းပြီး မသေဖူးတဲ့ နေရာဆိုတာ မရှိပါ။ (ဓမ္မပဒ၊ ၄၊ ပ၊ ၃၄၂)

http://www.dhammadownload.com



## သူတော်ကောင်းစိတ်ထား

ဆင်းရဲသားဟာ 'ဒီရွှေအိုးကို ယူလော့' လို့ ခြိမ်းခြောက် ရိုက်နှက်ပြီးတောင် ရွှေအိုးကို ပြရင် စိတ်မဆိုး၊ ဝမ်းပဲ သာတယ်။ အဲဒီလိုပဲ ကိုယ့်မှာ မသင့်တော်တာ၊ ချွတ်ယွင်းတာ မြင်လို့ ပြောပြရင် စိတ်မဆိုးရ၊ ဝမ်းမြောက်ဝမ်းသာပဲ ရှိရမယ်။ 'အရှင်ဘုရား အရှင်ဘုရားဟာ မြင့်မြတ်တဲ့အမှုကို ပြုပါပေတယ်၊ တပည့်တော်ရဲ့ ဆရာဥပဇ္ဈာယ်အရာမှာ တည်ပြီး ဆုံးမလျက် နောင်လည်း တပည့်တော်ကို ဆုံးမတော်မူပါ' လို့ ဖိတ်မံရတယ်။ (ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၃၄၈)

## အမှိုက်သွန်းလောင်းသူ

တချို့ အတူနေတပည့်စသူတို့ရဲ့ မသင့်တော်တာ၊ ချွတ်ယွင်းတာတွေကို မြင်တွေ့တဲ့အခါ 'ဒီသူဟာ ငါ့အား မျက်နှာသစ်ရေပေးခြင်း စသည်တွေနဲ့ ရိုရိုသေသေ ပြုစုတယ်။ ငါ သူ့ကို ပြောလိုက်ရင် သူ ငါ့ကို မပြုစုဘဲ ရှိလိမ့်မယ်။ အဲဒီလိုဆိုရင် ငါ့မှာ ဆုတ်ယုတ်သွားလိမ့်မယ်' လို့ တွေးပြီး မပြောဝံ့သူဟာ နိုပ်ကွပ်ပြောဆိုလေ့မရှိသူ မည်တယ်။ သူဟာ ဒီသာသနာမှာ အမှိုက်ကို သွန်းလောင်းနေသူပဲ။

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၃၄၈)

## ငါးနှစ်သားမှာ ရဟန္တာဖြစ်တဲ့ ကိုရင်လေးများ

၁။ ပဥ္စသီလသမာဒါနိယထေရ်၊ (အပဒါနပါဠိ၊ ပ၊ ၈၅)

၂။ ပဒုမထေရ်၊ (အပဒါန၊ ဋ္ဌ၊ ဒု၊ ၈၅)

၃။ ဝလ္လိယထေရ်၊ (ထေရ၊ ဋ္ဌ၊ ပ၊ ၃၇၅)

၄။ စန္ဒနမာလိယထေရ်၊ (အပဒါနပါဠိ၊ ဒု၊ ၆၃)

http://www.dhammadownload.com



## ကမ္ဘာ ၂ မျိုး

သုညကမ္ဘာနဲ့ အသုညကမ္ဘာလို့ ကမ္ဘာ ၂ မျိုး ရှိတယ်။ သုညကမ္ဘာမှာ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ စကြဝတေးမင်း မရှိလို့ ဂုဏ်ရှိသူတွေ ကင်းဆိတ်နေတဲ့အတွက် သုညကမ္ဘာလို့ ခေါ်တယ်။

(ဗုဒ္ဓဝံသ၊ ဋ္ဌ၊ ၂၇၇)

## အသုညကမ္ဘာ ၅ မျိုး

၁။ သာရကမ္ဘာ၊ ၂။ မဏ္ဍကမ္ဘာ၊ ၃။ ဝရကမ္ဘာ၊ ၄။ သာရမဏ္ဍကမ္ဘာ၊ ၅။ ဘဒ္ဒကမ္ဘာ။

၁။ သာရကမ္ဘာ = ဘုရားတစ်ဆူ ပွင့်တယ်။ ဂုဏ်အနှစ်သာရကင်းတဲ့ကမ္ဘာမှာ ဂုဏ်အနှစ်သာရကို ဖြစ်စေတဲ့ ဘုရားရှင်တစ်ဆူ ပွင့်လို့ 'သာရကမ္ဘာ'လို့ ခေါ်တယ်။

၂။ မဏ္ဍကမ္ဘာ = ဘုရားနှစ်ဆူ ပွင့်တယ်။

၃။ ဝရကမ္ဘာ = ဘုရားသုံးဆူ ပွင့်တယ်။ သုံးဆူမှာ ပထမဘုရားက ဒုတိယဘုရားကို ဗျာဒိတ်ပေးတယ်။ တတိယဘုရားက ဒုတိယဘုရားကို ဗျာဒိတ်ပေးတယ်။ အဲဒီမှာ လူတွေက စိတ်နှလုံး ရွှင်ပျပြီး မိမိတောင်းထားတဲ့ ဆုနဲ့အညီ ဆုရကြတယ်။ ဒါကြောင့် 'ဝရကမ္ဘာ' လို့ ခေါ်တယ်။

၄။ သာရမဏ္ဍကမ္ဘာ= ဘုရားလေးဆူ ပွင့်တယ်။ ရှေးက ကမ္ဘာတွေထက် ပိုမြတ်၊ ပိုအနှစ်သာရရှိလို့ 'သာရမဏ္ဍကမ္ဘာ' လို့ ခေါ်တယ်။

http://www.dhammadownload.com



၅။ ဘဒ္ဒကပ္ပ = ဘုရားငါးဆူ ပွင့်တယ်။ ဒီကမ္ဘာဟာ အလွန် ရခဲတယ်။ ဒီကမ္ဘာမှာ များသောအားဖြင့် သတ္တဝါတွေဟာ ကောင်းမှု၊ ချမ်းသာ များကြတယ်။ များသောအားဖြင့် တိဟိတ်ပုဂ္ဂိုလ်တွေက ကိလေသာကုန်ကြတယ်။ ဒွိဟိတ်ပုဂ္ဂိုလ်တွေက ကောင်းတဲ့ဘဝ ရောက်ကြတယ်။ အဟိတ်ပုဂ္ဂိုလ်တွေက ဟိတ်ကို ရကြတယ်။ ဒါကြောင့် ဒီကမ္ဘာကို 'ဘဒ္ဒကပ္ပ' လို့ ခေါ်တယ်။

(ဗုဒ္ဓဝံသ၊ ဋ္ဌ၊ ၂၂၈)

## ဩဝါဒနဲ့အနုသာသနီ

၁။ အကြောင်းကိစ္စပေါ်လာမှ ဆုံးမရင် ဩဝါဒ။
အကြောင်းကိစ္စ မဖြစ်ပေါ်ခင် 'သင့်မှာ နာမည်ပျက်လည်း ဖြစ်နိုင်တယ်' စသည်ဖြင့် ဖြစ်လာမယ့် အခြေအနေကို ပြောပြရင် အနုသာသနီ။

၂။ မျက်မှောက်မှာ ပြောရင် ဩဝါဒ။
မျက်ကွယ်မှာ တမန် သို့မဟုတ် သတင်းစကား စေလွှတ်ရင် အနုသာသနီ။

၃။ တစ်ကြိမ် ပြောရင် ဩဝါဒ။
အကြိမ်ကြိမ် အထပ်ထပ် ပြောရင် အနုသာသနီ။

၄။ ဩဝါဒသည်ပင် အနုသာသနီ။

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၃၄၉)

http://www.dhammadownload.com



# လူ ၄ မျိုး

၁။ ကိုယ်တိုင်တော့ ပေးလှူတယ်၊ သူတစ်ပါးကိုတော့ ပေးလှူဖို့ မတိုက်တွန်း၊ သူဟာ ဖြစ်လေရာရာဘဝမှာ စည်းစိမ်ဥစ္စာ ပြည့်စုံတယ်၊ အခြွေအရံတော့ မပြည့်စုံ။

၂။ သူတစ်ပါကိုတော့ လှူဖို့ တိုက်တွန်းတယ်၊ ကိုယ်တိုင်တော့ မလှူ။ သူဟာ ဖြစ်လေရာရာဘဝမှာ အခြွေအရံ ပြည့်စုံတယ်၊ ဥစ္စာတော့ မပြည့်စုံ။

၃။ ကိုယ်တိုင်လည်း မလှူ၊ သူတစ်ပါးကိုလည်း လှူဖို့ မတိုက်တွန်း၊ သူဟာ ဖြစ်လေရာရာဘဝမှာ အခြွေအရံ ဥစ္စာပါ မပြည့်စုံ၊ သူတောင်းစားဘဝနဲ့ အသက်ရှင်ရတယ်။

၄။ ကိုယ်တိုင်လည်း လှူတယ်၊ သူတစ်ပါးကိုလည်း လှူဖို့ တိုက်တွန်းတယ်၊ သူဟာ ဖြစ်လေရာရာဘဝမှာ အခြွေအရံရော ဥစ္စာပါ ပြည့်စုံတယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၃၆၀)

# ခရီးသွားနဲ့ခရီးနား

ခရီးခဲကို သွားသူဟာ ကိုယ်လိုရာအရပ်ကို မရောက်သေးရင် ခရီးသွားဆဲသူပါပဲ။ ရောက်ပြီးရင်တော့ ခရီးသွားပြီးသူပဲ။

ဝဋ်ကို မှီနေတဲ့ သတ္တဝါတွေဟာလည်း ဝဋ်မှာ နေသမျှကာလ ပတ်လုံး ခရီးသွားဆဲပါပဲ။ အကြောင်းကတော့ ဝဋ်ကို မကုန်စေရသေးလို့ ပါပဲ။ သောတာပန်တွေဟာလည်း ခရီးသွားဆဲတွေပါပဲ။

ဝဋ်ကို ကုန်စေပြီး တည်တဲ့ ရဟန္တာကတော့ ခရီးသွားပြီးသူပါပဲ။

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၃၈၃)

http://www.dhammadownload.com



## နေရာခင်းပုံ

ဘုရားရှင်တွေ မလေ့ကျက်ဖူးတဲ့နေရာမှာ နေရာခင်းပုံကို ပြော ပြတဲ့ ရဟန်းတစ်ပါး အရင်ဆုံး သွားသင့်တယ်။ မှန်တယ်၊ ဘုရားရှင် တွေရဲ့နေရာကို အလယ်မှာ ခင်းစေပြီး ဘုရားရှင်ရဲ့လက်ယာဘက်မှာ အရှင်သာရိပုတ္တရာရဲ့ နေရာကို၊ လက်ဝဲဘက်မှာ အရှင်မောဂ္ဂလာန်ရဲ့ နေရာကို ခင်းစေကာ အဲဒီကစပြီး နံဘေးနှစ်ဖက်တွေမှာ ရဟန်းသံဃာ ရဲ့နေရာကို ခင်းစေထိုက်တယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၄၅၊ ၆)

## ရှိခိုးမှုရဲ့အကျိုး

အသက် ၅၀ ရှည်စေနိုင်တဲ့ ကုသိုလ်ကံကို လုပ်ခဲ့တဲ့သူဟာ ၂၅ နှစ်မှာ အသက်အန္တရာယ်ဖြစ်ခဲ့ရင် ရှိခိုး ရှိသေတဲ့အမှုနဲ့ ငြိမ်းပျောက် တယ်။ အသက်ထက်ဆုံးပဲ တည်သွားတယ်။ ရုပ်ရည်အဆင်း၊ ချမ်းသာ ခြင်း၊ အင်အားတွေဟာလည်း အသက်နဲ့အတူပဲ တိုးပွားကြတယ်။ အသက် ၅၀ အထက်မှာလည်း ဒီအတိုင်းပါပဲ။ အန္တရာယ်မရှိဘဲ ဖြစ် လာတဲ့ အသက်ရဲ့ တိုးပွားတယ်ဆိုတာ မရှိ။

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၄၂၅)

## နတ်ပြည်က တရားပွဲ

တစ်လမှာ ၈ ရက် နတ်ပြည်မှာ တရားနာဖို့ ကြွေးကြော်တယ်။ သုဓမ္မာဇရပ်က နတ်အစည်းအဝေးမှာ သနင်္ကုမာရ မဟာဗြဟ္မာဖြစ်စေ၊ သိကြားမင်းဖြစ်စေ၊ တရားဟောရဟန်းဖြစ်စေ၊ တရားဟောနတ်သား တစ်ယောက်ဖြစ်စေ တရားဟောတယ်။ (သုတ်မဟာဝါ၊ ဋ္ဌ၊ ၂၄၃)

http://www.dhammadownload.com



# ဒါနရဲ့ဥပမာများ

ဒါနဆိုတာ ချမ်းသာတို့ရဲ့ အကြောင်းပဲ။ ပြည့်စုံမှုတို့ရဲ့ အရင်းအမြစ်ပဲ။ စည်းစိမ်တို့ရဲ့ တည်ရာပဲ။ ပျက်စီးမှုရောက်သူတို့ရဲ့ အစောင့်အရှောက်ပဲ။ ပုန်းအောင်းရာပဲ၊ ရောက်ရာပဲ၊ လဲလျောင်းရာပဲ။ ဒီဘဝနောက်ဘဝတွေမှာ ဒါနနဲ့တူတဲ့ မှီရာ၊ တည်ရာ၊ ဆွဲရာ၊ အစောင့်အရှောက်၊ ပုန်းအောင်းရာ၊ ရောက်ရာ၊ လဲလျောင်းရာ မရှိ။

မှန်တယ်၊ ဒါနဟာ မှီရာဖြစ်လို့ ရတနာနဲ့ပြီးတဲ့ ခြင်္သေ့ရုပ်ပါတဲ့ ပလ္လင်နဲ့ တူတယ်။

တည်ရာဖြစ်လို့ မြေကြီးနဲ့ တူတယ်။

ဆွဲရာဖြစ်လို့ ကြိုးနဲ့ တူတယ်။

ဆင်းရဲမှ ကယ်တင်လို့ လှေနဲ့ တူတယ်။

သက်သာရာ ရစေလို့ စစ်မြေပြင်က သူရဲကောင်းနဲ့ တူတယ်။

ဘေးကို တားတတ်လို့ ကောင်းကောင်းပြင်ဆင်ထားတဲ့ မြို့နဲ့ တူတယ်။

မစ္ဆရိယအညစ်အကြေးစသည် မလိမ်းကျံလို့ ပဒုမ္မာကြာနဲ့ တူတယ်။

အဲဒီအညစ်အကြေးတွေကို လောင်မြိုက်တတ်လို့ မီးနဲ့ တူတယ်။

အဲဒီအညစ်အကြေးတွေ ထိခိုက်ဖို့ ခက်လို့ မြွေနဲ့ တူတယ်။

ကြောက်လန့်မှုမရှိလို့ ခြင်္သေ့နဲ့ တူတယ်။

အားရှိလို့ ဆင်နဲ့ တူတယ်။

ကြီးပွားကြောင်းမင်္ဂလာပဲလို့ သမုတ်ထားလို့ နွားလားဥသဘအဖြူနဲ့ တူတယ်။

ဘေးကင်းရာကို ရောက်စေတတ်လို့ ဝလာဟကမြင်းမင်းနဲ့ တူတယ်။ (သုတ်မဟာဝါ၊ ၄၊ ၆၂၊ ၃)

http://www.dhammadownload.com



## သီလရဲ့အလှ

သီလနဲ့တူတဲ့ အဆင်တန်ဆာ၊ သီလနဲ့တူတဲ့ ပန်း၊ သီလအနံ့နဲ့တူတဲ့ အနံ့ မရှိ။ သီလအဆင်တန်ဆာ ဆင်ထားသူ၊ သီလပန်းကို ပန်ဆင်ထားသူ၊ သီလအနံ့ လိမ်းကျံထားသူကို နတ်နှင့်တကွသော လောကက ကြည့်ရှုတဲ့အခါ မတင်းတိမ်။

(သုတ်မဟာဝါ၊ ဋ္ဌ၊ ၆၃)

## ၅၄ ကုဋေတန် ဇေတဝန်ကျောင်း

ဇေတမင်းသားရဲ့ဥယျာဉ်ကို အနာထပိဏ်သူဌေးက ၁၈ ကုဋေသော ငွေကို ခင်းကာ ဝယ်ပြီး ၁၈ ကုဋေသော ငွေနဲ့ ကျောင်းဆောက်တယ်။ ၁၈ ကုဋေသော ငွေနဲ့ ကျောင်းပူဇော်ပွဲ လုပ်တယ်။ အားလုံးပေါင်း ၅၄ ကုဋေကို စွန့်လွှတ်ပြီး ဇေတဝန်ကျောင်းကို ဆောက်လုပ်ကာ ဘုရားအမှူးရှိတဲ့ သံဃာအား လှူဒါန်းထားတယ်။

(ခုဒ္ဒကပါဌ၊ ဋ္ဌ၊ ၉၅)

## ဘုရားရှင်ရဲ့ခြေဆေးရာဝယ်

ဘုရားရှင်တွေရဲ့ ခန္ဓာကိုယ်မှာ မြူမှုန် မလိမ်းကျံ၊ ကြာရွက်ပေါ်ပစ်တင်လိုက်တဲ့ ရေလိုပဲ လျောကျသွားတယ်။

တစ်နည်းကတော့ ခြေထောက်ကို ဆေးကြောလေ့ရှိတဲ့ အိမ်မှာ ခြေထောက်တွေကို ဆေးကြောပြီး ဝင်တာဟာ ရဟန်းတွေရဲ့ကျင့်ဝတ်ပဲ။ အဲဒီမှာ ဘုရားရှင်ရဲ့ ဝတ်ပျက်ကွက်မှုဆိုတာ မရှိ။ ဝတ်ကို အရင်းတည်ကာ ဆေးကြောကြတယ်။ မှန်တယ်၊ ဘုရားရှင်ဟာ ရေမချိုးရင်၊ ခြေမဆေးရင် 'သူဟာ လူမဟုတ်ဘူး' လို့ ပြောစရာရှိလာမယ်။ ဒါကြောင့် လူ့အမူအရာကို မစွန့်လိုလို့ ခြေဆေးတယ်။

(သံယုတ်၊ ဋ္ဌ၊ ပ၊ ၁၆၀)

http://www.dhammadownload.com



## နေရာ

ဆွမ်းခံချိန်မှာ သာဝကအားလုံးဟာ ဝါစဉ်အတိုင်း ကြွကြတယ်။ တရားဟောတဲ့အခါမှာတော့ အလယ်အရပ်မှာ တန်ဆာဆင်ထားတဲ့ ဘုရားနေရာမှာ ဘုရားထိုင်တဲ့အခါ လက်ယာဘေးမှာ အရှင်သာရိပုတ္တရာ ထိုင်တယ်၊ လက်ဝဲဘေးမှာ အရှင်မောဂ္ဂလာန် ထိုင်တယ်။ သူတို့ရဲ့ ကျောဘက်မှာ အညာသိကောဏ္ဍညထေရ်ရဲ့နေရာကို ခင်းကြတယ်။ ကျန်တဲ့ရဟန်းတွေက သူ့ကို ဝန်းရံပြီး ထိုင်ကြတယ်။ အဂ္ဂသာဝက ဖြစ်တဲ့ အရှင်သာရိပုတ္တရာနဲ့ အရှင်မောဂ္ဂလာန်က အရှင်အညာသိ ကောဏ္ဍညရဲ့ တရားဦးသိထားမှုနဲ့ ဝါကြီးတာကြောင့် အရှင်အညာသိ ကောဏ္ဍညအပေါ် ရိုသေလေးစားကြတယ်။ အရှင်ကောဏ္ဍညကို ဗြဟ္မာကြီး၊ မီးပုံ၊ အဆိပ်ပြင်းတဲ့ မြွေလို ထင်မှတ်ကြကာ တာဝန်နေရာမှာ ထိုင်နေကြရင်း ကြောက်ရွံ့ရှက်ကြတယ်။ အရှင်ကောဏ္ဍညက 'ဒီအဂ္ဂ သာဝကနှစ်ပါးဟာ တာဝန်နေရာအတွက် တစ်အသချေနဲ့ ကမ္ဘာ တစ်သိန်း ပါရမီဖြည့်ခဲ့ကြတယ်။ သူတို့ဟာ အခု တာဝန်နေရာမှာ ထိုင်ရင်း ငါ့ကို ကြောက်ရွံ့ ရှက်နေကြတယ်။ ငါ သူတို့ ချမ်းချမ်းသာ သာ နေရအောင် လုပ်မယ်' လို့ ကြံတယ်။ အရှင်ကောဏ္ဍညက သင့်တော်တဲ့အချိန်မှာ ဘုရားထံသွားပြီး 'တပည့်တော်ဟာ ဇနပုဒ်မှာ နေလိုပါတယ် ဘုရား' လို့ လျှောက်တယ်။ ဘုရားရှင်က ခွင့်ပြုလိုက်တယ်။

(သံယုတ်၊ ဋ္ဌ၊ ပ၊ ၂၅၆၊ ၇)

## သူ့စေတနာ

ဆင် ၁၀၀၊ မြင်း ၁၀၀၊ ရထား ၁၀၀၊ ပတ္တမြားနားတောင်း ဝတ်ဆင်ထားတဲ့ သတို့သမီး ၁၀၀၊ သို့မဟုတ် ဇမ္ဗူဒိပ်က မင်းသမီး

http://www.dhammadownload.com



အားလုံးဆိုတဲ့ လာဘ်လာဘထက် ကျောင်းသွားသူရဲ့ ၁၆ စိပ်ကို ၁၆ ပြန် စိပ်လို့ တစ်စိပ်သောအဖို့မှာ ဖြစ်တဲ့စေတနာကသာ သာလွန်မြင့်မြတ်ပါတယ်။ ဘယ်လိုလူရဲ့ ကျောင်းသွားတာကို ယူရပါမလဲ။ ကျောင်းသွားပြီး အခြားမဲ့မှာ သောတာပန်ဖြစ်သူရဲ့ သွားခြင်းကို ယူရပါတယ်။

'ပန်းနံ့သာ စသည်တွေနဲ့ ပူဇော်မယ်၊ စေတီကို ရှိခိုးမယ်၊ တရားနာမယ်၊ ဆီမီးပူဇော်မယ်၊ သံဃာကို ပင့်ဖိတ်ပြီး လှူမယ်၊ သိက္ခာပုဒ်တွေနဲ့ သရဏဂုံတွေမှာ တည်ကြမယ်' လို့ ကြံကာ သွားသူရဲ့ အစွမ်းနဲ့လည်း သင့်တာပါပဲ။

(သံယုတ်၊ ဌ၊ ပ၊ ၂၈၇၊ ၈)

## နတ်ဗြဟ္မာချင်းတောင် မမြင်နိုင်

တာဝတိံသာနတ်တွေကစပြီး (စာတုမဟာရာဇ်နတ်တွေက မစဘဲ ဗြဟ္မပါရိသဇ္ဇာဗြဟ္မာတွေကလည်း မစဘဲ) အောက်အောက်နတ်ဗြဟ္မာတွေက အထက်နတ် ဗြဟ္မာတွေရဲ့ မူလပဋိသန္ဓေကို မမြင်နိုင်ကြ။ ကြမ်းတမ်းအောင် လုပ်ပြီး ဖန်ဆင်းပြတဲ့ ရုပ်ကိုသာ မြင်နိုင်ကြတယ်။

(သုတ်မဟာဝါ၊ ဌ၊ ၂၃၃၊ ဠီ၊ ၂၀၆)

## တာဝတိံသာနတ်တွေ စုဝေးရကြောင်း ၄ ခု

၁။ ဝါကပ်တဲ့နေ့မှာ 'ဝါကပ်တဲ့ ရဟန်းတွေ ချမ်းချမ်းသာသာ ရဟန်းတရားကို ဒီလိုအားထုတ်ကြတယ်'လို့ အစောင့်အရှောက် စီမံမှုအစွမ်းနဲ့ ရဟန်းတွေကို ချီးမြှောက်လိုလို့၊

၂။ ပဝါရဏာပြုပြီး ဘုရားရှင်ထံ သွားကြတဲ့ ရဟန်းတွေရဲ့လမ်းအကြားမှာ အန္တရာယ်ကို ဖယ်ရှားလိုလို့၊

http://www.dhammadownload.com



၃။ တရားနာလိုလို့၊
၄။ ပင်လယ်ကသစ်ပွဲလမ်းသဘင်မှာ ပျော်ပါးခံစားလိုလို့၊
တာဝတိံသာနတ်တွေဟာ သုဓမ္မာသဘင်မှာ စုဝေးကြတယ်။
(သုတ်မဟာဝါ၊ ဋ္ဌ၊ ၂၃၂၊ ဋီ၊ ၂၀၅)

## နတ်တွေရဲ့အရောင်အဝါ

တာဝတိံသာနတ်အားလုံးရဲ့အဝတ်၊ အဆင်တန်ဆာ၊ ခန္ဓာကိုယ်တို့ရဲ့အရောင်အဝါဟာ ၁၂ ယူဇနာတိုင်အောင် ပြန့်တယ်။ ဘုန်းကံကြီးတဲ့နတ်တွေရဲ့ ကိုယ်ရောင်က ယူဇနာ ၁၀၀ ပြန့်တယ်။

## သာသနာကွယ်ပုံ ၅ မျိုး

၁။ အဓိဂမအန္တရဓာန = တရားထူး ကွယ်ပျောက်ခြင်း၊
၂။ ပဋိပတ္တိအန္တရဓာန = အကျင့် ကွယ်ပျောက်ခြင်း၊
၃။ ပရိယတ္တိအန္တရဓာန = စာသင်ယူ ပို့ချမှု ကွယ်ပျောက်ခြင်း၊
၄။ လိင်္ဂအန္တရဓာန = အသွင် ကွယ်ပျောက်ခြင်း၊
၅။ ဓာတုအန္တရဓာန = ဓာတ်တော် ကွယ်ပျောက်ခြင်း၊
(အံ၊ ဋ္ဌ၊ ၁၊ ၆၇)

## တရားထူး ကွယ်ပျောက်ပုံ

'အဓိဂမ' အရ မဂ် ၄ ပါး၊ ဖိုလ် ၄ ပါး၊ ပဋိသမ္ဘိဒါ ၄ ပါး၊ ဝိဇ္ဇာ ၃ ပါး၊ အဘိညာဉ် ၆ ပါး၊ အဲဒီတရားထူးတွေ ဆုတ်ယုတ်တဲ့အခါ ပဋိသမ္ဘိဒါကစပြီး ဆုတ်ယုတ်တယ်။ မှန်တယ်၊ ဘုရားရှင်တွေ ပရိနိဗ္ဗာန်စံပြီးနောက် အနှစ်တစ်ရာအတွင်းမှာပဲ ပဋိသမ္ဘိဒါတွေကို ဖြစ်စေနိုင်ကြတယ်။ အဲဒီကနောက် အဘိညာဉ် ၆ ပါးကို ဖြစ်စေနိုင်

http://www.dhammadownload.com



ကြတယ်။ အဲဒီကနောက် အဲဒါတွေကိုလည်း မဖြစ်စေနိုင်တော့လို့ ဝိဇ္ဇာ ၃ ပါးကို ဖြစ်စေကြတယ်။ အချိန်ကြာလာတဲ့အခါ အဲဒီဝိဇ္ဇာတွေကိုလည်း မဖြစ်စေနိုင်တော့လို့ ဈာန်မရတဲ့ ရဟန္တာတွေ ဖြစ်ကုန်ကြတယ်။ အဲဒီနည်းနဲ့ အနာဂါမ်၊ သကဒါဂါမ်၊ သောတာပန်တွေ ဖြစ်ကြတယ်။ သူတို့ ထင်ရှားရှိသေးရင် တရားထူးတွေ မကွယ်ပျောက်သေးဘူး။ နောက်ဆုံး သောတာပန် ကွယ်လွန်သွားရင်တော့ တရားထူး ကွယ်သွားပြီ။

(အံ၊ ဋ္ဌ၊ ပ၊ ၆၇)

# အကျင့် ကွယ်ပျောက်ပုံ

ဈာန်၊ ဝိပဿနာ၊ မဂ်၊ ဖိုလ်တွေကို မဖြစ်စေနိုင်သူတွေက စတုပါရိသုဒ္ဓိသီလမျှကို စောင့်ကြတယ်။ အချိန်ကြာလာတဲ့အခါ 'သီလကို ပြည့်စုံအောင် လုပ်ပြီး စောင့်ကြတယ်။ တရားကိုလည်း အားထုတ်ကြတယ်။ မဂ် ဖိုလ်ကိုတော့ မျက်မှောက်မပြုနိုင်တော့ဘူး။ အခုအခါ အရိယာတရားများကို ထိုးထွင်းသိတာ မရှိတော့ဘူး' လို့ လက်လျှော့ပြီး အပျင်းများကာ အချင်းချင်း မစောဒနာကြ၊ သတိမပေးကြတော့၊ သံသယ ကုက္ကုစ္စ မရှိကြတော့။ အဲဒီအချိန်ကစပြီး သေးငယ်တဲ့၊ ပို၍ သေးငယ်တဲ့ သိက္ခာပုဒ်တွေကို ချေဖျက်ကြတယ်။ ကြာလာတဲ့အခါ ပါစိတ်၊ ထုလ္လစ္စည်းအာပတ်တွေ သင့်ရောက်ကြတယ်။ အဲဒီကနောက် ကြီးလေးတဲ့ အာပတ် သင့်ရောက်ကြတယ်။ ပါရာဇိကအာပတ်မျှပဲ တည်ရှိတယ်။ ပါရာဇိက ၄ ပါးကို စောင့်ရှောက်တဲ့ ရဟန်းတွေ ရာ၊ ထောင် တည်ရှိနေရင် အကျင့် မကွယ်ပျောက်သေး။ နောက်ဆုံးရဟန်း သီလပျက်ရင် ဖြစ်စေ၊ သေရင်ဖြစ်စေ အကျင့် ကွယ်သွားပြီ။

(အံ၊ ဋ္ဌ၊ ပ၊ ၆၇)

http://www.dhammadownload.com



# ပရိယတ် ကွယ်ပျောက်ပုံ

ပရိယတ်ဆိုတာ အဋ္ဌကထာနဲ့တကွ ပိဋကသုံးပုံ ဘုရားစကား ပါပဲ။ အဲဒါ တည်ရှိနေရင် ပရိယတ် ပြည့်စုံတယ်။ အချိန်ကြာလာတဲ့ အခါ မင်းတွေ၊ မင်းပျိုတွေက တရားမရှိကြ။ သူတို့ တရားမရှိတော့ အမတ်စသူတွေ တရားမရှိကြ။ အဲဒီနောက် တိုင်းသားပြည်သူ၊ ဇနပုဒ်သူ၊ ဇနပုဒ်သားတွေ တရားမရှိကြ။ သူတို့ တရားမရှိလို့ မိုးကောင်းကောင်း မရွာ။ ဒါကြောင့် ကောက်စပါးတွေ မပြည့်စုံ။ ကောက်ပင်တွေ မပြည့် စုံတဲ့အခါ ပစ္စည်းလှူသူတွေ ရဟန်းသံဃာအား ပစ္စည်းမလှူနိုင်ကြ။ ရဟန်းတွေ ပစ္စည်းတွေနဲ့ပင်ပန်းကြတဲ့အခါ တပည့်တွေကို မချီးမြှောက် နိုင်၊ အချိန်ကြာလာတော့ ပရိယတ် ဆုတ်ယုတ်လာတယ်။ အနက် အဓိပ္ပာယ်နဲ့ မဆောင်နိုင်တော့။ ပါဠိနဲ့ပဲ ဆောင်ကြတယ်။ အဲဒီကနောက် အချိန်ကြာလာတဲ့အခါ ပါဠိအကုန်လုံးကိုလည်း မဆောင်နိုင်ကြ။ ပထမ ဆုံး အဘိဓမ္မာပိဋက ကွယ်တယ်၊ ကွယ်တဲ့အခါ ခေါင်ထိပ်က စပြီး ကွယ်တယ်။ မှန်တယ်၊ ပထမဆုံးပဲ ပဋ္ဌာန်းကွယ်တယ်။ အဲဒါကွယ် ပြီး ယမိုက်၊ ကထာဝတ္ထု၊ ပုဂ္ဂလပညတ်၊ ဓာတုကထာ၊ ဝိဘင်း၊ ဓမ္မ သင်္ဂဏီတွေ အစဉ်အတိုင်း ကွယ်ကြတယ်။

အဘိဓမ္မာပိဋက အဲဒီလိုကွယ်ပြီးတဲ့အခါ ခေါင်ထိပ်ကစပြီး သုတ္တန်ပိဋက ကွယ်တယ်။ မှန်တယ်၊ ပထမဆုံး အင်္ဂုတ္တရနိကာယ် ကွယ်တယ်။ အဲဒီမှာလည်း ပထမဆုံး ဧကာဒသကနိပါတ် ကွယ်တယ်။ အဲဒီကနောက် ဒသကနိပါတ် (ပ)၊ အဲဒီကနောက် ဧကကနိပါတ် ကွယ်တယ်။ အဲဒီလို အင်္ဂုတ္တိုရ်ကွယ်ပြီးတဲ့အခါ ခေါင်ထိပ်ကစပြီး သံယုတ္တနိကာယ် ကွယ်တယ်။ မှန်တယ်၊ ပထမဆုံး မဟာဝဂ္ဂကွယ် တယ်။ အဲဒီကနောက် သဠာယတနဝဂ္ဂ၊ ခန္ဓဝဂ္ဂ၊ နိဒါနဝဂ္ဂ၊ သဂါထာ ဝဂ္ဂတွေ အစဉ်အတိုင်း ကွယ်ကြတယ်။ အဲဒီလို သံယုတ္တနိကာယ် ကွယ်ပြီးတဲ့အခါ ခေါင်ထိပ်ကစပြီး မဇ္ဈိမနိကာယ် ကွယ်တယ်။

http://www.dhammadownload.com



မှန်တယ်၊ ပထမဆုံး ဥပရိပဏ္ဏာသ ကွယ်တယ်။ အဲဒီကနောက် မဇ္ဈိမ ပဏ္ဏာသ၊ အဲဒီကနောက် မူလပဏ္ဏာသ ကွယ်တယ်၊ အဲဒီလို မဇ္ဈိမ နိကာယ် ကွယ်ပြီးတဲ့အခါ ခေါင်ထိပ်ကစပြီး ဒီဃနိကာယ် ကွယ်တယ်။ မှန်တယ်၊ ပထမဆုံး ပါထိကဝဂ် ကွယ်တယ်၊ အဲဒီကနောက် မဟာဝဂ်၊ အဲဒီကနောက် သီလက္ခန် ကွယ်တယ်။ အဲဒီလို ဒီဃနိကာယ် ကွယ်ပြီး တဲ့အခါ သုတ္တန်ပိဋက ကွယ်သည်မည်တယ်။

အဲဒီကနောက် ရဟန်းတော်များဟာ ဝိနယပိဋကနဲ့တကွ ဇာတ် ကိုပဲ ဆောင်ကြတယ်။ ဝိနယပိဋကကို လဇ္ဇီပုဂ္ဂိုလ်တွေပဲ ဆောင်ကြ တယ်။ လာဘ်လိုသူတွေကတော့ 'သုတ္တန်ကို ဟောပေမယ့်လည်း မှတ်သားသူ မရှိ' လို့ ပြောကာ ဇာတ်ကိုပဲ ဆောင်ကြတယ်။ ကာလ ကြာလာတဲ့အခါ ဇာတ်ကိုလည်း မဆောင်နိုင်ကြတော့။ အဲဒီမှာ သူတို့မှာ ပထမဆုံး ဝေဿန္တရာဇာတ် ကွယ်တယ်၊ အဲဒီကနောက် ပြောင်းပြန် အစဉ်အားဖြင့် ပုဏ္ဏကဇာတ်၊ မဟာနာရဒဇာတ် ကွယ်တယ်။ နောက်ဆုံး မှာ အပဏ္ဏကဇာတ် ကွယ်တယ်။ အဲဒီလို ဇာတ်ကွယ်တဲ့အခါ ဝိနယ ပိဋကကိုသာ ဆောင်ကြတယ်။

အချိန်ကြာလာတဲ့အခါ ဝိနယပိဋကလည်း ခေါင်ထိပ်က စပြီး ကွယ်တယ်။ မှန်တယ်၊ ပထမဆုံး ပရိဝါရ ကွယ်တယ်။ အဲဒီကနောက် ခန္ဓက၊ ဘိက္ခုနီဝိဘင်္ဂ၊ မဟာဝိဘင်္ဂတို့ အစဉ်အတိုင်း ကွယ်ပြီး ဥပေါ သထ က္ခန္ဓကမျှကိုသာ ဆောင်ကြတယ်။ အဲဒီအခါမှာလည်း ပရိယတ် မကွယ်သေး။ လူတွေမှာ ၄ ပါဒရှိတဲ့ ဂါထာကိုတောင် နှုတ်တက်ရနေ သေးသမျှ ပရိယတ် မကွယ်သေးသည်သာ။ သဒ္ဓါရှိတဲ့မင်းဟာ ဆင် ကျောကုန်းပေါ် ရွှေကလပ်မှာ အသပြာတစ်ထောင်အိတ်ကို တည်စေပြီး 'ဘုရားရှင်တွေ ဟောထားတဲ့ ၄ ပါဒရှိတဲ့ ဂါထာကို သိသူဟာ ဒီ တစ်ထောင်ကို ယူလော' လို့ မြို့မှာ စည်လည်စေကာ ယူမယ့်သူကို မရလို့ 'တစ်ကြိမ် လှည့်လည်တာမို့ ကြားတာလည်း ရှိမယ်၊ မကြား

http://www.dhammadownload.com



တာလည်းရှိမယ်' လို့ တွေးပြီး ၃ ကြိမ် လှည့်လည်စေကာ ယူမယ့်သူကို မရလို့ မင်းယောကျ်ားတွေက အဲဒီတစ်ထောင်အိတ်ကို တစ်ဖန် မင်းနန်းတော်ကို ပို့လိုက်ကြတယ်။ အဲဒီအခါ ပရိယတ် ကွယ်သည်မည်တယ်။
(အံ၊ ဋ္ဌ၊ ပ၊ ၆၈၊ ၆၉)

## အသွင်သာသနာကွယ်ပျောက်ပုံ

အချိန်ကြာလာတဲ့အခါ သင်္ကန်းကိုင်ပုံ၊ သပိတ်ကိုင်ပုံ၊ ကြွေးပုံ၊ ဆန့်ပုံ၊ တည့်တည့်ကြည့်ပုံ၊ စောင်းငဲ့ကြည့်ပုံဟာ ကြည်ညိုဖွယ်မဖြစ်။ နိဂဏ္ဌရဟန်းတွေက ဘူးသီးခွံကို ကိုင်ကြသလို ရဟန်းတွေက သပိတ်ကို လက်မောင်းအဖျားမှာထားပြီး ယူကာ လှည့်လည်ကြတယ်။ ဒီလောက်နဲ့လည်း အသွင်သာသနာ မကွယ်သေး၊ အချိန်ကြာလာတဲ့အခါမှာတော့ လက်မောင်းအဖျားက ချကာ လက် သို့မဟုတ် ဆိုင်းနဲ့ဆွဲပြီး လှည့်လည်ကြတယ်။ သင်္ကန်းကိုလည်း လျောက်ပတ်အောင်မဆိုးဘဲ **ကုလားအုပ်အရိုး** အဆင်းရှိအောင် လုပ်ပြီး လှည့်လည်ကြတယ်။ အချိန်ကြာလာတော့ အရောင်ဆိုးတာရော၊ အမြိတ်ဆာ ဖြတ်တာရော **ချုပ်စပ်** တာရော မရှိတော့။ ကပ္ပဗိန္ဒုမျှသာ ပြုပြီး သုံးစွဲကြတယ်။ တစ်ဖန် **ချုပ်စပ်** ပြီး ကပ္ပဗိန္ဒု မထိုးကြ။ အဲဒီကနောက် နှစ်မျိုးလုံးကိုလည်း မပြုလုပ်ဘဲ အမြိတ်ဆာကို ဖြတ်ကာ ပရိဗိုဇ်တွေလို လှည့်လည်ကြတယ်။ အချိန်ကြာလာတဲ့ အခါ 'ငါတို့မှာ ဒါနဲ့ ဘာအကျိုးရှိမှာလဲ' လို့ ပြောပြီး သင်္ကန်းအပိုင်းအစလေးကို လက်မှာဖြစ်စေ၊ လည်ပင်းမှာဖြစ်စေ ချည်ဖွဲ့ကြတယ်။ ဆံပင်တွေမှာဖြစ်စေ ရစ်ပတ်ကြတယ်။ မယားကို မွေးမြူရင်းလည်း ထွန်ယက်စိုက်ပျိုးကာ အသက်မွေးမှုပြုပြီး လှည့်လည်ကြတယ်။ အဲဒီအခါ အလှူပေးသူတွေဟာ သံဃာကို ရည်စူးပြီး သူတို့အား ပေးကြတယ်။ အဲဒီကနောက် အချိန်ကြာလာတဲ့အခါ အလုပ်အမျိုးမျိုးတွေကို လုပ်ပြီး 'ဒါဟာ ကြာရှည်

http://www.dhammadownload.com



တယ်၊ ဒါဟာ ငါတို့မှာ အကျိုးမရှိ' လို့ ပြောပြီး သင်္ကန်းအပိုင်းအစကို ဖြတ်ပြီး တောမှာ ပစ်ကြတယ်။ အဲဒီအခါ သာသနာအသွင် ကွယ်သည် မည်တယ်။

(အံ၊ ဋ္ဌ၊ ပ၊ ၆၉၊ ၇၀)

## ဓာတ်တော် ကွယ်ပျောက်ပုံ

ဟိုနေရာ၊ ဒီနေရာတွေမှာ ပူဇော်မှု၊ အလေးပြုမှုကို မရကြတဲ့ ဓာတ်တော်တွေက ဘုရားရှင်တို့ရဲ့ အဓိဋ္ဌာန်အစွမ်းနဲ့ ပူဇော်မှု၊ မြတ်နိုးမှု ရတဲ့နေရာကို သွားကြတယ်။ အချိန်ကြာလာတော့ နေရာတိုင်းမှာ ပူဇော်မှု၊ မြတ်နိုးမှု မရ။ ဓာတ်တော်အားလုံးဟာ မဟာဗောဓိမဏ္ဍိုင်မှာ စုဝေးပြီး ဘုရားအသွင်ကို ယူကာ ဗောဓိမဏ္ဍိုင်မှာ ပလ္လင်နဲ့ ထိုင်တဲ့ ဘုရားကိုယ်တော်ရဲ့အသရေကို ပြကြတယ်။ ၃၂ ပါးသော လက္ခဏာ တော်ကြီး၊ ၈၀ သော လက္ခဏာတော်ငယ်၊ ကိုယ်တော်အရောင်၊ ဒီ အားလုံးဟာ အပြည့်အစုံပဲ ဖြစ်လာတယ်။ အဲဒီကနောက် ရေမီးအစုံ တန်ခိုးကို ပြတဲ့နေ့ကလိုပဲ တန်ခိုးပြကြတယ်။ အဲဒီအခါ ဒီနေရာကို လူထဲက သွားသူ မရှိ၊ စကြဝဠာတစ်သောင်းက နတ်အားလုံးပဲ စုဝေးပြီး 'ဒီနေ့ ဘုရားရှင် ပရိနိဗ္ဗာန်စံတယ်၊ ဒီအချိန်ကစပြီး အမှိုက်မှောင် ဖြစ်လိမ့်မယ်' လို့ ငိုကြွေးကြတယ်။ အဲဒီအခါ ဓာတ်တော်ကိုယ်က မီးထွက်ကာ အဲဒီကိုယ်ကို ဘာမှမကျန်အောင် လောင်ပစ်တယ်။ အဲဒီ အခါ စုဝေးတဲ့ နတ်အပေါင်းတွေဟာ ဘုရားရှင်တို့ ပရိနိဗ္ဗာန်စံတဲ့နေ့မှာ လို နတ်ပန်း၊ နံ့သာ၊ တူရိယာစသည်တွေနဲ့ ပူဇော်ပြီး လက်ယာရစ် ၃ ကြိမ် လှည့်ကာ ရှိခိုးပြီး 'နောင်အခါ ပွင့်လာမယ့် ဘုရားရှင်ကို ငါတို့ ဖူးမြော်ခွင့်ရကြမယ်' လို့ ပြောကာ ကိုယ့်နေရာအသီးသီးကိုပဲ ပြန်သွားကြတယ်။ အဲဒါဟာ ဓာတ်တော် ကွယ်ပျောက်ပုံပဲ။

(အံ၊ ဋ္ဌ၊ ပ၊ ၇၀၊ ၁)

http://www.dhammadownload.com



## ဝေတဲ့ အမျှနဲ့အကျိုး

၁။ တမလွန်ဘဝရောက်သူတွေက ကိုယ်တိုင် ဝမ်းမြောက်ရမယ်။

၂။ အလှူရှင်တွေက တမလွန်ရောက်သူတွေကို ရည်စူးရည်ညွှန်းရမယ်။

၃။ အလှူခံကောင်းနဲ့ ပြည့်စုံရမယ်။

ဒီအင်္ဂါ ၃ ပါးနဲ့ ပြည့်စုံရင် အဲဒီခဏမှာပဲ အကျိုးပေးတယ်။

(ခုဒ္ဒကပါဌ၊ ဋ္ဌ၊ ၁၇၆)

## ရတနာသုံးပါးအား အလှူ

အသက်တော်ထင်ရှား ဘုရားရှင်ကို ပစ္စည်းလေးပါးတို့နဲ့ ပြုစု၊ ပူဇော်၊ လှူဒါန်းရင်၊ ပရိနိဗ္ဗာန်စံပြီးတဲ့ ဘုရားရှင်ကို ရည်မှန်းပြီး ဓာတုစေတီစသည်တို့ကို ပြုစု၊ ပူဇော်၊ လှူဒါန်းရင် ဘုရားရှင်အား အလှူလှူသည်မည်တယ်။

တရားကို ပူဇော်မယ်လို့ ရည်ရွယ်ပြီး တရားဆောင်တဲ့ပုဂ္ဂိုလ်တွေကို ပစ္စည်းလေးပါးနဲ့ ပြုစု၊ ပူဇော်၊ လှူဒါန်းရင်၊ တရားကိုလည်း ကြာရှည်တည်အောင် လုပ်ရင် တရားအား အလှူလှူသည်မည်တယ်။

အရိယာသံဃာကို ပစ္စည်းလေးပါးနဲ့ ပြုစု၊ ပူဇော်၊ လှူဒါန်းရင် အရိယာသံဃာကို ရည်မှန်းပြီး ပုထုဇဉ်သံဃာမှာလည်း အဲဒီအတိုင်း ကျင့်သုံးရင် သံဃာအား အလှူလှူသည်မည်တယ်။

(ဣတိဝုတ်၊ ဋ္ဌ၊ ၂၇၅)

## အပြစ် ၂ ခု

မဆောက်တည်လို့ သီလမရှိသေးတာထက် ဆောက်တည်ပြီး သီလကျိုးပျက်သွားတာက ပိုပြီးအပြစ်ကြီးတယ်။ (ဥဒါန၊ ဋ္ဌ၊ ၃၇၇)

http://www.dhammadownload.com



## ခြေဆေးရာဝယ်

ဘုရားရှင်ရဲ့ခြေတော်မှာ မြူမှုန်မငြိကပ်ပေမယ့် ဥပါသကာ ဒကာတွေရဲ့ ကုသိုလ်တိုးပွားတာကို လိုလားလို့ တစ်ပါးသူတွေလည်း အတုလိုက်ကြစေလိုလို့ ခြေဆေးပါတယ်။ တစ်နည်းကတော့ သက်ရှိခန္ဓာကိုယ်ကို အေးအောင်လည်း လုပ်ထိုက်တာမို့ အဲဒီအကျိုးငှာလည်း ရေချိုးခြင်း၊ ခြေဆေးခြင်းစသည်တွေကို ပြုလုပ်ရတာပါ။

(ဥဒါန၊ ဋ္ဌ၊ ၃၇၄)

## စကားထဲက ဇာတိပြ

တချို့လူတွေက စကားပြောရင် ကိုယ့်မျက်မှောက်မှာ ပြောသွားတာက တစ်မျိုး၊ ကိုယ့်မျက်ကွယ်မှာ ပြောသွားတာက တစ်မျိုး၊ ရှေ့စကားနဲ့ နောက်စကား၊ နောက်စကားနဲ့ ရှေ့စကားတွေဟာ မညီညွတ်၊ အဲဒီပုဂ္ဂိုလ်ဟာ စကားပြောမှသာ မစင်ကြယ်တဲ့ ပုဂ္ဂိုလ်ပါလားလို့ သိနိုင်တယ်။

(ဥဒါန၊ ဋ္ဌ၊ ၃၀၂)

## ဘေးရန်နဲ့ဉာဏ်

ဘေးရန်တွေ ဖြစ်ပေါ်လာတဲ့အခါ ဉာဏ်စွမ်းအား မရှိသူဟာ ယူရမှာ၊ လုပ်ရမှာကို မမြင်လို့ တံခါးမရှိတဲ့ အိမ်ကို ဝင်ရသလို ဖြစ်နေတယ်။

(ဥဒါန၊ ဋ္ဌ၊ ၃၀၂)

## ဘောလုံးလို

ပညာမရှိသူရဲ့စကားဟာ ဘောလုံးပေါ်သလို ပေါ်နေတယ်။ ပညာရှိသူ စကားပြောရင် ထိုးထွင်းဉာဏ်က အဆုံးမရှိ။ မှန်တယ်၊ ရေရဲ့လှုပ်ရှားမှုနဲ့ပဲ ငါးအကြီး အသေးကို သိနိုင်တယ်။

(ဥဒါန၊ ဋ္ဌ၊ ၃၀၂)

http://www.dhammadownload.com



## ပြောစရာ မရှိရအောင်

မိန်းမအလှူ၊ နွားလားအလှူ၊ အရက်သေစာအလှူ၊ ပွဲလမ်းသဘင်အလှူ ဒီအလှူတွေဟာ မလှူကောင်းတဲ့ အလှူတွေလို့ သတ်မှတ်ခံရတဲ့ အလှူတွေပါပဲ။ ဘုရားလောင်း ဝေလာမပုဏ္ဏားဟာ အဲဒီအလှူတွေကိုလည်း 'ဝေလာမရဲ့အလှူမှာ ဘယ်ဟာတော့ မပါဘူး' လို့ ပြောစရာ မရှိအောင် အခြံအရံအကျိုးငှာ လှူပါတယ်။

(အံ၊ ၃၊ တ၊ ၂၇၁)

## အစဉ်အဆက်

အဲဒီဝေလာမပုဏ္ဏားဘဝက ခန္ဓာငါးပါးဟာ ချုပ်ပျောက်ခဲ့ပြီမဟုတ်ပါလား။ ဘာကြောင့် ဘုရားရှင်က 'ဝေလာမပုဏ္ဏားဟာ ငါဘုရားဖြစ်ခဲ့တယ်' လို့ မိန့်ရပါသလဲ။

အစဉ်အဆက်က မပြတ်သေးလို့ပါပဲ။ မှန်တယ်၊ အဲဒီခန္ဓာငါးပါး ချုပ်ပျောက်တဲ့အခါ သူတို့ရဲ့အကြောင်းတွေကို ပေးပြီး ချုပ်သွားကြတယ်။ အဆက်ဆက် မပြတ်စဲတဲ့ အစဉ်အဆက်ကို ယူပြီး ဘုရားရှင်က အဲဒီလို မိန့်ပါတယ်။ (အံ၊ ၃၊ တ၊ ၂၇၁)

## သောတာပန်လောင်းများ

သရဏဂုံတည်သူ၊ ငါးပါးသီလတည်သူ၊ ဆယ်ပါးသီလတည်သူလှူ။ ဒီနေ့မှ ဝတ်တဲ့ ကိုရင်၊ ဒီနေ့မှ ရဟန်းဖြစ်သူ၊ ဝတ်နဲ့ပြည့်စုံတဲ့ရဟန်း၊ ဝိပဿနာအားထုတ်တဲ့ ရဟန်း၊ အထက်အထက် ဝိပဿနာဉာဏ်ရောက်နေတဲ့ရဟန်း၊ သောတာပတ္တိမဂ်နဲ့ ပြည့်စုံသူ၊ ဒီပုဂ္ဂိုလ်တွေဟာ သောတာပတ္တိဖိုလ်ရအောင် အားထုတ်နေကြသူတွေပါပဲ။

(ဥပရိပဏ်၊ ၃၊ ၂၂၃၊ ၄)

http://www.dhammadownload.com



## ဘုရားရှင်တွေ ပွင့်ရာကပ်

ဘုရားရှင်တွေဟာ တိုးတက်နေတဲ့ အသက်တမ်း (တက်ကပ်ကာလ) မှာ မပွင့်ကြ။ ဆုတ်ကပ်ကာလမှာပဲ ပွင့်ကြပါတယ်။ အကြောင်းကတော့ သံသရာမှာ သံဝေဂကို ဖြစ်စေဖို့ ခဲယဉ်းလို့ပါပဲ။

(ပါထိက၊ ဋ္ဌ၊ ၃၉၊ ဋီ၊ ၃၃)

## မိဘက အသက်တိုပြီး သားသမီးက အသက်ရှည်ရကြောင်း

မိဘတွေက အသက် ၁၀ နှစ်ပဲ ရှည်ပြီး သားသမီးတွေက ဘာကြောင့် အသက် ၂၀ ရှည်ရပါသလဲ။ အကြောင်းကတော့ တည်မှီရာနေရာက စင်ကြယ်လို့ပါပဲ။ မှန်ပါတယ်၊ အဲဒီသားသမီးတွေရဲ့ မိဘတွေဟာ သီလရှိကြတယ်။ အဲဒီလို သီလရှိတဲ့သူရဲ့ဝမ်းဗိုက်မှာ ကြီးပွားခဲ့တဲ့အတွက် တည်မှီရာနေရာက စင်ကြယ်လို့ အသက်ရှည်ကြပါတယ်။ သေသွားပြီး အဲဒီမှာပဲ ပြန်ဖြစ်တဲ့အခါ အဲဒီလူတွေရဲ့ သီလပြည့်စုံမှုကြောင့် အသက်ရှည်ကြပါတယ်။

(ပါထိက၊ ဋ္ဌ၊ ၃၉)

## သရက်ပင်ချို

ယောကျ်ားဟာ

၁။ ချိုတဲ့ သရက်စေ့ကို စိုက်တယ်၊

၂။ ပတ်ဝန်းကျင်မှာ စည်းရိုး ခတ်တယ်၊

၃။ အချိန်အခါအားလျော်စွာ ရေလောင်းတယ်၊

၄။ အချိန်အခါအားလျော်စွာ အမြစ်တွေကို သုတ်သင်ပေးတယ်၊

http://www.dhammadownload.com



၅။ အချိန်အခါအားလျော်စွာ ကျရောက်နေတဲ့ ပိုးကောင်လေး တွေကို ဖယ်ရှားတယ်။

၆။ အချိန်အခါအားလျော်စွာ ပင့်ကူမျှင်တွေကို ဖယ်ရှားတယ်။

အထက်ပါ ဥပမာ ၆ ခုရဲ့ ဥပမေယျ ၆ ခု

၁။ ဝိပဿနာသမ္မာဒိဋ္ဌိ၊

၂။ သီလနဲ့ ချီးမြှောက်မှု၊

၃။ သုတနဲ့ ချီးမြှောက်မှု၊

၄။ တရားဆွေးနွေးမှုနဲ့ ချီးမြှောက်မှု၊

၅။ သမထနဲ့ ချီးမြှောက်မှု၊

၆။ ဖလဝိပဿနာနဲ့ ချီးမြှောက်မှု၊

(အံ၊ ဋ္ဌ၊ တ၊ ၇)

## သာသနာကွယ်သူ

ဘုရားရှင်တွေ သက်တော်ထင်ရှား ရှိနေကြပေမယ့် သတိပဋ္ဌာန် ၄ ပါးတို့ကို မပွားသူမှာ သာသနာကွယ်နေသည် မည်ပါတယ်။ ဥပမာ အရှင်ဒေဝဒတ်စသူတွေမှာလိုပါပဲ။

(သံယုတ်ဋ္ဌ၊ တ၊ ၂၆၀)

သာမဏေကျော်
တပို့တွဲလဆန်း ၄ ရက်၊ ၆၂ ခု။
၂၇၊ ၁၊ ၂၀၀၁။

၀